www.burmeseclassic.com

နေဝင်းမြင့်

# ကုမ်ရာသီ အက်ဆေးများ

(ပထမအကြိမ်)

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုအမှတ်**

၄၀၀၆၇၆၀၇၀၉

**မျက်နှာဖုံးခွင့်ပြုအမှတ်**

၄၀၀၅၅၅၀၅၀၉

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ ဩဂုတ်လ၊ ၂၀၁၀ ခုနှစ်။

**မျက်နှာဖုံးပန်းချီ**

ထွန်းဝင်းငြိမ်း

**အုပ်ရေ**

၅၀၀

**တန်ဖိုး**

၃၀၀၀ – ကျပ်

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ဦးတင်ဝင်း - မဟာမိဒီယာ (မြ - ၀၉၄၇၁)

အမှတ် (၅၅-က)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊

ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးတင်ဝင်း - ပင်နီစာအုပ်တိုက် (မြ - ၀၄၄၂၅)

အမှတ် (၁၆၀)၊ ၄၉ လမ်း၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၀၈.၈၃

နေဝင်းမြင့်

ကုမ်ရာသီအက်ဆေးများ /

နေဝင်းမြင့်။ - ရန်ကုန်၊

ပင်နီစာအုပ်တိုက်၊ ၂၀၁၀။

၃၄၀ - စာ ၊ ၁၃၅ x ၂၁၀ စင်တီ။

(၁) ကုမ်ရာသီအက်ဆေးများ

BURMESE CLASSIC .com

## မာတိကာ


| | | |
|---|---|---|
| ● | အမှာစာ | ၉ |
| ၁။ | အေးစက်စက်ကုမ်ရာသီ | ၁၁ |
| ၂။ | စာအုပ်ဟောင်းများကို ပွေ့ဖက်ခြင်း | ၁၇ |
| ၃။ | မြစ်ကျိုးအင်း | ၂၇ |
| ၄။ | တိတ်ဆိတ်လှည်းများ | ၃၇ |
| ၅။ | ကောင်းကင်စာတ်ပုံ | ၄၆ |
| ၆။ | ငယ်စဉ်ကြိုးလိုက်ဘောလုံးများ | ၅၅ |
| ၇။ | လင်းလင်းကျင်းကျင်းကြွယ် | ၆၃ |
| ၈။ | ဆံပင်ညှပ်ခြင်း | ၇၅ |
| ၉။ | အင်ပရက်ရှင်နစ်ဖင်အိပ်မက် | ၈၂ |
| ၁၀။ | မေ့ခြင်းသစ်ပင် | ၉၀ |
| ၁၁။ | ရှန့်ပိုအိုးလေး အေးပါဘိ | ၉၇ |
| ၁၂။ | ဒီကက်ဖင်နိတ်တက် နေဝင်းမြင့် | ၁၀၄ |
| ၁၃။ | သစ်ရွက်ဖျော်ရည် | ၁၁၃ |
| ၁၄။ | ဒိုင်ယာရီရေးသူများ | ၁၁၉ |
| ၁၅။ | သင်တိုင်းဝတ်ချည်ခင်ဖွတ်များ | ၁၂၉ |
| ၁၆။ | လမ်းလျှောက်ဟယ်လို | ၁၃၆ |
| ၁၇။ | အရုပ်သည် ကြီးကျယ်ခမ်းနားသော အရာ | ၁၄၅ |
| ၁၈။ | အနှစ်သက်ဆုံး အိမ်မွေးတိရိစ္ဆာန်ကလေး တစ်ကောင်အကြောင်း စာစီကုံးပါ | ၁၅၄ |
| ၁၉။ | ပလေတိုနှင့် ပန်းပင်များ | ၁၆၄ |
| ၂၀။ | လွှန်းကျင်း | ၁၇၃ |
| ၂၁။ | ရေဒီယို | ၁၇၉ |


www.burmeseclassic.com

www.burmeseclassic.com


၂၂။ လသာသာ ကျောက်ပြင်ခင်းတယ် နှင်းဆီနံ့မွှေး ၁၈၆
၂၃။ သစ်တောအုပ်အုပ်ကလေး ၁၉၆
၂၄။ ညည့်ဦးလေအေး ကောက်နံ့မွှေးမွှေး ၂၀၆
၂၅။ ရုပ်ဒိုးများ ၂၁၅
၂၆။ မြောက်ဘက်မြင်းများ ၂၂၁
၂၇။ နေဝင်းမြင့် နှစ်ယောက် ၂၂၈
၂၈။ မဲ ၂၃၆
၂၉။ လွှန်ပွဲ ၂၄၆
၃၀။ လွှမ်းဖွယ့်မြိုင်ခြေ ၂၅၆
၃၁။ ကုန်းဇောင်း ၂၆၆
၃၂။ မနက်ဖြန်၏ မနက်ခင်းများ ၂၇၆
၃၃။ နောက်နှောင်းပိတောက် ၂၈၄
၃၄။ ငါ့ဇာတ်သဘင် ဘယ်သူရွှေ့သလဲ ၂၈၉
၃၅။ ထီး ၂၉၇
၃၆။ ဖြောင့်ဖြောင့်ဖြူးဖြူး... ဖြူး ၃၀၅
၃၇။ ကွမ်းစားခြင်း ၃၁၀
၃၈။ ချက်ခြင်းပြုတ်ခြင်း အနုပညာ ၃၂၀
၃၉။ မြစ်နိုင်ငံရေးမွှေးဖွားခြင်း ၃၃၀
၄၀။ မိုးတိမ်များ ၃၃၅


BURMESE CLASSIC .com

# အမှာစာ

(၁)

စာအုပ်စင်ပေါ်က ကျွန်တော်တို့ ဖိုးမောင်နဲ့ ရေးခဲ့ကြသည့် စာအုပ် တွေကို ကြည့်ရင်း စာအုပ်တွေ ရေးဖြစ်ကြတာကို ဝမ်းသာရသည်။ ကျွန်တော် ကိုယ်တိုင်က ဝတ္ထုတိုတွေ အတော်များများ ရေးဖြစ်ခဲ့ဖူးသော်လည်း အသက် ကလေး ရလာလို့လား မသိ၊ ဝတ္ထုတိုရေးချင်စိတ်ကလေး ပါးလျားနေမိသည်။ တစ်ခါတစ်ရံ မဂ္ဂဇင်းများက မရမက တောင်းခံတော့လည်း မဂ္ဂဇင်းဝတ္ထုရှည် တစ်ပုဒ်တလေ ရေးမိရပါ၏။ သည်ဘက်နှစ်တွေမှာ စာပေဆောင်းပါးများ၊ ဘာသာပြန်များ၊ သဘာဝ ပတ်ဝန်းကျင်ဆောင်းပါးများ၊ သမိုင်းရေးရာဆောင်းပါး များ အရေးများခဲ့တာကိုလည်း သတိထားမိပါ၏။ သမီးကလေးအတွက် ပုံပြင် စာအုပ်ကလေးတွေလည်း ဘာသာပြန်ဖြစ်သည်။ သမီးကလေးအတွက် ရည်ရွယ် သော်လည်း သမီးလို ကလေးတွေကို ဖတ်စေချင်သည့် စေတနာလည်း ပါ ပါသည်။ သည့်နောက်တော့ အက်ဆေးလိုလို၊ ခဲခြစ်ပုံကြမ်း (Sketch) လိုလို စာတွေလည်း ရေးဖြစ်ခဲ့သည်။ မြို့ပြပိုးမွှားများ၊ တောအလှနှင့် အခြားရသ စာတမ်းများ၊ အိုင်ဒီယာ အက်ဆေးများ၊ အေးအေးလူလူ အတွေးများ .... စသည်။ ခုလည်း ကျန်ကောင်းကျန်ရာ ရေးဖြစ်ရာရာ စာအချို့ကို စုစည်း၍ 'ကုမ်ရာသီအက်ဆေးများ' အဖြစ် စာတစ်အုပ် ထုတ်လိုက်မိခဲ့ပြန်သည်။

(၂)

'ကုမ်ရာသီအက်ဆေးများ' ဟု အမည်ခေါင်းစီးတပ်လိုက်ရသော်လည်း အက်ဆေး၏ တရားကိုယ်သဘောနှင့် နီးဝေးနိမ့်မြင့် ရှိကောင်း ရှိနိုင် ပါသည်။ မည်သို့ပင်ဖြစ်စေ အက်ဆေးအရေးပုံစံ၊ တင်ပြပုံ ပုံစံ၊ တွေးခေါ်ပုံ ပုံစံ၊ ခင်းကျင်းပုံ ပုံစံတွေ ပြောင်းသွားခဲ့သည်။ ကျွန်တော်တို့အားလုံး ကျွန်တော် တို့ရှေ့မှ ကျော့ရှုရှင် စာရေးဆရာကြီးများ၏ အာစရိယဝါဒနှင့် မသွေမလှန် ရှိခဲ့ကြသည်။ ထိုစာဆို ကဗျာတို့နှင့် ရင်းနှီးစွဲလမ်းခဲ့ရသည်။ သေးငယ်သော အကြောင်းအရာပင်ဖြစ်လင့် ကစား ကြီးကျယ်ခမ်းနားသော အတွေးကို ကြားနာရ၊ ဆင်ခြင်မိခဲ့ရသည်။ ထိုထိုသော အတွေးစာများကို ဖတ်မိရတိုင်း ထိုထို သော စာမျိုးကို ရေးချင်စိတ်ကလေးသည်လည်း တလှပ်လှပ် ရှိခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတကာ အတွေးစာတို့ကို ဘာသာပြန်များမှ တစ်ဆင့်လည်းကောင်း၊ မူရင်းအင်္ဂလိပ်ဘာသာကို ထော့ကျိုး ထော့နင်း ဖတ်မိသည့်အခါတွင်လည်းကောင်း သူတို့၏ ယူပုံ ကောက်ပုံ၊ တွေးပုံ ခေါ်ပုံ၊ ခင်းပုံ ကျင်းပုံတွေကို တွေ့ရသည်။ အထူးသဖြင့် ဆရာမြသန်းတင့်၏ ဘာသာပြန်အက်ဆေးများ၏ ဩဇာသည် ကျွန်တော်တို့အပေါ် ကြီးစွာသက်ရောက်ခဲ့သည်။

(၃)

ကုမ်ရာသီတွင် မွေးခဲ့သော ကျွန်တော့်အဖို့ ကျွန်တော့်အက်ဆေးများကို 'ကုမ်ရာသီအက်ဆေးများ' ဟု အမည်တပ်လိုက်ခြင်းသည် ရိုးစင်းလှသော်လည်း ဝမ်းသာမိရပါသည်။ ကျွန်တော့်ကို ကုမ်ရာသီတွင် မွေးခဲ့သော အမေ့ကိုလည်း သတိရမိသည်။ အမေ့ဂုဏ်ကျေးဇူးကို အောက်မေ့သည့် သဘောလည်း ပါပါသည်။ သည်အက်ဆေးတွေကို ရေးဖြစ်အောင် တိုက်တွန်းခဲ့ကြသော ဦးခင်မောင်မြင့် (မဟေသီ)၊ ကိုမျိုး (ကြောင်နှစ်ကောင်)၊ ဂရပ်ဖစ်ဒီဖိုင်းဆရာ ကိုစိုးဝင်းငြိမ်းနှင့် လစဉ်ဖော်ပြပေးခဲ့သည့် အိုင်ဒီယာမဂ္ဂဇင်း အယ်ဒီတာများကို ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။ စာအုပ်အဖြစ် ထုတ်ဝေပေးသည့် ပင်နီစာအုပ်တိုက်မှ နုမငယ် အိအိငြိမ်းနှင့် ဒါရိုက်တာအဖွဲ့၊ အဖုံးပန်းချီ သီဖွဲ့ပေးသော ကိုထွန်းဝင်းငြိမ်း၊ စာမူကို Proof ဖတ်၍ သန့်စင်ပေးသည့် ချစ်ဖနီး၊ ခင်ခင်ထူးတို့ကိုလည်း ကျေးဇူးတင်ပါသည်။

နေဝင်းမြင့်
(၁၈-၁၂-၂၀၀၈၊ မန္တလေး)

BURMESE CLASSIC .com

## အေးစက်စက် ကုမ်ရာသီ

ကျွန်တော့်ကို အမေက ကုမ်ရာသီတွင် မွေးပါသည်။ အမေ့ ဂုဏ်ကျေးဇူးတွေထဲမှာ ကုမ်ရာသီမှာမှ တိုက်တိုက်ဆိုင်ဆိုင် မွေးဖွားပေးသည့် ကျေးဇူးကိုပင် ကျွန်တော် ဆပ်နိုင်မည်မထင်။ အမေက ကုမ်ရာသီဆိုတာလည်း မသိ၊ အကွားရီးယပ်စ် (Aquarius) ကိုလည်း မသိ။ တပို့တွဲလကိုသာ သိပါသည်။

'ငါ့သားကို မွေးတော့ တပို့တွဲလကြီး။ အေးကလည်း အေး၊ ပူကလည်း ပူတဲ့ရာသီ၊ မင်းအဖေကတော့ သည်ကောင်က မီးစတစ်ဖက် ရေမှုတ်တစ်ဖက်လထဲ မွေးတဲ့ကောင်ပဲ' တဲ့။

အမေက ကျွန်တော့်ကို ပြောဖူးသည်။ တကယ်တော့ ကုမ်ရာသီဆိုကတည်းက 'ကုမ္ဘ' က လာခြင်းဖြစ်သည်။ ရေပြည့်အိုး ဒါမှမဟုတ် ရေချမ်းအိုးဖြစ်သည်။ အနောက်တိုင်းရာသီခွင်များမှာလည်း ရေထမ်း ယောက်ျားရာသီပုံဖြင့် ဖော်ပြတတ်သည်။ ရေနှင့်နီးစပ်သည့် သဘောဖြစ်သည်။ ဆယ့်နှစ်ရာသီခွင် (The Zodiac) တွင် ကောဒသမမြောက်လဖြစ်သည်။ ဇန်နဝါရီလ ၂၁ ရက်မှ ဖေဖော်ဝါရီလ ၁၉ ရက်ကြား မွေးသူများ။

'တပို့' ဆိုသည့်စကားက ထန်းဖူးဟုဆိုသည်။ 'တွဲ' က တွဲလောင်းကျခြင်းကိုဆိုသည်။ သည်လမှာ ထန်းဖူးကို အောက်ဘက်ရောက်အောင် ဆွဲချပြီး ထန်းရည်ခံကြသည်ဟု ဆိုသည်။ ရာသီပန်းက 'ပေါက်'။

ကျွန်တော်တို့အညာက အိမ်ကလေးရှေ့မှာ ပေါက်ပင်ကြီးရှိသည်။ ပေါက်ပင်ကြီးက ဝင်းစပ်မှာဆိုတော့ လှည်းလမ်းကြောင်းနှင့် နီးသည်။ ပေါက်ပင်ခြေမှာ မိုင်တိုင်ပြ ကျောက်တိုင်ကလေးရှိသည်။ ကျောက်တိုင်ပုကလေးဖြစ်ပြီး ထိပ်ပဲ့နေသည်။ မိုင်တိုင်ထိပ်ပဲ့က ညနေခင်း ကျွန်တော့်ထိုင်ခုံဖြစ်သည်။ ပေါက်ပွင့်



www.burmeseclassic.com

www.burmeseclassic.com



တွေပွင့်သည့် ကျွန်တော့်မွေးလမှာ တစ်ပင်လုံး ရဲရဲမှည့်နေတတ်သည်။ ကျွန်တော်တို့ရွာမှာတော့ သည်လိုနီတာကို 'ရဲပတောင်းခတ်' သည်ဟု သုံးတတ်ကြပါသည်။

'တစ်ပင်လုံးကို ရဲပတောင်းကြီးခတ်လို့၊ လှလိုက်တာအေ .... လက်ပံနီတာနဲ့လည်း မတူဘူး။ သော်ကနီတာနဲ့လည်း မတူဘူး။ ပေါက်ပွင့်နီတာက အဝါဘက် လှတယ်၊ နီဝါဝါကလေး'

အမေက ကျွန်တော့်ကိုလည်း တစ်ခါ တစ်ခါ 'အေ' သုံးတတ်သည်။ ရွာဘုန်းကြီးကျောင်းရေတွင်းနားမှာ အင်ကြင်းပင်ကြီးရှိသည်။ ဖွားဖက်တော် အင်ကြင်းလို့ ရွာက ခေါ်ကြပါသည်။ မြတ်စွာဘုရား ဖွားတော်မူစဉ်က ပွင့်သည့် ပန်းဆိုသည့်သဘောဖြစ်ပါလိမ့်မည်။ ဒါကို ကြားမှုနားဝရှိနေသည့် ကျွန်တော်က ထမင်းဝိုင်းမှာ ကျွန်တော့်စိတ်ကူးကို ထုတ်ဖော်ပြောမိပါသည်။ ကျွန်တော့်မွေးနေ့က ပေါက်ပွင့်တွေ ပွင့်သည်ဆိုသည်ကို။

'အမေ အိမ်ရှေ့က ဖွားဖက်တော်ပင်ကြီး ပွင့်ပြီဗျ'

'ဟဲ့ တို့အိမ်ရှေ့မှာ ဖွားဖက်တော်မရှိဘူး..... ပေါက်ပင်ပါ'

'အဲဒါ ကျွန်တော့် ဖွားဖက်တော် မဟုတ်ဘူးလား'

အမေက ထမင်းတွေသီးအောင် ရယ်သည်။ ရယ်ပြီးတော့မှ ခပ်တည်တည်ကြီး လုပ်လိုက်ပြီး 'နောင် ဒါမျိုး ဘယ်တော့မှမပြောရဘူး။ မကြံကြီးမစည်ရာ၊ မိုးကြိုးပစ်လိမ့်မယ် ဘာမှတ်တုံး' ဟု ကြိမ်းသည်။

ရယ်လည်း ရယ်၊ ကြိမ်းလည်း ကြိမ်းတာကို ကျွန်တော် နားမလည်ပါ။ ဘာများ မှားလို့လဲ။

ပေါက်ပွင့်နီနီတွေကို ကျွန်တော် အင်မတန်သဘောကျသည်။ ညနေခင်းတွေမှာ မိုင်တိုင်ထိပ်ပုံကလေးပေါ် မရမက ကုတ်ကတ်ထိုင်ရင်း ပေါက်ပွင့်ကြွေတွေကို ငေးနေတတ်တာ မှတ်မိသည်။ ပေါက်ရွက်ဝါဝါတွေက မြေပေါ်ကြွေချင်တိုင်း ကြွေနေသည်။ ပေါက်ပင်ကြီး၏ ပင်စည်က အထွတ်အထွတ်ထနေသည်။ ပေါက်ပင်ကိုင်းတွေက ပန်းချီဆန်သည်။ ရွက်ဝါများ၏ အောက်ဘက်က ပိုးသားလို နူးညံ့နေတတ်သည်။ သည်ပိုးလွှာနုကလေးကြောင့် အဝေးကကြည့်လျှင် ပေါက်တစ်ပင်လုံး မီးခိုးမွဲရောင်ထနေတတ်သည်။ အရွက်တွေ မဝါခင်မှာတော့ ပေါက်ရွက်တွေက သံလွင်စိမ်းရောင်။ အပွင့်နီနီ တစ်ပုံတစ်ခေါင်းက အစိမ်းတွေကြားက ရုန်းထွက်နေတတ်သည်။ အပွင့်နီနီများအောက်ခြေမှာ ပွင့်ချပ်ညှာ ပန်းလိမ္မော်ရောင်ကလေးတွေ ဖောက်ထားတော့ လှချင်တိုင်း လှနေတတ်သည်။ နောင် ရုက္ခဗေဒ သင်ရသည့်အခါ ဆရာမက 'အဲသည့်အရောင်ကို 'ဆော်လမွန် ပန်းရောင်' (Salmon-Pink) လို့ ခေါ်တယ်'





ဟု သင်ပေးတာ မှတ်မိသည်။ ပေါက်ပန်းကိုတော့ တော၏မီးလျှံ (Flame of the Forest) ခေါ်သည်ဟု ဆိုသည်။

ကျွန်တော်တို့ ရွာကျောင်းကဇလေးသို့ သွားသည့်လမ်းမှာတော့ တမာပင်တန်းကလေးရှိသည်။ ကျွန်တော့်မွေးလမှာ သည်တမာပင်တွေကလည်း အီတောက်တောက် သင်းရနံ့ဖြင့် နုချင်တိုင်း နုနေတတ်သည်။ ငယ်စဉ်က မလွမ်းတတ်သော်လည်း ကြီးလာတော့ တမာရွက်နုတာကလည်း ဘာကြောင့်မှန်းမသိ၊ လွမ်းစရာ ဖြစ်နေတော့သည်။ ဆရာမြသန်းတင့်၏ တမာနုချိန် စစ်တမ်းကို ကျွန်တော့်မွေးလရောက်တိုင်း ပြန်ဖတ်ဖြစ်သည်။ လွမ်းလို့ ဖြစ်၏။

'အညာသားဖြစ်၍လားမသိ။ ကျွန်တော်သည် နွေဆန်းလျှင် အညာကို လွမ်းတတ်လေသည်။ အညာကို အလွမ်းဆုံးအချိန်မှာ တပို့တွဲလဆန်းမှ တပို့တွဲလပြည့်ကျော်လောက်အထိ ဖြစ်ပါသည်။ တပေါင်းဆိုလျှင် အညာရာသီဥတုသည် ပူလွန်းသည်။ ရှုခင်းက ခြောက်သွေ့လွန်းသည်။ တံလျှပ်တွေ စူးရဲလွန်းသည်။ တပို့တွဲလဆန်းမှာမူ သိပ်မပူ၊ သိပ်လည်း မချမ်း။ 'ဆောင်းကျွတ်လုပြီ၊ နွေရာသီလည်း မပီတတ်သေး၊ ပိုးဝါးထွေးလျက်နေသော စပ်ကူးမတ်ကူးအချိန်ကလေး'

.................

တမာနုချိန်သည် ကျွန်တော့်နွေလွမ်းဝေဒနာ၏ ရောဂါလက္ခဏာချက်ဖြစ်ပါသည်။ ကျွန်တော့်အိမ်လွမ်းဝေဒနာ၏ ပြဒါးတိုင်လည်း ဖြစ်ပါသည်'

ပြီးခဲ့သည့် တပို့တွဲလထဲမှာ ကျွန်တော်တို့ ယင်းမာပင်၊ ပုလဲ၊ မင်းတိုင်ပင်ရွာများသို့ စာပေဟောပြောပွဲခရီးထွက်ခဲ့ကြသည်။ မင်းတိုင်ပင်မှ အပြန် ပုလဲကို ဝင်ကာ ပုလဲမှ ကျူတက် (ကျားတက်) လမ်းဆုံကို ဖြတ်တက်ပြီး မြိုင်၊ ရေစကြိုနယ် ကျေးရွာတွေအနီးက ဖြတ်ခဲ့ရသည်။ မြိုင်ကို နီးသည်ဆိုသော်ငြား မြိုင်ကို မရောက်ခဲ့။ သို့သော် မြိုင်ရိပ်က ဖြတ်လာရသည်လို့တော့ ဆိုနိုင်သည်။ တမာတွေ စီတန်းပေါက်နေသည့် ရွာတွေ၊ ထန်းပင်တွေ ဝေစည်နေသည့် ရွာတွေကို ကျွန်တော်တို့ မြင်ခဲ့ရသည်။ ထန်းပင်တွေက သဲသဲခဲခဲ။ ဆောင်းကြွင်းက ထန်းပင်တွေကြားမှာ ရှိနေသေးသည်။ တမာရွက်နုတွေမှာ မြူစတွေ လိမ်းကျံနေသည်။ ဖောက်ထွင်းမြင်နိုင်ဖို့ ခက်ခဲသည့် တောက်ပမှုမျိုးဖြစ်သည်။ တောစိမ်းတွေထဲက ဘာသံမှ ထွက်မလာခဲ့။ တိတ်ဆိတ်သော ကုမ်ရာသီ၏ ကန္တာရတောခြေသည်ပင် လွမ်းစရာ။ ဝက်သစ်ချ မရှိ၊ မိုးမခမရှိ၊ ဘော့ချ်မရှိ။ ဒဟပ်၊ သန်း၊ ရှား၊ ထနောင်း၊ မန်ကျည်းနှင့် တမာတွေသာ ရှိသည်။

www.burmeseclassic.com



နွေ မပီသသေးသော်လည်း နွေရိပ်ကို မြင်ရပြီ။ ရွက်ရင့်တို့ ရွက်လိပ်ကန်တော့ထိုးတာက ထိုးနေချိန်မှာ ညှာတံပေါင်းက ပုရစ်ဖူးစို့စို့ကလေးတွေ ပြနေတာလည်း ရှိသည်။ ရွက်စိမ်း ထိပ်ဖူးနုကို လောကပူပူထဲ ခင်းကျင်းချင်ကြပြီ။ ကျွန်တော်တို့ဆီမှာတော့ ကုမ်ရာသီကို နွေဦးခေါ်နိုင်လိမ့်မည်ထင်ပါသည်။ နွေဦးစောစော (Early Spring) ဆိုတာမျိုး၊ နွေဦးနှောင်း (Late Spring) ဆိုတာမျိုး ခေါ်ရလောက်အောင် ကျွန်တော်တို့ နွေဦးက မကြာတတ်ပါ။ မြန်မာနွေဦး ဒါမှမဟုတ် အညာ၏နွေဦးသည် ဥရောပနွေဦးနှင့် ကွာပါသည်။ ထိုအခါ ဆရာဒဂုန်တာရာ၏ 'တမာရိပ်၊ နေကြာပွင့်နှင့် အာဖရိကဒေစီ' ကို ကျွန်တော် သတိရမိပြန်သည်။

'ကဗျာဆရာသည် လမ်းဆုံ လမ်းခွ၌ ရောက်နေပေသည်။ ကဗျာဆရာသည် တမာရိပ်၌ ကြီးပြင်းကာ ခေတ်စမ်းကဗျာစာအုပ်ဖတ်ရင်း ကဗျာဆရာ ဖြစ်လာသူဖြစ်သည်။ သို့သော် ဇေဒါပန်းများ မျောနေသော ချောင်းရေပြင်မှာ လှေတစ်စင်းနှင့် လှော်ခတ်ရခြင်းကို စိတ်ကူးနေလေသည်။ သို့သော် သူ့ခေတ်ပြိုင် အသံဗလံများက သူ့အလွမ်း သူ့တေးကို ဖောက်ထွင်းလိုက်ကြသည်။ တမာရိပ်သည် လှုပ်ရှားကာ ထွက်သွားသည်။

ထို့နောက် သူသည် တမာရိပ်မှခွာကာ ကတ္တရာလမ်းမပေါ် ရောက်သွားသည်။ တတ်ဆီရနံ့ကို ရှူလာရသည်။ တမာရနံ့ကို လွမ်းနေဆဲ။

နေကြာပွင့်အဝါများ တစ်လမ်းလုံး မြင်ခဲ့ရသဖြင့် မော်၏ ဟေမန်ဦးကို နေကြာပွင့်ဖြင့် တင်စားနေသည်။ အောင်ပန်းဘူတာ၌ အာဖရိက ဒေစီပန်းလာရောင်းသော ပန်းသည်ကို ငေးရှို၍နေမိသည်။ နောင်ဆယ်နှစ်တွင် လူငယ်ကဗျာဆရာသစ်သည် ဤဒေစီပန်းကို ဖွဲ့ရပေလိမ့်မည်။

ယင်းသို့ ရထားသည် လမ်းခွဲ၌ ငေးရီနေသည်။ တမာရိပ် လွမ်းခြင်းလော။ နေကြာပွင့်ကိုလော။ အာဖရိကဒေစီကိုလော။ အတိတ်ကိုလော။ အနာဂတ်ကိုလော'

ကျွန်တော့်မှာလည်း သည်ပြဿနာရှိနေသည်။ နာရီချိန်သီးသည် ပစ္စုပ္ပန်အလယ်တည့်တည့်၌ ရောက်သည်ဆိုရုံကလေးရောက်ရကာ တစ်ချိန်လုံး အချိန်အဆမှန်မှန် ဘယ်ညာနှစ်ဖက်သို့ လွှဲယမ်းနေပုံမျိုးဖြင့် တင်စားရတော့မည်။ ရောက်နေဆဲ ပစ္စုပ္ပန်ကုမ်ရာသီမှာ ကျွန်တော် ခဏကလေးလောက်သာ ခံစားနေရသော်လည်း အတိတ်နှင့် အနာဂတ်ကုမ်ရာသီ ဘယ်ညာနှစ်ဖက်သို့ ရှေ့တိုးနောက်ငင် လွှဲယမ်းရင်း ခံစားနေမိတာက များသည်။ ကုမ်ရာသီ ငါးဆယ်ကို ကျော်ဖြတ်ခဲ့ပြီ။ ငယ်ဘ၀ ကုမ်ရာသီ ဆယ်ကြိမ်က အညာကုမ်ရာသီ





နှစ်များ ဖြစ်သည်။ နောက်ထပ် ကုမ်ရာသီ အကြိမ်သုံးဆယ်က အကြေအရပ် ကုမ်ရာသီတွေ။ လက်ငင်း ကုမ်ရာသီ ဆယ်ကြိမ်က အညာဖြစ်နေပြန်သည်။ လက်ရှိ ကျွန်တော်ရောက်နေရသည့်နေရာမှာ တမာတွေမရှိ။ လက်ပံပင်အိုကြီးတွေသာ ရှိသည်။ လက်ပံပွင့်တွေကလည်း တပို့တွဲလမှာ ပွင့်တတ်ကြပါသည်။ လက်ပံတွေပွင့်သည့် အချိန်က လက်ပံရွက်ကြွေချိန်ဆိုတော့ ရိုးကြီးဆစ်ကြီးနိုင်သော လက်ပံပင်ကြီးတွေ အကျည်းတန်နေတတ်သည်။ လက်ပံပွင့်တွေကြွေပြီး သီးကင်းကလေးတွေ 'ထွက်' စပြုတော့မှ ရွက်နုကလေးတွေ ဝေသည်။ သည်တော့လည်း အမယ်အို ဆံရစ်ချသလိုလို။

သစ်ရွက်စိမ်းတွေထဲမှာ စိန်ပန်းစိမ်းကို ကျွန်တော် အင်မတန်ကြိုက်သည်။ သို့သော် မိုးကလေး တစ်စွက်နှစ်စွက်ကျပါမှ စိုစိုဖပ်ဖပ် ရှိဝံ့တာ ထက်စာလျှင် တမာ၊ ထနောင်းတွေကို ပိုသဘောကျပါသည်။ မြင်းခြံမြို့အဝင်က ထနောင်းတန်း၊ မုံရွာကျောက္ကာလမ်းက တမာတန်းကို ကျွန်တော် စွဲလမ်းသည်။ ဆရာသိန်းဖေမြင့်သည်လည်း ဘူတာရုံပျက်နှင့် တမာငုတ်တိုကို လွမ်းကြောင်း ရေးဖူးပါသည်။

'ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီက ကျွန်တော်တို့ ရွာ၏ ကျက်သရေဆောင်ဖြစ်သော မီးရထားဘူတာရုံကလေးကို ကျွန်တော်သည် မကြာခဏ သတိရသည်။ တမာပင်၏ အရိပ်အာဝါသကို ခိုလှုံချင်သည်။ ကြွေကျသော တမာသီးကလေးတွေကို ကောက်စုပ်ချင်သည်။ ဒုတိယကမ္ဘာစစ်အတွင်း ဘုတလင် မီးရထားဘူတာရုံကလေး ပျက်စီးသွားပြီဟု ကြားသိရသောအခါ ကိုယ့်အိမ်ကိုယ့်ယာ ပျက်စီးသွားသလိုပင် ခံစားမိလေသည်။ စစ်ကြီးအပြီး ပထမဆုံးအခေါက် ဘုတလင်သို့ ပြန်ရောက်သွားသောအခါ ဘူတာပျက်နှင့် တမာငုတ်တိုများကို တကူးတကသွားပြီး ကြည့်ကာ လွမ်းဆွတ်ကြေကွဲရလေသည်'

လွမ်းမည်ဆိုတော့လည်း လွမ်းစရာချည်း။ ညံ့ညံ့ဆူသော ဆက်ရက်သံကိုလည်း လွမ်းရလိမ့်မည်။ ယာဂုပွဲတော်၊ ထမနဲပွဲကိုလည်း လွမ်းရလိမ့်မည်။ယုဂန္ဓိုရ်တောင်ထိပ်က မာဃနက္ခတ်ကိုပဲ မမြင်ဖူးဘဲ လွမ်းရတော့မည်။ နယ်ရှစ်ဆိုင် မြူငွေ့က မြူပြေ့ပြေ့သွင်ကျင်းလို့ ဆီးနှင်းကျန်တာကကော။ လွမ်းစရာ။

သည်နှစ်တော့ ကျွန်တော်၏ အကြိမ် ၅၀ မြောက် ကုမ်ရာသီသည် ကျွန်တော့်ပြတင်းပေါက်မှာ လာချိတ်နေသည်။ ပြတင်းပေါက်က မြင်နေရသည့် ကုမ်ရာသီက တရုတ်ကတ်မှန်တွေကြောင့် မျဉ်းပါဝလာစာရွက်ပေါ်က ပန်းချီ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲထားတာနှင့် တူနေသည်၊ မြစ်ကို မြင်နေရသည်။ တောင်ကို မြင်နေရသည်၊ ကျွန်းနဆိုက်ခင်းကျယ်ကို မြင်နေရသည်။ နောက် ကမ်းပါးထိပ်က မြစ်စောင့် လက်ပံပင်ကြီးတွေ။ စစ်ကိုင်းတောင်ကတော့ 'နေလည်းချမ်းမြ လလည်းနှင်းရည်၊ ပြိုပြိုမထွန်း၊ တောင်ထက်ဝန်းလည်း၊ ဆူး ပန်း လဲ ပေါက်၊ ဝင်းဝင်းတောက်' မနေပါ။ တောင်နိုးပြာတို့ မှုန်နေသည်။ မင်းဝံကတော့ မဲနယ်ရည်ဆိုးဖျင်စနှင့် တူ၏။ 'ကုမ်ရာသီဟု၊ အညီခေါ်မြဲ၊ တပို့တွဲမှု၊ မဖွဲ့မိုးလေ' ဆိုတာလည်း မဟုတ်တော့၊ တပို့တွဲဝင်သည် ဆိုကတည်းက လေမှုန်နေသည်။ မြစ်ရေအစုန်မှာ တောင်လေ ပြက်ပြက်ဆီး၍ ဖျက်သည့်အခါ လှိုင်းထရေး (ထယ်ရေး)ကြီး ထလေသည်။ ကျွန်တော့်မွေးနေ့က မိုးပင် ရွာလိုက်သေးသည်။ မိုးနှင့်လေက 'ခြေလျှင်ခြေချင်း၊ မြင်းလည်း မြင်းလျှောက်' ဖြစ်နေလေသည်။ ရောဝတီ၏ အရှေ့ကမ်း၊ အနောက်ကမ်း ကူးတို့လှေတို့ပင် အကူးအသန်းမဝံ့သည့် ရက်တွေ ရှိနေသည်။ မှာလည်း မကြား၊ သွားလည်း မသင့် ဖြစ်ကြရော့မည်။ ပြတင်းဝက ဝင်နေသည့် လေစွတ်ကြောင်းထဲမှာ သဲမှုန်တွေ တဖျောဖျော။ လက်ပံပင်တွေ ကလည်း 'လာဟော့ဒွား သွားကောက်ချေစို့' ခေါ်စရာမရှိ။ သည်နှစ် လက်ပံပင်တွေ အပွင့်ဆွဲ့သည်။ တစ်ပင်လုံး ပုတ်လို့မှ သုံးစိတ်ဝင် ထန်းလျှော်တောင်း ပေါင်းလန်အောင် မရချင်။

သည်နှစ် ကုမ်ရာသီက တမာပွင့်ရနံ့မရှိ။ ရဲပတောင်းခတ်သော ပေါက်ပွင့်မရှိ။ လက်ပံပင်တွေကလည်း ဖြုတ်ခနဲ ဖြုတ်ခနဲကြွေ။ ပြတင်းဝက မြင်ရသလောက် လွမ်းလောက်စရာ မမြင်ချေ။ မိုးနှင့် လေပြင်းတွေသာ ရှိနေသည်ကော။ စုန်းမ၏ မီးဖိုချောင်နှင့်တူသော ဖြုတ်စဖျင်းတောင်း ကုမ်ရာသီ ဖြစ်သည်။ အေးစက်စက် ။

*Idea* ၂၀၀၃၊ ဩဂုတ်လ

## စာအုပ်ဟောင်းများကို ပွေ့ဖက်ခြင်း

ကျွန်တော့်စာရေးစားပွဲမှာ ကျွန်တော် ရေးလက်စ စာမူများ၊ ရေးပြီး စာမူများကို မိတ္တူကူးထားသည့် လက်ခံစာများ၊ ဆောင်းပါးအတွက် ကိုးကား ကားဖတ်ရှုနိုင်ရန် စာအုပ်စင်မှ ဆွဲချထားသည့် စာအုပ်များ၊ အဘိဓာန်များ၊ စာမူများ သီးသန့်ခွဲထားသည့် စာဖိုင်များ၊ ဖတ်လက်စ မဂ္ဂဇင်းဟောင်းများ စသည်ဖြင့် ရှုပ်ပွနေတတ်သည်။ ပင်ကိုအားဖြင့် ကျွန်တော် စာရေးသည့်အခါ နည်းနည်းတော့ ဇိဇာကြောင်တတ်မှန်း ကျွန်တော့်ကိုယ်ကျွန်တော်သိပါသည်။ စာရေးစားပွဲမှာ ရှင်းနေပါမှ၊ ကျွန်တော် သုံးမြဲ ဘောပင် (တစ်ခါသုံးဘောပင်များ)၊ ကျွန်တော် သုံးမြဲ စာရေးစက္ကူပက်ကလည်း အဆင်သင့်ရှိပါမှ ကျွန်တော် စာရေးတတ်သလို ဖြစ်နေသည်။ မျဉ်းသားရန် ပလတ်စတစ်ပေတံ၊ ခဲတံချွန်ချွန်၊ ရေးနောလ်မင်နီဘောပင်၊ မင်ဖျက်ဆေးဖြူတောင့်၊ ခဲဖျက်၊ ချုပ်စက်နှင့် ကလစ်သာမက ကျွန်တော် ညစဉ် သောက်ရသည့် ဆေးပုလင်းများ၊ ဆေးကတ်များလည်း သည်စားပွဲပေါ်မှာ ရှိတတ်ပါသည်။ ကော်ဖီခွက်၊ ရေဒီယို၊ တံဆိပ်တုံး၊ စားပွဲတင်မီးများကလည်း သည်ပေါ်မှာပါပဲ။ ကျွန်တော်ရေးလိုရင်းမှာ ကျွန်တော့်စာရေးစားပွဲ အကြောင်းမဟုတ်ဘဲ ကျွန်တော်ဖော်ပြခဲ့သည့် ပစ္စည်းများနှင့်အတူ ကျွန်တော့်ဘေးတွင် တစ်ပုံတပင်ကြီး ရှိနေတတ်သည့် စာအုပ်ဟောင်းများအကြောင်း ဖြစ်ပါသည်။ ကျွန်တော် စာရေးတိုင်း စာအုပ်ဟောင်းများဆီက အိစိုစိုအနံ့ဟောင်းများ အနားမှာ လှိုက်နေတတ်သည်။ တစ်ခါတစ်ရံ ထိုအနံ့ကိုပင် မွှေးသလိုလို ထင်နေမိတတ်တာတော့ရှိသည်။

မန္တလေးမှာ ကျွန်တော် စာအုပ်ဟောင်းအတော်များများကို ဥတ္တရ လွင်ပြင်မှာ ရှာလေ့ရှိသည်။ အခြားမိတ်ဆွေစာအုပ်ဆိုင်များဖြစ်သည့် ပေါင်းအိုးဝေ



www.burmeseclassic.com

www.burmeseclassic.com



စာမော်ကွန်း၊ မင်းမဟော်စသည့်စာအုပ်ဆိုင်များကိုလည်း ရောက်တတ်သည် ဆိုသော်ငြားလည်း အရောက်ကျဲသည်။ ကိုသန်းဌေး၏ ဥတ္တရလွင်ပြင်ကတော့ လေ့ဦးတိုက်၊ လှည်းဦးတိုက်။ ဂေါဝိန်မြစ်ဆိပ်မှ ဆိုက်ကားဖြင့် ထွက်လာသည်နှင့် လှူထုကို ပထမ ဝင်သည်။ စာရောက်သလား။ စာမူခ ရှိသလား။ စာပေသတင်းပလင်း ဘာတွေရှိသလဲ။ တစ်ခါတလေတော့ လှူထုမှာ ရှိနေတတ်သည့် ဆရာညီပုလေး၊ ဆရာညီစေမင်း၊ ဆရာဆူးငှက်တို့နှင့် တွေ့ချင်၊ မှာချင်၊ မေးချင်၊ ပြောချင်လို့ ဝင်သည်လည်း ရှိသည်။ အကြောင်းရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ လှူထုတိုက်ကိုတော့ မြို့ထဲရောက်တိုင်း ကျွန်တော် ဝင်သည်ချည်း။ လှူထုက တစ်ပြတက်လိုက်တော့ ၃၃ လမ်းနှင့် ၈၃ လမ်းထောင့်ကို အလိုလိုရောက်ပြီးသားဖြစ်သည်။ သည်ထောင့်မှာ ဥတ္တရလွင်ပြင် စာအုပ်ဆိုင်ရှိသည်။ ဥတ္တရလွင်ပြင်ရှိသော်လည်း ကိုသန်းဌေးရှိဖို့တော့ မသေချာပါ။ သူက ပွဲကူ၊ ပွဲဆက်များသူဖြစ်သည်။ လူမှုရေးများတွင် မအားသည့်ကြားက မရောက်မဖြစ် 'မျက်နှာပြ' ရောက်တတ်သူဖြစ်သည်။ နေထန်းတစ်ဖျားလောက်မှာတော့ ထွန်းဦးစာပေကို သူ့စက်ဘီးကလေးနှင့် ထွက်သွားတတ်သည်လည်းရှိသည်။ သို့သော် မနက်ခင်း ၈ နာရီ၊ ၈ နာရီခွဲလောက် အထိတော့ သူ့ဆိုင်မှာ သူရှိတတ်သည်။ မကြည်အောင်၊ ဥသြဘသောင်၊ လေဘာတီမြရင်၊ ခင်မောင်ရင် စသည့် ရေးမူရင်းတိတ်ခွေ တစ်ခွေခွေကို ခပ်တိုးတိုးဖွင့်ကာ စာအုပ်ချုပ်နေတာမျိုး၊ စာအုပ်ကြော်ငြာလို ပိုစတာရေးနေတာမျိုး၊ စာအုပ်ရောင်းနေတာမျိုး၊ ဆိုင်ခင်းနေတာမျိုးစသည့် အခြေအနေ တစ်မျိုးမျိုးနှင့် တွေ့ရတတ်သည်။

သူ့ဆိုင်က စာအုပ်ဟောင်းများရှိသလို ထွက်သမျှ စာအုပ်သစ်များလည်း ရှိလေတော့ ကျွန်တော့်အတွက် စာအုပ်ဝယ်ရတာ အဆင်ပြေသည်။ သူ့ဆိုင်ရှေ့ ပလက်ဖောင်းမှာ ဂျာနယ်နှင့် မဂ္ဂဇင်းဟောင်း၊ အင်္ဂလိပ် စာအုပ်ဟောင်းများ အထပ်လိုက်ရှိတတ်သည်။ လှေကားတစ်ထစ်လောက် တက်လိုက်တော့ လတ်တလော ဂျာနယ်သစ်များ၊ စာအုပ်သစ်များက အထပ်လိုက်။ စင်ပေါ်မှာတော့ စာသမားအကြိုက် စာအုပ်ဟောင်းတွေ။ မဂ္ဂဇင်းသစ်တချို့တလေလည်း ခင်းကျင်းထားတတ်သည်။ အတွင်း နည်းနည်းဝင်လိုက်လျှင်တော့ ကျွန်တော်ရောက်တိုင်း မွှေတတ်သည့် စာအုပ်ဟောင်းများ။ သူ့ဆီမှာ စာအုပ်ဝယ်ရတာ အိတ်ထောင်ထဲ ပိုက်ဆံပါစရာ မလိုပါ။ နောင် အလျဉ်းသင့်လျှင် စာအုပ်ဖိုး ပိုက်ဆံပေးဖို့ပဲ လိုသည်။ ထိုပေးခြင်းသည်လည်း ကြာချင်သလောက် ကြာနိုင်ခွင့်ရှိလေရာ ကိုယ့်လက်ထဲ ငွေကလေး လုံးခနဲရှိမှ ပေးချင်လို့လည်းရသည်။ မနက်စောစော အကြွေးမဝယ်ချင်လို့ တစ်အုပ်လောက် လက်ငင်းအဝယ်ပြုကာ





ကျွန်တာမှတ်ထားဗျာ လုပ်လို့ရသည်။ စာအုပ်တစ်ခါဝယ် လေးငါးခြောက်ထောင်ဖိုး ဝယ်သည့်အခါများလည်းရှိရာ တစ်ခါတလေ သူ့ကို ပြေစာကလေးရေးခိုင်းရသည်။ စာအုပ်ဖိုးဆပ်သည့်အခါ မမေ့အောင်လို့။

'ခင်ဗျား လိုချင်တယ်ဆိုလို့သာ ရေးပေးလိုက်မှာ၊ ကျွန်တော်ကတော့ မမှတ်ဘူး။ ကျွန်တော့်စိတ်ထဲမှာ ခင်ဗျားတို့ကို ကူညီနိုင်တာ ဒါပဲရှိတယ်။ ဒါကို ငါ ကူညီမယ်ဆိုတဲ့ စိတ်ပဲရှိတယ်' သူ့မှာ သည်စိတ်ရင်း တကယ်ရှိတာ ကျွန်တော်သိပါသည်။ သူ့ဆီမှာ စာအုပ်ဝယ်လျှင် ထိုစာအုပ်နှင့်ပတ်သက်သည့် ဗျူဟာတွေ ကြားနိုင်သည်။ သည်စာအုပ်ထဲက အကြောင်းအရာတွေ သိနိုင်သည်၊ သည်စာအုပ်နှင့် ဆက်စပ်သည့် အခြားအကြောင်းအရာတွေ သိနိုင်သည်။ ဤသို့အားဖြင့် သူ့ဆိုင်မှာ စာအုပ်သစ်၊ စာအုပ်ဟောင်း ထောင်းထောင်းထအောင်မွှေရင်း လိုချင်တာတွေ့တော့လည်း ယူခဲ့ရသည်ချည်း။ အင်္ဂလိပ်စာအုပ်ဟောင်းတွေထဲက ကောင်းတာလေးတွေ ရတတ်သည်။ တချို့စာအုပ်တွေက စာအုပ်စင် ဖြုတ်တာတွေက လာတာဖြစ်လိမ့်မည်။ ဖုန်တသောသော။

'အင်္ဂလိပ်စာအုပ်တွေက ဈေးကွက်မှာ အာရုံနည်းကြတယ်ဗျာ။ ပြန်ရောင်းရဖို့က ငါးဆယ်ရာခိုင်နှုန်းလောက်ပဲ သေချာတာ။ ဒါပေမယ့် ကိုယ့်မှာလော့ (lot) လိုက်မဖြုတ်ရင် ခများတွေက ဘော်တယ်ကုလားကို ပိဿာချိန်နဲ့ တိုက်တော့မယ်ဆိုတော့ ယူလိုက်ရတယ်'

သူ့ဆိုင်ရှေ့မှာ အင်္ဂလိပ်စာအုပ်ဟောင်းတွေ တစ်ပုံကြီး။ အကြောင်းအရာမျိုးစုံ။ အမေရိကန်စာပေသမိုင်းလို အုပ်တွဲများပင် ပါသည်။ ကျွန်တော်က အပေါ်ဆုံးအထပ်လောက်ကို မွှေကာ သုံးအုပ်ရွေးယူခဲ့သည်။ Leicester Hemingway ၏ My Brother Ernest Hemingway, Hellen Keller ၏ The Story of My Life နှင့် Robert Frost ၏ Robert Frost's Poems တို့ဖြစ်သည်။ ကျွန်တော် အကြွေးယူမှန်းသိတော့ စာအုပ်တွေကို ကြွပ်ကြွပ်အိတ်တစ်အိတ်ထဲထည့်ကာ အိတ်အပေါ်က ဆော့ပင်ဖြင့် ၁၅၀၀ လို့ ရေးလိုက်သည်။ ကိုသန်းဌေးဆိုင်က အပြန်မှာတော့ ဆိုက်ကားပေါ်မှာ စာအုပ်ကလေးတွေ ထုတ်ကြည့်ရင်း ကိုကြည်နိုင် စာအုပ်အဟောင်းဆိုင်ကလေးကို ကျွန်တော်သတိရသည်။ သည်တုန်းက ကျွန်တော်တို့ စာရေးစ၊ ၁၉၈၀ ခုနှစ်များ။ အင်းစိန်ဟီးနိုးဂိတ်အနီးက ညဈေးမှာ ကိုကြည်နိုင့် စာအုပ်အဟောင်းဆိုင်ကလေး ဖွင့်ထားသည်။ ညဈေးဆိုသော်လည်း တချို့ စားသောက်ဆိုင်တွေ၊ ကုန်မျိုးစုံဆိုင်တွေကတော့ နေ့ခင်းမှာပါ ဖွင့်သည်။ ညဘက်မှာတော့ သည်ဈေးရုံကလေး ပိုစည်ကားတတ်သည်။ ကိုကြည်နိုင့် စာအုပ်ဆိုင်ကလေးနှင့် မနီးမဝေးမှာ

www.burmeseclassic.com



ကိုတင်ဝင်း၏ စာအုပ်အဟောင်းဆိုင်လည်း ဖွင့်ထားတော့ ကျွန်တော်တို့အတွက် သည်ဆိုင်နှစ်ဆိုင်က ထွက်ခလုတ်၊ ဝင်ခလုတ်။ ကိုကြည်နိုင်က နေ့ခင်းမှာ အခြားလခစား အလုပ်တစ်ခုလုပ်သည်။ အလုပ်ကအပြန် အိမ်ပြန်ကာ ရေချိုး အဝတ်အစားလဲပြီးမှ ထမင်းဘူးကလေးနှင့် ပြန်လာကာ စာအုပ်ဆိုင်ကလေးကို ဖွင့်ခြင်းဖြစ်သည်။ ဒါမှမဟုတ် အလုပ်ကအပြန် တန်းဝင်ကာ ဆိုင်ဖွင့်၊ သူ့ကလေး တစ်ယောက်ယောက်က ထမင်းဘူးကလေး လာပို့။ သည်လိုလည်း ဖြစ်နိုင်သည်။ ညနေစောင်းစောင်း ကျွန်တော်ရောက်သွားလျှင် ထမင်းဘူး လေးထောင့်ပြားကလေးကို ဖွင့်စားနေတာများသည်။ စာအုပ်တွေက အဟောင်းတွေချည်း တန်းပစ်ကာ ရောင်းသည့် ဆိုင်မျိုးဖြစ်သည်။ စာအုပ်ဆိုင်ဆိုတော့လည်း အလုအယက်အုံးအုံးထအောင် ရောင်းသည့်ဆိုင်မျိုးမဟုတ်။ တစ်ခါတလေ ကောက်ကိုင်ကြည့်ကြသော်လည်း ဝယ်ချင်မှ ဝယ်သူတွေက များသည်။ ကိုကြည်နိုင်ကလည်း ရောင်းရစေတော့ ဆိုသည့် အာရုံလည်း ရှိပုံမပေါ်။ တာဝန်တစ်ရပ်လို စာအုပ်ဟောင်းတွေကြားထဲ ထိုင်နေခြင်းသာ ဖြစ်သည်။ တစ်ခါတလေ သူနှင့် စကားပြောချင်လို့ ဒါမှမဟုတ် စာအုပ်တွေ မွှေချင်လို့ ကျွန်တော် ရောက်သွားတတ်သည်။ ထိုစဉ်က ရွှေပြည်သာမြို့သစ် မရှိသေးတော့ အင်းစိန်မြောက်ပိုင်း ဘက်ကို ညဘက်ပြန်ဖို့ ကားအခက်အခဲ ရှိသည်။ ကိစ္စမရှိ။ ကားမရှိလျှင် ဆိုက်ကားနှင့် ပြန်နိုင်သည်။ ဆိုက်ကားခက ဈေးကြီးတတ်တော့ တစ်ခါတစ်ရံ ခြေကျင်ပြန်ရသည်လည်းရှိသည်။

ကိုကြည်နိုင် စာအုပ်ဟောင်းဆိုင်ကလေးကို ကျွန်တော် ရောက်ရသည့် နောက်တစ်ချက်ကတော့ ကျွန်တော် ရေးပြီးသားစာမူကလေးတွေ သွားပြရခြင်း ဖြစ်သည်။ ဝတ္ထုတို ဒါမှမဟုတ် ဆောင်းပါးတစ်ပုဒ်ပုဒ်။ ကိုကြည်နိုင်ကလည်း မငြင်းပါ။ ဖတ်ပေးခဲ့သည်ချည်း။ ဒါပေမယ့် သည်စာမူပေါ်မှာ သူ့သဘောထား တစ်ခုခုရဖို့တော့ စိတ်တော်တော်ရှည်ရသည်။ တော်တော်သည်းခံရသည်။ ကြွက်ကိုဖမ်းသော်မှ လုံ့လမလျှော့တတ်သော ခြင်္သေ့ကဲ့သို့ ကျွန်တော့်စာမူ ဗုံမဟုတ်၊ ပတ်မဟုတ်ကို ကျကျနနဖတ်သည်။ တစ်ကြောင်းချင်း ဖတ်သည်။ တစ်ခါတစ်ခါ မျက်မှောင်ကုပ်ထားတာ အကြာကြီး။ ဖတ်ရင်းက ဖျန်းခနဲ ပစ်ချကာ တွေးနေတာမျိုးလည်းရှိသည်။ တော်တော်ကြီးကြာမှ ပြန်ကောက်ကာ ဆက်ဖတ်သည်။ အားလုံးဖတ်ပြီးတော့လည်း အစက ပြန်ဖတ်ပြန်သည်။ ကျွန်တော်က သိချင်လှပြီ။ သူ့ဆီက အသံမထွက်။ သူ သည်လိုဖတ်နေတုန်းမှာ ကျွန်တော်က စာအုပ်ဟောင်းတွေ လိုက်ရှာနေမိတတ်သည်။ ကျွန်တော်က စာအုပ်လေးငါးအုပ် ထပ်ထားကာ ဈေးမေးနေသည့်တိုင် သူက





စာအုပ်တွေကို ငုံ့မကြည့်။ အမှတ်မထင် လက်ဗွေရာကလေးတစ်ခု ဖျတ်ခနဲ တွေ့လိုက်သော စုံထောက်မောင်စံရှား၏ စူးစိုက်မှုမျိုးဖြင့် စာမူကိုသာ သဲကြီးမဲကြီးဖတ်သည်။ မထင်သည့် အချိန်ကျတော့မှ သူ့နှုတ်ခမ်းတွေ လှုပ်လာသည်။

'နည်းနည်းလေး လျော့တယ်'

ဒါပါပဲ။ သည်လောက်ပါပဲ။ သည့် စကားစကလေး ထွက်လာပြီးတော့လည်း တမေ့တမော ကြာသွားတတ်ပြန်သည်။ တချို့စာမူတွေကျတော့လည်း သူစိတ်တိုင်းကျပုံမရ။ ဒါပေမယ့် ချက်ချင်းပြန်ပေးတာ မဟုတ်။ အဆိုးထုပ်ထဲက အကောင်းလေး တစ်ခုစ နှစ်ခုစ ရွေးသန့်လိုက်ပါဦးမယ်လေ ဆိုသည့်ပုံဖြင့် ပြန်ဖတ်ချင် ဖတ်နေပြန်သည်။ ပြီးတော့မှ စကားလုံးရွေးကာ ပြောသည်၊ တစ်လုံးနှင့် တစ်လုံး ခပ်ဝေးဝေး။

'ပြင်ရမယ်'

'ဟုတ်လား၊ ဘယ်လိုပြင်ရမှာလဲ'

'တစ်ခုလုံး ပြင်ရမယ်။ သည်စာမူကို မေ့လိုက်ဗျာ၊ အသစ်ရေး'

သူ့မှာ အကျိုးအကြောင်းတွေရှိသည်။ လက်လွတ်စပယ် ဝေဖန်ခြင်း မဟုတ်။ သည်အခါမှာတော့ သူ့မှတ်ချက်အတွက် သူ့ဘက်က ခိုင်လုံသေချာကြောင်းပြောဖို့ အချက်အလက်တွေ ကြိုစုထားသလို တောက်လျှောက်ပြောတော့သည်။ စောဒကဝင်ရန်ပင် စိမ့်ပေါက်မရှိ။ ပြီးလျှင်တော့ ကျွန်တော်ဝယ်ထားသည့် စာအုပ်ဟောင်းကလေးတွေကို ဈေးသင့်ပေးသည်။ အနားက လက်ဖက်ရည်ဆိုင်သွားထိုင်ကြသည်။ စာအုပ်ဟောင်းဆိုင်ကလေး ဘေးက သံဆိုင်ကို ဆိုင်အပ်ကာ သွားသောက်ကြခြင်းဖြစ်သည်။ စာအုပ်ဝယ်သူရောက်လာတော့ သံဆိုင်က လှမ်းအော်လေသည်။

ကျွန်တော့် စာရေးဆရာဘဝမှာ ကိုကြည်နိုင်က လက်ဦးဆရာဖြစ်သည်။ သူ၏ ဝေဖန်အကဲဖြတ်မှုထဲက ကျွန်တော် လူးလွန့်လာရသူဖြစ်သည်။ သူရောင်းသည့် စာအုပ်ဟောင်းတွေက ကျွန်တော့်အတွက် ပြဋ္ဌာန်းစာအုပ်တွေ ဖြစ်ခဲ့ရသည်။ သူ့စာအုပ်ဟောင်းဆိုင်ကလေးကို ကျွန်တော် မမေ့။ သူ့ကျေးဇူးတရားများထဲတွင် ဖတ်ရမည့်စာအုပ်များ ရွေးချယ်ပေးခြင်း၊ ရှာဖွေပေးခြင်း၊ ဝေဖန်ဆစ်ပိုင်းပြခြင်းတွေပါ ထည့်သွင်းရမည်။ သည်တုန်းကလည်း စာအုပ်ဟောင်းတွေက သူ့ခေတ် သူ့အခါ ဈေးကြီးသည်ဆိုသော်လည်း ဆယ့်ငါးကျပ်။ ဒဂုန် ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရက တစ်ဆယ်။ လူထုဦးလှ၏ ကျွန်တော်စီးရီး ကရော၊ သခင်သန်းထွန်း နောက်ဆုံးနေ့များ နှစ်တွဲ။ လူထုဒေါ်အမာ၏ အောင်ဗလ၊ ဘိုးစိန်၊ စိန်ကတုံး။ ပြည်သူချစ်သော



www.burmeseclassic.com

www.burmeseclassic.com



အနုပညာသည်များ။ သိန်းဖေမြင့်၊ ဒဂုန်တာရာ၊ မြသန်းတင့်။ အင်္ဂလိပ်စာရေးဆရာကြီး အီးအမ်ဖော်စတာ ကတော့ စာအုပ်များကို သူတစ်ပါးကို ငှားရတာ သဘောကျကြောင်းရေးဖူးသည်။

'အချို့က အများအကျိုးကို ရှေ့ရှုသောအသံဖြင့် စာအုပ်များကို ငှားရမ်းခြင်းပြုပါသလားဟု မေးကောင်းမေးကြပါလိမ့်မည်။ မှန်ပါသည်။ စာအုပ်များကို ငှားပါသည်။ ငှားလိုက်သည့်စာအုပ်များမှာ ပြန်မရသည်က များပါသည်။ သို့ရာတွင် ကျွန်တော်သည် ငှားမြဲငှားလျက်ပင်ရှိပါသည်။ သူများထံကရော ငှားသလားဟု မေးနိုင်ပါသေးသည်။ သူများထံမှလည်း ကျွန်တော် ငှားပါသည်။ အချို့မှာ ပြန်မပေးဖြစ်ဘဲ ကျွန်တော့်အနီးပတ်လည်တွင် ရှိနေပါသည်။ အပြန်အလှန် မရိုးသားမှုကို ကျွန်တော်နှစ်သက်ပါသည်'

ကျွန်တော်ကတော့ အပြန်အလှန် မရိုးသားမှုကို မနှစ်သက်ပါ။ 'စာအုပ်များ မငှားပါ' ဆိုသည့် စာတမ်းကိုပင် ကပ်ထားတတ်ပါသည်။ စာအုပ်များငှားတိုင်း ပြန်မရသည်က များလာသည့်အခါ ကျွန်တော် အလွန်နှမြောနေတတ်ခြင်းကြောင့် ဖြစ်ပါသည်။ စာအုပ်ဟောင်းများကို စာအုပ်သစ်အဖြစ် ထပ်ကျော့ရိုက်နှိပ်နေသည့် သည်လိုအချိန်မျိုးမှာ စာအုပ်တစ်အုပ်ကို အစားပြန်ဝယ်ရန် အခြေအနေပေးသည့်တိုင် ထိုစာအုပ်မှာ အဟောင်းမဟုတ်တော့တာ သေချာပါသည်။ ကျွန်တော်က အဟောင်းကို တပ်မက်သည် မဟုတ်သော်လည်း အဟောင်းတန်ဖိုးကို လေးစားချင်နေသူဖြစ်သည်။ စာအုပ်များကို ပိုင်ဆိုင်ရခြင်းမှာ လူ့လောကအတွက် ကြီးကြီးကျယ်ကျယ် ပြောင်းလဲသွားစရာ အကြောင်းမရှိသော်လည်း စိတ်ကို ချမ်းမြေ့ကြည်နူးစေသည့် ဖော်စတာ၏ စကားကိုတော့ ကျွန်တော် လက်ခံပါသည်။ စာအုပ်များကို ချစ်သူသည် စာအုပ်များ၏ လွှမ်းမိုးမှုကို မခံရဘဲ ထိုစာအုပ်ကို ဘယ်လိုအသုံးချရမလဲ ဆိုတာကို သူသိဖြစ်လျှင် ပိုကောင်းသည်။ စာအုပ်များကို ဖတ်ချင်သည့်အခါ အလွယ်တကူ ကောက်ယူ ဖတ်ရှုနိုင်ခြင်းကို ကျွန်တော် နှစ်သက်နေတတ်သည်။ စာအုပ်များကို ဆွဲယူဖတ်ရင်း အတိတ်ကို နောက်ပြန်ဆုတ်ရသည့်အရသာကို ကျွန်တော် ခံတွင်းတွေ့သည်။ စာအုပ်ထက် စာအုပ်ထဲက စာကို မြတ်နိုးရသည်မှန်သော်လည်း စာအုပ်တွေ ဖရိုဖရဲ ဝရုန်းသုန်းကားဖြစ်နေတာကို ကျွန်တော် လိုလိုလားလား ရှိနေတတ်ပါသည်။

ကျွန်တော့်စာအုပ်စင်မှာ စာအုပ်သစ်တွေ များလှသော်လည်း အနည်းအပါးသော စာအုပ်ဟောင်းများကို ကျွန်တော် တစ်သီးတသန့်ထားသည်။ မြေနီကုန်း စာအုပ်အဟောင်းတန်း၊ ကမာရွတ်လမ်းဆုံ စာအုပ်





အဟောင်းတန်း၊ မန္တလေး ၈၄ လမ်း စာအုပ်အဟောင်းတန်းများမှာ တကုန်းကွကွ စာအုပ်ဟောင်းတွေ ရွေးခဲ့ရတာကို ကျွန်တော် မမေ့နိုင်။ ကြိုက်ရာယူ သုံးကျပ်ပုံ၊ ကြိုက်ရာယူ တစ်ဆယ်ပုံခေတ်မှသည် စာအုပ်ဟောင်းများကို ကျောက်မျက်ရတနာလို 'ထာ' လင်ဗန်းထဲ ထည့် ရောင်းနေသည့် သည်ကနေ့ ကာလ အထိ စာအုပ်ဟောင်းများကို ကျွန်တော် 'ဖွ' နေဆဲဖြစ်သည်။ မနေ့တစ်နေ့ကပဲ ဆရာမြသန်းတင့်၏ 'စာအုပ်တန်း' ကို ကျွန်တော် ပြန်ဖတ်ဖြစ်သည်။

'စာအုပ်ဆိုင်ကြီးများ၏အနားကို မကပ်နိုင်သည့်အခါ ကျွန်တော်သည် လမ်းဘေးစာအုပ်တန်းသို့ လျှောက်သွားနေတတ်သည်။ ဆူးလေဘုရားလမ်း၊ မောင်ဂိုမာရီလမ်း (ဗိုလ်ချုပ်လမ်း) တစ်လျှောက် စာအုပ်ဟောင်း ရောင်းသည့် ဆိုင်ကလေးတွေ အများကြီးရှိသည်။ အချို့လည်း ဆိုင်ခန်းကလေးတွေနှင့် ရောင်းကြသည်။ အချို့ကလည်း ပလက်ဖောင်းပေါ်တွင် ဖန်းကလေးခင်းပြီး ရောင်းတက်သည်။ သို့သော် ယခုခေတ် စာအုပ်တန်းလို တစ်စုတစ်ဝေးတည်း မဟုတ်။ ဟိုနားတွင် တစ်ဆိုင်၊ သည်နားတွင် တစ်ဆိုင်၊ ပြောက်တိပြောက်ကျား။ ဈေးကျော်တစ်ဝိုက်တွင် နည်းနည်းပါးပါးရှိသည်။ ထိုမှ လွန်လျှင် ဗိုလ်အောင်ကျော်လမ်းထောင့်နားတစ်ဝိုက်တွင် နှစ်ဆိုင်၊ သုံးဆိုင်။ ထိုမှ လွန်လျှင် ပန်းဆိုးတန်းလမ်းတွင် သုံးလေးဆိုင်၊ မဟာဗန္ဓုလပန်းခြံလမ်းတွင် လေးငါးဆိုင်၊ ထို့နောက် ကွန်တီနင်တယ်အောက်မှာ ခပ်စိပ်စိပ် တွေ့လာရသည်။ အနောက်ဘက်သို့ လျှောက်လာလျှင် မောင်ထော်လေးလမ်းထောင့်နားတွင် နည်းနည်းပါးပါး၊ ရွှေဘုံသာလမ်းနားတွင် နည်းနည်းပါးပါး'

ဆရာမြသန်းတင့်က သူလျှောက်ခဲ့ဖူးသည့် စာအုပ်အဟောင်းတန်းကို မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။

တစ်ခါက ဆရာနှင့် ကျွန်တော် စာအုပ်အဟောင်းတန်းလျှောက်ကြသည်။ ဆရာနှင့် ကျွန်တော် အားမာန်သစ်စာပေကအပြန် မြို့ထဲ လမ်းလျှောက်ပြန်ကြရင်း ဗိုလ်ချုပ်လမ်းစာအုပ်အဟောင်းတန်းကို လျှောက်ကြည့်ကြခြင်းဖြစ်သည်။ ဆရာက စာအုပ်ပုံတွေကို မွှေမကြည့်။ ဖျတ်ခနဲ၊ ဖျတ်ခနဲ မြင်ရသလောက်သာ ကြည့်သွားသည်။ တစ်နေရာရောက်တော့ ဆရာက စာအုပ်အဟောင်းဆိုင်ကလေးရှေ့မှာ ထိုင်ချလိုက်ကာ စာအုပ်ကလေးတွေကို မျက်မှန်ချွတ်ကာ ချွတ်ကာ ပကတိမျက်လုံးနှင့် အနီးကပ်ကြည့်သည်။ ကဗျာစာအုပ်အဟောင်းကလေးတစ်အုပ်၊ ကားလ်ဘဲန်ဘာ့ခ်၏ ကဗျာ။

'ကျွန်တော်တို့ ငယ်ငယ်ကတော့ ဆူးလေဘုရားလမ်းက စမတ် အင်မူကာဒမ်တို့၊ စီးတီးဘွတ်ကလပ်တို့၊ အက်ဂျူကေးရှင်းနဲလ်ဘွတ်ခ်စင်တာတို့၊



www.burmeseclassic.com

www.burmeseclassic.com



စတင်းဒတ်လစ်ထရေးချားဟောက်စ်တို့မှာ သွားငေးရတာ။ စာအုပ်သစ်တွေက ဖတ်ချင်စရာချည်းပဲ၊ မဝယ်နိုင်တော့ ဘယ်ကပ်နိုင်မလဲ။ ပလက်ဖောင်းပေါ်က ဗန်းခင်းအဟောင်းဆိုင်က မိုလ်အိမ်ကျစာအုပ်တွေ ရှာရတာပဲ၊ သည်ကားလ် ဆဲန်ဘာ့ခ်ရဲ့ စာအုပ်လေးတွေ့တော့ အဲဒါတွေ သွားသတိရတယ်'

ကျွန်တော်က ဆရာအယ်ဒီတာလုပ်ခဲ့ဖူးသော စာပေသစ်မဂ္ဂဇင်း အဟောင်းကလေးတစ်အုပ် အဟောင်းတန်းက ရဖူးကြောင်းပြောသည့်အခါ ဆရာက သူကြည့်ချင်ကြောင်းပြောသည်။ တစ်ရက်တော့ ဆရာ့အိမ်သွားရင်း စာအုပ်ပါးကလေးကို ကျွန်တော်ယူသွားရင်း ပြလိုက်သည်။ ဆရာက ဘာမှ မပြောသော်လည်း အယ်ဒီတာ့စားပွဲကို သတိရနေပုံရသည်။

'အဟောင်းတန်းကို မွေနိုင်ရင် စာအုပ်ကောင်းလေးတွေ ထွက်ထွက်လာတတ်တယ်။ စာအုပ်အဟောင်းတန်းက ဆရာဖေမျို ကျေးဇူးမကင်းဘူးဗျ။ ဟိုတုန်းက အင်္ဂလိပ်မျက်နှာဖြူကလပ်တွေ၊ ဘိုအိမ်တွေက အင်္ဂလိပ်စာအုပ်တွေ ဖတ်ပြီး လွှင့်ပစ်ထားတာတွေကို ဘိုအိမ်ထမင်းချက်တွေနဲ့ ပူးပြီး စာအုပ်တွေ အပြင်ရောက်အောင်လုပ်ဖို့ ဆရာက အကြံပေးခဲ့တယ်။ စာအုပ်ဟောင်း မားကတ် သည်ကစတာပဲ။ ဆရာဖေမျိုက ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန် ဘဝမှာတောင် စာအုပ်ဟောင်းတန်းမှာ ထီးကောက်ကြီး တစ်လက်နဲ့ လျှောက်မွှေ နေသေးတာ'

ဆရာက အဟောင်းတန်းမှာ စာအုပ်ဟောင်းကလေးတွေ ရခဲ့ပုံကို လည်း စကားရောက်တိုင်း ပြောနေတတ်သည်။ လူတစ်ယောက်၏ ဘဝနှင့် အတွေးအခေါ်ကို ပုံသွင်းပေးလိုက်သောအရာသည် ပတ်ဝန်းကျင်နှင့် ထိုသူ ဖတ်သည့် စာအုပ်များဖြစ်သည်။ စာအုပ်တွေက သူ့ဘဝကို၊ သူ့အတွေးအခေါ်ကို ပြဌာန်းပေးခဲ့တာတွေရှိကြောင်း ပြောနေတတ်သည်။ တစ်ခါတော့ သည်လို ရေးဖူးသည်။

'၁၉၅၃ ခုနှစ် တစ်ပိုက်တုန်းက ကျွန်တော့်တွင် ဂန္ထလောကမဂ္ဂဇင်း တွေ အုပ်ရေတစ်ရာလောက်ရှိခဲ့ဖူးသည်။ အချို့မှာ လမ်းဘေးမှ ဝယ်ခဲ့ခြင်း ဖြစ်သည်။ စာအုပ်များပေါ်တွင် မရင်နု၊ တောင်ပိုင်း၊ ကွမ်းခြံကုန်းမြို့ဟု ရေး ထားသည်။ ကဗျာဆရာမကြီး နုယဉ်၏ စာအုပ်များဖြစ်၍ တစ်နေ့တွင် ဆရာမ ကြီးကို ပြန်ပေးရန် (သို့) စာကြည့်တိုက်တစ်ခုခုသို့ပို့ရန် ဝယ်ယူခြင်းဖြစ်သည်။ အချို့မှာ စာစောင် အစိတ်၊ သုံးဆယ်ခန့်ကို တစ်တွဲစီ ချုပ်ပြီးထားသည့် အုပ်တွဲ ကြီးများ ဖြစ်သည်'





တစ်ခါတလေတော့လည်း အဟောင်းတန်းက စာအုပ်တွေမှာ အဲသလို စာအုပ်တွေလည်း တွေ့ရတတ်သည်။ လူထုဦးလှက သူ့မိတ်ဆွေတစ်ယောက် ကို ပေးခဲ့သည့် စာအုပ်တစ်အုပ် ကျွန်တော် အဟောင်းတန်းက ရခဲ့ဖူးသည်။ ဒါကလည်း အမှတ်တရ သိမ်းစရာဖြစ်ရသည်။ ကျွန်တော့်မှာ စာအုပ်ဟောင်း များရှိနေသော်လည်း သည်ပိုင်ဆိုင်မှုမှာ ဘာအဓိပ္ပာယ်ရှိသလဲ လို့တော့ ကျွန်တော် တစ်ခါမှမတွေးဖူးပါ။ စာအုပ်ဟောင်းများ ရှိနေခြင်းသည် တံဆိပ် ခေါင်းစုသလို အမျိုးစုံအောင် စုဆောင်းခြင်းဆိုသည့် အဓိပ္ပာယ်လား၊ စာအုပ် ဟောင်းတစ်အုပ်သည် ချိုင်ကော့ဗ်စကီး၏ စန္ဒရားလို၊ ဆေဇန်း၏ ပန်းချီကား တစ်ချပ်လို လေလံတန်ဖိုးဖြင့် အဖိုးထိုက်နေတာမျိုးလား။ အဟောင်းနှင့် အသစ်ကြားက ခြားနားမှုလား။ တစ်ခါ တစ်ခါ စာအုပ်အဟောင်းတန်းကို လျှောက်ရင်း တစ်ဖက်မှာ စက္ကူ၏ နိဂုံး (End of Paper) ဆိုတာတွေ ကြားနေ ရပြီ။ ကွန်ရက်သုံး အင်္ဂလိပ်စာ၊ ဘာသာစကား (Netish) ဆိုတာ ပြောနေ ကြပြီ။ ပိုင်ဆိုင်မှုတိုင်းမှာ စာရွက်စာတမ်း အထောက်အထား ရှိကြရသည်။ အိမ်မွေးခွေးတစ်ကောင်ပင်လျှင် စာရွက်စာတမ်းထားနေရချိန်မှာ ကျွန်တော့် စာအုပ်ဟောင်းတွေအတွက် စာရွက်စာတမ်းမရှိ။ ကျွန်တော့်စာအုပ်များသည် စာချုပ်စာတမ်းဖြင့် ခိုင်လုံသော 'အက်ဆက်' မဟုတ်။ စက္ကူများနှင့် အလုပ် လုပ်နေရခြင်း၊ စက္ကူများဖြင့် ခံစားရခြင်းတွေကို စိတ်ပျက်နေကြသတဲ့။ စက္ကူကိစ္စတွေကို မှတ်ဉာဏ်ချစ်ပြားထဲထည့်ကာ စက္ကူမဲ့လူ့ဘောင်ကို ပုံဖော် နေကြသည်။ သိမ်းရဆည်းရ၊ ရှာရ၊ မွေရ၊ လှန်ရ လှောရသည့် ဖုန်နံ့ တသင်းသင်း စာအုပ်ဟောင်းတွေကို အီလက်ထရွန်းနစ်ဘစ်၊ အီလက်ထရွန်နစ် ဆိုက်တွေက ဖယ်ရှားလိုက်ပြီ။ မီဒီယာတွေက ဘာသာစကားကို သယ်ဆောင် ရေးတာဝန် ယူနေကြပြီ။ မီဒီယာသုံး ဘာသာစကားသစ်တွေ၊ အဘိဓာန်သစ် တွေပေါ်နေရပြီ။ Cyberjargons, Cybernetics။ ဆိုင်ဘာစကား၊ ဆိုင်ဘာ ဆက်သွယ်ရေးသိပ္ပံ၊ အင်တာနက်တွင် bandwidth ကြောင့် ဖွဲ့ဖွဲ့နွဲ့နွဲ့ လုပ်နေ လို့မရတော့သဖြင့် ဝါကျကျိုးတွေကို သုံးနေကြရသည်။ သဒ္ဒါ စည်းကမ်းမရှိ။ သဒ္ဒါချည်နှောင်မှုမရှိ။ ဘာသာစကားနှင့် စာပေသည် လူမျိုး တစ်မျိုး၏ အသွင်လက္ခဏာ မဟုတ်နိုင်တော့သည့် လားရာဘက်ကို ရွေ့လျား နေသည်။

နောက်တစ်ချက် သတင်းနှင့် အချက်အလက်နည်းပညာ ရေပန်းစား လာခြင်းဖြစ်သည်။ ရေအေးစက်ဇာတ်လမ်းများ (Water Cooler Stories) လို့ တင်စားကြသည့် မိုးတိုးမတ်တတ်ရေသောက်ရင်း အသိဖလှယ်ကြတာလောက်သာ ရှိလာလေတော့ 'ပြောပြီးပျောက်' ရတာတွေများလာသည်။ ဒါကိုပဲ လေးနက်မှု



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေတစ်ခုမှ ပေါ့ပျက်ပျက်အခြေအနေ တစ်ခုသို့ ကျဆင်းခြင်း (Dumbing Down) ခေါ်နေကြခြင်းဖြစ်သည်။ ခေတ်သစ် ဆက်သွယ်ရေးနည်းပညာတွေက မြင့်လာသည့်အခါ အိမ်တိုင်းမှာ ကွန်ပျူတာမိုဒဲမ်း၊ တယ်လီဖုန်း၊ အင်တာနက် ဝက်ဘ်ဆိုက်၊ ပရင်တာစသည့် အကူကိရိယာတွေကို တပ်လိုက်ခြင်းဖြင့် ကောင်းကင်က စာအုပ်တွေဆွဲယူနိုင်ကြပြီ။ ကိုယ့်စာမူကိုလည်း ကောင်းကင်ပေါ် ကြဲပက်နိုင်ကြပြီ။ ကျွန်တော်တို့အချင်းချင်း ဘယ်လို ဆက်သွယ်နေကြသလဲ၊ ဘယ်လို ရင်းနှီးမြှုပ်နှံနေကြသလဲ၊ ကမ္ဘာလောကကို ကျွန်တော်တို့ ဘယ်လိုကြည့်နေကြသလဲ၊

သတင်း စားပိုးနင့်နေကြသည့် ခေတ်မှာ အမီမလိုက်နိုင်ကြသူတွေလည်း ရှိသည်။ ဒါကိုပဲ အရှိန်လျော့ကြသူများ (Deaceelerature) လို့ ခေါ်သည်။ အမီလိုက်နေကြသူများနှင့် အမီမလိုက်နိုင်သူတို့၏ ယဉ်ကျေးမှု တိုက်ပွဲကြီးပြင်းထန်တော့မည်လို့လည်း ပြောနေကြသည်။ ကိစ္စမရှိ။ စာအုပ်သစ်တွေပင် ဈေးအေးနေသလိုလို ကြားနေရသည့် ကျွန်တော်တို့ဆီမှာ စာအုပ်ဟောင်းတွေရဲ့ နေရာကရော ဘယ်လိုရှိနေမှာပါလိမ့်။ လူ၏လိုအပ်မှု ဆင့်ကဲဖြစ်စဉ်သည် ကျွန်တော်တို့ဆီမှာတော့ သိသိသာသာပြောင်းလဲခြင်း မရှိ။ စာအုပ်အဟောင်းတန်း လျှောက်ရသည့်အရသာ၊ စာအုပ်ဟောင်း ရွေးရှာရသည့်အရသာ၊ စာအုပ်ဟောင်းတွေကို စာအုပ်စင်ပေါ် မက်ရေစက်ရေ တင်နေသည့်အရသာကို ကျွန်တော် တပ်မက်နေဆဲဖြစ်သည်။ စာအုပ်ဟောင်းများကို ကိုးကွယ်ဖို့ ကျွန်တော် ရှာဖွေရွေးချယ်နေတာမဟုတ်။ ထိုစာအုပ်ဟောင်းများထဲမှာ ကျွန်တော့်အတွေးအခေါ်နဲ့ တူကာရှိရဲ့လား။ ရှာချင်လို့ မဟုတ်။ ရေးသူစာရေးဆရာက ဘာတွေတွေးသလဲ သိချင်လို့ ရှာဖွေနေခြင်းသာ ဖြစ်သည်။ ကျွန်တော်ကိုယ်တိုင်က အရှိန်လျော့သူဆိုမှတော့ ယဉ်ကျေးမှု ထိပ်တိုက်တိုးစရာလည်း မရှိတော့။ စာအုပ်အဟောင်းတန်းမှာ၊ ကိုစိုးမြင့်သိန်းတို့ဆီမှာ၊ ကိုတင်မြင့်တို့ဆီမှာ ကျွန်တော့်ကို တွေ့နိုင်ပါသည်။

*Idea* ၂၀၀၅၊ ဖေဖော်ဝါရီလ၊

## မြစ်ကျိုးအင်း

ကျွန်တော်နေထိုင်သည့် မန္တလေးအနောက်တောင်ထောင့် မြို့စွန်မှ အရှေ့မြောက်ထောင့် မြို့တွင်းသို့ တစ်ခေါက်တစ်ကျင်းထသွားဖို့ဆိုတာ မလွယ်ပါ။ မြို့တွင်းသို့ရောက်နိုင်သည့် လိုင်းကားများရှိသည်ဆိုသော်လည်း တစ်ခေါက်တစ်ဖြုတ် သွားလိုက်ပါဦးမယ်လေလို့ ပေါ့ပေါ့ပါးပါး စိတ်ကူးဝံ့သည်မဟုတ်။ အကြောင်းကိစ္စမရှိဘဲ စွန့်စားရတာမျိုးနှင့် တူရော့မည်။ ရေးပြီးသား စာမူကလေးတွေစု၊ ဝယ်စရာ ခြမ်းစရာကလေးတွေ စာရင်းလုပ်၊ စာကြည့်တိုက်က စာအုပ်အပ်ဖို့ငှားဖို့ စီစဉ်၊ စာတိုက်ကြီးဘက်ပြေး အရေးအရာကိစ္စတွေကို စပ်ကာပေါင်းကာ တစ်ခါတည်းထွက်ရခြင်းကလွဲလျှင် ရုတ်တရက်ထပြေးဖို့ ခက်သည်။ အထူးသဖြင့် ဆိုက်ကားဖြင့် သွားလေ့ရှိသည့် ကျွန်တော်ကသာ မြို့တွင်းကိစ္စမှန်သမျှ ပြီးပြေစေရတာ များသည်။ အိမ်ရှင်မက အငြိမ်၊ ကျွန်တော်က အလှုပ်။ မဖြစ်မနေ နှစ်ဦးစလုံးသွားရမည့် လူမှုရေးကိစ္စများဆိုလျှင်တော့ မြို့ထဲက လေးဘီးတစ်စီး ကြိုတင်စီစဉ်နှင့်ကာ မှာယူရသည်။ မျောက်တစ်ကောင်လို လိုင်းကားသံတန်းကို ဆုပ်ဆုပ် မြဲမြဲရှိဖို့၊ ဆီးမြှုသီးတစ်လုံးလို လိုင်းကားအတွင်း လူးကာလှိမ့်ကာ ရွေ့လျားဖို့ နှစ်ဦးစလုံးအတွက် မဖြစ်နိုင်သည့်အခါ မလွှဲသာတော့မှ အတူထွက်ဖို့ စဉ်းစားကြရသည်။ တစ်မနက်ခင်းမှာတော့ ရုပ်ရှင်ဇာတ်ကားတစ်ကားအတွက် Press Show လက်မှတ်တွေ ကျွန်တော့်ဆီ ရောက်လာခဲ့သည်။ တစ်ခါက ရောဝတီ။ ကျွန်တော့်မိတ်ဆွေ ကိုမိုးပွားရိုက်သည့်ရုပ်ရှင်ကားဆိုတော့ သူကလည်း ကျွန်တော်တို့ နှစ်ယောက်စလုံးကို ကြည့်စေချင်သည်။ ကျွန်တော်တို့ အခက်အခဲကို



www.burmeseclassic.com

www.burmeseclassic.com



သိသူဆိုတော့ သူစီးနေကျကားဖြင့် ကြို့ခြင်း၊ ပို့ခြင်းကိုပါ တာဝန်ယူသည်။ သည်လိုဆိုတော့လည်း မကြည့်နိုင်စရာ အကြောင်းမရှိ၊ ဝတ္ထုဇာတ်ညွှန်းက ဆရာမ ဂျူး၊ ရိုက်ကူးသူက ကိုမိုးပွား၊ ဇာတ်နောက်ခံက ကျွန်တော်တို့ရွာ ကုန်းဇောင်း။

ဇာတ်ဖွင့်သည်နှင့် စိမ်းပြာရောင်ရောဝတီကို မြင်နေရသည်။ ဟသ်ာ ငှက်အုပ်တစ်အုပ် ရောဝတီပေါ်မှ ဝေါခနဲ ထပျံ၊ အဝေးတောင်တန်းတွေက မှိုင်းမှိုင်း၊ မြစ်ကမ်းပါးများ၊ သဲသောင်များ၊ ရေငှက်များ၊ ရေနံချောင်းနှင့် သံကိုင်း (ကုန်းဇောင်း လှေဆိပ်ကို ကူးခတ်သွားလာနေသည့်) ကူးတို့လှေ၊ ရုပ်ရှင်ရုံ အမှောင်ပါးပါးထဲမှ ပိတ်ကားဆီမှ အလင်းတွေ ကျွန်တော့်ကို လာရိုက်နေသည်။ သည်ဒေသ၊ သည်နေရာ၊ သည်ရွာရိုပ်ဝန်းကျင်မှာ ကျွန်တော်နေခဲ့ရဖူးသည်။ ကျွန်တော့်ကို မွေးသည်။ သည်မှာပဲ နုံနုံနဲ့နဲ့ ကြီးပြင်းခဲ့ရသည်။ အမေ၊ အစ်ကိုနှင့် ကျွန်တော်။ အဖေက ရန်ကုန်မှာ၊ တစ်လကို ငွေကလေးရှစ်ဆယ်သာရသော အလုပ်သမား၊ သည်ရှစ်ဆယ်သောငွေ၏ ထက်ဝက်သည် ကျွန်တော်တို့ရွာကလေးက သားအမိသုံးယောက်ဆီ ရောက်ဖို့ ရက်ပေါင်းများစွာကြာသည်။ ကုန်းဇောင်းတစ်ဖက်ကမ်း၊ ရေနံချောင်းမြို့က ကုန်စုံဆိုင်ပိုင်ရှင် တစ်ယောက်ကို လိပ်မူကာ အဖေပို့လိုက်သည့်ငွေက သူကိုယ်တိုင် (သို့မဟုတ်) လူကြုံကောင်းပါမှ ရောက်လာတတ်ခြင်း ဖြစ်သည်။

မြေစိုက်အိမ်ကလေးမှာ ကျွန်တော်တို့ သားအမိသုံးယောက် အတူနေကြသည်။ အဖေရှိရာ ရန်ကုန်သို့ တစ်နှစ်လိုက်ရနိုး၊ တစ်နှစ်လိုက်ရနိုးဖြင့် အိုဟောင်းလှသည့် အိမ်ကလေးကို မပြင်တော့ဘဲ နေထိုင်ကြသည် ဖြစ်ရာ အသိုက်ဟောင်းကလေးထဲမှာ ကျိုးကျိုးကျဲကျဲနေကြရသည့် ငှက်သားအမိနှင့် တူနေလေသည်။ တိုင်တွေက 'မဒမ' သား တိုင်တွေဖြစ်သည်၊ အမိုးက သက်ကယ်။ အကာက ရိုင်ပတ်လို ဝါးထရံပျော့အကာဖြစ်သည်။ အိမ်ကလေး၏ အလယ်မှာ တိုင်တစ်လုံးရှိနေကာ သည်တိုင်က ကျွန်တော်တို့ ညီအစ်ကို၏ ကျောင်းလွယ်အိတ် ချိတ်ရာတိုင်ဖြစ်သည်။ အမေ့မှာ လင်သားရှိသော်လည်း အဝေးမှာဆိုတော့ အဝေးရောက် မုဆိုးမလို ဖြစ်နေရရှာသည်။ မနက်စောစော ဝေလီဝေလင်းထကာ ခပ်လှမ်းလှမ်းက ရေတွင်းကုန်းမှာ ရေသွားခပ်သည်။ မနက်စောစောရေဆိုတော့ သန့်ရှင်းနေတာကို အမေသိလို့ ဖြစ်သည်။ သောက်ရေအိုးကို အရင်ဖြည့်၊ နောက်တော့ သုံးရေအိုးတွေကို ဖြည့်၊ အနည်းဆုံး လေးငါးခေါက်တော့ မနက်တိုင်း ခပ်ရသည်။ အမေ့ ရေခပ်ချိန် သိပ်ကိုစောလွန်းတော့ တစ်ခါတလေ တမာတန်းက သရဲခြောက်





တယ်လို့ အမေပြောဖူးသည်။ တမာတန်းက ရေတွင်းကုန်းဘက် သွားရာ လမ်းတင်ဘက်မှာ စီကာရီကာ ပေါက်နေသည့် တမာပင်တန်းကလေး ဖြစ်သည်။ အမေက သရဲခြောက်သည့်အကြောင်းပြောတိုင်း တမာပင်တန်းကို ကျွန်တော် ကြောက်လန့်နေတတ်သည်။ အမေ့ညီမ ဒေါ်လေးချစ်သန်းကတော့ 'ညည်းဟာက ဟုတ်ရဲ့လားအေ၊ ကလေးတွေ နိုင်းမရ၊ ပြုမရ ဖြစ်နေပါ့မယ်' လို့ အကြောက်ပြေအောင် ပြောတတ်သော်လည်း ကျွန်တော် အကြောက်မပြေပါ။ တစ်ခါတရံ ညကြီးမိုးချုပ်တော့မှ တမာတန်းကိုကျော်ကာ သစ်သားမီးခြစ်ဘူး သွားဝယ်ရသည့် ကျွန်တော် သည်သတင်းကြောင့် ချောက်ချားနေရသည်။

'မကြောက်ပါနဲ့ ညီလေးရာ၊ သရဲများ ဘာကြောက်စရာရှိလို့လဲ'

'ငါကြောက်တယ်ကွ'

အစ်ကိုက ကျွန်တော့်ကို မကြောက်နဲ့ဆိုသော်လည်း နောင်ဒေါ်မြမေ ကုန်စုံဆိုင်မှာ ညကြီးမိုးချုပ်သစ်သားမီးခြစ်ဘူး သွားဝယ်ရတိုင်း ကျွန်တော့်ကို အဖော်ခေါ်တတ်သည်။ တမာတန်းကို ဖြတ်ခါနီးပြီဆိုလျှင် အစ်ကိုက 'အောက်ကို ကြည့်ကွ၊ သရဲက ကြောင်ယောင်ဆောင်ပြီး လူ့ခြေထောက်တွေကြားထဲ တိုးတတ်တယ်။ အဲသလို တိုးလို့ရသွားရင် သေတတ်တယ်' လို့ ပြောနေကျ။ ထိုအခါ ကျွန်တော်က သုတ်ခနဲ အိမ်ဘက်ကို ပြန်လှည့်ပြေးရသည်။ အစ်ကိုနှင့် ကျွန်တော်မှာ ဆယ်နှစ်ကျော် အသက်ကွာကြသူတွေဖြစ်သည်။ အမေက သားယောက်ျား ကလေး ၄ ယောက်မွေးခဲ့ပြီး ကြားနှစ်ယောက်မှာ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ခဲ့ကြသည်။ အစ်ကို့ကို ရန်ကုန် ဗိုလ်တထောင် မှာနေစဉ်က မွေးသည်။ မွေးတော့ ဒပ်ဖရင်ဆေးရုံမှာ၊ ကျောင်းနေတော့ ဟင်ဒီအင်္ဂလိပ်ကျောင်း။ အစ်ကို့မှာ ဟင်ဒီနာမည်နှင့် ကျောင်းကပေးသည့် အင်္ဂလိပ်နာမည်သာရှိသည်။ သည်တုန်းက အဖေက ရေနံချောင်းသူ အမေနှင့် လက်ထပ်ပြီး ရန်ကုန်ကို ကန်ထရိုက်တာဝန်ဖြင့် သွားရသည့်အခါ အမေ့ကိုပါ တစ်ပါတည်း ခေါ်သွားခဲ့သည်။ ကျွန်တော့် အဘိုး၊ အဘွားများမှာ ရေနံချောင်း ဘီအိုစီမှ ဝန်ထမ်းများဖြစ်ပြီး ညောင်လှ (ရေနံချောင်း မြို့၏ ရောဝတီမြစ်ဆိပ်) ဘီအိုစီတန်းလျားမှာ နေထိုင်ကြချိန် ဖြစ်သည်။ အဘိုး အဘွားများက ရေနံချောင်းတစ်ဖက်ကမ်း ကုန်းဇောင်းမှာ သရက်ခြံတွေ စိုက်ထားသည်။ သစ်သီးဥယျာဉ်ကြီးတွေကိုလည်း ကုန်းဇောင်း အနောက်ဘက်က ကွေ့ရွာမှာ စိုက်ပျိုးထားကြသည်။ အမေတို့ ညီအစ်မကို အိမ်ထောင်ချပေးကြပြီး သည်နောက်မှာတော့ အဘိုး ကွယ်လွန်သည်။ သည်တော့ အဘွားက သမီးငယ် အိမ်ထောင်သည်နှင့်အတူ ကုန်းဇောင်းကို ပြောင်းရွှေ့လာကာ အခြေ



www.burmeseclassic.com

www.burmeseclassic.com



ချသည်။ အမေက အဖေနှင့်အတူ ရန်ကုန်မှာ။ သားသုံးယောက် မွေးပြီး အငယ်နှစ်ယောက် အရွယ်ကလေးတွေ ရောက်ခါမှ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ကြတော့ သားဦးတစ်ယောက်သာ ကျန်သည်။ သည်နောက်မှာတော့ ပြည်တွင်းစစ်မီးနိုးများ အူထလာခဲ့သည်။ အဖေက အမေတို့ သားအမိကို ကုန်းဖောင်းပို့ကာ ရန်ကုန်နှင့် ကုန်းဖောင်း ကူးချည်သန်းချည်။ ၁၉၅၂ ခုနှစ် ကျွန်တော့်ကို မွေးပြီးချိန်မှာပဲ အဖေ ရန်ကုန်ကို ထွက်ခွာသွားခဲ့သည်။ ရန်ကုန်မှာ အလုပ်အကိုင်အဆင်ပြေလျှင် လာခေါ်မည်ဆိုကာ ထွက်သွားလေတော့ အမေမှာ သားနှစ်ယောက်နှင့်အတူ ရွာမှာ ကျန်ရစ်ခဲ့ရသည်။ အဘွား၊ အမေ၊ ဒေါ်လေး မိသားစုနှင့် ကျွန်တော်တို့ ညီအစ်ကို။

အစ်ကိုကို ရွာကျောင်းမှာအပ်တော့ ကြီးလှပြီ။ ဟင်ဒီစာနှင့် အင်္ဂလိပ်စာသာတတ်ခဲ့သည့် အစ်ကိုမှာ မြန်မာနာမည်ပင် မရှိ၊ မြန်မာစာ အခြေခံမရှိတော့ သူငယ်တန်းက စနေရသည်။ ကျောင်းအုပ်ဆရာကြီးကပဲ မြန်မာနာမည်ပေးသည်။ ခင်မောင်မြင့်။ ကျွန်တော်က ခင်မောင်ဝင်း။ မြန်မာစာကို နောက်ကျမှ သင်ရသော်လည်း ခြောက်လကို တစ်တန်းခုန်ကာကူးကာ အတန်းတွေ ရလာခဲ့သည်။ အစ်ကို အတော်ကြီးကြီးမှာ ကျွန်တော် ကျောင်းစနေရသည်။ အဖေက နှစ်နှစ်တစ်ခေါက်၊ သုံးနှစ်တစ်ခေါက်။ တစ်ချိန်က ချမ်းသာခဲ့သည့် အဘွားသည်လည်း ခြံနှင့် ဥယျာဉ်တွေ ဖဲ့ကာ ဖဲ့ကာ ရောင်းစားနေရသည်။ ဆင်းရဲခြင်းသည် ကျွန်တော်တို့ မိသားစုကို သံယောဇဉ်ကြီးလွန်းသည်။ အဖေလာခေါ်နိုးဖြင့် ဆောက်ထားသည့် အိမ်ကုပ်ကလေးမှာပဲ နှစ်ပိုင်းကန့်ကာ အဘွားက တစ်ခြမ်းနေသည်။ ကျွန်တော်တို့ သားအမိက တစ်ခြမ်း။ ကျွန်တော်မှတ်မိသလောက် အစ်ကို ဆေးလိပ်သောက်သည့်သတင်း အိမ်ကို ရောက်လာသည့်နေ့က အမေရော အဘွားပါ အစ်ကို့ကို ရိုက်ကြသည်။ အစ်ကိုကို ဆေးလိပ်သောက်ပြစ်မှုဖြင့် ရိုက်ကြသော်လည်း အမေရော၊ အဘွားပါ ဆေးလိပ်သောက်ကြသူတွေ။

'မီးဖိုထဲမှာ ဆေးလိပ်သွားညှိစမ်း၊ အနားတွေ မီးညီအောင် မှာခဲ့'

သည်နိုင်းစေမှုအောက်မှာ အစ်ကို ဆေးလိပ် သောက်တတ်သွားခြင်းဖြစ်သည်။ သည့်နောက်တော့ အစ်ကိုက အိမ်နှင့် မလှမ်းမကမ်းက ဘောလုံးကွင်းကြီးဘေးမှာ ဆေးလိပ်ခိုးသောက်တတ်သည်။ သည်ဆေးလိပ်ကို ကျွန်တော်ကပဲ ဝယ်ပေးရသည်။ အမေနှင့် အဘွားအတွက် ဆေးလိပ်ဝယ်နေကျဆိုတော့ ကုန်စုံဆိုင်ကတစ်ဆင့် ဆေးလိပ်ဝယ်ကြောင်းသတင်း အိမ်ကို မရောက်နိုင်။ ကုန်စုံဆိုင်က အစ်ကိုဝယ်လျှင် ချက်ချင်း အမေ့ကို တိုင်တတ်သည်။





ဆေးလိပ်ဝယ်ပုံကလည်း ပထမတော့ ထူးဆန်းသည်။ ညီအစ်ကိုနှစ်ယောက် ပခုံးဖက်ကာ လျှောက်ကြရင်း လမ်းမှာ ပိုက်ဆံမတ်စေ့ တစ်စေ့ ကောက်ရသည်။ ထိုစဉ်က တစ်မတ်ဆိုသည့် ပိုက်ဆံမှာ မက်လောက်စရာဖြစ်သည်။ အစ်ကိုက ပိုက်ဆံကို ကောက်ယူကာ ဝမ်းသာအားရလေသံဖြင့် ပြောသည်။

'ပွတာပဲကွာ၊ ကဲပါ ညီလေး ဆယ်ပြားယူ၊ အစ်ကို့ကို ဆေးလိပ်ဆယ့်ငါးပြားဖိုး ဝယ်ခဲ့၊ ညောင်ဦးဘိုးတိုက်ဝယ်နော် ညီလေး၊ ဆိုင်မှာ မီးမညှိခဲ့နဲ့၊ တစ်နေရာက ညှိခဲ့'

ကျွန်တော်က ဆယ်ပြားတန် သကြားမြေပဲယို၊ အစ်ကိုက ဆေးလိပ်ဆယ့်ငါးပြားဖိုး။ သူ ဆေးလိပ်သောက်နေတာကို ကျွန်တော်စောင့်ရသည်။ စည်းကမ်းက အိမ်ကို ပြန်မပြောကြ။ အိမ်ပြန်ကြရင်း လမ်းမှာ အစ်ကိုက 'ငါ့မှာ ပိုက်ဆံကောက်ရတဲ့ ဂါထာရထားတယ်ကွ၊ ငါ စမ်းပြီးပြီ၊ တကယ်စွမ်းတယ်' လို့ ပြောသည့်အခါ ကျွန်တော် ဝမ်းသာသွားသည်။ အစ်ကို့ဂါထာက ကျွန်တော်တို့ ချမ်းသာနိုင်မည်မဟုတ်ပါ။ ပိုက်ဆံတွေ များများကောက်ရလျှင် အမေ ပူစရာ မလိုတော့ပြီ။

'အစ်ကိုရာ၊ ဒါဆို အမေ့ကို ပိုက်ဆံရအောင် လုပ်ပေးလိုက်ပါ။ အမေ့မှာ ပိုက်ဆံမရှိတော့ဘူးကွ'

အစ်ကိုက ဘာမှ ပြန်မပြော။ အိမ်က ညနေဘက် ဘောလုံးကွင်းဘက် ထွက်ကြတော့ လမ်းပေါ်မှာ ပါးစပ်က တတွတ်တွတ်ရွတ်နေတာ ကျွန်တော် သတိထားမိသည်။ ဂါထာရွတ်တာများလား။ ထိုနေ့ကလည်း တစ်မတ်ကောက်ရခဲ့သည်။ ဟုတ်လှချည်လား။ သူ့ဂါထာက တစ်မတ်စေ့ချည်း ရနေတာများလား။ ညီအစ်ကိုချင်းတောင် သည်ဂါထာမပေးပါလား။ နောက်တော့ ပိုက်ဆံဘူးထဲက နေ့စဉ် တစ်မတ် တစ်မတ်နှိုက်ကာ ကျွန်တော့်ကို ဆယ်ပြားဖိုး လာဘ်ထိုးရင်း ဆေးလိပ်သောက်နေခဲ့တာကို ကျွန်တော် ရိပ်မိလာခဲ့သည်။ ကျွန်တော် မသိချင်ယောင်ဆောင်ကာ 'အစ်ကိုရာ မင်းဂါထာနဲ့ အမေ့ကို ပိုက်ဆံ မပေးရင် နေပါကွာ၊ အမေ့ပိုက်ဆံတော့ မလျော့ပါစေနဲ့' လို့ ပြောသည့်အခါ သူ ငိုင်ကျသွားသည်။ အစ်ကိုကပဲ ကျွန်တော့်ကို စာတွေ သင်ပေးခဲ့သည်။ ညဘက်မှာ သူဖတ်ထားသည့် စုန်းတစ္ဆေဝတ္ထုတွေကို မီးကာ ကွက်စိပ်လို အသံမျိုးစုံဖြင့် သရဲတစ္ဆေဇာတ်လမ်းတွေ ပြောပြတတ်သည်။ အစ်ကိုက ပန်းချီတော်သည်။ ရှုမျှော်ခင်းကလေးတွေ မင်ခြစ်ခြစ်ကာ ကျွန်တော့်ကို ပေးတတ်သည်။ တစ်ခရိုင်လုံး ဗုဒ္ဓဘာသာစာမေးပွဲ တတိယဆုရတော့ ကျောင်းက အခမ်းအနားဖြင့် ဂုဏ်ပြုတာလည်း မှတ်မိသည်။ ပညာသင်ဆုတွေ ရခဲ့သည်။ ကျောင်းနံရံပေါ်



www.burmeseclassic.com

www.burmeseclassic.com



စာစောင်တွေမှာ သူရေးသည့် စာတွေကို ဆရာများကပင် ချီးကျူးခဲ့ကြတာကိုလည်း ကျွန်တော် မှတ်မိနေသည်။ သည့်နောက်တော့ အစ်ကိုနှင့် ကျွန်တော် ခွဲရဖို့ ဖြစ်လာခဲ့သည်။ တရုတ်စာရေးဆရာ ယေရှန်တောင်၏ အက်ဆေးတစ်ပုဒ်ထဲမှာ 'နေသာချိန် ခွဲခွာရခြင်းသည် စွတ်စိုအေးစိမ့်နေချိန် ခွဲခွာရသည်ထက် ကောင်းသည်။ မနက်စောစော ခွဲခွာရခြင်းသည် နေဝင်ရီတရော ခွဲခွာရသည်ထက် ကောင်းသည်' ဟု ရေးတာ ကျွန်တော် ဖတ်ဖူးသည်။ အစ်ကိုနှင့် ကျွန်တော် ခွဲခွာခဲ့ရချိန်ကို ကျွန်တော်မမှတ်မိတော့သော်လည်း နွေကျောင်းပိတ်ချိန် ရောက်လာသည့် အဖေ ရန်ကုန်အပြန် တစ်ခေါက်မှာတော့ အစ်ကိုပါသွားခဲ့တာကို ကျွန်တော် မှတ်မိနေသည်။ အမေနှင့် ညီအစ်ကိုနှစ်ယောက်အတူနေဘဝမှ အမေနှင့် နှစ်ယောက်တည်းဘဝကို ချက်ချင်း ပြောင်းသွားသည့်အခါ ကျွန်တော့်မှာ မလုံခြုံတော့သလို ခံစားနေရသည်။ အမေက အဘွားသေမှ လိုက်တော့မယ်ဟု ဆိုလိုက်သည့်အခါ အဖေ့မျက်နှာ ကွက်ခနဲ ပျက်သွားတာကိုလည်း ကျွန်တော် မှတ်မိနေသည်။

'ငါလည်း အသက်ကြီးပြီ၊ နင်လည်း အသက်ရလုပြီ၊ ကလေးတွေနဲ့ ခွဲနေရတာလည်း ကြာပါပြီဟာ။ နင့်အမေဆုံးပါးမှ လိုက်မယ်ဆိုရင်လည်း အကြီးကောင် ငါခေါ်သွားမယ်'

အမေက မျက်ရည်တွေ ပေါက်ပေါက်ကျအောင်ငိုရင်း ခေါင်းညိတ်သည်။ သည့်နောက်တော့ အစ်ကိုနှင့် မြင်းလှည်းပေါ်တက်သွားတာ မြင်လိုက်ရသည်။ မြင်းလှည်းဝေးသွားသည့်အခါ ကျွန်တော် မနေနိုင်တော့ သံကိုင်းမြစ်ဆိပ်ကို ကျွန်တော် အပြေးလိုက်သွားခဲ့သည်။ သုံးမိုင်လောက်ဝေးသည့် ဇရာဝတီမြစ်ဆိပ်မှာ ဘယ်သူမှ မရှိတော့။ ရွာအပြန် မြင်းလှည်းတွေက ကျွန်တော့်ကို တင်ခေါ်လာခဲ့ကြသည်။ ထိုညက အမေနှင့် ကျွန်တော် ငိုခဲ့ကြသည်။ ကျွန်တော်နှင့် အမေ ရန်ကုန်ကို လိုက်ဖြစ်သည့်အခေါက်မှာတော့ အဘွားမရှိတော့။ ရန်ကုန်မှာတော့ ကိုးပေပတ်လည် အခန်းကျဉ်းကလေးတစ်ခန်းနှင့် ခြောက်ဆယ်ဝပ် မီးသီးတစ်လုံးသည် ကုန်းဖောင်းက မဒမတိုင်ထူ၊ သက်ကယ်မိုး အိမ်ကလေးထက် ပိုခမ်းနားနေသည်။ ၄ ယောက် မိသားစုဘဝသည် နှစ်ပေါင်းများစွာကြာတော့မှ တစ်ကျော့ပြန်ရောက်လာခဲ့၏။ အဖေ ပင်စင်ယူတော့ အစ်ကိုနာမည်ဖြင့် သည်အလုပ်သမား တန်းလျားခန်းကလေးကို ဆက်ရသည်။ ကျွန်တော်က ကျောင်းနေဆဲ။ တစ်သက်လုံး အရက်သောက်လာသည့် အဖေ၏ ဇနီးဖြစ်ခဲ့ရသော အမေ့ခမျာ ရန်ကုန်ရောက်တော့မှ အရက်သမား၏ မိခင်ဖြစ်ရတော့သည်။ အရက်က ပေးအပ်ခဲ့သည့် ရောဂါဘယများဖြင့် အိမ်နှင့်





ဆေး၏ ကူးလူးနေရပြီဖြစ်သည့် အဖေက အရက်မူးနေသည့်သားကြီးကို မတားသာတော့သလို ကြည့်နေရတော့သည်။ အမေကတော့ မျက်ရည်နှင့် မျက်ခွက်။

'ငါ့ကို ကုန်းဖောင်းကိုသာ ပြန်ပို့ကြပါတော့။ ငါ ကုန်းဖောင်းမှာ ခေါင်းချပါရစေ၊ ငါ့ကို သနားကြပါဦး။ ငါဟာ တစ်သက်လုံး မင်းတို့သားအဖ အပေါ်မှာ မကောင်းစိတ် မထားခဲ့ပါပဲနဲ့ ဘယ်နှယ့်ကြောင့် မင်းတို့သားအဖ နှိပ်စက်တာ ငါခံနေရတာပါလိမ့်။ မင်းအဖေကြောင့် စီးပွားမဖြစ်ရလေခြင်းလို့ ငါ ဘယ်တုန်းကမှ မအောက်မေ့ခဲ့ရိုး အမှန်ပါ'

ဒါပေမယ့် စိတ်၏ ဆင်းရဲခြင်း၊ ကိုယ်၏ ဆင်းရဲခြင်းနဲ့ ကုန်ခဲ့ရတဲ့ အချိန်တွေကိုတော့ ငါအောက်မေ့တယ်။ အခု မင်းက လာပြန်ပြီလား' တစ်ညမှာ အမေက နာကျည်းဆွေးမြည့်စွာ ပြောနေခြင်းဖြစ်သည်။ မျက်ရည်မကျသော်လည်း နှလုံးသားတွေ လောင်မြိုက်နေပုံရသည်။ အမေသည် ပင်ကိုအားဖြင့် နူးညံ့လှသူ ဖြစ်သည်။ စိတ်ကောင်း နှလုံးကောင်းရှိသူ ဖြစ်သည်။ ပြည့်စုံသော မိဘမျိုးရိုးက ဆင်းသက်လာခဲ့သူဖြစ်သော်လည်း အဆိုးလောကဓံလေးပါးကို အံ့သြစရာကောင်း လောက်အောင် ခံနိုင်သူဖြစ်သည်။

၁၉၇၀ ပြည့်နှစ်မှာ အဖေဆုံးသည်။ ဖွန်လ၏ သဲသဲမဲမဲ ရွာသွန်းနေသည့် မိုးညတစ်ညမှာ အဖေဆုံးသွားခဲ့ခြင်းဖြစ်သည်။ အမေကတော့ ဇနီးကောင်း ပီသစွာပင် အဖေ့ကို နောက်ဆုံးအချိန်အထိ ပြုစုခဲ့ရရှာသည်။ အိပ်ပျော်နေကြသည့် ကျွန်တော်တို့ ညီအစ်ကိုကို နှိုးကာ 'မင်းတို့အဖေ ဆုံးရှာပြီ' ဆိုသည့် စကားကို တည်ငြိမ်စွာ ပြောနေသည်။ အမေ့အသံထဲမှာ ဇနီးမယားတစ်ယောက်၏တာဝန် အခုပဲ ပြီးဆုံးခဲ့ပြီကောဆိုသည့် ခံစားမှုတွေ ပါနေသည်ဟု ကျွန်တော် ထင်သည်။

သည့်နောက်မှာတော့ ကျွန်တော် ကျောင်းထွက်လိုက်ရသည်။ အစ်ကိုက လစာရသည်ဆိုသော်လည်း သူ့လစာက အိမ်မပါ။ လစာငွေ၏ ငါးပုံတစ်ပုံပင် မပါတာတွေရှိလာသည်။ တချို့လတွေမှာ လုံးဝပင် ပါမလာတော့။ အရက်ကြွေးတွေ ဆပ်နေရတာ တစ်လနှင့်တစ်လ အကြွေးချင်းထပ်နေသည်။ ကျွန်တော် ကျောင်းထွက်မည်။ အလုပ်ဝင်လုပ်မည်။ ကျွန်တော် အလုပ်ဝင်သည့်အခါ အစ်ကိုက ပိုပြီးပေါ့ပါးသွားပုံရသည်။ အရက်တွေ ပိုသောက်လာကာ နေ့မှန်း၊ ညမှန်းမသိ ဖြစ်လာခဲ့သည်။ လူမှန်း၊ သူမှန်းမသိ ဖြစ်လာခဲ့သည်။ အမေကတော့ ဆိုးသည့်သားကို ချစ်လေသလား ထင်ရအောင် သည်းညည်းခံသည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို အိမ်ထောင်ပြုတော့လည်း အမေက အစ်ကိုတို့ မိသားစုနှင့် အတူ နေထိုင်သည်။ ကျွန်တော်က လုပ်သက်အရ တိုက်ခန်းတစ်ခန်း ရတော့လည်း အမေက ကျွန်တော်နှင့် လိုက်မနေပါ။ 'ခင်မောင်မြင့်ကို လွှတ်ထားရင် ပိုဆိုးတော့ မပေါ့ကွယ်။ ငါ့သားကသာ တတ်နိုင်သမျှ အမေ့ကို ကန်တော့ပါ။ အမေ အလှူကြီးမပေးနိုင်ရင်တောင် သီလရှင်တွေ ဆန်လောင်းနိုင်တယ်။ ရဟန်းသံဃာများ ဆွမ်းတော့ လောင်းနိုင်တယ်။ အိမ်ရှေ့လာရပ်တဲ့ အလှူခံလောက်တော့ လှူနိုင်တယ်။ ငှက်ကလေးတွေ အစာကျွေးနိုင်တယ်ဆိုရင် ငါ့သားကုသိုလ်ရပါတယ်' ဆိုတာလောက်သာ တောင်းဆိုသည်။ အစ်ကို့ဇနီးမှာလည်း ဆွေရိပ်မျိုးရိပ် မကင်း ကျောင်းဆရာမတစ်ယောက်ဆိုတော့ တော်ပါသေးရဲ့ အောက်မေ့ရတော့သည်။ သို့သော် သမီးကလေးနှစ်ယောက် မွေးလာသည်အထိ အစ်ကိုက ပြုပြင်လာသည်မရှိ။ အမေ၊ မရီးနှင့် တူမကလေး ၂ ယောက်က အရက်သောက်သူ တစ်ယောက်၏ ဒဏ်ကို ဝေမျှခံယူနေရတာကို စိတ်မချမ်းသာတော့ တစ်ရက်မှာ ကျွန်တော်က အစ်ကို့ကို နားချသည်။

'အမေလည်း အသက်ကြီးပြီကွာ၊ မွေးထားတော့လည်း သမီးတွေ၊ အစ်မကလည်း ကျောင်းဆရာမကွာ၊ နေ့စဉ်နဲ့အမျှ မူးရူးဆူပူဖြစ်နေတာတွေ တော်သင့်ပါပြီ၊ အရက်သောက်လာတာပဲ နှစ်ပေါင်းသုံးဆယ်ရှိပြီပဲ'

ထိုညက ကျွန်တော်နှင့် အစ်ကို အကြီးအကျယ် စကားများသည်။ နဂိုက မူးနေသူဆိုတော့ သူ ခံချင်ပုံမရ။ တစ်သက်လုံး တလေးတစားနေခဲ့သည့် ညီက ဆုံးမလေခြင်းဆိုသည့် ခံပြင်းစိတ်က အရက်ကြောင့် ဆူပွက်နေသည့် ရန်လိုစိတ်နှင့် ပေါင်းကာ ထိုးကြ ကြိတ်ကြရသည်အထိ ပြင်းထန်ခဲ့သည်။ အမေက ကျွန်တော့်ကို ရက်အတန်ကြာအောင် စကားမပြောတော့ပါ။ သူ့သားကြီး ဆိုးမှန်းသိလျက်နှင့် ဆိုးရကောင်းလား၊ အပြစ်မြင်ခြင်းသည်ပင် ကျွန်တော့် မိုက်မဲမှုလို့ အမေထင်ပုံရသည်။ အရက်က ဖိစီးလာသည့်အခါ အိမ်နီးချင်းများနှင့် ပြဿနာဖြစ်ရသည်။ ဇနီးဖြစ်သူကို ရိုက်နှက်တာတွေ ဖြစ်လာသည်။ အမေ့ကို မလေးမစား၊ မရှိမသေ သုံးနှုန်းလာတာတွေရှိလာသည်။ လုပ်ငန်းခွင်ထဲမှာ အရက်သောက်သည့်အတွက် အရေးယူခံရတာ၊ သတိပေးခံရတာ၊ နိုက်ရန်ဖြစ်ပွားတာတွေကတော့ မဆုံးနိုင်။ တစ်လျှောက်လုံး ရှင်းနေရသည့် ပြဿနာ။ စက်ရုံ တာဝန်ရှိသူများက အမေ့ကို ကျွန်တော်နှင့် အတူနေဖို့ အကြိမ်ကြိမ် ပြောကြသော်လည်း အခါခါ ငြင်းခဲ့သည်ချည်း။

'ဆရာတို့စကားကို ကျွန်မ ပယ်ရှားတာမဟုတ်ပါဘူးရှင်။ သားငယ်က လိမ္မာတော့ သူနဲ့အတူ မနေလည်း ကိစ္စမရှိတန်ပါဘူး။ သားကြီးက





ဆိုးတော့ ကျွန်မ အနားရှိရင် ထင်သလောက် မဆိုးဝံ့ရှာဘူးပေါ့'

တကယ်တော့ သူ့သားကြီးကို အမေဆိုးလို့ မခွဲနိုင်တာမဟုတ်ဘဲ ချစ်လို့ မခွဲနိုင်တာဖြစ်သည်။ ကုန်းဖောင်းမှာ ကျွန်တော်တို့သားအမိ အတူ နေကြရစဉ်က အစ်ကိုက အရွယ်ရောက်နေပြီဆိုတော့ အမေ့အလုပ်တွေမှာ အစ်ကိုပါခဲ့ရသည်။ အမေကောက်သင်းကောက်တော့လည်း ပါခဲ့ရသည်။ မုန်းချောင်းမှာ ထင်းဆယ်တော့လည်း ပါခဲ့ရသည်။ ကြံစိုက်တော့လည်း ပါခဲ့ရသည်။ အစ်ကိုက အမေ့တိုင်ပင်ဖော်၊ တိုင်ပင်ဖက်။ အစ်ကို့ကို လှပအောင် ဆင်ကာ ကျွန်တော့်ကိုတော့ အစ်ကို့အကျနှင့် ပြီးစေခဲ့သည်။ အင်္ဂလိပ် ကျောင်းထွက် အစ်ကိုက ဘောင်းဘီရှည်ဝတ်ချင်သည် ပူဆာတော့ ခြစ်ခြစ်ခြုတ်ခြုတ် ဝယ်ပေးရှာသည်။ ကျွန်တော်က ပူဆာသည့်အခါ အစ်ကိုကကျတော့ ဝတ်တာပေါ့သားရယ်လောက်နှင့် ပြီးခဲ့ရသည်။ အစ်ကိုက အရွယ်ရောက်နေပြီသားရဲ့၊ သားက ကလေးရှိသေးတာ၊ အစ်ကို့ကို ဆင်တာ သားက ဝမ်းသာရတယ်ဆိုသည့် စကားဖြင့် ချော့သည်လည်း ရှိသည်။

၁၉၉၀ ပြည့်နှစ်ဆန်းမှာ အမေ နာမကျန်းဖြစ်လာသည်။ စက်ရုံ ဝန်ထမ်း သား ၂ ယောက်၏ မိခင်ပီပီ ဆေးကောင်းဝါးကောင်း သမားကောင်းနှင့် မနီးနိုင်ခဲ့။ အမေ အိပ်ရာထဲ လဲသည့်အခါ ချွေးမသားအမိနှင့် ကျွန်တော်သာ တတ်နိုင်သမျှ ပြုစုရသည်။ အစ်ကိုကတော့ အသောက်မပျက်။ အမေ အိပ်ရာထဲ လဲတာကို အခွင့်ကောင်းယူကာ အမေ့သေတ္တာတွေကို ဖွတော့သည်။ အမေ့ ပိုက်ဆံကလေး အနည်းအကျဉ်းထည့်ထားရာ ကြေးဝါအစ်က သော့ကို တူနှင့် ရိုက်ဖြုတ်သည်။ မရတော့ ထင်းခုတ်ဓားဦးနှင့် ဟက်တက်ခွဲကာ ယူစရာရှိတာတွေ ယူသည်။ အမေ၏ နောက်ဆုံးရက်များမှာ စိတ်မချမ်းသာတာကို ကျွန်တော် မြင်နေရသော်လည်း အမေက သူ့သားကို ခွင့်လွှတ်ဖို့သာ တဖွဖွပြောနေရှာသည်။ အမေ မဆုံးပါးခင် နှစ်ရက်လောက်အလိုမှာ အမေက ညီအစ်ကိုနှစ်ယောက်စလုံးကိုခေါ်ကာ အနားမှာ ရပ်စေခဲ့သည်။ အမေ့လေသံက အရာရာကို နှုတ်ဆက်ခဲ့ပုံမျိုး။

'ငါ့သားကြီးကို အမေမှာခဲ့ပါရစီ၊ ငါ့သားကြီးဟာ အရက်တွေ စသောက်ခဲ့တဲ့ အချိန်ကစပြီး ဆိုးခဲ့တယ်။ မင်းအဖေရော၊ အမေရော မင်းကြောင့် စိတ်ဆင်းရဲခြင်းကြီးစွာနဲ့ နေခဲ့ထိုင်ခဲ့ရတယ်။ အမေ မရှိတော့ရင် မင်း သားသမီးနဲ့ ဇနီးကို သည်ဆင်းရဲမှု ဆက်မပေးချင်ပါနဲ့တော့။ အမေ အသေ ဖြောင့်စမ်းပါရစီ'



www.burmeseclassic.com

www.burmeseclassic.com



ထိုညကို ကျွန်တော် မှတ်မိနေသည်။ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၄ ရက်၊ ည ၁၀ နာရီခွဲ။ ခရစ္စမတ်အကြိုည။ အမေ မဆုံးခင်ကလေးမှာပဲ အစ်ကို မှုံးမှုံးရှူးရှူးရောက်လာကာ ဝုန်းဒိုင်းကြဲနေခဲ့သေးသည်။ အမေက အရာအားလုံးကို ကြားနေလေသလား မသေချာ။ ငြိမ်သက်ရင်းကပဲ အနိစ္စ ရောက်ရှာခဲ့သည်။ ကျွန်တော်လည်း ဝန်ထမ်းဘဝမှ နုတ်ထွက်ကာ မန္တလေးကို ရောက်လာခဲ့သည်။ အစ်ကိုကတော့ စက်ရုံမှာ ကျန်ရစ်ခဲ့ကာ ဝန်ထမ်း လုပ်သက်ဖြင့် ရခဲ့သည့် မြေကွက်ကိုလည်း မတန်မဆဈေးဖြင့် ရောင်းလိုက် ကြောင်း သတင်းကြားရသည်။ ကျွန်တော် ရန်ကုန်ရောက်သည့်အခါ အစ်ကိုနှင့် တွေ့ဖြစ်သော်လည်း အချိန်ပေး တွေ့ရတာမျိုးမဟုတ်။ စက်ရုံ ဝန်ထမ်းအိမ်ရာ တိုက်ခန်းက သူပင်စင်သွားလျှင် ဖယ်ပေးရတော့မည်။ ဒါဆို သူ ဘယ်မှာ နေမှာလဲ။ သူကတော့ ပူပုံမရ။ သူ့ရှေ့ ရောက်နေသည့် အရက်တစ်ခွက်သာ သူ့အနာဂတ်ဖြစ်နေသည်။ သူသည် အင်္ဂလိပ်စာပေ၊ ဟင်ဒီစာပေတို့၌ ကျွမ်း ကျင်သည်။ မြန်မာစာပေမှာလည်း သိမြင် နှံ့စပ်ရှိကာ စာဖတ်နာခဲ့သူဖြစ် သည်။ သို့သော် အသိနှင့် ဆင်ခြင်တုံတရားများသည် အရက်ခွက်ထဲမှာ သစ်ရွက်ခြောက်လို ပေါလောမျောနေသည်။

တစ်ခါက ရောဝတီရုပ်ရှင်ကားကို မျက်စိက ကြည့်ဖြစ်နေသော် လည်း ကျွန်တော့်စိတ်က ကုန်းဖောင်းနှင့် ရေနံချောင်းတစ်ဝိုက် ပြေးလွှား နေသည်။ ရုပ်ရှင်ပြီးတော့ ရုံထဲက ထွက်လာခဲ့ကြသည်။ ကျွန်တော့်မိတ်ဆွေ ကိုစိုးသန်းလင်း က ရုပ်ရှင်ရုံ လှေကားက ဆင်းရင်း သတင်းပေးသည်။

'ကိုနေဝင်းမြင့် စိတ်မကောင်းစရာ ပြောရဦးမယ်ဗျာ။ မနေ့က ရန်ကုန်က ဖုန်းလာတယ်။ ခင်ဗျားအစ်ကို ကိုခင်မောင်မြင့်ဆိုတာ ဆုံးသွားပြီတဲ့။ ဆုံးတာက ခရစ္စမတ်အကြိုည ဆယ်နာရီခွဲက ဆုံးတာတဲ့၊ ခင်ဗျား စိတ်မကောင်း မှာစိုးလို့ အခုမှ အသိပေးတာတဲ့။ ဖုန်းပြန်ဆက်ပါလို့ မှာတယ်'

ကျွန်တော် တုန်လှုပ်သွားခဲ့သည်။ တစ်ခါက ရောဝတီ ရုပ်ရှင်ကား ကိုကြည့်ရင်း ခုပဲ ပုံရိပ်များကို ကျွန်တော် သတိရနေခဲ့သေးသည်။ ပြီးတော့ ခရစ္စမတ် အကြိုည ဆယ်နာရီခွဲမှာ ဆုံးသတဲ့။ အမေဆုံးသည့် နေ့ရက်နှင့် နာရီ။ တိုက်ဆိုင်လှချည်လား။ အမေကတော့ ဆုံးပါးခဲ့တာ ဆယ့်လေးနှစ် ရှိပြီ ဖြစ်သည့်တိုင် သူ့ သားဆိုးနှင့် အနီးဆုံးရှိနေဆဲ။ တိကျသော အနီးဆုံး။ အမေ သူ့သားကြီးကို ပိုချစ်တာ ပိုပြီးသေချာသွားခဲ့ပြီ။

*Idea* ၂၀၀၅၊ မတ်လ

## တိတ်ဆိတ်လှည်းများ

သည်တစ်ခေါက် ရွာပြန်တော့ ရွာမှာ ဘုန်းကြီးပျံပွဲနှင့် ဆုံနေသည်။ သက်တော် ၈၃ နှစ်၊ ဝါတော် ၆၂ ဝါရ ဆရာတော်ကြီး၏ အန္တိမအဂ္ဂိဈာပန သဘင်ပွဲကြီးဆိုတော့ အနယ်နယ်အရွာရွာက သူ့ဆွေမျိုး ကိုယ့်ဆွေမျိုး၊ သူ့ မိတ်ဆွေ ကိုယ့်မိတ်ဆွေတို့ သည်ရွာမှာ လာဆုံကြသည်။ ဆရာတော့် ဂုဏ် ကျေးဇူးတော်ကို အောက်မေ့ကြသည်လည်းရှိ၏။ နောက်ဆုံးဈာပနမှာ ပြာတော် အကျ စောင့်ချင်သူတွေလည်း ပါသည်။ ဘုန်းကြီးပျံအကြောင်းခံ၍ ဗောင်းလံ အောင် နွှဲလိုက်ချင်သူတွေကလည်း မနည်းလှ။ ကြည့်ချင်ပွဲ ဇာတ်ပွဲအားခဲ သူတို့မှာလည်း လှေတစ်တန် လှည်းတစ်တန် အဝေးရွာတွေက ရောက်လာ ကြသည်။ လှေမရှိ လှည်းမရှိသော်လည်း မပူပါနှင့်။ လှည်းကြုံ လှေကြုံစီးနိုင် ပါသည်။ မစီးချင်လို့ ကုန်းကြောင်း ကြည်းကြောင်းက လျှောက်လာရတော့ကော ပင်ပန်းသည်မထင်။ အညာနွေနေပူကြီးထဲမှာ တဘက်ကြမ်းကလေး ခေါင်းရုံ ပုဆိုးဟောင်း ခေါင်းတင်ကာ လာကြသူတွေကလည်း ခါချည်ထုပ် လက်နှင့် ပုတ်လိုက်သလို ပွစာကြတော့သည်။

ထန်းလက်မိုး တဲစက်မြိတ်ချ ကြီးတော်တို့ အိမ်ကလေးထဲက လှမ်း ကြည့်နေရုံဖြင့် လှည်းတစ်ကြီးချီလာတာ မြင်နေရသည်။ ရွာတာလမ်းမှာ ဖုန်တွေထုတက် နေလေတော့ လှည်းတစ်ကြီး အဖြတ်မှာ ဖုန်လုံးကြီးတွေ အူအူထလေ၏။ လှည်းဝင်ရိုးသံ တညံညံ။ အများအားဖြင့်က လှည်းကြမ်းကြီး တွေ။ တချို့လှည်းတွေက ပေါင်းမိုးတပ်။ တချို့လှည်းတွေက ကတ်အိမ် ကျယ်ကျယ် နောက်မြင့်ကြီးတွေ။ ရေနံချေးရောင်မည်းနေသည့် လှည်းတွေ ပါသလို အများစုကတော့ လှည်းအိမ် ခြောက်ခြောက်ကြီးတွေ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လှည်းရဲ့တိုင်မှာ ရေပုံးတွေ ချိတ်ထားကြမည်။ သောက်ရေသန့် ဘူးဟောင်းတွေ အတွဲလိုက်ပါမည်။ မီးနပ်စုံ ချိတ်ထား တာကလည်း မီးနပ်ဆိုင်လား မှတ်ရသည်။ လှည်းတွေပေါ်မှာတော့ အိုးကြီးအိုးငယ် တောင်းကြီး တောင်းငယ်၊ ဝန်စည်စလယ်တွေအပြည့်။ ဓာတ်ပွဲက နှစ်ညဆိုတော့ မယူမဖြစ်၊ မသုံးမဖြစ် ပစ္စည်းတွေပါကြသေးသည်။

'ခင်မာရေ သည်တစ်ခေါက် လှည်းမချွတ်တော့ဘူး ငါ့နမရေ၊ ပွဲတော်ကွင်းထဲမှာပဲ ရွာခံလှည်းတွေနဲ့ ပေါင်းချွတ်တော့မယ်။ နင်တို့ဖို့ ကန်စွန်းဥတွေပါသယ်၊ နောက်မှ လာမဟော့'

လှည်းပေါ်က အော်သံတွေ ဆူညံလွန်းလှချည့်။ အိမ်ပေါက်စေ့ အဝေးသည့်တွေရှိနှင့်ပြီ။ အိမ်ကလေးထဲမှာ မဆန့်တော့လည်း ဝိုင်းထဲက မန်ကျည်းရိပ်မှာပဲ ဖျာကလေးခင်း၊ ဖိုခနောက်ကလေးတည်နိုင်သည်။ နွားစာရှားသည့် ရွာချင်းဆိုတော့ ကိုယ့်နွားစာကလေး ကိုယ်တင်လာကြသူတွေ။ ဆန်ချေးလို့ မျက်နှာပူစရာ မရှိ၊ ရေကလေးတစ်ပုံးကလည်း အကြောင်းကြီးငယ် မရှိ။ ရွာခံက လာသမျှ လှည်းနွားစာ ထောက်ပံ့ချင်လို့ မဖြစ်။ ပြောင်းရိုးပြောင်းငုတ်၊ ပဲရိုးပဲငုတ် နုပ်နုပ် စဉ်းထားပြီး ပဲဖော်တိုက်ပေါ် တင်ထားရသည့်အချိန်။ မိုးကျတော့မည်။ မြစ်ရေ ကြီးတော့မည်။ ရွာထဲ ရေဝင်တော့မည်။ တစ်နွေလုံး စုဆောင်းထားသမျှ ဘူးသီးခြောက်၊ ခရမ်းသီးခြောက်၊ လက်ပံပွင့်ခြောက်၊ သည်ရေအဝင်မှာ စားကြရမည်။ ဝေမျှ စားကြရမည်။ ကျွေးနိုင်သည်၊ ပေးနိုင်သည်။ သူ့ပဲတီချဉ်အိုး ကိုယ်နှိုက်ခွင့်ရှိသည်။ ကိုယ့်ငါးပိအိုး သူ့လက်ထိုးခွင့်ရှိသည်။ ဒါက ပြဿနာမဟုတ်။ ကျွဲစာ နွားစာကတော့ ပြဿနာ။ မြစ်ရေဝင်ချိန် တစ်ကွင်းတစ်စပ်လုံး ရေပြင်အပြန့်မှာ ကျွဲစာ နွားစာ ဘယ်ကမှ ရှာမရနိုင်။

'ရေများကြီးရင်တော့ ကျုပ်တို့ရွာတွေမှာက ရေပြင်ကျယ်ကြီးပေါ့။ သွားပါလေရော တစ်လ ကိုးသီတင်း၊ ဥဒကကန္တာရခေါ်ကြသာပဲ။ ရဟန်းများကလည်း လှေနဲ့ ဆွမ်းခံကြွကြရသည်၊ ဆွမ်းများ အိမ်ပေါ်က လှမ်းလောင်းရသယ့် အချိန်ပေါ့ဗျာ၊ လှေမရှိတော့လည်း နွားစာကျင်းလှေလုပ်ရသာပေါ့'

ရွာခံ ဘကြီးအုန်းက ရေဝင်ချိန်အကြောင်း ပြောပြတတ်သည်။ ရေကျသွားချိန်မှာတော့ လှည်းက ဘဝနှင့် ယှဉ်စပ်သော ကုန်လုပ်ကိရိယာ ဖြစ်သည်။ ပြောင်းရိုးတိုက်တော့လည်း လှည်း၊ ပဲရိုးတိုက်တော့လည်း လှည်း၊ ပဲသိမ်းချိန်ဆိုတော့လည်း လှည်း၊ ထန်းလက်တိုက်တော့ကော လှည်းက အသုံးဝင်





လှသည်။ အဝေးရွာတွေက ဘုရားပွဲ၊ နတ်ပွဲတွေကျတော့လည်း သည်လှည်းကပဲ ကုန်းလမ်း ပို့ဆောင်ရေးတာဝန် ယူရမြဲဖြစ်၏။ ကျေးလက်မှာတော့ လှည်းက ချမ်းသာကြောင်းပြ သင်္ကေတဖြစ်သည်။ ဘဝနှင့် ဖွားဖက်တော်လည်းဖြစ်သည်။ လယ်တစ်ပွဲ၊ ယာတစ်ပွဲ၊ နွားတစ်ရှဉ်း၊ လှည်းတစ်စီး ရှိပါမှ။ အိုးသစ်အိမ်သစ် ထူထောင်တော့ သည်သုံးမျိုး ပါပါမှ။ နှစ်ဖက်မိဘ တတ်အားသရွေ့ လယ်၊ လှည်း၊ လှေ၊ နွား ငှားပါဦးဆိုတာက တစ်ခါ နှစ်ခါပဲ ကောင်းသည်။

'ဖိုးတောကြီး မင်္ဂလာဆောင်တော့ လှည်းတစ်စီးလက်ဖွဲ့ရသယ်၊ ပခုက္ကူ ဆရာညို့ဒေါက်ဖိုက မှာရသယ်။ လှည်းမြီးတိုလောက်ပေမယ့် ဈေးပေးရချက်တော့၊ သည်ခေတ်က သစ်ကောင်းကလည်း ရှားသမှတ်လား၊ ကျုပ်တို့တုန်းက လှည်းမျိုးတော့ ဘယ်မိလိမ့်မတုံး၊ ဟောဟိုက စောင်ချမ်းပင်ရိပ်က လှည်းဆိုရင် ကျုပ်တို့ အဘိုးများ လက်ထက်ကတည်းက လှည်း၊ မာလိုက်သာမှ'

လှည်းမြီးတိုဆိုတာက လှည်းအိမ်မပါသည့် ဘုရားစူးစေ့လှည်းဖြစ်သည်။ တိုင်ငုတ်ကလေးတွေ အရံစိုက်ထားရုံဖြင့် ဝန်မကျအောင် ထိန်းထားနိုင်ရုံလှည်း။ ကျေးလက်လှည်းတွေကို ကြည့်လျှင် အတူတူထင်ရသော်ငြား ဖွဲ့စည်းပုံ ကွာသည်လည်း ရှိ၏။ ဖွဲ့စည်းပုံအရ အခေါ်အဝေါ်ကလည်း ကွာရတော့သည်။ လှည်းယဉ် ရှိသည်။ ခြံအိမ်လှည်း ရှိသည်။ ပေါင်းမိုးလှည်း ရှိသည်၊ လှည်းမြီးတို ရှိသည်။ အမှိုက်သိမ်းလှည်းနှင့် တူသည့် ရေစည်လှည်း ဆိုတာ ရှိသေးသည်။ ဘုံလျှိုလှည်းနှင့် မယားကန်လှည်း။

မယားကန်လှည်းဆိုသည်က လှည်းအိမ်နောက်မြင့်၊ လှည်းဦးနိမ့်နိမ့်၊ ခပ်လျှောလျှောဖြစ်သည်။ တချို့က 'လှည်းဖောင့်အင့်' လို့ သုံးသည်။ တစ်ခြမ်း နိမ့်လျှောကြီးဆိုတော့ စီးရပြုရတာ သက်သောင့်သက်သာမရှိတာကို ဆိုသည်။ 'ဖောင့်အင့်အင့်' ဆိုသည့် စကားက ပြေပြေလျော့လျော့ မရှိတာကို အရပ်သုံး သုံးခြင်းဖြစ်၏။ လင်က ရှေ့က လှည်းမောင်း၊ မယားက နောက်က လိုက်။ နိမ့်လျှောကြီးဆိုတော့ လင့်တင်ပါးခွက် မယားက ခြေဖြင့် ထောက်ကန်ထားရသည်။ ဒါကို မယားကန်လှည်းခေါ်ကြတာဖြစ်သည်၊ စကားတန်ဆာမပါ၊ လိုရင်းရောက်ဖို့ လိုသည်မဟုတ်လော။ ရေစည်လှည်းကတော့ ရှင်းသည်။ ရေစည်တစ်လုံး တင်နိုင်ရုံ သစ်သားကို ဘောင်ခတ်ထားသည့် ရေတိုက်လှည်းဖြစ်သည်။ လှည်းကြမ်းကို အမိုးခုံးခုံးကာပ်လိုက်တော့ ပေါင်းလှည်း။ ဒါမှမဟုတ် ပေါင်းမိုးလှည်းဖြစ်ကရော။ ခြံအိမ်လှည်းများကတော့ စပါးသယ်၊ ပဲတိုက်၊ ပြောင်းတိုက်၊ ထင်းတိုက်အတွက် အဆင်ပြေသည်။ ဘုံလျှိုလှည်းကြီးတွေ

www.burmeseclassic.com



ကတော့ လှည်းအိမ်မြင့်မြင့်၊ အံဖုံးတပ် လှည်းများဖြစ်သည်။ အံဖုံးက ပစ္စည်းထည့်ဖို့။ တောသူဌေးစီး ဘုန်းကြီးစီးလှည်း မျိုးဟု ဆိုနိုင်၏။ တော၏ မာစီဒီး။

ကျွန်တော်နှင့် ရင်းနှီးသော လှည်းသမားနှစ်ယောက်ရှိသည်။ လှည်းဆရာဟု မသုံးဘဲ လှည်းသမားလို့ သုံးရတာကို ကျွန်တော် ပိုသဘောကျပါသည်။ လှည်းသမားဆိုသည့်အခေါ်တွင် အသက်မွေးဝမ်းကျောင်း သဘောပါသည်။ လှည်းနှင့် စပ်လျဉ်းသမျှ ကျွမ်းကျင်သည့် အငွေ့ပါသည်။ ခေါ်ရတာ ပလုတ်ပလောင်း ရှိသည်။ မြေတော်နယ် ဖြူဘုရားရွာဘက်သွားလျှင် ကျွန်တော့် လက်စွဲတော် လှည်းသမားမှာ ကိုကြည်ဖြစ်၍ ဥဒယရွာဘက်မှာတော့ ကိုသန်းစိုး ဖြစ်သည်။ လှည်းသမားကောင်း၏ ဂုဏ်ရည်များတွင် နွားကို သနားကြင်နာခြင်းလည်း တစ်ပါးဟု ဆိုနိုင်သည်။ 'ရော်... ဟ'။ 'ဒီ နယ်ကွာ'။ 'ရော် ခက်ပါလားဟ'။ 'ဟောဗျာ ဒါက ဘာလုပ်သာတုံး'။ 'ခက်ပါ့ကွာ'။ အပြင်းထန်ဆုံးသည် ငေါက်ငမ်းမှုလောက်သာ ပြုသော်လည်း နွားတွေက ကျောကုန်းကို ဗုံးခနဲ ရိုက်လိုက်သလို နာခံကြသည်။ နွားမြီးခြေကို ကုတ်လိုက်ရုံ၊ ကျောကုန်းရိုးအောက်နားက နံပုဆစ်ခွက်ကို ကုတ်လိုက်ရုံဖြင့် လှည်းစတီယာရင်ကို နိုင်ကြသူများဖြစ်သည်။ ကျွန်တော်တို့က 'ကိုကြည့်လှည်းစီးရတာ ကားစီးရတာထက်တောင် ကောင်းသေး' ဟု ဆိုလျှင် 'ရော်... ဆရာလေးနယ်၊ လှည်းစက္ကူ လှသိကြားဟာကိုးဗျ။ သွားချင်တိုင်းသာ သွားရော့' ဟု ဆိုတတ်သည်။ ကိုသန်းစိုးကတော့ စကားသိပ်မပြော။ သို့သော် စိတ်ချရသည်။

'လှည်းသန်ကောင်းကောင်း၊ ထမ်းပိုးတုံးကောင်းကောင်း၊ ဝန်ရိုးကောင်းကောင်းပါမှ လှည်းကောင်းဆရာရဲ့၊ နို့မို့ရင် နွားပန်း လူပန်း ဖြစ်ရသယ်၊ တချို့က နွားကို မညှာဘူး။ လှည်းလုပ်ချင်တော့ ခိုင်ပေ့ဆိုတဲ့ သစ်နဲ့ လုပ်ကြရော၊ နွားခမျာ ရုန်းပေတော့ပဲ'

ရေဝတီမြစ် အနောက်ဘက် နဂါးပေါက် ချောင်းဆင်းဘက်မှာတော့ ဘကြီးကျောင်းမောင် လှည်းကို ကျွန်တော်စီးနေကျဖြစ်သည်။ သူ့ဆီက ပုံတိုပတ်စတွေ ကြားရတတ်သည်။ ရွာသတင်းတွေ ကြားရတတ်သည်။ ဘကြီးကျောင်းမောင်က ပြိုင်လှည်း၊ ဒုန်းလှည်း မောင်းခဲ့သူဟုဆိုသည်။ လှည်းယာဉ် အလုပ်မြောက်၊ ပြိုင်ပွဲမောက်၊ ဒုန်းမောင်းမှာ နာမည်ကြီး။ တစ်ခါတော့ ရွာက ကျောင်းထိုင်ဆရာတော်နှင့် တစ်ဖက်ရွာ ဆွမ်းကျွေးသွားရသည်။ လှည်းက ဆရာတော့်ကျောင်းပိုင် လှည်းယာဉ်၊ နွားက ကျောင်းနွား၊ ဘကြီးကျောင်းမောင်က လှည်းပေါ်ရောက်ကတည်းက စိတ်တိုင်းမကျ။ ကျောင်းလှည်း ကျောင်းနွား





ဆိုတာက မလွဲသာမှ သုံးရသည့်သဘောရှိသည်။ တစ်ဖက်ရွာ ဆွမ်းစားချိန်မီအောင် မောင်းရတော့ ဒုန်းစိုင်းရသည်။

'လှည်းရုံတိုင် မြဲမြဲ ကိုင်ထားတော်မူပါဘုရား၊ ကျောင်းလှည်းဆိုတော့ ခေါင်းကွဲနိုင်သယ်၊ ကျောင်းနွားဆိုတော့ ခေါင်းပြားနိုင်သယ်၊ ဒုန်းပြေးမှ ကိုယ်တော် ဘုဉ်းပေးရမှာပါဘုရား။ မျက်စိသာ မှိတ်တော်မူပါရော့'

သည့်နောက်တော့ ဆရာတော်က ဘကြီးကျောင်းမောင်ကို မခေါ်တော့။ ဘကြီးကျောင်းမောင်က လှည်းနှင့် ပတ်သက်သမျှ ပြောပြတတ်သည်။ ဘီးစပ်လှည်း၊ ဝမ်းခြမ်းလှည်း၊ လှည်းယာဉ်၊ ဒိုင်းလှည်း၊ ဂုတ်လှည်း၊ ရွတ်လှည်း နှင့် ခြောက်စထောင်။

'ခြောက်စထောင်ဆိုတာတော့ ကြားဖူးတယ်။ ဘကြီးကျောင်း ဘာကို ခေါ်တာလဲ'

ကျွန်တော်က မေးတော့ ဘကြီးကျောင်းမောင်က ပြုံးသည်။ ကွမ်းသွေးကို ဗျစ်ခနဲ ထွေးကာ

'ခက်ပါမင့်ကော ခြောက်စထောင်ဆိုသာက အစကလေး ခြောက်စထောင်သာပေါ့ ဘာရမှာတုံး'

လှည်းယာဉ်များတွင် စင်ရော်တောင်၊ ဆင်စွယ်ညွှတ်၊ မှန်းတည့်ကောက် ဟူ၍ လှည်းကတ်အိမ် အမွမ်းအမံ သုံးမျိုးရှိသည်။ လှည်းဆောင်ပန်းပုခက် အစ လေးစထောင်တာကို လှည်းစွယ်ရန်တော့ ဘယ်ညာနှစ်ဖက်နှင့် ပေါင်းကာ ခြောက်စထောင်ခေါ်ကြောင်း ရှင်းပြသည်။ စင်ရော်တောင်က ပြေပြေကလေး ကွေးဝိုက်တက်သွားသည့် ဒီဇိုင်း။ ဆင်စွယ်ညွှတ်က စင်ရော်တောင်လောက် မပြေ။ မှန်းတည့်ကောက်လောက် မမတ်သည့် ဒီဇိုင်း။ မှန်းတည့်ကောက်ကတော့ လှည်းကတ်အိမ်မှ ကိုးဆယ်ဒီဂရီ ထောင်ထားသည့် ဒီဇိုင်း။ လှည်းကတ်အိမ် ဆိုသည်က လှည်းရုံတိုင် စိုက်ရာ အောက်ခံသစ်သားကျည်းခွေ ဖြစ်သည်။ သည်သစ်သားအောင်ကို 'ကတ်ပေါင်' ခေါ်၏။ ကတ်ပေါင်အောက်မှ ဆင့်တုံး၊ ဆင့်တုံးအောက်မှာတော့ ဝင်ရိုးရှိသည်။ ဝင်ရိုးများနှစ်ဖက်မှာ လှည်းဘီးစွပ်လိုက်တော့ လှည်းပုံပေါ်လာသည်။ ဘကြီးကျောင်းမောင်ရှင်းပြမှ လှည်းအခေါ်အဝေါ်တွေ နားလည်ရသည်။ ပတောင်း (ပုံတောင်း)၊ တကူ (ထောက်ကူ)၊ ခွေးသတ်ဘီးထောက်၊ နန်းရင်းခွေ၊ နန်းများခွေ၊ သံဗိနပ်၊ ဆိတ်မျက်လုံး၊ လှည်းနားစောင့် (လှည်းနားပန်)၊ ဝင်ရိုးဖုံး၊ ဝက်စွယ်၊ ဆင့်တုံး၊ ခြံအိမ်၊ ရုံတန်း၊ လက်တင်တန်း၊ ရုံတိုင်၊ ရုံမတိုင်၊ ထိုင်ယက်၊ ဖောက်ထုပ်၊ ကတ်ကျည်း၊ လှည်းသန်၊ လှည်းသန်ထုပ်၊ ခြံအိမ်ကပ်၊

www.burmeseclassic.com



ကပ်ဖုံးငြိမ်၊ ဝန်ကော၊ ဆောင်ပန်း၊ ဆောင်ပန်းကပ်၊ စွယ်ရန်း၊ စွယ်ရန်းတိုင်၊ တားမချုပ်၊ ဘွဲ့ကြိုး၊ ထမ်းပိုးတုံး၊ ထမ်းပိုးကျည်း၊ ဦးပွတ်ကျည်း၊ ကုပ်နှိပ်ကြိုး၊ ဦးကောင်း၊ ဦးထောက်၊ ပြန်ကထောက်၊ နောက်ထောက်.... စုံလို့။ သည်အခေါ် အဝေါ်တွေက ကျွန်တော်တို့နှင့် နီးသော်လည်း ကျကျနန မသိခဲ့။ ဘကြီး ကျောင်းမောင်က လက်နှင့် ထောက်ကာထောက်ကာ ရှင်းပြသည်။

လှည်းတွေအကြောင်း ကျွန်တော် စဉ်းစားနေချိန်မှာ ကြီးတော်၏ အိမ်ဝိုင်းထဲသို့ လှည်းယဉ်ကလေး တစ်စီးဝင်လာသည်။ ခြောက်စထောင် ဆိုတာ ဒါမျိုး ထင်ပါရဲ့။ ဘုန်းကြီးပျံပွဲကို လာကြည့်သည့် အဝေးလှည်းတွေ ထဲက တစ်စီး။ အရှေ့ ကြည်းတောရွာတွေက လာကြသူတွေ။ ချည်ကြမ်း ပိန်းထဘီ မာခေါက်ခေါက်၊ သရက်ထည်ပွင့်ရိုက်အကျီ၊ သနပ်ခါး ထူလပျစ် လိမ်းကျံ ဝတ်စားထားကြသော်လည်း လှပခြင်းသည် သေးသိမ်မသွားဘဲ တောသွေးတောအလှဖြင့် ယဉ်ကြသူတွေ။ ကျွန်တော်က မိန်းမချောကလေး များ၏ အလှကို ခံစားရသလို လှည်းယဉ်ကြော့ကလေးကိုလည်း ငေးနေမိသည်။

‘ပွဲဆင်တော် ပြသပေးရန်မို့
လှည်းယာဉ်တော် ကြွကြွလေးရယ်နဲ့
မမလေးကိုတဲ့ လိုက်ဖို့ခေါ်။
တချို့က ချောသနဲ့
တို့တောနယ် ရွာတစ်စဉ်မှာတော့
မြို့ကျော့မွယ် တန်ဆာဆင်ကြပုံက
အပြာတွင် မည်းရောင်ခရမ်းရယ်နဲ့’

ကျေးတောသူ လုံမေတို့သည် ထန်းလက်တံစက်မြိတ်စွန်းကို ငုံ့ကိုင်း ကာ ဝင်လာကြသည့်အခါ သနပ်ခါးနံ့ကလေး သင်းလေ၏။ လှည်းသမားကတော့ နွားနှစ်ကောင်ကို နွားစားကျင်းရိပ် ဆွဲသွားသည်။ လှည်းယာဉ်ကလေးကတော့ နေပူပူထဲမှာ ရေနံ့ရောင်တောက်နေလေ၏။ သည် မိန်းကလေးတွေက ‘အပြာ တွင် မည်းရောင်ခရမ်းရယ်နဲ့၊ ပဝါဆင် ဖဲစောင်မှဆန်းတယ်လို့၊ တာဝစဉ် ပွဲဘောင်ကို မြန်းကြတယ်၊ ကဲ ပြောင်ခန်းဖော်တယ်နော်ကွယ်၊ လှည်းဆောင် ပန်းပေါ်’ ထိုင်လိုက်လာခဲ့ကြဟန် တူသည်။

ဘုန်းကြီးပျံကွင်းထဲမှာတော့ ပွဲကြည့်လှည်းတွေ များလှသည်။ ငါးနှစ် မှ တစ်ခါ၊ ဆယ်နှစ်မှတစ်ခါ ရွာကို မျက်စိလည်လာသည့်ပွဲ။ အလွတ် မခံ။ နရန်းရွာတွေက လှည်းတွေချည့်။ ပွဲကြည့်ကွင်းကို လှည်းတပ်ကြီး ဝိုင်းမိသည့်အခါ ပွဲခင်းထဲက ရုတ်တရက် ထွက်ဖို့ပင် မလွယ်နိုင်တော့။





ဘုန်းတော်ကြီးကျောင်း အောက်မှာတော့ ဘဝနတ်ထံပျံလွန်တော်မူသော ဆရာတော်ဘုရားကြီး စီးနေကျ လှည်းယဉ်ကလေးရှိသည်။ လောလောဆယ် တော့ သခင်မဲ့။ ဆရာတော်တစ်ပါးပါးကို ကျောင်းအပ်ပြီးမှ ဟိုရွာ သည်ရွာ ပင့်ဖိတ်သမျှ ခြေဆန့်ရတော့မည်။ ဆရာတော်ကို လွမ်းသည်လား၊ လှည်း ယဉ်ကလေးက ငြိမ်လျက်။ ဆရာတော်ဘုရားကြီးကျောင်းမှာ လှေကြီးတစ်စင်း လည်းရှိသေးသည်။ မြစ်ရိုးရွာတွေကြွတော့ လှေကို သုံးတော်မူသည်။ ရေဝင် ကာလမှာတော့ ဆွမ်းခံလှေ၊ တစ်ကျိပ်ခြောက်ယောက်စီး ပြိုင်လှေ နန်းညွှန့် ကတော့ ကျောင်း၏ အဆင်တန်ဆာ၊ ကျောင်း၏ အလင်္ကာ။

‘လှေပြိုင်ပွဲတွေ ခေတ်ထတုန်းက ဆရာတော့်လှေ နန်းညွှန့်က အာဂ ထဲကပေါ့။ ရွာက လှေပြိုင်ပွဲတွေမှာ လောင်းကြတာများလာတော့ သူ့လှေကို ထုတ်မပေးတော့ဘူး။ လှည်းယဉ်ကလေးကိုတော့ ကြွလေရာ စီးတော်မူသယ်’

ကပ္ပိယကြီး ဘိုးဉာဏ်က ပြောပြသည်။ ပွဲတော်ကွင်းထဲရောက်တော့ လှည်းကြမ်းကြီးတွေ များသလို လှည်းယဉ်ကလေးတွေကလည်း မနည်းပါ။ ခြူကုံးသံ လွင်လွင်က နို့အေးချောင်းသည် ဂလိုင်နင့်ရောကာ တစ်ကွင်း လုံး ချွမ်ချွမ်သံကြီး ဟည်းနေသည်။ ‘ဆောင်ခွင့်ကိုရှယ်၊ မောင်နှင့်မယ် တူ ယှဉ်တွဲပါလို့၊ နောင်တင့်တယ် လူမြင်ရဲကာမှ၊ ယူငင်ကာ ခြူဆင်လို့ ဆွဲပါ့မယ်၊ ပွဲဝင်မယ့် ချောင်းသူရဲ့၊ လှည်းယဉ်နဲ့မောင်း’ သူတွေပေလား။ ပွဲခင်းက ပွဲကြိုက်ခင်တွေကို ကြည့်ရင်း သီချင်းရေးဆရာ တရုတ်ဦးလူကလေး ၏ ‘ရပ်ကြီးသူ’ ယိုးဒယားကို သတိရသည်။ အခွန်တော်စာရေးကြီး နေမျိုး မင်းထင်ကျော်ခေါင် ဦးလူကလေးသည်ပင် တရုတ်တန်း ဦးလူကလေးများလား။ ရပ်ကြီးသူတို့ ပွဲကြည့်သွားတာကို ဖွဲ့သည့် သီချင်းက နန်းသိမ်းယိုးဒယား အလိုက်ဖြစ်သည်။ နန်းသိမ်းထဲမှာမှ ဘုန်းတော်ဘွဲ့ ‘ရေမီးထိန်လျက်’ ရှိ သည်။ အသူရာမိုးဘွဲ့ ‘လျှပ်ပန်းခွေနွဲ့’ ရှိ သည်။ ပုခက်တော်တင် မင်္ဂလာဘွဲ့ ‘စိန်ဝေယင်နန့်’ ရှိသည်။ ဆင်ယင်ထုံးဖွဲ့ ‘ရပ်ကြီးသူတို့’ ရှိသည်။ ‘ရပ်ကြီး သူတို့’ ယိုးဒယားသီချင်းတက်တော့ ရန်ကုန် ၄၄ လမ်းက ဆရာကြီး ဦးဘဝင်း ထံမှာ တက်ရသည်။ ဆရာက ပတ္တလားတီး၊ ကျွန်တော်က အဆို။

‘သီချင်းထဲမှာ မိန်းကလေးများ လှည်းယဉ်စီးလာကြတော့ ဆင်ယင် ခြယ်သလာတာတွေထဲမှာ အိုလေ့ ကွမ်းတုံပိန်းရယ်နဲ့ နွတ်စိမ်းပဝါ ဆိုတာ ပါတယ်။ မင်းဆိုရင် နို့စိမ်းပဝါတို့၊ နွယ်စိမ်းပဝါတို့ မလုပ်လိုက်နဲ့နော်၊ သီချင်းကြီးဘုတ်မှာတင် ပြုတ်သွားလိမ့်မယ်။ အမှန်က ‘နွတ်’ ပဝါ၊ မြေးက



www.burmeseclassic.com

www.burmeseclassic.com



'နွတ်ပဝါ'၊ 'ပုသိမ်ပေဝါ'၊ 'ဆာပါပဝါ' ဆိုတာတွေ ရှိခဲ့တယ်'

ဆရာက မိန်းကလေးများကလည်း နန်းချင်းပြောက်၊ အဝတ်အဆင်ကလည်း နန်းချင်းပြောက်၊ လှည်းယဉ်ကလည်း နန်းချင်းပြောက်ဟု ဆိုသည်။ နန်းချင်းပြောက်ဆိုတာက အလွန်တရာ နူးညံ့သိမ်မွေ့ခြင်းကို ဆိုသည်။ ကွမ်းတုံပိန်း ဆိုတာက တစ်ရောင်တည်း ပိန်းခြယ်ထားသည့် တရုတ်ပြည် ဝွမ်ဒေါင်းနယ်ထွက် ဖဲထဘီဖြစ်သည်။

*'ရပ်ကြီးသူတို့ ဟန်မူပီပီ၊ နေညိုညချမ်း ဆင်မြန်းဆာပါ၊ အိုလေ ကွမ်းတုံပိန်းရယ်နှင့် နွတ်စိမ်းပဝါ၊ လှည်းယဉ်လေလေလှပ်တယ် မေရဲ့ သုတ်သုတ်ကလေး နှင်လို့သာ'*

ဆာပါပဝါ၊ နွတ်စိမ်းပဝါ၊ ကွမ်းတုံပိန်း ဖဲ ထဘီ။ မန္တလေးသူတို့ ပွဲကြည့်ရာ၌ပင် ဟန်ဓာတ်ခုတ်လှချည်။ *'ဆင်အပ်တန်ဆာ သည့်နွားမှာလား ကျင်ခတ်ပဝါတွေ တင်ထားပါလို့'* တဲ့။ လှတွင်မက နွားကိုပါ ကျင်ခတ်ပဝါကြီး ခြုံပေးထားသည်။ *'အသော့နှင်ပြန်၊ နွားကြော့ယဉ်ဟန် နှင်တံကိုင်လို့မောင်း၊ ပိုးပဝါ ဆာပါပေါင်း၊ ပတောင်းမှာ ကောင်းရာလိုပင် အရောင်လျှမ်းတယ်၊ ဆောင်ပန်းပေါ်သို့တင်'* ဆိုတာကတော့ လှည်းသမားကို ညွှန်းသည်။ ပွဲကြည့်ချိန်ကရော။ မန္တလေး ညနေခင်း။ မင်းဝံတောင်ရိုးမှာ နေဝင်ချိန်။ တာလမ်းအိမ်ရာ အစုအဝန်းကို တိတိကျကျ တိုင်းထွာပြသ ထားသည့် 'ပြ' လမ်းများပေါ်မှာ ပွဲကြည့် လှည်းယာဉ်တို့ ဘီးသံမစဲ ရှိခဲ့ကြတာကလည်း လွမ်းစရာကောင်းသည်။ နေဝင်ချိန် နီးပြီဆိုသည်နှင့် လှည်းယာဉ်တို့ ဟီးဟီး ဟဲ့ဟဲ့ ငေါက်သံ၊ ပြလမ်းတွေပေါ်မှာ ညံပြီ။ လှည်းယဉ်ပေါ်က မန္တလေးသူတွေကို အဝေးက မြင်နိုင်သည်။ နေအကျမှာ ရွှေစတွေ ကြဲချထားသလား မှတ်ရသည်။

*'ပြလမ်းပေါ်တွင်ပျော်ရွှင် ခင်တို့ လှည်းဘီးသံကမစဲ၊ ပဝါမျိုးအစုံစုံ နေရဖုံသို့လည်း ရွှေမှုန်စကြဲ'*

'ကိုးနဝရတ်စိန်စီ၊ မိုးနတ်ဘရဏီ၊ ဝင်းထိန်ကြည်၊ သိဂီပျိစုပေါင်း' ဆိုသည့်အတိုင်း လှည်းယဉ်တော် ကြွကြွပေါ်မှာ စုမိကြပြီ။ လှည်းသမားကလည်း 'ပြောမကုန် ဇောဟုန် ကြွေလုညှောင်း၊ ဝိသုကြာ ကြိုးစုံကိုင်လို့မောင်း' သလား ထင်ရအောင် မောင်းလေ၏။ သည်ဘုန်းကြီးပျံပွဲမှာတော့ ကိုးနဝရတ်စိန်စီ သူကလေးတို့ မပါပါ။ နွားတွေကလည်း အသော့နှင်ပြန် နွားကြော့ယဉ်ဟန်တွေ မဟုတ်။ ကွမ်းတုံထည်၊ ပိုးဖဲထည်။ နွတ်ပဝါ၊ ဆာပါပဝါ၊ ပုသိမ်ပေဝါတို့ မဆင်။ ပြလမ်းပေါ်မှာမဟုတ်။ ကွင်းခေါင်ခေါင် ပဲရိုးငုတ်





တင်းကြမ်း။ မြေမိုင်ခဲ အဖတ်လန် တွေထဲမှာ ကျေးတောသူတို့ လှည်းကြမ်းပေါ်က ပွဲငေးနေကြတာပဲရှိသည်။ သနပ်ခါး ပိန်းကြမ်း။ သော်တာလှိုက်ဆန်းတိုက်ပန်းကိုယ်စီ။ ရက်ကန်းဂျပ် ခုတ်ထည် ကြမ်းကြမ်းကို စွန်တောင်တစ်ဖက် ချကာ အထက်ဆင့်အပြားလိုက် ခါးချပ် ချက်ပြုတ် ဝတ်ထားသူကလေးတွေပဲ ရှိသည်။ နွားညီနောင်ချိုကုပ် ကြိုးလှုပ်နိုင်မှ ရွှေ့ကြသည့် တောလှည်းတွေ။ ကာလသားတို့ကလည်း မမလေး လာမယ်ဆို လမ်းခွဲကကြို၊ မမလေးစီးတဲ့ လှည်း ဘီးစပ်ကအကွဲ စောင့်ကြသူတွေ။ မဘုတ်ဆုံ တင်ပဆုံကြီး လှည်း လုပ်လို့ စီးချင်သူတွေ။ ပွဲကြည့်လှည်းတွေကကော။ 'တစ်ခေါက်ပြေးမဖြင့် မိုးထိုးမယောင်၊ ခလောက်ကလေးရယ်တဲ့ ဒိုးဒိုး 'မဒေါင်' နိုင်သည့် လှည်းများ ဖြစ်သည်။ ပကာသန မရှိ။ အဆင်တန်ဆာမရှိ၊ အေးချမ်းကြပါဘိ။

ပွဲခင်းက ပြန်တော့ မှောင်ပြီ၊ ကျောင်းအောက်မှာ ဆရာတော့် ခြောက်စ ထောင်လှည်းယဉ်ကလေးသည်ပင် ကမ္ဘဋ္ဌာန်းတရားကို ရှုပွားနေလေသည်။ ကျောင်းလှည်းနှင့် ပွဲကြည့်လှည်းတို့ ငြိမ်ချက်သားကောင်းလှချည့် ။ ။

*Idea* ၂၀၀၃၊ ဇူလိုင်လ

www.burmeseclassic.com

# ကောင်းကင်ဓာတ်ပုံ

ကျွန်တော် နှစ်တန်း၊ သုံးတန်းအရွယ်က ရိုက်ကူးထားသော ဓာတ်ပုံကလေးတစ်ပုံ ကျွန်တော်တို့အိမ်မှာ ရှိသည်။ ဒါများ ဘာထူးဆန်းလို့လဲ။ ကျွန်တော့်ဓာတ်ပုံ ကျွန်တော်တို့အိမ်မှာရှိနေတာ မထူးဆန်းသော်လည်း ထိုပုံက ကျွန်တော့် ဓာတ်ပုံပါလို့ အပ်ချမပ်ချ ပြောနိုင်တာကလည်း သည်တစ်ပုံတည်းပါဆိုသည့် အချက်ကတော့ ထူးဆန်းမည်ထင်ပါသည်။ ကျွန်တော်နှင့် မတိမ်းမယိမ်းအရွယ် ကလေးဓာတ်ပုံများရှိနေသော်လည်း အမေက ဒါက ကျွန်တော့်ပုံ၊ ဒါက အစ်ကိုကြီးပုံ၊ ဒါက ကျွန်တော့်ညီအစ်ကို ဝမ်းကွဲကလေးတွေရဲ့ပုံရယ်လို့ ကျိန်းသေကံမ ပြောနိုင်သည်မဟုတ်။ တစ်ခါ တစ်ခါ ကျွန်တော်လို့ ပြောသည်။ တစ်ခါတစ်ခါ ဒါ မင်းမဟုတ်ပါဘူးလို့ ပယ်ချတာလည်း ရှိသည်။ တစ်ခါတလေတော့ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်ပုံ မဟုတ်ဘူး ပြောချင် ပြောပြန်လေသည်။

‘အမေ့ဟာက မသေချာလိုက်တာဗျာ’

‘ကြာပြီကောဟဲ့၊ ဘယ်သူ့ပုံတွေ ဘယ်ကရောက်နေမှန်း မသိပါဘူးဟယ်။ နေဦး ချစ်သန်းသိတယ်၊ တစ်ရက်တော့ သူ့ရွေးခိုင်းရမယ်၊ နင်တို့က ရုပ်တွေတူတော့ မမှတ်မိတော့ဘူး’

သို့သော်လည်း ကျွန်တော့်ဓာတ်ပုံပါဟု ကျကျနနကြီး ကျမ်းကျိန် ပြောနိုင်လောက်သည့် ဓာတ်ပုံတစ်ပုံကတော့ အားလုံး သဘောညီကြသည့် ဓာတ်ပုံဖြစ်သည်။ အုန်းဆီတွေရွှဲနေသည့် ဆံပင်ကို အလယ်တည့်တည့်က ခွဲထားကာ မျက်နှာက ကင်မရာမှန်ဘီလူးကို စိုက်ကြည့်နေသည်။ အင်္ဂလိပ်ခေတ် ပုလိပ်များ ဝတ်တတ်သည့် ကာကီဘောင်းဘီတိုက သိုင်းကြိုး





ကြက်ခြေခတ်နှင့် ဖြစ်သည်။ လက်ထဲမှာ စာအုပ်တစ်အုပ် ကိုင်ထားသည်။ ထိုစာအုပ်က ဓာတ်ပုံဆိုင် ရောက်ကာမှ ကောက်ခါငင်ကာ ကိုင်ရသည့် သွေးသောက်မဂ္ဂဇင်းဟောင်း တစ်အုပ်ဖြစ်သည်။ သည်တုန်းက ကျွန်တော်တို့ ရွာမှာ ဓာတ်ပုံဆိုင် တစ်ဆိုင်ပဲရှိသည်။ ဆန်းဌေး ဓာတ်ပုံတိုက်။ ဈေးတောင်ဘက် ဆိုင်တန်းက အခန်းတစ်ခန်းမှာ ဖွင့်ထားကာ ရွာနီးချုပ်စပ်က ဓာတ်ပုံ ရိုက်ချင်ကြသူမှန်သမျှ ‘ဆန်းဌေး’ ကို အားကိုးရသည်။ သည်တုန်းက လူတိုင်း ကင်မရာရှိကြသည်မဟုတ်။ မြို့ပိုင် မြို့အုပ်တွေတောင် ဆန်းဌေးမှာ ရိုက်ကြရသည့်ခေတ်ဆိုတော့ ဓာတ်ပုံတစ်ပုံ အိမ်မှာချိတ်နိုင်ဖို့ တကူးတက နိုင်လှသည်။ ကျွန်တော်တို့လူမျိုးက အထူးသဖြင့် တောသူတောင်သားများ အဖို့ ကိုယ့်သားသမီးပေမယ့် နှစ်အလိုက် ဓာတ်ပုံမှတ်တမ်းထားကာ သိမ်းကြတာမျိုး နည်းသည်။ တစ်ခါတလေ စိတ်ကလေး ကြည်ကြည်သာသာရှိပါမှ၊ ငွေကလေး သောင်သောင်သာသာ ရှိပါမှ ရိုက်ကြစို့ လုပ်ကြတာ များသည်။ တစ်စုံတစ်ရာသော စေ့ဆော်ဖန်တီးမှုမရှိဘဲ ဓာတ်ပုံတစ်ပုံ ရိုက်ဖြစ်သည် မဟုတ်။ ပြီးတော့ ဓာတ်ပုံက သေးသေးကလေးတွေ၊ သစ်သားမီးခြစ်ဘူးလောက် ဓာတ်ပုံကလေးတွေက ကော်ဖီရောင် ညိုပိန်းပိန်း။ တချို့ဓာတ်ပုံက ပလပ်စတစ် လောင်းထားသလို ပြောင်တင်းနေတတ်ပြီး တချို့ဓာတ်ပုံတွေက ဖြူတ်ကလေးတွေ ထနေတတ်သည်။ အနားတွေကတော့ အတွန့်ကလေးတွေ များသည်။ အမေက ဓာတ်ပုံကလေး ရလာတော့ ပွတ်ကြည့်သည်။

‘ဆန်းဌေးက ဆေးသားသိပ်ကောင်းတာ၊ ဓာတ်ပုံများဆို ဆန်းဌေး မှပဲ’

တခြား ရွေးချယ်စရာ မရှိသော အခြေအနေထဲမှာ ရှိတာအကောင်း လုပ်နေရတာမျိုးမဟုတ်ဘဲ အမေက ဘာကယ်ကျေနပ်လို့ ပြောလိုက်ခြင်း ဖြစ်သည်။ အမေပြောလည်း ပြောချင်စရာ၊ သည်ဓာတ်ပုံကလေးတွေ နှစ်ပေါင်း များစွာ အထားခံတာကတော့ သေချာသည်။ ကျွန်တော် အရွယ်ရောက်သည် အထိ ကျွန်တော့်ငယ်ဓာတ်ပုံကလေးက မစုတ်မပြဲ၊ ဆေးမကွက်၊ ဆေး မကွာ၊ အပြောင်းအလဲမရှိ။ ငယ်ဓာတ်ပုံကို ကြီးခါမှ ပြန်ကြည့်ပြီး ခံစားရသော အရသာတွေထဲမှာ ငယ်ဘဝကို အောက်မေ့ခြင်းထက်ပိုသော အရသာတစ်မျိုး ပါနေတတ်သည်။ လူတွေဟာ အချိန်ရဲ့ ဒဏ္ဍာရီဆန်သည့် ညို့ဓာတ် အောက်မှာ လှုပ်ရှားကြရသူတွေဟု ဆိုသည်။ အချိန်၌ အဆုံးမဲ့သဘောရှိ သည်ဟုဆိုသည်။ အချိန်က သူ့သဘော သူဆောင်ကာ လည်ပတ်နေသည့် အတွက် တစ်ချိန်နှင့် တစ်ချိန် မတူတော့ဘဲ အရှိန်ပြင်းထန်လာသည်။ ပညာရှင်



www.burmeseclassic.com

www.burmeseclassic.com



တို့က အချိန်၏ စဉ်ဆက်မပြတ် တိုးတက်မှုသည် ဆင့်ကဲ ဖြစ်စဉ်အားဖြင့်လည်းကောင်း၊ ဒိုင်ယာလက်တစ်နည်းဖြစ်သော နှောင့်မနှေးမှုနှင့် အပြတ်အတောင်းများရှိသော ဖြစ်စဉ်အားဖြင့်လည်းကောင်း အဆုံးအဘမရှိ ဝဲလှဲ့ယ အတွင်းသို့ ရွေ့လျားနေသည်ဟု ဆိုသည်။ အချိန်၌ အတ္တုပ္ပတ္တိအချိန်နှင့် စိတ်ပိုင်းအချိန်ဟူ၍ ရှိသည်။ ဒဏ္ဍာရီအချိန် ဆိုသည်လည်း ရှိလာနိုင်သည်ဟု စဉ်းစားလာကြသည်။ လူ၌ ဘဝနိဂုံး၌ လည်းကောင်း၊ လောကနိဂုံး၌ လည်းကောင်း သောကနှစ်ပါး ရှိကြသည်ချည်း။ ကျွန်တော်က ရွေ့လျားနေကာ ကျွန်တော့်ဓာတ်ပုံထဲက ကျွန်တော်ကတော့ ရပ်တန့်နေခဲ့တာကို ကျွန်တော် မြင်နေရသည်။ ကျွန်တော်က ဝဲသြယာဘက်သို့ ရွေ့လျားနေကာ ဓာတ်ပုံထဲက ကျွန်တော်ကတော့ သောကနှစ်ပါးနှင့် ကင်းဝေးနေသည်။ ကျွန်တော့် ငယ်ဘဝဓာတ်ပုံက ကျွန်တော့်ကို ဖြစ်မှ ဖြစ်ရလေဆိုသည့် အကြည့်မျိုးဖြင့် ကြည့်နေသလို ခံစားရသည်။ ကျွန်တော့် ငယ်ဘဝဓာတ်ပုံက ဆေးသားကောင်းနေသေးသော်ငြား ကျွန်တော်ကိုယ်တိုင်ကတော့ ဆေးသား မကောင်းတော့။

ကျွန်တော်ငယ်ငယ်က စွဲလမ်းခဲ့ဖူးသော ဓာတ်ပုံကလေး တစ်ပုံ ရှိခဲ့ဖူးသည်။ ကျွန်တော်တို့ရွာမှာ နှစ်စဉ် ကျင်းပတတ်သော ဂေဇက်ရ ဘုရားပွဲတော်မှာ ဇာတ်မင်းသားတွေ လာရောက်ကပြတတ်ကြသည်။ တိုင်းချစ် သန်းစိန်၊ ဘိုကေသန်းစိန်၊ ခေတ်ပါတီ၊ သဒ္ဓါရုံအောင်ကျော်ခင် စသည့် မင်းသားကြီးများဖြစ်သည်။ တစ်ခါက ပွဲကြည့်ကြရင်း အမေက ပွဲခင်းထဲ လိုက်ရောင်းသည့် 'ဗိုတို' ကလေး တစ်ခု ဝယ်ပေးသည်။ 'ဗိုတို' ဆိုတာ ဖိုတိုက လာတာလည်း ဖြစ်နိုင်သည်။ ကျပ်စေ့ဒင်္ဂါးကလေးလောက်ရှိသည့် မင်းသားမျက်နှာပုံပါသည့် ဓာတ်ပုံရင်ထိုးကလေးဖြစ်သည်။ နောက်မှာ ကြေးချိတ်ကလေးပါတော့ အင်္ကျီရင်ဘတ်မှာ ချိတ်လိုက်ရုံ။ ဤသို့ဖြင့် မင်းသားသဒ္ဓါရုံအောင်ကျော်ခင်၏ ရင်ထိုးကလေးနှင့် ဖြစ်နေသည်။ တချို့က လှောင်သည်။ တချို့က အံ့သြပုံ။ တချို့ကတော့ အားကျသလိုလို။ ကျွန်တော် မရှက်ပါ။ တကယ်တော့ သဒ္ဓါရုံအောင်ကျော်ခင်၏ အနုပညာကို ကျွန်တော် လေးစားတတ်သည့် အရွယ်လည်း မဟုတ်။ သဒ္ဓါရုံအောင်ကျော်ခင်နှင့် ကျွန်တော် ဘာမှလည်း ပတ်သက်စရာ မရှိ။ သို့သော် မင်းသားတစ်ယောက်ရဲ့ တွယ်ချိတ်လို့ရသော ဓာတ်ပုံတစ်ပုံအဖြစ် တွယ်ချိတ်ထားခဲ့ခြင်းသာဖြစ်သည်။ ချီကွေဗားရားတီရုပ်ဝတ်ကြသူများထက် ကျွန်တော့် သဒ္ဓါရုံအောင်ကျော်ခင့် ဓာတ်ပုံက အနှစ်နှစ်ဆယ်ကျော် ပိုစောခဲ့တာကိုပဲ ဂုဏ်ယူရတော့မည်။





ပြီးခဲ့သည့်နှစ်က ကျွန်တော် ရွာပြန်တော့ ကျွန်တော့်ဦးလေး တစ်ယောက်က ဓာတ်ပုံစီးပွားရေး လုပ်နေသည်။ ကျွန်တော်တို့ ငယ်ငယ်ကလို ဆန်းဒွေး ဓာတ်ပုံတိုက် တစ်တိုက်တည်းက တစ်မိုးလုံး ဖျောက်ဆိပ် မဟုတ်တော့။ မြို့နှင့် အဆက်အသွယ်ယူကာ ကိုယ်ပိုင်ကင်မရာကလေးများဖြင့် အလှူ မင်္ဂလာဆောင် သားရှင်ပြု မှတ်တမ်းတင်ချင်ကြသူတွေကို ဓာတ်ပုံရိုက်၊ ပုံကူး တာဝန်ယူကာ လုပ်ကိုင်စားသောက်နေကြသူတွေ များနေပြီ။ ဖလင်ခ၊ ပုံကူးခ၊ မြို့တက်ကူးဆေးရသည့် ခရီးစရိတ်ကာမိအောင်ယူကြရတော့ တောသူ တောင်သားများအဖို့ ဓာတ်ပုံ တစ်ပုံရိုက်ဖို့ သာမန်အချိန်မှာ မစဉ်းစားကြ သော်လည်း အလှူအတန်းတွေမှာတော့ မရိုက်မဖြစ် ရိုက်နေကြပြီ။ မြန်မာ တွေဆိုတာ လှူပြီးတန်းပြီးဖြစ်ကြောင်း သက်သေခံသည့် အလှူဓာတ်ပုံတွေ ပုံကြီးချဲ့ကာ အိမ်တိုင်ချိတ်လိုက်ရမှ ကျေနပ်ကြသူတွေဆိုတော့ ဓာတ်ပုံခံစားမှု နယ်ကျယ်လာတာတော့လည်း ရှိသည်။ ကျွန်တော့် ဦးလေးကတော့ အော်တို ဖိုးကပ်စ်ခေါ်ကြသည့် ခလုတ်နှိပ်ပုံပေါ် ကင်မရာကလေးကို ဘိုးဘွားအမွေလို အထပ်ထပ်ထုပ်ပိုးထားလေသည်။ ကျွန်တော်က ဓာတ်ပုံစီးပွားရေး လုပ်မှတော့ ကင်မရာကောင်းကောင်း ကိုင်ပါဆိုတော့ ဒါတောင် ယာတစ်ခင်းဖြုတ်ပြီး ဝယ်ရတာပါကွာလို့ ညည်းသည်။

'မြို့က ကင်မရာတွေကတော့ ကောင်းမှာပေါ့ကွာနော၊ ငါ့တူ။ တို့ဆီ ကတော့ အရုပ်ပေါ်လူလုံးကွဲရင်ပဲ ကျေနပ်လှပေါ့'

'ဒစ်ဂျစ်တယ်တွေ သုံးနေကြပြီ'

တကယ်တော့ ကင်မရာဓာတ်ပုံရိုက်စနစ်သည်ပင် ကျယ်ပြန့်လာ နေပြီ။ ပုံရိပ်လွှာနည်းပညာများ (Imaging technologies) လို့ သုံးနေကြပြီ။ ကိုယ့်အိမ်ကနေ ကမ္ဘာ့ဘယ်နေရာမဆို ဓာတ်ပုံလှမ်းရိုက်ချင်လျှင် ရိုက်နိုင် တော့မည်။ စာရွက်စာတမ်းများအတွက် အကောင်းဆုံး ဒီဖိုင်းဖွဲ့ဖို့ ရုပ်ပုံလွှာ နည်းပညာသုံး ရုံးတွင်းပရင်တာတွေက အကြံပေးကြတော့မည်။ ပုံရိပ်နည်းပညာ သုံး မိတ္တူကူးစက်တွေက သုံးဘက်မြင် 3D ရုပ်ပုံတွေ ကူးပေးလိမ့်မည်။ ပုံနှိပ် ရုပ်ပုံလွှာ (Printed images) တွေက စကားပြောကြတော့မည်။ မှန်ဘီလူးကလေး တစ်ချပ်ကပဲ နေ့စဉ် ကျန်းမာရေးဆေးစစ်ချက်တွေကို အစီရင်ခံပေတော့မည်။ လက်ချောင်းကလေး တစ်ချောင်းကို သုံးရုံဖြင့် ဖျန်းကနဲလင်းလိုက်သော အလင်းက အချက်အလက် စိစစ်ပြီးသား ပုံတစ်ပုံ ထုတ်ပေးတော့မည်။ ကိုယ့် အိပ်မက်တွေကို ကင်မရာတစ်လုံး ရှိရုံဖြင့် မှတ်တမ်းတင်နိုင်ကြတော့မည်။ ရုပ်ပုံ တွေကနေ တခြားလူတွေအတွက် စကားလုံးတွေအဖြစ် ပြောင်းပေးတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံဆိုတာ ဖန်တီးဖို့နှင့် ကြည့်ဖို့သက်သက် အနုပညာမဟုတ်တော့ဘဲ အိပ်မက်နှင့် စိတ်ကူးစိတ်သန်း ပုံရိပ်လွှာတွေကို ဖန်ဆင်းပေးကြတော့မည်။ အနာဂတ်သည်ပင် 'ဖြစ်လာလျှင်ကော အနာဂတ်' ဟုဆိုသည်။ ကျွန်တော်က ရှင်းပြသော်လည်း ကျွန်တော့်ဦးလေး တောဓာတ်ပုံဆရာက မယုံပါ။

ရှေးကတော့ ကင်မရာတွေကို မှတ်ဉာဏ်ပါသည့် မှန် (Mirror with a memory) လို့ပင် ဆိုခဲ့သည်။ ဓာတ်ပုံက ဘဝ၏ အစိတ်အပိုင်း ဖြစ်လာသည့်သဘောက ပို၍ အဓိပ္ပာယ်ရှိလာသည်။ ပုဂ္ဂိုလ်ရေးမှတ်တမ်းတင်မှုသည် သတင်းဓာတ်ပုံတွေ၊ နာမည်ကြီးတို့၏ ပုံတူရုပ်ပုံလွှာတွေ၊ ခရီးသွား ဓာတ်ပုံတွေ၊ အာကာသ ဓာတ်ပုံတွေ၊ အဝေးအာရုံခံစနစ် ဓာတ်ပုံတွေ၊ ဆေးဝါးကုသမှု ဓာတ်ပုံတွေ၊ ဖက်ရှင်၊ ထုတ်ကုန်၊ ဗိသုကာစသည့် စီးပွားရေး ဓာတ်ပုံ တွေ။ ကင်မရာဆိုသည့် စကားလုံးကပင် ဂရိဘာသာစကားဖြစ်၍ 'အလင်းရောင်ဖြင့် စာရေးခြင်း' ဆိုသည့် အဓိပ္ပာယ်ရသည်။ လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ထောင်ကျော်က ခရုတစ်ကောင်၏ အဝါရောင်ကျိချွဲချွဲ အစေး တွေက ယက်ကြောင်းတစ်လျှောက် နေရောင်နှင့်တွေ့တော့ ခရမ်းရောင် ပြောင်းတာကို ဖီးနီးရှင်းလူမျိုးတွေ စိတ်ဝင်စားခဲ့သည်။ သည်လို 'အလင်း၏ အာရုံခံစားမှု' က ဓာတ်ပုံရိုက် ကိရိယာ၏ ရှေးဦးစိတ်ကူးဖြစ်စေခဲ့သည်။ အလင်းအာရုံခံစားမှု ရုပ်ဝတ္ထုနှင့် အမြဲတမ်း အရိပ်ထင်အောင် စွမ်းဆောင်နိုင်မှု နှစ်ခုပေါင်းစပ်လျှင် ပုံရိပ်လွှာတွေကို ကူးနိုင်ကြောင်း သိခဲ့ကြသည်။

ဖီးနီးရှင်းတွေက ခရုပက်ကျိတို့၏ အစေးမျှင်တန်းကတစ်ဆင့် အလင်း၏ အာရုံခံစားမှုရတာ မရတာထက် ကမ္ဘာလောက၌ ထောင်းထောင်းကြေမျှ ဓာတ်ပုံပေါင်းများစွာ ရိုက်နေကြသည့်တိုင် ကျွန်တော့်ဖနီး၏ ဘကြီးဖြစ်သူ ဘိုးကံရုံကတော့ ဓာတ်ပုံဆိုတာကို ကနေ့အထိ လက်မခံပါ။ တစ်ခါ ကျွန်တော့် ဖနီးသည်၏ မွေးရပ်ရွာကလေးသို့ ကျွန်တော် လိုက်ပါသွားခဲ့သည်။ သည်ရွာ ကလေးမှာ ဓာတ်ပုံယဉ်ကျေးမှု ထွန်းကားလာတာ လွန်ခဲ့သည့် နှစ်ပေါင်း သုံးလေးဆယ်လောက်သာ ရှိသေးသည်။ သည့်အရင်က သည်ရွာကလေးမှာ ဓာတ်ပုံရိုက်ပေးမည့်သူလည်း မရှိ၊ ရွာမှာ ဓာတ်ပုံဆရာ မရှိလို့ မြို့မှာ ရိုက်ပါလားဆိုတော့လည်း ဓာတ်ပုံတစ်ပုံ အိမ်တိုင်မှာ ချိတ်ဖို့ အဲသလောက် ဝါယမစိုက်ချင်စိတ်ရှိကြသူတွေ မဟုတ်ပြန်။ တတ်နိုင်သူက တကန်တက ရိုက်ပေးပါရစေဆိုသော်မှ ရှေးကတော့ ရိုက်ရကောင်းမှန်းပင် သိကြသူတွေ မဟုတ်ပါ။ သို့သော် လွန်ခဲ့သည့် နှစ်ပေါင်းသုံးလေးဆယ်က ရွာခံ ဆယ့်နှစ်ပွဲ ဈေးသည် အမျိုးသမီးကြီးတစ်ယောက်က ရွာစဉ်ကိုးပေါက် ဈေးလိုက်ရောင်းရင်း





တစ်ရွာသားနှင့် အိမ်ထောင် ကျကာ အပြန်မှာ လူတစ်ယောက် ပါလာခဲ့သည် ဆို၏။ ထိုတစ်ရွာသားက ဖြစ်ချင်တော့ ဓာတ်ပုံဆရာ ဖြစ်နေသည်။ ရှေးခေတ် ရိုလီကင်မရာတစ်လုံးဖြင့် ရောက်လာသူဆိုတော့ ရွာမှာ ဓာတ်ပုံတစ်ခေတ်ထ လာခဲ့သည်။ သည်အထဲမှာ ကျွန်တော့်ဖနီး၏ ဘကြီး ဘိုးကံရုံ မပါပါ။

'မထူးနှယ်၊ လူဆိုသဟာက ဓာတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထား မင့်ဟာ၊ သည်လူကို တခြားဓာတ်တစ်ခုက မဆန့်ရင်ကန် မတရားဆွဲယူလို့သာ လူပုံ ထင်သာပေါ့ဟ၊ တော်ရုံစက်ကွင်းနဲ့ လူဓာတ်ဆွဲနိုင်မှတ်လို့၊ အားကြီးလို့သာ ဆွဲနိုင်သာ၊ လူတွေက မစဉ်းစားကြလို့ရယ်၊ ဓာတ်ပုံရိုက်တယ် ဆိုကတည်းက လူကို ဓာတ်နဲ့ ပုံရိုက်ယူသာ၊ ကိုသာဖ ကြည့်ပါလားဟ၊ ဓာတ်ပုံရိုက်ပြီး ဘာကြာတုန်း သေသာ'

တချို့က ကိုယ့်အကြောင်းပြချက်နှင့် ကိုယ်။ ကျွန်တော်လည်း တွေးစရာ ရခဲ့သည်။ English egoism ။

ပြင်သစ်နှင့် အင်္ဂလိပ်တွေက အတိုင်းတိုင်း အပြည်ပြည်ကို နယ်ချဲ့ ကြသည့်အခါ နေရင်းပြည်သူတွေက သူတို့စစ်သားတွေ သိမ်းပိုက်ကျူး ကျော်ထားကြသည့် နယ်သစ်တွေကို ကြည့်ချင်ကြသည်။ သည်တော့ အဝေးမှာ နယ်ချဲ့သူတွေက ဓာတ်ပုံတွေ ရိုက်ကာ ကိုယ့်တိုင်းပြည်ကိုယ် ပို့ကြရသည်။ ခရိုင်းမီးယားစစ်ပွဲ ၁၈၃၅–၁၈၅၆ တုန်းကလည်း ဓာတ်ပုံဆရာတွေက စစ်ကိုပဲ ခမ်းနားအောင် ရိုက်ပြကြတော့ စစ်၏ အောင်ပွဲဓာတ်ပုံများအဖြစ် သဘော ထားခဲ့ကြသည်။ စစ်ပွဲ၏ ထုံးစံ သေကြ ကြေကြ ဒဏ်ရာရကြတာတွေ မပြဘဲ စစ်သားတွေ စခန်းချကာ ပျော်ကြ ပါးကြတာကိုပဲ ရိုက်ပြတာမျိုးဖြင့် ဝါဒ ဖြန့်တာတွေလည်း ပါခဲ့သည်။ တကယ့်လက်တွေ့မှာတော့ စစ်သားများခမျာ ငှက်တော၊ ကျီးတော၊ အစာမဲ့ ရေမဲ့။ အမေရိကန်ပြည်တွင်းစစ် ကာလတွေ တုန်းကလည်း မထူးပါ။ ဓာတ်ပုံဆရာ မက်သယူးဘရက်ဒီ၏ လက်ရာတွေ ခေတ်စားခဲ့သည်။ 'ပြည်တွင်းစစ် ဓာတ်ပုံများ' အမည်ဖြင့် ထုတ်ဝေရောင်း ချသည့် အယ်လ်ဘမ်များပင် မလောက်နိုင်။ အမေရိကတိုက်၏ ဝေးလံ ခေါင်ဖျား ပြည်နယ်တွေကို မရောက်မပေါက်နိုင်ကြတော့ ရှေ့က လေ့လာ စူးစမ်းရေး ခရီးအဖြစ် ဓာတ်ပုံဆရာတွေကို လွှတ်ကြရသည်။ ၁၉ ရာစု စက်မှု ထွန်းကားလာခြင်းနှင့်အတူ မီးရထားလမ်းများ၊ သင်္ဘောကျင်းများ၊ စက်ရုံ များကို ရိုက်ကူးပြရင်း စက်မှုစွမ်းအားနှင့် အောင်မြင်မှုကို ဓာတ်ပုံများဖြင့် ပြသ ခဲ့ကြရသည်။ လူမှုဗေဒ၊ လူမျိုးစု ဗေဒ၊ စိတ်ပညာနှင့် ဆေးပညာနယ်ပယ် မှာလည်း ဓာတ်ပုံများကြောင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးခဲ့ရသည်။ ရာဇဝတ်မှု



www.burmeseclassic.com

www.burmeseclassic.com



ဗေဒမှာလည်း ဓာတ်ပုံတွေကပဲ မှုခင်းသိပ္ပံကို ကြီးထွားစေခဲ့သည်။ ရှေးက မြောက်အမေရိကတိုက်မှာ အနှံ့အပြား နေထိုင်ခဲ့ကြသည့် ရေကြည်ရာ မြက်နုရာ လှည့်လည်နေထိုင်သော... 

ဗေဒမှာလည်း ဓာတ်ပုံတွေကပဲ မှုခင်းသိပ္ပံကို ကြီးထွားစေခဲ့သည်။ ရှေးက မြောက်အမေရိကတိုက်မှာ အနှံ့အပြား နေထိုင်ခဲ့ကြသည့် ရေကြည်ရာ မြက်နုရာ လူမျိုးစုများကို ရိုက်ကူးထားသည့် ဓာတ်ပုံဆရာ အက်ဒွပ်ရှုရစ်ဖ်ကားတစ်စ်၏ ဓာတ်ပုံများက လူမျိုးစုများ၏ ယဉ်ကျေးမှု ထုံးထမ်းဓလေ့များကို မှတ်တမ်းတင်ပြီးသား ဖြစ်ခဲ့ရသည်။

ဇီဝဗေဒနှင့် နက္ခတ်ဗေဒပညာမှာလည်း ဓာတ်ပုံတွေကြောင့် ကျယ်ဝန်းသော ပညာရပ်ဖြစ်ခဲ့ရသည်။ ဒိန်းမတ်နိုင်ငံဖွား ဂျာနယ်လစ်ဆရာ ဂျက်ကော့ဗ်ရီးစ်က ဓာတ်ပုံ၏ စွမ်းရည်ကို အကဲခတ်မိသဖြင့် ဓာတ်ပုံဆရာများ ငှားရမ်းကာ နယူးယောက်စီးတီးလူနေမှုရပ်ကွက်မှ ဆင်းရဲနွမ်းပါးလှသော ဘဝတွေကို ဓာတ်ပုံမှတ်တမ်း တင်စေသည်။ အတွင်းခန်းတွေကို ရိုက်ကူးရာ၌ ဖလက်ရှ်ဂန်းမရှိတော့ မဂ္ဂနီစီယမ် မီးတောက်မှုန့်တွေသုံးကာ ရိုက်ကြရသည်။ နောက်မှာတော့ ကိုယ်တိုင်ရိုက်ကူးကာ သည်ဓာတ်ပုံတွေကို ၁၈၉၀ မှာ စာအုပ်တစ်အုပ်ထုတ်လိုက်သည်။ စာအုပ်အမည်က ‘ကျန်တဲ့ ဘဝတစ်ဝက်ကကော ဘယ်လိုတဲ့လဲ’။ ဆင်းရဲမွဲတေမှုကို တိုက်ဖျက်ရာ၌ ထိရောက်ခဲ့သော စာအုပ်ဖြစ်ခဲ့သည်။ လူနှင့် တိရစ္ဆာန် လှုပ်ရှားမှုတွေကို မှတ်တမ်းတင်နိုင်သည့် အမြန်ရိုက် အတွဲလိုက်ရိုက်ကင်မရာတွေ ၁၈၇၀ ခုနှစ်တွေမှာ ပေါ်တော့ ဓာတ်ပုံပညာ တစ်ခေတ်ဆန်းခဲ့သည်။

‘မြင်းပြေးတာကို ရိုက်ကြည့်လိုက်တော့မှ မြေကြ ခွာစုံမြောက်အောင် ပြေးတာ သိကြရတော့တယ်။ လက်စသတ်တော့ တစ်ချိန်မှာ ပြေးနေတဲ့ မြင်းဟာ ခြေလေးချောင်းစလုံး မြေကြီးနဲ့ လွတ်နေတာ ရှိသဗျ’ သည်တွေ့ ရှိမှုကရှေးကတော့ တော်လှန်ရေးဖြစ်သည်။ ငှက်ပျံတာတွေ၊ လူ့မျက်လုံး လှုပ်ရှားဟန်တွေ၊ လူ့စိတ် သဘာဝ ကိုယ်သဘာဝ အပြုအမူတွေ။ သည်ကမှ လေယာဉ်ပျံသန်းမှု၊ ရုပ်ရှင်၊ ပြေးခုန်ပစ်လေ့ကျင့်ခန်းများကို ပြင်ဆင်လာနိုင်ခဲ့သည်။ ၁၈၇၈ ခုနှစ်က ‘ဂလက်စကိုလမ်းများပေါ်က ဘဝ’ ဓာတ်ပုံတွေက ကမ္ဘာကို အံ့သြစေခဲ့သည်။ သဘာဝတရားနှင့် ရှုခင်းများ၊ သက်ငြိမ်၊ စားစရာ၊ စတူဒီယို ရုပ်ပုံတူ၊ ပြင်ပရုပ်ပုံတူ၊ ရုပ်ပုံတူ အထွေထွေ၊ စရိုက်ဖော်၊ ဝတ်လစ်စလစ်၊ ကလေးသူငယ်၊ အုပ်စုဖွဲ့၊ ခရီးသွား၊ ရေပေါ်နှင့် ရေအောက်၊ တောရိုင်းတိရစ္ဆာန်၊ လူမွေး ချစ်စနိုးတိရစ္ဆာန်၊ စတူဒီယို နည်းနာသစ်၊ အတွင်းခန်း ရိုက်ချက်များနှင့် ဗိသုကာဟန်များ။ ဓာတ်ပုံပညာ၏ နယ်ပယ်က ကျယ်ပြန့်လာသည်။

နောက်တော့လည်း ‘ခလုတ်လောက်ပဲ ခင်ဗျားနှိပ်လိုက်ပါ၊ ကျန်တာ ကျွန်တော်တို့လုပ်မယ်’ ဆိုသည့် ဆောင်ပုဒ်ဖြင့် အလိုအလျောက် ပြုပြင်





ပေးသည့် ကင်မရာတွေ ပေါ်လာခဲ့သည်။ ရှေးက ပုံကူးဖို့ ခက်ခဲခဲ့ရာက နောက်တော့လည်း ပုံပေါင်းများစွာ ကူးနိုင်ခဲ့သည်။ ၁၈၀၇ ခုနှစ်မှာ စာအုပ်၏ ထက်ဝက်ကျော်လောက်ကို ကမ္ဘာတစ်ခွင်က မြင်ကွင်းစုံများဖြင့် ဖမ်းစားနိုင်ခဲ့သည့် ကနဦး ဓာတ်ပုံစာအုပ်မှာ အမျိုးသားပထဝီဝင်စာအုပ် ဖြစ်သည်။ ၁၉၁၄ ခုနှစ်မှာတော့ ရောင်စုံဓာတ်ပုံတွေ ဝေဝေဆာဆာ သုံးခဲ့ပြီ။ အခုတော့ မဂ္ဂဇင်းတွေအားလုံး Fashion Photography လို့ ပြောနိုင်သည့် ခေတ်ကို ရောက်လာခဲ့သည်။

အခုတော့ စာပေ၊ သဘင်၊ ပန်းပုနှင့် ပန်းချီများမှာလို ဓာတ်ပုံပညာမှာလည်း ဒါဒါဝါဒနှင့် ဆာရီယယ်လစ်ဝါဒတွေက အစိတ်အပိုင်းအဖြစ် ပါဝင်လာခဲ့သည်။ ဓာတ်ပုံပညာ အခြေခံနည်းလမ်းများအတွင်းမှာပဲ ယဉ်ကျေးမှုတွေကို ပြောင်းပစ်နိုင်စွမ်းသည့် တန်ခိုးရှိလာခဲ့သည်။ ဓာတ်ပုံပညာရပ်ထဲမှာပဲ တည်ဆောက်မှုဝါဒ (Constructivism) တွေ ပါလာခဲ့သည်။ ဓာတ်ပုံပညာက လူမှုရေး ကမ္ပည်းဝါဒ အခြေအနေမှ ကျော်လွှားလွန်မြောက်သွားသည့် သဘောဖြစ်သည်။ သူ၏ ခေတ်မီမှုက ယူနီဗာဆယ်ဖြစ်လာခဲ့သည်။ အမေရိကန်အစိုးရက ၁၉၃၀ တစ်ဝိုက်မှာ တစ်နိုင်ငံလုံးက လယ်ယာအခြေအနေကို ဓာတ်ပုံပညာရှင်များကို မှတ်တမ်းတင်ခိုင်းသည်။ ပညာရှင်တွေက လယ်ယာမြေမှာ ပင်ပန်းဆင်းရဲစွာ ရှာဖွေစားသောက်နေကြရသည့် ရွှေ့ပြောင်းအလုပ်သမားမိသားစုများ၏ ဘဝတွေကို ရိုက်ပြခဲ့ရာမှ ရသပေါင်းစပ်မှုက လူမှုအပြောင်းအလဲများ၌ ကြီးစွာသော သက်ရောက်မှုရှိတာကို ထင်ဟပ်စေခဲ့သည်။

သည်လို ကရုဏာရသပေးသည့် ဓာတ်ပုံများကို ကမ္ဘာကျော် ပြင်သစ်ဓာတ်ပုံဆရာ ဟင်နရီကာတီယေးဘရက်ဆွန်က ‘သည်ဓာတ်ပုံတွေက အဆုံးအဖြတ်ပေးသည့် တဒင်္ဂတွေပေါ့’ လို့ ပြောဖူးသည်။ ဓာတ်ပုံကောင်းတစ်ပုံက ရည်းစူးချက်နှင့် အလှတရားကို ပုံရိပ်အဖြစ် ဖန်တီးနိုင်ဖို့ ပုံသဏ္ဌာန်နှင့် အကြောင်းအရာကို ပြတ်ပြတ်သားသား ဆုံးဖြတ်ထားသည့် ဂုဏ်ရည်ရှိသည်။ အခုတော့ ဓာတ်ပုံတွေကို ပြတိုက်များကပင် ရှေးဟောင်းအနုပညာလက်ရာတွေ စုဆောင်းသလို စုဆောင်းလာကြသည်။ သည်ကနေ့ခေတ်မှာ ဓာတ်ပုံတွေက လူနှင့် မကင်းမကွာရှိရသော ‘လွတ်ဖွယ်မရှိ အနုပညာ’ ဟု သဘောထားလာကြသည်။ သို့သော်လည်း ဓာတ်ပုံဆိုတာ သတင်းမှတ်တမ်းတင် အစစ်အမှန်တရား ဆိုသည့် တရားကိုယ် သဘောပါလို့ ရှေးကအတိုင်း မြင်နေကြသူတွေလည်း ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ကျွန်တော့်မှာ ကင်မရာကလေးတစ်လုံး ရှိခဲ့ပြီ။ ဒစ်ဂျစ်တယ် ကင်မရာခေတ်မှာ ကျွန်တော့်ကင်မရာကလေးက မျက်နှာငယ်သလိုလို ရှိသော်လည်း ကျွန်တော့်အတွက် ကြီးစွာသော ဖြည့်စွမ်းမှုဖြင့် အားကိုးရသည့် ကင်မရာကလေး ဖြစ်သည်။ ကျွန်တော် ရိုက်ချင်တာတွေကို ရိုက်နိုင်သည်။ တာရိုးခြေ လက်ပံတွေ ပွင့်တော့ လက်ပံပွင့်ကောက် ဓာတ်ပုံကလေး ကျွန်တော် ရိုက်ယူသည်။ မင်းဝံတောင်ကြီး နေဝင်တော့ သည်လွမ်းစရာပုံရိပ်ကို ကျွန်တော် အလွတ်မခံနိုင်။ တောင်ဘက်ပင်လယ်ဆီမှာ မိုးသားမည်းမည်းတွေ အလိပ်လိပ် ထကာ မြောက်ဘက် တောင်တန်းများဆီ မိုးပို့တာကိုလည်း ဘာရယ်မဟုတ် ကျွန်တော် ရိုက်ချင်စိတ်ရှိလျှင် ရိုက်သည်။ ရွာပြန်ဖြစ်တော့လည်း ဘုန်းကြီးကျောင်း တိုင်လုံးကြီးတွေကြားမှာ နှစ်ပေါက်လဲလျောင်းနေတတ်ကြသည့် ရှေးလှေကြီးတွေကို ရိုက်သည်။ ခြောက်စထောင်လှည်းယဉ်ကလေးတွေကို ရိုက်သည်။ ပဲသိမ်းချိန်ကို ရိုက်သည်။ နတ်ပွဲ၊ ဘုရားပွဲဈေးခင်း၊ ရေချိုးဆိပ်၊ နွားပွဲ၊ ဆေးခင်း၊ တောအလှူ၊ တောဘုန်းကြီးပျံ၊ တောဘိသိက်၊ ကျွန်တော့်မှာ ဓာတ်ပုံကလေးတွေ များလှပြီ။

မနေ့ကတော့ မွေးကင်းစ သမီးကလေးကို ရေးဖော်စာရေးဆရာတချို့က ဓာတ်ပုံတွေ ရိုက်ပေးကြသည်။ ဆရာဒေါက်တာအောင်ကြီး၏ ဇနီး ဆရာမ ဒေါ်ဂျူးကတော့ ဒိုင်ခံ၊ ရိုက်လည်းပေးသည်။ ကူးဆေးကာ လာပို့လိုက်သေးသည်။ ကလေးက တစ်လမပြည့်သော်ငြား ဓာတ်ပုံက ပုံသုံးဆယ် ကျော်ပြီ။

ကျွန်တော် ကြေကွဲရတာ တစ်ခုပဲရှိသည်။ အဖေနှင့် အမေ့ဓာတ်ပုံ ကျွန်တော့်မှာ ဘယ်တုန်းကမှ မရှိခဲ့ခြင်းဖြစ်သည်။ ခလုတ်ကိုသော်လည်း မနှိပ်နိုင်ခဲ့၊ ကျန်တာကိုလည်း တာဝန်မယူနိုင်ခဲ့၊ ဒါကပဲ ပိုပြီး ကြေကွဲစရာကောင်းနေလေသည်။

*Idea ၂၀၀၄ ဒီဇင်ဘာလ*

## ငယ်စဉ်ကြီးလိုက် ဘောလုံးများ

ပြီးခဲ့သည့် ရက်သတ္တပတ်တစ်ပတ်လုံးလိုလို ကျွန်တော်ရော၊ ကျွန်တော့်ဇနီး အိမ်ရှင်မပါ အိပ်ရေးပျက်ခဲ့ကြပါသည်။ စာတွေရေး၊ စာတွေဖတ်နေကြခြင်းကြောင့် မဟုတ်ဘဲ Star Sports Channel မှ တိုက်ရိုက်ထုတ်လွှင့်သော ဝင်ဘယ်လ်ဒမ်တင်းနစ်ပြိုင်ပွဲကို ကြည့်ဖြစ်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ တင်းနစ်အားကစားသည် ကျွန်တော်တို့နှင့် ဝေးကွာလှသော်လည်း သူမရော ကျွန်တော်ပါ ကြိုက်နှစ်သက်ကြတာချင်း တူပါသည်။ ကျွန်တော်က အားကစားပွဲ တစ်ပွဲကို သာမန်ကြည့်သော ရိုးရိုးပရိသတ် တစ်ယောက်လို ကြည့်ခြင်းဖြစ်၍ သူမက အချက်အလက်များကိုပါ စာအုပ်တစ်အုပ်နှင့် ထိုင်ကူးရင်း မက်ရေစက်ရေ ကြည့်ခြင်းဖြစ်သည်။ '1st Round, 2nd Round' စသည်ဖြင့် Round အဆင့်ဆင့် တက်လာကြသူများကို ရမှတ်များ၊ အရှုံးအနိုင်များ၊ အားကစားသမားများ၏ ကိုယ်ရေးအချက်အလက်များ၊ အားကစားသမားများ၏ Ranking ဖြတ်သန်းမှုများကိုပါ ရေးကူးတာလည်း သတိထားမိပါသည်။

ခပ်စောစောပိုင်း ကာလတွေတုန်းကတော့ တင်းနစ်ပွဲများကို ကျွန်တော်ရော သူမပါ ကြည့်ဖြစ်ခဲ့ခြင်းမရှိ။ သည်ဘက် တစ်နှစ်၊ နှစ်နှစ် ရှိတော့မှ ဩစတြေးလျ၊ ဝင်ဘယ်လ်ဒမ်၊ ပြင်သစ်နှင့် ယူအက်စ်ဂရင်းဆလင်းမ် ပြိုင်ပွဲကြီးများကို လွှင့်ထုတ်သမျှ မလွတ်တမ်း ကြည့်ဖြစ်ခဲ့ကြခြင်း ဖြစ်သည်။ တစ်ခါတရံ အိမ်ကိုလာလည်တတ်သော မန္တလေးသောက်ရေသန့် ကိုမောင်မောင်မြင့်ကလည်း တင်းနစ်အားကစားပွဲများကို ကြည့်တတ်သူဖြစ်ရာ ကျွန်တော်တို့နှင့် အတူစကားပြောသည့် အခါတိုင်း တင်းနစ်အကြောင်း ပါတတ်သည်။

ပင်နီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်ကတော့ဗျာ မာတီနာဟင်းဂစ်ကို သိပ်ကြိုက်တယ်။ Voley တက်ရိုက်တာ သိပ်လှတာ၊ ဆာဗင်ပေးတာတွေမှာ သိပ်ကောင်းတာပဲ။ လက်ပြန်ရိုက်ချက်တွေလည်း သဘောကျတယ်'

'ကျွန်တော်နဲ့တော့ တူနေပြီ။ ကျွန်တော်လည်း မာတီနာဟင်းဂစ်ကိုပဲ ကြိုက်တာဗျ'

တစ်ခါတစ်ရံ အဓိပ္ပာယ်တစ်မျိုးဖြင့် ကျွန်တော်ကပါ ဝင်စသည့်အခါ သူမက ပြုံးနေတတ်သည်။

'မ္တတီနာ အနားယူသွားပြီး ဆရာတို့ရေ။ အခု သူ့ချစ်သူနဲ့ ဂေါက်သီးတွေ လိုက်ရိုက်နေတော့ ဆရာတို့ကိုတော့ တာ့တာလုပ်သွားပြီ'

တကယ်လည်း တင်းနစ်အားကစားပွဲများကို ကျွန်တော်နှင့် အိမ်ရှင်မတို့ ကြိုက်နှစ်သက်ပါသည်။ ဗီလျံညီအစ်မ၊ လင်ဆေးဒါဗင်ပို့၊ ကက်ပရီယာတီ၊ ကမ်ကာလစ်ဂျီစတား၊ ဂျက်စတင်းဟယ်နင်၊ ကော်နီကိုဗာ၊ မစ်စကီးနား၊ ကူဖနက်ဆိုဗာ၊ ဟန်တူချိုဗာ၊ ဒီမင်းတီးဗား၊ မော်ရက်စ်စမို စသူ အားကစားမယ်များသာမက အက်ဂါဆီ၊ ဆမ်းပရပ်စ်၊ လောဂန်ဟယ်ယူးဝစ်၊ ဖက်ဒါးရား၊ ရော့ဒစ်၊ ဟဲန်းမင်၊ ဖိလစ်ပိုဆီ စသူ အမျိုးသားကမ္ဘာကျော်များကိုလည်း သဘောကျသည်။ ဂရင်းဆလင်းမ် ပြိုင်ပွဲရက်များဆိုလျှင် တစ်ဖက်ရှာကရှုပ်သေးပွဲကို သူတစ်ပါး လှည်းကြုံနှင့် လိုက်ကြည့်ဖို့ပြင်သည့် လုံမပျိုကလေးလို ထမင်းစောစောချက်၊ စောစောစားကာ တဲဗီရှေ့ရောက်တတ်ကြသူများဖြစ်သည်။

'ကျွန်မတို့ အာရှက ကလေးမလေးတွေလည်း ကမ္ဘာမျက်နှာစာကို ရောက်လာကြပြီ။ ဂျပန်က ဆူဂီယာမ၊ အာဆိုဂိုအဲ့၊ မိုရီဂါမိတို့ဆိုရင် သိပ်ချစ်စရာကောင်းတာပဲ။ ဆူဂီယာမက ငါးမောင်းမ ငါးမျက်နှာကလေးနဲ့ သိပ်ချစ်စရာ ကောင်းတယ်။ နောက် တောင်ကိုရီးယားက ချို၊ အင်ဒိုနီးရှားက ဝစ်ဒ်ဂျာဂျာ တို့လည်း တော်ကြတယ်'

အထူးသဖြင့် တစ်ဦးချင်း Single Match များကို ကြိုက်တာမှာလည်း ကျွန်တော်နှင့် သူမ တူကြသည်။ နှစ်ယောက်တွဲပွဲများကိုတော့ သိပ်မကြိုက်။ ပြိုင်ပွဲစည်းကမ်းနှင့် အမှတ်ပေးပုံများကိုပါ နားလည်နေကြတော့ ကြည့်ရတာ အဆင်ပြေသည်။ အထူးသဖြင့် ကိုယ်သံယောဇဉ်ရှိသူကို အားပေးရင်းက အမှတ်တွေ ကျဆင်းလာတာမျိုးဆိုလျှင် ဟင်ခနဲ ဟာခနဲ ရောက်ကြရသေးသည်။ ဝင်ဘယ်လ်ဒမ် အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲအကြိုဗိုလ်လုပွဲတွင် ဗီးနပ်စ်ဗီလျမ်က ဘယ်လ်ဂျီယမ်သူ ကင်ကလစ်ဂျီစတားကို





အားပြိုင်ရသည်။ ညီမဖြစ်သူ ဆီရီနာဗီလျမ်ကလည်း ဘယ်လ်ဂျီယမ်သူ ဂျက်စတင်းဟယ်နင်ဟာဒင်းနှင့် ရိုက်ရသည်။ ထိုပွဲများတွင် ကျွန်တော်နှင့် သူမ နှစ်ယောက်စလုံး အမေရိကန်သူများဘက်က မဟုတ်ဘဲ ဘယ်လ်ဂျီယမ်သူလေးများဘက်က အားပေးကြသည်။

'ဗီလျမ်ညီအစ်မက ဂရင်းဆလင်းမ်ဆုတွေ ရကြလှပြီ။ ဘယ်လ်ဂျီယမ်သူကလေးတွေ ရစေချင်တယ်။ ဒါပေမယ့် အမေရိကန်သူ ညီအစ်မက Ace ရိုက်ချက်တွေ သိပ်ကောင်းတယ်။ တစ်နာရီကို မိုင် ၁၃၀ နှုန်း ရိုက်ချက်တွေနဲ့ ရိုက်နိုင်ကြသူတွေဆိုတော့ လွယ်တော့ မလွယ်ဘူး'

ဘယ်လ်ဂျီယမ်သူတွေ ရှုံးတော့ ကျွန်တော်တို့ စိတ်မကောင်းကြ။ ဖိုင်နယ်ကတော့ ကြည့်မကောင်းလှပါ။ ညီအစ်မနှစ်ယောက် တွေ့ကြသည့်ပွဲဆိုတော့ အလုခတ်ခြင်းပြိုင်ပွဲလိုဖြစ်နေသည်။ အားကြိုးမာန်တက် မရှိလှသော ဗိုလ်လုပွဲက ခြောက်ကပ်ကပ်နိုင်လှသည်။ ထားပါတော့။ ကျွန်တော်ပြောချင်သည့်အချက်မှာ တင်းနစ်ပွဲများကို ကျွန်တော်ရော၊ ကျွန်တော့်ဇနီးပါ ကြိုက်ကြသည် ဆိုသည့်အချက် ဖြစ်ပါသည်။ အလားတူပါပဲ။ ဘိုလင်း (Bowling) ပြိုင်ပွဲများကိုလည်း အတူတူ စိတ်ညီကိုယ်ညီ ကြည့်ဖြစ်ကြသည်။ ပြေးလမ်းတလျှောက် ပြေးသွားသည့် လိမ့်လုံးက သစ်သား စတစ်ကယ်တိုင်ကလေးများကို အရှိန်နှင့် သွားထိသွားသည့်အခါ လဲပြိုသွားတာကိုပဲ ဘယ်နှစ်တိုင်လဲကျသလဲ၊ ဘယ်နှစ်တိုင် ထောင်ကျန်သလဲ ကြည့်ရတာကိုက အရသာ။ ကျွန်တော်တို့နှင့် သိပ် မနီးစပ်လှပဲ၊ နောက်ထပ် ကြိုက်သည့် အားကစား (ဒါလည်း မထတမ်း ကြည့်ဖြစ်ကြသည့် ပွဲများဖြစ်သည်) မှာ ဘီလိယက်။ စနုကားပူးလ် စသော ကျူတံထိုး ဘောလုံးကစားနယ်ဖြစ်သည်။ ဘူစ်မန်းတေး၊ ကားလ်စထရစ်ကလင်စသည့် ကမ္ဘာကျော်တို့၏ စိတ်၏ ကျွမ်းကျင်မှု၊ ကိုယ်၏ ကျွမ်းကျင်မှုတွေကို ကျွန်တော်တို့ သဘောကျသည်။

သို့သော်။

သည် သို့သော်ကတော့ ကျွန်တော်နှင့် သူမ အတူယှဉ်တွဲ ကြည့်ရှုရေး မဖြစ်နိုင်သည့် အားကစားပွဲများလည်း ရှိသေးတာကို ပြောလိုရင်းဖြစ်သည်။ သူမက Star Channel, Dubai Sports Channel, Rusia T Channel များတွင် ဂေါက်သီးပွဲများလာလျှင် မျက်နှာလွှဲသကဲ့သို့ Trans TV, Ren TV, Dubai TV များက ထုတ်လွှင့်တဲ့ ဘောလုံးပွဲများလာလျှင်တော့ အနားမှာ ကျွန်တော် ရှိမနေတတ်ပါ။ ဘောလုံးပွဲများကို မကြိုက်တာ မဟုတ်သော်ငြား မက်ရေစက်ရေ မရှိ။ ကိုယ်သိထားသည့် ကစားသမားများပါသည့် (မန်ချက်



www.burmeseclassic.com

www.burmeseclassic.com



စတာ ယူနိုက်တက်၊ ချဲလ်ဆီး အာဆင်နယ်အသင်းများ) ဘောလုံးပွဲများကို တော့ မျက်စိရောက်တတ်ပါသည်။ သို့သော် ပထမတစ်ပိုင်းလောက်ကြည့်ရ လျှင်ပင် အီတောက်တောက် ဖြစ်လာတတ်သည်။ အထူးသဖြင့် အီတလီ စီးရီးအေပွဲများ၊ စပိန် လာလီဂါပွဲများဆိုလျှင် မကြည့်သလောက်ပင်။ ထိုအခါ သူမနှင့် ကျွန်တော်၏ ကြိုက်ခြင်း မကြိုက်ခြင်းသည် ကြားနေသဘော ထားကြ ရုံသာ။ သို့သော် ကျွန်တော်ကြည့်ချင်သည့် ဂေါက်သီးပွဲများ လာချိန်နှင့် သူမကြိုက်သော ဘောလုံးပွဲများ လွှင့်ထုတ်ချိန် တူညီတိုက်ဆိုင်နေလျှင်တော့ အခြေအနေက တစ်မျိုး ဖြစ်သွားတတ်သည်။ ထိုအခါမျိုးတွင် ဘောလုံးပွဲများ သည် သူမ၏ ပထမကိစ္စများဖြစ်သွားတတ်သည်။ ကျွန်တော့်မှာလည်း ကိုယ့် ကတိနှင့်ကိုယ်။ သတင်းနှင့် ရုပ်ရှင်များကလွဲရင် အားကစားဆောင်းပါးများ ရေးနေသည့် သူမကို အားကစားပွဲများ ကြည့်နိုင်ရန် ဦးစားပေးပါမည်ဆိုသော ကတိစကားရှိခဲ့ဖူးသည်။ စလောင်းတစ်ကတည်းက ရေးဆွဲထားသော ဥပဒေ ဖြစ်၏။ သူမ၏ အားကစားဆောင်းပါးက ရနေသည့်စာမူခသည်လည်း အိမ် အတွက် ဝင်ငွေတစ်မျိုး ဖြစ်နေသည့်အခါ ကျွန်တော့်အဖို့ မပြောသာသလို ဖြစ်နေတာလည်း ရှိသည်။ ဤသို့အားဖြင့် သူမနှင့် ကျွန်တော့်ကြားမှာ ပဋိပက္ခ မဟုတ်သေးသော ဝိရောဓိများ ရှိလာတော့သည်။

'မင်းက ဘောလုံးပွဲ ကြည့်မယ်၊ ငါကလည်း Master Open Championship Golf ကို ကြည့်ချင်တယ်၊ တစ်ခုခုတော့ ရွေးချယ်ဖို့ လိုမယ်ထင်တယ်'

ထိုအခါ သူမဘက်က အသာစီးရှိနေမှန်း ကျွန်တော့်ဘက်က ခံစားသိ သိနေသော်လည်း သွေးတိုးစမ်းကြည့်လိုက်ခြင်းဖြစ်ပါသည်။ သူမကတော့ ဒရင်းဘက် ခင်းပြီးသား၊ နေကြာစေ့ထုပ် ဖွင့်ပြီးသား၊ ရီမုတ်ကွန်ထရိုးကို လက်ထဲ ဆုပ်ပြီးသား။

'အဲဒါတော့ ကျွန်မ ရွေးချယ်ရမှာ မဟုတ်ဘူး၊ ရှင်ရွေးချယ်ရမှာ။ တစ်ပြိုင်နက် ကြည့်ချင်လို့ကတော့ မဖြစ်နိုင်တဲ့ဟာကိုသိလျက်နဲ့ ကျွန်မ ကတော့ သည်ပွဲကို မကြည့်လို့မဖြစ်ဘူး။ တစ်ကမ္ဘာလုံးက စောင့်ကြည့်နေတဲ့ ပွဲရှင့်၊ ကပ်ဖိုး ကပ်ဖဲ့ မလုပ်နဲ့'

ဖနီး ခင်ပွန်းအချင်းချင်းပြီးရမည့် ကိစ္စ၊ တစ်ကမ္ဘာလုံးက စောင့်ကြည့် နေသည့် ပွဲဆိုတော့ ကျွန်တော့်အတွက်ကို ထိခိုက်သလို ခံစားရသည်။ ကမ္ဘာနှင့် အဝန်း ဘောလုံးပွဲတွေ တောကြီးထနေတာ ကျွန်တော် မသိမဟုတ်၊ သိပါသည်။ သို့သော် ကျွန်တော်မကြိုက်တာကတော့ မကြိုက်တာပါပဲ။ ထိုအခါ နိုင်ရာ ကိုင်ချင်စိတ်ကလေးက ထကြွလာရတော့သည်။





'ဘောလုံးအားကစားက ယောကျ်ားတွေ အလုပ်ပါကွာ၊ မင်း အလုပ် မဟုတ်ပါဘူး'

'အလိုတော်၊ ပွဲကြည့်စင်တွေများ တစ်ချက်ကြည့်လိုက်စမ်းပါဦး၊ မိန်းမတွေ ပွစာတက်နေလိုက်ပုံများ ပါးတွေမှာ ကိုယ့်ကာလပ်အသင်း ကိုယ့်နိုင်ငံ အလံတွေ ဆေးခြယ်ထားတာ မမြင်ဘူးလား၊ နိုင်ရင် အော်ကြ ရှုံးရင် ငိုကြနဲ့ မိန်းမတွေလည်း ခံစားမှုနဲ့ လူတွေရှင့်'

'ဘောလုံးပွဲက ကြည့်တတ်မှ ကောင်းတာပါကွာ'

'ကြည့်တတ်လို့ ကြည့်တာပေါ့ရှင့်၊ တစ်ဖက်သတ်မပြောပါနဲ့၊ ရှင်က ဘောလုံးပွဲဆိုတာ ယောကျ်ားချင်း ခြေထောက်ချင်း ပြိုင်တာလောက် မြင်နေတာကို၊ ဘောလုံးကစားတာဟာ အနုပညာပါ'

တကယ်လည်း ဘောလုံးပွဲတွေကို ကြိုက်သူဖြစ်သည်။ နှစ်ပွဲထပ် သုံးပွဲထပ် မအိပ်တမ်း ကြည့်နိုင်သူဖြစ်သည်။ ကျွန်တော့်မိတ်ဆွေများ လာလည်ကြသည့်အခါ ဘောလုံးပွဲများအကြောင်း စကားရောက်သည်နှင့် ကျွန်တော့်မှာ အသုံးမတည့်သူဖြစ်ရတော့သည်။ သူမကတော့ ကမ္ဘာကျော် ဘောလုံးသမားများနှင့် ပွဲအလားအလာများကို တွက်ဆပြနိုင်သူဖြစ်သည်။ တစ်ခါက ပုလဲ၊ မင်းတိုင်ပင်ဘက် ဟောပြောပွဲထွက်ကြတော့ ဟောပြောပွဲနှင့် ဘောလုံးပွဲ တိုက်ဆိုင်နေသည်။ ဘောလုံးပွဲ မကန်ခင် ဘယ်အသင်းနိုင် လောက်မယ် ထင်သလဲ မေးကြသည်။ ပွဲက မန်ချက်စတာနှင့် အာဆင်နယ်။

'မန်ချက်စတာက ရှိုင်ကိန်း မကစားနိုင်ဘူး၊ ဘက်ခမ်း နာနေ တယ်၊ ဗီရွန်ကိုလည်း ဖာဂူဆန်က မသုံးတာကြာပြီ။ Team work က ကောင်း မယ့်ပုံ မရဘူး။ အာဆင်နယ်ကတော့ သူရမယ့် သုံးမှတ်ထက် ဂုဏ်သိက္ခာကို ပိုလိုချင်ပုံ ရတယ်။ ကျွန်မကတော့ အာဆင်နယ် ကြိုက်တယ်'

ပြီးတော့ ကျွန်တော်တို့ စာပေဟောပြောပွဲ စင်မြင့်ပေါ် တက်ကြရ သည်။ ဘောလုံးပွဲပြီးချိန်လောက်မှာ လူငယ်တစ်ယောက် စင်ပေါ်ကို ရေသန့်ဘူး တစ်ဘူး လာချသည်။ တကယ်က ဒါက အကြောင်းပြခြင်းသာ ဖြစ်၍ အာဆင်နယ် နိုင်ကြောင်း တိုးတိုးကလေး သတင်းလာပေးခြင်းဖြစ်သည်။ ဘောလုံးနှင့် ပတ် သက်လျှင် သူမသည် တော်လွန်းလှချည့်ဟု ဆိုချင်တာမဟုတ်၊ သူမကို ဝတ္ထုတို ရေးသူ အဖြစ်ထက် ဘောလုံးဆောင်းပါးရှင်အဖြစ် ပိုပြီးမြင်ကြပုံရကြောင်း ပြောလိုရင်းဖြစ်သည်။ တစ်ခါတော့ ကျွန်တော်က ရွဲ့သည့်သဘောဖြင့် စမိပါသည်။

'စလောင်းနှစ်ခု တပ်ရတော့မှာပေါ့ကွာ၊ ဒါမှ မင်းက ဘောလုံးပွဲကြည့် ငါက ဂေါက်သီးပွဲကြည့်။ ဒါဆို ယဉ်ကျေးမှု ထိပ်တိုက်မတိုးတော့ဘူးပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်ရလေရှင်၊ ဒီစလောင်းလေးတောင် ခြစ်ခြစ်ခြုတ်ခြုတ် ဝယ်ထားရတာ၊ ရှင်က တစ်နိုင်ငံ စနစ်နှစ်မျိုး မလုပ်ပါနဲ့'

သူမ၏ ဘောလုံးချင်ခြင်းနှင့် ကျွန်တော်၏ ဂေါက်ပွဲအာလယတို့ Head To Head ဖြစ်နေသည်။မနေ့ကတော့ ကမ္ဘာ့တိုက်ကြီးများချန်ပီယံ ဘောလုံးပြိုင်ပွဲတွင် ကစားရင်း သေဆုံးသွားခဲ့သည့် ကင်မရွန်းနိုင်ငံသား ဗီဗီယင်ဖိုးကို အကြောင်းပြု၍ သူမ ငိုသည်။ ထိုညက ကျွန်တော်က ညဉ့်နက်သည်အထိ စာရေးနေခဲ့ကာ သူမက ဘောလုံးပွဲကြည့်နေသည်။ ထိုပွဲပြီးတော့ ပြင်သစ်နှင့် တူရကီပွဲ ဆက်လာသည်။ ဘောလုံးသမားတွေ တန်းစီတော့ မျက်နှာမကောင်းကြ။ ငိုသူတွေ ငိုနေကြသတဲ့။

'ဗီဗီယင်ဖိုး လဲကျသွားတာ၊ ကွင်းထဲက သယ်သွားတာ တွေ့တယ်။ သေသွားပြီနဲ့ တူပါတယ်ရှင်၊ စိတ်မကောင်းလိုက်တာ'

စာရေးရင်းက လှမ်းကြည့်တော့ သူမကပါ ငိုနေသည်ကော၊ ကျွန်တော်ကတော့ သတင်းအဖြစ်သာ နားထောင်ရသလို ဖြစ်နေသည်။ ထိထိနိုက်နိုက် ခံစားမှုမရှိ။ ကင်မရွန်းက လူတစ်ယောက်သေတာ ဘာကိစ္စ သူမ ငိုနေရတာလဲ။ ထိုညက ပွဲကရင်း ကွယ်လွန်သွားရှာသော အလက်ာကျော်စွာ ရွှေမန်းဦးတင်မောင် အကြောင်း၊ စာရေးရင်း ကွယ်လွန်ခဲ့သည့် ဆရာမြသန်းတင့် အကြောင်းတွေ ပြောဖြစ်ကြသည်။ အခုလည်း ဘောလုံးကန်ရင်း နိုင်ငံအတွက် အသက်ပေးသွားသတဲ့လား။ သူမ ငိုတာကို ကျွန်တော် သဘောပေါက်လိုက်သည်။

'ဒေါသတကြီး မရှိဘူးဆိုရင် ညင်ညစ်ညမ်းညမ်း မဆဲဘူးဆိုရင်၊ အာဃာတ ဘက်လိုက်မှုကင်းတယ်ဆိုရင် ဘောလုံးပွဲကြည့်တာဟာ လေးခွတစ်လက်နဲ့ ငှက်ပစ်ထွက်တာထက် အကျိုးလိုကင်းတယ်'

ကျွန်တော့်ကို ပြောနေတာလေလား ကျွန်တော်က အက်ဆေးတစ်ပုဒ်ကို သတိရလိုက်သည်။

'ကစားပွဲ စသည်နှင့် ကြီးမားသော လူအုပ်ကြီးသည် ပြင်းထန်ဆူညံ၍ ပေါင်းစည်းသော ဘဝကြီးတစ်ခုအဖြစ်သို့ ချက်ချင်းပြောင်းသွားပါသည်။ ယင်းသို့ ဖြစ်သွားရခြင်းမှာ ကျွန်တော်တို့အားလုံး စိတ်ဝမ်းတစ်ညီတည်း ဖြစ်သွားရခြင်းကြောင့် မဟုတ်ပါ။ တချို့မှာ မန်ချက်စတာစီးတီးအသင်းကို အားပေးကြပြီး အချို့မှာ မန်ချက်စတာယူနိုက်တက်အသင်းကို အားပေးကြပါသည်။ သို့ရာတွင် အားလုံးသည် တစ်ခုတည်းသော အဖြစ်အပျက်ကြီးကို အာရုံစိုက်နေကြပြီး တူညီသော စိတ်အားထက်သန်မှုကို ခွဲဝေခံစားနေကြ





ပါသည်။ ကျွန်တော်တို့ သည် အခြားသော တိရစ္ဆာန်များကဲ့သို့ ကွဲပြားနေသည့် တစ်ခုတည်းသော တိရစ္ဆာန် တစ်ကောင်ဖြစ်နေပါသည်။ ကျွန်တော်တို့သည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက် ဖြစ်နေသော၊ ခံစားချက်များ ဆန့်ကျင်ဘက်ဖြစ်နေသော လိုလားချက်များဖြင့် ကွဲပြားနေသည့်တိုင် တစ်ကိုယ်တည်း တစ်ခုတည်းဖြစ်နေပါသည်။ ခြုံ၍ ပြောရလျှင် ကျွန်တော်တို့သည် (ဘောလုံးပွဲ ကြည့်နေစဉ်တွင်) နူးညံ့သော တိရစ္ဆာန်တစ်ကောင် ဖြစ်နေပါသည်။'

မည်သို့ပင်ဖြစ်စေ ဘောလုံးပွဲကြိုက်သော သူမနှင့် ဂေါက်သီးရိုက်ပြိုင်ပွဲကိုကြိုက်သော ကျွန်တော်အဖို့ ဆန့်ကျင်ဘက်ခံစားမှုများ၊ ဆန့်ကျင်ဘက် ဖြစ်နေသော လိုလားချက်များဖြင့် ကွဲပြားခြားနားနေခဲ့သည့်တိုင် နူးညံ့သော တိရစ္ဆာန်တစ်ကောင်တော့ ဖြစ်သင့်ပါသည်။ အခုတော့ ရုပ်ရှင်ကြည့်တော့လည်း သူမက နူးနူးညံ့ညံ့ Drama တွေကို ကြိုက်သည်။ ကျွန်တော်က Action။ ကျွန်တော်က Fashion Show တွေ ကြည့်ချင်သော်ငြား သူမက အစွရေးအလောင်းပိုက်၊ ပါလက်စတိုင်း အလောင်းပိုက်တွေဘက် စလောင်းလှည့်ချင်သူဖြစ်သည်။ ညသန်းခေါင် တောင်တောင်အီအီကလေးတွေ ရှာချင်သော်လည်း သည်အချိန်က ဘောလုံးပွဲနှင့် တိုက်ဆိုင်နေတတ်မြဲ။ တစ်ရက်မှာတော့ ဂေါက်သီးရိုက်ပြိုင်ပွဲတွေကို ကြည့်ချင်ကြောင်း ပြောနေပြန်သည်။

'ဩဂုတ်လထဲမှာ ဂေါက်သီးရိုက်ပြိုင်ပွဲတွေ လာတော့မှာ၊ ဂေါက်သီးကစားနည်းတွေ ပြောပြပါလား။ ဂေါက်သီးသမားတွေထဲမှာ တိုက်ဂါးဝုဒ်နဲ့ ဗီဂျေးဆင်း နာမည်ကြီးတယ်နော်၊ အမျိုးသမီးထဲကဆိုရင် စတမ်ကို သဘောကျတယ်။ ကိုရီးယားက ပက်ဆီရီကိုလည်း ကြိုက်တယ်'

ကျွန်တော် ဝမ်းသာသွားသည်။ ဒါကလည်း ဘောလုံးပွဲနှင့် လွတ်ချိန်ကလေးမှာ ကြည့်ချင်တာဖြစ်လိမ့်မည်။ ကျွန်တော်ကကော သူမ ဘောလုံးပွဲကြည့်လျှင် အနားမှာ ထိုင်နိုင်ပါ့မလား။ ဂေါက်သီးဘောလုံး သေးသေးကလေးကို ကြိုက်သည်။ သူ့ထက်ကြီးသော တင်းနစ်ဂွမ်းမွေး ဘောလုံးကို ကြိုက်သည်။ သူ့ထက်ကြီးသော ဘီလိယက်ဘောလုံးကို ကြိုက်သည်။ သူ့ထက်ကြီးသော ဘိုးလင်းလိမ့်လုံးကို ကြိုက်သည်။ သူ့ထက်ကြီးသော ဘောလုံးကို ကျတော့မှ ဘာဖြစ်လို့ ကျွန်တော် မကြိုက်နိုင်သေးတာပါလိမ့်။ ကျွန်တော့်ဘက်က နည်းနည်း လောက်ပြင်လိုက်လျှင် သူမနှင့် တူသွားနိုင်လိမ့်မည်။ သူမက ကျွန်တော့်ကို ကြည့်ကာ ပြုံးနေသည်။ ကျွန်တော့်ဘက်က မသေချာ။

'ဘောလုံးအားကစားဟာ တစ်ဖက်က အမှားကို စောင့်ရတဲ့ အားကစား မဟုတ်ပါဘူးရှင့်။ ကိုယ့်ဘက်က အမှန်ကိုသာ တည်ဆောက်တဲ့ အားကစားပါ။



www.burmeseclassic.com

www.burmeseclassic.com



အနုပညာပါ။ ဘောလုံးပွဲဖြစ်စဉ်ကြီးပါ။ တူညီတဲ့ စိတ်ထက်သန်မှုနဲ့ ခွဲဝေခံစားကောင်းပါတယ်'

သည်အချိန်မှာ တင်းနစ်အားကစားလောကမှာ အပြီးအပိုင်နှုတ်ထွက်ကာ ချစ်သူနှင့် ဂေါက်သီးလိုက်ရိုက်နေသည့် မာတီနာဟင်းဂစ်စ်ကို ကျွန်တော် သတိရနေသည်။ ပြီးတော့ ဘောလုံးပွဲကြည့်ဖို့ ကျွန်တော့်အတွက် Dream Bed တစ်လုံး ဝယ်ရမည်။ ညွတ်ပျောင်းသော ညွတ်ပျောင်းမှုတစ်ခုလည်း ဝယ်ရတော့မည်။

*Idea* ၂၀၀၃၊ အောက်တိုဘာလ

# လင်းလင်းကျင်းကျင်း ကြယ်

**သမီးကလေး**

သမီးကလေးဟာ ဖေဖေတို့ ဆိပ်ကမ်းကို လှေကလေးတစ်စင်းလို ရောက်လာခဲ့တယ်။ သည်အချိန်ကြီးကျခါမှ စည်းမကောင်း သောင်မသာ ဖေဖေတို့ ဆိပ်ကမ်းကို လှိုင်းတွေ၊ လေတွေ၊ ဝဲဂယက်တွေကို ကျော်ဖြတ်ပြီး လာဆိုက်လိမ့်မယ်လို့ ဖေဖေတို့ ထင်မထားခဲ့တာလည်း အမှန်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် လာခြင်းကောင်းတဲ့ သမီးကလေးအတွက် ဖေဖေတော့ဖြင့် သိပ်ဝမ်းသာမိတာပါပဲ၊ ဖေဖေမှ မဟုတ်ပါဘူးလေ၊ မေမေကလည်း ဝမ်းသာတာပဲပေါ့။ မေမေကတော့ သမီးကလေးရောက်လာတာဟာ ဘုရားရှင်က ကြယ်ပွင့် လက်တစ်ဆုပ် ပေးသနားတော်မူတာပါပဲလို့ သမီးမွေးတဲ့ မနက်က ဖေဖေ့ကို ပြောပြနေသေးတယ်။ သမီးမွေးတဲ့နေ့ကကြာသပတေးနေ့၊ မွေးတဲ့လက ဝါဆိုလ။ မေမေ ကတော့ သမီးကလေးအတွက် သူကိုယ်တိုင် တတ်သမျှ မှတ်သမျှ ဗေဒင်တွက်လေရဲ့။ မွေးနေ့သက္ကရာဇ်ကိုတည်၊ ခုနစ်နဲ့စား။ ကြွင်းတဲ့ဂဏန်း တိုင်ထူ ဟောရတဲ့ လက်ရိုးဗေဒင်ပေါ့ကွယ်။ အောင်လံထူ စစ်သူကြီးမွဲ့တဲ့။ မဟာဘုတ်တိုင် ထူတာတဲ့။ ဖေဖေကတော့ အင်းထိုး၊ စက်မြှုပ် ဗေဒင်ဗိန္ဒော သိပ်သဘောမတွေ့တတ်ပေမယ့် ကိုယ့်ရိုးရာဓလေ့ကို ချစ်မြတ်နိုးခြင်းဟာ အထက်တန်းကျတဲ့ စိတ်ရယ်လို့တော့ လက်ခံထားသူပါ။ မဟာဘုတ်ဆိုတာ မဟာဘူတ *ကြီးမားသောပွားစည်းခြင်း၊ ဖြစ်ခြင်း*လို့ အဓိပ္ပာယ်ရလေတော့ ကံစွကောင်းပေပဲ။ သမီးမွေးတဲ့ ဝါဆိုလကတော့ ဥတုနဲ့ကြည့်ရင် ဝဿာနဥတုထဲကျတယ်၊ ဝါဆိုလကို ရှေးကတော့ 'မွယ်တာ' လို့ ရှေးကြတယ်၊ 'မွယ်' ဆိုတာ မြေ၊ မြေကြီးလို့ ပြောတာပဲ၊ 'တာ' ဆိုတာက ထွန်ယက်စိုက်ပျိုးတဲ့ မြေကို လိုသလောက် တိုင်းတာတယ်လို့ အဓိပ္ပာယ်ရတယ်။ စိုက်လို့ ပျိုးလို့ အောင်၊



www.burmeseclassic.com

www.burmeseclassic.com



ကန်သင်းတင်တဲ့လဆိုတဲ့ သဘောပဲ။ သမီးမွေးတဲ့လမှာ လှိုင်လှိုင်ကြီးပွင့်တဲ့ ပန်းကတော့ နယုန်လတုန်းက ကျန်တဲ့စပယ်နဲ့ ဝါဆိုမှာပွင့်တဲ့ မြတ်လေးပန်း တွေလေ။ 'သံဝါဦးပေမို့ စံကြူးငယ် လနောင်မှာ၊ မြအရောင် နယ်လုံးက၊ ခြယ်ရုံး ဆင်သစ်လို့' ဆိုတဲ့ ရာသီပေါ့ကွယ်။ 'ညို့ဆေးငှဲ့ လှဲ့ရောင်၊ နိုသွေးရယ်မှောင် သည့်၊ တောင်ရွှေသမန်၊ နန်းနယ်ခြွေလျှင်၊ ပျံ့အဗျာဇွေ၊ ဆင်နည်းတွေလို့၊ ဖန်ဝေမပိုင်၊ ညွှတ်နူးသာ ယိုင်ခဲ့အောင်၊ လှိုင်ရနံ့ချိုချိုဝယ်၊ စုံတစ်ခို ကြိုင်ဆိ သင်းသနဲ့' လို့လည်း ဖွဲ့ကြတယ်။ 'ဝသ' ဆိုတဲ့စာတ်ဟာ နှစ်သက်ခြင်းဆိုတဲ့ အဓိပ္ပာယ်ရှိတယ်။ ပုပ္ပ ဓနုတ္တာဝါ ဝသိကာမော တွေ့ဝသန္တော၊ တောပန်း၊ တောင်ပန်းတို့ရဲ့ ရနံ့နဲ့ သင်းပျံ့ အေးကြိုင်တဲ့ရာသီဖြစ်လို့ 'ဝဿန္တ' ခေါ်တယ်လို့ ဆိုတယ်။ သည်အချိန်မှာ ပုန်းညက်ပန်းတွေလည်း သဲသဲခဲခဲပွင့်ကြတယ်။ 'ညီမျှနဝင်း၊ ပပငယ်လင်းက၊ ရစ်ဆင်းတွေတွေ၊ ပြည့်ကမ်းရေမှာ' ဆိုတဲ့ အတိုင်းပဲ မြစ်ရေတွေ ကမ်းလုံးပြည့်တဲ့ အချိန်ပေါ့။ သမီးကိုမွေးတဲ့ရက်က ဧရာဝတီ မြစ်ရေတွေ ကမ်းလုံးပြည့်ပါပဲ။ အဲသည့်ရက်က ဖေဖေတို့တောင် တာရိုးတာဘောင် တွေများ ကျိုးရော့မလား စိုးရိမ်ခဲ့ကြရသေးတယ်။ သမီးမွေးတဲ့နှစ်မို့ ထင်ပါရဲ့။ မိုးတွေကလည်း ကောင်းပါဘိသနဲ့။ မြောက်ဘက်တောင်ကုန်းဒေသကို ရိုပ်ရိုပ်ပြေး နေတဲ့ မိုးသားတွေက ဖေဖေတို့ အိမ်ခေါင်ပေါ်က ဒရောသောပါး သွားကြတာပေါ့။ တစ်ခါတလေတော့လည်း မိုးကြီးပြီမှောင်ကြောင့် မြစ်ထဲက လှေကလေးတွေတောင် အကူးအလူး မလုပ်ဝံ့ကြရှာဘူး။ 'ဖြူဖွေးငယ်နှင့် လှိုင်ရေငယ် မောက်မို၊ ရေညို ကစိုင်း၊ ရွှေလောင်းလှေငယ်နှင့် ရိုးပင်လယ်နဒီဝဲမှာ ဆူသည်းကဆိုင်းနေကြ ပေမပေါ့။ ရှေးကတော့ သည်ရာသီထဲက မြစ်ကို 'ရေသွန်မြစ်' လို့ ခေါ်ကြတယ်။ ချိတ်ပန်းရောင်၊ ခွာညိုရောင်၊ သပြေသွေးရောင်၊ မိုးလုံးပြိုရောင်တွေနဲ့ ရာသီ လို့လည်း ဆိုကြရဲ့။

မိုးသားတွေကို ဖေဖေရော၊ မေမေပါ ကြည့်ဖြစ်ကြတဲ့အခါ မေမေက 'အဲဒါ အထက်ကို မိုးပို့နေတာလေ' တဲ့။ မိုးပို့တဲ့အသုံးကို ဖေဖေ သိပ်သဘောကျ တာပဲ။ ညကြီးသန်းခေါင်ကျော်ရင် မြစ်လေတသုန်သုန်က ဖေဖေတို့ အခန်းလေး ထဲ တိုးဝင်လာတတ်တယ်။ ပြီးတော့ လှေသမားကြီးရဲ့ သမီးပီပီ မေမေက ဘယ်လိုသုံးသေးသလဲဆိုတော့ သည်ရာသီကို လှေသမားတွေက 'အကြေးလှန်ချိန်' လို့ ခေါ်ကြသတဲ့။ မြစ်ရေက တောင်ဘက်ကို စီးဆင်း၊ တောင်လေက မြောက် ဘက်ကို လှန်တိုက်ချိန် ဆိုတော့ မြစ်မျက်နှာပြင်ဟာ ငါးများအကြေးလှန်သလို လှိုင်းခေါင်းထတဲ့ ရာသီလို့ ပြောတာပေါ့။ ပြီးတော့ မေမေက မြစ်ရေကြီးချိန်လို့ မသုံးဘဲ 'ရေကြီးခါ' လို့ သုံးတာလည်း ဖေဖေ သတိထားမိတယ်။





မန္တလေးဟာဖြင့် သည်အချိန်ဟာ အလှဆုံးပဲလို့ ဖေဖေတော့ထင်တယ်။ မိုးရေတက်ရေ တဖွေးဖွေး၊ ကွင်းကျယ် အဝေးဝေးမှာ ကောင်းကင်ကလည်း မဲနယ်ရောင် စိုစိုတောက်နေတတ်တယ်။ တိမ်တွေကတော့ မိုးသားမည်းမည်းရှိတဲ့ အခါများမှာ ဖွေးဖွေးပုံ့ပုံ့ ရှိနေတာများတယ်။ ရေပေါက် ကြဲဟန်၊ ပုလဲသီဟန်၊ ဟသ်ာအဖော်ခေါ်ဟန်၊ စင်ရော်သုတ်ဟန်၊ အိမ်မိုး ခြင်တင်ဟန်၊ နတ်သမီး ပန်းကုံးဟန်၊ နတ်သမီး ပန်းဆွတ်ဟန်၊ နတ်သမီး ပန်းတောင်းချီဟန်၊ ဟန်တစ်ရာ ကွန့်နေလိုက်ပုံများ။ ဝါဆိုလ မိုးကောင်းကင်က ဆန်းတော့လည်းဆန်းပါရဲ့ သမီးရယ်။ တစ်ခါတစ်ခါ တိမ်တွေ လွှေ့လွှေ့ရမ်းရမ်းကြီး ရှိနေတတ်ပေမယ့် တစ်ခါတလေ ကျတော့ တိမ်တစ်လိုက်သော်မှ ချိန်ကိုက်မရှိဘဲ ဖြစ်ချင်ဖြစ်နေပြန်ရော။ တိမ်တွေ ဆိုလို့ ဖေဖေတို့ငယ်ငယ်က ဖေဖေ့အမေ (သမီးရဲ့ အမေကြီး) က ကောင်းကင်က တိမ်တွေကို ကြည့်နိုင်းပြီး ဘာနဲ့တူသလဲလို့ မေးတတ်တယ်။ ဖေဖေက တိမ် လေထိုးရုပ်ကြီးတွေကို ကြည့်ရင်း မျက်စိထဲမြင်တာ ပြောပြရတာပေါ့။ ဖေဖေ ပြောတာမှန်ရင် အမေက 'ဟုတ်ပါရဲ့နော်' လို့ ပြောတတ်တယ်။ တစ်ခါတလေတော့ ကောင်းကင်ကြယ် အစုအဝေးကြီးထဲက အလင်းဆုံးကြယ်တစ်ပွင့်ကို ရှာခိုင်းတာမျိုး လည်း ရှိရဲ့။ ဖေဖေက ကောင်းကင်အနှံ့ အလင်းဆုံးကြယ်ကို ရှာရတော့တာပါပဲ။ ဖေဖေ့ကို ကောင်းကင်နဲ့ စာသင်ပေးတာပဲ ထင်ပါရဲ့ကွယ်။ တစ်ရက်တော့ အမေက မင်းကိုယ်တိုင် အလင်းဆုံးကြယ် မဖြစ်နိုင်သည့်တိုင် အလင်းဆုံးကြယ်ကိုတော့ သား ရှာတတ်ရလိမ့်မယ်တဲ့။ သမီးလေးကြီးရင် ဖေဖေကလည်း သမီးကို 'အလင်းဆုံးကြယ်' ကို ရှာခိုင်းရဦးမယ်။

မန္တလေးဟာ သည်အချိန် ချစ်စရာအကောင်းဆုံးပဲလို့ ဖေဖေထင်တယ်။ မြို့ရဲ့ အရှေ့ဘက်မှာ ရှမ်းရိုးမတောင်တန်းကြီးရှိတယ်။ မြို့ရဲ့ အနောက်ဘက်မှာ စစ်ကိုင်းနဲ့ မင်းဝံတောင်တန်းရှိတယ်။ ဧရာဝတီမြစ်ကတော့ မြို့တော်ရဲ့ အနောက် ပြင်က တသိမ့်သိမ့်စီးဆင်းလို့။ သည်မြစ်ကြီးမှာ ရှေးတုန်းက ဧရာပတ္တ နဂါးမင်း ကြီးရဲ့ ရေနန်းဗိမာန်ကြီးရှိသတဲ့။ ရတနာနဒီက မြို့ကို ရေရိုးသတ်ထားလေရဲ့။ အိကြေတာနဲ့ ဥတ္တရယာဉ်ဇွန်းတန်းကြားက ဘုရင့်မြို့တော်ဟောင်းဟာ နေရောင် ခြည်ကောင်း 'သာ' တဲ့ အရပ်ပေါ့ကွယ်။ ဖေဖေတို့အခန်းက လှမ်းကြည့်ရင် မဟာမုနိဘုရားကြီးကို ဖူးနိုင်တယ်။ အနောက်ဘက်တောင်တန်းပေါ်က ဆွမ်းဦး ပုညရှင်ကို ဖူးနိုင်တယ်။ မင်းရှင်စောတောင်၊ ဥဂ္ဂါသေနရာဇာတောင်၊ မင်းကလေး တောင်ဆိုတဲ့ အမည်တွေနဲ့ ထင်ရှားခဲ့တဲ့ မန္တလေးတောင်ကိုလည်း မြင်ရရဲ့။ ဖေဖေတို့အိမ်က လှမ်းမမြင်နိုင်ပေမယ့် ကျူးရေရိပ်မှာ မန္တလေးတောင်တော်ပေါ် လည်ပိုက်ဗာလီကွေး ပုံသဏ္ဌာန် လှုပ်လှုပ်ကလေး ပေါ်နေရောမယ်။ သည်တောင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှေးက ထူးခြားတဲ့ မိန်းမသားတစ်ယောက် ရှိခဲ့ဖူးတယ်။ သူ့မျက်နှာက လဝန်းလို ဝိုင်းစက်လှန်းလို့ 'ကျန္ဒရမုခီ' လို့ခေါ်ကြတယ်။ ကျန္ဒရ (စန္ဒရ) ဆိုတာက လမင်းလို့ ပြောတာဖြစ်ပြီး မျက်နှာကို 'မုခီ' လို့ သုံးလိုက်တဲ့နာမည်ပေါ့။ သမီးလိုပဲ မျက်နှာ ဝိုင်းဝိုင်းကြီး နေမှာထင်ပါရဲ့။ သည်မိန်းမသားက သိပ်နူးညံ့သူဆိုပေမယ့် မလိုသူ တွေက သူ့ကို ဘီလူးမလို့ ခေါ်ကြတယ်။ 'သောသောကားကား၊ နင်ထောင်ထား သော်၊ စန်းသွားကားစိန်၊ ရောင်ထိန်ဝင်းလျှံ၊ လေသက်ထန်ပြင်း၊ မိုးသံချွံမြိုက်၊ ငါးချက်စိုက်၍၊ ပစ်လိုက်မဟဲ့၊ မစောင်းငဲ့နှင့်၊ သက်မဲ့ ခန္ဓာ၊ ကိုယ်ကကွာ၊ မကြာ မသွေ၊ စင်းစင်းသာသေရောဟဲ့' လို့ ကြိမ်းဝါးတတ်တဲ့ ဇာတ်ထဲက ဘီလူးမလိုလို ပြောကြတာကို ဖေဖေကတော့ လက်မခံပါဘူး။ သည်မိန်းမသားဟာ ဘုရားရှင်ကို ရင်သားလှူခဲ့သတဲ့။ 'သိင်္ဂီဦးသစ်၊ ဖမ္မျရာဇ် သို့၊ ကျစ်လျစ်ဖွံ့ထွား၊ ရင်ညွှံ့သားကို၊ တရားညွှတ်နူး၊ ပန်းနယ်ခူး' ဝံ့သူဟာ ဘီလူးမ မဟုတ်နိုင်ပေဘူး။ ရက်စက်သူ များဟာ နူးညံ့တဲ့အလုပ်မျိုးကို မလုပ်ဝံ့ကြဘူး သမီးရဲ့။ ဘုရားရှင်ကိုယ်တော်တိုင် ဘဝအဆူဆူ ဖြည့်ကျင့်တော်မူခဲ့တဲ့အခါ ပါရမီဆယ်ပါးမှာ ဦးစွာဖြစ်တဲ့ ဒါနပါရမီကို ရှေးဦးထားပြီး ဖြည့်ဆည်းတော်မူခဲ့တယ်။ သည်မိန်းမသားကလည်း ဒါနပါရမီကို 'ပတ္တမြားစက်ဝန်း၊ ငွေယုန်နန်းသို့၊ ရှန်းရှန်းထွားမှတ်၊ ရင်သားမြတ်ကို၊ ကြည်ညွှတ် ဆုယူ၊ ခြွေ၍လှူသော်' ဆိုတဲ့ အတိုင်းပဲ ရှေးဦးထား လှူခဲ့တာမဟုတ်လား။ သည်တော့ သီလ စင်ကြယ်သူ၊ စိတ်၌ စင်ကြယ်သူ၊ အယူ၌ စင်ကြယ်သူ၊ ယုံမှားခြင်းက လွန်မြောက်သူဆိုတာ သိသာလှတယ်။ လှူဒါန်းတဲ့ ကုသိုလ်ကို အဖန်တလဲလဲ ဆင်ခြင်ကြရတယ်။ ပယ်ပြီးသော ကိလေသာနဲ့ ကြွင်းသော ကိလေသာကို ဆင်ခြင်ရတယ်။ သူတစ်ပါးရဲ့ ကုသိုလ်ကောင်းမှုကို ဝီတိသောမနဿ ပွားများ ကြရတယ်။ သက်နံ့၊ ကျောင်း၊ ဆေး၊ ထမင်း၊ အဖျော်ယမကာ၊ ပန်းမန်၊ နံ့သာခဲ၊ နံ့သာပျောင်း၊ ညောင်စောင်း၊ အင်းပျဉ်၊ ကျောင်း၊ ဇရပ်စသည်ဖြင့် လှူဒါန်းသူတွေများလှပေါ့ သမီးရယ်။ သည်မိန်းမသားရဲ့ အလှူကတော့ အာရုံ ငါးပါးမှ ကြွင်းသောဒါနဆိုတာမျိုးပဲ။ သိအပ်ရအပ်သော မဂ်ဖိုလ်ကို ရည်မှတ်တဲ့ ဒါနမျိုးပေပဲ။

စကားရောက်တုန်း ဖေဖေပြောချင်သေးတယ်၊ တစ်ခါတစ်ခါ လသာသာ ညတွေမှာ ဖေဖေတို့ နောက်ဖေးဘက် ပြတင်းက လှမ်းမြင်ရတဲ့ မန္တလေးတောင်ကို ငေးရင်း သည်အမျိုးသမီးကို ဖေဖေစိတ်ကူးနဲ့ မြင်ယောင်အောက်မေ့ နေမိတတ် တယ်။ နတ်နှင့် နူန်းနန်း၊ ဝင့်ငြိမ်ရှန်း၍ လှလွန်းလွန်လှည်၊ ငါးကြွန်ပြည့် လို့ ပြောနိုင်မယ်မဟုတ်ပေမယ့် မိန်းမချောတော့ ဖြစ်လိမ့်မယ် ထင်ပါရဲ့။ ဥဒေါင်းမြီးကို စည်းနှောင်ထားသလို ဖားလျားဝေဝေ ဆံပင်တွေက ကျောပေါ်ကျနေလိမ့်မယ်။





အခါလည် သမင်မကလေးရဲ့ မျက်လုံးဝင်းဝင်းကလေးတွေ တောက်နေတာမျိုး ဖြစ်လိမ့်မယ်။ ပကာတိသင်းပျံ့တဲ့ ကိုယ်နံ့ကလေး ရှိလိမ့်မယ်။ ကျီးအာသီးမှည့်လို တွတ်တွတ်မောင်းမောင်း လေးကိုင်းနှုတ်ခမ်းကလေး ရှိလိမ့်မယ်။ မယမ်းမစုံ ပုံ့ပုံ့ မထင်တဲ့ ဝမ်းပျဉ်းသားကလေး ရှိလိမ့်မယ်။ မြတ်လေးပန်းကို မာလောနွယ်ရစ်ထား သလို ရင်လွှမ်းတန်ဆာက ပြိုးပြိုးပြက်ပြက် ရှိလိမ့်မယ်။ သွားတန်းကလေးကတော့ လက်လက်ထနေတဲ့ သွားစွယ်ဖူးဖူးကလေးတွေ နေမှာပါပဲ။ ဖေဖေ့တွေးတာနော်။ သမီးလေးက ထင်လိမ့်မယ်။ ဖေဖေကတော့ စန္ဒမုခီကို ဘာကိစ္စများ အရေး တယူရှိနေရတာလဲလို့။ သမီးသိစေချင်လို့ ပြောတာပဲ။ သည် မိန်းမသားကို ဘုရားရှင်က ပင်လျှင် 'နတ်ကလျာမယ်၊ ဤသူငယ်ကား၊ ကြီးကျယ်ခန်းဝါ၊ ဤ မြေချာထက်၊ ရတနာပုံ၊ နေရုံနိုင်းတု၊ ပြည်ကြီးပြုလိမ့်' လို့ ဗျာဒိတ်ပေးတော် မူခြင်း ခံရသူ မဟုတ်လား။ နောင်အခါမှာ ဘုရားရှင်ရဲ့ ဗျာဒိတ်အရ ရတနာပုံ နေပြည်တော်ကြီးကို ပထမဖန်ဆင်းခဲ့တဲ့ မင်းတုန်းမင်းကြီးဖြစ်လာတယ်လို့ ယုံကြည်ကြတယ်။ ဟုတ်တာ မဟုတ်တာ ထားပေါ့ သမီးရယ်။ ဒါလည်း အခြား တစ်ဖက်က ဆင်ခြင်ရန်အကြောင်းများမဟုတ်သည့်တိုင် လုပတဲ့ကျိုးကြောင်း ဆက်စပ်မှုကိုတော့ ခံစားနိုင်တာ မဟုတ်လား။ တို့လူမျိုးက လွမ်းတတ်တယ်။

မန္တလေးဟာ သည်အချိန် အခမ်းနားဆုံးပဲလို့ ဖေဖေတော့ ထင်တယ်။ တောင်လျှင် တောင်ချင်း၊ ကွင်းလည်း ကွင်းလျောက်၊ မို့မို့ပြေပြေရှိတဲ့ မြို့ဆို တော့ သစ်ချင်တိုင်း သစ်နေတော့တယ်။ သည်အရပ်က ပထဝီဝင်ဟာ ပြန့်ပြန့် ပြူးပြူး ရှိတယ်။ သည်အရပ်ဟာ သဒ္ဓါဒါန၊ သက္ကစ္စဒါန၊ ကာလဒါန၊ အနုဂ္ဂဟိတ ဒါန၊ အနုပဟစ္စဒါနစတဲ့ သပ္ပုရိသဒါနငါးပါး အောင်ရာထွန်းရာ အရပ်ဖြစ်တယ်။ သည် အရပ်က ရဟန်းပညာရှိ၊ လူပညာရှိ ထွန်းကားရာအရပ်၊ အမျိုးဘာသာ သာသနာ စောင့်ရှောက်ရာအရပ်ဆိုတော့ မင်္ဂလာရှိလှတယ်။ ကာမဂုဏ်၌ ပြင်းစွာစွဲလမ်းခြင်း၊ အယူဝါဒ၌ ပြင်းစွာစွဲလမ်းခြင်း၊ အကျင့်သီလ၌ ပြင်းစွာ စွဲလမ်းခြင်း၊ အတ္တဝါဒတို့၌ ပြင်းစွာစွဲလမ်းခြင်း စတဲ့ ဥပါဒါန်လေးပါးက ကင်းလွတ်တဲ့အရပ်လို့ ဖေဖေ ယုံကြည်တယ်။ ဂုန္ဓ–သိခြင်းကုံးခြင်း၊ သမ္ပဇည– ကောင်းစွာသောအပြားအားဖြင့် သိမှုပညာ ထွန်းကားခြင်းစတဲ့ ပညာနဲ့ သုခုမ ထွန်းကားရာ အရပ်ဖြစ်တယ်။ သမ္ပတ္တိစက္က– အလိုရှိသမျှ ပြည့်စုံနိုင်တဲ့အရပ် ဖြစ်တယ်။ ဝိပ္ပတ္တိဆိုတဲ့ မပြည့်စုံခြင်း၊ ချို့ငဲ့ ဆုတ်ယုတ်ခြင်းကင်းရာအရပ် ဖြစ်တယ်။ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ စတဲ့ ကိလေသာဆယ့်တစ်ပါးက ဝေးလျားလွန်းလှ ရှိတဲ့ အရပ်ဖြစ်တယ်။ သာဝက သန္နိပါတလို့ခေါ်တဲ့ တပည့်သား သံဃာတော်



www.burmeseclassic.com

www.burmeseclassic.com



အရှင်မြတ်များ ထူးထူးကဲကဲ စုံညီဝန်းစုရာအရပ်ဖြစ်တယ်။ သမ္မဒါ–မျက်မှောက် ဘဝချမ်းသာ သုခရရာ ရကြောင်းဖြစ်တဲ့ ထကြွလုံ့လရှိခြင်း၊ အခြေအနေနဲ့ လိုက်ဖက်သော အသက်မွေးဝမ်းကျောင်းမှုကရတဲ့ ဝင်ငွေကို မြီးခြံစွာ သုံးတတ်ခြင်း၊ ရပြီးသော ဥစ္စာကို မြဲမြဲအောင် ထိန်းသိမ်းတတ်ခြင်း၊ အပေါင်းအဖော်တို့နဲ့ ဝင်ဆံ့တတ်ခြင်းတို့ ကျင့်သုံးရာ အရပ်ဖြစ်တယ်။

သိပ်များ အကဲပိုရာများ ကျနေမလား သမီးရယ်။ သမီးကလေးမွေးတဲ့ မန္တလေးဟာ တည်ငြိမ်ခြင်း သမာဓိ၊ နှစ်သက်ခြင်းပီတိ၊ အားထုတ်ခြင်း ဝီရိယ၊ လျစ်လျူရှုတတ်ခြင်း ဥပေက္ခာ၊ စိစစ်ခြင်းပညာ၊ အောက်မေ့ခြင်းသတိ၊ ငြိမ်းအေးခြင်း ပဿဒ္ဓိတို့ ထုံမွှမ်းအရာအရပ်လည်းဖြစ်နေသေးတယ်။ သည်အရပ်မှာ 'ထာဝရ ပုညှ' လို့ခေါ်တဲ့ ထာဝရကုသလ အမြဲတည်တဲ့ ကုသိုလ်တွေ ရှိတယ်။ အာရာ မရောပ ဒါန၊ ပန်းဥယျာဉ်သစ်သီးဝလံတွေ ပေါတယ်။ ဝနရောပ ဒါန၊ အရိပ်ရ သီးပင်စားပင်တွေ ရှိတယ်။ သေတုကာရက ဒါနခေါ်တဲ့ တံတားကောင်း လမ်းကောင်း (မပြင်ရသေးတာများလည်း ရှိပါရဲ့) တွေရှိတယ်။ ဥဒါပန ဒါန၊ ရေတွင်း ရေကန်တူး လှူသူတွေရှိတယ်။ ပပါ ဒါန၊ ရေချမ်းစင် ဒါနရှိတယ်။ မပြတ် စည်းဝေးခြင်း၊ ညီညွတ်ခြင်း၊ ပညတ်သည်ကို ကျင့်ဆောင်ခြင်း၊ ကြီးရင့်သူကို ရှိသေလေးမြတ်ခြင်း၊ အမိနှင့်တူတဲ့ မိန်းမသားကို နိုင်ထက်စီးနင်းမပြုခြင်း၊ စေတီပုထိုးကျောင်းကန်ကို ရှိးရာမပျက် စောင့်ရှောက်ပူဇော်ခြင်း၊ သီလသမာဓိ ပညာစတဲ့ သိက္ခာသုံးပါးနဲ့ ပြည့်စုံတဲ့ ရဟန်းတို့ကို ချီးမြှောက်ခြင်းစတဲ့ မြန်မာ ဓလေ့ စည်ပင်ရာအရပ်လည်း ဖြစ်တယ်။

သည်လို ကောင်းခြင်းအရပ်မှာ သမီးကလေးကို မွေးတယ်၊ သည်လို မင်္ဂလာရှိခြင်းအရပ်မှာ သမီးကလေးကို မွေးတယ်၊ သမီးကလေးကို မမွေးခင်ရက် တွေက ဖေဖေရော မေမေပါ အိပ်မက်တွေ မက်ခဲ့ကြတယ်။ ဖေဖေမက်တာက ထူးဆန်းလိုက်တာ၊ အင်မတန် အပြန့်အလျားကျယ်တဲ့ ရေပြင်ကျယ်ကြီးထဲမှာ သစ်တုံးကြီးနှစ်တုံးဟာ စက်မပါဘဲ ရေပြင်ကို တလျားလျား ဆန်တက်နေတယ်။ သစ်တုံးကြီးတစ်တုံးနဲ့ တစ်တုံးက တစ်လံလောက်ကွာတာ သမီးရဲ့။ အဝေးကြီး မဟုတ်ဘူး။ ဖေဖေ မှတ်မိသလောက်တော့ ရေဆန်ဘက်ကို ဆန်တက်နေတာ၊ စက်လည်း မပါပါဘဲနဲ့၊ လှော်တာလည်း မဟုတ်ဘဲနဲ့ သစ်တုံးကြီးနှစ်တုံးက အရှေ့ ဘက်ကို တအားကြီးဆန်ရင်း ပြေးနေတာလေ၊ ရေပြင်က အရှေ့အနောက် စီးဆင်းနေသလိုပါပဲ၊ သစ်တုံးကြီးတစ်တုံးပေါ်မှာ ဖေဖေ၊ မေမေနဲ့ နောက်ထပ် နှစ်ယောက်၊ သုံးယောက်က ထိုင်စီးရင်း လိုက်နေကြတာမျိုး။ သစ်တုံးကြီးကို ခွစီးပြီး လိုက်နေ ကြတာ၊ နောက်တစ်တုံးပေါ်မှာလည်း လူကြီးလေးငါးယောက်





စီးကြလို့၊ အချင်းချင်းလည်း ဟိုဘက်သည်ဘက် စကားတွေပြောကြရင်း ခရီးတစ်ခု ဆီ စိတ်လက်ချမ်းသာ သွားနေကြတာမျိုးပေါ့ သမီးရယ်။ အိပ်မက်ကတော့ အဲဒါပါပဲ။

သမီးမွေးခါနီးရက်တွေမှာ ဖေဖေ အိပ်မက်ထပ်မက်ပြန်တယ်။ သည် တစ်ခါ မက်တာက ညောင်ပင်ကြီးတစ်ပင် သမီးရဲ့။ ညောင်ပင်ကြီးက နှစ်ပေါင်း ပရိစ္ဆေဒ ကြာလှပြီဆိုတော့ ကြီးချင်တိုင်း ကြီးနေတဲ့ ညောင်ပင်ကြီး။ လေပြည် ကလေး သုန်သုန်တိုက်နေလေတော့ ညောင်ရွက်သံတွေ တရှဲရှဲပေါ့၊ ညောင်ပင်ပေါ် မှာတော့ ဖျိုင်းတွေ ရာပေါင်းများစွာ နားနေကြတယ်။ ညောင်ပင်ထိပ်ဖျားမှာ ဖျိုင်းတွေက ညောင်ကိုင်းလှိုင်းစီးကြရင် တနွဲ့နွဲ့ရှိနေကြလေရဲ့။ တချို့ဖျိုင်းတွေက သစ်ပင်ပေါ်မှာ ကျန်နေပြီး တချို့ဖျိုင်းတွေက ဖေဖေရပ်ကြည့်နေတဲ့နေရာ မြေပေါ်ကိုဆင်းပြီး ဝန်းရံရင်း လှည့်လည်သွားလာနေကြလေရဲ့။ ဖေဖေကတော့ များလွန်းလှတဲ့ ဖျိုင်းကလေးတွေကိုကြည့်ရင် ပျော်နေလိုက်တာ၊ ဖွေးဖွေးလှုပ် အောင် များလွန်းလိုက်ပုံများ ဖျိုင်းမိုးကြီး ရွာချထားသလိုပါပဲ၊ ဖျိုင်းကလေးတွေက ဖေဖေ့ကို မရှုံကြသလိုပဲ၊ ဖေဖေကလည်း ဖျိုင်းကလေး တွေကို မေတ္တာစိတ်နဲ့ ချစ်ခင်နေမိသတဲ့။ သည်ကတည်းက သမီးကလေးများ မွေးရင် 'ဖွေးဖွေး' လို့ နာမည်ပေးမယ်လို့တောင် ဖေဖေ စဉ်းစားထားခဲ့တယ်။ သမီး မေမေကလည်း သမီးကလေးကို လွယ်ပိုက်ထားစဉ်မှာ အိပ်မက်တွေ မက်တဲ့အကြောင်း ဖေဖေ့ကို ပြောပြတယ်၊ မေမေ့ အိပ်မက်ထဲမှာ သူတစ်ခါမှ မမြင်ဖူးလိုက်တဲ့ ဖေဖေ့ အဖေနဲ့ အမေ (သမီးရဲ့ အဘိုးနဲ့ အဘွား) တို့ နှစ်ယောက် အိမ်ရောက်လာကြတယ်တဲ့။ သမီး ဘွားအေကြီးက တောင်းကြီးတစ်တောင်း ရွက်လာလေတော့ တောင်းကလေး အသာချတဲ့ပြီး 'ငါ့အေ ညည်းတို့အိမ် မနည်းမေးလာရတယ်။ ငါ့သားများသမီး များဖို့ မုန့်ကလေးတွေလုပ်လာခဲ့တယ်။ စားကြရော့' ဆိုပြီး မုန့်တောင်းကို ဖွင့်ပြရှာသတဲ့၊ မုန့်တောင်းထဲမှာ ဆပ်သပူး (ဆပ်သွားဖူး) မုန့်ကလေးတွေ အပြည့်ပဲ တဲ့၊ တောင်းထဲမှာ မုန့်ကလေးတွေ ဖွေးနေတာပဲလို့ မေမေက ပြောပြသေးတယ်။ သမီးအဘိုးကတော့ ပုဆိုးဖြူကြီးနဲ့ ခေါင်းရင်းထိုင်ပြီး ကြည့်နေတာလည်း ပါရဲ့။ ဖေဖေ့ အဖေနဲ့ အမေ အိမ်ရောက်လာကြတယ်လို့ အိပ်မက်မက်လို့ ထင်ပါရဲ့။ ဖေဖေဖြင့် ဝမ်းသာလိုက်တာသမီးရယ်။ သည်လိုပြောလို့ ဖေဖေဟာ အိပ်မက် တွေကို အတိတ်ကောင်းဖို့ စဉ်းစားနေတာတော့ မဟုတ်ပါဘူး။ ဖေဖေတို့ အရိုး အဆက် အစဉ်အလာအားဖြင့်၊ ယဉ်ကျေးမှု ထုံးဓလေ့အားဖြင့် အိပ်မက်တွေဟာ ထူးခြားတဲ့ သက်ရောက်မှုရှိတယ်လို့တော့ သိပါရဲ့။ ဒါပေမယ့် ဖေဖေတော့ဖြင့် မစွဲလမ်းခဲ့ဖူးဘူး။ အိပ်မက်ဆိုတာ နတ်လှည့်စားလို့၊ ကိုယ်စောင့်နတ်ကပြေလို့၊



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ချောက်ချားလို့၊ လေသည်းခြေနာ ရှိလို့၊ မတော်ရာနေမိလို့၊ ရှေးက ခံစားဖူးလို့၊ အတတ်ပညာပယောဂနဲ့ ဖမ်းစားလို့ မက်တယ်လို့ ဆိုတယ်။ သိပ္ပံနည်းကျ အိပ်မက်အမြင်တွေ စိတ်ခွဲစိတ်စစ်ခဲ့တဲ့ ဆစ်ဂမန်ဖရိုက်ဒ်ကတော့ အိပ်မက်မမက်ခင် အခြေအနေဟာ စိတ်ညှို့မခံရခင် အခြေအနေမျိုးပဲ။ အိပ်စက်မှုအခြေအနေဟာ မိမိရဲ့ အတွေးအခေါ် စိတ်ကူးတွေအပေါ် လွှမ်းမိုးထားတဲ့ သိသိကြီးနဲ့ လုပ်နေတဲ့ လှုပ်ရှားမှုတွေ အားပျော့သွားပြီး အလိုအလျောက် စိတ်ကူးတွေ ပေါ်ပေါက်လာတဲ့ အခြေအနေဖြစ်တယ်။ သည်အလိုအလျောက်အတွေးဟာ အမြင်ပုံရိပ်၊ အသံပုံရိပ် ဖြစ်လာတယ်။ ဒါဟာ အိပ်မက်ပါပဲလို့ ဆိုတယ်၊ သည်အမြင်နှစ်မျိုးစလုံးမှာ သည့်ထက် ကျယ်ပြန့်တဲ့ အဓိပ္ပာယ်တွေ ရှိမှာပါပဲ။ ဖေဖေက ကောက်ကာငင်ကာ ပြောလိုက်တာပါ။ ဖေဖေနဲ့ မေမေတို့ကတော့ဖြင့် သမီးကလေး မမွေးခင်ရက်တွေမှာ အဲသလိုတော့ မက်ခဲ့တယ်။ သေချာတာက ဖေဖေက ဂျိုင်းဖွေးဖွေးကလေးတွေ မက်ခဲ့ပြီး၊ မေမေက ဆပ်သွားဖူးမုန့် ဖွေးဖွေးကလေးတွေ မက်ခဲ့တယ်။ ဖွေးတယ်ဆိုဟာ ဖြူခြင်းကို အားဖြည့်ပေးတဲ့ စကားလုံးဆိုတော့ ဖေဖေကြိုက်တယ်။ ပြီးတော့ သမီးက ကြာသပတေးသမီး ဖြစ်လာဖို့ သေချာနေတော့ (မေမေ့ကို ခွဲစိတ်မွေးဖွားပေးမယ့် ဆရာဝန်ကြီး ဒေါက်တာဦးသန်းဝင်းက နေ့ရက်စိတ်ကြိုက် ရွေးခွင့် ဖေဖေတို့ကို ပေးထားလေတော့) ဖွေးဖွေးဆိုတဲ့ နာမည်နဲ့ နေ့သင့် နံသင့်လည်းပဲ ကိုက်နေတယ်။

တကယ်တော့ ဖေဖေတို့ မေမေတို့ဟာ စာရေးပြီး အသက်မွေးကြရသူတွေဆိုတာတော့ သမီးကလေးကို ပြောထားရဦးမယ်။ စာရေးဆရာဆိုတာ ဘာလဲဖေဖေလို့ သမီးမေးရင်တော့ ဖေဖေကိုယ်တိုင် စာရေးဆရာဖြစ်နေသည့်တိုင် သမီးနားလည်အောင် ဖြေနိုင်မယ်မထင်ဘူး။ မေမေကလည်း ဖြေနိုင်မှာ မဟုတ်ပါဘူး။ အကြမ်းအားဖြင့်ပေါ့ သမီးရယ်။ စာရေးဆရာဆိုတာ လောကနဲ့ ဘဝကို သူ့စိတ်မျက်စိ စိတ်နားနဲ့ ကြားသမျှ မြင်သမျှ အာရုံတစ်ခုနဲ့ ခံစားပြီး သည်ခံစားမှုကို ဗီဇဖိုးငှက်များလို အန်ချလိုက်တဲ့လူတွေပါပဲ။ ဖေဖေတော့ဖြင့် ငယ်ငယ်ကတည်းက ဆင်းဆင်းရဲရဲနေခဲ့ရတယ်။ ပညာကို ဟုတ်တိပတ်တိ မသင်ခဲ့ရဘူး (ကျောင်းနေတုန်းကလည်း စာမတော်ခဲ့ဘူးပေါ့ကွယ်)။ အစိုးရ စက်ရုံတစ်ရုံမှာ ဝန်ထမ်းဖြစ်ခဲ့တယ်။ ဘဝထမ်းပိုး၊ တပ်မက်ခြင်းထမ်းပိုး၊ အယူအဆထမ်းပိုး၊ မသိမှုထမ်းပိုးဆိုတဲ့ ထမ်းပိုးလေးချောင်း ထမ်းရင်းကြီးပြင်းလာရသူပဲ။ စာရေးဆရာဆိုတဲ့ အရေခွံကြမ်းကြမ်းကို ခွာထုတ်လိုက်ရင် ဖေဖေဟာ ဘာမှ မဟုတ်တော့ပါဘူး။ ဖေဖေတို့ အဖေဆိုရင် စက်ရုံအလုပ်သမားကြီး တစ်ယောက်ပါပဲ၊ ကော်လာပြာပေါ့။ ဖေဖေ့အမေကတော့ အိမ်ထောင်





ကျပြီးသွားတဲ့ သာမန် မြန်မာမိခင်တစ်ယောက်လို နေခဲ့ရသူပေါ့။ ဖေဖေ့အဖေက စိတ်ဓာတ်နိုင်မာသလောက် ဖေဖေ့အမေက နူးညံ့လှတယ်။ ဖေဖေကတော့ ခက်ထန်ခြင်းကို မကြိုက်လှဘူး။ နူးညံ့ခြင်းကိုသာ ဖေဖေတပ်မက်တယ်၊ ဖေဖေက သည်လိုပြောလိုက်လို့ ဖေဖေ့ဖခင်ရဲ့ စိတ်ကို မကြိုက်ဘူး၊ မိခင်ရဲ့ စိတ်ကို ကြိုက်တယ် ဆိုတဲ့သဘော မဟုတ်ဘူး။ ဖေဖေ့ ဖခင်ရဲ့ ပြတ်သားနိုင်မာတဲ့ ဆုံးဖြတ်ချက်တွေကြောင့် ဖေဖေတို့ရဲ့ ဖြတ်သန်းမှုမှာ အခက်အခဲတွေ ကျော်လွှားနိုင်ခဲ့တာ အများကြီးရှိခဲ့တယ်။ ဖေဖေ့ မိခင်ကတော့ ဖေဖေ့ရဲ့ အမေ့ကျောင်းပဲ၊ မိခင်ရဲ့နူးညံ့မှုကို အမွေအဖြစ် ဖေဖေရချင်ခဲ့တယ်။ ဘဝမှာ နူးညံ့ခြင်းနဲ့ ကျော်လွှားနိုင်ကြတာတွေလည်း ရှိရတာပဲ မဟုတ်လား။ သမီးလေးကြီးရင် သမီး ဒါတွေ နားလည်လာမှာပဲ၊ မေမေ့ဖခင်များကတော့ တောသူ တောင်သား၊ လှေထိုး လှေလိုက်၊ လှေမျိုးရိုးတွေပေါ့ သမီးရယ်။ မေမေ့ဖခင်က လှေသူကြီး။ မေမေ့မိခင်က လှေသူကြီးကတော် ဆယ့်နှစ်ပွဲဈေးသည်ဘဝနဲ့ ဘဝတွေ ဖြတ်သန်းခဲ့တယ်။ သူတို့ကိုယ်တိုင်က ပညာမတတ်ရှာကြပေမယ့် မေမေ့ကိုတော့ ပညာ ၁၄ တန်း ရောက်အောင် ပညာသင်ပေးခဲ့ကြတယ်။ လှေသူကြီး ဆိုတာ ရှေးက ပွဲစင်ကောက် သစ်သားလှေကြီးတွေနဲ့ ဧရာဝတီ မြစ်ရိုးတစ်လျှောက် စုန်ချည် ဆန်ချည် အညာကုန်တွေ ရောင်းဝယ် ဖောက်ကားတာမှာ ဦးစီးရသူကိုခေါ်တာ။ မေမေဟာ သူ့ဖခင်က လှေနဲ့တက်နဲ့ မိုးထဲလေထဲ လှိုင်းကြီးလေထန် ဘဝဝမ်းကျောင်းနေရချိန်မှာ မြစ်ကမ်းပါးထိပ်က မျှော်ရင်း ကြီးပြင်းခဲ့ရသူလို့ ဆိုနိုင်တယ်။ သမီးကလေးကို ဖေဖေ ဒါတွေပြောနေတာဟာ အဓိပ္ပါယ် ရှိတယ်။ သမီးလေးရဲ့ အဘိုးနှစ်ယောက်မှာ တစ်ဦးက အလုပ်သမားကြီး၊ တစ်ဦးက လှေသူကြီး၊ သည် အဘိုးနှစ်ယောက်က ဆင်းသက်လာတဲ့ သမီးကလေးဟာ လှေနဲ့ လှည်းကိုလည်း ချစ်ရပေလိမ့်မယ်။ ကေရာဇ်တုရင်တစ်ပါးဟာ ခေါင်းပေါ်မှာ ဆောင်းထားတဲ့ သရဖူ ကလွဲလို့ တခြား ဘာအရိပ်အယောင်မှ နားမလည်သူ သက်သက်ဆိုရင်၊ မင်းကောင်း မင်းမြတ်များမှာ ရှိရတဲ့ မေတ္တာတရားနဲ့ တရားမျှတခြင်း ရှိရမယ့်အစား နိုင်လို မင်းထက် ထင်ရာစိုင်းနေသူဖြစ်တယ်ဆိုရင် သမီးကလေး အဲသလို ဧကရာဇ်ရဲ့ မြေးတော် မင်းသမီး ဖြစ်ချင်မယ်မဟုတ်ဘူး။ အလုပ်သမားကြီးနဲ့ လှေသူကြီး အဘိုးနှစ်ယောက်က စီးဆင်းလာတဲ့ သမီးကလေးဟာ တောင်ကြားထဲက လျှိုထဲမှာ ညပ်နေတဲ့ ကျောက်တုံးကြီးတစ်တုံးထက်စာရင် ကောင်းကင်မှာ လွင့်နေတဲ့ မိုးတိမ်ကို အားကျရပေလိမ့်မယ်။ ဟသ်ပဒါးတစ်စု ရွှေနှစ်စု နန်းရင်ပြင် ပြတင်းပေါက်မှာ ထိုင်ငေးနေရတဲ့ ဘုရင့်သမီးတော်ထက်စာရင် လယ်ထဲကိုင်းထဲ သစ်ခင်းထဲမှာ ကောက်လှိုင်းတင်၊ စပါးလှေ့လုပ်နေရတဲ့ လယ်သူမကလေး ဖြစ်ရလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးဆိုတာ ကိုယ်ဖြတ်သန်းရာ လမ်း တစ်လျှောက်မှာ 'ပြုသူ' ဖြစ်ရမတဲ့။ မြက်ခင်းကို နင်းမိရင်တောင် ပန်းတွေ ပွင့်စေရမတဲ့။

ဖေဖေတို့ အိမ်မှာတော့ စာအုပ်တွေပဲရှိတယ်။ သမီးကလေး ရောက်မလာခင်ကတော့ သည်စာအုပ်တွေဟာ ဖေဖေတို့ မေမေတို့ ဖတ်ဖို့ပါပဲ။ သမီးကလေး ရောက်လာတော့ သည်စာအုပ်တွေဟာ အလိုအလျောက် သမီးကလေးအတွက် ဖြစ်သွားရတော့တာပဲ။ သမီးအတွက်တော့ သည်စာအုပ်တွေဟာ 'အနု ဂါမိ' ပေပါပဲ။ 'အနုဂါမိ' ဆိုတာ မိမိ နောက်အမြဲပါတဲ့ ဥစ္စာဆိုတဲ့ အဓိပ္ပာယ်ရှိတယ်။ ပါဠိကတော့ အနုဂါမိက ပေါ့။ စာအုပ်တွေနဲ့ ပတ်သက်လို့ ဖေဖေတော့ အင်္ဂလိပ်လူမျိုး အနုပညာ ဝေဖန်ရေးဆရာ ဂျွန်ရပ်စ်ကင်းရဲ့ အမြင်ကို အင်မတန် နှစ်သက်တယ်။ ဥရောပမှာ နပိုလီယန်စစ်ပွဲကြီးတွေ ပြီးခါစ အရှေ့ဖျားမှာ ဘိန်းစစ်ပွဲပြီးခါစအချိန်၊ ဗြိတိသျှအင်ပါယာ နေမဝင်အောင်ချဲ့ထွင်နေတဲ့အချိန်မှာ အင်္ဂလိပ်တွေ စာမဖတ်ကြဘူး။ စီးပွားရေးနဲ့ ငွေရှာကြ၊ ကုန်သွယ်ရေးနဲ့ ငွေရှာကြ၊ ကိုလိုနီနယ်ပယ်တွေက ရနိုင်သမျှ အမြတ်ထုတ်နေကြချိန်ဆိုတော့ စိတ်ဓာတ်တွေ အောက်တန်းကျနေကြတယ်။ စာရိတ္တတန်ဖိုးတွေ ထိုးဆင်းနေကြတယ်၊ လူမျိုးတစ်မျိုးရဲ့ အကျင့်သီလဟာ စံလွဲနေတယ်။ ဝရန်းသုန်းကား ဖြစ်တဲ့ကြားက ငွေအရချောင်နေကြတော့ စာပေနဲ့ အနုပညာကို အထင်သေးကြတယ်၊ သိပ္ပံနဲ့ နည်းပညာကို ချောင်ထိုးထားကြတယ်။ မေတ္တာနဲ့ ကရုဏာတရားကို စွန့်ပယ်ထားကြတယ်။ သည်အခြေအနေဟာ လူမျိုးတစ်မျိုးရဲ့ ကျဆုံးချိန်ဖြစ်တယ်လို့ ရပ်စ်ကင်းက အကဲဖြတ်ခဲ့တယ်။ ရပ်စ်ကင်းပြောခဲ့တဲ့ စကားကို ဖေဖေ သိပ်သဘောကျတယ်။

'ကျွန်တော်တို့လူမျိုးဟာ စာပေကို အထင်သေးနေတယ်လို့ ကျွန်တော်ပြောခဲ့တယ်။ ကျွန်တော်တို့လူမျိုးဟာ စာအုပ်တွေကို ဘယ်လောက်များ အရေးတယူ လုပ်ကြလို့လဲ။ ကျွန်တော်တို့တတွေဟာ ငွေကုန်ကြေးကျခံပြီး ပြိုင်မြင်းအလှတွေကို မွေးကြသလောက် အများပြည်သူ စာကြည့်တိုက်တွေ၊ ကိုယ်ပိုင်စာကြည့်တိုက်တွေအတွက် ဘယ်လောက်များ ငွေကြေးကုန်ကျခံခဲ့ကြလို့လဲ။ လူတစ်ယောက်ဟာ သူ့စာကြည့်တိုက်ကို ငွေကြေးကုန်ကျခံပြီး စာအုပ်တွေ ဝယ်စုရင် အဲသည်လူကို ရူးကြောင်ကြောင်လို့ ပြောကြတယ်။ စာအုပ်ရူးလို့ ခေါ်ကြတယ်။ ဒါပေမယ့် ဘယ်သူ့ကိုမှ မြင်းရူးလို့ ခေါ်သံ မကြားဖူးဘူး။ လူတော်တော်များများဟာ နေ့စဉ်နဲ့အမျှ





မြင်းကြောင့် ကုန်းကောက်စရာမရှိအောင် ချွတ်ခြုံကျသွားပေမယ့် သူ့ကို ဘယ်သူကမှ မြင်းရူးမခေါ်ကြဘူး။ စာအုပ်ကြောင့် ချွတ်ခြုံကျသွားအောင် စီးပွားပျက်သွားတဲ့လူရယ်လို့ ကျွန်တော် တစ်ခါမှ မကြားဖူးပါဘူး' တဲ့။

ဖေဖေတို့ကတော့ စာအုပ်ရူးတွေပါပဲ သမီးရယ်။ ရတဲ့ ပိုက်ဆံကို ဖေဖေတို့တော့ စာအုပ်တွေ ဝယ်ကြတာပါပဲ။ ဖေဖေတို့နေရတဲ့ ပတ်ဝန်းကျင်မှာ ဖေဖေ နဲ့ မေမေဟာ စာအုပ်ရူးတွေပေါ့။ သည်အရပ်မှာ မြင်းလှည်းဘီးကို ကြားပွတ်ကလန့်သံ၊ လက်ပွတိုက်ထားတဲ့ ထော်လာဂျီသံ၊ မြစ်ထဲက သဲစုပ်မော်တော်တွေရဲ့ အသံ၊ သဲကား ကျောက်ကားတွေရဲ့ ကားဟွန်းသံတွေပဲ ရှိတယ်။ ဖေဖေတို့ အိမ်နားက ကလေးတွေမှာ အလုပ်နှစ်ခုပဲ ရှိကြတယ်။ တစ်ခုက မိုးလင်းရင် ဘက မူလတန်းကျောင်းပြေးကြတာနဲ့ လက်ပံပင်ကြီးတွေအောက်မှာ မျောက်ကလေးတွေလို ဆော့ကြတာပေါ့။ မိန်းမသားကြီးတွေကလည်း အလုပ်နှစ်ခုပဲ ရှိကြသူတွေပါပဲ။ တစ်ခုက ထီပေါက်စဉ်တိုက်ကြတာနဲ့ တစ်ခုက ဆန်ရွေး ပဲရွေးလိုက်ကြ၊ ရန်ဖြစ်ကြတာပေါ့။ ယောကျ်ားသားကြီးများကလည်း အလုပ်နှစ်ခုပဲ ရှိကြတယ်။ တစ်ခုက ကြွေပန်းကန်ထဲကို ခရုကြွေစေ့တွေ ပစ်ပစ်ချတာနဲ့ ကျပန်းအလုပ်တွေ လိုက်လုပ်ကြတာပေါ့။ အပျိုပေါက်မိန်းကလေးတွေမှာလည်း အလုပ်နှစ်ခု ရှိကြတာပါပဲ။ တစ်ခုက ပန်းရောင်းအိုးရောင်းထွက်ကြတာနဲ့ တစ်ခုက ဗွီဒီယို ကြည့်ကြတာလေ။ သည်ပတ်ဝန်းကျင်က လူတွေမှာ စာအုပ်မှ မရှိတာ။ စာအုပ်မဝယ်တာ ဖေဖေ ဘယ်လိုမှ မအောက်မေ့ပါဘူး သမီးရယ်။ သူတို့ အစာအိမ်ဟာ စာအုပ်တွေထက် လေးလံနေကြသူတွေကို။ ဒါပေမယ့် ဥစ္စာဓန ချမ်းသာသူတွေကလည်း စာအုပ်မဝယ်ကြတာတော့ ဆန်းတာပေါ့လေ။ သမီး မွေးဖွားမယ့် မနက်ခင်း တုန်းက သမီးမေမေ ခွဲစိတ်ခန်းထဲ ဝင်သွားတဲ့အခါ ခွဲစိတ်ခန်းအပြင်မှာ ဖေဖေ ဘုရားရှင်ကို ရည်မှတ်ပြီး ဆုတောင်းနေမိတယ်။ အမြင်အကြားအနံ့အရသာ စတဲ့ အာရုံတွေ ကောင်းမွန်တဲ့ကလေးဖြစ်ပါစေ။ ကိုယ်လက်အင်္ဂါ ပြည့်စုံ ပါစေပေါ့။ မိဘတကာ ဆုတောင်းရိုးဆုတောင်းပါပဲ သမီးရယ်။ ဒါတွေပြည့်စုံလို့ သမီးလေးကို ဆေးရုံကနေ အိမ်ကို ခေါ်လာကြတဲ့အခါ ဖေဖေထပ်ပြီး ဆုတောင်းရပြန်တယ်။ သမီးကလေးဟာ စာအုပ်ဝါသနာ ပါသူကလေး ဖြစ်ပါစေ၊ စာအုပ်တွေ မြတ်နိုးလေးစားသူကလေး ဖြစ်ပါစေလို့ပေါ့။ စာအုပ်တွေ အတွက် များတော့ သမီးကလေးက ဘယ်တော့မှ ရက်စက်သော တိတ်ဆိတ်ခြင်း မဖြစ်စေချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေတို့အိမ်ဟာ စာရေးဆရာရဲ့ အိမ်ဆိုတော့ မြင်းပစ္စည်းတွေရောင်းတဲ့ဆိုင်လို မြင်းရိုက်တဲ့ ကြာပွတ်မရှိဘူး။ မြင်းပါးစပ်ထဲထိုးထည့်တဲ့ သံဇက်သွား မရှိဘူး။ မြင်းသံခွာမရှိဘူး။ မြင်းထမ်းပိုးတုံး မရှိဘူး။ မြင်းဇက်ခွံ့ကြိုး မရှိဘူး။ နွားသားရေနဲ့ လုပ်ထားတဲ့ မြင်းကုန်းနှီး မရှိဘူး။ မြင်းပါးချပ်ကြိုး မရှိဘူး။ ခိုင်းမြင်းကို လှပအောင် ဆင်ထားတဲ့ ဖဲ့ကြိုးကြာယပ်မရှိဘူး။ အဖိုးတန်အောင် လုပ်ယူထားတဲ့ ကြေးမွေးပန်းဖွား မရှိဘူး။ ဇာကွက်ဖော်ထားတဲ့ ကုန်းနှီးခင်း မရှိဘူး။ တရုတ်ကဗျာဆရာကြီး အိုက်ချင်ကတော့ မြင်းပစ္စည်းရောင်းတဲ့ဆိုင်ဆိုတာ လှပအောင် ခြယ်သထားတဲ့ ရက်စက်မှုပဲတဲ့။ တန်ဖိုးကြီးအောင် လုပ်ထားတဲ့ သီလကြောင်နိုင်မှုပဲတဲ့။ စွဲမက်အောင်လုပ်ထားတဲ့ ဉာဏ်နိဉာဏ်နက် ဆင်မှုပဲတဲ့။ စာရေးဆရာရဲ့ အိပ်မက်ဟာ မြင်းကုန်စုံဆိုင် မဟုတ်သေးဘူး။

ဘယ်လိုပဲဖြစ်ဖြစ် သမီးကလေးဟာ ဖေဖေတို့ ဆိပ်ကမ်းကို လှေကလေးတစ်စင်းလို လာဆိုက်ကပ်ခဲ့ပြီ။ ဖေဖေတို့ ကောင်းကင်ကို လင်းကျင်းတဲ့ကြယ် လက်တစ်ဆုပ် ကြပက်ခဲ့ပြီ။ ဖေဖေတို့ မြက်ခင်းကို ရေတစ်အိုးမိုးတစ်ပေါက် သွန်းပက်ခဲ့ပြီ။ ဖေဖေတို့ရဲ့ အရိပ်မည်းတွေထဲ မီးအိမ်တစ်လုံး ထွန်းညှိခဲ့ပြီ။ ဖေဖေတို့ရဲ့ နွေပြတင်းမှာ လေညင်းဖြစ်ခဲ့ပြီ။ ဖေဖေတို့ရဲ့ ခြောက်သွေ့မှုထဲမှာ ငွေခြူဆည်းလည်းဖြစ်ခဲ့ပြီ။

သမီးဦးလေးတွေကတော့ သမီးမေမေကို နင်ယောကျ်ားကလေး မွေးရင်ကောင်းမှာတဲ့။ ကြောင်ဟာ ဖြူသည်ဖြစ်စေ၊ မည်းသည်ဖြစ်စေ ကြွက်ကို ခုတ်နေဖို့ပဲလိုတာ မဟုတ်လား။ သမီး အမေကြီးကတော့ သူ့သားတွေ သည်လိုပြောတာကို လက်မခံပါဘူး သမီးရယ်။ သူ့သားတွေကိုလည်း ကြိမ်းနေသေးတာလေ။ ‘နင်တို့ မွေးထားရတာတောင် ဝမ်းရေစပ်သေးသဟဲ့တဲ့။ မင်းတို့လို ယောကျ်ားကလေး ခပ်ချာချာထက်စာရင် ငါ့မြေး မခပ်ထက်ထက်က ပိုကောင်းတော့ မပေါ့’ တဲ့။ ဖေဖေကတော့ ရယ်နေလိုက်တာပါပဲ။ ဖေဖေငယ်ငယ်က ဖေဖေ့အမေကကိုယ်တိုင် အလင်းဆုံးကြယ် မဖြစ်နိုင်သည့်တိုင် အလင်းဆုံးကြယ်ကို ရှာတတ်ရမတဲ့။ ဖေဖေ အလင်းဆုံးကြယ် မဖြစ်နိုင်တော့သည့်တိုင် အလင်းကျင်းဆုံးကြယ်ကို ဖေဖေတို့ မွေးဖွားနိုင်ခဲ့ပြီပဲ။

ဖေဖေ့အတွက်တော့ သမီးဟာ လင်းလင်းကျင်းကျင်းကြယ် ဖြစ်တယ်။

*Idea* ၂၀၀၅၊ ဇန်နဝါရီလ

## ဆံပင်ညှပ်ခြင်း

ကျွန်တော်သည် တစ်လတစ်ခါ ပုံမှန် ဆံပင်ညှပ်သူဖြစ်ပါသည်။ တစ်နှစ်တွင် ဆယ့်နှစ်ကြိမ်ဖြင့် လက်ရှိအသက်နှင့် မြှောက်လျှင် ဆံပင်ညှပ်ခဲ့သည့် အကြိမ်ပေါင်း ပျမ်းမျှ ၆၀၀ ခန့်ရှိခဲ့ပြီ။ ကျွန်တော့်အသက်ထက်တလျှင် ၆၀၀ ဆိုသည့် အကြိမ်မှာ နည်းလွန်းလှပါသည်။ သို့သော် ဆံပင်ညှပ်ဖို့ အမြဲတမ်းလို နှောင့်နှေးတတ်သော ကျွန်တော့်အတွက်တော့ များလွန်းသည်ဟု ထင်သည်။ ပင်ကိုအားဖြင့် ဆံပင်ညှပ်ရမှာကို ကျွန်တော် မနှစ်မြို့တတ်ပါ။ တစ်ယောက်ယောက်၏ တိုက်တွန်းမှုမပါဘဲ ဆံပင်သွားညှပ်တာမျိုး ဘယ်တုန်းကမှ မရှိခဲ့။ ကျွန်တော် ငယ်ငယ်က ဆံပင်ညှပ်ဖို့ တိုက်တွန်းသူမှာ အမေဖြစ်သည်။ ‘ဆံပင်ကြီးကကွယ် ညှင်းဆိုးဆိုးနဲ့’။ အမေ့မှတ်ချက်ကသည်လောက်ပဲဖြစ်သည်။ ပိုက်ဆံ မတ်စေ့တစ်စေ့ ထုတ်ပေးရင်း ဆံပင်ညှပ်ဆိုင်ကိုပါ ရွေးပေးတတ်သည်။ အမေ့စကားထဲမှာ လမ်းညွှန်မှုလည်း ပါသည်။ ဝေဖန်ရေးလည်း ပါသည်။

‘မတိုမရှည် ညှပ်ခဲ့။ ကိုသန်းဆိုင် သွားညှပ်၊ ဟိုတစ်ခါ ကိုတိုင်းကျော်ဆိုင်သွားညှပ်တာ မကောင်းဘူး’

ကျွန်တော်ကတော့ ဦးတိုင်းကျော်ဆိုင်ကို ကြိုက်သည်။ ဦးတိုင်းကျော်ဆိုင်မှာ မယ်ဒလင်သံ ကြားရလို့ဖြစ်သည်။ ဆံပင်ညှပ်သူ ပါးချိန်တွင် ဦးတိုင်းကျော်က မယ်ဒလင်တီးသည်။ မနီးမဝေးမှာ နေသည့် ဦးလေးကျင်က တယောထိုးသည်။ ဆိုကောင်း တီးကောင်းတုန်း ကျွန်တော် ရောက်သွားလျှင် ‘ကောင်လေးနေဦးကွ’ ဟု ဆိုတတ်သည်။ ဖောက်သည်တွေ များလာလို့ ဆံပင်ညှပ်ပေးရသည်ဆိုလျှင်ပင် ပါးစပ်က သီချင်းဆိုရင်း ညှပ်သည်။ တစ်ခါတစ်ခါ ညှပ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



အားမလို အားမရဖြစ်ပုံဖြင့် မယ်ဒလင်ကောက်ကိုင်ကာ ထတီးတတ်သည်။ ထိုအခါ ပိတ်ဖြူစ ညစ်နွမ်းနွမ်းကို လည်ပင်းပတ်ထားရင်း တစ်ခေါင်းလုံး ထုံးမှုန့်တွေ ဖြူးထားသလို ပေါင်ဒါတွေ ပေကျံရင်း ဆံပင်ညှပ်ခုံပေါ်က ငုတ်တုတ် စောင့်နေရတတ်သည်။ ညှပ်ပြီးသည့်အခါတိုင်း အမေမှာလေ့ရှိသည့် မတို မရှည်တော့ မဟုတ်တော့ပါ။ တိုနံ့နံ့ ဖြစ်ရသည်ချည့်။ ကျွန်တော်ပြန်လာတော့ ကျွန်တော့်ခေါင်းကို ခေါ်ကြည့်ရင်း 'ကိုသန်းလည်း မကောင်းပါဘူးကွာ၊ မင်းပါးစပ်က မပြောဘူးလား၊ မတိုမရှည်ပါလို့' ဆိုတတ်မြဲဖြစ်သည်။ ကျွန်တော် တို့ရွာမှာ ဆံပင်ညှပ်ဆိုင် သုံးဆိုင်ရှိသည်။ တစ်ဆိုင်မှာ ကျွန်တော် ပြော ခဲ့သည့် ဦးတိုင်းကျော် ဆိုင်ဖြစ်သည်။ နို့ကြီးနှစ်လုံး ပုံ့ပုံ့ကျနေသည့် ရောမ လူဝကြီးဖြစ်သည်။ မျက်ရစ်မပါသော မျက်ခွံပိတ်ကြီးဖြင့် ထာဝရအပေါ်ပိုင်း ဗလာကျင်းနေသူ ဖြစ်သည်။ သီချင်းဆိုတာ ဝါသနာပါသည်။ မယ်ဒလင်တီးတာ ဝါသနာပါသည်။ နောက်တစ်ဆိုင်မှာ အမေလွှတ်တတ်သည့် ဦးသန်းဆိုင် ဖြစ်သည်။ ဦးလေးသန်းက တစ်ခါတလေ ဆံပင်ညှပ်ခ တစ်မတ်ကို မယူတတ် သဖြင့် တွက်ခြေကိုက်သည် မှန်သော်လည်း ပျင်းစရာကောင်းသည်ဟု ကျွန်တော် ထင်သည်။ နောက်တစ်ဆိုင်ကတော့ 'ဝိသကြုံလက်ရုံး' ဆံပင်ညှပ်ဆိုင် ဖြစ်သည်။ ဝိသကြုံဆွမ်းလောင်းအသင်းသား ဦးကျောက်ခဲ ဖွင့်ထားသည့် ဆိုင်ဆိုတော့ ဆွမ်းလောင်းအသင်းသားများ အားထားရာဆိုင်ဖြစ်သည်။ ဦးကျောက်ခဲ ကိုယ်တိုင်က ပိတ်ဖြူစင်ကြယ်ဝတ်ကာ ဆံပင်ညှပ်သူဖြစ်သည်။ ဝိသကြုံဆွမ်းလောင်းအသင်း၏ အားထားရသူ ညာလက်ရုံး ဆိုသည့်သဘော ဖြင့် ဝိသကြုံလက်ရုံးဟု ဆိုင်းဘုတ်တပ်သည်။ ဦးကျောက်ခဲက ညှပ်သူ၏ ခေါင်းပေါ်ကို သူ့ဘယ်လက်ဝါးကြီး အုပ်လိုက်ပြီး လွတ်သမျှနေရာကို စက်ကတ် ကြေးဖြင့် မြင်းမွေးထိုးသလို ထိုးထိုးချတတ်သူ ဖြစ်သည်။ ဝိသကြုံဆွမ်းလောင်း အသင်းသား အားလုံးမှာ သည်ပုံစံချည်းသာ ဖြစ်၏။ 'ဝိသကြုံလက်ရုံးပုံ'။

'လုပ်ဖော်ကိုင်ဖက်အချင်းချင်း တစ်ပုံစံတည်း ညှပ်တာ Crew Cut ခေါ်တာပေါ့ကွ၊ ကတုံးဆံတောက်လိုပဲပေါ့။ ကိုကျောက်ခဲက ရှေးကတည်းက Crew Cut ညှပ်တဲ့ သဘောပဲ'

အဖေက နောင်မှ ကျွန်တော့်ကို ပြောပြဖူးသည်။ ကျွန်တော် ခြောက် တန်း၊ ခုနစ်တန်းကျောင်းသားအရွယ် ရန်ကုန်ရောက်တော့လည်း ကျွန်တော့် စိတ်ကြိုက် ဆံပင်ညှပ်ခွင့်မရှိသေးပါ။ ရန်ကုန်မှာတော့ အဖေ့လွှမ်းမိုးမှုက ကြီးသည်။ ရန်ကုန်မြို့ကြီးကို ရောက်သည့်တိုင် ရွာက ဆံပင်ညှပ်ဆိုင် သုံးဆိုင် ထက် ညံ့ဖျင်းသော (အဆင်အပြင်ကို ဆိုလိုပါသည်) ဆိုင်တစ်ဆိုင်မှာ





ကျွန်တော် ဆံပင်ညှပ်ခဲ့ရသေးသည်။ မီးရထားဈေးကလေးဘေးက သစ်သား ထရံမှာ မှန်တစ်ချပ်ချိတ်၊ ကုလားထိုင်ဟောင်းကလေး တစ်လုံးချ။ ဘာ ဆိုင်းဘုတ်မှ မရှိသည့်ဆိုင်မှာ ညှပ်ရခြင်းဖြစ်သည်။ ညှပ်သူက အဖေ့မိတ်ဆွေ ဟုဆိုသည့် ဟိန္ဒူလူမျိုး ဖြစ်သည်။ ဆံပင်ညှပ်ဆရာကြီးက အမြဲတမ်း လူအား နေသည့် ကုလားထိုင်မှာ ကျွန်တော့်ကို ထိုင်ခိုင်းကာ အနံ့တထောင်းထောင်း ထနေသည့် ပိတ်စကိုပတ်၊ လည်ပင်းနားမှာ ခပ်တင်းတင်း ကြိုးချည်ရင်း ကျွန်တော့် ဆံပင်တွေကို မွေးတိုဘရပ်ရှ်တုံးဖြင့် ရေဆွတ်ရင်း ပွတ်လေသည်။ ပါးစောင်မှာ ဘီဒီကုလားဆေးလိပ် ပွတ်ချွန်းကို ခဲရင်း 'နိုင်ငံရေးက ဘယ်နှယ့်လဲဗျ' ဟု ဟင်ဒီဘာသာဖြင့် အဖေ့ကို မေးသည်။ ဤသို့ဖြင့် ကမ္ဘာရေးရာတို့သည် ဘီဒီ ပွတ်ချွန်း ဆေးလိပ်ငွေ့တွေကြားမှာ လူးလွန့်နေသည်။ ပြောင်ပြီးသားနေရာကို စက်ကပ်ကြေးဖိထိုးသဖြင့် ဆံပင်ညှပ်တာနဲ့ မတူဘဲ မီးပူတိုက်တာနှင့် တူနေ လေ၏။ ဆံပင်ညှပ်ပြီးလျှင်တော့ အပေါ်စား ပေါင်ဒါမှုန့်တွေ အဖွေးသားဖြင့် အမွေးတုံးတုံး မျောက်တစ်ကောင်နှင့် တူနိုင်သမျှ တူလေသည်။ သည်ဆိုင်မှာ နှစ်ခါသုံးခါ ညှပ်ပြီးသည့်အခါမှာတော့ အဖေ့ လုပ်ပိုင်ခွင့်ကို အမေ ရုပ်သိမ်း လေသည်။

နောက်ပိုင်းမှာ ကျွန်တော့်ဆုံးဖြတ်ချက်နှင့် ကျွန်တော် ညှပ်ခွင့်ရခဲ့ သည့်တိုင် ဆံပင်ပုံစံရယ်လို့ မရှိခဲ့ဘဲ အမေပြောသလို 'မတိုမရှည်ဗျာ' လို့သာ ပြောမိတတ်ပါသည်။ ကျွန်တော့်အစ်ကိုတွေက မင်းသားကြီးကျော်ဆွေပုံ အမောက်ပွပွ ထောင်ထောင် ဘေးသိမ်ညှပ်လိုက်ကြ၊ မင်းသားကြီး မြင့်အောင်ပုံ ဝိဝိပါးပါး ညှပ်လိုက်ကြ လုပ်နေကြတာကိုကြည့်ရင်း ဖြစ်ရလေဟု အောက်မေ့ မိတတ်သည်။ ကျွန်တော် ငယ်ငယ်က မူလတန်းကျောင်းသားဘဝက အဖြစ် ကိုလည်း သတိရပါသည်။ အမေက ဆောင်းတွင်း အေးချမ်းချမ်းမှာ မီးလှုံတိုင်း အုန်းဆီပုလင်းဖင်ကို မီးကင်ကာ အုန်းဆီကို အရည်ပျော်စေသည်။ အုန်းဆီကို လက်ထဲ လောင်းထည့်ကာ လိုသလောက် လိမ်းပေးမြဲ။ တစ်ရက်မှာတော့ ပုလင်းမီးမကင်မိသဖြင့် အုန်းဆီခဲကို တုတ်ဖြင့် ထိုးကော်ကာ အခဲလိုက် ပွတ်ပေးလိုက်သည်။ ကျောင်းခန်းတွင်းမှာ နဖူး၊ နားထင်၊ နားရင်းတွေဆီက စီးကျလာသော အုန်းဆီတွေကို နေရင့်လေ သုတ်နေရလေ။ နေပြင်းလေ စီးကျလေ။ ထိုနေ့က ကျွန်တော့်ခေါင်းသည် တစ်ကျောင်းလုံးမှာ တာအစားဆုံး ဖြစ်နေလေသည်။ သည်ကတည်းက အမေ့အုန်းဆီကို ကျွန်တော် လက်မခံ တော့။ နောက်တစ်မျိုးက ဘီး။ ဘီးသည်လည်း ကျွန်တော်နှင့် သိပ်မအဆင်ပြေ လှသော ရုပ်ဝတ္ထုဖြစ်သည်။ ကမ္ဘာလောက၌ ဘီးဆိုသည့်အရာကို တီထွင်ခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော ပုဂ္ဂိုလ်ကိုတော့ ကျွန်တော် ကျေးဇူးမတင်ပါ။ ကျွန်တော့် လက်ချောင်း ငါးချောင်းသည် ဘီးကျဲဖြစ်သည်။ မသပ်မရပ် ဖြစ်နေသည်ဟု ထင်လျှင် လက် ငါးချောင်းဖြင့် ထိုးခွဲဖိသိပ်လိုက်ခြင်းဖြင့် အတန်ငယ် သပ်ရပ်သော အဆင့်သို့ ရောက်လေ၏။ ဤသို့ဖြင့် ကျွန်တော်သည် ဆံပင်ပုံ ကျခြင်း မကျခြင်း၊ ညှပ် ရမည့် ဆံပင်ပုံစံ (ဥပမာ–ဒွေးကော၊ လုရီကေ ဆိုတာမျိုး) ရွေးခြင်း မရွေးခြင်း၊ ဆံပင်ညှပ်ရမည့် အချိန် ဟုတ်ခြင်း မဟုတ်ခြင်း၊ ညှပ်ပြီး ဆံပင်ပုံစံကို သခြင်း မသခြင်းစသည့် ဝိစိကိစ္စာများ မရှိတော့သော်လည်း ဆံပင်ညှပ်သည့်အခါတိုင်း လုပ်ရသော အလုပ်နှစ်ခုတော့ ပိုလာခဲ့သည်။ တစ်ခုမှာ ဆံပင်ညှပ်ပြီး ဆံရင်း တွေကို တိသည့်အခါ တစ်ခါသုံးဓား (ဘလိတ်ဓါး) သုံးသလား ဆိုတာ ပြူးပြူ ကြည့်ရခြင်း ဖြစ်ပါသည်။ မသေချာလျှင် မေးရသည်။ ယုံလောက်စရာမရှိလျှင် မတိပါနှင့် ပြောရသည်။ သင်တုန်းဓားတော့ ဝေးဝေးရှောင်သည်။ ကမ္ဘာ့နာကို ကြောက်လို့မဟုတ်။ ကိုယ်က မကျူးလွန်ရဘဲ ဒဏ်ခတ်ခံရသည့် ပြစ်ဒဏ်မျိုးကို စက်ဆုပ်ခြင်းကြောင့်ဖြစ်သည်။ နောက် အလုပ်တစ်ခုမှာ ဆံပင် ဆေးဆိုးရခြင်း ဖြစ်၏။ ဆံပင်ညှပ်ပြီးစ ဆေးဆိုးတော့ ဆေးကုန်သက်သာသည်။ ဆေးနှံ့သည်။ (ဒါကလည်း အိမ်ရှင်မ၏ တွက်ကိန်းများ ဖြစ်ပါသည်)

လေ့သူကြီး ဘိုးညိုကတော့ လေ့တစ်ခေါက်ပြန်မှ ကလေးခြောက် ယောက်ခေါ်ကာ တစ်ပြိုင်နက် ဆံပင်ညှပ်ထွက်တတ်သည်။ သူပါ ညှပ်တော့ ခုနစ်ယောက်။ တစ်ယောက် တစ်ကျပ်ခေတ်က ခုနစ်ကျပ်ကုန်လေတော့ တစ်ခါတစ်ခါ လကျော်တတ်သည်။ ထိုအခါ ဆံပင်တွေ ရှည်လျားပြီဖြစ်သော အငယ်ဆုံးသားက စကားတစ်ခွန်း ပြောလေသည်။

'အဖေ့လေ့အလုပ်ကလေး သည်တစ်ခေါက်အဆင်ပြေရင် ဆံပင် တော့ ညှပ်ကြဦးစို့ဗျ' ဟူ၏။

ကမ္ဘာကျော် ဘောလုံးသမား ရိုနာလ်ဒိုကတော့ ဆံပင်ပုံစံသည် သူ့ ဘဝအဓိပ္ပာယ်ဟု ဆိုသည်။ တလောက ကျင်းပသည့် ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲတွင် ဦးစွန်းဖုတ် ဖက်ရှင်ထွင်လိုက်ခြင်းကို ဆိုလိုပါသည်။ သားကလေး 'ရော်နယ်လ်' က တီဗွီမှာ ပေါ်လာတတ်သော ရော်ဘတ်တိုကားလို့စ်ကို သူ့ အဖေထင်ကာ မကြာခဏ နမ်းတတ်ခြင်းကြောင့် ဆိုသည်။ ကားလို့စ်၏ ကတုံးကို သူ့ကတုံးနှင့် ရောထွေးနေမှန်းသိတော့ ဆံပင်ပုံပြောင်းလိုက်သည်။ သို့သော် ပြဿနာက မပြီးသေးပါ။ ကမ္ဘာ့ဖလားပွဲကြီးပြီးလို့ အိမ်ပြန်တော့ သားငယ်က မမှတ်မိဟု ဆိုပြန်သည်။





'ကျွန်တော့် နဂိုကတုံးကို ကျွန်တော် ပြန်ထားမှာပါ။ ခက်တာက သည် ဦးစွန်းဖုတ်ကေကလည်း အကျိုးပေးနေတယ်လေ။ ရွှေဖိနပ်ဆုရခဲ့တာ သည်ပုံစံကြောင့်ပေါ့'

၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပွဲတစ်လျှောက် တွေ့ရသည့် အပြောင်း အလဲများတွင် ဆံပင်ပုံစံအပြောင်းအလဲတွေ တော်တော်များများ တွေ့ ရသည်။ ကံအဆိုးဆုံးအသင်းမှာ စပိန်။ ကံအဆိုးဆုံး အရှုံးသမားမှာ အီတလီ။ အဆိုးရွားဆုံး ပြစ်ဒဏ်မှာ ပေါ်တူဂီမှ ယာပင်တို။ အဆိုးဆိုးဒိုင်လူကြီးမှာ အီဂျစ်လူမျိုး ကွင်းလယ်ဒိုင် ဂါမယ်ဂန်ဒါနှင့် အဆိုးဆုံးဆံပင်ပုံစံပိုင်ရှင်မှာ တူရကီမှ အူမစ်ဒါဗာလာဟု ဆိုသည်။ ပြင်သစ်မှ ဖေဘီယန်ဘားသက်ဇ်၊ နိုင်ဂျီးရီးယားမှ တာရီဘိုဝက်စ်၊ ဘရာဇီးမှ ရိုနာလ်ဒို၊ ရိုမေးနီးယားမှ ဂျော်ဂီယာဂီ၊ ကိုလံဘီယာမှ ကာလို့စ်ဗယ်ဒါရာ၊ ဂျပန်မှ နာကာတာ၊ နိုင်ဂျီးရီးယားမှ အိုကိုချာ၊ မက္ကဆီကိုမှ ဟာနန်းဒက်ဇ် တို့သည်လည်း ကမ္ဘာ့ရုပ်မြင်သံကြားပရိသတ် အတွက် ဆံပင်ပုံစံတွေကို သတိထားမိစေသူများဖြစ်သည်။ ခေါင်းတုံး ပြောင် ပြောင်၊ ဆံပင်တို့ ဆံပင်ပွ၊ ကျစ်ဆံမြီး၊ မြင်းမြီး၊ ခြသေ့်လည်ဆံ၊ ပုတီး စေ့သီ။ တချို့ အမောက်နီ၊ တချို့ ရွှေရောင်၊ တချို့က အစိမ်း။ ၁၉၉၈ ပြင်သစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာတုန်းက ထူးဆန်းသော ဆံပင်ကိစ္စ ဖြစ်ခဲ့ဖူးသည်။ ရိုမေး နီးယားအသင်း တစ်သင်းလုံး အုပ်စုပိုလ်စွဲလျှင် နိုင်ငံတော်၏ ပင်မအရောင် ဖြစ်သည့် အဝါရောင်ဆေးဆိုးကြဖို့ ဆုံးဖြတ်ထားကြခြင်းဖြစ်သည်။ တကယ် လည်း ပိုလ်စွဲခဲ့သည်။ အကျီဝါ၊ ဘောင်းဘီဝါ၊ ဆံပင်ဝါ။ သို့သော် ဒုတိယ အဆင့်မှာ အင်္ဂလိပ်ဖြူနီကျား ခရိုအေးရှားကို ရှုံးကာ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ကမ္ဘာကျော်ဘောလုံးသမား ဒေးဗစ်ဘက်ခမ်းကတော့ တစ်ခါဆံပင် ညှပ်လျှင် ဒေါ်လာ ၈၀၀ ကုန်သည်ဟု ကြားရသည်။ ကျွန်တော့်အမေကို ပြောပြ တော့ ဒေါ်လာ ၈၀၀ ဆိုတော့ 'ငွေ့ငွေ ဘယ်လောက်တုံး' ဟု မေးသည်။ ကျွန်တော်က တွက်ပြတော့ အမေမျက်လုံးပြူးလေ၏။

'ဘဟန် ဆံပင်ညှပ်ရတာ သံချည်သံကွေးဆရာတွေ သံဖြတ်ရတာ လောက် ခက်လို့နေမှာပေါ့ကွယ်' ဟု မှတ်ချက်ပေးသေးသည်။ ဘက်ဟမ်းကို အမေက ဘဟန်လို့ခေါ်တတ်သူဖြစ်သည်။ ဒေးဗစ်ဘက်ဟမ်းကလည်း ပြော လောက်စရာ။ တလောက သူ၏ မိုဟီကန်ဆံပင်ပုံစံဆိုတာကြီး ညှပ်လာပြီး ကွင်းထဲဆင်းလာတာကို တစ်ကမ္ဘာလုံးက ရုပ်မြင်သံကြား ပရိသတ်တို့ ချက်ချင်း မြင်ကြရသည်။ ဤသို့ဖြင့် 'မိုဟီကန်' တွေ ထောင်းထသွားလေ၏။ လန်ဒန် မှာ ခြောက်လသားကလေးကလည်း မိုဟီကန်နှင့် ဖြစ်လာသည်။ မိုဟီကန်



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ကြောင့် ကျောင်းသားတော်တော်များများ နို့တစ်စာအပေးခံကြရသည်။ ဒေးဗစ်ဘက်ခမ်းက 'ကျွန်တော်တော့ ကြောက်သွားတယ်ဗျာ' ဟု ဆိုရသည်အထိ ဖြစ်လာခဲ့သည်။ မနေ့တစ်နေ့က ဗြိတိန်ဘုရင်မကြီးနှင့် လက်ဆွဲနှုတ်ဆက်တော့ မိုဟီကန်နှင့် မဟုတ်ဘဲ ညှဉ်းသိုးသိုးပုံစံကြီးနှင့် ဖြစ်သည်။ ဘုရင်မကြီးက 'မင်းနယ်ကွယ် ဖြစ်မှဖြစ်ရလေ' လို့များ ပြောလိုက်လေသလား။ ခုတလော ကျွန်တော်မြင်ရသလောက် လူငယ်တော်တော်များများ ဆံပင်ရှည်ကြီးတွေ ဖားလျားချထားတာမျိုးတွေ များနေသည်။ တချို့က 'ယောက်ျားကလေးတွေပေမယ့် အပွကောက်ကြသေးတာဗျ' ဟု ပြောပြသည်။ ကျွန်တော်ကတော့ မအံ့ဩပါ။ ဒါက တစ်ဦးချင်းကိစ္စဖြစ်သည်။ သူ၏ စိတ်ကိစ္စနှင့် ယှဉ်သော ရုပ်ကိစ္စသာဖြစ်သည်။

မန္တလေးမြို့ကြီးတွင် ဆံပင်ညှပ်ဆိုင်ပေါင်း ထောင်ချီရှိပါလိမ့်မည်။ ခေတ်မီ အအေးခန်း ဆံသဆိုင်ကြီးများမှသည် 'မောင်သိန်းမောင် ဆံပင်ကိုက်ညှပ်သောဆိုင်' အထိ နည်းလှမည်မထင်ပါ။ သို့သော် ဆံပင်ညှပ်ဆိုင်အားလုံး သည် ကျွန်တော်နှင့် မဆိုင်ပါ။ ဖြစ်နိုင်လျှင် ဆံပင်ညှပ်ဆိုင်ကို မသွားရဘဲ အသင့်ညှပ်နိုင်သည့် ရယ်ဒီမိတ်ခေါင်းစွပ်ရှိစေချင်သူသာ ဖြစ်သည်။ တလောက ချယ်နယ်လ်တစ်ခုမှာ ဆံပင်ကို ဓားကတ်ကြေး၊ စက်ကတ်ကြေး မသုံးဘဲ မီးစွဲလောင်နေသည့် မီးခြစ်ဆံ မီးတောက်ဖြင့် ရှဲခနဲ ရှဲခနဲ မီးရှို့ညှပ်နေတာ တွေ့လိုက်ရတော့ တီဗွီရှေ့ထိုင်ရင်း ဆံပင်မီးလောင်နံ့တွေပင် ရနေခဲ့သည်။ ညှပ်ပေးနေသူမှာ ရုရှားအမျိုးသမီးကြီးဖြစ်ကာ ဘယ်ဘက်လက်က ဘီးဖြင့် ဆံပင်ကိုမ၊ ညှပ်ချင်သည့်အပိုင်းကို မီးတောက်ဖြင့် ရှို့ရင်း ညှပ်ပေးနေခြင်းဖြစ်သည်။ အမေကတော့ ဒါကို ကြည့်ရင်း 'အလိုတော် ဆံဦးဆံဖျား မီးတိုက်ရတယ်လို့' ဟု ဆိုလေ၏။

ကျွန်တော်တို့ အိမ်နှင့်နီးသည့် ဆံပင်ညှပ်ဆိုင်နှစ်ဆိုင်ရှိသည်။ တစ်ဆိုင်က ညနေခင်း ဈေးကလေးထဲက အိမ်တစ်အိမ်မှာ ဖြစ်သည်။ မိန်းကလေးတွေကိုပါ ညှပ်ပေးနေသဖြင့် အမြဲတမ်းလူများတတ်သည့် ဆိုင်ဖြစ်သည်။ ဥပုသ်နေ့တွေမှာ ပိုဆိုးသည်။ မွေးနေ့၊ သောကြာ၊ တနင်္လာ မရှိ။ ယောက်ျား၊ မိန်းမ၊ ကလေးတွေ ကြားမှာ တစ်ခါတစ်ခါ နာရီတော်တော်ကြာကြာ ထိုင်နေရတာကို ကျွန်တော် စိတ်ပျက်သည်။ ညှပ်သူ လူငယ်က ကျွန်တော့်ကို အားနာသဖြင့် တစ်ခါတစ်ခါတော့ ကြားချညှပ်ပေးတတ်သည်။ သို့သော် မုန့်သာဝေစားမယ်၊ လူကျော်တော့ မခံချင်ဘူး ဆိုသူတွေကြားမှာ မျက်နှာပူသည်။





'မင်းနယ်ကွယ် ဆံပင်သွားညှပ်တာ တမေ့တမော။ ဖွဲတင်လှဆိုင်သွားညှပ်ရောပေါ့။ သူလည်း မဆိုးပါဘူးကွယ့်။ ညှပ်သက်ပဲ နှစ်ပေါင်းလေးဆယ်လောက်ရှိပါပြီ'

တစ်ခါတော့ ဦးတင်လှဆိုင်ကို ကျွန်တော်ရောက်သွားခဲ့သည်။ ဆိုင်ကလေးက စောင်းစောင်း။ မပြုမပြင် ပစ်ထားတာ ကြာခဲ့ပုံပေါ်သည်။ ဦးတင်လှကိုယ်တိုင်က ခါးကလေးတစ်ဖက် စောင်းနေသူ။ ဆိုင်းဘုတ်ကလေးကလည်း ခပ်ဝါးဝါး။ ဖွဲတင်လှ ဆံသ။ ဆိုင်းဘုတ်ကလေးကလည်း စောင်းနေတာပါပဲ။ ဆံသပစ္စည်းတင်သည့် စင်ကလေးကလည်း ခနော်နီ ခနော်နဲ့။ ဆံပင်ညှပ်ခုံက ခြေလေးချောင်းအနက် ကြွက်တွင်းထဲ နှစ်ဖက်ဝင်နေသည်။ သည်ဆိုင်ကလေး၏ အားသာချက်မှာ လူသိပ်မရှိခြင်းဖြစ်သည်။ ရောက်မှတော့လေ ညှပ်ပါဦးမယ်။ ကြည့်မှန် ပြဒါးကွာ စောင်းစောင်းမှာ ကျွန်တော့်ခေါင်းသည်ပင် တစ်ဖက်စောင်း သွားလေသလား ထင်ရ၏။ နောက်တော့ သည်ဆိုင်ကလေးမှာ မညှပ်ဖြစ်တော့။ သည်တော့ ညှပ်နေကျ ဆိုင်ကလေးဆီ ပြန်သွားရပြန်သည်။ လူတွေကြားထဲမှာ တမေ့တမော စောင့်ရှုံသာ။

'ဖွဲတင်လှဆိုင်တော့ မညှပ်ပါနဲ့ရှင်။ ရုရှားမက ဆံပင်ကို မီးရှို့ညှပ်တာနဲ့ တူလို့ပါ။ သွားနေကျဆိုင်က လူများရင် မြို့ထဲ ကြုံရာမှာ ညှပ်ခဲ့ပေါ့'

အခုတော့ ကြုံရာမှာ ကျွန်တော် ဆံပင်ညှပ်သည်။ လှေသူကြီးဦးညို၏ သားငယ်က 'အဖေ့လေ့အလုပ်ကလေး အဆင်ပြေရင် ဆံပင်ညှပ်ကြဦးစို့' ဟု ဆိုဖူးသည်။ ကျွန်တော်လည်း စာမူခလေး အဆင်ပြေလျှင် ဆံပင်ညှပ်ရဦးမည်။

*Idea* ၂၀၀၂၊ အောက်တိုဘာလ

www.burmeseclassic.com

## အင်ပရက်ရှင်နစ်ဇင် အိပ်မက်

ညက အဖေ့ကို အိပ်မက် မက်သည်။ အဖေကွယ်လွန်တာ နှစ်ပေါင်း နှစ်ဆယ်ကျော်ပြီဖြစ်သော်လည်း ညက ကျွန်တော့်ဆီ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာခြင်းဖြစ်သည်။ အဝတ်အစားတွေက ဟောင်းနွမ်းလှသည်။ တစ်ခါက အဖေ့အထင်ကရ အမှတ်အသားဖြစ်သည့် နှုတ်ခမ်းမွေး ကုပ်ကွေးကွေးက လယ်ယာမြေမှ ကင်းကွာနေသည့် တံစဉ်ဟောင်းတစ်ချောင်းနှင့် တူနေသည်။ အိပ်မက်ထဲမှာ အဖေ့ကိုယ်နံ့ကိုပါ ရနေသည်။ ကျွန်တော်နှင့်အမေ နေထိုင်သည့် ရွာကလေးကို အဖေ တစ်ခေါက်တစ်ကျင်းပြန်လာလျှင် မြင်ရတတ်သည့် တာပေါ်လင်ဟောင်း အိပ်ရာလိပ်ပင် ပါသေးသည်။ အိပ်မက်ထဲမှာပင် အဖေက မက်ဆိုပိုတေးမီးယားစ်မြေပြင်က ဒဏ်ရာဖြင့် ပြန်လာသော ဂျာမဒါတစ်ယောက်လို ဖြစ်နေသည်။ အိမ်ရောက်တော့ အဖေက ရန်ကုန်မှ ဝယ်လာသည် ဆိုသော ကော်နှင်းဆီပန်းရင်ထိုးကလေးတွေ ထုတ်ပေးသည်။ အိမ်နီးချင်းတွေ ဝေလိုက်ကွာလို့ နိုင်းသည်။ ကျွန်တော်က အနည်းအကျဉ်းလောက်သာ ဝေပြီး ကျန်တာ ဝှက်ထားလိုက်ပါသည်။ အမေကတော့ နှစ်ကုန် နှစ်ခန်း အကြာကြီး နေမှ တစ်ခေါက်ပြန်လာသည့်အဖေ့ကို စိတ်ဆိုးနေပုံဖြင့် မီးဖိုချောင်ထဲမှာ ငုတ်တုတ်။ သို့သော် အမေ့ရင်ဘတ်မှာ နှင်းဆီပန်းတစ်ပွင့်။ အဖေ ဝယ်လာသည့် ကော်နှင်းဆီပွင့်ကလေး။ အိပ်မက်က ဒါပဲဖြစ်သည်။ မိုးလင်းတော့လည်း သည် အိပ်မက်က ပျောက်မသွား။ သည်အိပ်မက်အကြောင်း အမေ့ကို ပြောချင်သော်လည်း အမေကလည်း မရှိတော့ပါ။ ကျွန်တော်ငယ်ငယ်က အိပ်မက် တစ်မျိုး ထဲကို မကြာခဏ မက်လေ့ရှိတာကိုလည်း သတိရမိပါသည်။ အိပ်မက်က ရိုးသော်လည်း တွေးမိတိုင်း ကျွန်တော်ကြောက်ပါသည်။ ရွာတာလမ်းပေါ်မှာ





လရောင်က ဝင်းဝင်းစက်စက် ပေါက်ကျနေသည့်ည။ တာလမ်းပေါ်မှာ သူငယ်ချင်းများနှင့် ကစားနေရာက ကစားဝိုင်းမှ ခွဲထွက်ကာ ရွာအနောက်ဘက် တံခါးဆီ ကျွန်တော် လျှောက်လာခဲ့သည်။ ရွာအနောက်ဘက် ဆူးတံခါးနှင့် ကပ်လျက်မှာ သင်္ချိုင်းရှိသည်။ အမေတို့က 'လုပ်တိုင်းကုန်း' လို့ခေါ်ကြသည့် သင်္ချိုင်းကို သွားနေမှန်း သိသော်သော်လည်း ကျွန်တော်တစ်ယောက်တည်း လရောင်ထဲမှာ တစ်လှမ်းချင်း သွားနေခြင်းဖြစ်သည်။ ဘေးပတ်ဝန်းကျင်မှာ လူတွေ သွားလာနေတာ မြင်ရသော်လည်း ကျွန်တော့်ကို မမြင်ကြသလို လှည့်ပင်မကြည့်ကြ။ ကျွန်တော်က နှုတ်ဆက်သော်လည်း သူတို့က မကြား။ နောက်တော့ အမေ့ ငိုသံကို ကျွန်တော် လျှောက်နေရင်းက ကြားလိုက်ရသည်။ ကျွန်တော်နီးတော့ အနားမှာ အမေရှိသည်။

'ငါ့သားလေး အော်လိုက်တာ အမေနိုးသွားတာ။ ရေသောက်လိုက်ဦး' သည်အိပ်မက်ကို ကျွန်တော် မကြာခဏ မက်သည်။ မကြာခဏ ဆိုသော်လည်း မေ့လောက်မှ တစ်ခါဆိုတာမျိုး မက်ခြင်းဖြစ်သည်။ ကျွန်တော့်အဖို့ ထူးဆန်းနေသော်လည်း ကျွန်တော်သည်လို ထပ်တူထပ်မျှ မကြာခဏ မက်တတ်သည် ဆိုသည့်အခါ မယုံကြည်သူတွေက များသည်။ ကျွန်တော့်ညီ တစ်ယောက်ကတော့ နေမကောင်းလျှင် ငါးကြော်နှင့် ဆန်ပြုတ်စားရလေ့ရှိတော့ မကြာခဏ ဖျားတတ်သည်။ 'ငါးကြော်နဲ့ ဆန်ပြုတ်စားချင်စိတ် ပေါ်လာရင် ငါတော့ ဖျားလိုက်တာပဲ' ဟုဆိုသောအခါ ကျွန်တော် မယုံတာမျိုး ဖြစ်ပါလိမ့်မည်။ ညီဝမ်းကွဲတစ်ယောက်ကတော့ လေးငါးနှစ်သားကတည်းက ပြောစမှတ်တွင်သူ။ တစ်ရက်တော့ သူ့အမေကို 'အိပ်မက်ထဲမှ ငါးတွေ အများကြီးအမေရ' ဟု အိပ်ရာက နိုးနိုးချင်း ပြောပြသည်။ ကျွန်တော့်ညီ နာမည်က မောင်မြင့်သိန်းဆိုတော့ 'သိန်း၊ ငါးတွေမက်လို့တဲ့၊ ငါးတွေမှ အိပ်ပေါ်တက်တက်လာတာ ဖွေးဖွေးလှုပ်လို့တဲ့' ဆိုသည့် အပိုတွေပါ ပါလာသည့်အခါ တစ်မျိုးလုံး ထိဆိုင်ပြေးကြသည်။ ထိုအတိတ် ရေးရသည့်ခေတ်ဆိုတော့ 'သိန်းအိပ်မက် သိန်းဆုထွက်' တို့၊ 'သိန်းရဲ့ငါး သိန်းဆုပွား'တို့၊ 'သိန်းနဲ့ငါး တို့စီးပွား' တို့ ဖြစ်ကုန်သည်။ အိပ်မက်ရှင် သိန်းကတော့ အမျိုးထဲမှာ အတော်တာစားသွားသည်။ အမေကတောင် 'နင်များ ဘယ်တော့မှ သိန်းလေးလို အိပ်မက်ကောင်း မမက်ဘူး' ဟု ကျွန်တော့်ကို ကြိမ်းသည်အထိ သိန်းအိပ်မက်က 'ပေါက်' သွားခဲ့ခြင်းဖြစ်သည်။ ဆွေမျိုးတွေက ဖွဲမလျှော့။ သိန်းကလည်း သည်တော့မှ သူ့ငါးအိပ်မက်က တစ်မျိုးလှုပ်သွားတာကို သဘောကျသွားကာ 'ရှင်ဘုရင် အဝတ်အစား ဝတ်ရတယ်လို့ မက်တယ်' လုပ်ပြန်သည်။ သည်တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှာကြ ဖွေကြ ထိုးကြ။ ငါးက မပေါက်သော်ငြား ရှင်ဘုရင် ဆိုတာက ပေါက်နိုင်ခြေများသည်ကော။ ထိကတော့ ဘယ်သူမှမပေါက်။

'တော်ပါဟယ် နင်တို့ဟာက ငသိန်းရှင်ဘုရင် ဖြစ်နေပါ့မယ်' နောင်မှာ ဆွေမျိုးစုထဲမှာ ကိုးကားစရာ စကားကျန်ရစ်သည်။

ဘီလူးစီးသည်ဆိုသည့် အိပ်မက်တစ်မျိုးကတော့ ကြောက်စရာ ကောင်းသည်။ Horror ရုပ်ရှင်ကားတစ်ကားလို ချောက်ချားစရာကောင်းသည်။ ကျွန်တော် ဝန်ထမ်းဘဝက အလုပ်ဝင်ဝင်ချင်း မော်တော်ကားကြီးတွေထဲ ဆီထည့်ပေးရသည်။ ဆီထည့်ချိန်က ညဆိုင်းအဝင် မွန်းလွဲနှစ်နာရီ၊ သည်တော့ နေ့လယ် ထမင်းစားပြီးတိုင်း ဆီဖြည့်ချိန် မတိုင်ခင်အထိ ဆီကိုဒေါင် အနီးကပ် ကားပျက်ကြီးအောက်မှာ ကျွန်တော် အိပ်တတ်ပါသည်။ အိပ်တိုင်းလည်း ဘီလူးစီးသည်။ တစ်ရက်မဟုတ်။ နေ့စဉ်ကိစ္စ။ ကားပျက်ကြီးအောက် အိပ်တိုင်း ဘီလူးစီးတာကို ကျွန်တော် ခုထိ နားမလည်ပါ။ တိုက်ဆိုင်တာပါ ဆိုလျှင်လည်း တော်တော်ကို လွန်လွန်းသော တိုက်ဆိုင်မှုဖြစ်သည်။ သည်တုန်းက ဒရိုင်ဘာ တစ်ယောက်ယောက် ဆီထည့်ဖို့ လာနှိုးမှ (အသားကို လာထိမှ) နိုးတတ်တာကလည်း ထူးဆန်းသည်။ သည်ထက် ထူးဆန်းတာက အရာအားလုံးကို ကျွန်တော်ကြားနေရခြင်းဖြစ်သည်။ တချို့မိသားစုတွေက တစ်အိမ်တည်း အတူတူ အိပ်နေကြသူတွေ အားလုံး အလှည့်ကျ ဘီလူးစီးနေကြလို့ တစ်ယောက် တစ်ယောက် နှိုးနေရတယ် ဆိုတာမျိုး ပြောကြတာကြားဖူးသည်။ ထမင်းလုံးတစ္ဆေ ဆိုတာကရော။ အိပ်မက်ဆိုးများဖြစ်လာမည်။ မကောင်းသော အတိတ်၊ မကောင်းသော နိမိတ်၊ မကောင်းသော အိပ်မက် ဆိုသည့်စကား ကျွန်တော်တို့ လူမျိုးမှာ ရှိသည်။

'အိပ်မက်အတွင်း၌ သိစရာများနှင့် အသိများသည် အိပ်မက်နယ်ပယ် အတွင်း၌မှု အားလုံးအမှန်ချည်းဖြစ်သည်။ ထိုသဘောသည် လက်တွေ့အရ မငြင်းနိုင်သော ကိုယ်တွေ့များဖြစ်ကြ၏။ အကယ်၍ နိုးလာသည့် အခါ၌မူ သိစရာများနှင့် အသိများသည် နယ်ပယ်ပြောင်းသွားကြလေပြီ။ ထိုအခါ အိပ်မက်အတွင်း မိမိကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရသော သိစရာများသည် လည်းကောင်း၊ အသိများသည် လည်းကောင်း နိုးကြားနယ်ပယ်အတွင်း၌ သစ္စာမထိုက်တော့၊ အားလုံး အမှားချည်း သာဖြစ်ကြ၏။ ဤသို့ဖြစ်ခြင်းမှာ အသိနယ်ပယ်ပြောင်းသွားခြင်းကြောင့် ဖြစ်သည်။ ထိုနည်းတူ ပုထုဇဉ် နယ်ပယ်အတွင်း၌ မိမိတို့ကိုယ်တိုင် တွေ့ကြုံခံစားရသော သိစရာများသည် လည်းကောင်း၊ အသိများသည်လည်းကောင်း အရိယာနယ်ပယ် အတွင်းသို့ ရောက်သောအခါ သစ္စာမထိုက်တော့၊ အားလုံး အမှားချည်းသာဖြစ်၏'





ဆရာဦးရွှေအောင်၏ 'ဗုဒ္ဓလောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင်' ကို ဖတ်မိသည့်အခါ ပုထုဇဉ်နယ်ပယ်အတွင်း အိပ်မက်မက်နေကြရသည့် သဘောကို မြင်ရသည်။ ပုထုဇဉ်ဘဝနယ်ပယ်သည် သစ္စာမထိုက်သော အိပ်မက်များဖြင့် ပြည့်နေသည့်ဘဝဆိုတာ နားလည်ရသည်။ မေတ္တာအကျိုးများတွင် ချမ်းသာစွာ အိပ်စက်ရခြင်း၊ မမြင်မက်ရခြင်း အကျိုးသုံးပါးပါနေသည်။ အဘိုးကတော့ အိပ်မက်မက်တာ အကြောင်းရင်းတွေရှိသည်ဟု ဆိုသည်။ နတ်တို့ လှည့်စားလို့ မက်သည်။ ကိုယ်စောင့်နတ် ပြောကြား၍ မက်သည်။ ဓာတ်ချောက်ချား၍ မက်သည်။ လေသည်းခြေကြောင့် မက်သည်။ ခံစားဖူး၍ မက်သည်ဟူသော အကြောင်းတွေဖြစ်သည်။ ဆေးဆရာများကတော့ လေနာရှိလျှင် မက်တတ်သည်။ သည်းခြေပျက်လျှင် မက်တတ်သည်။ သိန္ဓိပါတ် စွဲလျှင်လည်း မက်တတ်သည်။ နတ်တို့ ဖြားယောင်းလျှင်လည်း မက်တတ်သည်၊ နိမိတ်ဖြစ်လျှင်လည်း မက်တတ်သည်ဟု ဆိုတတ်ကြပါသည်။

ဆရာကြီး ရွှေဥဒေါင်းကတော့ 'ထူးဆန်းသော အိပ်မက်များကို မိခင်က မြင်မက်တတ်သည်ဖြစ်ရာ ကျွန်ုပ်မှာလည်း မိခင်ထံမှ ပါလာလေသလော မသိ။ ထူးဆန်းသော စိတ်သဘောသဘာဝတစ်မျိုး ဆက်ခံရရှိပုံရ၏'ဟု ဘဝတသက်တာ မှတ်တမ်းတွင်ရေးဖူးပါသည်။ ဒေစီဆိုသည့်မြင်းကို ဆရာကြီး အိပ်မက်မက်သည်။ မြင်းပွဲမှာ ဒေစီဆိုသည့် မြင်းရှိ၊ မရှိပင် မသိသော ဆရာကြီးက မိတ်ဆွေတစ်ဦးကို မေးကြည့်သည်။ မိတ်ဆွေက ရှိကြောင်း ပြောသော်လည်း 'ခဲ' မနိုင်လောက်သည့်မြင်းဟု သဘောထားပေးသည်။ 'ထိုနေ့က ဒေစီ၏ လျော်ကြေးမှာ အခြားပွဲများ၏ ဝင်းထက်ပင် ပိုသေးသည်' ဟု ရေးကာ အိပ်မက်မှန်ကြောင်း မှတ်တမ်းတင်ခဲ့သည်။ ဒုတိယအိပ်မက်မှာတော့ 'လာရီ' ဆိုသည့် အင်္ဂလိပ် စာလုံးကြီးကို ဘလက်ဘုတ်မှာ မြင်ရသည်ဟု အိပ်မက် မက်သည်။

'လာရီကို ပက်ဒေါ့သို့ ထုတ်လာသောအခါ အလွန်ဆိုးပုံရသော မြင်းနက်ကြီးဖြစ်၍ ကြိုးနှစ်ချောင်းနှင့် ဆိုက်ကုလားနှစ်ယောက်ကိုင်ရ၏။ ကိုထွန်းသန်းက ခင်ပျားကောင်ကြီးက ဆိုးက ဆိုးသနဲ့၊ ဂိတ်မှာ ကျန်ရစ်ပါလိမ့်မည်ဟု ပြောသေး၏။ သို့သော် လွှတ်လိုက်သောအခါ အုပ်ထဲက လိုက်သော်လည်း ပန်းအဝင်တွင် ထိုးတက်လာပြီး ရှေ့ဆုံးမှ ဝင်သွားလေသည်။'

သည်ဖြစ်ရပ်များဖြစ်ပြီး ကိုးနှစ်မျှကြာသည့်အခါ ထူးဆန်းသော အိပ်မက်ကို ဆရာကြီး မက်ပြန်သည်။ အကွက်နှစ်ဆယ်ခန့်ပါသည့် ဂဏန်းကွက်များတွင် အင်္ဂလိပ်ဂဏန်းများ ဖရေးထိုးထားသည်ကို အိပ်မက်မက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အိပ်မက်ထဲတွင် တရုတ်က သုံးခါဖွင့်ပြသည့်ဂဏန်းမှာ '၁၄-၈-၆' တို့ ဖြစ်သည်။ ထိုဂဏန်းများမှာ မြင်းပွဲမှာ ထိုးသည့်အခါ နှစ်မျိုးမှန်၍ တစ်မျိုးသာ လွဲသည်ဟု ရေးခဲ့သည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ မှာတော်ပုံဝတ္ထုမှ ဇားကရာလူထွက် ဦးကျော်ဒွေးနှင့် အကြောင်းပါသော ဝန်ကတော်ဟောင်း ခင်အုံ၏ အိပ်မက်ကိုလည်း ကျွန်တော် သတိရသည်။ မိလိန္ဒမင်းကြီးက ရှင်နာဂသိန်ကို အိပ်မက်နှင့် စပ်လျဉ်း၍ မေးဖူးသည်။

'မင်းကြီးအိပ်မက်သည် အိပ်ပျော်စဉ်လည်း မမြင်မက်။ နိုးကြားစဉ်လည်း မမြင်မက်။ စင်စစ် ငိုက်မျဉ်းခြင်းသို့ သက်ရောက်သော် ဘဝင်အယဉ်သို့ မရောက်မီ ဤအတွင်း၌သာ အိပ်မက်ကို မြင်မက်၏။ ဘဝင်အယဉ်သို့ ရောက်သော စိတ်သည် ဇောဝီထိ မဖြစ်နိုင်၍ ချမ်းသာဆင်းရဲကို မသိ။ ချမ်းသာဆင်းရဲခြင်းကို မသိသောသူအား အိပ်မက်မက်ခြင်း မဖြစ်ချေ။ ဇောဝီထိစိတ်ဖြစ်မှ အိပ်မက် မြင်မက်၏။

နိုးကြားခြင်းနှင့် အိပ်ပျော်ခြင်းအလယ်တွင် အိပ်မက်ကို မြင်သည့်သဘောဖြစ်သည်။

ဆစ်ဂမန်ဖရွိုက်ကတော့ ရှေးရိုးအိပ်မက် တိတ္ထုံအဓိပ္ပာယ်ကောက်နည်းကို အစဉ်အလာသင်္ကေတအဓိပ္ပာယ်ပြန် နိမိတ်ကောက်နည်းဟု သုံးသည်။ အိပ်မက်တွင်ရှိသည့် အချက်များကို ယူပြီး တခြားပါရှိချက်အတွင်း ထည့်သွင်းခြင်းများသာ ဖြစ်သည်ဟုဆိုသည်။ အိပ်မက်အဓွန်းဖြေနည်း (Decoding) ကတော့ အိပ်မက်တွင်း သင်္ကေတတစ်ခုကို အခြားအဓိပ္ပာယ်ရှိ သင်္ကေတရရှိလာအောင် ပုံသေသော့ချက် (key)ဖြင့် အဓိပ္ပာယ်ဖော်နိုင်ခြင်းကို ဆိုသည်။ အိပ်မက်တွင် ပါရှိချက်များနှင့် မက်သူ၏ အကြောင်းအရာအခြေအနေကိုလည်း တွက်ယူရသည့်နည်းဟု ဆိုနိုင်သည်။ ဖရွိုက်က အိပ်မက်ကို သိပ္ပံနည်းကျနည်းစဉ်ဖြင့် အဓိပ္ပာယ်ဖော်နိုင်သည်ဟု ယူဆသူဖြစ်သည်။ စိတ်ခွဲစိတ်နည်းကို လေ့လာရင်း အိပ်မက်စိစစ်နည်းကိုပါ ရှာဖွေတွေ့ရှိခဲ့သူလည်း ဖြစ်သည်။ အိပ်မက်ကို ရောဂါလက္ခဏာပြစဉ်အဖြစ် သဘောထားခဲ့သူလည်း ဖြစ်သည်။ သူ့ထံရောက်လာတတ်သည့် စိတ်ဝေဒနာရှင်တချို့၏ အိပ်မက်ကို ပြန်ပြောနိုင်းတတ်ပြီး ထိုအိပ်မက် တစ်ခုလုံးကို ခွဲပြီး အနက်မကောက်ဘဲ အပိုင်းပိုင်းပြုကာ အနက်ကောက်သည်။ အိပ်မက် အစိတ်အပိုင်းငယ်တစ်ခုစီကို လွတ်လပ်စွာ ပေါင်းစည်းယူခြင်း (Free Association) လုပ်စေရသည့်နည်းဟု ဆိုပါသည်။ တစ်နည်းအားဖြင့် ဝေဒနာရှင်၏ စိတ်ကို နာမှတ်စေခြင်းဖြစ်သည်။ ပမာအားဖြင့်





စိတ်ဖွဲ့စည်းမှု၏ အစုအခဲသဘောဟု ဆိုသည်။ ဖရွိုက်က ဝေဒနာရှင်များ၏ အိပ်မက်တစ်ထောင်ကျော်ကို လေ့လာခဲ့သည်။ သူကိုယ်တိုင် မက်ခဲ့သည့် အိပ်မက်တွေကို လေ့လာခဲ့သည်။ ဤသို့ဖြင့် စိတ်စွဲစိစစ်ခြင်း သုတေသနကြားမှာ အိပ်မက်စိစစ်ခြင်းကိုပါ တွေ့ခဲ့သည်ဟု ဆိုနိုင်သည်။

'အိပ်စက်ခြင်းမပြုခင် အခြေအနေဟာ စိတ်ညို့မခံရခင် အခြေအနေနဲ့ တူတယ်။ အိပ်စက်မှုအခြေအနေဟာ မိမိအတွေးစိတ်ကူးတွေအပေါ် လွှမ်းမိုးထားတဲ့ ရည်ရွယ်ပြီးလုပ်နေတဲ့ လှုပ်ရှားမှုတွေ (Voluntry activity) ပြေလျော့သွားပြီး အလိုအလျောက် စိတ်ကူးတွေ (Involuntry activity) တွေပေါ်ပေါက်တဲ့ အခြေအနေနဲ့ တူတယ်။ သည်အလိုအလျောက် အတွေးဟာ အမြင်ပုံရိပ်၊ အသံပုံရိပ် (Visual and acoustic images) ဖြစ်လာတာပဲ။ ဒါဟာ အိပ်မက်ပုံရိပ်ပဲ'

ဆရာဦးခင်မောင်ဆွေ၏ 'စိတ်တံခါးဝမှာ' ဆောင်းပါးကို ဖတ်ရင်း အိပ်မက်တွေအကြောင်း အိပ်မက်မက်နေမိပါသည်။ ထူးဆန်းတာက အိပ်မက်တွေထဲမှာ မိမိသည် ဇာတ်လိုက်ဖြစ်နေတတ်ခြင်းဖြစ်၏။ မိမိနှင့် ပတ်သက်သည့် ဇာတ်လမ်းကျောရိုးထဲမှာ အခြားလူတွေက (အခြားကိစ္စတွေက) ဇာတ်ပို့တွေ ဖြစ်နေတတ်သည်။ အိပ်မက်ထဲမှာ မိမိနှင့် သူတစ်ပါးအားလုံးက စိတ်နှစ်ကိုယ်နှစ် သရုပ်ဆောင်နေကြသည်ချည်း။ အိပ်မက်ဇာတ်ရုပ်တိုင်း၏ ခံစားမှုထည့်ထားသော သရုပ်ဆောင်ချက်တွေက လူနှင့် အင်မတန်တူသည်။ အိပ်မက်ဆိုသော်လည်း ရသကိုးပါးထဲက တစ်ပါးပါးနှင့် မလွတ်သော 'ရသဖွဲ့တည်မှု' မလွတ်။ အကြောင်းယုတ္တိကတော့ သရုပ်မှန်လည်း ဖြစ်ချင်ဖြစ်မည်။ ပို့စ်မော်ဒန်လည်း ဖြစ်ချင်ဖြစ်မည်။ အင်ပရက်ရှင်နစ်ဇင်၊ ဆာရီယယ်လစ်ဇင်၊ ဒါဒါလစ်ဇင်တွေတောင် ဖြစ်နိုင်သေးသည်။ အိပ်မက်၏ အကြောင်းအကျိုး အကောင်းအဆိုးကို အကျိုးအပြစ်သဘော ဆင်ခြင်ခြင်းကို တိတ္ထုံဟု သုံးခြင်းဖြစ်သည်။ သည်တိတ္ထုံကြောင့် အိပ်မက်နက္ခတ်ကော်ပြားသည် ပေါ့စတစ်ဖြစ်လာရသည်ဟု ကျွန်တော်ထင်ပါသည်။ 'ဆင်မြင်းလိုပြည့်၊ ရမည့်အကြောင်း၊ အိပ်မက်ကောင်းသို့၊ ကျဉ်းမြောင်းစွာကြား၊ စီးပွားနောင်ခန့်၊ စိတ်ပြန့်ပြန့်လျှင်၊ ကောင်းညွှန့်တိတ်ထုံ၊ ယုံသည်ပီပီ' ဟု ဘုံခန်းပျို့မှာလာသည်။

အိပ်မက်တွေ မကြာခဏ မက်တတ်သလောက် အိပ်မက်တွေအကြောင်း ဆွေးဆွေးမြည့်မြည့်ပြောတတ်သော အမေက အိပ်မက်တိတ္ထုံကို အလွတ်ကျက်ထားသည်။ အိပ်မက်ကို အဓိပ္ပာယ်ဖွင့်ခါနီးတိုင်း အမေက ခမ်းခမ်းနားနား ပြောတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့ နေ့ခင်းမက်တော့ မှန်မမှန် နှစ်ပါးရှိသဟဲ့။ ညဦးယံမက်တာလား။ မိုးသောက်ယံ မက်တာလား၊ မိုးသောက်မှ မက်တာလား။ မွန်းတည့်မှ မက်တာလားဆိုတာ ရှိသေးတယ်။ တနင်္ဂနွေနေ့ မက်တာ မယားဖို့၊ တနင်္လာမက်တော့ ဆွေမျိုးဖို့၊ အင်္ဂါမက်တော့ အကြီးအကဲ မိဘဖို့ ဗုဒ္ဓဟူး၊ ကြာသပတေးက အဆွေ ခင်ပွန်း၊ သောကြာက ကျွန်ုပ်၊ စနေကမှ ကိုယ့်အတွက်ကိုးအေ့'

သည်လို စလိုက်လျှင်ပင် အမေ့တိတ္တံ့ကို တစ်ဝက်ယုံကြပြီ၊ အိပ်မက်မကောင်းလို့ စိတ်ညစ်နေသူတွေကို ဖြေဆေးပေးသည်လည်းရှိ၏။ ဆီမီးပူဇော်၊ မိဘဆရာသမားကန်တော့၊ ဘုရားကျောင်း ဇရပ်ပျက်ပြင်၊ ကိုယ်စောင့်နတ်တစ်ကျိပ်နှစ်ပါးကို ပူဇော်၊ တံတားခင်း၊ ညောင်ထောက် စသဖြင့် ကောင်းတာတွေညွှန်းတတ်သည်။

'သည်မယ် သဖန်းခါးမြစ်၊ သရက်မြစ်၊ ဥသျှစ်ရွက်၊ ဇလပ်ရွက်၊ ကြခတ်ရွက်၊ ကင်ပွန်းသီး၊ ပန်းဉ၊ လင်းနေကို ပုန်းရည်နဲ့ဖျော်၊ တရော်ကောင်းကောင်းနဲ့ ခေါင်းလျှော်စမ်း။ မကောင်းတဲ့ အိပ်မက်၊ နင်နေ ငါသွားပဲ'

သူတစ်ပါးကို အဲသလို ဖြေလျှော့တတ်သော အမေက သူ့အိပ်မက်တွေကိုတော့ ခပ်ပေါ့ပေါ့ သဘောမထားတတ်ပါ။ သားရိုးငါးရိုးမက်လျှင် ဖျားနာမည်။ ရေနောက်မက်လျှင် ရန်ရှိမည်။ မီးဖိုဖွဲ့ငွေ့မက်သော် နှလုံးပူဆာမည်။ ကြက်ခွပ်မက်လျှင် ရန်ရောက်မည်။ ဖိနပ်စီးမက်လျှင် ဖျားနာမည်။ အမေရွတ်နေကျ တိတ္တံ့တွေကို ကျွန်တော် အလွတ်ရနေပြီ။

ပသေနဒီကောသလမင်းကြီးကတော့ သူ့မိဖုရား မလ္လိကာမိဖုရားကို တစ်ဆယ့်ခြောက်ချက်သော အိပ်မက်နှင့် စပ်လျဉ်း၍ ရှင်မိဖုရား သင်ကားချမ်းသာပေ၏။ ငါတို့၏ 'နားရင်း၌ သွားသော မြွေဟောက်ကို မသိသလော' ဟု မေးဖူးသည်။ အိပ်မက်ဆိုတာ နားရင်း၌ လျှောက်သောမြွေဟု အလင်္ကာမြောက်စကား ဆိုခဲ့သော ပသေနဒီကောသလမင်းသည်ပင် ကဗျာဓာတ်ရှိသည်ကော။

ကျွန်တော်တို့ ရွာကလေးက အုတ်ဇရပ်ဟောင်းကလေးကို ကျွန်တော် အမှတ်ရသည်။ သီးပင်တော၊ ပေပင်တောအုပ်အုပ်ကြားက ထုံးဖြူ မပြယ့်တပြယ် အုတ်ဇရပ်ကလေးထဲမှာ နိပါတ်တော်ပန်းချီကားတွေရှိသည်။ သီးပင်တောမှာ ကစားရတိုင်း အုတ်ဇရပ်ကလေးထဲမှာ နားရသည်။ အုတ်ဇရပ်ကလေးထဲမှာ နားရတိုင်း ကောသလမင်းကြီးနှင့် တွေ့ရမြဲ။

'ကောသလမင်းကြီးက ဘုရင်ဆိုတော့ ကောင်းကောင်းစားပြီး ဖိမ်နဲ့အိပ်ရတော့ ချောက်ချောက်ချားချား မက်တာနေမှာပါကွာ။ ငါ့ဖြင့်





ကိုင်းထဲကအပြန် တုံးခနဲပဲ။ အိပ်မက်မက်ချင်လို့တောင် မမက်ဘူး။ အိပ်မက်ဆိုတာ အလကားကြည့်ရတဲ့ ဘိုင်စကုပ်ကွ။ အကြမ်းအရမ်း အလွမ်းအသောအငိုအရယ် အကုန်ပါတာ။ အိပ်မက်ဆို မက်သာ မက်ဟ၊ မင်းအမေတော့ပြောမပြနဲ့'

အမေ့မောင် ကျွန်တော့်ဦးလေး၏ သဘောထားဖြစ်သည်။ ကျွန်တော့်အတွက် (Concept) တစ်ခုရလိုက်သည်။ အိပ်မက်တွေက တကယ်ဖြစ်လာသည် ဆိုသည့် စကားရှိသည်။ ပြောင်းပြန်အားဖြင့် တကယ်ဖြစ်နေတာတွေကလည်း အိပ်မက်ဖြစ်သွားနိုင်သည်။ အိပ်မက်တွေကို တကယ်ထင်နေတတ်ခဲ့တာ ကျွန်တော့်တစ်သက် ရှိခဲ့ပြီ။ အမေနှင့် ဆစ်ဂမန်ဖရွိုက်ကို ကျွန်တော် အားနာပါသည်။

*Idea* ၂၀၀၂၊ ဒီဇင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

## မေ့ခြင်းသစ်ပင်

မေ့လျော့ခြင်းသည် မျိုးရိုးလိုက်သည်ဟုဆိုလျှင် ထိုအဆိုကို ကျွန်တော် ထောက်ခံပါသည်။ မေ့တတ်သော မိဘနှစ်ပါးမှ မွေးဖွားခဲ့သည့် ကျွန်တော်သည်လည်း မေ့လျော့တတ်သူဖြစ်ပါသည်။ အသက်ကလေးရလာတော့ ပိုမေ့သည်။ အမေ့သည်ပင် ရင့်ကျက်လာသည်။ မေ့တာမှ ပါးပါးလျားလျား မေ့ခြင်း မဟုတ်။ ထူထူအမ်းအမ်း မေ့ခြင်းဖြစ်သည်။ စကားပြောလျှင် ခံစားမှုမှ စီးဆင်းလာသည့် စကားလုံးတို့ လည်ချောင်းဝရောက်တော့ တုံ့သွားမြဲဖြစ်သည်။ လည်ချောင်းဝက ကျော်ပြီး နှုတ်ခမ်းဖျားကတော့မှ ပြင်ပလေနှင့် ထိတွေ့ပြီး မေ့သွားသည်လည်း ရှိ၏။

'ကျွန်တော့်ကို မမှတ်မိဘူးနဲ့ တူတယ်'

လမ်းမှာ သည်လိုမေးသူတွေက များလာသည်။ ကျွန်တော်ကလည်း ဟန်ဆောင်နေတတ်ပြီ။ ဩော် ဩော် အင်း အင်းနှင့် ပြီးရသည်ချည်း။ ကျွန်တော့်မှာ အထိုက်အလျောက် ဘဝစုံသည်ဟု ပြောနိုင်သော ဖြတ်သန်းမှု ရှိသဖြင့် တွေ့ခဲ့ကြုံခဲ့ရသည့် လူတွေကလည်း များသည်။ အထူးသဖြင့် နယ်ဟောပြောပွဲတွေ များခဲ့သဖြင့် နယ်မှ စာပေမိတ်ဆွေတွေက တွေ့သည့်နေရာမှာ နှုတ်ဆက်တတ်ကြပါသည်။ နယ်မှာ ညှော်ဝတ်ကျေပွန်ခဲ့ကြသော မိတ်ဆွေတွေက မန္တလေးမှာ မသိကျိုးကျွံပြုခြင်းခံရသည့်အခါ စိတ်မကောင်းဖြစ်ကြသည်ကို ကျွန်တော်သိသော်လည်း မေ့လျော့ခြင်းကို ကျွန်တော် မကျော်လွှားနိုင်ခဲ့။

'ဆောရီးဗျာ'

ကျွန်တော်တို့လူမျိုးက 'ဝမ်းနည်းပါတယ်' လို့ မသုံးကြသော်လည်း သည်စကားက မေ့လျော့ခြင်းကို အတန်အသင့်ကာကွယ်ပေးသည်။ ကျွန်တော်





မှတ်မိသလောက် ငယ်စဉ်ကတည်းက မေ့တတ်ခဲ့သူဖြစ်သည်။ ကျောင်းမှာ ထမင်းချိုင့်ကျန်ခဲ့တာတွေ၊ ထီးကျန်ခဲ့တာတွေ၊ ဘောလုံးကန်ရင်း ကွင်းထဲမှာ ဖိနပ်ကျန်ခဲ့တာတွေ၊ ကျောင်းခန်းထဲမှာ ဖောင်တိန်ကျန်ခဲ့တာတွေ များလွန်းခဲ့သည်။ ကျွန်တော်မေ့တာ အကြောင်းမဟုတ်သည့်တိုင် မိဘတို့က ပြန်လည်ဝယ်ယူ ဖြည့်ဆည်းပေးဖို့ အခက်အခဲရှိကြသူတွေ ဖြစ်သည်။ ထီးပျောက်လျှင် နောက်တစ်နေ့မှာ ဝယ်ပေးနိုင်ကြသူတွေ မဟုတ်။ ဖိနပ်ပျောက်လျှင် အမေ့ဖိနပ်ဖြင့် ကျောင်းသွားရတာမျိုးပင် ရှိခဲ့သည်။ အမေက အသစ်ဝယ်ပေးပြီးတိုင်း 'နောက်မမေ့ပါနဲ့ သားရယ်' ဆိုမြဲ။ နောက်မမေ့ပါနဲ့ဆိုတာ တစ်ဘဝစာ ပြောခြင်းမဟုတ်။ နောက်တစ်ကြိမ် မေ့လျော့မည့်အချိန်ကို ပြောခြင်းဖြစ်သည်။ မေ့လျော့ခြင်းနှစ်ခုအကြား ကြာပါစေဦးဟု ဆိုခြင်းဖြစ်သည်။ မေ့လျော့ခြင်းနှင့် ပတ်သက်၍ အဖေနှင့် အမေ့မှာ ရယ်ရသော အတွေ့အကြုံရှိခဲ့ဖူးသည်။ တစ်ခါက အဖေနှင့် အမေ ရွှေတိဂုံဘုရားကြီးသွားဖူးကြသည်။ ဘုရားကြီးနှင့် အိမ်မှာ ဝေးလွန်းသည်။ လိုင်းကားပင် နှစ်နာရီလောက် စီးရသည်။ အစီအစဉ်က မနက်ဘုရားတက်၊ နေ့ခင်း ပုတီးစိပ် အာရုံယူ၊ ညနေ နေအေးမှ ပြန်ကြမည်ဖြစ်သည်။ သို့သော် ထိုနေ့က အဖေ နေ့လယ်ခင်းကြီး အိမ်ပြန်ရောက်လာပါသည်။ ကျွန်တော်တို့က မေးတော့မှ ဘုရားမှာ အမေကျန်ရစ်ခဲ့မှန်း သိတော့သည်။

'အေးကွ၊ မင်းအမေက ခြောက်ပြားတန်ဆောင်းထဲ ပုတီးစိပ်နေတုန်း အဖေက ဘုရားတစ်ပတ် ပတ်တာ၊ လိုင်းကားတွေက လူခေါ်တာကြားတာနဲ့ ဘုရားခြေရင်းဆင်းပြီး ကားပေါ်တက်လိုက်လာတာကွ။ ငါ့စိတ်ထဲ ထင်တော့ ထင်သား၊ ဘာကျန်ရစ်ခဲ့ပါလိမ့်လို့၊ သွားကြိုချေကြပါကွာ' ကျွန်တော်တို့မှာ ရယ်ကာမောကာ အမေ့ကို သွားကြိုကြရသည်။ အမေက ခြောက်ပြားတန်ဆောင်းရိပ် တိုင်ခြေမှာ ငုတ်တုတ်။ အဖေက အမေ့ကို မေ့ထားပြီး အိမ်ရောက်နေကြောင်း ပြောတော့ အမေက ရယ်သည်။

'အမေကလည်း နေချိုရင် ပြန်မလို့ပဲ။ မင်းအဖေ ပါလာတာ မေ့နေတာ၊ အမေနဲ့ ပါလာသတဲ့လား' သည်အဖြစ်အပျက်က အဖေအမေတို့ မရှိတော့သည့်အခါ အောက်မေ့စရာဖြစ်လာရသည်။ အဖေငယ်စဉ်က မြင်းလှည်း မောင်းဖူးသည်။ မနက်သုံးနာရီထိုးလျှင် မြို့ဈေးဝ မြင်းလှည်းသွားထိုးနေကျ။ မနက်စောစော အဖေမြင်းလှည်းပြင်လျှင် အမေပါ နိုးရသည်။ မြင်းလှည်းအိမ်ကြီးကို အိမ်ရှေ့မန်ကျည်းပင်ရိပ်ဆွဲသွားကာ လှည်းလက်တံနှစ်ဖက်ငုထောင်ကာ ဆေးလိပ်မီးညှိသည်။ ခဏထိုင်သည်။ သည်ခဏက တော်တော်ကြာသွားတော့ အမေက သံသယဖြစ်လာကာ မန်ကျည်းပင်ရိပ် လိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'တော့်နယ် ဘယ့်နယ် ငုတ်တုတ်ကြီး၊ ဈေးကြိုတွေက မျှော်ရော့မယ်'

'အေး ငါစဉ်းစားနေတာဟ၊ တစ်ခုခု မေ့နေတယ်ထင်တာပဲ။ မီးခြစ်လည်း ပါပါတယ်။ ဘာရယ်သာ မသိတာ'

'ဘာရယ်ရမလဲ။ တော့်မြင်းမှ မထုတ်ရသေးတာ၊ မြင်းမေ့နေတာမှတ်လား'

'ဟုတ်သဟေ့၊ တွေးတော့ တွေးမိသား၊ ခပ်ကြီးကြီးထဲက မေ့တာလို့'

သည့်နောက်တော့ အမေကပါ ဖြောင့်ဖြောင့် မအိပ်ရတော့။ မနက်ခင်း မြင်းလှည်းဂိတ်ထွက်သွားတော့မှ တစ်မှေး ပြန်မှေးသည်။ တစ်ခါကတော့ ကျွန်တော်တို့အိမ်ကို ညှော်သည်တစ်ယောက် ရောက်လာခဲ့သည်။ မင်းဘူးမှ ဆေးကုန်သည် ဦးအုန်းဖြစ်သည်။ မနက်စောစော သင်္ဘောမီအောင် မြစ်နား ကမ်းနားနှင့် နီးသော ကျွန်တော်တို့အိမ်မှာ တစ်ညဝင်တည်းခြင်းဖြစ်သည်။ အဖေက အိမ်ပေါ်ထပ်ကို လှည်းကျင်းရှင်းလင်းကာ နေရာချပေးသည်။ ညဦး စကားစမြည် ရှေးဟောင်းနှောင်းဖြစ်ပြောကြရင်း ညဉ့်နက်မှ အိပ်ကြသည်။ ကျွန်တော်တို့ မိသားစုက အောက်ထပ်၊ ညှော်သည်က အပေါ်ထပ်မှာ တစ်ယောက်တည်း။

'သူခိုးဗျို့ သူခိုး သူခိုး'

အဖေ လန့်အော်လိုက်သည့်အသံက ရပ်ကွက်ထဲမှာ ဆူညံသွားသည်။ မနက်ခင်း ဝေလီဝေလင်းမှာ ကင်းသမားလူငယ်တွေက အိမ်ကို လာဝိုင်းသည်။ သူခိုး လစ်ထွက်သွားဖို့ပင် နေရာလပ်မရှိ။ ကင်းသမားတွေက ဘကြီးညို သူခိုး ဘယ်ဘက်ပြေးသလဲ မေးနေကြသည်။ တုတ်ဓားကိုယ်စီ။

'မှားလို့ဟေ့ ငါ့တူများ အိမ်ပေါ်ထပ်က ညှော်သည်တွေ သင်္ဘောဆင်းဖို့ ပစ္စည်းတွေ သိမ်းနေတာ ဂျိုးဂျိုးဂျွတ်ဂျွတ်နဲ့ဆိုတော့ သူခိုးမှတ်ပြီး လန့်အော်လိုက်တာကွ။ ညှော်သည်က ကိုညိုရယ်၊ ကျုပ်ပါ၊ ကျုပ်ပါ ကိုအုန်းရယ်ဆိုမှ သတိရတော့တာ'

ညှော်သည် ဦးအုန်းလည်း ထိုအခေါက်က နောက်ဆုံးဖြစ်သည်။ နောက်ထပ် ယောင်လို့မှပင် မရောက်တော့။ အဖေက သူ့ကိုယ်သူ မေ့တတ်မှန်းသိတော့ တချို့ကိစ္စတွေကို သူ့သင်္ကေတကလေးနှင့် သူ မှတ်တတ်သည်။ ဆိုပါတော့၊ ကိုအာလူးဆိုသူကို ခပ်လုံးလုံးနှင့်ကောင်ဟု မှတ်ထားသည်။ နောင်လမ်းမှာ တွေ့တော့ 'ဩော် မောင်ဘဲဥလားဟေ့' လုပ်တတ်သည်။

တစ်ခါတစ်ခါ ဘာဖြစ်လို့များ ဒီလောက်တောင် မေ့ရသလဲ ကျွန်တော့်ကိုယ်ကျွန်တော် စဉ်းစားပါသည်။ စိတ်၏ အခြေအနေတစ်ရပ်တွင်





အဓိကကျသော အပိုင်းသုံးပိုင်းရှိသည်ဟု ဆိုကြသည်။ သိမှု၊ လိုအပ်မှုနှင့် ခံစားမှုဟု ဆိုသည်။ သိမှုတွင် ပညာ၊ နားလည်မှုနှင့် တတ်သိမှုတို့ ပါသည်။ လိုအင်များ၊ ရမ္မက်နှင့် စေ့ဆော်မှု တောင့်တကြောင့်ကြမှုတွေ ပါမည်။ ခံစားမှုကတော့ အာရုံ ငါးပါး၏ အရိပ်တွေ ထိုးနေလိမ့်မည်။ လူတိုင်းမှာ သည်စိတ်သုံးပါး ရှိနိုင်သော်လည်း တစ်ဦးနှင့် တစ်ဦး အလေးကဲတာချင်းတော့ တူချင်မှ တူမည်။ သို့သော် လူသည် မေ့လျော့တတ်သည့် သတ္တဝါဖြစ်သည်။ သိမှုကိုလည်း မေ့နိုင်သည်။ လိုအပ်မှု ကိုလည်း မေ့နိုင်သည်။ ခံစားမှုကိုလည်း မေ့နိုင်သည်။

သိမှုတွင် မိမိပတ်ဝန်းကျင်မှ လှုံ့ဆော်သမျှ အာရုံသွင်းအားစုများ (Sensory inputs) ကို အဓိပ္ပာယ်အဖြစ် ပုံဖော်ကာ စိတ်မှတ်ဉာဏ်တွင် သိုမှီးသည်။နောင်လိုအပ်သည့်အခါတွင် ထုတ်သုံးသည်။ သည်အခါမျိုးတွင် ချောချောသာသာ ထွက်လာခြင်းက မမေ့မလျော့ခြင်း 'အပ္ပမာဒ' ဖြစ်၍ ရှောရှောရှုရှု ထွက်မလာခြင်းက မေ့လျော့ခြင်း 'ပမာဒ' ဖြစ်သည်။ ဒါက ကျွန်တော့် စဉ်းစားမှုသာ ဖြစ်ပါသည်။

'မှတ်မိအောင်လုပ်နေရတာ ကိုယ်တိုင်က စိတ်ကို အလုပ်ပေးနေတာ။ စိတ်ကိုဒေါင်ထဲက ကိုယ်လိုချင်တဲ့ အဟောင်းအမြင်းကို ရှာတာပဲ။ သည်လို နှိုက်တွေးပြီး ဖော်နေရတာကိုက မှတ်မိအောင် လုပ်တာလို့ ထင်တယ်။ တွေးတယ်ဆိုတာနဲ့ နားလည်ရတယ်။ သဘောပေါက်ရတယ်။ တရားကိုယ်သဘောကို ဆင်ခြင်ရတယ်။ အာရုံတွေကို စုစည်းရတယ်။ စီမံနေရတယ်။ အဆင်ပြေအောင် ညှိနှိုင်းရတယ်ဆိုတာတွေ ပါလာပြီကွယ့်'

အဖေက နောင်မှာ တရားသဘော အငွေ့ဖြင့် ပြောပြသည်။ ပညာရှင်တွေကတော့ စိတ်အလုပ်တွင် ချင့်ချိန်မှု၊ သုံးသပ်မှု၊ ကြောင့်ကြမှု၊ စွဲလမ်းမှု၊ နည်းလမ်းရှာဖွေမှု၊ ခွဲခြားဝေဖန်မှုနှင့် ရှုစိုက်မှုများပါသည်ဟု ဆိုသည်။ မြင်သိစိတ်တဒင်္ဂ (စိတ္တက္ခဏ) ချုပ်ရာမှာ စိတ္တုပ္ပါဒ် ၁၄ ပါးဖြစ်သည်ဟု ဆိုသည်။ မြင်သည့် တစ်ခဏ၌ပင် ဆင်ခြင်မှုက တစ်ကြိမ်၊ လက်ခံမှုက တစ်ကြိမ်၊ ရှုစမ်းမှုက တစ်ကြိမ်၊ ဆုံးဖြတ်မှုက တစ်ကြိမ်၊ ခံစားမှုဇောအဟုန်က ခုနစ်ကြိမ်၊ တဒါရုံဇောသို့ အစဉ်လိုက်မှု နှစ်ကြိမ်နှင့် ဆယ့်လေးပါးဖြစ်ရသည်ဟု ဆိုသည်။ တစ်ဖက်ကလည်း လူသည် စကားလုံးလောက (World of Words) နှင့် ပုံရိပ်လောက (World of Images) ဟူ၍ ခွဲထားတာရှိသည်။ စဉ်းစားသည့်အခါ စကားလုံးကို သုံးသည်။ ပုံရိပ်ကို သုံးသည်။ ပုံရိပ်ကို သုံးရာမှ ရသောအသိက တိရစ္ဆာန်များမှာလည်း ရှိသည်။ ဘာသာစကား ပေါ်လာသည့်အခါ စကားလုံးသုံးရာမှ



www.burmeseclassic.com

www.burmeseclassic.com



ရသောအသိက ပုံရိပ်သိနှင့် ပေါင်းစပ်သွားသည်။ ပုံရိပ်လောကနှင့် စကားလုံးလောကသည်လည်း ပေါင်းစပ်သွားသည်ဟု ဆိုသည်။ ဤသို့ဖြင့် ဆန်းကြယ်သလောက် ထွေပြားလှသော ရုပ်ဝတ္ထုခေတ်မှာ လူက အမြင်တိုင်းကို မိအောင် မဖမ်းနိုင်ခြင်း၊ အသိတိုင်းကို မိအောင် မဖမ်းနိုင်ခြင်းတွေ ရှိလာရသည်။ အမြင်တွေ၊ အသိတွေက ကသောင်းကနင်းဖြစ်လာသည်။ ထိုအခါ အမြင်ဟောင်း အသိဟောင်းများသည်လည်း chose ဖြစ်လာရသည်ဟု ကျွန်တော် ထင်ပါသည်။ ထိုအခါ အဟောင်းတွေကို ကျွန်တော်တို့ မေ့လာသည်။ ကျွန်တော်တို့မှာ ကာမဂုဏ်၌ ပြင်းစွာ စွဲလမ်းသည်။ အယူဝါဒ၌ ပြင်းစွာ စွဲလမ်းသည်။ အကျင့်သီလ၌ ပြင်းစွာ စွဲလမ်းသည်။ အတ္တဝါဒ၌ ပြင်းစွာ စွဲလမ်းသည်။ သည်လို ပြင်းစွာ စွဲလမ်းခြင်း ဥပဒါနများသည်လည်း မေ့လျော့စေသည်ဟု ကျွန်တော် ထင်သည်။

နယ်မှာ ကျောင်းတက်နေသည့် ကျွန်တော့်တူတစ်ယောက်ရှိသည်။ ဆယ်တန်းဖြေဖို့ လုံးပန်းနေသူဖြစ်သည်။ ညနေဘက် ကျူရှင်ကို စက်ဘီးကလေး ကျောက်ကျောက် ပြေးရသေးသည်။ တစ်ရက်တော့ ကျူရှင်ကို စက်ဘီး ယူမသွားဖြစ်ဘဲ ရောက်သွားသည်။ အတန်းချိန်ကုန်တော့ ကျောင်းသူကျောင်းသား အသီးသီး အသက အသက မိမိစက်ဘီးကလေးတွေ စီးကာပြန်တော့ ကျူရှင်မှာ ကျွန်တော့်တူလေးတစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ သူ့စက်ဘီး ရှာသည်။ မတွေ့။ စိတ်တွေ ထူပူသွားသည်။ စက်ဘီးကလေးက သူ့အတွက် သာမက မိသားစုဘဝနှင့်ပါ ဆက်စပ်နေသော စက်ဘီးကလေးပျောက်သွားလျှင် ဆိုသည့်အသိက လောင်မြိုက်နေသည်။ ကျူရှင်ဆရာကလည်း စိတ်ပူသည်။ ကျူရှင်မှာ စက်ဘီးပျောက်သည် ဆိုသည့်သတင်းသည် သူ့အတွက် မကောင်း။ ရှာကြ၊ ဖွေကြ၊ ပြေးကြ၊ လွှားကြ။ တူကလေးက အိမ်မပြန်ရဲတော့ ဆရာကပဲ လိုက်ပို့ရသည်။ အိမ်ရောက်ခါနီးတော့မှ စက်ဘီးအိမ်မှာကျန်မှန်း မှတ်မိတော့သည်။ မေ့လျော့ခြင်းအတွက် လောင်မြိုက်ရသည့် အပူက အိုးကင်းပူ တိုက်သလား မှတ်ရသည်ဟု ပြောပြသည်။

သည်တူကလေးပါပဲ။ လက်ဖက်ရည်ဆိုင် ညဘက်သွားထိုင်သည်။ ညဉ့်ကြီး တော်တော်နက်တော့မှ ပြန်လာခဲ့သည်။ ထိုညက လက်ဖက်ရည်ဆိုင်မှာ လူစည်ကားလှသည်။ အိမ်ပြန်ရောက်တော့ သန်းခေါင်။ အိမ်က စက်ဘီးကော ဆိုတော့မှ ဆိုင်ဝမှာ ထောင်ထားခဲ့သည့် စက်ဘီးကို သတိရတော့သည်။ မိမိနှင့် မနီးမဝေးမှာ ရပ်ထားတာဆိုတော့ သော့ကလည်း မခတ်မိ။ ပျောက်ဖို့က ရာနိုင်နှုန်းကိုးဆယ် သေချာနေပြီ။ တစ်ခါက လောင်မြိုက်ဖူးသော





အပူက အိုးကင်းပူထဲ တွန်းချပြန်သည်။ ဆိုင်ကလည်း ဝေးသည်။ သို့သော် ပူလောင်ခြင်းကပဲ သူ့ကို လက်ဖက်ရည်ဆိုင်ပြန်သွားဖို့ တိုက်တွန်းနေသည်။

'တော်ပါသေးရဲ့ ဦးလေးရာ၊ လက်ဖက်ရည်ဆိုင်က သိမ်းထားပေးလို့၊ ကျွန်တော်ဖြင့် သွားပြီထင်တာ၊ နောက် မမေ့အောင် နေရတော့မယ်'

ကျွန်တော်ကတော့ စက်ဘီးပါမသွားတာကို ပါသည်ထင်ပြီး ပူလောင်ရခြင်းနှင့် ပါသွားတာကို မပါဘူးထင်ကာ ပူလောင်ရခြင်းကိုပဲ တွေးနေမိသည်။ နှစ်မျိုးစလုံးသည် မေ့လျော့ခြင်းသာ ဖြစ်သည်။ မဂ္ဂင်ရှစ်ပါးတွင် သတိ (မမေ့မလျော့ခြင်း၊ အပ္ပမာဒ) ကို သမ္မာသတိမဂ္ဂင်ဟု သုံးသည်။ တစ်စုံတစ်ခုသော အာရုံကို မမေ့ခြင်း။ အပ္ပမာဒသည် စိတ်အစဉ်၌ ကပ်၍ တည်နေသည့်တရားဟု ဆိုသည်။ အပ္ပမာဒသည် အကျိုးအများဆုံး၊ အရေးအကြီးဆုံး တရားဖြစ်သည်။ မေ့လျော့ခြင်း ပမာဒကတော့ သေခြင်း၏ အကြောင်းဟု ဆိုသည်။ Heedlessness is way to Death ကျွန်တော့်တူကလေးကို ကျွန်တော် သတိရသည်။ ပူလောင်လှသော တဒင်္ဂသည် သေခြင်းများလား။

အဘိုးကတော့ သတိသည် မမေ့မလျော့ခြင်းနှင့် လက်ခံသိမ်းဆည်းခြင်း လက္ခဏာရှိသည်ဟု ပြောဖူးသည်။ ယောဂါဝစရပုဂ္ဂိုလ်သည် ဆည်းပူးအပ်သောတရားကို ဆည်းပူး၍ မဆည်းပူးအပ်သည့်တရားကို မဆည်းပူး။ လွတ်မြောက်ခြင်း (နိဗ္ဗာန်ရောက်ကြောင်း) ကို မမေ့။ လက်ခံသိမ်းဆည်းခြင်းကတော့ အကျိုးစီးပွားဖြစ်သည့်တရားကို အောက်မေ့၍ အကျိုးစီးပွားမဖြစ်သည့် တရား (အကုသိုလ်တရား) ကို ပယ်ခြင်းကို ဆိုသည်။

ကျွန်တော်တို့က သရဏဂုံသုံးပါးကို ရွတ်ဆိုရင်း သီလခံယူသည့်အခါ 'အပ္ပမာဒေန သမ္ပာဒေထ' ဟု မိန့်မြဲ။ 'တကယ်ဟုတ်ရဲ့လား၊ မမေ့နဲ့နော်' ဆိုသည့်သဘောဖြစ်လိမ့်မည်။ တိတ္ထိတို့ ကိုးကွယ်သည့် အသောကမဟာရာဇ်ကို နိဂြောဓသာမဏေက အပ္ပမာဒတရားကို ဟောသည်။ အဟိန္ဒထေရ်က ဒေဝါပိယတိဿမင်းကို အပ္ပမာဒသုတ်ကို ဟောတော်မူသည်။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုကာနီး နောက်ဆုံးမှာကြားခဲ့သည့် တရားကလည်း 'ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ' ရုပ်နာမ်ဓမ္မသင်္ခါရတို့ကား ပျက်စီးခြင်းသဘောရှိ၏။ ဘိက္ခုတို့ မမေ့မလျော့ခြင်းနှင့် သိက္ခာသုံးပါးကို ပြီးစေရစ်ကြဆိုသည်ပင်ဖြစ်သည်။ မေ့လျော့ခြင်းက မဖြစ်သေးသည့် အကုသိုလ်ကို ဖြစ်စေသည်။ ဖြစ်ပြီး ကုသိုလ်ကို ဆုတ်ယုတ်စေသည်။ ကြီးစွာသော အကျိုးမဲ့ခြင်းကို ဖြစ်စေသည်။

ကျွန်တော်ကတော့ မေ့လျော့ခြင်းများစွာဖြင့် ဆုံးပါးသွားသည့် မိဘနှစ်ပါးကို မေ့လျော့နေသည်။ ပြောထားမိသမျှ မေ့သည်၊ ကြံထားမိသမျှ



www.burmeseclassic.com

www.burmeseclassic.com



မေ့သည်။ လုပ်ထားမိသမျှ မေ့သည်။ တစ်ခါတစ်ရံ ရတနာသုံးပါးကိုပင် မေ့ချင်ချင်။ အပွမှာ ဒေါ်စမွေသု တရားကောင်းကို မမေ့နှင့်ဆိုသည့်တိုင် တရားဆိုးကို မမေ့တာ များသူဖြစ်သည်။ သမ္မာဒိဋ္ဌိကို မေ့သည်။ သမ္မာသင်္ကပ္ပကို မေ့သည်။ သမ္မဝါစာကို မေ့သည်။ သမ္မာသမာဓိကို မေ့သည်။ မေ့လျော့ခြင်းသည် သေခြင်းဟုဆိုလျှင် ကျွန်တော်သည် အကြိမ်ကြိမ်အခါခါ သေခဲ့သူဖြစ်သည်။ အဆိုးဆုံးမှာ မေ့ခြင်းကို မေ့နေခြင်းပင် ဖြစ်သည်။

*Idea* ၂၀၀၁၊ နိုဝင်ဘာလ

## ရန်ကုန်ပိုအိုးလေး အေးပါဘိ

မနေ့တစ်နေ့က Battle For Control အစီအစဉ်တွင် အီရတ်နိုင်ငံမြေပုံကတစ်ဖက်၊ သတင်းကြေညာသူက တစ်ဖက် ပြသရင်း စစ်သတင်းတွေ ထုတ်လွှင့် နေတာကို ကျွန်တော်ကိုယ်တိုင် ထိုင်ကြည့်ဖြစ်ပါသည်။ မျက်လုံးများက ဖန်သားပြင်ကို ကြည့်နေမိသော်လည်း ကျွန်တော့်စိတ်က တခြားကို ရောက်နေသည်။ တကယ်တော့ အီရတ်သည် မက်ဆိုပိုတေးမီးယားနယ်ပယ်ကြီးမှ ဖွဲ့စည်းတည်ထောင်ခဲ့သော နိုင်ငံဖြစ်သည်။ တိုက်ဂရစ်နှင့် ယူဖရေးတီးမြစ်ကြီးနှစ်စင်း စီးဆင်းရာ ဒေသလည်းဖြစ်သည်။ သည် မြစ်ကြီးနှစ်မြစ်ကြားက မြစ်ဝှမ်းဒေသသည် ကမ္ဘာ့သမိုင်းတွင် အရေးပါလှသော ရှေးအကျဆုံး ယဉ်ကျေးမှု ထွန်းကားရာဒေသအဖြစ် ကမ္ဘာ့ယဉ်ကျေးမှုသမိုင်းက နေရာပေးသည်။ ဗက်ဗီလုံနှင့် နင်းနိမ်မြို့ဟောင်းတွေကလည်း သည်မှာပဲ ရှိသည်။ ဥရောပသားတို့ အမဲလိုက်စားနေရချိန်မှာ မက်ဆိုပိုတေးမီးယားက ယဉ်ကျေးမှုဖွံ့ဖြိုးနေပြီ။ ကောက်ပဲသီးနှံများ စိုက်ကြသည်။ အိုးများ ဖုတ်ကြသည်။ ကြေးညိုထည်များကို သုံးနေကြပြီ။ ရေသွင်း စိုက်ပျိုးခြင်း၊ အိမ်ရာဆောက်လုပ်ခြင်းများပင် ရှိခဲ့သည်။ သို့သော် ထိုဒေသသည် နိုင်ငံအချင်းချင်း စစ်ခင်းရာ စစ်တလင်းအဖြစ် အသုံးချ ခံခဲ့ရသည်။ မြစ်ကြောင်းတွေ ပြောင်းလဲစီးဆင်းခဲ့သည်။ ဆည်မြောင်းစနစ်တွေ ကန်းခဲ့ရသည်။ ရှေးဟောင်းမြို့ပြတို့ ပျက်ချင်းမလှ ပျက်စီးခဲ့ရသည်။ တူရကီနိုင်ငံတွင် မြစ်ဖျားခံသည့် ယူဖရေးတီးစ်နှင့် တိုက်ဂရစ် မြစ်နှစ်စင်းကတော့ ပါရှန်းပင်လယ်ကွေ့ထဲ ဆက်လက်စီးဆင်းနေဆဲဖြစ်သည်။ သည်မြစ်များ၏ မြစ်ကမ်းတစ်လျှောက်သာ မြို့ကြီးများရှိ၍ ကျန်ဒေသ တစ်ခုလုံးမှာ ခြောက်သွေ့လွှန်းလှသည်။

ပင်နီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သမိုင်းစာမျက်နှာကို သည်ဒေသကပဲ စာအရေးအသားဖြင့် စဖွင့်ခဲ့သည်။ ဘီစီ ၄၀၀၀ နောက်ပိုင်းတွင် ဆူမားရီးယန်းတို့၏ ရွှံ့ပြားအရုပ်စာတွေ ပေါ်လာခဲ့သည်။ ဘီစီ ၃၀၀၀ တွင် မြားသွားပုံသဏ္ဍာန်ပါသည့် အက္ခရာတွေ ရှိလာခဲ့ပြီ။ မြစ်နှစ်မြစ်ကြား ယဉ်ကျေးမှုသည် အိုးများနှင့် အက္ခရာများကို မွေးထုတ်ပေးလိုက်သည်။ အိုးထိန်းစက်များ၊ အိုးဖုတ်ဖိုများထဲက ထွက်လာသည့် ယဉ်ကျေးမှုစနစ်သည် သည်ဒေသတစ်ဝိုက်မှာ စိမ်းလန်းနေသည်။ မက်ဆိုပိုတေးမီးယား ပတ်ဝန်းကျင်ဒေသမှာ မင်းဆက်ကာလ ၁၈၀၀ ကျော်ခဲ့ကာ အက်ဒါဒီးယန်းများ၊ အာမိုရိုက်များ၊ အဆီးရီးယန်းများ၊ ဟစ်တိုက်မင်းဆက်များ၊ ကက်ဆက်မင်းဆက်များ၊ မီတန်နီမင်းဆက်များ၊ သဘာဝစွမ်းအင်ကို ကိုယ်စားပြုသည့် ကောင်းကင်ဘုံဘုရား၊ ရေဘုရားများ ကိုးကွယ်ခဲ့ကြသည်။ မြစ်ကြီး နှစ်မြစ်ကြား မြစ်ဝှမ်းဒေသကြီးထဲမှာ သမိုင်းအိုးဟောင်းကို ကျွန်တော် တွေးနေမိခြင်းဖြစ်သည်။

မနေ့တစ်နေ့ကပဲ မြင်းခြံနယ်၊ ရန္တပိုရွာသို့ ကျွန်တော်ရောက်ခဲ့သည်။ ရန္တပိုအိုးလုပ်ငန်းသည် ရွာ၏ စီးပွားရေးဖြစ်နေသည်။ မြစ်ကမ်းပါးမှ ရသော ရွှံ့မြေကို နှပ်ကာ နှံ့ထားရသည်။ သည်ပတ်ဝန်းကျင်မှာ နာမည်ကြီးသော နဘက်အိုး၊ ကတောအိုး ဆိုတာလည်း ရှိသေးသည်။ ရွာအမည်ကို လိုက်၍ တွင်သည့်အိုးများဖြစ်သည်။ စစ်ကိုင်းအိုး၊ ကျောက်မြောင်းအိုးဆိုတာကရော။ သောက်ရေအိုး၊ ညောင်ရေအိုး၊ နတ်ပန်းအိုးကအစ အိုးပုတ်အထိ ထွက်သည့် ရွာတွေ။

'အိုးများတော့ အိုးသည်က ဝါးတစ်ပြန်စာ ရိုက်ချလို့ ကွဲကျကုန်တာတောင် အရင်းမရှုံးဘူး။ ဟောသည်နားက ကတောအိုး၊ နဘတ်အိုး၊ ရန္တပိုအိုး၊ ကျောက်မြောင်းအိုးတွေ ဖောင်နဲ့တိုက်ချ၊ ကားနဲ့သယ်ပြီး ဆယ့်နှစ်ပွဲ လိုက်ရောင်းတာပဲ'

အိုးကုန်သည် ဒေါ်မြကြီးက ပြောပြဖူးသည်။ ဂေဇက်ရပွဲတော်ကြီးများတွင် အိုးဈေးတန်းကို တွေ့ရသည်။ အိုးမျိုးစုံတို့ ထားနိုင်ရန် နေရာကျယ်ကျယ်လိုသဖြင့် အိုးဈေးတန်းက ပွဲတော်ကွင်းနှင့် ခပ်ဝေးဝေး အစွန်အဖျားတွေမှာ ရှိတတ်သည်။ သို့သော် အဝယ်မရောက်မှာ မပူရ။ အိုးတစ်မျိုးမျိုးတော့ ဝယ်ရသည်ချည်း။ ညောင်ရေအိုးနှင့် နတ်ပန်းအိုးကတော့ ဘာသာရေးနှင့် ဆက်စပ်နေတော့ မဝယ်မဖြစ် ဝယ်ကြရသည်။ သောက်ရေအိုးကတော့ တစ်နှစ်တစ်ခါ နှစ်ဆန်းမှာ လဲတတ်ကြသည်။ ရေအိုးသစ်ကလေးဆိုတော့ စိတ်သန့်ရှင်းရသည်။ အိုးသစ်၊ အိမ်သစ်၊ လူသစ်၊ စိတ်သစ်ဆိုသည့် မြန်မာစကားက အဓိပ္ပာယ်ရှိသည်။ အိုးထွက်ဒေသတွေက တစ်နှစ်ပတ်လည် အိုးများထုတ်လုပ်





ကြသော်လည်း ပြာသိုလမှာ ထုတ်လုပ်သည့် အိုးများကို 'ပြာသိုလ်' ဟု တံဆိပ်ထိုးတတ်ကြသည်။ ပြာသိုလတွင် မြေဓာတ်က အအေးဆုံးဟုဆို၏။ ပြာသိုလက တူးသည့်မြေဖြင့် သည်အိုးကို ပြုလုပ်ပါသည်ဆိုသည့် အာမခံချက်ဖြစ်သည်။ တကယ်တော့ မြေကလည်း အိုးတွင် အရေးပါသည်။ တစ်နှစ်ပတ်လုံး အေးမြသည့် ရေအိုးမျိုးမှ ကြိုက်ကြသည်။ ကျောက်ဆစ်အိုးက စိမ့်ထွက်နေသည့် ရေဓာတ်က အိုးကိုပင် စိုနေစေသည်။ သည်တော့ မြင်ရသူက သောက်ချင်သည်။

'ရေကလေး အေးလိုက်သာတော်၊ အသည်းတောင် တုန်တယ်။ သာဓုပါတော်'

ရေသောက်ရသူက အေးမြသော ရေကိုသောက်ရသဖြင့် အေးမြသောမေတ္တာကို တုံ့ပြန်သည်။ အဖေက ရေအိုးလှူတာ ဝါသနာပါသူဖြစ်သည်။ ရွာထိပ် ညောင်ပင်ကြီးအောက်က အုတ်ခုံမှာ ရေအိုးဟောင်းလောင်း နှစ်ဆယ့်လေးလုံး၊ နှစ်စဉ် ရေချမ်းစင်တည်သည်။ နှစ်စဉ်လည်း အိုးသစ်လဲတတ်သည်။ မနှစ်က အိုးဟောင်းတွေကတော့ လိုချင်သူ ယူကြ။ အိုးသစ်တွေ မတည်ခင် ရေနှာအောင် စိမ်ရသေးသည်။ အိုးသစ်စော် မနံအောင်လို့ဟုဆိုသည်။ ရေဖြည့်တာဝန်ကို ရေထမ်းသမား ကိုလှသန်းက တာဝန်ယူရသည်။ နှစ်ကုန်တော့မှ အဖေက ကိုလှသန်းကို ရေဖိုးပေးသည်။ အိုးတွေထဲ ရေမထည့်ခင် အဖေလက်ညှိုး ထုံးတို့ကာ ၂၄ ပစ္စည်းကို အိုးတစ်လုံးချင်းမှာ ရေးသည်။ ဟေတုပစ္စယော၊ အာရမ္မဏာပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော စသည်ဖြင့် ရေးပြီးမှ ရေဖြည့်သည်။ အိုးရေစိုစိုမှာ ထုံးဖြူဖြူတို့ ထင်းထင်းကြွလေ၏။

'လှသန်းရေ ရေသောက်ရင်တောင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အပ်ပြီးမှ သောက်ကွ၊ ဆေးဖြစ်တယ်။ မမအတ္တာနံ ဗုဒ္ဓသသ နိယျာတေမိ မမအတ္တာနံ ဓမ္မသသ နိယျာတေမိ မမအတ္တာနံ သံဃဿ နိယျာတေမိ အရောင်ဝါ ဟောမိဆိုတော့၊ ရေလေးသုံးကျိုက်လည်း သောက်ပြီးရော၊ ရေကလည်း ဆေးဖြစ်ရော'

အဖေက 'ရေပြည့်တဲ့ အိုးများဟာ အသံမပြုသလိုဘဲ အရိယာသူတော်စင်များဟာ စာပေကျမ်းဂန်မှာဖြစ်ဖြစ်၊ မဂ်ဖိုလ်တရားမှာဖြစ်ဖြစ် အထွတ်အမြတ်ကို ရောက်သော်လည်း ဂုဏ်မာနကြောင့် မကြွေးဝါးရဘူး။ သူတော်ကောင်းများဟာ ရေလျှံအိုးနဲ့တူတယ်' လို့ ဆုံးမတတ်သည်။

အမေ နှစ်စဉ်ဝယ်တတ်သော အိုးမှာ ပရိတ်အိုး၊ အတာအိုးများဖြစ်သည်။ ပရိတ်အိုးကတော့ သန့်ရှင်းကြည်လင်သော ရေကို ထည့်ကာ အိုးနှုတ်ခမ်းမှာ ငှက်ပျောဖက် ငှက်ပျောရွက်များဖြင့် အလှဆင်သည်။ ငှက်ပျော



www.burmeseclassic.com

www.burmeseclassic.com



ဖက်ထိပ်မှာ ငှက်ပျောရွက် ငှက်ရုပ်ကလေးရှိကာ ရောင်စုံချည်မျှင်ကလေးများဖြင့် အိုးနှုတ်ခမ်းတိုင် ဆွဲယူသည်။ သကြန်အတာအိုးကတော့ သကြန်အကြိုနေ့ သိကြားမင်းကို ကြိုသောအိုးကလေးဖြစ်ပြီး အုန်းညွန့်၊ သီးညွန့်၊ ကံ့ကော်ညွန့်၊ မြေစာပင်များဖြင့် လုပနေတတ်သည်။

ကျွန်တော်ငယ်ငယ် အညာကျေးလက်မှာနေစဉ်က နွေဆိုလျှင် အိမ်မှာ ရေမသောက်ဘဲ အိမ်ရှေ့လမ်းက ရေအိုးစင်မှာ သွားသောက်လေ့ရှိသည်။ တာလမ်းဘေး လှတကာသောက်ကြသည့် ရေအိုးက အိမ်က ရေအိုးထက် အေးသောကြောင့် ဖြစ်သည်။ စပါးပင်ကလေးတွေက အိုးဖင်သဲထုထဲက လွန့်တက်နေတာကို ကျွန်တော် သဘောကျသည်။ အိုးစိုစို၊ စပါးစိမ်းစိမ်း၊ သဲစိုစိုက ကျွန်တော့်ကို ဖြားယောင်းနေတတ်သည်။ အိုးကလေးသုံးအိုးမှာ တစ်မိုက်လောက်စီရှိသည်။ စင်ကလေးရိုက်ကာ ပိတ်စနီနီ ကာထားတတ်သည်။ အိမ်တွင်းမောင်နှမတွေ ပသတာဟု ဆိုသည်။ တစ်ခါတလေတော့လည်း နတ်ပန်းတွေ ညှိုးခြောက်နေတတ်သည်။

'အမေငယ်ငယ်က နတ်ကွန်းစင်က နတ်အိုးကလေးတွေ ခိုးခဲ့ဖူးတယ်။ ကလေးဆိုတော့ ကစားမယ်ဆိုပြီး လူကြီးတွေ မသိအောင် ယူလာတာပေါ့လေ။ မျက်လုံးသုံးရက်ကွယ်တော့မှ လူကြီးတွေက သိသွားတာ။ တောင်းပန်ပြီး ပြန်ထား လိုက်တော့မှ ပြန်မြင်တာ'

အမေ့ အတွေ့အကြုံက ကြောက်စရာ။ ကျွန်တော်တို့အိမ်က အိုးတွေမှာ နာမည်တွေရှိသည်။ ရေချိုးခံရာ ငါးဆယ်ဝင် စဉ့်အိုးကြီးကို ကျွန်တော်တို့က 'ဘိုးကံ့ရုံ' လို့ခေါ်ကြသည်။ ဘိုးကံ့ရုံကလည်း စဉ့်အိုးကြီးလို ဝဖိုင့်ဖိုင့်ပေကိုး။ ဆီလေးငါးပိဿာဆံ့သည့် အိုးမည်းမည်းကိုတော့ 'စံထွန်းအေး'။ စံထွန်းအေးမှာ အသားအလွန်မည်းသည်။ နှုတ်ခမ်းက လန်လိုက်သေးသည်။ သရက်သီးကုလားတည် ထည့်သည့် စဉ့်ဝါအိုးမှာတော့ စဉ့်ညို့ပြောက်တွေ သီးနေအောင်ပါတော့ ဒါကို 'တင်ပု' ခေါ်ကြစမြဲ။ အမေ့တူမ မတင်ပုမှာ ကျောက်ပေါက်မတွေ ပျစ်ခဲနေလို့ဖြစ်သည်။ မီးခတ် မီးချိတ် သံအိုးရေအိုး ဖွတ်အထားနိုင်းသော ဆယ်အိမ်ခေါင်း ကိုလူမောင်ကို ဂုဏ်ပြုသောအားဖြင့် မီးသတ်ရေအိုးဟောင်း သဲအိုးဟောင်းနှစ်လုံးကို 'လူမောင်အိုး' လို့ ခေါ်ကြသည်။

'လူမောင့်အိုးထဲ ရေဖြည့်ကြဦးဟေ့၊ မသာက သည်အိုးလောက်လာလာစစ်နေတာ'

ဒါဆိုလျှင် ကျွန်တော်တို့ သိကြပြီ။ ကြံရာလူက ရေထည့်ရုံ။ အဖေကတော့ 'လူမောင့်အိုးက တော်သေးတာပေါ့ကွာ၊ သဲထည့်လို့ ရသေးတယ်။





နတ်အိုးကွဲတော့ မဖြစ်ကြစေနဲ့ဟ၊ ချေးကော်မရ ပဲလှော်မရနဲ့ အသုံးတည့်ကြပစေကွ' လို့ ဆုံးမတတ်သည်။ တစ်ခါတစ်ခါတော့လည်း နတ်ကြောက်ရတာတော်ပါသေးကွာ၊ ခုတော့ နတ်အိုးကွဲတောင် ကြောက်နေရမှတော့ လူလုပ်မဖြစ်ပါဘူးလို့ ညည်းတတ်သည်။

တကယ်တော့ အိုးတွေက လူ့မှုဘဝကို ထင်ဟပ်နေသည်။ ခေတ်ကာလ၏ အမှတ်သင်္ကေတလည်းဖြစ်သည်။ နောင် နှစ်ပေါင်းထောင်ချီသည့်အခါ သည်အိုးကွဲတို့က သမိုင်းအစကို ဆွဲထုတ်ကြလိမ့်မည်။ အစပိုင်းမှာ အိုး၏အသုံးက ရေနှင့်စားစရာ ထည့်စရာလောက်သာဖြစ်သည်။ နောက်တော့ အနုပညာ အခင်းအကျင်းသဘောတွေ ပါလာခဲ့သည်။ အရိုးအိုး၊ ပြာအိုး၊ ရွှေအိုး၊ ငွေအိုး။

အိုးသည် လူ့ယဉ်ကျေးမှုဖြစ်စဉ်ကြီးတွင် ကာလသမိုင်းကို ဖော်ပြသော သမိုင်းပစ္စည်းဖြစ်လာရတော့သည်။ အိုးပေါ်မှ အမှတ်အသား၊ အနုလက်ရာတို့ ထင်ကျန်နေတတ်သဖြင့် ခေတ်ကို ကောက်ချက်ဆွဲနိုင်သည်။ ပျူယဉ်ကျေးမှု လွှမ်းမိုးခဲ့သော ဗိဿနိုး၊ သရေခေတ္တရာ၊ ဟံလင်းမြို့ဟောင်းများတွင် ရှေးခေတ် အိုးများ၊ အိုးခြမ်းပဲ့များ တွေ့ရသည်။ သည်ကမှ အိုးထိန်းစက်သုံးခဲ့ကြကြောင်း သိခဲ့ကြသည်။ အိုးပေါ်မှာ လိပ်ရုပ်၊ ငါးရုပ်တွေပါတတ်သည်။ ဘီးကျိုးကွဲဖြင့် အကွက်ဖော်တတ်သည်။ လိပ်ရုပ်ကြောင့် ဗိဿနိုးကိုးကွယ်မှု ရှိခဲ့ကြောင်း သိကြရသည်။ အရိုးအိုးတချို့မှာ မင်းဆက်အမည်များ တွေ့ကြရသည်။ လက်မှုအနုပညာ၏ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းကိုလည်းကောင်း၊ နေရာဒေသပျံ့နှံ့ ရောက်ရှိပုံကိုလည်းကောင်း၊ ပျောက်ဆုံးနေသော သမိုင်းကွင်းဆက် အထောက်အထားများ ရှာဖွေရာတွင်လည်းကောင်း အိုးများအသုံးတည့်သည်ဟု ပညာရှင်တို့က ဆိုသည်။ ရှေးဟောင်းသုတေသနပညာကို အိုးခြမ်းကွဲသိပ္ပံ (Science of Broken Pots) ဟူ၍ ခေါ်ကြသည်လည်းရှိသည်။ ရုရှားတို့၏ ရှေးဟောင်းအိုးများကို လေ့လာခြင်းအားဖြင့် ခေါင်းလောင်းပျောခွက် အိုးယဉ်ကျေးမှု (The Culture of Bell Beaker) ကို တွေ့ရှိခဲ့ကြသည်။ ကြိုးတစ်အိုးယဉ်ကျေးမှု (The Culture of Corded Pottery) ကို လေ့လာနိုင်ခဲ့ကြသည်။

ဒေါက်တာသန်းထွန်း၏ ခေတ်ဟောင်း မြန်မာရာဇဝင်ကို ရှာဖတ်ဖြစ်သည်။ ဗိဿနိုးမြို့ဟောင်းနှင့် ပတ်သက်၍ သည်လိုရေးထားသည်။

'မြေအိုးခွက် အမြောက်အမြား တူးဖော်တွေ့ရှိ၏။ ပုံစံလည်း များပြားဆန်းကြယ်သည်။ အရိုးအိုး၊ ရေတည်အိုး၊ ချက်ပြုတ်အိုး၊ လည်တံရှည်အိုး၊



www.burmeseclassic.com

www.burmeseclassic.com



ရေသွန်းကရား၊ သပိတ်၊ ဆီမီးခွက်၊ ကလေးကစားရန် ရုပ်ဒိုးစသည်ဖြင့် အမျိုးအမည်လည်း များပါသည်။ မြေအိုးလုပ်ရာတွင် အသားကျစ်အောင် အတွင်းက အဝတ်စဖုံးထားသော ဒိုးလုံးခံ၍ အပြင်မှ လက်ခတ်နှင့် ရိုက်ဟန် တူပါသည်။ ထို့ကြောင့် အချို့အိုးတို့တွင် အတွင်းသား၌ ဖျင်စအရာ ထင်နေပါသည်။ ယင်းကို တွေ့မြင်ရသဖြင့် အထည်ရက်လုပ်သည့်လုပ်ငန်းလည်း ထိုအခါက ရှိသည်ဟု သိရသည်။ အိုးများကို အပြောက်အမွမ်းဖော်ရာ၌ လက်ခတ်၌ အရုပ်ထုထားလျက် ထိုလက်ခတ်နှင့်ရိုက်၍ ပုံဖော်သည့်နည်းလည်း ရှိသည်။ အိန္ဒိယမှ အရိုယမေဒတွင် တွေ့ရသော ဘီးလုံးတွင် အရုပ်ထု၍ ထိုဘီးကို ရွှံ့ပျော့တွင် လိမ့်လျက် အရုပ်တန်းဖော်ယူနည်းကိုလည်း ဗိဿနိုးမြို့ရာ၌ တူးဖော်တွေ့ရှိသော အိုးကွဲတို့၌ တွေ့ရပါသည်။ အချုပ်အားဖြင့် သရေခေတ္တရာမှ အိုးတို့ထက်များစွာ သာလွန်ကောင်းမွန်ပါသည်။

ကျွန်တော်တို့မှာလည်း အိုးယဉ်ကျေးမှု ခမ်းနားခဲ့သည်ကော။ အိုးကို လွမ်းသည့် စိတ်ဖြင့် ကျွန်တော့်အိမ်ထဲမှာ ရှိရှိသမျှ အိုးတွေကို ကျွန်တော် လိုက်ကြည့်သည်။ သောက်ရေအိုးကလေးသာ အိုးအဖြစ် ရှိတော့သည်။ ဒန်အိုးနှင့် ပလပ်စတစ်အိုးခွက်တွေသာ ကြီးစိုးနေသည်။ ငယ်ငယ်ကတော့ ဖျဉ်းအိုးထဲက ရေကို ချိုးခဲ့ရသည်။ မြေအိုးနှင့်ချက်သော ထမင်း၊ မြေအိုးနှင့် ချက်သော ဟင်းကို စားခဲ့ရသည်။ မြေရေနွေးကရားက ကျသော ရေနွေးကြမ်းကမှ ကျသည့်ထင်ခဲ့သည်။ ရေတကောင်းထဲက ရေကမှ အေးသည်။ လက်ဖက်ရည် အချိုကိုပင် ထိုအိုးကလေးနှင့် သောက်ခဲ့ရသည်။

မြေငါးပိအိုးထဲက ငါးပိက လောက်တဖွားဖွားဆိုသော်ငြား အရသာရှိလှ၏။ ဆားအိုးကကော။ မြေအိုး။ နနွင်းမှုန့်ထည့်တော့လည်း မြေအိုးကလေးသာ ဖြစ်သည်။

'မင်းတို့ ထမင်းပေါင်းအိုးဆိုတာကြီးက ဖာတ်တောက်တောက်နဲ့ ပါကွာ၊ ပဲငါးပိကလေးပြုတ်ချင်တော့လည်း ဒန်အိုးကြီးနဲ့၊ ဘယ်နူးနူးနပ်နပ် ရှိလိမ့်မတုံး။ မင်းတို့ခေတ်များတော့ မြေတာ်မပါလိုက်ပုံများ'

မြို့မှာ ကျွန်တော်နှင့်အတူနေသည့် အမေက မြေအိုးယဉ်ကျေးမှု ယုတ်လျော့လာတာကို ကျေနပ်ပုံမရ။ အမေက ရေထည့်သည့်အိုးကို အိုးစရည်းခေါ်သည်။ ချက်သည့်ပြုတ်သည့်အိုးကို အိုးတန်ခေါ်သည်။ အပေါက်ကျဉ်းကျဉ်း အိုးဝမ်းပူကြီးတွေ့လျှင်တော့ အိုးတုတ်ခေါ်၏။ အိုးသေးသေးကလေးကျတော့ အိုးပျစ်တဲ့။ တစ်ခါတစ်ခါတော့ 'အိုးစား မကွဲကြစေနဲ့၊ ချစ်ချစ်ခင်ခင်နေကြ' လို့ ဆိုတတ်သည်။





'အိုးစားကွဲတယ်ဆိုတာ ဘာကို ပြောတာလဲ အမေ'

'ဟဲ့ ရှေးက တပ်သားငါးယောက်ပါတဲ့ ဘုရင့်အမှုတော်ထမ်းအစုကို တစ်အိုးစားခေါ်တာ၊ လူမှ ငါးယောက်လောက်ရှိတာ ထပ်ပြီး စိတ်ဝမ်းမကွဲကြနဲ့တော့လို့ ပြောတာပေါ့ဟဲ့'

ထိုညက နိုင်ငံတကာသတင်းတွေ ထိုင်ကြည့်ဖြစ်ခဲ့သည်။ BBC World မှ အီရတ်စစ်ပွဲသတင်းတွေ နေ့ညဉ့်မပြတ် ထုတ်လွှင့်နေသည်။ ယဉ်ကျေးမှု ကြီးခဲ့သော တိုင်းဂရစ်နှင့် ယူဖရေးတီးစ်မြစ်ဝှမ်းဒေသတဝိုက် ကြီးမားလှသော ဗုံးအိုးကြီးတွေ တသဲသဲ ပြုတ်ကျနေသည်။ ဥရောပသားတွေ အမဲလိုက်၊ သားကောင်လိုက်နေချိန်မှာ အိုးယဉ်ကျေးမှု ကြီးခဲ့သည်ဆိုသော မက်ဆိုပိုတေးမီးယား ယဉ်ကျေးမှုမြစ်ဝှမ်း၊ အခုတော့လည်း အမဲလိုက်သူတို့ ကြဲချနေသည့် ဗုံးအိုးတွေက ရှိရှိသမျှ အိုးစားတိုက်နေပြီ။

ကျွန်တော်ကတော့ သည်ဒေသမှာ ရေချမ်းစင်ကလေးဆောက်ချင်သည်။ ရေချမ်းအိုးကလေး တည်ချင်သည်။ ၂၄ ဖွဲ့သည်းကို လက်ညှိုးထုံးတို့ကာ အိုးတွေပေါ်မှာ ကမ္ဗည်းတင်ချင်သည်။ ရေကို ဆေးဖြစ်အောင် သောက်စေချင်သည်။ ကတောအိုးကလေး အေးပါဘိ။ နဘက်အိုးကလေး အေးပါဘိ။ ရွှေပိုအိုးကလေး အေးပါဘိ။

*Idea* ၂၀၀၃၊ ဖွန်လ

www.burmeseclassic.com

www.burmeseclassic.com

## ဒီကာက်ပင်နိတ်တက် နေဝင်းမြင့်

ဆရာဝန်က ကျွန်တော့်ကို ကော်ဖီမသောက်ပါနှင့်တော့ဟု အကြံပြုလိုက်သည့်နေ့က တုန်လှုပ်ချောက်ချားသွားသည်ဟု မဆိုနိုင်သော်လည်း စိတ်ဓာတ်ကျသွားတာကတော့ အမှန်ပင်ဖြစ်ပါသည်။ ကျွန်တော့်ကို မသောက်နှင့်တော့ဟု တားမြစ်လိုက်သည့် ကော်ဖီမှာ အသင့်ဖျော်ကော်ဖီထုပ်များကို ဖြစ်သည်။ ကော်ဖီမှုန့်နှင့်စပ်သော အိမ်ဖျော်ကော်ဖီကိုတော့ သောက်ခွင့်ပြုသည်။ သို့သော် အလွန်အကျွံတော့မဟုတ်။ ကော်ဖီမှုန့်တစ်ဇွန်း နို့မှုန့်တစ်ဇွန်းလောက်ကို ရေနွေးဆူဆူတွင်ဖျော်ကာ သောက်နိုင်ကြောင်း၊ အချိုအရသာအတွက် ကျွန်တော့် အိမ်ထောင်စုစာရင်းထဲ ပုံစံ ၂၀ နှင့်ဝင်ရန် တာစူနေသည့် ဆီးချိုရောဂါကို ကာကွယ်ပေးသောအားဖြင့် ဆစ္စရင်သကြားကို သုံးနိုင်ကြောင်း အကြံပေးလိုက်သည်။ သည်အတွက် (ချစ်ခင်ညှာတာမှုအတွက်) ဆရာဝန်ကို ကျွန်တော် ကျေးဇူးတင်ပါသည်။ ဆရာဝန်ခမျာ သူ့ကိုယ်ကျိုးလုံးလုံးမပါရှာဘဲ ကျွန်တော့်ကျန်းမာရေးအတွက် အကောင်းဆုံးအကြံပြုသည့် အားလျော်စွာ ကျွန်တော့်ဘက်ကလည်း ကောင်းစွာလိုက်လျောရှောင်ကြဉ်ခြင်းအားဖြင့် လေးစားကြောင်းပြသရန် တာဝန်လေးလှသည် မဟုတ်သော်လည်း တစ်သက်လုံးနီးပါးသောက်လာခဲ့သည့် ကော်ဖီကို ရှောင်ကြဉ်ရမည်ဆိုသည့်အခါ တစ်စုံတရာ နှမြောသလိုလို ခံစားနေရသည်။

ကျွန်တော် ကော်ဖီအလွန်ကြိုက်သည်။ အသင့်ဖောက်ဖျော်ကော်ဖီထုပ်များ ပေါ်လာသည့်အခါ တိုးတက်လာသော နည်းပညာ၏ 'သာရည်' ကို ကျွန်တော်ကျေနပ်နေမိသည်။ ကော်ဖီထုပ်များကြောင့် ကရိကထ မများတော့ဘဲ ရေနွေးအဖြူထည့်တစ်စ လောင်းစာမျှရှိရုံနှင့် အဆင်ပြေနိုင်သည်။





ကော်ဖီထုပ် တံဆိပ်စုံကို တစ်မျိုးပြီးတစ်မျိုး မရိုးအောင်သောက်သုံး စမ်းသပ်ပြီးသည့်အခါ နောက်ဆုံးမှာ စိတ်ကြိုက်တံဆိပ်တစ်မျိုးကို ကျွန်တော် အတည်ပြုရွေးချယ်လိုက်သည်။ သည်တံဆိပ်ကို ရွေးချယ်ရာ၌ ကျွန်တော့်အတွက်ချည်းရွေးချယ်သည် မဟုတ်ပါ။ အကြောင်းအမျိုးမျိုးဖြင့် ရောက်လာတတ်ကြသော ကျွန်တော့်ဆွေမျိုး မိတ်သင်္ဂဟများအတွက်လည်း ပါပါသည်။ ဧည့်သည်အတွက် ကော်ဖီတစ်ခွက်စာမျှဖြင့် ဧည့်ခံလိုက်နိုင်ခြင်းကို မင်္ဂလာရှိသည့်အဆောင်အရွက်အဖြစ် ကျွန်တော်တို့ လက်ခံထားခြင်းသည်လည်း ပါပါလိမ့်မည်။ မြန်မာတို့၏ယဉ်ကျေးမှုဟု ဆိုနိုင်သော တည်ခင်းဧည့်ခံယဉ်ကျေးမှုတွင် ဆေးလိပ်၊ ကွမ်းနှင့်လက်ဖက်တို့သာ အစဉ်အလာဖြစ်၍ ကော်ဖီသည် တိုင်းတစ်ပါးက ထိုးဖောက်လာသော အနောက်တိုင်းယဉ်ကျေးမှုမှန်း ကျွန်တော်သိပါသည်။ သို့သော်ဆေးလိပ်သည်လည်းကောင်း၊ ကွမ်းသည်လည်းကောင်း၊ လက်ဖက်သည်လည်းကောင်း တစ်ကြောင်းတည်းနှင့် အကြောင်းမပြီးနိုင်လေရာ အသင့်ကော်ဖီထုပ်ဝယ်ထားခြင်းကသာ တွက်သားကိုက်သည်။

'တို့လူမျိုးက ဆေးလိပ်ကြိုက်တယ်ကွ၊ ဆေးပေါ့လိပ်ကလေးဘာလေးတော့ အိမ်မှာထားမှပေါ့။ မင်းနယ် စာတောင်ရှိသေးတယ်။ 'ရွှေညွှန့်ကွေ။ နတ်တို့ဆေးကို ကတ်ကြေးဓားငယ်၊ ဒူစမွယ်နှင့် သက်ကယ်ချောင်းမှုပမာဏနှင့်၊ သို့ကြောမျှမပါ၊ စင်ကြယ်စွာနှင့်၊ သန္တာညှံ့သက်၊ သခင်လက်နှင့်၊ စုံမက်ယုယ လိုးပြီးလျှင်' တဲ့။ ချစ်သူလက်နဲ့ ချက်ချင်းထလိပ်ပေးတဲ့ ဆေးလိပ်များ အင်မတန် မက်စက်ကြတဲ့လူမျိုးတွေ'

ကျွန်တော့် ဦးလေးတစ်ယောက်၏ အဆိုဖြစ်သည်။ ရှေးကတော့ဆေးတံသည် မြန်မာတို့၏ အမှတ်တံဆိပ်ဖြစ်သည်။ 'ကြာဆေးခွက်ကိုးဆစ်မျက်ပြေစွာ၊ နီတျာညှတ်ကော့၊ ဆေးတံကြော့နှင့် သောက်သောအခါ၊ အငွေ့လာမှု၊ ရသာအတိ၊ ထောင်ကြောထိမျှ၊ မျက်စိကြည်လင်၊ ဆံပင်နက်မည်။ သွားလည်းမြဲမြံ' ဟုပင် မင်္ဂလာယူကြသေးသည်။

မိန်းမရှင်ဖုံ၊ ကုန်းချော်ခုံ၊ ဆေးတံအဆစ်ကျဲကို အိမ်ရှင်ရော ဧည့်သည်ပါ မက်စက်ခဲ့ကြသည်။ သက္ကရာဇ် ၁၁၂၈ ခုနှစ်၊ ဆင်ဖြူရှင်မင်း ဒွါရဝတီကို အောင်သည့်အခါ ယိုးဒယားတို့ ငှက်ပျောဖက်ဆေးလိပ်သောက်သည့်ဓလေ့လည်း ပါလာခဲ့သည်။ မြန်မာတို့က ငှက်ပျောဖက်၌ တင်းတိမ်မနေပါ။ ငှက်ပျောဖက်၊ ချဉ်ပျစ်ဖက်၊ ဆောက်ဖက်၊ ဒဟတ်ဖက်၊ ပြောင်းဖက်၊ ပြည့်စင်ဖက်၊ သနပ်ဖက်၊ သလူဖက်၊ ကွမ်းသီးဖက်များဖြင့် နည်းပညာ မြှင့်ကြလေသည်။ လက်ဖက်ဆိုလျှင်လည်း မြန်မာမင်းများလက်ထက်ကတည်းက လက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



တောင်များ၏ အတွင်း ၃ ရပ်၊ အတွင်း ၄ ရပ်၊ အလယ်ပြူရပ်၊ အတွင်း ပြန်၊ ပြင်အတွင်း ၇ ရပ်၊ ပြင် ၄ ရပ်၊ ပြင် ၃၇ တောင်၊ အဝင် ၇ ရပ်တွင် ထွက်ရှိ သမျှ လက်ဖက်လက်ကျန် မရှိအောင် စားခဲ့ကြသူများဖြစ်သည်။ ဇာတိပိုလ်ရနံ့၊ ချယားကုံး (ခရေကုံး) ရနံ့၊ စကားပွင့် ရနံ့၊ မြတ်လေးပွင့်ရနံ့၊ စပယ်ပွင့်ရနံ့၊ ဥသျှစ်ကင်း၊ ဥသျှစ်မှည့် ရနံ့တို့ဖြင့် သင်းပျံ့သော လက်ဖက်များကား ရှေးကတော့ သဘာဝရနံ့ ပကတိရနံ့တို့ဖြင့် အန္တရာယ်ကင်းကင်း သုံးဆောင်ခဲ့ကြသည်သာ။

သည်ဘက်နှစ်တွေမှာ လက်ဖက်၊ ကွမ်း၊ ဆေး မတည်နိုင်တာလည်း ပါသည်။ ကရိကထ ဗာဟီရများတာလည်း ပါသည်။ ကျွန်တော်တို့ အိမ်မှာ အသင့်ဖျော်ကော်ဖီတွေ ရောက်လာခဲ့ပြီ။ ကော်ဖီထုပ်က ညှပ်ခံရတာ လွယ်သည်။ ပန်းကန်လုံးထဲ ကော်ဖီထုပ်ဖောက်ထည့်၊ ရေနွေးလောင်း၊ ဇွန်းကလေးဖြင့် မွှေလိုက်ရုံ။ ကော်ဖီရနံ့ ထောင်းခနဲ ထသွားဖို့တော့ မျှော်လင့်မထားပါနှင့်။ တစ်ခါတစ်ရံ ထန်းလျက်မီးလောင်နံ့၊ တစ်ခါတလေ မျိုးအောက်နံ့ ရချင်ရမည်။ ကံကောင်းလျှင် အတွင်းက ခဲသားပေါ်မှာ ကံစမ်းမဲကလေး ပေါက်ဖို့တော့ ရှိသည်။ ကော်ဖီတစ်ခွက်သောက်လိုက်ဖို့ ကော်ဖီသမိုင်း မလိုအပ်သော်လည်း တစ်ခါတလေတော့ ကော်ဖီသောက်ရင်း ကော်ဖီအကြောင်း စဉ်းစားမိသည်လည်း ရှိသည်။

ခရစ်နှစ် ၃ ရာစုကုန်ခါနီးလောက်က အာရေဗျရောက် ခရစ်ယာန် ဘုန်းကြီးများခမျာ နှိပ်စက်ညှင်းပန်းဘေးမှ ကင်းဝေးစေခြင်းငှာ အဗီဆီးနီးယား နိုင်ငံ တောနက်ထဲ အရောက်ပြေးခဲ့ကြရသည်။ ဘုန်းကြီးများ မွေးမြူထားသည့် ဆိတ်နှင့် သိုးများမှာ ညဥ့်အိပ်ချိန်ရောက်သည့်တိုင် လရောင်အောက်တွင် လန်းလန်းဆန်းဆန်း သွားလာနေကြသည်ကို တွေ့ခဲ့ကြသည်။ ဂိုဏ်းချုပ် ဆရာတော်ကြီး ကိုယ်တိုင် သိုးနှင့် ဆိတ်များ စားကြသည့် အပင်များကို လိုက်လံကြည့်ရှုသည့်အခါ အပင်တစ်မျိုး၏ အရွက်နှင့် အသီးများကို စားကြကြောင်း တွေ့ရသည်။ ဂိုဏ်းချုပ်ဆရာတော်ကြီးကိုယ်တိုင် စားကြည့်ရာတွင်လည်း အိပ်မပျော်နိုင်ဘဲ လန်းဆန်းနေသည်ဟု ဆိုလေ၏။ ၁၅ ရာစုမှာလည်း မက္ကာဘုရားဖူးများသည် ကော်ဖီစေ့လှော်များကို အမှုန့်ကြိတ်ကာ ရေဖြင့်ဖျော် သောက်ကြကြောင်း အထောက်အထားများရှိသည်။ ကော်ဖီယဉ်ကျေးမှုသည် အာရေဗျ၌ သိပ်ကိုစောခဲ့သည်ဆို၏။

အင်္ဂလန်က ကဖေးဆိုင်များမှာတော့ နိုင်ငံရေးသမားများ၊ စာပေ ပညာရှင်များ၊ ပန်းချီဆရာများထိုင်ကြတာများသည်။ ထိုခေတ် (၁၇ ရာစု) နိုင်ငံရေးသတင်းများကို ကဖေးဆိုင်များမှ ကြားရတတ်သဖြင့် အင်္ဂလန်ပြည့်ရှင်





မင်းများက ကဖေးဆိုင်များကို အာရုံစိုက်ကြ၊ အကဲခတ်ကြခြင်းအားဖြင့် စနည်းနာကြသည်များလည်း ရှိသည်။ မိုးကားမြို့မှလာသော မိုးကားကော်ဖီမှာ ထိုခေတ်၏ အကောင်းဆုံး အာရေဗျကော်ဖီဖြစ်သည်။ ဥရောပနိုင်ငံများ၌ ကော်ဖီယဉ်ကျေးမှု တစ်ပြေးညီဖွံ့ဖြိုးလာခဲ့သော်လည်း ပြင်သစ်၊ ကဖေးဆိုင်များကတော့ ကမ္ဘာကျော်လေသည်။ ကော်ဖီစေ့ကို ဘရာဇီးလို ကော်ဖီထွက် တိုင်းပြည်များဆီက မှာယူတင်သွင်းကြသော်လည်း လှော်ပုံ၊ ကြိတ်ပုံ၊ ဖျော်ပုံ၊ သောက်သုံးပုံတွေကတော့ နိုင်ငံအလိုက် ကွဲပြားကြသည်။ ချိုကိုရီသစ်မြစ်မှုန့် ရောစပ်ပြီး အခါးဓာတ်လျှော့ကြပုံချင်းလည်း မတူပါ။ တချို့နိုင်ငံတွေကတော့ ကော်ဖီစေ့ကို တူးချစ်အောင်လှော်၊ တူးခါးခါးကိုမှ ကော်ဖီအရသာဟု သတ်မှတ်ကာ သောက်ကြသူတွေလည်း ရှိသည်။ ကော်ဖီတူးတူးခါးခါးကို မက်ရေစက်ရေသောက်သည့် ကျွန်တော့်ဘထွေးတစ်ယောက်အကြောင်းကိုလည်း ကျွန်တော်ပြောချင်ပါသည်။ ဘထွေးက ကော်ဖီကို အိုးနှင့်ကျိုကာ တစ်သက်လုံး သောက်သွားခဲ့သူဖြစ်သည်။ လေးလုံးချက် ဒန်အိုးတစ်လုံးတွင် ဘာမင်နိယာ ကော်ဖီမှုန့်ကို ကျနေအောင် ကျိုထားပြီး ကျလောက်ပြီဆိုမှ ကျက်အောင်ကျိုထားသည့် နွားနို့ပူပူကို အိုးထဲလောင်းထည့်သည်။ ပြီးတော့မှ မီးအေးအေးနှင့် တစ်နေ့လုံး နှပ်ထားကာ တစိမ့်စိမ့် သောက်တတ်သူဖြစ်သည်။ အိမ်မှာနေရင်း အိမ်က အိုးထဲက ကော်ဖီကို စိတ်ရှိသမျှ ခပ်သောက်နေရတာမျိုးတော့မဟုတ်။ နှစ်ဖာလုံခန့်ဝေးသည့် မြို့တွင်းဈေးဆိုင်မှ လျှောက်လာကာ သောက်သူ ဖြစ်သည်။ ကော်ဖီဆိုင်ကို အရောက်ပို့ပေးဖို့ စီစဉ်ကြသော်လည်း ဘထွေးက လက်မခံပါ။ ကိုယ်တိုင် အိုးထဲက ငုံ့သောက်ရခြင်းကို ပိုခံတွင်းတည့်သည်ဟု အကြောင်းပြသည်။ နွေခေါင်ခေါင် မိုးသည်းသည်း ဆိုင်မှ အိမ်ကို တဖြုတ်ဖြုတ် ကူးကာလူးကာ သောက်နေခြင်းသည်ပင် ကျွန်တော် မှတ်မိသလောက် တစ်သက်လုံးဖြစ်သည်။ ကော်ဖီကို ကာဖီလို့ ခေါ်သူဖြစ်သည်။

'ငါကကျတော့လည်း ဘာမင်းနီးယားမှကွ၊ နို့ကျတော့လည်း ဆန်နယာဆီရဲ့ နွားနို့မှ၊ မင်းကွာ ကာဖီကျကျသောက်ရတဲ့အရသာကို ငါ အင်မတန် စွဲတယ်။ ဆာလာပြီဆိုတာနဲ့ ငါပြေးလာတာပဲ'

သူ့အစွဲနှင့်သူ ဆိုတော့လည်း ကျွန်တော့်ဒွေးလေးခမျာလည်း မပြောသာ။ ဒွေးလေးက ဘထွေးကွယ်လွန်သည့်အခါ တစ်ခွန်းသော စကားကို ဆိုသည်။ 'ငါတော့ကွယ် မင်းဘထွေးအတွက် ကော်ဖီအိုးကျိုရတာနဲ့တင် လင့်ဝတ္တရား ကျေခဲ့ပါပြီ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဖခင်ဘက်မှ ဘကြီးတော်သူ ဘိုးဖေသည်လည်း ကော်ဖီကြိုက်လှသူဖြစ်သည်။ ခေတ်ပေါ် နက်စ်ကဖေးလိုကော်ဖီမျိုးကို ကြိုက်သူမဟုတ်ဘဲ ကော်ဖီမှုန့်တွေ ဝေ့တက်နေသည့် အရပ်ဖျော်ကော်ဖီကို ကြိုက်သူဖြစ်သည်။ ဘကြီးဖေက ဆိုင်ဝေးဝေးသွားစရာမလို၊ အိမ်ရှေ့လမ်းကျော် မျက်နှာချင်းဆိုင်မှာ လက်ဖက်ရည်ဆိုင်ရှိသည်။ သူကတော့ လက်ဖက်ရည်သောက်လိမ့်မည်မဟုတ်။ ဘိုးဖေ ဆိုင်ဝင်က စားပွဲမည်းမည်းမှာ ဝင်ထိုင်သည်နှင့် စားပွဲထိုးက အခြားလက်ဖက်ရည်သောက်သုံးသူ တစ်ယောက်နှင့်တွဲကာ 'ဘယ်ညာ' ဟု အော်လိုက်သည် ဆိုပါစို့၊ ဘိုးဖေက ချက်ချင်း 'ဟေ့ ဘာလဲကွ၊ ဘယ်ညာဆိုတာ ငါက ဘယ်လား။ ညာလား' လို့ မေးတတ်သည်။ သူ့အကြောင်းသိနေသည့် အဖျော်ဆရာက 'ဘိုးဖေက ညာပါ' လို့ ဖြေရသည်။ သည်လိုဆိုလျှင်တော့ သူကျေနပ်သည်။

'အေး ညာလုပ်ကွ၊ ဘယ်က မင်္ဂလာမရှိဘူး'

ကော်ဖီသောက်တော့လည်း အားရစရာကောင်းသည်။ ကော်ဖီနှစ်တွေ ဝမ်းထဲကျသည်အထိ မော့သောက်တတ်သည်။ ပြီးလျှင် သူ့အတွက် ပိုက်ဆံကို သူထုတ်ပေးသည်။ သည်အတွက် ဘယ်သူ့ကိုမှ အားနာလိမ့်မည်မဟုတ်။ ဘယ်သူ့ဆီကမှလည်း သောက်လိမ့်မည်မဟုတ်။ ငါက အမေရိကန်စစ်စတမ်ကွလို့ မပြောတတ်တာပဲလား၊ သိသိနဲ့ နောက်တာလားတော့ မပြောနိုင်။ 'ငါက ရှင်းတယ်၊ ငါ့ဆီကလည်း မတိုက်ဘူး။ မင်းတို့ဟာလည်း မသောက်ဘူး။ ပါကစ္စတန်ပဲ' လို့ ပြောတတ်သည်။ လူငယ်တွေက ဘိုးဖေကို စချင်တော့ 'ဘကြီးကလည်း ပါကစ္စတန်က အောက်သွားပြီဗျ။ အာဖဂန်နစ္စတန် လုပ်စမ်းပါ' လို့ မြှောက်ပေးတတ်ကြသည်။

မည်သို့ပင်ဆိုစေ ဘိုးဖေကိုမှတ်မိုင်က ကော်ဖီရောင်ပေါက်နေတာတော့ အမှန်ပဲဖြစ်၏။ ဘိုးဖေ၏ ဖနီး ဘွားကွန့်ကတော့ 'နင့် ဘကြီးများ ချွေးထွက်ရင် ကာဖီနံ့ကို နံနေတော့တာ' လို့ ပြောဖူးသည်။

တစ်ခါတော့ ကျွန်တော်နှင့် ဘိုးဖေတို့ ကော်ဖီကိစ္စစကားတွေ ပြောဖြစ်ကြသည်။ ဘိုးဖေက စစ်ကာလအတွင်း အင်္ဂလိပ်လေယာဉ်ပျံတွေပေါ်က ကြဲချသည့် ပိုလ်ဆန်ကော်ဖီထုပ်တွေအကြောင်း ပြောပြသည်။ သည်တုန်းက ထောပတ်ဘူး။ မာကျရင်းဘူးတွေကို စားရကောင်းမှန်းမသိကြတော့ နွားလှည်းဝင်ရိုးထဲ ထည့်ကြသည့် 'လှည်းဆီ' အဖြစ် သုံးခဲ့ကြရတာတွေလည်း ပါသည်။

'တို့က အင်္ဂလိပ်ထောပတ်မှ မသိတာကိုးကွ၊ လှည်းဆီထိုးဖို့က အမဲဆီ မရှိတဲ့အချိန်ဆိုတော့ ဟန်ကျချက်ကွာ။ တစ်ဘူး လက်တစ်ဆုပ်စာ





အတော်ပဲ။ ပိုလ်ဆင်ဆိုတဲ့ ကာဖီမှုန့်ကျတော့ ငါတို့က နို့ကျဲဘူးတွေနဲ့ ဖျော်သောက်တာပဲ။ နို့ဆီနို့ကျဲကလည်း လေယာဉ်ပျံပေါ်က ကျတာပဲ'

စစ်အတွင်း ကာလများအတွင်း အမေရိကန်တစ်နိုင်ငံတည်းကပင် အသင့်ဖျော်ကော်ဖီမှုန့် ပေါင်သန်းပေါင်းသုံးရာလောက် တပ်ရိက္ခာအဖြစ် ဖြည့်တင်းခဲ့ရသည်။

ကျွန်တော်က ခေတ်မီကော်ဖီဆိုင်တွေ ရန်ကုန်မှာ မှိုကျင်းလိုပေါက်နေကြကြောင်း၊ ဘကြီးကို ရန်ကုန်ခေါ်သွားချင်ကြောင်း ပြောပြတော့ စိတ်ဝင်စားသည်။ ကော်ဖီအမျိုးမျိုးရှိကြောင်း၊ ကော်ဖီတစ်ခွက် ငွေတစ်ထောင်လောက် ပေးရကြောင်း ပြောပြသည့်အခါမှာတော့ ဘိုးဖေမျက်နှာပျက်လေ၏။ 'ကာဖီတစ်ခွက် တစ်ထောင်ပေးသောက်တယ်ဆိုတာကတော့ကွာ မိုက်လုံးကြီးတာပါ။ မိဘပိုက်ဆံ သက်သက်ဖြုန်းနေတာ နေမှာပဲ'လို့လည်း မှတ်ချက်ပြုသည်။ တစ်ခွက်တစ်ထောင် ဆိုရင်တော့ သည်ကောင်တွေ ကိုယ့်ပိုက်ဆံကိုယ်ပေးကြေး ပါကစ္စတန်နေမှာပဲ' လို့လည်း ဆိုလေသည်။ ဘွားကွန့်ကတော့ မယုံပါ။ တို့ကို လူအတွေများ မှတ်နေသလားဆိုသည့် မျက်နှာဖြင့် 'မင်းကွယ်၊ မဟုတ်တာ မပြောပါနဲ့၊ ဖမ္မူဒိပ်နိမိတ်တဲ့ကွဲ့၊ ဂျပန်ခေတ်တုန်းကတောင် ကာဖီတစ်ခွက် တစ်ထောင်မပေးရဘဲနဲ့' ဟု တွယ်လေသည်။

ရန်ကုန်မှာ ကော်ဖီဆိုင်တွေ တွင်ကျယ်လာတာကတော့ အမှန်ပဲဖြစ်သည်။ ပေါင်းခံကော်ဖီ၊ ဖျော်စက်သုံးကော်ဖီတွေ နိုင်ငံတကာ စံချိန်စံညွှန်းနဲ့ အညီ သောက်နိုင်ကြပြီ။ ကျွန်တော် ရန်ကုန်ရောက်ဖြစ်သည့်အခါ ကဖေးအာရိုးမားမှာ ထိုင်တတ်သည့် စာရေးဆရာ ကိုဝင်းမင်းထွေးဆီ ရောက်တတ်ပါသည်။ ကိုဝင်းမင်းထွေးကတော့ ဘာသာတရား ကိုင်းရှိုင်းသူပီပီ သူ၏ ညနေခင်းများက ကော်ဖီညနေခင်းဖြစ်သည်။ ကော်ဖီဆိုင်ကို ညနေခင်းခြောက်နာရီဆိုလျှင် ရောက်နေတတ်ပြီ၊ ရန်ကုန်ရောက်လျှင် ဆိုင်ကို ဖိတ်ကာ ကော်ဖီတိုက်လေ့ ရှိသည့် ကိုနေမျိုးဆေးကလည်း ကော်ဖီချစ်သူဖြစ်သည်။ Unplugged Hollow Show တွေကိုပါ ခံစားနိုင်သည်။ Percussions တွေကို ခံစားနိုင်သည်။

မန္တလေးမှာတော့ ကော်ဖီသောက်ရင်း စကားစမြည် အေးအေးဆေးဆေး ပြောချင်သည့်အခါ ယူနီဗာ့စ်ဟိုတယ် ကော်ဖီဆိုင်မှာ ထိုင်ရသည်။ အရှေ့ကျုံးလမ်းပေါ်က ကဖေးစီးတီးကိုတော့ တစ်ခါတစ်ရံ ဧည့်သည်ကမိတ်ဆွေက သွားချင်သည့်အခါ ရောက်ရသည်လည်းရှိသည်။ နန်းမြို့ကျုံးနှင့်ကပ်နေသည့် ဆိုင်ဆိုတော့ ဘကြီးတော်ဘုရားလက်ထက်ကနည်းက

www.burmeseclassic.com



နန်းဓလေ့ဖြစ်လာခဲ့သည့် 'လက်ဖက်ရည်တော်' ယဉ်ကျေးမှုကို သတိရစရာဖြစ်သည်။ ပြင်သစ်နှင့် အဆက်အဆံများလာသည့် ကုန်းဘောင်ခေတ် တစ်လျှောက်လုံး နန်းတွင်းကော်ဖီဓလေ့ ကျယ်ကျယ်လောင်လောင် မကြားရတာကတော့ မကြိုက်ကြလို့လည်း ဖြစ်နိုင်သည်။

'ကိုနေဝင်းမြင့်တို့ အိမ်က ကော်ဖီသောက်တာ သတိထားမိတယ်။ အခု ဈေးကွက်ထဲမှာ Espresso Machine တွေ၊ Coffee Press တွေ၊ Coffee Maker တွေ ဝယ်လို့ရတယ်။ Seed Crusher တွေလည်း ရှိနေပြီ။ ကော်ဖီစေ့လှော်စက်တွေရှိတော့ roast coffee beans တွေ ဝယ်ထားရုံပဲ' မိတ်ဆွေတစ်ယောက်၏ အကြံပေးချက်ဖြစ်သည်။ စိတ်မကောင်းစွာ ပယ်ချလိုက်ရသည်။

တကယ်တော့ ကော်ဖီနှင့် ကျွန်တော် နှစ်ပေါင်းများစွာ မိတ်ဆွေဖြစ်ခဲ့သော်လည်း ကျွန်တော်နှင့် တည့်တာတော့ မဟုတ်။ ကော်ဖီတစ်ခွက် ကျကျနန ဖျော်ပြီး စာရေးစားပွဲပေါ်ချကာ စာရေးတတ်သော ကျွန်တော့်အဖို့ မနက်ခင်းများတွင် ပြဿနာမရှိသော်လည်း ညဦး အိပ်ရာဝင်ချိန်လောက် သောက်မိလျှင်တော့ တစ်ညလုံးအိပ်မပျော်ဘဲ ချွေးစေးတွေ ပြန်နေတတ်သည်။ မျက်လုံးများနှင့် ခန္ဓာကိုယ်က အိပ်ချင်စိတ်ဖြင့် မအီမသာဖြစ်နေသော်လည်း စိတ်က နိုးကြားနေတာမျိုး ခံစားနေရသည်။ ညဘက်တစ်နာရီကျော်ဖြတ်သွားသော်လည်း မိုးစင်စင်လင်းသည်အထိ ကြောင်နေတာမျိုးပင်ရှိသည်။ တစ်ခါတော့ ကျွန်တော်ကိုယ်တိုင် လန့်သွားခဲ့ပါသည်။ ကျွန်တော်ရေးခဲ့သည့် နက်စ်ကော်ဖီတွတ္တုတိုကို နှစ်သက်သည့် စာဖတ်သူတစ်ဦးက နယ်စာပေဟောပြောပွဲတစ်ပွဲမှာ နက်စ်ကော်ဖီ ပုလင်းကြီးတစ်ပုလင်း မေတ္တာပြုသည်။ ကော်ဖီကြိုက်သော ကျွန်တော့်အဖို့ အသုံးလည်းတည့်၊ ဂုဏ်ယူကျေးဇူးတင်ရမည့် ကိစ္စလည်းဖြစ်ရာ ဝမ်းမြောက်ဝမ်းသာ လက်ခံရယူခဲ့သည်။ အသင့်ကော်ဖီထုပ်ကို ဖျော်၊ နက်စ်ကော်ဖီမှုန့်ကလေး တစ်ဇွန်း ထပ်ဖြည့်၊ သင်းပျံ့သော ကော်ဖီရနံ့က တစ်ခွက်ပြီးတစ်ခွက် သောက်ချင့်စဖွယ်။ နေ့ရယ်၊ ညရယ် မဟုတ်၊ တစ်ခွက်နှစ်ခွက်ရယ်မဟုတ်။ အလွန်အကျွံသောက်မိသည့် အခါများမှာတော့ ဓာတ်တွေ ပိုစီးလာဟန်တူသည်။ ညဘက်တစ်ညမှာ ချွေးစေးတွေပြန်ကာ ကတုန်ကယင်ဖြစ်လာသည်။ အသိကပ်ခြင်း၊ မကပ်ခြင်း ပါးလွှာသော စိတ်နံ့ရုံ၏ တစ်ဖက်တစ်ချက် ကူးကာပြောင်းကာ ငုတ်တုတ်ထထိုင်မိရတာလည်း အကြိမ်ကြိမ်။ ဂနာမငြိမ်ခြင်း၊ ပူပန်စိတ်တွေ ဖိစီးလာခြင်း၊ ချွေးစေးများကြောင့် မူးသလိုလို ခံစားရခြင်း၊ အော့အန်ချင်သလိုလို ပျို့လာခြင်းဖြင့် ညသည် ဦးစောက်ကျွမ်းပြန် ဖြစ်နေသည်။





ကဖင်းသည် နိုးကြားမှုကို လှုံ့ဆော်ပေးသည့် အယ်ကာလွိုက်တစ်မျိုးဖြစ်သည်။ နှလုံးနှင့် အဆုတ်ကို လှုပ်ခါပစ်နိုင်စွမ်းရှိသည်။ သွေးပေါင်ချိန်ကို မြင့်တက်စေသည်။ အထူးသဖြင့် ကော်ဖီရည်ကို တိုက်ရိုက်သောက်တတ်ကြသော ဥရောပနိုင်ငံများမှာတော့ ကဖင်းနုတ်ပယ်ခြင်းနည်းစဉ်သုံး ကော်ဖီကိုသာ သောက်သုံးကြသည်။ ကော်ဖီစေ့များကို နည်းစဉ်အရ ပြုပြင်ကာ အငွေ့ပျံစေခြင်းအားဖြင့် ကဖင်းဓာတ်လျှော့ကြသည်လည်း ရှိသည်။ ကျွန်တော်ကိုယ်တိုင် ပါရီရောက်သည့်အခါမှာတော့ ပြင်သစ်တို့၏ ကော်ဖီကြိုက်ခြင်းကို မျက်မြင်တွေ့ခဲ့ရသည်။ ကော်ဖီနဲ့ ဝိုင်ကိုပဲ ရေလိုသောက်နေကြသူများဟု ဆိုနိုင်ပါသည်။ ပါရီ အတွေ့အကြုံတွေထဲမှာ ပြင်သစ်ကဖေးဆိုင်များတွင် ထိုင်ခြင်းသည်လည်း ဂုဏ်ရည်တစ်မျိုးဖြစ်သည်။ ကျွန်တော့်ကို ခရီးစဉ်လိုက်ပြသည့် ပြင်သစ်အမျိုးသမီးက 'ကဖေးဆိုင်တွေမှာ ထိုင်ပါ။ ရောက်နိုင်သလောက် လမ်းလျှောက်ပါ။ လုဗ် (Louvre) ပြတိုက်ကိုသွားပါ။ ပြတိုက်စာတိုက်ကြီးမှ ချစ်သူထံ ပို့စ်ကတ်ပို့ပါ။ ဆာခရီးကား တောင်ကုန်းပေါ်က ပါရီကို လှမ်းကြည့်ပါ။ အီဖဲလ်မျှော်စင်ပေါ်က အမြင့် ၉၅ (altitude 95) စားသောက်ဆိုင်မှာ တစ်ခုခုစားပါ။ ကျူးလရီးစ် ပန်းခြံထဲ လမ်းလျှောက်ပါ။ မွန်းမော့ထဲမှာ ပန်းချီအဆွဲခံပါ၊ ဒါလီ၏ ပန်းချီပြခန်းကို ဝင်ပါ၊ တတ်နိုင်လျှင် လေရဟတ်နီ (Moin Rouge) ကိုသွားပါ' စသည်ဖြင့် မှာလေ့ရှိသည်။ နေ့စဉ်လည်း ဘယ်ရောက်လို့ ဘာတွေလုပ်ခဲ့သလဲ မေးတတ်ပါသည်။ အင်္ဂလိပ် ရေလက်ကြား၊ နော်မန်ဒီ စသည့် ကမ်းခြေများမှာလည်း ကဖေးဆိုင်ထိုင်ဖို့ အချိန်ပေးဖို့ ပြောတတ်သည်။ ပြင်သစ်တွေက အစားအသောက်အတွက်တော့ အလွန်အချိန်ပေးကြသူများဖြစ်သည်။ ကော်ဖီတစ်ခွက် ရှေ့ချကာ နာရီပေါင်းများစွာ ထိုင်ကြသူလည်းရှိသည်။ ပြင်သစ်အဘိုးကြီး၊ အဘွားကြီးတွေကတော့ ကဖေးဆိုင်မှာ ထိုင်ကြရင်း အဘိုးကြီးက သတင်းစာဖတ်၊ အဘွားကြီးက ဇာပန်းထိုးနေတာတွေလည်း ရှိတတ်သည်။ ကဖေးဆိုင်တွေမှာ တွေ့ရတတ်သည့် အဆင်တန်ဆာတစ်မျိုးမှာ ဘိုးစဉ်ဘောင်ဆက်က ဖွင့်လာခဲ့သည့် ကဖေးဆိုင်များ၏ သက်တမ်းပြ ရှေးခေတ်ဆိုင်အမည် ဆိုင်းဘုတ်များ ဖြစ်သည်။ ခုနှစ်သက္ကရာဇ်များ ဖြစ်သည်။ တချို့ခုနှစ်တွေက ကျွန်တော်တို့ဆီမှာ အမရပူရခေတ်နှင့် ခေတ်ပြိုင် ဖြစ်သည်။

သည်ဘက်ခေတ်မှာတော့ ပြင်သစ်တွေလည်း တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ခြင်း ခံနေရသည်။ ပြင်သစ်တွေ ကိုယ်တိုင်က လက်မခံချင်လို့ မရတော့။ အထူးသဖြင့် ပြင်သစ်ကော်ဖီ ဖျော်နည်းစပ်နည်း၊ နှပ်နည်းပေါင်းနည်း၊ ကာဖင်းလျှော့နည်း တိုးနည်းတွေက ပြင်သစ်ဟန်ရှိသည်။ အခု



www.burmeseclassic.com

www.burmeseclassic.com



တော့ ပြင်သစ်မှာပင် အမေရိကန်စတိုင်လ် ကော်ဖီနည်းနာတွေ ထိုးဖောက်လာနေသည်။ အမေရိကန်ကြိုက် ဂျာဗာနှင့် လက်တက်စ်ကော်ဖီတွေကို ပြင်သစ်တို့ ခံတွင်းလိုက်နေကြပြီ။ ကော်ဖီမှုန့် တစ်ပင်တိုင်ဘဝမှ နုပ်ထားသည့် ကော်ဖီရည်ပူပူ၊ ချော့ကလက်ပူပူ၊ မလိုင်ပျစ်ပျစ်၊ အိုင်းရစ် ဝီစကီ၊ အရက်တစ်မျိုးမျိုး၊ သံပုရာခွံ၊ လိမ္မော်ခွံ၊ ချော့ကလက်မှုန့်၊ သကြားညိုမှုန့်၊ သစ်ကြံပိုးမှုန့်၊ လေးညှင်းမှုန့်၊ စထရော်ဘယ်ရီ၊ ဂေလာနီစသည့် ကော်ဖီနှင့် ဘယ်တုန်းကမှ မစပ်ဟပ်ခဲ့သည့်ဘဝတွေအထိ ကော်ဖီမြိုင်ထ ကနေကြလေသည်။ မိုကာနှံ့ (အမေရိကန်တွေက မော့ကာလို့ ခေါ်ကြသည်)၊ အမေရိကနှင့် ဥရောပတွင်သာ ပေါက်သည့် ဟေဇယ်ဥနှံ့၊ မက်မွန်နှံ့၊ စတော်ဘယ်ရီရနံ့၊ လိမ္မော်နံ့ ကဲထားသည့် ကော်ဖီတွေလည်း ရှိသည်။ မနက်ခင်း ကော်ဖီ၊ ညစာစားပြီး ကော်ဖီ၊ အက်စ်ပရက်ဆို ကော်ဖီ၊ တစ်နေကုန်သောက် ကော်ဖီ၊ ဘရာဇီးလ်ကော်ဖီ၊ မက်ဆီကာနို ကော်ဖီ၊ ရေခဲညှပ် ကော်ဖီ၊ အိုင်းရစ် နို့နှစ် ကော်ဖီ၊ မာချီယာနို ကော်ဖီ၊ ကဖေးမေရိကာနို ကော်ဖီ၊ နက်စ်လေ ကော်ဖီ၊ ဂရင်းဖရန့် ကော်ဖီ၊ ကဖေးကွန်ဂါလာဆို ကော်ဖီ၊ ကော်ဖီတွေ ကော်ဖီ တွေ။ ကဖေးရွိုင်ရယ်လ် (Cafe Royal) ကတော့ အခုဆိုရင် တစ်ခွက်နှစ်ထောင်များ ရှိနေလေမလား။ ကော်ဖီအမျိုး နှစ်ရာလောက်ရှိလိမ့်မည်။ ဘိုးဖေတို့ ဘွားကွန့်တို့ မယုံသော်လည်း မတတ်နိုင်။

ကျွန်တော်ကတော့ အသင့်ဖျော်သောက် ကော်ဖီထုပ်များနှင့်သာ နှစ်ပေါင်းများစွာ ကြာခဲ့ရသူဖြစ်သည်။ စာကို အမြဲရေးနေရသူ ကျွန်တော့်အဖို့ စာရေးတိုင်း ကော်ဖီသောက်နေရတာတွေ ရပ်တန်းက ရပ်ရတော့မည်ဆိုပါ ပကောလား။ ကမ္ဘာပေါ်မှာ ကော်ဖီယဉ်ကျေးမှုချင်း ထိပ်တိုက်တိုးကြရပြီ။ အခုတော့ အိမ်မှာ ကော်ဖီထုပ်တွေရှိသော်လည်း ကျွန်တော့်ဖို့မဟုတ်။ ကဖင်းကိုက်ခဲ့သည့် ဝေဒနာမျိုး ကျွန်တော်ခံစားရတော့မည်မဟုတ်။ တစ်ခါတလေတော့ ‘လျှာကဝေ’ ကော်ဖီ (Gourmet coffee) အုပ်စုထဲက ကီလီမန်ဂျာရို ကော်ဖီလေးတစ်ခွက်လောက်တော့ သောက်ချင်သား။ ကိုဝင်းမင်းထွေး၊ ကိုနေမျိုးဆေးတို့နှင့် တွေ့လျှင် ကျွန်တော် ကော်ဖီမသောက်တော့ကြောင်း ပြောရဦးမည်။

*Idea ၂၀၀၅၊ အောက်တိုဘာလ*

## သစ်ရွက်ဖျော်ရည်

ကျွန်တော်တို့ငယ်ငယ်က အိမ်ကို လက်ဖက်ရည်တစ်ခွက် ရောက်လာခြင်းသည် မကောင်းသော အတိတ်၊ မကောင်းသော နိမိတ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမေက အိမ်သားတစ်ယောက်ယောက် (အဖေနှင့် ကျွန်တော်) အတော်ကြီးနေမကောင်းမှ လက်ဖက်ရည်ဝယ်တတ်ခြင်းကြောင့်ဖြစ်သည်။ အဖေကတော့ လက်ဖက်ရည်ကို အရက်လောက် စိတ်ဝင်စားပုံမရတော့သည့်အတွက် လူဖြစ်ရကျိုးမဲ့လေခြင်းဟု တွေးမိပုံမပေါ်။ ကျွန်တော်ကတော့ ကိုယ်လေး နည်းနည်းနွေးလာရင် အမေ လက်ဖက်ရည်ဝယ်တော့ဟု တောင်းဆိုတတ်တာ မှတ်မိသည်။ ထိုအခါ အမေက နဖူးကို လက်ဖြင့်စမ်းရင်း ‘မင်းနှယ် မကြာကောင်းမစည်ရာ’ ဟု ညည်းမြဲ။ အမေက နမြောလို့ ဟုတ်မည်မထင်ပါ။ နေ့ခင်းနေ့လယ် မုန့်လက်ဆောင်းသည် ရွာတာလမ်းက အော်သည်နှင့် လှမ်းခေါ်ကာ ဝယ်တိုက်နေကျ။ မုန့်လက်ဆောင်းတစ်ခွက်က တစ်မတ်၊ လက်ဖက်ရည်တစ်ခွက်ကလည်း တစ်မတ်။ တစ်မတ်ချင်း တူသော်ငြား မုန့်လက်ဆောင်းက သွားရည်စာဖြစ်၍ လက်ဖက်ရည်က လူမမာစာတ်စာဟု အမေ ယူဆထားလို့ဖြစ်သည်။ နေမကောင်းထိုင်မသာ ဖြစ်လို့ လက်ဖက်ရည်ဝယ်ပြန်တော့လည်း တစ်ခွက်စာကို တစ်ခါတည်း တဝတည်း သောက်ရသည်မဟုတ်။ နှစ်ခါ ခွဲတိုက်သည်။ ပထမအကြိမ်က ပူပူနွေးနွေး မွှေးမွှေး။ ဒုတိယအကြိမ်က ပျင်းတွဲတွဲ အေးစက်စက်။ တစ်ခါတစ်ခါ အမေက တစ်ကျိုက်လောက် သောက်လိုက်လျှင်ပင် ကျွန်တော့်မှာ နမြောလို့မဆုံးတော့။

‘ငါ အသက်ကြီးရင် လက်ဖက်ရည်တွေ အများကြီး ဝယ်သောက်မယ်’



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ငယ်ဘဝ သန္နိဋ္ဌာန်တွေထဲမှာ အဲဒီလို စိတ်ကူးလည်း ပါပါသည်။ ကျွန်တော်တို့ အနောက်ဘက်ဝင်းထဲက ဘကြီးကုလားနှင့် ဘကြီးတက်ရိုးကို ကျွန်တော် အားကျသည်။ ညနေ နာရီပြန်နှစ်ချက်ထိုးသည်နှင့် နွားစာကောက်ရိုးစဥ်းနေရာက ဖြုန်းခနဲ ထကာ လက်ဖက်ရည်ဆိုင် ထသွားတတ်ကြသူများဖြစ်သည်။ အညာနေပူပူမှာ တာယာဖိနပ် ခေါင်းကော့ ဖင်ကော့ကို စီးသော်လည်း အကျႌမပါဘဲ တဘက်ပေါင်း ပခုံးတင်ကာ သွားနေကျ။ ပိုက်ဆံများများ ယူသွားတာမျိုးမရှိ။ ပိုက်ဆံ အကြွေမတ်စေ့ ခါးကြားလိမ်ကာ ချိတက်ကြခြင်းဖြစ်သည်။ အင်္ဂလိပ်ယဥ်ကျေးမှုဖြစ်သော (ဗိတိုရိယယဥ်ကျေးမှုဖြစ်သော) နေ့ခင်း နှစ်နာရီသည် လက်ဖက်ရည်ချိန် (Tea Time) ဆိုတာ သိကြသူတွေမဟုတ်။ ကံအားလျော်စွာ တိုက်ဆိုင်မှုဖြစ်သည်။ လက်ဖက်ရည်ဆိုင် စားပွဲဝိုင်းတွေမှာ ထိုင်ရင်း သတင်းစာပေါင်းကို မျက်ခမ်းစပ်စပ် မျက်လုံးများဖြင့် မျက်စိနှင့် သတင်းစာ ပူးကပ်နေအောင် ဖတ်သည်။ အချိုခြောက်ခွက် ရေနွေးကြမ်းကတော့ တစ်အိုး ပြီးတစ်အိုး။

'ဆာဒါး တစ်အိုးပေးဦးဟေ့'

ရေနွေးကြမ်းဟု အဓိပ္ပာယ်ရသည့် ကုလားစကား 'ဆာဒါး' ကို မြန်မာ သောက်သုံးသူကတောင်းလျှင် ရောင်းသူ တရုတ်ကြီးကလည်း နားလည်သည်။

'နောက်ကို ဆာဒါး ဝယ်သောက်ဗျာ၊ လက်ဖက်ရည် အလကား တိုက်မယ်'

တရုတ်ကြီးက နောက်သော်လည်း စိတ်မဆိုးကြပါ။ လက်ဖက်ရည် ပန်းကန်အောက်ခံပြားထဲကို ရေနွေးကြမ်းငှဲ့ထားရင်း ပန်းကန်ကို မယူကာ ဖရွှးခနဲ မြည်အောင် သောက်ကြတာကိုက အားရစရာ ကောင်းလှချည်။ မွှေးပျံ့သော လက်ဖက်ခြောက်ပြုတ်နံ့ကို ကျွန်တော် အင်မတန် သဘောကျသည်။ ငါးတန်း ခြောက်တန်း ရန်ကုန်မှာ ကျောင်းနေရတော့ ဆရာမ၏ လက်ဖက်ရည်အဝယ် တော်တာဝန်ကို ကျွန်တော့်ရသည်။ လက်ဖက်ရည်ဆိုင်က လက်ဖက်ရည်ဖျော်ပြီး သည့်အခါ ကျွန်တော်က အောက်ခံပြားကို လက်နှစ်ဖက်ဖြင့်မယူကာ ဘယ်ညာ လက်မနှစ်ဖက်က မှောက်ထားသည့် ခွက်ပေါ်ဖိကာ ယူလာရသည်။ ဆရာမရှေ့ ရောက်တော့ ဖျတ်ခနဲ ပက်လက်လှန်လိုက်ရင်း အလိုက်သင့်ချပေးရသည်။ တစ်ခါတော့ ကျွန်တော့်ကြောင့် လက်ဖက်ရည်တွေ မှောက်ကုန်သည်။ အစား လျော်စရာလည်း ပိုက်ဆံမရှိ။ အကြောက်ဆုံးမှာ ဆရာမ စိတ်ဆိုးမှာကိုဖြစ်သည်။

'မှောက်ပါစေပေါ့ကွာ၊ အမြဲတမ်း ဘယ်ကောင်းနိုင်ပါ့မလဲ၊ ဒါ သဘာဝပဲ၊ အေး နောင် မမှောက်အောင်တော့ ကြိုးစားကွ၊ တစ်ခါမှောက်တော့ တစ်ခါ





ဆုံးရှုံးတာပဲ၊ သည်တော့ တစ်ခါပဲ ဆုံးရှုံးပါစေပေါ့။ ဆရာမတော့ တစ်ခွက် ထပ်ဝယ်ပေးဦးကွာ'

ကျွန်တော် အလုပ်စဝင်စက မယ်မယ်ရရ လုပ်ရသည်မရှိဘဲ မနက်တစ်ခါ၊ နေ့ခင်းတစ်ခါ လက်ဖက်ရည်ဝယ်ရတာကိုလည်း သတိရမိပါသည်။ ကျွန်တော်တို့ဌာနတွင် ဒန်လက်ဖက်ရည်ချိုင့်ကြီးတစ်လုံးရှိသည်။ လက်ဖက်ရည် ဆယ်ခွက်လောက် အေးအေးကလေးဆံ့သော ချိုင့်ကြီးဖြစ်သည်။ လက်ဖက်ရည် ချီးတွေ တက်နေတာကိုက ဖြတ်သန်းမှုသမိုင်းဖြစ်သည်။ ဌာနတွင်းမှ အသက် ၆၀ နား ကပ်နေပြီဖြစ်သည့် ဦးဘာဘူက 'ငါ အလုပ်စဝင်စကလည်း မင်းလိုပဲ လက်ဖက်ရည်ဝယ်ရတာပဲကွ၊ သည်ချိုင့်နဲ့ပဲ' ဟု ပြောဖူးသည်။ သွားဝယ်ရသည့် ဆိုင်ကလည်း ဝေးသည်။ ဆိုင်ရှင်အမေကြီးက မှာလိုက်သည့်အရေအတွက်ကို လိုက်၍ ချိုင့်ထဲကို ရေနွေးဘုံဘိုင်ဖွင့်ချသည်။ ထင်းချောင်းတွေ ထိုးထားသဖြင့် မီးခိုးတွေအူထနေသည့် အဖန်ရည်အိုးထဲက အဖန်ရည်တွေ သွန်ချသည်။ သကြားကို ဇွန်းမောက်မောက်ကြီး တစ်ဇွန်းလောက်ထည့်လိုက်၊ ကြေးဇွန်း နှုတ်ခမ်းပွဲဖြင့် ရွှတ်ခနဲမြည်းလိုက်၊ သကြားထည့်လိုက်၊ မြည်းလိုက်။ သူ တော်လောက်ပြီဆိုလျှင် လက်ဖက်ရည်ဖြစ်ပြီ။ နို့ကတော့ ကျိုထားသည့် နို့ပျစ်ပျစ်၊ နို့ဆီ၊ နို့စိမ်း၊ နို့ကျဲ ဘာမှမပါ။ ကျွန်တော်ပေးသည့် ပိုက်ဆံကို မည်းချိတ်နေသည့် ပိုက်ဆံသေတ္တာထဲ ပစ်ထည့်လိုက်လျှင် ရောင်းသူနှင့် ဝယ်ယူ၏ ဆက်ဆံရေးလည်း ပြီးလေသည်။ သည်လက်ဖက်ရည်ကို ဘယ်သူက တိုက်နေတာလည်း ကျွန်တော်မသိ။ ဘာကြောင့်တိုက်နေတာမှန်းလည်း ကျွန်တော်မသိ။ ချိုင့်ကိုင်းကို ပါးစပ်ထဲ ထည့်ပေးလိုက်လျှင် လက်ဖက်ရည်ဆိုင်ကို တန်းတန်းမတ်မတ် သွားတတ်သော ခွေးတစ်ကောင်လို ကျွန်တော် သွားနေရခြင်းသာ ဖြစ်သည်။ နောင်မှာတော့ ချိုင့်နှင့် မဝယ်ကြတော့ဘဲ ကိုယ့်အကြိုက်ကို ဆိုင်မှာ သွားသောက်ကြတာ မှတ်မိနေသည်။ တစ်ခါတလေ ဝန်ထမ်းဘဝကို အောက်မေ့လျှင် ဇွန်းကျိုးနှင့် ချိုင့်အိုကို ပထမဆုံး သတိရနေမိတတ်ပါသည်။ တစ်ခါ တစ်ခါတော့လည်း သောက်ခဲ့ရသည့် လက်ဖက်ရည်ခွက်တွေ ဘယ်လောက်ရှိနေပြီလဲ တွေးမိတတ်သည်။

အက်ဆေးဆရာ Peter Stoler ကတော့ ကနေဒါနိုင်ငံ၏ အင်္ဂလိပ်ဆန်သော ဗိတိုရိယမြို့ကလေးအကြောင်း ရေးဖွဲ့ရာ၌ ညနေခင်း လက်ဖက်ရည်လေ့ကိုပါ ထည့်ရေးသွားတာ ဖတ်ရဖူးသည်။ သည်မြို့ကလေးကို ၁၈၄၄ ခုနှစ်က တည်ခဲ့သည်။ အင်္ဂလိပ် ကျူးဒါးခေတ် ဗိသုကာလက်ရာတွေရှိသည့် မြို့ကလေး။ ကော့လက်ရက်ထည်များ၊ စပို့နှင့် ဝက်ချိပ်ဒ်ကြွေထည်များနှင့်အတူ အင်္ဂလိပ်



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်နှင့် အင်္ဂလိပ်နှင်းဆီပန်းများ တွေ့နိုင်သည့် မြို့လည်းဖြစ်သည်။ အိုင်ဗီနွယ်ပန်းများဖြင့် လှချင်တိုင်း လှနေတတ်သည့် လက်ဖက်ရည်ဆိုင်ကလေးတွေ များလွန်းလှသည်။ သို့သော် လက်ဖက်ရည်တစ်ခွက်သောက်ဖို့ ကြိုတင်စာရင်းသွင်းထားရသည်။ စားပွဲတိုင်းမှာ လူပြည့်နေသည်။ ဒါ့ကြောင့် လက်ဖက်ခြောက်၊ တရုတ်လက်ဖက်ခြောက်၊ အော်ရိန်းပီကို လက်ဖက်ခြောက်များကို အချိုးကျ စပ်ထားကာ ကြွေကရားဖြင့် လက်ဖက်ခြောက်ရွက်ကို နှပ်ထားတတ်တာကလည်း တခြားမြို့ရွာတွေမှာ မတွေ့နိုင်ပါ။ ကြက်ဆင်သားနှင့် ဝက်ပေါင်ခြောက် မညှပ်ဘဲ၊ ကန်စွန်းရွက်နှင့် သခွားသီးညှပ် ဆင်းဒဝစ်ချ်များပါ ရိုးရာမပျက် ရနိုင်သည်။ ဗိတိုရိယမြို့ကလေးက ဟိုတယ်တစ်ခုကတော့ တစ်နှစ်လောက်စောပြီး Booking လုပ်ရသည်။ လက်ဖက်ရည်တစ်ခွက်သောက်ရဖို့ တစ်ရာသီ စောင့်ရသည်ကော။

'ဘရက်ဖို့ဒ် မြို့စားကတော်ကြီး ဆယ့်ကိုးရာစုလောက်မှာ နေ့ခင်းစာနဲ့ ညစာကြားမှာ ညနေခင်း လက်ဖက်ရည်ဆိုတာကို တွင်လိုက်တာဗျ။ အင်္ဂလိပ်တွေရဲ့ ဩဇာဟာ မြောက်အမေရိကကို ခုထိ လွှမ်းမိုးထားတဲ့သဘောပေါ့လေ။ သည်အစဉ်အလာက အိမ်တိုင်းကို ရောက်သွားပြီလေ'

အက်ဆေးဆရာ၏ အတွေးဖြစ်သည်။ တကယ်တော့ ဥရောပမှာ လက်ဖက်ရည်ယဉ်ကျေးမှုရောက်တာ နှစ်ပေါင်းလေးရာလောက်သာ ရှိသေးသည်။ လက်ဖက်၊ လက်ဖက်ရည်၏ ဇာစ်မြစ်မှာ တရုတ်နိုင်ငံဖြစ်သည်။ ထိုစဉ်က ဥရောပကို လက်ဖက်တစ်ရှိုးရောက်ဖို့ ခက်ခဲလွန်းသဖြင့် သူဌေး သူကြွယ်များမှ စိတ်ကူးဝံ့သည့်ကိစ္စဖြစ်သည်။ လက်ဖက်ခြောက်မည်းနှင့် လက်ဖက်ခြောက်စိမ်း နှစ်မျိုးရှိသည်။ ခူးပြီးသား လက်ဖက်ရွက်ကို နူးညံ့ပျော့ပျောင်းအောင် ဖြန့်၊ လက်ဖက်စေးထွက်အောင်လိပ်၊ အချဉ်ပေါက်အောင် ပြန်ဖြန့်၊ လေပူဖြင့် လှော်၊ ပြီးမှ အရွက်နှင့်အဖူးရွေး။ ဒုတိယအကြိမ် လှော်လိုက်တော့ သင်းပျံ့သည့် အကင်းသေ လက်ဖက်ခြောက်ရပြီ။ အိန္ဒိယလက်ဖက်ခြောက်မည်း နာမည်ကြီးသလို တရုတ်၊ ဂျပန် လက်ဖက်ခြောက်စိမ်းတို့ နာမည်ကြီးသည်။ ဂျပန်၏ လက်ဖက်ရည်ကြမ်း ယဉ်ကျေးမှုသည် ဂျပန်ဗုဒ္ဓဘာသာရဟန်းတော်များက ဆင်းသက်လာခြင်းဖြစ်၍ နောင်တွင် လူမျိုး၏ ယဉ်ကျေးမှုဖြစ်လာခဲ့သည်။ ရှမ်းမိတ်ဆွေ တစ်ယောက်ကတော့ ပြောဖူးသည်။

'ကျွန်တော်တို့ဆီမှာ လက်ဖက်ရွက်ကြမ်းတွေ မကြွေခင်၊ နှင်းခါးကြီးကျိုက်တဲ့ကြားက ထွက်တဲ့ရွက်နုတွေဟာ သိပ်အဖိုးတန်တယ်။ နှင်းတက်ခြောက်ခေါ်တာပေါ့။ ရွှေဖီအိုးငုံနမ့်လေ'. စာရေးဆရာကြီး ဂျော့အောဝဲလ် (George





Orwell) ကတော့ တရုတ်လက်ဖက်ခြောက်ကို မကြိုက်ဘဲ၊ ကုလားလက်ဖက်ခြောက်ကိုသာ ကြိုက်သည်ဟုဆိုသည်။ တရုတ်လက်ဖက်ခြောက်က ကဖင်းဓာတ် နည်းသဖြင့် အာရုံလှုံ့ဆော်မှု နည်းသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

'တရုတ်လက်ဖက်ခြောက် သောက်လို့ ဉာဏ်ရည် ကောင်းမလာဘူး၊ ရဲတင်းမလာဘူး။ လောကကို ပိုပြီး အကောင်းမြင်လာအောင် အလှုံ့ဓာတ် မပေးနိုင်ဘူး။ ကုလားလက်ဖက်ခြောက်နဲ့ ပြောင်းပြန်ပဲ' ဟု ရေးဖူးသည်။ လက်ဖက်ရည်ကောင်းသောက်ချင်လျှင် ကုလားလက်ဖက်ခြောက်ကို သုံးပါ၊ မြေအိုးနှင့် ကျိုပါ။ ဖျော်ခါနီး ဖျော်အိုးကို အိုးကင်းပူတိုက်ပါ။ ပြင်းပြင်းကျကျဖြစ်ပါစေ။ လက်ဖက်ရည်ကို ဆန့်ခါမစစ်ဘဲ အိုးတွင်းတိုက်ရိုက်လောင်းထည့်ပါ။ ရေနွေးကရားနှင့် လက်ဖက်ရည်အိုး နီးပါစေ၊ နာနာမွှေပါ။ မလိုင်နုတ်ထားသည့် နို့ဖြစ်ပါစေ။ လက်ဖက်ရည်ထဲကို နို့ထည့်ပါ။ (နို့ထဲကို လက်ဖက်ရည်ထည့်တာ မကြိုက်သည့်သဘောဖြစ်ပါသည်)။ သကြားမထည့်ဘဲ သောက်ပါ။ ဒါက ဂျော့အောဝဲလ်၏ လက်ဖက်ရည်ကောင်းတစ်ခွက်ဖြစ်သည်။ ကျွန်တော်က ရွာမှာ ဘကြီးတစ်ယောက်ကို သည်အကြောင်းပြောတော့ ဘကြီးက အံ့သြဟန် ပြုသည်။

'မင်း စာရေးဆရာကြီးက အလုပ်အကိုင် မယ်မယ်ရရ ရှိမယ်မထင်ပေါင်ကွာ၊ ငါတို့တော့ ကိုကာကာဆိုင်က တောလက်ဖက်ရည်မှကြိုးရတာ၊ ကောင်းသမှ'

ကျွန်တော်က အင်္ဂလိပ်တွေ လက်ဖက်ရည်အဖန်ဓာတ်ကို ကြိုက်တာ ဘာတွေးရ ဆိုတော့လည်း ကိုကာကာ့ဆိုင်ဖက်က ရှေ့နေလိုက်သည်။

'ကိုကာကာဆိုင်ထက် ဖန်ရှိုးမလားကွ၊ ဆီးချုပ်ဝမ်းချုပ်တောင် လိုက်လောက်တယ်' ဟုဆိုသည်။ ကျွန်တော့်အဒေါ်တစ်ယောက်ကတော့ လက်ဖက်ရည်ရှိလျှင် ထမင်းမလိုသူဖြစ်သည်။ မနက်မိုးလင်းသည်နှင့် 'လက်ဖက်ရည်သွေးတောင်းချက်တော့' ဟု ဆိုတတ်မြဲ။ ကျွန်တော့်မိတ်ဆွေတွေထဲမှာ လက်ဖက်ရည်ကို နှစ်ခွက်ဆင့်သောက်သူတွေ ရှိသည်။ တစ်ဦးက စာရေးဆရာညိုထွန်းလူ ဖြစ်သည်။ ဦးညွှန့်စိန်ကတော့ စောစောအိပ်ရာဝင်ကာ ညကြီးသန်းခေါင်ကျမှ မိုးအလင်းဆိုင်မှာ လက်ဖက်ရည်တစ်ခွက် ပြေးသောက်တတ်သူဖြစ်သည်။ ကျွန်တော့်ဆရာတစ်ယောက်ကတော့ ရန်ကုန်မြို့မနှင့် ဆင်ခြေဖုံးတစ်ပိုက်က လက်ဖက်ရည်ဆိုင်အားလုံးလိုလိုမှာ သောက်ဖူးသူဖြစ်သည်။ စာရေးဆရာကြီး အားနက်စ်ဟဲမင်းဝေး (Ernest Hemingway) ကတော့ ကဖေးဆိုင်တွေမှာလည်း ဝတ္ထုရေးတတ်သူဟု ဆိုသည်။ ကျွန်တော်ရောက်သွားတတ်သည့် ရွာကလေးမှာတော့ Tea Mix တစ်ထုပ်ကို သုံးခါခွဲသောက်တာ သတိထားမိသည်။ ကျွန်တော် မေးကြည့်တော့ '3 in 1' ဆိုသည့် စာကြောင်းကို ပြသည်။ 'တစ်



www.burmeseclassic.com

www.burmeseclassic.com



ထုပ်ကို သုံးခါ သောက်ရမယ်ဆိုတာ ပါပြီးသားပဲဟာ' ဟု ဆိုလေ၏။

'လက်ဖက်ရည်ဆိုင်တွေမှာ ကျောက်ပန်းတောင်းတစ်ခွက်တို့ ပဒေါင်းတစ်ခွက်တို့ မှာသံကြားရင် ငါရိုက်ပစ်ချင်တာကွာ မပြောပါနဲ့တော့။ ချိုအီနေတဲ့ လက်ဖက်ရည်ကိုမှ ကြိုက်တဲ့ တောသားတွေကို ပြောတာကွ။ ဘယ်ကောင်ကများ ထွင်လိုက်တယ်မသိဘူး'

ကျောက်ပန်းတောင်းသား သူငယ်ချင်းတစ်ယောက်၏ ညည်းချင်းဖြစ်သည်။ ဒါကလည်း unwritten law ဖြစ်သွားပြီကော။ ရေးဆွဲမထားဘဲ တည်နေသည့် ဥပဒေက ပြင်ဖို့မလွယ်။

ရှေးနှစ်ပေါင်းများစွာက တရုတ်ပြည်တွင် ဗိုဓိသတ္တနာမှတင်အကျင့်ကို ဆောင်သည့် ဗုဒ္ဓဘာသာ သူတော်စင်တစ်ဦးရှိသည်။ ကိုးနှစ်လုံးလုံး မအိပ်ဘဲ တရားအားထုတ်အံ့ဟု သန္နိဋ္ဌာန်ပြုကာ တရားကျင့်သည်။ သုံးနှစ်ကြာသည့်အခါ မှုတင်ကျိုးပေါက်၍ တစ်မှေးအိပ်ပျော်သွားခဲ့သည်။ အိပ်ရာမှ နိုးသည့်အခါ ယူကျုံးမရဖြစ်လွန်းလှသဖြင့် သူ့မျက်ခွံနှစ်ဖက်ကို လှီးထုတ်ကာ လွှင့်ပစ်လိုက်သည်။ ထိုမျက်ခွံများ ကျသည့်နေရာမှာ သစ်ပင်ကလေးတစ်ပင် ပေါက်လာခဲ့သည်။ ထိုအပင်မှာ ကမ္ဘာပေါ်တွင် ပထမဆုံး လက်ဖက်ပင်ဟု တရုတ်လူမျိုးတို့ အယူအစွဲရှိသည်ဆို၏။ သည်ဇာတ်လမ်းကလေးကို ကမ္ဘာကျော်စာရေးဆရာကြီး ဂျော့အောဝဲလ် သိဟန်မတူပါ။ မျက်ခွံက ဖြစ်လာသော လက်ဖက်ပင်ထွက် တရုတ်လက်ဖက်ခြောက်ကို 'လောကကို ပိုပြီး မြင်သာလာအောင် အလှူ့ဓာတ် မပေးနိုင်ဘူး' ဟု ရေးခဲ့တာ ရက်စက်လွန်းရာ ကျလွန်းသည်ဟု ကျွန်တော် တွေးနေမိပါသည်။

ကျွန်တော်ကတော့ လက်ဖက်ရည်သောက်လျှင် ပေါ့ဆိမ့်သောက်နေကျဖြစ်သည်။ သောက်တိုင်းလည်း အနည်းအကျဉ်း ပြင်ခိုင်းနိုင်သည်ကလွဲ၍ အဖျော်ဆရာ၏ ဆုံးဖြတ်ချက်ကို ကျွန်တော်တို့ နာခံလိုက်ရသည်ချည်းဖြစ်ပါသည်။ ပေါ့ဆိမ့်ဟုတ်၊ မဟုတ် တိုင်းဆရန် လက်ဖက်ရည်၌ သမာဓိချိန်ခွင်မရှိ၊ သည့်အတွက် အဖျော်ဆရာကို ကျွန်တော် အပြစ်မမြင်ပါ။ လက်ဖက်ရည် အဖန်ရည် အခြေအနေ၊ သကြား နို့ဆီ အခြေအနေ၊ အဖျော်ဆရာ၏ လက်ဆနှင့် စိတ်အခြေအနေတွေ ရှိမှန်း ကျွန်တော်သိလို့ဖြစ်သည်။ တကယ်တော့ လက်ဖက်ရည်တစ်ခွက်တိုင်းသည် အတိတ်ကောင်း နိမိတ်ကောင်းများဖြစ်သည်။ လက်ဖက်ရည် တစ်ခွက်မှာတိုင်း ခွက်ထဲမှာ မျက်ခွံကလေးများ ပါလေမလား ကျွန်တော် ရှာနေမိတတ်ပါသည်။ လောကကို ပိုမိုမြင်နိုင်သည့် အလှူ့ဓာတ်ကို ရှာဖွေခြင်းဟု ဆိုနိုင်ပါသည်။

*Idea ၂၀၀၂၊ စက်တင်ဘာလ*

# ဒိုင်ယာရီရေးသူများ

ကျွန်တော့်မိတ်ဆွေ ကျောင်းဆရာတစ်ယောက်က နှစ်စဉ်လိုလိုပင် နှစ်ဦးဆန်းသည်နှင့် ကျွန်တော့်ကို အဖိုးတန်ဒိုင်ယာရီစာအုပ်တစ်အုပ် ဝယ်ပေးလေ့ရှိပါသည်။ သားရေဖုံးအကောင်းစား ဒိုင်ယာရီစာအုပ်ကလေးကို လက်ဆောင်ရစကတော့ တစ်မျက်နှာ၊ နှစ်မျက်နှာ ရေးဖြစ်သည်ချည်း။ နောက်တော့ တစ်ပတ်မခံ။ ဒိုင်ယာရီရေးကျင့်ပျောက်သွားတတ်ပါသည်။ ဒိုင်ယာရီရေးတာ အကျင့်ကောင်း ဆိုတာလောက်တော့ ကျွန်တော်သိပါသည်။ ရေးသင့်မှန်းလည်း သိပါသည်။ တစ်နေ့စာ စာတစ်မျက်နှာလောက်ပေါ်မှာ တစ်ရက်စာ ကိုယ့်အတွေ့အထိကလေး၊ အတွေ့အကြုံကလေး၊ မှတ်မှတ်ထင်ထင်ရှိတာလေး ရေးခြစ်လိုက်တာတွေက နောင်မှာ ကာလဒေသပယောဂတန်ဖိုးတွေ ရှိလာနိုင်မှန်းလည်း သိပါ၏။ ဒါပေမယ့် သိတာက တခြား၊ မလုပ်ဖြစ်တာက တခြား။ တချို့ကတော့လည်း ဒိုင်ယာရီမှာ အသေးစိတ် ရေးတတ်ကြသည်။

*'မနက် ၆း၂၈ အိပ်ရာထ။ မျက်နှာသစ်၊ ကော်ဖီထုပ်ဖောက်ဖျော်၊ သောက်။ ရေနွေးမပူ။ မှန့်ပုံးထဲ မုန့်မရှိ၊ မလုံးဈေးသွားလျှင် မုန့်ပုံးတစ်ပုံး ဝယ်ဖို့မှာရမည်။ အရင်တစ်ပုံးတုန်းက ၂၉၀၀။ မနေ့က သတင်းစာဟောင်းပြန်ဖတ်။ ဘာမှ မထူး။ ရေချိုး၊ ခေါင်းလျှော်။ မနက်ခင်း အိမ်ကထွက်တော့ ၉ နာရီ ဝ၅ မိနစ်။ စက်ဘီးလေစိမ့်'*

တချို့ကတော့ အဖြစ်အပျက်တွေ မရေး။ အငြိုးအတေးတွေချည်း ရေးသည်လည်း ရှိသည်။ သူက ဘာပြောလိုက်တော့ ကိုယ်က ဘာပြန်ပြောလိုက်သည်။ သူ့ဘက်က ပြောစကားတွေက သည်လို သည်လို၊ တစ်ကြောင်းတော့

www.burmeseclassic.com



တွေ့ကြဦးမည်ဆိုတာမျိုး။ တချို့ ဒိုင်ယာရီကတော့ ခပ်ဖျန်းဖျန်း။ '*မနက်ပိုင်း အိမ်မှာ။ နေ့လယ်ဘက် ရေရှိုးရေး အစည်းအဝေးတက်။ ညနေ ဗီဒီယိုကြည့်*' ဆိုတာလောက် ရေးလိုက်ရတာကိုပဲ ကျေနပ်ကြသူတွေ။ ကျွန်တော်ကရော ဘယ်လိုရေးသလဲ။ ဘယ်လိုမှ မရေးပါ။ ငယ်ငယ်ကတော့ ရေးခဲ့သည်။ နောင် အရွယ်ကလေးမြောက်လာတော့ ပိုရေးသည်။ ကြည်နူးရတော့လည်း ကြည်နူးရလို့၊ ခံစားရတော့ ခံစားရလို့။ ချစ်သူကို ဖွဲ့ရတာကလည်း ဒိုင်ယာရီရေးတာနဲ့ မတူဘဲ စာစီစာကုံးနှင့် တူနေတတ်သည်။ ချစ်ကိုယ်တွေ့တွေကလည်း ရင်ခုန်ရသားကလား။

'*မနက်က ခင်ဈေးက ပြန်လာတာ ဖျတ်ခနဲ တွေ့လိုက်ရသည်။ လှမလစ်လို့ စကားမပြောလိုက်ရ။ နေ့လယ်ခင်း ကျောင်းလွှတ်ချိန် ကင်တင်းမှာ ဆုံသည်။ မျက်နှာကလေး ညိုးလို့။ ကနေ့ ခေါင်းမလျှော်ဘူးထင်ပါရဲ့။ ကိုယ်သင်းနံ့ကလေးက မွှေးလျက်။ ခါတိုင်း ထိုးနေကျ ကလစ်ညှပ်ကလေး မဟုတ်တော့။ ဘယ်တုန်းက အသစ်ဝယ်လိုက်တာလဲ။ ပန်နေကျ ပန်းတစ်မွှင့်ကတော့ပန်သည်။ နှင်းဆီရောင်။ ဖူးနေသည့် နှုတ်ခမ်းလေးတွေက သတ္တုရောင်ပြေး။ ဝတ်ထားသည့် ဘလောက်စ်အင်္ကျီ ဘယ်ဘက်ရင်ပုံမှာ အင်္ဂလိပ်စာတန်းတစ်ခု။ Guess*'

ဟုတ်တာ မဟုတ်တာထား။ သည်လိုရေးတာမျိုးဆိုလျှင်တော့ တစ်မျက်နှာ မဆံ့တော့။ နှစ်မျက်နှာ ကူးနေသည်။ သည်တော့ ဒိုင်ယာရီစာအုပ်ပေါ်က ပုံနှိပ်ထားသည့် ရက်စွဲတွေဖျက်ကာ စာမျက်နှာကူးရသည်။ ဆိုပါတော့ ဒီဇင်ဘာ ၅ ရက်နေ့ စာမျက်နှာလောက်အထိ နိုဝင်ဘာ ၃၀ ရက်က ကိစ္စတွေ မပြီးနိုင် ကြာတော့ လုံးချာပတ်ချာတွေလိုက်တာ ရက်စွဲနှင့် အဖြစ်အပျက် မကိုက်တော့ဘဲ အချစ်ဝတ္ထုဘာဝ ပြောင်းသွားရတာတွေလည်း ရှိလေ၏။ ဒိုင်ယာရီစာမျက်နှာတွေကိုပင် ရက်ပေါင်းယူနေရတာမျိုး။

တကယ်တော့ ဒိုင်ယာရီစာမျက်နှာ တစ်ရက်စာက လူတစ်ယောက်၏ 'နေ့ချင်းသမိုင်း' ဖြစ်သည်။ သည်ပေါ်မှာ ရေးသူ၏ စိတ်ခံစားမှုတွေ ထင်ဟပ်နေတတ်သည်။ ကျွန်တော့်အဖေ၏ ဒိုင်ယာရီကတော့ စိတ်ခံစားမှုမပါ။ ဈေးစာရင်းတွေသာ ပါသည်။ ထွက်ငွေစာရင်းသာ ပါသည်။ ယူထားရသော အကြွေးစာရင်းတွေသာ ပါသည်။ အမေကတော့ ဒိုင်ယာရီမရှိ။ အိမ်က ဆင့်တန်းတွေ၊ ခါးပန်းတွေမှာ မြေဖြူနှင့် ရေးတာ အမေ့ဒိုင်ယာရီဖြစ်သည်။

'*ပြာသိုလဆုတ် ၂ ရက် မတင်မြဆိုင်က သရက်ထည်နှစ်ကွင်းဝယ် ၁၀ိ။*
*တပေါင်းလဆန်း ၆ ရက် ကြခင်းရေသွင်း ငုဝ်းနေ့ ထင်းတစ်လှည်းဝယ်*
*၁၀ိ*'





တချို့နိုင်ငံတွေမှာတော့ နေ့စဉ်မှတ်တမ်းကိုပဲ ဂျာနယ် Journal ခေါ်ကြသည်။ ဒိုင်ယာရီ ဒါမှမဟုတ် ဂျာနယ်တွေက ကြီးကောင်ဝင်ချိန်၊ အပျိုဖော်ဝင်ချိန် အမှတ်အသားလို့လည်း ဆိုကြသည်။ စာရွက်တွေကို ရှေ့နောက်ပြောင်းနိုင်သည့် နေ့စဉ်မှတ်တမ်း Filofax တွေကတော့ စဉ်းစားမိတာကလေးတွေ ချရေးထားပြီး နောက်မှ အကျယ်ရေးရတာမျိုးဖြစ်သည်။ 'တွေးကွက်' နေရာကလေးပါတော့ အဆင်ပြေသည်။ မည်သို့ပင်ဖြစ်စေ ဒိုင်ယာရီဆိုတာ ကိုယ်ရေးပြီး ကိုယ်ဖတ်၊ ကိုယ်ရေးပြီး ကိုယ်သိမ်းရုံပဲလား။ ဒါကတော့ ကိုယ့်ကိစ္စဖြစ်သည်။ ကျွန်တော်တို့ ငယ်ငယ်က ရေးခဲ့ကြသည့် ဒိုင်ယာရီစာမျက်နှာတွေကတော့ မိသားစုတွင်းမှာ မပြရဲသည့်တိုင် သူငယ်ချင်းတွေကြား လဲလှယ်ဝေငှ ဖတ်ကြရတာမျိုးပင် ရှိခဲ့သည်။ သူငယ်ချင်းတွေ ပြမှာဆိုတော့ မဟုတ်က ဟုတ်ကတွေ၊ အပိုတွေ၊ ကြွားလုံးတွေ၊ ရင်ခုန်ချင်စရာတွေ၊ ရာဂကျင်းချိုင့်ထဲကျဖို့ လက်နှစ်လုံးအလိုတွေ။ တချို့ ဒိုင်ယာရီတွေများကျတော့ ကာယကံရှင်ကွယ်လွန်တော့မှ သူတစ်ပါးက ရာတွေ့တာတွေရှိသည်။ ဆိုပါတော့ အန်းဖရန့် Anne Frank ၏ ဒိုင်ယာရီဆိုလျှင် အန်းဖရန့် သေဆုံးပြီးမှ ဖခင်ကတွေ့ခဲ့သည်။ ကာယကံရှင်က သူတစ်ပါးဖတ်ဖို့ ရေးခဲ့တာ မဟုတ်သော်လည်း တွေ့ရှိသူ ဖခင်ကတော့ သည်စာမျက်နှာတွေကို တစ်ကမ္ဘာလုံးက ဖတ်စေချင်ခဲ့သည်။ ဘေးထရစ်စ်ပေါ်တာ (Beatrix Potter) ကတော့ သူမ ဒိုင်ယာရီထဲမှာ သူမသာလျှင် နားလည်သော သင်္ကေတတွေ ထည့်ရေးထားသဖြင့် နောက်ပိုင်းမှာ အဓိပ္ပာယ်တွေ ဖော်ယူခဲ့ရတာမျိုးလည်း ရှိသည်။ တချို့ဒိုင်ယာရီတွေကတော့ ခရီးသွားအတွေ့အကြုံတွေ၊ မှတ်တမ်းတင်ချက်တွေ၊ ဆိုပါတော့ ကင်းဝန်မင်းကြီး ဦးကောင်း၏ လန်ဒန်မြို့သွား နေ့စဉ်မှတ် စာတမ်း။ လန်ဒန်မြို့မှာ သူမြင်ခဲ့ရသမျှ၊ ကြားခဲ့ရသမျှ မှတ်တမ်းတင်ခဲ့သည့် ဒိုင်ယာရီဖြစ်သည်။ ဦးကောင်း၏ ဒိုင်ယာရီထက် ပြည့်စုံတိကျသည့် ဒိုင်ယာရီကို ကျွန်တော် မတွေ့ဖူးပါ။

'၁၂၃၃ ခု တပေါင်းလပြည့်ကျော် ၉ ရက် စနေနေ့ကစ၍ မှတ်သည့် နေ့စဉ်မှတ်။ မြန်မာတိုင်းပြည်နှင့် အင်္ဂလိပ်တိုင်းပြည်နိုင်ငံ အစဉ် ရာဇမဟာမိတ် အဖြစ် မြဲမြံခိုင်ခံ့အောင် ရည်သန်တော်မူလျက် ဝန်ကြီး ကင်းဝန်မင်းကြီး မဟာစည်သူကို သံကြီး၊ ဝန်ထောက် ပန်းတည်းဝန် မဟာမင်းလှကျော်ထင် ဝန်ထောက် ဘန်(ဖန်)ချက်ဝန် မဟာမင်းလှကျော်ရာဇာတို့ကို သံလတ်၊ စာရေးကြီး မင်လှဇေယျာသူကို သံငယ်ခန့်။ သံကြီး၊ သံလတ်၊ သံငယ်တို့ကို ရာဇသံ လက်ဆောင်တော်များနှင့် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ မင်းမှူးမတ်တို့ရှိရာ ရောက်သွားစေ။ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း ခန့်ထားသော



www.burmeseclassic.com

www.burmeseclassic.com



မှုရင်း ဝန်ရှင်တော်မင်းကြီး၊ ဝန်ထောက်တော်မင်း၊ စာရေးတော်ကြီးမင်းတို့ ထွက်သွားရန် ကောင်းမြတ်သည့် ဖေယာသိဒ္ဓိမင်္ဂလာအခါ မရောက်မီ'

ဒါကတော့ နေပြည်တော်မှအထွက် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့သို့ သွားရောက်ကြမည့် သံစာရင်းဖြစ်သည်။ လန်ဒန်မြို့တော်ကြီးကိုရောက်၍ နယူးဟိုတယ်မှာ တည်းကြောင်း၊ ဟိုတယ် တည်းခ၊ စာရေးတော်ကြီး နာမကျန်းဖြစ်၍ ဆရာဝန် ခေါ်ရကြောင်း၊ ရောဂါမှာလည်း ထွေထွေထူးထူး မဟုတ်ကြောင်းတွေကို မှတ်တမ်းတင်သည်။

'နယူးဟိုတယ်ခေါ် ထမင်းဆိုင်တိုက်ကြီးမှာ တိုက်ခထမင်းဖိုး လူကြီးနှုန်း ဒင်္ဂါး ၁၀ ငါးမူး၊ လူငယ်နှုန်း ၄ ပြားနှင့် ၄ ားရမ်းတည်းခိုနေထိုင်ကြသည်။ ၎င်းတိုက်သို့ ရောက်မှ ဆေးသမားခေါ်၍ စာရေးတော်ကြီး ရင်ကျပ်နာကို ပြသကုမစေရသည်။ ၄ ချက်တီးအချိန်တွင် ယရန်ဆိုသူ အင်္ဂလိပ်ဆေးသမား လာရောက်၊ စာရေးတော်ကြီးကို ကြည့်ရှုစမ်းသပ်ရာ တစ်စုံတစ်ရာ ရောဂါထွေထူး မရှိ၊ ယခုဖြစ်သည့်ရောဂါမှာ စမြင်းဒေါသ မကျေမကျ၍သာ ဖြစ်သည်။ ဝမ်းနုတ်ရလျှင် ကောင်းပါလိမ့်မည်။ ဆေးလည်း လာပို့ပါမည် ပြောဆိုပြန်သွား'

ကင်းဝန်မင်းကြီးက သေချာသူဖြစ်သည်။ စာရေးတော်ကြီး၏ ရောဂါပျောက်၊ မပျောက် ကျွန်တော်သိချင်လို့ ဆက်ဖတ်တော့ ကင်းဝန်မင်းကြီးက သည်ကိစ္စ အဆင်ပြေကြောင်း သူ့ဒိုင်ယာရီမှာ မပျက်မကွက် မှတ်တမ်းတင်သည်။

'သုတ်လိမ်းရန် ဆေးရောကို ဘူးငယ်နှင့်ထည့်၍ ပေးပို့လာသည် ကာလ၊ သုတ်လိမ်းရန် ဆေးကို ကျပ်ရာနာရာများမှ သုတ်လိမ်း၍ ဆေးရန် ဆေးလုံး ၁ ကို သောက်သည်။ တစ်ခါ ၄ နာရီလျှင် တစ်ခါဆင့်၍ ဆင့်၍ ၃ ကြိမ် ဆေး ၃ သုံးလုံးသောက်၍ ၁၄ ရက်နံနက်စာတ်သက်လျှင် ရောဂါသက်သာ၍ ကောင်းစွာ အိပ်နိုင်သည်'

တော်ပါသေးရဲ့။ တိုင်းတစ်ပါးမှာ စမြင်းခံနေရသည့် စာရေးတော်ကြီးအတွက် ဆက်ဖတ်လိုက်မှ စိတ်အေးရသည်။ မြန်မာနန်းတွင်းမှူးမတ်များအနက် ဝက်မစွပ်ဝန်ထောက်မင်းသည်လည်း နေ့စဉ်ဒိုင်ယာရီရေးသူဖြစ်သည်။ ဝန်ထောက်မင်းက အသက် ၁၅ နှစ်သားအရွယ် ၁၂၂၂ ခုနှစ်မှစ၍ ရေးခဲ့ရာ အသက် ၈၅ နှစ် ကွယ်လွန်ချိန်အထိ နှစ်ပေါင်း ၇၀ ဒိုင်ယာရီရေးခဲ့သူဖြစ်သည်။ ကိုယ်ရေးကိုယ်တာကိစ္စများ၊ ဆွေမျိုးမိတ်သင်္ဂဟတို့၏ အရေးအရာများ၊ နန်းတွင်းရေးရာ အတွေ့အကြုံများ၊ မြို့ရေးရွာရေး ဥတုရာသီရေးတွေပါ ဖတ်ရတာ ကျေးဇူးကြီးလှသည်။





'ဝါခေါင်လပြည့်ကျော် ၁၂ ရက်။ ၃ ချက်တီးအချိန်တွင် မြို့အရှေ့ပြင် ခရီး ၂ တိုင်ခန့်အဝေးရပ်မှ ဒိန်းဟူ၍ အသံပြင်းစွာ ကြားရပြီးလျှင် အတန်ကြာဟိန်း၍ ထွက်နေသည်။ ၎င်းကို နတ်အမြောက်ပစ်သည်။ မြေကွဲသည်။ ရန်ကင်းတောင် ဇရပ်တွင်း ပြိုသည်ဟု အထွေထွေ ပြောသည်၊ ဆိုကြသည်။ (အိမ်ရှေ့မင်း အောင်ပင်လယ်တွင် ရေမြှုပ်ပုံးစမ်းခြင်း)'

'တပို့တွဲလပြည့်ကျော် ၁၄ ရက်။ ၎င်းနေ့ည ၂ ချက်တီးကျော်အချိန်တွင် အိမ်ရှေ့မင်းစံနေရာ အိမ်ရှေ့တော်ဝင်းအတွင်းက ယမ်းအိုးမီးပေါက်၍ အသံပြင်းစွာ မြည်ပြီးလျှင် ဝင်းဝင်းထိန်ထိန် အရောင်များ အတန်ကြာဖြစ်ပေါ်နေသည်'

ကနောင်ကိုယ်တော်ကြီး၏ ရေမြှုပ်ပုံး၊ မြေမြှုပ်ပုံးတို့ အစွမ်းထက်လှချည့်။ ရွှေမြို့တော်တစ်ပိုက် ဒိန်းဒိန်းကွဲသံ ညံလေသည်။ ဝက်မစွပ် ဝန်ထောက်မင်း၏ ဒိုင်ယာရီအကြောင်းအရာစုံသည်။ ကြက်တွန်သံဆန်းသဖြင့် ငွေဒင်္ဂါး ၁၀၀ ရသွားသော အဖြစ်ကိုပါ မလွတ်စေရ။ ရတနာပုံခေတ် ဂျာနယ်လစ်ဇင်။

'သီတင်းကျွတ်လဆန်း ၁၄ ရက်။ ၎င်းနေ့တွင် ကန်ကောက်မင်္ဂလာဥယျာဉ်မှာ 'အောက်ကို သိမ်းကြစို့' ဟူ၍ တွန်သော ကြက်ဖကြီးကို တောင်ဒဝယ်ဖိုလ်က ဆက်သရာ ကြက်ရှင်သို့ ငွေဒင်္ဂါး ၁၀၀ သနားတော်မူသည်'

ထိုအချိန်က အောက်ပြည်အောက်ရွာ (အောက်မြန်မာနိုင်ငံ) က အင်္ဂလိပ်တို့ သိမ်းပိုက်ထားချိန်ဖြစ်သည်။ အောက်ကို သိမ်းကြစို့လို့ တွန်သည့်ကြက်သံက မြန်မာရှင်ဘုရင်အဖို့ မင်္ဂလာရှိသော ဩဘာသံဖြစ်သည်။ သည်လောက် ကောင်းသည့် နိမိတ်တွန်ကြက်ဖကို ဒင်္ဂါးတစ်ရာတည်း ဆုချတာ ရှင်ဘုရင် နှမြောလွန်းသည် ထင်၏။

နောက်ထပ် ဒိုင်ယာရီတစ်အုပ်ကတော့ သိပ္ပံမောင်ဝ၏ 'အောက်စ်ဖို့ဒ်တက္ကသိုလ်ခရီးသွားမှတ်တမ်း' ဖြစ်သည်။ ကင်းဝန်မင်းကြီး လန်ဒန်သွားသည့်အချိန်နှင့် တွက်လျှင် ၅၆ နှစ်လောက် နောက်ကျသည်။ ထို ၅၆ နှစ်အတွင်း လန်ဒန်သည် အကြီးအကျယ်ပြောင်းလဲနေပြီ။ ဒိုင်ယာရီတစ်မျက်နှာမှာ ဆရာသိပ္ပံမောင်ဝက သည်လိုရေးသည်။

'၁၂၈၉ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၃ ရက်နေ့။ (၁၃–၁၀–၁၉၂၇) နံနက်စာစားပြီးနောက် အိန္ဒိယကျောင်းဆောင်သို့ ထွက်ခဲ့၏။ ၎င်းကျောင်းဆောင်အဝင်ဝတွင် ကိုကျင်နှင့်တွေ့သဖြင့် သူနှင့်အတူ အိန္ဒိယရာဇဝင်သင်ကြားရာ အခန်းထဲသို့ ဆင်းသွားကြလေသည်။ အခန်းကား အလျားပေ ၄၀၊ အနံပေ ၃၀ ခန့်ကျယ်လိမ့်မည်။ အခန်းပတ်လည်တွင် သစ်သားဖြင့် ထုလုပ်ထားသော ၁၇ မင်း



www.burmeseclassic.com

www.burmeseclassic.com



နတ်ရုပ်ထုများကို မြင်ရသောအခါ ကျွန်တော့်မှာ အလွန်ပင် အံ့သြသွားလေသည်။ အချို့ကား ရုပ်လျက်၊ အချို့ကား ထိုင်ကာ၊ အချို့လည်း ကျားပေါ်တွင် အသီးသီး ငြိမ်သက်စွာ နေကြကုန်၏။ နတ်မင်းတို့ အောက်ဝိဖိုဒ်ကို ရောက်နေကြသည်မှာ အတော်ကလေးပင် ကြာပြီထင်၏။ မြန်မာပြည်ကို မလွမ်းပါသလော ဟု ဘိုးမင်းကျော်နတ်ရုပ်ကို မေးချင်လှသည်’

ဒါကတော့ ကျွန်တော်တို့ တိုင်းပြည်က ဒိုင်ယာရီသုံးအုပ်ဖြစ်သည်။ တစ်ယောက်က ဝန်ကြီး၊ တစ်ယောက်က ဝန်ထောက်၊ တစ်ယောက်က စာရေးဆရာပညာတော်သင်။ ဒိုင်ယာရီတွေအကြောင်းပြောလျှင် ကမ္ဘာကျော် ဒိုင်ယာရီသုံးအုပ်ကိုလည်း ကျွန်တော် သတိရသည်။ တစ်ယောက်က အန်းဖရန့် (Anne Frank) ဖြစ်သည်။ အန်းဖရန့်က သူ့ဒိုင်ယာရီကို ၁၉၄၂ ခုနှစ်က စရေးခဲ့သည်။ ရေးသည့်နေရာက အမ်စတာဒမ်မြို့က သူ့ဖခင်၏ ရုံးအဆောက်အအုံကြီး နောက်ဘက်က အခန်းကလေးထဲမှာ ခိုးကြောင်ခိုးဝှက် နေထိုင်ကြရစဉ်က ရေးခဲ့ခြင်းဖြစ်၍ သည်တုန်းက အန်းဖရန့်တို့မိသားစုတစ်စုလုံး ဂျာမန်နာဇီစစ်ပုလိပ်များ၏ ဘေးရန်က ကင်းဝေးအောင် ပုန်းအောင်းနေရချိန်ဖြစ်သည်။ သူမ ဒိုင်ယာရီ စရေးစဉ်က ဆယ့်သုံးနှစ်သမီး။ ဂျူးမိသားစုတွေဆိုတော့ ၁၉၃၃ ခုနှစ်ကတည်းက ဟော်လန်ကို ပြေးခဲ့ကြရသည်။ အန်းဖရန့်တို့ ပုန်းအောင်းနေသည့်နေရာကို တွေ့လျှင် တွေ့ရသချိုင်းဆိုသည့်အခြေအနေဆိုတော့ မတွေးဝံ့စရာ၊ အန်းဖရန့်က သွက်လက်ချက်ချာသည်။ ဉာဏ်ရည်ဉာဏ်သွေး ကောင်းသည်။ ပြင်ပကမ္ဘာနှင့် လုံးဝကြီး ပြတ်တောက်နေတာမျိုးမဖြစ်အောင် စာတွေဖတ်သည်။ ရေးသည်။ စိတ်ကို သက်သာရာရကြောင်း သည်အလုပ်တွေထဲမှာ နှစ်မြှုပ်ထားသူကလေး ဖြစ်သည်။

သူကလေး၏ ဒိုင်ယာရီထဲမှာ သူ့ခံစားမှုတွေ သူ့အတွေးတွေ ပါသည်။ ကစ်တီဆိုသည့် နာမည်ပေးထားသူ သူငယ်ချင်းတစ်ယောက်ကို ရေးပြသည့်ဟန်ကို သုံးခဲ့သည် (သူ့ဒိုင်ယာရီစာအုပ်ကလေးကိုပဲ ကစ်တီလို့ နာမည်ပေးထားတော့ ကစ်တီကို တိုင်တည်ပြီး ရေးသည့်သဘောဖြစ်ပါသည်)။ အန်းဖရန့်ကတော့ ဒိုင်ယာရီသာလျှင် သူ ရင်ဖွင့်ရာ သူငယ်ချင်းကောင်းလို့ သဘောထားသူဖြစ်သည်။ ငတ်မွတ်ခေါင်းပါးခြင်းနှင့် အကြောက်တရားတို့ကြားက သူမ၏ ဟာသနှင့် နေထိုင်မှု ဘဝကို ထင်ဟပ်စေနိုင်သည့် တင်ပြပုံက သည်ဒိုင်ယာရီ၏ ထူးခြားမှုဖြစ်သည်။ သူမ မိသားစု ပုန်းအောင်းနေရမည့်နေရာကို ထွက်မလာခင် ရေးခဲ့သည့် စာတစ်မျက်နှာမှာ သည်လို ဖတ်ရသည်။

‘နေ့နေ့၊ ၂၀ ဇွန်လ ၁၉၄၂



‘ငါတို့မိသားစု ဟစ်တလာရဲ့ ဂျူးဆန့်ကျင်ရေး ဩဇာကြီး အပြည့်အဝ သက်ရောက်ခံနေကြရသူတွေဆိုတော့ သောကရောက်နေကြရတာပါပဲ။ ငါ့ဦးလေး နှစ်ယောက်ကတော့ အမေရိကန်ကို ပြေးကြလို့ လွတ်သွားကြတယ်။ အသက် ၇၃ နှစ်ရှိပြီဖြစ်တဲ့ ငါ့ဘွားအေကတော့ ငါတို့ဆီ ရောက်လာလေရဲ့။ ၁၉၄၀ ခုနှစ် ဆိုတဲ့ ဒရောသောပါးထွက်ပြေးပါပြီလေ။ ပထမတော့ ကမ္ဘာစစ် ရောက်လာတယ်။ နောက် အရှုံးပေးခြင်း ရောက်လာတယ်။ တစ်ဆက်တည်း ဂျာမန်တွေ ပါလာကြတော့တာပါပဲ။

ဂျူးလူမျိုးမှန်သမျှ ကြယ်ဝါတံဆိပ်တပ်ရမယ်။ ဂျူးမှန်ရင် သူတို့ပိုင် စက်ဘီးတွေ အပ်နှံရမယ်။ ဂျူးဆိုတာနဲ့ ဓာတ်ရထား စီးခွင့်မရှိ။ ကားမောင်းခွင့်များတော့ ဝေလာဝေး။ ဂျူးလူမျိုးတွေဟာ သုံးနာရီနဲ့ ငါးနာရီကြားမှာပဲ ဈေးဝယ်ထွက်ခွင့်ရှိသည်။ ဈေးဝယ်တော့လည်း ဂျူးကုန်စုံဆိုင်လို့ ဆိုင်းဘုတ်ချိတ်ထားတဲ့ ဆိုင်မှာပဲ ဝယ်ကြရတယ်။ ဂျူးလူမျိုး မှန်ရင် ညရှစ်နာရီ အိမ်ထဲမှာ ကုပ်နေပေတော့ပဲ။ သည်အချိန်က ကျော်ရင် ကိုယ့်ခြံထဲတောင် ကိုယ်ဆင်းရပ်ခွင့် မရှိကြရဘူး။ လူစုလူဝေး အားကစားပြိုင်ပွဲတွေမှာ ဂျူးဆိုရင် လက်မခံဘူး။ တင်းနစ်ကွင်း ရေကူးကန်၊ ဟော်ကီကွင်းတွေလို နေရာတွေမှာလည်း ဂျူးတွေကို ပိတ်ပင်ထားတယ်။ ဂျူးလူမျိုးဟာ ဘယ် ခရစ်ယာန်ဘာသာဝင်တစ်ယောက်ဆီကိုမှ သွားမလည်ရဘူး။ ဂျူးဟာ ဂျူးကျောင်းပဲ တက်ခွင့်ရှိကြတယ်။ ခုထိတော့ ငါတို့ မိသားစုလေးယောက် ကံကောင်းနေပါသေးတယ်’

တစ်ခါတော့ အန်းဖရန့်တို့ ပုန်းအောင်းရာနေရာမှာ အခြားမိသားစု တစ်စု လာရောက်နေထိုင်ကြသည်။ သည်ရောက်လာသည့် မိသားစုထဲမှာ ပီတာဆိုသည့် ရှယ်တူဆယ်ကျော်သက် ကောင်လေးတစ်ယောက် ပါလာတော့ နောင်မှာ သူတို့ နှစ်ယောက် သံယောဇဉ်ငြိခဲ့ကြသည်။ ၁၉၄၄ ခုနှစ်၊ ဩဂုတ်လမှာ ဂျာမန်ဂက်စတာပိုတွေက အန်းဖရန့်တို့ ပုန်းအောင်းရာနေရာကို တွေ့သွားကြကာ မိသားစု နှစ်စုလုံးကို ပိုလန်နှင့် ဂျာမနီအကျဉ်းစခန်းတွေကို ပို့လိုက်ကြသည်။ အန်းနှင့် သူ့အစ်မ မားဂေါ့တို့နှစ်ယောက်ကတော့ ၁၉၄၅ နှစ် (အန်း ၁၆ နှစ် ပြည့်ခါနီး) မှာပဲ ကွယ်လွန်ကြကာ အန်း၏ ဒိုင်ယာရီကလေးက ပုန်းအောင်းရာ အိမ်မှာ ကျန်ရစ်ခဲ့သည်။ ဒါကို မိယက်ဆိုသူတွေ့ပြီး စစ်ကြီးပြီးသည်အထိ သိမ်းထားခဲ့တယ်။ နောက်မှ ဖခင် ဖရန့်ကို ပေးအပ်ခဲ့သည်။

ဆာရာယေဗိုက ဇလာတာဆိုသူကလေး၏ ဒိုင်ယာရီကတော့ နှစ်ဆယ်ရာစုစစ်ပွဲများကြားက ခုန်ထွက်လာသည့် ဒိုင်ယာရီဖြစ်သည်။ ဇလာတာသည် အန်းဖရန့်ထက်ငယ်သော ဆယ့်တစ်နှစ်သမီး။ နာမည်ရင်းက ဇလာတာဖီလီ



www.burmeseclassic.com

www.burmeseclassic.com



ပိုဖစ်။ ယူဂိုဆလပ်နိုင်ငံဟောင်းက ပုံရိပ်တွေ သည်ကလေးမလေး၏ ဒိုင်ယာရီမှာ ထင်ဟပ်နေခဲ့သည်။

၁၉၉၃ ခုနှစ်၊ ပြင်သစ်နိုင်ငံမှာ လုံလုံခြုံခြုံမနေရခင်အထိ အတွေ့အကြုံတွေကို ရေးခဲ့သည်။ ဇလာတာက ဒိုင်ယာရီကို နေ့စဉ်မရေးသည့်တိုင် စစ်ပွဲကြီး ရှည်လျားတာကို ကလေးအတွေးဖြင့် ရေးခဲ့ရာ၌

'အဖေနဲ့အမေဟာ အဖေနဲ့ အမေနဲ့ ကိုယ်ပဲ နောက်ထပ် တူနိုင်တော့မယ်မဟုတ်ပါဘူး' တဲ့၊ ဇလာတာက သူ့အကျီကလေးတွေ မတော်တော့တာကို ရေးပြရင်း စစ်၏ ကာလအလျားကို ရေးပြသွားခဲ့သည်။ ကျွန်မတို့နိုင်ငံက ဘာဖြစ်လို့ ဗုံးတွေ အကြဲခံနေရတာလဲ။ သည်စစ်ပွဲကြီးကို ကလေးပေါက်စတစ်ယောက်လို ဘယ်သူကများ ရှုးရှုးမိုက်မိုက် အမိန့်တွေ ပေးနေတာလဲ။ လူကြီးတွေ လုပ်နေပြီး စစ်တိုက်တမ်းကစားနေကြရသလား။ ဇလာတာက အန်းဖရန့်ကိုယ်တိုင် ဒတ်ချ် အထပ်ခိုးကလေးမှာ ပုန်းရင်း ဒိုင်ယာရီရေးခဲ့တာကို စာအုပ်တွေထဲမှာ ဖတ်ထားဖူးတော့ သူပါ ဒိုင်ယာရီရေးချင်ခဲ့သည်။

*တနင်္လာနေ့၊ ၃၀ မတ် ၁၉၉၂။*

*'ဒိုင်ယာရီကလေးရေ ငါ ဘာစဉ်းစားနေတာလဲ သိလား။ အန်းဖရန့်က သူ့ဒိုင်ယာရီကို ကစ်တီလို့ ခေါ်ခဲ့တော့ ငါကလည်း နင့်ကို နာမည်ပေးရမှာနော်။ ဘာပေးရမှာပါလိမ့်။ အက်စ်ဖာလ်တီနာ၊ ဆာဗီကာ၊ ဆီဝလာ၊ ပီဖာမက်တာ၊ ဟာစ်မီတာ၊ မင်းမီ၊ ဘာရှိဦးမလဲ၊ စဉ်းစားစမ်း စဉ်းစားစမ်း။ မင်းမီအေး ကောင်းတယ်၊ မင်းမီ။*

*ချစ်သော မင်းမီရေ*

*နောက်ထပ် ပြောရမယ့်စကားကတော့ ပြောရမှာတောင် ကြောက်စရာပါ။ မယ်လစ်ကာက ၁၉၉၂ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တုန်းက ဆံပင်အလှပြပြိုင်ဆိုင်မှာ ကြားခဲ့တာတဲ့။ မကြာခင်၊ ဗြုန်းဗြုန်းဒိုင်းဒိုင်းတွေ ကြားရတော့မတဲ့။ ဆာရာယေဗို ကွဲကြေတော့မတဲ့။ ဘာသာပြန်ချက်။ ဆာရာယေဗိုကို ဗုံးကြဲကြတော့မယ်လို့ပြောတာ။*

*ချစ်လျက်*

*ဇလာတာ*

ဆာရာယေဗို ခြောက်အိပ်မက်ရက်တွေအကြောင်း ဇလာတာ၏ ဒိုင်ယာရီမှာ ရှာဖတ်ကြပါတော့လို့သာ ကျွန်တော် ပြောချင်ပါသည်။ ဆာရာယေဗို စစ်တာလင်းကို ရိုက်ကူးထားသည့် စစ်သတင်းကားထက် ပိုမိုသေချာသည့် ဇလာတာ





၏ ဒိုင်ယာရီစာမျက်နှာတွေကို ကျွန်တော် မဖတ်ရက်ပါ။ ဒိုင်ယာရီထဲက စစ်၏ မီးလျှံ။

နောက် ဒိုင်ယာရီတစ်အုပ်ကတော့ ၇၄ ရက်ကြာ စစ်ပွဲတစ်ပွဲအတွင်းက ကျွန်းသားတစ်ယောက်၏ မှတ်တမ်းတင်ချက်များဖြစ်သည်။ ကျွန်းက ဖော့ကလင်၊ ကျူးကျော်သူတွေက ဗြိတိသျှစစ်သားများ။ သည်ဒိုင်ယာရီကို ရေးသူ ယွန်စမစ်သ်က ၁၉၅၈ ခုနှစ်ကတည်းက ဖော့ကလင်ကျွန်းသုတေသန သင်္ဘောတစ်စီးပေါ် ရောက်နေသူဖြစ်သည်။ ဖော့ကလင်ကျွန်းသူ အိုက်လင်းနှင့် အိမ်ထောင်ကျကာ သားသမီးလေးယောက် ထွန်းကားသည်။ ၁၉၈၂ ခုနှစ်မှာ ဖော့ကလင်ကျွန်းပိုင်ခွင့်နှင့် ပတ်သက်၍ အာဂျင်တီးနားက ဗြိတိသျှတို့ကို စိန်ခေါ် အံတုခဲ့သော်လည်း ဗြိတိသျှရှစ်ခေါဘာဇာတပ်တွေ ကျွန်းပေါ်ကို အလုံးအရင်းနှင့် ကျူးကျော်ခဲ့ကြသည်။ အာဂျင်တင်းလူငယ်တွေက စစ်အတွေ့အကြုံမရှိ၊ ပျမ်းမျှအသက် ၁၇ နှစ်။ တိုင်းပြည်အတွက် လိုအပ်လာတော့လည်း စစ်ထဲ မဝင်မနေရ၊ ဒါကိုပဲ 'အမြောက်စာတွေ' (Cannon-fodders) လို့ ခေါ်ခဲ့ကြသည်၊ ဘာမသိဘာမသိ အမြောက်ဆန်တွေအောက် ရောက်ကြရသူတွေ။

*'သောကြာနေ့၊ ၂၁ မေလ၊ စစ်ပွဲ ရက်ငါးဆယ်မြောက်။*

*သည်နေ့လယ်ခင်း ခရစ်တော်နဲ့ သာဝကတွေ နောက်ဆုံး ညစာစားခြင်း အထိမ်းအမှတ်ပွဲတော်ပြီးခါနီးမှာ ကျွန်တော်တို့ ခေါင်းတွေပေါ်က ပေါက်ကွဲသံ၊ ဗုံးကြဲသံ၊ ပစ်ခတ်သံတွေ မပါဘဲ ပျံသန်းလာကြတဲ့ ဂျက်လေယာဉ်ကြီးတွေရဲ့ အသံလောက် ကြားလိုက်ရတော့ ကျွန်တော်တို့ကလည်း အာဂျင်တင်းလေယာဉ်တွေ ထင်ကြတာပေါ့။ ခဏနေတော့ အပြင်လေကားထစ်တွေပေါ် ကျွန်တော်တို့ ရောက်ရှုံရှိသေးတယ်။ လေဆိပ်ဆီက ပေါက်ကွဲသံကြီးတွေ ကြားရတာပါပဲ။ မီးခိုးလုံးတိမ်တိုက်ကြီးတွေ မည်းမည်းချိတ်လို့။ အာဂျင်တင်းတီဗီတွေကတော့ မြို့တော်ခန်းမကျောဘက်ကနေ ရိုက်ယူနေတာ တွေ့တယ်'*

ကမ္ဘာကျော် ရုပ်ပြကာတွန်းဆရာမ ဘေးထရစ်စ်ပေါ်တာ (Beatrix Potter) (၁၈၈၁–၁၈၈၇) ၏ ဒိုင်ယာရီ၊ ကီးလ်ဗာ့ထ် (Kilvert) (၁၈၇၀–၁၈၇၉) ၏ ဒိုင်ယာရီစာမျက်နှာတွေကို ကျွန်တော် ဖော်ပြနိုင်ဖို့ စာမျက်နှာ နည်းနေပါပြီ။ နောက်ထပ်လည်း ဒိုင်ယာရီများစွာ ရှိပါလိမ့်မည်။ အာဖဂန်နစ္စတန်က ဒိုင်ယာရီ၊ အီရတ်က ဒိုင်ယာရီ။

ကျွန်တော်ကတော့ ဘာမှမရေးဖြစ်ဘဲ ပစ်ထားခဲ့မိသော နှစ်ပေါင်းငါးဆယ်စာ ဒိုင်ယာရီစာမျက်နှာတွေကိုပဲ နှမြောနေမိပါသည်။ ဒိုင်ယာရီစာအုပ်တွေ ပေးသူက ပေးသည့်တိုင်၊ ပထမတစ်ရက်နှစ်ရက်လောက်သာ ရေးခြစ်ခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာလွှတ်များစွာနှင့် ပစ်ထားမိခဲ့တာကိုလည်း အပြစ်ကျူးလွန်သူတစ်ယောက်လို ကျွန်တော် ခံစားနေရသည်။ ကျွန်တော့်ဖနိုးမအိမ်သူကတော့ ဒိုင်ယာရီရေးဖြစ်နေသည်။ သူမ ပြောသလောက် ငွေဝင်ငွေထွက်များ၊ အဝယ်အခြမ်းများ၊ ဘောလုံးပွဲ ပွဲစဉ်နှင့် ရလဒ်များ၊ ကမ္ဘာ့အားကစားမယ်များ၏ ကိုယ်ရေးအကျဉ်းနှင့် စွမ်းဆောင်ရည်များ၊ သူမ ကိုယ်ဝန်အတွက် နောက်တစ်ကြိမ် သားဖွားမီးယပ်ပါရဂူနှင့် တွေ့ရမည့် ရက်စွဲများ။

လာမည့်နှစ်ကာလတွေမှာတော့ ကျွန်တော်တို့ အိမ်မှာ ဒိုင်ယာရီ သုံးအုပ်ရှိတော့မည်ဖြစ်ကြောင်း ကျွန်တော် အသိပေးလိုပါသည်။ အနည်းဆုံးတော့ ကင်းဝန်မင်းကြီးနှင့် ဝက်မစွပ်ဝန်ထောက်မင်းကို ကျွန်တော် ရှက်တာပါသလို စက္ကူတွေက လူထက် စိတ်ရှည်ကြောင်း ကျွန်တော် နားလည်လိုက်တာလည်း ပါပါသည်။ ဒိုင်ယာရီဆိုတာ ကွေကွင်းခဲ့ရသော ချစ်သူဟောင်းတို့၏ သချိုင်းဖြစ်သလို သမိုင်း၏ ရုပ်ကြွင်းဖြစ်သည်ဆိုတာကို ကျွန်တော် နားလည်လိုက်ချိန်မှာတော့ ဒိုင်ယာရီရေးဖို့ နှစ်ပေါင်းငါးဆယ်နောက်ကျခဲ့ပြီ။

*Idea ၂၀၀၄ စက်တင်ဘာလ*

# သင်တိုင်းဝတ်ချည်ခင်စွပ်များ

တရုတ်ကာတွန်းပညာရှင် မင်း (Ming) ၏ ကာတွန်းလက်ရာတစ်ပုဒ်ကို ကျွန်တော် သတိရပါသည်။ လူနေရပ်ကွက် ထောင့်ချိုးကလေးတစ်နေရာက အုတ်နံရံမှာ ပိုစတာတစ်ချပ် ကပ်ထားသည်။ ပိုစတာပေါ်မှာ ရိုက်ထားသည့်ပုံက ကြွက်တစ်ကောင်။ အပေါ်မှာ စာတန်းတစ်တန်း ပါသေးသည်။ 'အလိုရှိသည်'။ အဲသည့်ပိုစတာကို လူလေးငါးယောက်က ဝိုင်းကြည့်နေကြပြီး ထိုဝိုင်းကြည့်နေ ကြသည့်လူတွေကို တစ်ဖက် အုတ်ထရံထောင့်က ကြွက်လေးငါးကောင်က ထပ်ချောင်းနေပုံဖြစ်ပါသည်။ သည်ချောင်းကြွက်တွေထဲမှာ ဝက်ကလေးတစ် ကောင် ပါသေးသည်။ ဝက်ကလေးက လည်ပင်းမှာ စာချိတ်လို့။ 'ကျွန်တော် ဝက်ပါခင်ဗျာ' တဲ့။

သည်ကာတွန်းက ၁၉၉၈ ခုနှစ်ထုတ် သတင်းမဂ္ဂဇင်းအဟောင်းတစ်စောင်မှာ ပါခဲ့ခြင်းဖြစ်သည်။ သည်သတင်း မဂ္ဂဇင်း၏ စာမြည်းကဏ္ဍက စာတန်းတစ်တန်းကလည်း စိတ်ဝင်စားစရာကောင်းသည်။ ဟောင်ကောင်နာမည်ကြီး စားသောက်ဆိုင်တစ်ဆိုင်က အလုပ်သမားလေးတစ်ယောက်၏ စကားလုံးတွေကို ကောက်စာထုတ်ထားခြင်းဖြစ်သည်။ 'ကျွန်တော်တို့ဆိုင်မှာတော့ ဘယ်လိုခြေနှစ်ချောင်းမှ မရှိပါဘူး'

သည်သတင်း မဂ္ဂဇင်းထဲမှာပဲ မျက်နှာဖုံးဆောင်းပါးနှစ်ပုဒ် ပါပါသေးသည်။ သည်မှာလည်း ခေါင်းစဉ်တွေက ကြောက်စရာကောင်းသည်။ တစ်ပုဒ်က 'ကောင်းကင်ပြိုကျခြင်း' တစ်ပုဒ်က 'ငှက်တုပ်ကွေးကို ချင့်တွက်ခြင်း'

'အော်ပရေးရှင်းကြီးတစ်ခုလုံးက မြန်ဆန်သလောက် ထိထိလန့်စက်ဆုပ်ဖွယ်ကောင်းလှပါသည်။ မျက်နှာဖုံးများ၊ လက်အိတ်များ စွပ်ထား



www.burmeseclassic.com

www.burmeseclassic.com



ကြသည့် ဟောင်ကောင်အရာရှိများက ထိုမြင်ကွင်းကို လက်ပိုက်ကြည့်နေကြရုံ။ ကောင်းလွန်း အရှေ့ပိုင်း ပိုလမ်စျေးကြီးမှ ကြက်ဘဲ လက်လီဆိုင်ကလေးတွေက ကြက်တွေကို လက်ရဲဖက်ရဲ ဆွဲထုတ်နေကြသည်။ ဓားတွေက တဝင်းဝင်း၊ သွေးတွေက တဖျန်းဖျန်း၊ နံရံနှင့် အဝတ်အထည်တွေမှာ သွေးစိမ်းရှင်ရှင်တို့ မြင်မကောင်း။ ဟက်တက်ကွဲနေကြသည့် ကြက်လည်ချောင်းများ သွေးတွေ ပွက်ထနေကာ အတောင်တွေက နောက်ဆုံးအင်အားဖြင့် တဖျောင်းဖျောင်း ခတ်နေကြသည့်တိုင် ကြမ်းပေါ်က ကြက်ပုံကြီးပေါ် ပစ်တင်လိုက်သည့်အခါ ဘဝဇာတ်သိမ်းကြရတော့သည်။ ကြက်တွေမှ မဟုတ်၊ ဘဲတွေ၊ ငန်းတွေ၊ ခိုတွေ၊ တစ်ချိန်က လူတို့၏ စားမြိန်စာအဖြစ် ထမင်းစား စားပွဲပေါ်မှာ ရှိခဲ့ကြ၊ အိမ်မွေးငှက်များအဖြစ် အိုးအိမ် မြေယာပတ်ဝန်းကျင်မှာ ချမ်းသာကြွယ်ဝခြင်း၏ အဆင်တန်ဆာ ဖြစ်ခဲ့ကြသော 'ငှက်ရိုင်းငှက်ယဉ်များသည်လည်း အခုတော့ အမှိုက်အိတ်ကြီးတွေထဲ ရောက်ကုန်ကြပြီ'

ငှက်တုပ်ကွေးကြောင့် ကျွန်တော်တို့ အနီးအနားနိုင်ငံတွေမှာ လူတွေ ပျက်စီးတာ အယောက်နှစ်ဆယ်ကျော်ပြီဆိုသည့် သတင်းတွေ မနက်တိုင်း ကြားနေရသည်။ မနေ့တစ်နေ့ကအထိ ကြက်ကောင်ရေ သန်းငါးဆယ်ကျော် သေကြေပျက်စီးခဲ့ကြပြီ၊ ရောဂါမကူးစက်သေးသည့် ကြက်တွေကို စည်သွတ်ဘူး ထုတ်လုပ်ပြီး ဆင်းရဲသည့်နိုင်ငံတွေကို ဝေချင်သူတွေကလည်း စေတနာ ပေပဲလား။ အရှေ့တောင်အာရှချန်နယ်လ်တွေမှာတော့ တာဝန်ရှိသူများ ကိုယ်တိုင်က ကြက်ကြော် နှိုက်တာ၊ ကြက်ပေါင်ကိုက်ပြတာ သတင်းဖြစ်နေတာ ကလည်း ထူးတော့ ထူးဆန်းသား။ သည်ရောဂါကြောင့် မွေးမြူရေးခြံကြီးတွေ ရှုံးခါနေကြရသည်။ မွေးမြူရေး ဗိုင်ကြီးတွေနှင့် ချိတ်ဆက်နေသည့် စီးပွားရေး လုပ်ငန်းတွေ ထိုးကျနေသည်။ ဒါကိုပဲ ခြေဖျားထောက် ချွတ်နင်းလာနေသည့် နိုင်ငံရေးဆိုးလို့ ခေါ်သူလည်း ရှိ၏။

၁၉၉၇ ခုနှစ် ဟောင်ကောင် ကြက်တုပ်ကွေး၊ ငှက်တုပ်ကွေးတွေ တလောငြိမ်သွားရာက သည်နှစ်ဆန်း ၂၀၀၄ မှာ တစ်စခန်းထလာကြပြန်သည်။ သေကြ ကြေကြသော ကြက်များ ငှက်များ၏ ဝိညာဉ်များအတွက် ဗုဒ္ဓဘာသာ နိုင်ငံများပီပီ ဘုရားရှင်ထံမှာ ကောင်းရာဘုံလားပါစေကြောင်း ဆုတောင်းနေကြသည်။ ကျွန်တော်တို့ နိုင်ငံက ငှက်မျိုးနွယ်သတ္တဝါတွေကတော့ သည်ဝိပ္ပတ္တိ တရားက လွတ်ကင်းနေသည်ဆို၏။ ရောဂါဗျသနက ကင်းလွတ်နေသည် ဆို၏။

ဖတ်လက်စ သတင်းမဂ္ဂဇင်းဟောင်းကို အိပ်ရာပေါ်ပစ်ချကာ လှဲလိုက်သည်။ မှန်တရုတ်ကတ်မှတစ်ဆင့် ရုပ်မြင်သံကြားငါးရိုးတိုင်ကို ကျွန်တော် မြင်





နေရသည်။ ငါးရိုးတိုင်အခက်တွေပေါ်မှာ စာကလေးတွေ အုတ်အောသရဲ ပွက်ပွက်ကြီး ထနေကြသည်။ ကျွန်တော့်အိမ်မှာ ငှက်ကလေးတွေ ပျော်ကြသည်။ အုတ်ခုံ ခွန်းမှာ ထမင်းတစ်ပုံ၊ ဆန်တစ်ပုံ မနက်တိုင်း သတိတရ ခွန့်ထားနေကျ ဆိုတော့ တစ်ခါတလေ နောက်ကျနေလျှင် ကျွန်တော့်အိမ်ရာဘေးအထိ ရောက်လာတတ်ကြသည်။ အိမ်ရှင်မကတော့ ငှက်လေးတွေ စိုးစီစိုးစီ ဝင်းပေါက်မှာ မြည်သည်နှင့် ဆွမ်းတော်တင်၊ ငှက်ကလေးတွေကိုလည်း ပုံကျွေးနေကျ။ ကျွန်တော် သတိထားမိသလောက် ငှက်ကလေးတွေက ဆန်ကို ပိုတပ်မက်သည် ထင်၏။

'ဆန်က သဘာဝအတိုင်းဆိုတော့ သူတို့သဘာဝနဲ့ နီးစပ်လို့ ကြိုက်ကြတာနေမှာ။ ထမင်းကျတော့ ငှက်ကလေးအတွက် Genetic Modified Food ဖြစ်နေသလားမသိဘူး။ ငှက်ကလေးတွေကတောင် GM ကို မကြိုက်ကြတော့ဘူး'

အိမ်ရှင်မကတော့ ပေါက်ကရလေးဆယ် ပြောရော့မယ်ဆိုသည့်ပုံ။ ကျွန်တော့်သူငယ်ချင်း ကဗျာဆရာက မနက် မနက် ကျွန်တော့်အလုပ်ထဲကို (ထိုစဉ် ဝန်ထမ်းဘဝ) ရောက်လာကာ ငှက်စာဆန်လာကျွေးနေကျ။ ရန်ကင်းမှ သည် အင်းစိန်မြောက်ဖျားအထိ တကူးတက လိုင်းကားစီးလာကာ ပုဆိုးခါးပုံထဲ ထည့်လာသည့်ဆန်တွေကို ချကျွေးခြင်းဖြစ်သည်။ တစ်ခါတော့ ကျွန်တော် မနေနိုင်သဖြင့် မေးကြည့်သည်။

'ခင်ဗျားတို့ ရန်ကင်းမှာ ငှက်မရှိလို့လား'

'ရှိတာပေါ့ဗျာ။ ဒါပေမယ့် ကျွန်တော်တို့ ရန်ကင်းက ငှက်တွေက မြို့ငှက်တွေဗျ၊ ကျွန်တော်က တောငှက်ကလေးတွေ ကျွေးချင်လို့'

သည်လိုဆိုတော့လည်း ကျွန်တော့်မှာ မပြောသာ။ အခုတော့ သူလည်း ဘယ်ရောက်လေသည်မသိ။ ငှက်ကလေးတွေကို ချစ်သော၊ ငှက်သံတွေကို ရှန်းရှန်းရဲရဲ တပ်မက်သော ကဗျာဆရာကြီး ဆရာဒဂုန်တာရာကိုလည်း ကျွန်တော် သတိရသည်။ ဆရာမော်ဘီမှာနေစဉ်က ကျွန်တော်နှင့် ကိုကျော်စိုးဝင်း ဆရာဆီ အပတ်စဉ်လိုလို ရောက်ဖြစ်ကြသည်။ ဆရာနှင့် စကားတွေပြော၊ ဆရာ့အိမ်မှာပဲ ထမင်းစား။ ကျွန်တော်တို့ ရောက်သွားလျှင် ဆရာက မာကြောင်းသာကြောင်း စမမေးဘဲ ငှက်ကလေးတွေအကြောင်း မေးတတ်သည်။

'ကိုနေဝင်းမြင့်တို့ဘက် ငှက်သံတွေ ကြားရသလားဗျ'

'မနက်ပိုင်းတော့ ကြားရပါတယ်ဆရာ၊ ဘာဖြစ်လို့လဲဆရာ'

'ဘာမှ မဖြစ်ပါဘူး၊ ကြားရတော့ ကောင်းတာပေါ့ဗျာ၊ ကျွန်တော် ငှက်သံလေးတွေကို သိပ်ကြိုက်တယ်။ နေပါဦး ကိုနေဝင်းမြင့်တို့ဘက်မှာ ဘာငှက်တွေ ရှိသလဲ'



www.burmeseclassic.com

www.burmeseclassic.com



သည်လိုမေးပြန်တော့ ကျွန်တော့်မှာ ဖဝေဖဝါ။ ကျွန်တော်က ခပ်ပေါ့ပေါ့ ဖြေလိုက်ခြင်းဖြစ်သော်လည်း ဆရာက အလေးအနက်မေးနေခြင်းဖြစ်သည်။ နေပါဦး ဘာငှက်တွေပါလိမ့်။ ကိုကျော်စိုးဝင်းကတော့ ရယ်လေသည်။

'စာကလေးသံတော့ များတယ်ဆရာ၊ တစ်ခါတစ်ခါ ချိုးငှက်တွေ ကူတာလည်း ကြားရတယ်။ ဆက်ရက်တွေ၊ ငှက်တော်တွေလည်း ရှိတာပါပဲ'

'နွေပေါက်တော့ကော ဥသြသံ ကြားရသလား'

'မကြားရတာ ကြာပြီဆရာ၊ ဟုတ်တယ် ဥသြတွေ ဘယ်ရောက် ကုန်ပြီလဲ မသိဘူး'

ကျွန်တော်တို့ လူမျိုးက ငှက်ကလေးတွေကို ချစ်တတ်ကြသည်။ တစ်ပင်ကို နှစ်ပင်ယှက် ကျေးငှက်မြူးတာကို အရသာခံသည့်လူမျိုးဖြစ်သည်။ ကျေးတွေ အုံ့ဖို့ ဆပ်သွားဖူးတစ်ရုံ နှစ်ရုံ စိုက်ကြသည့်သူတွေဖြစ်သည်။ ငှက်ပေါင်းငယ် တွန်သံနှင့် ပြည်တော်ပြန် သာတဲ့လမ်းမှာ ငုံပန်းကမ္ဘေးတာကို တပ်မက်ကြသူတွေဖြစ်သည်။ ရှေးက မြန်မာအိမ်တွေမှာ ကျီးစာတိုင်ထားသည့် ဓလေ့ရှိသည်။ ဘုန်းတော်ကြီးကျောင်းတွေမှာလည်း ကျီးစာတိုင်ရှိသည်။ ငှက်စာအတွက် ဆွမ်းကျန်ဟင်းကျန်စွန့်သည့် သင်ပုတ်စင်ဓလေ့ ရှိသည်။ ရှေးလှေကြီးတွေပေါ်မှာ ကျေးစေတိုင်ရှိသည်။

*'ပြီးခဲ့သည့် နှစ်ရက်လောက်က ကျွန်တော်သည် ဒဗလျူ၊ အိတ် ဟတ်ဆန်၏ ငှက်နှင့်လူဆိုသည့် စာအုပ်ကို ဖတ်ဖြစ်ခဲ့ပါသည်။ ဒုတိယအခန်း တွင် ဟတ်ဆန်က အက်ဒွဒ်ဂရေး၏ စကားတစ်ခွန်းကို ကိုးကားသွားခဲ့ပါသည်။ ကျေးငှက်များကို ချစ်ခင်ခြင်း၊ နှစ်သက်ခြင်း၊ သူတို့အကြောင်းကို လေ့လာခြင်း သည် ကျွန်တော်တို့တတွေ သာမန်သိရှိနေကြရသော တစ်ဆင့်ကြား သတင်း များကို ကြားသိနေရသည်ထက် စိတ်ဝင်စားဖွယ်ကောင်းကြောင်း၊ ကျေးငှက် ကလေးများ၏ တွန်ကျူးသံကို နားထောင်ရခြင်းနှင့် သူတို့ကို မြင်ရခြင်းသည် အခြားသောအရာများ အသံများကို နားထောင်ရခြင်း၊ ကြည့်ရခြင်းထက် စိတ်ကို ကြည်လင်စေကြောင်းဖြင့် ဂရေးက ပြောခဲ့ပါသည်။ ထိုစာပိုဒ်ကို ဖတ်မိသည့်အခါ ၌ အတိတ်မှ ကြည်နူးဖွယ်ကောင်းသည့် အဖြစ်အပျက်များကို ကျွန်တော် ပြန်၍ အမှတ်ရလာပါသည်'*

တရုတ်အက်ဆေးဆရာ လီကျီယေ (Li Ji Ye) ၏ ပန်းပွင့်များ၊ ငှက်များ၊ အင်းဆက်ပိုးများ၏ နတ်သမီးတိုင်းပြည်မှ ဖြစ်ပါသည်။ လီကျီယေက ငှက်ကလေး တွေအကြောင်း သူ့ဘဝနှင့် ကူးစက်ကာ လှလှပပရေးခဲ့သည်။ သူ့အက်ဆေးကို ဖတ်ရသည့်အခါ ဆရာကြီးမင်းသုဝဏ်၏ ငှက်လောကကိုလည်း ရှာဖတ်ဖြစ်သည်။





ဆရာက ကြာဖက်နင်းငှက်၊ ခရုစုပ်၊ ခေါက်ရှာငှက်၊ ပုစဉ်းထိုးငှက်၊ ပန်းထိမ်ဖိုငှက်၊ ဒေါင်းလန်းခြေထောက်၊ ဖိုးခေါင်ငှက်၊ ရွှေပြည်စိုးငှက်တွေအကြောင်း ရေးသည်။ ကျောင်းဆောက်ငှက်ကတော့ အော်မြည်ပုံ ထူးလှသည်။

'အဘိုးကြီးအို ကျောင်းဆောက်ပါဆို၊ ဆောက်ပဲကို ဆောက်ပဲကို'

ဖီးကွက်၊ ဒီးဒုတ်၊ တစ်တီတူး၊ ရွှေပြည်စိုး၊ ယောက်ဖခွေးခေါ်၊ ဥသြ ငှက်တွေက ကိုယ့်အမည် ကိုယ်အော်ကြလို့ ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော် ငှက်တွေ။

'တစ်ရံရောအခါ သူငယ်ချင်းနှစ်ယောက်ရှိသတတ်။ တစ်ယောက်တွင် နှမအများရှိ၍ တစ်ယောက်တွင် နှမတစ်ယောက်သာ ရှိလေသည်။ တစ်ခါသော် အလှူသွားစရာရှိ၍ အကျီချုပ်ရန် အထည်ရက်နိုင်းရာ နှမများသောမောင်မှာ သူရက်မလို၊ ငါရက်မလိုနှင့် နောက်ဆုံးတွင် ဖျင်မရသဖြင့် ချည်ခင်ကိုသာ စွပ် သွားရရှာလေသည်။ နှမနည်းသူကား အကျီဖျင်သင်တိုင်းရှေ၍ ဝတ်သွားရသည်။ သူတို့နှစ်ဦး ကံမလှ၍ သေကြရာတွင် ငှက်ဖြစ်ကာ တစ်ဦးမှာ ချည်ခင်စွပ်ဟု တွင်သည်။ တစ်ဦးမှာ သင်တိုင်းဝတ်ဟု တွင်သည်'

ချည်ခင်စွပ်ကယ် ဝံပိုဗွေသောင်ခရီးမှာ ရေဖောင်စီးလို့နို၊ နေညိုညို လွှမ်းရန်ပိုမို၊ ဆိုင့်ပြင်ကျယ်၊ ပင်လယ်သီခေါင်၊ ရိမှောင်ဝေလို့ ဆိုင်းလို့... မဟာ ဂီတမှာဆိုတော့ ရေငှက်ဖြစ်သွားပုံရသည်။ ကုသပျို့မှာတော့ 'ဖျင်မရတတ်၊ ချည်ခင်စွပ်နှင့် ဝဋ်ကကုန်နိုး၊ လင်ကောင်ပိုးတို့၊ စုံရှိမြိုင်တွင်း၊ အောက်ချင်း တောလား၊ သရောက်ရှာ၍ ကြိုးကြာမျိုးလျောက်၊ ရေမသောက်လျက်၊ မွှေရောက် ငှက်ကျေး၊ ဥသြနက်စုံ၊ ယဉ်တစ်ရုံ၍' လို့ ငှက်ဆန်းကလေးတွေကို ဖွဲ့သည်။

တကယ်တော့ ငှက်တုပ်ကွေးမဖြစ်ကြခင်ကတည်းက ငှက်ကလေးတွေ ကပ်ဆိုက်နေကြသည်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းလာမှုနှင့်အတူ ရှားပါး သတ္တဝါများ မျိုးတုံးတာတွေရှိလာသည်။ လူ့ပယောဂကြောင့်ဖြစ်သော ပြဿနာ တွေကို လူကပဲ ကုစားကြရသည်။ အဓိက သဘာဝပတ်ဝန်းကျင်ပြဿနာကြီး ငါးရပ်ထဲမှာ ရာသီဥတုပြောင်းလဲလာခြင်းပါသည်။ သစ်ပင်နှင့် သတ္တဝါမျိုးစိတ် မျိုးရင်းများ မျိုးသုဉ်းပျောက်ကွယ်တာတွေရှိလာသည်။ သစ်တောပြုန်းတီးမှု များလာတာပါသည်။ ပင်လယ်သမုဒ္ဒရာတွေ သိမ်ဖျင်းလာတာတွေပါသည်။ ရေနေ မြေနေ သတ္တဝါတွေကတော့ ဒဏ်အခံရဆုံး သနားစရာသတ္တဝါများဖြစ်သည်။ တရုတ်ဓာတ်ပုံဆရာတစ်ယောက်၏ ဓာတ်ပုံတစ်ပုံကိုကြည့်ရင်း ကျွန်တော် စိတ်မကောင်းဖြစ်နေမိပါသည်။ ဓာတ်ပုံအမည်က 'ငှက်တွေတော့ သွားပါပြီ'။ တစ်မျှော်တစ်ခေါ် ခုတ်လှဲထားသော သစ်ပင်တွေမရှိတော့တာကို ကလေးငယ်



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်က လှမ်းငေးနေကြသည့်ပုံဖြစ်သည်။ သစ်တောတွေကတော့ ကမ္ဘောဒီးယားမှသည် ကိုလံဘီယာအထိ၊ ကနေဒါမှသည် ကင်မရွန်းအထိ တဝုန်းဝုန်း ပြိုလဲနေလေတော့ ငှက်တွေ ဘေးတွေ့တာ ကြာပြီ။ သစ်တောဆိုကတည်းက ကုန်းနေရေနေ သတ္တဝါ ခုနစ်ဆယ်ရာခိုင်နှုန်း၏ အိုးအိမ်ဖြစ်သည်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို လျော့ပြီး အောက်ဆီဂျင်ဓာတ်ငွေ့တွေ ထုတ်ပေးနေသည့် စက်ရုံတွေလို့ တင်စားနိုင်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ရုရှား၊ တောင်အမေရိက၊ အာဖရိကနှင့် အာရှပစိဖိတ်ဒေသတွေမှာ သစ်တောတွေ ထိန်းသိမ်းဖို့ ဝင်ကူနေရသည်။ အိုင်ဆက်အက်ဆီမော့စ်က ပင်လယ်တွေဟာ ဘဝရဲ့ ဇာစ်မြစ်လို့ဆိုသော်လည်း ပင်လယ်ငှက်တွေ တော်တော်များများ ပင်လယ် ညစ်ညမ်းမှုတွေထဲမှာ သေကြေပျက်စီးနေကြသည်။

ကျွန်တော်တို့နိုင်ငံမှာ ငှက်ဘေးမဲ့တောကြီးတွေရှိသည်။ ကျွန်တော်သိသလောက် အင်းလေး ငှက်ဘေးမဲ့တော၊ မိုးယွန်းကြီး ငှက်ဘေးမဲ့တော၊ ပြင်ဦးလွင် ငှက်ဘေးမဲ့တော၊ တောင်ကြီး ငှက်ဘေးမဲ့တော၊ ဝက်ထီးကန် ငှက်ဘေးမဲ့တောများ ဖြစ်သည်။ သားငှက်တိရိစ္ဆာန်တွေကို အပြည့်အဝ ကာကွယ်ခြင်း၊ သာမန်အားဖြင့် ကာကွယ်ခြင်းနှင့် ရာသီအလိုက် ကာကွယ်ခြင်းများ ရှိကြရသည်။ ကျွန်တော်တို့ဆီမှာ သားငှက်မျိုးစိတ် ငါးဆယ်လောက် လုံးဝ ကာကွယ်သည့်မျိုးစိတ် ဆယ့်သုံးမျိုးလောက် ရှိသည်ဟု ဖတ်ဖူးသည်။

'တော်ပါသေးရဲ့ကွယ်၊ တို့များဆီက ငှက်ကလေးတွေ ကြက်ကလေးတွေ အနာကင်းကြ၊ ရောဂါကင်းကြလို့။ သို့သော်လည်း သူတို့ဆီက သတ္တဝါတွေလည်း ဘေးဘျမ်းကင်းအောင် မေတ္တာများ ပို့ရတယ်။ ဥပစ္ဆေဒက မရဏခေါ်တဲ့ အသက်တမ်းကံစွမ်း မကုန်သေးသော်လည်း ကြားကံကြောင့် ပျက်စီးရတာကို။ အဗျာပါဒစိတ်က် သူတစ်ပါးချမ်းသာဖို့ ကြံကြကွယ့်'

အမေက ကျွန်တော်တို့ ပတ်ဝန်းကျင်က ငှက်တုပ်ကွေးတွေ အကြောင်းကြားနေရ၊ မြင်နေရတော့ စိတ်မချမ်းမသာဖြစ်နေလေသည်။ သတ္တဝါများ ကျန်းမာချမ်းသာကြပါစေ။

ကျွန်တော် ဖျတ်ခနဲ နိုးတော့ ရုပ်မြင်သံကြား ငါးရိုးတိုင်မှာ စာကလေးတွေ နားနေကြသည်။ ကျီကျီကျာကျာ။ အသံတွေ ဗလောင်ဆူလျက်။ အိပ်တန်းတက်ကြတော့မည်ထင်ပါရဲ့။

သူတို့ဆီမှာတော့ ကြက်တွေ ငှက်တွေ သိန်းချီသတ်နေရသည်။ ငှက်တွေကိုတော့ ဓာတ်ငွေ့ပေးသတ်ကြသည်။ ပုံထပ်ထားသော ငှက်သေတွေက ဟည်းတိုက်နေသည်။ သံဆန်ခါ လှောင်အိမ်တွေက ငှက်တွေမရှိတော့ အတန်း





လိုက် ငြိမ်သက်နေကြသည်။ သားသတ်သမားတွေနဲ့ မနိုင်တော့ လုပ်အားတွေငှားရမ်း သတ်ဖြတ်နေကြရသည်။ ကလေးမိခင်က ဓာတ်မှန်ကို ထောင်ကြည့်ရင်း အဆုတ် ထဲက အင်အားကြီးသော ဗိုင်းရပ်စ်ဆိုတာတွေကို သံသယဖြစ်နေသည်။ ကလေးတချို့ကတော့ အသက်ရှူစနစ် ပျက်ကုန်သည်။ အသည်းအလုပ်ပုံစနစ် ရပ်သွားသည်။ ကျောက်ကပ် ပျက်စီးသွားသည်။ သွေးတွေ ပျစ်သွားသည်။ တိုင်းပြည်ထဲမှာ ဘယ်ကြက်ငှက်မှ လမ်းမလျှောက်စေရဆိုတာတွေ ဖြစ်ကုန်သည်။ ကြက်ခြံတွေမှာ ကြက်တွေ ဝရုန်းသုန်းကား။ လူ့ကျန်းမာရေးသည် ပထမ ဦးစားပေး။ ငှက်တွေကတော့ တယောကြိုးခတ်သံ ဒေါင်ဒေါင်ဒင်ဒင်ကိုပင် ထိတ်လန့်ချောက်ချားနေကြသည်။ တရုတ်အမျိုးသမီးတစ်ယောက်ကတော့ 'သတ္တဝါတွေ ဘဝကူးကောင်းအောင် ဝိညာဉ်တွေအတွက် ကျွန်မတို့ ဆုတောင်းကြမှာပါ။ ဘဝတစ်ဖန် ဖြစ်လာခဲ့ရင် တုပ်ကွေးကင်းစင်တဲ့ ဘဝမျိုး ရနိုင်အောင်ပေါ့' လို့ ပြောနေတာ ဖန်သားပေါ်မှာ မြင်နေရသည်။ ဗီယက်နမ်ကလေး တစ်ယောက်ကတော့ ကင်တပ်ကီ ကြက်ကြော်စားရဖို့ ကြာဦးမှာပါလို့ ညည်းသည်။

ကျွန်တော် အခန်းရှေ့ထွက်လာတော့ မြစ်ကမ်းတစ်လျှောက်မှာ ရေငှက်အုပ်ကြီးတွေ မြင်နေရသည်။ ရဲမှည့်နေအောင် ပွင့်နေကြသည့် လက်ပံတောမှာ ဆက်ရက်သံ စီစီညံသလေ့၊ အိမ်ရှင်မက ထမင်းတစ်ဆုပ် ဆန်တစ်ဆုပ် အုတ်ခုံ ပေါ်တင်ကာ ငှက်စာကျွေးနေသည်။ ဓာတ်ကြိုးတွေပေါ် ငှက်တွေ၊ ဘုန်းတော် ကြီးကျောင်း ဘေးမဲ့ဝါးရုံတောပေါ်မှာ ငှက်တွေ၊ အိမ်ရှေ့သံတန်းမှာ ငှက်တွေ။ မီးကင်းတဲစပ်မှာတော့ ကြက်သားအုပ်မသားအမိ အစာကောက်နေကြ၏။ ကျွန်တော်တို့လူမျိုးက အစာ၌ မက်စက်ခြင်း လောဘမရှိ။ 'အာဟာရေပဋိကူလသညာ' စားစရာသောက်စရာ အာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်ဟု ဆင်ခြင်မှတ်သိသော သညာဖြင့် မှီဝဲကြသူတွေသာ ဖြစ်သည်။ 'ကဗဠီကာရဇာ ဝိသုဒ္ဓိ' မည်သော ယုံမှားခြင်းကို လွန်မြောက်ခြင်းဖြင့် စင်ကြယ်သည့်လူမျိုးဖြစ်သည်။ ခန္ဓာငါးပါး၌ ရုပ်နာမ်တို့၏ မမြဲခြင်းသဘော၊ ဒုက္ခဆင်းရဲခြင်းသဘော၊ အစိုးမရခြင်းသဘော ကို ဆင်ခြင်ကြသည့်လူမျိုးဖြစ်သည်။ ဗျာပါဒ ကာယတန္ထ၊ သူတစ်ပါး ပျက်စီးလိုခြင်း ဒေါသကင်းသူတွေ ဖြစ်သည်။

ငှက်ကလေးတွေကို ကျွန်တော်တို့ ချစ်သလို ငှက်ကလေးတွေကလည်း ကျွန်တော်တို့ကို ချစ်ကြသည်။ အောင်ပန်းကိုရောက်နေသည့် ဆရာဒဂုန်တာရာ ဆီ ဖုန်းလှမ်းရဦးမည်။ 'ငှက်အော်သံကလေးတွေ ကြားရရဲ့လား ဆရာ' လို့ မေးရဦးမည်။ အောင်ပန်းမှာ ဘာငှက်ကလေးတွေ ရှိပါသလဲဆရာလို့ မေးချင်သေးသည်။

Idea ၂၀၀၄ မေလ

www.burmeseclassic.com

www.burmeseclassic.com

## လမ်းလျှောက်ဟယ်လို

တစ်ခါက ကျွန်တော်မရှိချိန်မှာ ကျွန်တော့်မိတ်ဆွေတစ်ယောက် အိမ်ရောက်လာသည်။ ကျွန်တော် ရှိ မရှိ အမေ့ကို မေးသည်။ အမေက ကျွန်တော် မြို့ထဲ ဆိုက်ကားတစ်စီးနှင့် ထွက်သွားတာ ကြာပြီဖြစ်ကြောင်း ပြောပြလိုက်သည်။ ကျွန်တော့်မိတ်ဆွေက ကျွန်တော်ရှိလောက်မည့်နေရာတွေကို သူ့စိတ်ကူးနှင့်သူ သူ့ခါးက ဖုန်းကိုဖြုတ်ကာ လိုက်ဆက်သည်။ လူထုစာအုပ်ဆိုင်၊ ထွန်းဦးစာပေ၊ BC စာကြည့်တိုက် စသည့်နေရာတွေကိုဖြစ်သည်။ တွေ့ဟန်မတူ။ ခဏနေတော့ အမေ့ကို နှုတ်ဆက်ကာ ကားမောင်းထွက်သွား သည်။ ကျွန်တော် မြို့ထဲက ပြန်ရောက်တော့ အမေက သည်သတင်းကို ဦးဦး ဖျားဖျားပေးသည်။

'ဟဲ့ ငါ့သား။ မင်းသူငယ်ချင်းတစ်ယောက် လာမေးတယ်။ ဘောင်းဘီ ရှည်ကြီးနဲ့၊ အမေက မြို့ထဲသွားတယ်ပြောလိုက်တယ်။ နာမည်လည်း မပြော ခဲ့ဘူး'

'လူပုံက ဘယ်လိုပုံလဲ အမေ'

'ခပ်ဝဝပဲ၊ သူ့ခါးက ဟယ်လိုနဲ့ လမ်းလျှောက်ရင်း စကားပြောနေတာ တော့ တွေ့တယ်။ မင်းသူငယ်ချင်းတွေထဲ ဟယ်လိုရှိတဲ့လူတွေ စဉ်းစားကြည့် လေ။ ကားကတော့ အဖြူရောင်'

ကားအဖြူရောင်ရှိသော လမ်းလျှောက်ဟယ်လို ပိုင်ဆိုင်သူဟာ ဘယ် သူများဖြစ်နိုင်မလဲ။ တချို့ ကားရှိသည်။ ဟယ်လိုမကိုင်။ တချို့က ဟယ်လို ကိုင်၍ ကားမရှိ။ တချို့ (တော်တော်များများက) ကျွန်တော့်လိုပင် ကားလည်း မရှိ၊ ဟယ်လိုလည်းမရှိ။ သည်နေရာမှာ မိုဘိုင်းဖုန်းကို ကျွန်တော် ဟယ်လို သုံးနေခြင်း ဖြစ်ပါသည်။ အမေက တယ်လီဖုန်းဆိုသည့်စကားကို ကြားဖူး





ပါသည်။ တစ်ခါ တစ်ရံ တယ်လီဖုန်းလို့လည်း သုံးတတ်တာ ကြားဖူးပါသည်။ သို့သော် 'ဟယ်လို' လို့ ပြောတာများသည်။ တလောက မြင်းခြံကို ဖုန်းဆက် ရမည့်အကြောင်းပေါ်လာတော့ ဟဲ့ တစ်ယောက်သွားစမ်း၊ ကျင်ပိုတို့ အိမ်က ဟယ်လိုနဲ့ သွားဆက်စမ်းလို့ ခိုင်းတာ ကြားဖူးသည်။ တယ်လီဖုန်း ဆိုတာထက် ဟယ်လိုလို့ခေါ်ရတာ အမေ့အတွက် နှုတ်ထွက်ချောပုံရပါသည်။ 'ဟယ်လို'။

'ဟယ်လိုမဟုတ်ပါဘူး အမေရဲ့။ မိုဘိုင်းဖုန်း။ ဆယ်လူလာဖုန်း။ ဟဲန်းဆက်စသဖြင့် ခေါ်ကြတာ၊ ဘယ့်နှယ် အမေ့ဟာက ဟယ်လိုရယ်လို့'

ကျွန်တော့်ဇနီးက ဝင်ပြောတော့ အမေက မျက်စောင်းထိုးသည်။ 'ခေါ်တတ်ပေါင်အေ၊ ညည်းတို့ဟာကို ဟယ်လိုဆိုပြီးတာပဲ။ နေပါဦးဟဲ့။ စကား ပြောရင် ဟယ်လိုဆိုတာ ဘာဖြစ်လို့ ပြောရတာလဲ' လို့ ပြန်ပြောနေသေးသည်။ အခုလည်း အမေက လမ်းလျှောက်ဟယ်လိုတဲ့၊ အမေ့အသုံးကို ကျွန်တော် ဝိုသဘောကျသည်။

ကျွန်တော့်မှာ လမ်းလျှောက်ဟယ်လို မရှိပါ။ ရှိဖို့တော့ ကြိုးစားဖူး သည်။ မန္တလေးမှာ GSM ဖုန်းတွေ လျှောက်လို့ရသည်ဆိုတော့ ကျွန်တော့် မိတ်ဆွေ ကျောင်းဆရာက ပုံစံယူလာသည်။ ကျွန်တော် မလျှောက်။ GSM ရနိုင်သည့် စာရင်းထဲမှာ ငါမပါနိုင်ဆိုသည့် ဗီဇစိတ်က နုတ်နှုတ်ဆော်သလို နှိုးဆော်နေတာကြောင့် ဖြစ်ပါလိမ့်မည်။ သူတကာတွေ လျှောက်ကြ ပြုကြ၊ GSM အကြောင်းတွေ တော်တော်လေး ပြောနေတာတွေ ကြားနေရသည့်တိုင် ကျွန်တော် မလျှောက်ဖြစ်။ GSM ဖုန်း လျှောက်တာ နှစ်မျိုးဖြစ်နိုင်သည်။

တစ်မျိုးက ကိုယ်တိုင်သုံးဖို့၊ တစ်မျိုးက ကိုယ်တိုင်မသုံးဖို့။ မည်သို့ပင် ဖြစ်စေ နှစ်မျိုးစလုံး ကောင်းသည်။ ဘာသာစကားကိုယ်တိုင်က ဆက်သွယ်ရေး ကြားခံ (Medium of communication) ဖြစ်သည်။ လူအချင်းချင်း ဆက်သွယ်ရေး တွင် ဆက်သွယ်ရေးပုံသဏ္ဍာန် (Form of Communication) က အရေးကြီး သည်။ လူ့ဘဝ၏ အနှစ်သာရဖြစ်သော စိတ်၊ စေတသိက်၏ ဂုဏ်ရည်ကို အချင်းချင်း ဆက်သွယ်ခြင်းဖြင့် ချိတ်ဆက်နိုင်သည်။ သည်အတွက် ကျွန်တော် ယူပါ။ တယ်လီဖုန်းမရှိဘဲ ကျွန်တော် နေထိုင်ခဲ့တာ နှစ်ပေါင်း ငါးဆယ်ရှိပြီ။ လျှင် ကောင်းသော်ငြား မရှိတော့လည်း ဘယ့်နှယ်မှ မနေ။ တီဗီစလောင်းက ယ်နယ်လ်တွေမှာ နိုကီယာ၊ မိုတိုရိုလာစသည့် မိုဘိုင်းဖုန်းကုမ္ပဏီကြီးများ၏ ကြော်ငြာများကို အမြဲတွေ့ရသည်။ သည်ဖုန်းတွေကလည်း 'ငယ်သော်လုဏ်' မှာ ပါကြသည်။ လက်ဖဝါးထဲထည့်ကာ ဂဏန်းတွေကို လက်မနဲ့နှိပ်၊ ပါးပြ ကာဝ်ကာ 'ဟယ်လို' ရုံ။



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းမရှိသော်လည်း တယ်လီဖုန်းရှိသူများထံ ကျွန်တော် ဖုန်းဆက်ရတာတော့ရှိသည်။ ခနစီးပွားရေးမဂ္ဂဇင်းကို ဖုန်းဆက်ရသည်။ ၂၂၁၀၄၀။ အဖုံးပန်းချီကိစ္စအတွက် ကိုမြင့်မောင်ကျော်ကို ဆက်ရသည်။ ၇၀၅၇၇၉။ ကျွန်တော့်ဆောင်းပါးတွေ ရောက်မရောက် မဂ္ဂဇင်းတွေ၊ အယ်ဒီတာတွေဆီ ဆက်ရသည်။ ၀၉-၉၉၂၂၈၄၃။ ၀၉-၅၀၁၅၀၄၉၊ စသည်ဖြင့်။ အနုပညာ မိတ်ဆွေတွေ ဆီကိုလည်း ဆက်ရတာပါပဲ။ ထားပါတော့။ တယ်လီဖုန်းနံပါတ်တွေကချည်း ဒိုင်ယာရီ ငါးမျက်နှာလောက်ရှိသည်။

ကျွန်တော် ဖုန်းဆက်ရတာ မလွယ်ပါ။ တယ်လီဖုန်းရှိသည့်နေရာကို တော်တော်ဝေးဝေးလျှောက်ရသည်။ ဘုန်းကြီးကျောင်းတစ်ကျောင်းကို ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေဖြင့် အကြောင်းကြီးငယ်ကိစ္စရှိမှရယ်လို့ မဟုတ်ဘဲ ရောက်ကောင်း ရောက်အပ်သော်လည်း တယ်လီဖုန်းဆက်စရာရှိတော့မှ ရောက်နေရတာကလည်း ကြေကွဲစရာကောင်းလှသည်။ တယ်လီဖုန်းဆက်ခါနီး ဆရာတော်ကို ဝတ်ဖြည့်၊ ဖုန်းဆက်ခွင့်လျှောက်။ ပြောချင်တာပြော၊ ပြန်ခါနီး မုန့်ပုံးထဲကို တယ်လီဖုန်း ဝတ္တုထည့်ခဲ့။ ကျွန်တော့်မှာ ကုသိုလ်တွေပြေးရင်း ရနေတော့သည်။ တစ်ခါတလေ ဘုန်းကြီးကျောင်းမှာပေမယ့် ကိုယ့်ရှေ့က မာတုဂါမတစ်ယောက် ရောက်နေလျှင် ကိုယ့်အလှည့်ကျအောင် အကြာကြီး စောင့်ရသည်။ ရဟန်းသံဃာတော်တို့ရှေ့မှာမရှောင် မေတ္တာဘွဲ့တွေ၊ သမုဒယဘွဲ့တွေ၊ သိင်္ဂါရဘွဲ့တွေ ကြားနေရသည်။ တချို့က မျက်ရည်နှင့် ငိုသံကို တယ်လီဖုန်းထဲ လောင်းထည့်တာရှိသေး။ ချစ်လျက်ကွဲကွာနေရသော ဆင်းရဲမှု လွတ်ကြပါစေလို့သာ ဆုတောင်းနေရတော့သည်။ တချို့ကတော့ အမျိုးသားတွေ။ ကွမ်းပလုတ်ကြီးဖြင့် တအားကျုံးအော်သည်။

တချို့ကတော့ လွမ်းစရာ။ အဝေးကို ရောက်နေသည့် ဖခင်က အဝေးမှာ ကျန်ရစ်သည့် သားသမီးတွေကို စာကြိုးစားဖို့၊ အလည်မလွန်ဖို့၊ အမေ့စကားနားထောင်ကြဖို့၊ ဘွားအေကြီး ကျန်းမာရေး ဂရုစိုက်ဖို့၊ ပြီးတော့ အဖေ ငွေမပို့နိုင်သေးသည့်အကြောင်းတွေ။ တယ်လီဖုန်းစကားတွေက ဘဝတွေကို ထင်ဟပ်နေတတ်သည်။ လူ့ကာမောဂါ၊ လူ့ဘဝေါဂါ၊ လူ့အဝိဇ္ဇောဂါ၊ လူ့ဒိဋ္ဌောဂါတွေကို ကြားနိုင်သည်။ တချို့က တိုးတိုး၊ တချို့က ကျယ်ကျယ်၊ တချို့က နူးနူးညံ့ညံ့၊ တချို့က ကြမ်းကြမ်းတမ်းတမ်း။ လူ့စကားကို သယ်ဆောင်သော ဝါယာကြိုးတွေထဲမှာ လူ့အလိုတွေ၊ လူ့လောဘတွေ၊ လူ့အမှာစကားတွေ၊ ကြေးနန်းကြိုးများကို ရုက်ပါ။





ကြေးနန်းကြိုးက ရုက်၊ မရုက် မသေချာသော်ငြား ဆရာတော်က ရုက်ပုံရသည်။ နောက်ပိုင်းရက်တွေမှာ တယ်လီဖုန်းကို ကျောင်းအပြင်ဘက် ခပ်ဝေးဝေးကို ထုတ်လိုက်သည်။ ကျွန်တော့်မှာ မြို့ထဲရောက်တော့ လမ်းဘေး တယ်လီဖုန်းစားပွဲတွေက ဆက်ရတာတွေလည်း ရှိသည်။ သည်မှာလည်း ပြဿနာက ဈေးနှုန်းတွေက တစ်ယောက်တစ်ပေါက်။ ယူချင်သလို ယူနေကြသော်လည်း သူတို့ကျေးဇူးကြီးလှသည်။ ကိုယ့်ဟာကိုယ် ထသွားလျှင် အချိန်ကုန် လူပန်းနေရဦးမည်။ ဖုန်းဆက်လိုက်တော့ ထသွားစရာ မလိုတော့။ ‘ဟယ်လို’။

ဒါတွေက ကျွန်တော်က လှမ်းဆက်ရတာကို ပြောခြင်းဖြစ်ပါသည်။ ကျွန်တော့်ထံ ဆက်ချင်လျှင်ကော။ မလွှဲမရှောင်သာသူတွေကိုတော့ လူထု တယ်လီဖုန်းနံပါတ် ခပ်တည်တည်ပေးထားလိုက်သည်။ ကျွန်တော့်မိတ်ဆွေ ဂျာနယ်သတင်းထောက်တစ်ယောက်၏ လက်ကိုင်ဖုန်းနံပါတ်ကို ပေးထားသည်။ သတင်းတန်ဖိုးပေါ် မူတည်ကာ သည်မိတ်ဆွေတွေက ကျွန်တော့်ထံ ‘ပါး’ သည်။ အရေးတကြီး အမြန်တွေကို ချက်ချင်း။ အရေးမကြီး အနှေးတွေကိုတော့ ဖြည်းဖြည်း။ သည်အတွက် အနှံ့အတာခံကြသော မိတ်ဆွေများကို ကျေးဇူးတင်ပါသည်။ နောက်တစ်မျိုးကတော့ ကျွန်တော့်အိမ်ကို ရောက်လာတတ်သည့် မိတ်ဆွေများ၏ လမ်းလျှောက်ဟယ်လိုကို အားမနာ ပါးမနာ တောင်းယူကာ ဆက်ရခြင်းဖြစ်သည်။ အခုတော့ မိတ်ဆွေတွေက အိမ်ရောက်လာသည်နှင့် ဘယ်များ ဖုန်းဆက်ချင်သေးသလဲဆိုတာမျိုးဖြင့် နှုတ်ဆက်ကြသည်။

စီးပွားရေးနယ်ပယ်မှာတော့ non-traditional rivals ဆိုသည့် စကားတွေ ခေတ်စားလာသည်။ သမားရိုးကျမဟုတ်သော ပြိုင်ဘက်များဆိုသည့်သဘော ဖြစ်သည်။ သမားရိုးကျပြိုင်နေလျှင် အလုပ်မဖြစ်တော့တာကို ဆိုသည်။ ကူးသန်းရောင်းဝယ်ရေးသည် အီလက်ထရွန်းနစ် အခြေခံဖြစ်လာသည်။ E-Commerce။ နိုင်ငံတကာ စီးပွားရေးတွင် အီလက်ထရွန်းနစ်ဆက်သွယ်ရေးက ဖုတ်ပူမီးတိုက် ဖြစ်နေသည်။ မြို့ပြဘဝနှင့် မြို့ပြလူနေမှုအချင်းချင်း ဆက်နွှယ်မှုတွင် တယ်လီဖုန်းသည် ဖက်ရှင်မဟုတ်သော လိုအပ်မှုဖြစ်လာသည်။ Pipe-up communication ဆိုသည့် အဓိပ္ပာယ်က အသံစာစာစာစာဖြင့် ဆက်သွယ်ခြင်းကို ညွှန်းသည်။ ဖုန်း၊ အီးမေးလ်၊ ဆက်တလိုက်၊ အင်တာနက်စသည့်ဖြင့် လုံးပေါင်းဖြစ်ထွန်းလာမှုကို Pipe Communication ခေါ်ကြပြန်သည်။ သတင်းပြန်ကြားရေးနည်းပညာက စန်းပွင့်လာသည့်အခါ ဆက်သွယ်ရေးကိရိယာတွေက လူ့သည်းခြေကြိုက်ကုန်စည် ဖြစ်လာရပြန်သည်။ အာရှကလည်း သည်ရောဂါရှိသည်။ ကျွန်တော်တို့ဆီမှာလည်း သည်ယဉ်ကျေးမှုကြီးနေသည်။ မော်တော်ကား



www.burmeseclassic.com

www.burmeseclassic.com



မောင်းရင်း။ ဆိုင်ကယ်မောင်းရင်း ‘ဟယ်လို’ တွေ မြင်နေရတာများသည်။ ဘယ်ဘက်က ‘ဟဲန်ဆက်’ ကို နား နားကပ်၊ ညာဘက်က ယာဉ်ထိန်းလက်ကိုင်ကိုင်။ ညာသန်ယဉ်ကျေးမှု Right-Handed Culture များလား။ သို့သော် အာရှမှာတော့ သတင်းဆက်သွယ်ရေး ကိရိယာတွေ များလာသော်လည်း စီမံခန့်ခွဲမှု ညံ့သည်ဆို၏။ ထိန်းချုပ်မှု များသည်ဆို၏။

တစ်ဖက်ကလည်း ကမ္ဘာ့ချောင်ကြိုချောင်ကြားကသော်မှ အချိန်မရွေး၊ နေရာမရွေးဆက်သွယ်လာနိုင်သည်။ နည်းပညာကြောင့် ဖြစ်သည်။ ဝေးခြင်းတွေ မဝေးတော့။ ကျေးရွာတွေမှာလည်း တယ်လီဖုန်းတွေ တင်းကြမ်း။ မနေ့တစ်နေ့က ကျွန်တော် စာပေဟောပြောပွဲခရီးအဖြစ် ရောက်ခဲ့ရသော ရွာတွေမှာ တယ်လီဖုန်းတွေရှိနေသည်။ အဝေးရွာတွေလည်း တယ်လီဖုန်းရှိသည့် ရွာကို အရောက်လာကာ ဆက်သွယ်ကြသည်ဟု ဆိုသည်။

‘တလောက ကျုပ်တို့ရွာများမယ် တယ်လီဖုန်းတွေ ပေါ်လာတော့ ရွာကနေ ကျုပ်တို့ဆီ ဖုန်းဆက်တယ်။ တစ်မျိုးလုံးသေလို့ အမြန်လိုက်ခဲ့ကြပါဆိုတော့ သည်မှာ ယောက်ယက်ခတ်ကုန်တာပေါ့။ ရွာအလှူကလည်း ရှိတော့ အစားပဲ မှားကြသလား။ ရောဂါဘယတွေပဲ ကူးစက်ကြသလားဆိုပြီး ထလိုက်သွားရတာပေါ့။ ဘယ်ဟုတ်မလဲ၊ ဟိုရောက်တော့ ကျုပ်မြေး တင်မျိုးဦးလေး သေတာကို ပြောတာတဲ့။ တင်မျိုးဦးလေးကို တစ်မျိုးလုံးသေတယ်လို့ ကြားကြတာကိုး’

သတင်းမှားသည့်ပဲဆိုဦးတော့၊ ရွာသတင်းက မြို့ကို ချက်ချင်း ရောက်နိုင်ပြီ။

ဒါကိုပဲ လက်မယဉ်ကျေးမှု ထွန်းကားသည်ဟု ပညာရှင်တွေက သုံးကြသည်။ သည်ခေတ် Handset တွေက လက်ဖဝါးထဲထည့်၊ လက်မနှင့် နှိပ်ကာ ဖုန်းဆက်ကြတာကို ညွှန်းခြင်းဖြစ်သည်။ သည်အတွက်ပင် thumb generation thumb culture ဆိုသည့် စကားလုံးတွေ ပေါ်လာခြင်းဖြစ်သည်။ လက်မမျိုးဆက်၊ လက်မယဉ်ကျေးမှု၊ အီးမေးလ်ကို ဆဲလ်ဖုန်းဖြင့် ပို့နေကြတာတွေပင် ခေတ်စားနေသည်။ ဒါတွေများလာတော့ thumb nob လက်မလှုပ်မလိုင်၊ thumb stress လက်မဖိစီးမှုဆိုတာတွေ ကပ်ပါလာသည်။ ရှေးတုန်းက တယ်လီဖုန်းပြောလျှင် နားထောင်ခွက်က သတ်သတ်၊ စကားပြောခွက်က သတ်သတ်။ နောက်တော့ လက်လှည့်ဖုန်းတွေ ပေါ်လာသည်။ တယ်လီဖုန်းဘေးက ဂေါက်တံကို လှည့်ကာ ဆက်သွယ်ရသည်။ ပြီးပြန်တော့ ဒိုင်ခွက်ပုံးတွေ။ ဂဏန်းကွက်ထဲ လက်ညှိုး ထည့်ကာ ကျီးခနဲ ကျီးခနဲလှည့်ချ။ ဒါပြီးတော့ ဂဏန်းဖုတုံးကလေးတွေကို နှိပ်ဖို့။





အခုတော့ လက်မကလေးက ကမ္ဘာကြီးကို ကျဉ်းပစ်လိုက်သည်။ ကမ္ဘာကြီးကို ချုံ့ပစ်လိုက်သည်။ ခရီးတာကိုတော့ ဆွဲဆန့်၊ ဒါကို ဘယ်သူတီထွင်ခဲ့ပါလိမ့်။

ကမ္ဘာလုံးဆိုင်ရာ မိုဘိုင်းကုမ္ပဏီကြီးတွေအားလုံး တရုတ်ဈေးကွက်ကို ကျွမ်းထိုးမှောက်ခုန် ဝင်နေချိန်မှာ တရုတ်ပြည်တွင်း မိုဘိုင်းဖုန်းကုမ္ပဏီ TCL က ၁၉၉၉ ခုနှစ်မှာ ဈေးကွက်ဝင်လာတော့ အားလုံးက ဟာသပါပဲလို့ ထင်ခဲ့ကြသည်။ သို့သော် ဖင်လန်က နိုကီယာ၊ ဆွီဒင်က အီရစ်ဆင်၊ အမေရိကန်က မိုတိုရိုလာတို့ကိုကျော်ကာ ဈေးကွက်ဝေစုတွေ အများကြီး ရသွားခဲ့သည်။ မနှစ်က မိုဘိုင်းဖုန်း လုံးရေ သန်း ၆၀ ရောင်းခဲ့ရသတဲ့။ သည်နှစ်တွေမှာတော့ သန်း ၇၀ ရောင်းဖို့ မှန်းထားသည်။

‘တရုတ်တွေက သိပ်တော်တာကွ၊ တရုတ်ဒီဇိုင်းနဲ့ မိုဘိုင်းဖုန်း အခွံတွေကို နိုင်ငံခြားက မှာတယ်၊ ပြင်သစ်ကုမ္ပဏီ ဝေ့ဗ်ကွမ်းက မှာယူတာ။ အထဲက Chipsets တွေနဲ့ software တွေကလည်း နိုင်ငံခြားကပဲ။ အခုဆိုရင် ပြည်တွင်း ၃၆ ကုမ္ပဏီက အချင်းချင်းပြိုင်နေကြပြီ။ တရုတ်အစိုးရကတောင် ကသောင်းကနင်းတွေဖြစ်မှာ စိုးနေလေရဲ့။ လိုင်စင်ထက် ပိုမထုတ်ရ လုပ်နေရတယ်၊ အခုတောင် ဈေးတွေ ထိုးကျနေသတဲ့’

ကျွန်တော်က ကျွန်တော့်ဇနီးကို ရှင်းပြခြင်းဖြစ်သည်။ ဘာမှတော့ ပြန်မပြော၊ သနားစရာကောင်းသည့် မျက်လုံးများဖြင့်သာ ကျွန်တော့်ကို ကြည့်နေသည်။ ရှင့်မလဲ ဒါနဲ့ပဲ အချိန်ကုန်နေတာပါပဲလားဆိုသည့်ပုံ။ ကျွန်တော်ကလည်း ကိုယ့်လက်မကိုသာ ကိုယ်ငုံ့ကြည့်နေလိုက်တာပါပဲ။ ကျွန်တော့်ဇနီးက တယ်လီဖုန်းရောဂါ ထနေသည်ဟု ထင်ပုံရသည်။ လို၍ မရသော ဆင်းရဲကို တောင့်မခံနိုင်လေခြင်းလို့ ထင်ပုံရသည်။ ကြွက်နှင့် မတန် ဆီအိုးလုန်လို့ ထင်ပုံရသည်။ ကျွန်တော်ပြောချင်တာက ကမ္ဘာလောကမှာ ဘာတွေဖြစ်ပျက်နေသလဲဆိုတာကို ပြောလိုရင်းဖြစ်သည်။

‘ဟောင်ကောင်က ဘီလျံနာသူဌေးကြီး လီကာရှင်းရဲ့ မိုဘိုင်းကုမ္ပဏီက အောရိန်းဂျ်တဲ့၊ လိမ္မော်သီး’

အခု ဟောင်ကောင်မှာ ငါ့လိမ္မော်သီးကို ပြန်ဆက်နော်တို့၊ ကျွန်တော့်လိမ္မော်သီးနံပါတ် ယူထားပါလားတို့ ဆိုတာတွေ ခေတ်စားနေတယ်။ မိုဘိုင်းဖုန်းကုမ္ပဏီချင်း ပြိုင်နေကြရချိန်က သူက သစ်သီးနာမည်ပေးလိုက်တော့ ပေါက်ကွဲသွားတာပေါ့’

‘ရှင်လည်း မြန်မာဆန်အောင် တညင်းသီးဆိုပြီး မိုဘိုင်းဖုန်း ထုတ်ပါလား’



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ စားသုံးသူ အပြုအမူတွေအပေါ်မှာ ယဉ်ကျေးမှု အကြောင်းခံတွေ အနက်ရှိုင်းဆုံး ထကြွလှုံ့လ ရှိတတ်ကြမြဲဖြစ်ပါသည်။ လူ၏ အလိုဆန္ဒသည် ယဉ်ကျေးမှု၏ အခြေခံအကြောင်းရင်းဖြစ်သည်။ မျိုးဆက်အချင်း ချင်း အခြေခံစံများ၊ သဘောထားအမြင်များ၊ အလိုဆန္ဒများ၊ အပြုအမူများနှင့် အခြားသော အခြေအနေများ လက်ဆင့်ကမ်းရာမှ လူ့အဖွဲ့အစည်း ကြီးထွားလာ ရသည်။ ရုပ်ဝတ္ထုဖိမ်ခံစရာ (Material Comfort) ကလည်း လူ့စံနှုန်းဆိုလေ၏။ ဒုတိယကမ္ဘာစစ်ကာလကတည်းက မိုတိုရိုလာကုမ္ပဏီက အသံရွေ့လျားမှု စိတ်ကူးကို မော်တော်ကား ရေဒီယိုက စခဲ့သည်။ ဤသို့အားဖြင့် ကုန်ပစ္စည်းတွေ ပိုမိုဆန်းသစ်လာရသည် မဟုတ်လော။

ကျွန်တော် ဝန်ထမ်းဘဝက စက်ရုံတယ်လီဖုန်းခလုတ်ခုံမှာ အော်ပရေ တာ တစ်နှစ်လောက် လုပ်ခဲ့ရဖူးသည်။ ၁၉၈၀ ဝန်းကျင်ဆိုတော့ စက်ခလုတ်ခုံ (Exchange လို့ခေါ်ကြပါသည်) က ခေတ်မီလှသည်မဟုတ်။ ခရမ်းချဉ်သီး သေတ္တာလောက်ရှိသော ခလုတ်ခုံပေါ်မှာ ငေါက်တက်ခလုတ်လေးတွေ အချောင်း နှစ်ဆယ်လောက်တပ်ထားသည်။ တစ်ဖက်က ဖုန်းခေါ်ဆိုလျှင် ငှက်ဆိုးထိုး သံလို ဂီးခနဲအော်သံဖြင့် သတိပေးတတ်လေရာ အော်ပရေတာဖြစ်သော ကျွန်တော်က ဟုတ်ကဲ့ခင်ဗျာလို့ ထူးလိုက်ရသည် (ဒါကလည်း တစ်ခါက တစ် ဖက်က ပုဂ္ဂိုလ်ကို ဘယ်သူ ဘယ်ဝါမှန်း မသိဘဲ ဟယ်လိုလို့ ပြန်ထူးမိခြင်းကြောင့် ဖြစ်လာသော နောက်ဆက်တွဲပြဿနာပေါ် အခြေခံပြီး ထုတ်ပြန်သော ရုံးတွင်း အမိန့်စာအရ ထူးရခြင်းဖြစ်ပါသည်)။ ထိုအခါ တစ်ဖက်က တောင်းဆိုသော လိုင်းခွဲနံပါတ် သို့မဟုတ် ဌာနခွဲအမည်အရ သက်ဆိုင်ရာ ခလုတ်ငေါက်တက်ကို အောက်ဘက် ဖိချိုးလိုက်ရသည်။ မပြီးသေးပါ။ ဖိချိုးပြီးသည်နှင့် ပုံးမှာ တပ် ထားသော တယ်လီဖုန်းလက်လှည့်ဒိုင်ခွက်ကိုပါ လက်ယာရစ်လှည့်ပေးရသည်။ ထိုအခါမှ ချိုးထားသော လိုင်းခွဲဖုန်းမှာ အသံမြည်သွားသည်။ လိုင်းခွဲက ပုဂ္ဂိုလ်ကို 'ဖုန်းလာနေပါတယ်။ ခဏလေး ကိုင်ထားပါခင်ဗျာ။ ကျွန်တော် ချိတ်ပေးပါမယ်' ဟု တောင်းပန်ကာ ခဏကိုင်ထားစေရသည်။ ပြီးတော့မှ နဂိုက ခေါ်ထားသူကို တစ်ခါ ပြန်ပြောရသည်။ 'ဟုတ်ကဲ့ ရပါပြီ'။ ပြီးတော့မှ နဂိုဖုန်းခေါ်သူ၏ ငေါက်တက် ကို ဖိချိုးလိုက်ရသည်။ သူတို့ချင်း ပြောကြပြီ။ နိုးနားထောင်ချင်ပါသလား။ နောက်ထပ် ငေါက်တက်တစ်ချောင်းကို ချိုးကာ အသက်မရှူဘဲ နားထောင် နိုင်သည်။ သူတို့ချင်း ပြောပြီးလျှင် ငေါက်တက်ကလေးတွေပေါ်က အပြားကလေး တွေက ဖျောက်ဖျောက်သံ ပေးသည်။ ထိုအခါ ငေါက်တက်ကလေးတွေ ပြန် လှန်တင်။ ဤကဲ့သို့သော အလုပ်သဘာဝဖြင့် လိုင်းခွဲ ၂၀ လောက်ကို ထူးခြင်း၊





ဖြေခြင်း၊ ငေါက်တက်ကိုချိုးခြင်း၊ ပြန်တင်ခြင်းများကို အစဉ်မပြတ် လုပ်ရခြင်း ဖြစ်ရာ နောက်ဖေးနောက်ဖီပင် ထမို့ အနိုင်နိုင်။

မနေ့တစ်နေ့ကတော့ ဗာတူး (Vertu) 'ဟဲန်းဆက်' ဆိုတာ ပေါ်လာသည်။ ဗာတူးဖုန်းက နိုကီယာကုမ္ပဏီက ထုတ်လုပ်သော ပညာရှင်ဖရင့်ညှူးဗို၏ ဒီဖိုင်းဖြစ်သည်။ တစ်လုံးကို ဒေါ်လာ ၂၀၀၀၀။ စတိုင်လ်ဖုန်းဆိုတော့ ရုပ်ရှင် မင်းသမီး ဂွင်းနက်သ်ပေါလ်ရိုးက စဝယ်သည်။ မဒေါနား၊ မာရီယာကာရေး ဂျနီဖာလိုပက်ဇ် တို့ကလည်း မှာကြသည်။ သည်ဖုန်းမှာ မျက်နှာပြင်မှာ နီလာ ပုံဆောင်ခဲတွေ တပ်ထားသည်။ ပတ္တမြား ဘယ်ယာရင်များပါသည်။ ရွှေနှင့် ပလက်တီနမ်တွေ အနားကွပ်ထားသည်။ တစ်လုံးကို ဒေါ်လာ ၄၉၀၀ တန်မှ ၁၉၄၅၀ အထိရှိသည်။ ဒါကို ဖုန်းလို့ မခေါ်ပါနဲ့။ ကိရိယာလို့ ခေါ်ပါရန် မေတ္တာရပ်ခံထားလိုက်သေးသည်။ ဒါကိုမှ မကြိုက်သေးလျှင် ကိုယ်ကြိုက်ရာ ပုံစံ မှာနိုင်ပါသေးသည်။ အထူးခလုတ်ကို နှိပ်ရုံဖြင့် ကုမ္ပဏီက ချိတ်ဆက် ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ပန်းဆိုင်များနှင့် ဆရာဝန်ကောင်းကောင်း များကို ဆက်သွယ်နိုင်သည်။ သည်ဝန်ဆောင်မှုက ဘာသာငါးမျိုးနှင့် စီစဉ် ဆောင်ရွက်ပေးသတဲ့။ အနှစ် ၂၀ လောက် အတွင်းမှာ ကျွန်တော် ဝန်ထမ်း ဘဝက ကိုင်ခဲ့ရသောဖုန်းက ချာတူး ဖြစ်သွားခဲ့ပြီ။ မည်သို့ပင်ဖြစ်စေ၊ မည်မျှပင် ကြာခဲ့သည်ဖြစ်စေ ချာတူးသည်လည်းကောင်း၊ ဗာတူးသည်လည်းကောင်း ကျွန် တော့်ကိုယ်ပိုင် မဟုတ်။

မနေ့တစ်နေ့က လေးထပ်အမြင့်မှာနေသော ကျွန်တော့်ထံ နေ့စဉ် သတင်းစာ တက်ပို့တတ်သော ကလေးတစ်ယောက်က သတင်းစာလာပို့ရင်း ပစ္စည်းကလေးတစ်ခု မေ့ကျန်ရစ်ခဲ့သည်။ မိုဘိုင်းဖုန်းကလေး၊ တရုတ်ကလာသော သည်ကစားစရာ ဖုန်းကလေးက တကယ့်ကို ဖုန်းအစစ်နှင့်မခြား တူလှသည်။ မှန်သားကလေးကလည်း လင်းလိုက်လို့၊ ဘုကလေးတွေ နှိပ်ကြည့်တော့လည်း လူ့စကားသံတွေရော၊ ဂီတသံတွေပါ ထွက်သည်။ ကျွန်တော် သဘောကျသွား သည်။ ဘုကလေးတွေကို လက်မဖြင့် နှိပ်ရင်းက ကျွန်တော် စကားပြောကြည့် သည်။

'Hello , Uh ... I'd like to speak to Gwyneth Paltrow ... Can I ... '

အိမ်ရှင်မကတော့ ပြုံးနေလေ၏။ ပြီးတော့ မျက်နှာကလေးတည်သွားကာ စကား တစ်ခွန်းပြောသည်။

'ဟုတ်တယ်နော်၊ စာရေးဆရာတွေကို GSM ပေးသင့်တယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဘာမှမပြောနိုင်ခင် ကလေးက သူ့မိဘိုင်းဖုန်းကလေး လာယူသွားသည်။ ကျွန်တော့် 'ကလင်ဖုန်း' ကျွန်ခဲ့လို့တဲ့။

လမ်းလျှောက်ဟယ်လိုကို ဖျက်ဆီးသောသူကာ ဆိုဝ်ငြယ်ကုန် ရာဖစ်သော အဝိစီယ်လီယ်အထယ်ကျက်စီယ်သတော။

(လမ်းလျှောက်ဟယ်လိုကို ဖျက်ဆီးသောသူကား ဆိုငြားကုန်ရာဖြစ်သော အဝီစိငရဲ ကျက်စေသတည်း)

Idea ၂၀၀၄ ဧပြီလ

## အရုပ်သည် ခမ်းနားကြီးကျယ်သော အရာ

အသက်ငါးဆယ်ကျော်ပြီဖြစ်သော်လည်း တစ်ခါတစ်ရံ စိတ်လွတ်ကိုယ်လွတ်ဆိုသလို အရုပ်ဆိုင်ကလေးတွေထဲ တကန်တက ဝင်ရောက်ကာ အရုပ်ကလေးတွေကို ကျွန်တော် ငေးမောနေတတ်သည်ဆိုလျှင် ယုံကြည်စေချင်ပါသည်။ အရုပ်ကလေးတွေကို ချစ်ခင်သောစိတ်သည် ကျွန်တော် ငယ်စဉ်ကတည်းက ပါလာခဲ့သည်မှန်သော်လည်း အချိန်ကာလတစ်ခုတွင် အာရုံနည်းသွားလိမ့်မည်ဟု ကျွန်တော် ထင်ခဲ့သည်။ သို့သော် အရုပ်ကလေးများကို ကျွန်တော် အာရုံနည်းသွားခဲ့သည်မရှိ။ အရုပ်ကလေးတွေ ဝယ်ကာ ဆော့ကစားတာမျိုးလောက်အထိ မကြောင်ဝံ့သော်လည်း တစ်ခါတစ်ခါ အရုပ်တော်တော်များများကို ဘာရယ်မဟုတ်၊ ကျွန်တော် ဝယ်လာမိသည်လည်းရှိသည်။ ကျွန်တော် ငယ်ငယ်က အရုပ်ငတ်သည်ဟုဆိုနိုင်သည်။ ရွာမှာ ကြီးပြင်းရသည်ဆိုတော့ ရွာမှာရှိတတ်သည့် အရုပ်ကလေးတွေနှင့်သာ ကျွန်တော် ရင်းနှီးခွင့်ရခဲ့သည်။ အိုးပုတ်များ၊ ချိုးရုပ်များ၊ ပလုတ်တုတ်များ။ အရုပ်နှင့် ကစားစရာသည် အတူတူပဲလား။ ကျွန်တော်ငယ်စဉ်က ကစားစရာတွေထဲမှာ မျှောကွင်း (သားရေပင်) တွေ၊ မန်ကျည်းစေ့တွေ၊ အရုပ်ကားချပ် (စီးကရက်ဘူးခွံများ ဖြစ်ပါသည်) တွေပါ ထည့်ရလိမ့်မည်။ ညောင်ရေအိုးကွဲစများ၊ ကြွေပန်းကန်ကွဲစများ၊ မှန်ချပ်ကွဲစများ၊ သင်ပုန်းကွဲ၊ သပိတ်ကွဲစများသည်လည်း ကျွန်တော့် အရုပ်များသာ ဖြစ်သည်။ နေရောင်ကို ပြင်းရှူးအားချိန်၍ စက္ကူစကို မီးရှို့ကစားရသော အဖေ့မျက်မှန်သည်လည်း ကျွန်တော့် ကစားစရာပါပဲ။

လက်တစ်ညှိုးလောက် မရှိတတ်၊ ရှိတတ် ချိုးရုပ်မည်းမည်းကလေးတွေကတော့ အသံပါ မြည်တတ်သဖြင့် ကျွန်တော် စွဲလမ်းပါသည်။ ကုန်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



က ကျွန်တော် ဝယ်တတ်သော ကော်ကလေးကစားစရာ တစ်မျိုးကတော့ 'ခရာ' ကလေးတွေ ဖြစ်နေတတ်၏။ အမေက 'ပီပီ' တွေ မမှုတ်စမ်းနဲ့ကွယ်၊ နားညည်း လွန်းလို့ပါလို့ ဆိုရသည်အထိ ခရာသံတွေ ညံအောင် မှုတ်ခဲ့တာကိုလည်း ကျွန်တော် သတိရသည်။ ကျွန်တော်တို့ ငယ်ငယ်က 'အရုပ်သည်' 'အရုပ်ဆိုင်' ရယ်လို့ လက်တစ်ကမ်းမှာ မရှိတတ်ဘဲ ဘုရားပွဲတော်ဆိုင်ခန်းတွေ လာခင်းတော့မှ အရုပ်မျိုးစုံက ကျွန်တော့်ကို ဖြားယောင်းနေတတ်သည်။ မိဘ တစ်ဦးဦးက ကလေးတစ်ယောက်ကို အရုပ်ဝယ်ပေးနေတာကို အနားကပ်ကြည့်ရင်း သွားရည်ကျရတာကလည်း အရသာ။

'ငါ့သားရယ်၊ ဖော့သေနတ်ကို မဝယ်ပါနဲ့၊ အလကား ဆော့တာလည်း မဟုတ်ဘဲနဲ့'

'ဖော့သေနတ်ပဲ လိုချင်တယ်၊ ဝယ်ပေးဗျာ'

ဖော့သေနတ်တစ်လက် ဝယ်ခွင့်ရရေး မအောင်နိုင်သား အငြင်းအခုံကို ကျွန်တော် စိတ်ဝင်စားသည်။ ကျွန်တော့်အမေကတော့ ပွဲဈေးတန်းမှာ အရုပ်လိုက်ဝယ်ပေးလောက်သည့် အာရုံခံစားမှု ရှိပုံမရ။ အမေ့စိတ်နှင့် အမေ့အခြေအနေကို သိနေသဖြင့်လည်း အရုပ်တစ်ရုပ်ဝယ်ပေးဖို့ ကျွန်တော် မပူဆာတတ်တာလည်း ပါပါလိမ့်မည်။ အမေက လူ့လိုအပ်မှု ဘုံအဆင့်ဆင့်ရှိခြင်း၌ အောက်ဆုံးလွှာဖြစ်သော အစာရေစာကိစ္စကိုသာ ပထမဦးစားပေးရသူဖြစ်သည်။ စားသုံးမှုပဓာန ဝါဒသည် မိသားစုတစ်စု၊ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးမှုပြရေချိန်ဖြစ်၍ ခေတ်သစ်လိုအင်ဆန္ဒများ၌ အထက်ဆုံးအဆင့်သည် 'သတင်းခံတွင်းလိုက်ခြင်း' ဖြစ်ပြီး စားသုံးမှု ပဓာနဝါဒသည် လူ့လိုအင်ဆန္ဒများကို အပေါ်သို့ ရွေ့လျားစေခြင်း (Upward Mobility) ဟုဆိုသည်။ စားသုံးမှုသည် တစ်နည်းအားဖြင့် လူ့ဂုဏ်ရည်ကို ဖော်ပြခြင်း (Expression of Identity) တစ်မျိုးဖြစ်ရာ သည်ဂုဏ်ရည်သည်ပင် စိတ်ပိုင်းဆိုင်ရာဖြစ်စဉ်ဖြစ်သည်။ ပစ္စည်းအမယ်တစ်ခု ဝယ်ယူခြင်းသည် ခံစားမှု အရသာနှင့် အမှတ်အသားဂုဏ်ရည်ကို ဝယ်ယူခြင်းဖြစ်သည်။ အမေကတော့ အမှတ်အသားဂုဏ်ရည်ကိုလည်း မသိ။ ငွေကြေးမပြည့်စုံသဖြင့် ဝယ်မပေးခြင်းသာဖြစ်သည်။ တစ်ခါတလေတော့ အမေက ကိုယ်ချင်းစာပုံရလေသည်။

'အမေတို့ ငယ်ငယ်ကလည်း အရုပ်ကလေးတွေနဲ့ မကစားခဲ့ရဘူး။ ကမ္ဘာစစ်ကြီးဖြစ်လို့၊ လူမျိုးရေးတွေဖြစ်လို့ ကစားဖို့လည်း အချိန်မရှိခဲ့ဘူး။ သူတစ်ပါး တိုင်းပြည်ကိုလာပြီး ငုံကြိတ်မီးကစားနေကြတာကိုပဲ ငုတ်တုတ်ကြည့်နေရတာပဲ။ စစ်ကြီးပြီးတော့လည်း သေနတ်ပစ်တမ်းကစားနေကြလေရဲ့။





သားကိုတော့ ကျောင်းတော်ရာဘုရားပွဲကျတော့မှ ချိုးရုပ်ကလေးတွေ ဝယ်ပေးမယ်'

အေးကျင်း (ဗုံးမိုကျင်း) ထဲမှာ 'မြေပဲနှင့် ထန်းလျက်ထောင်းဆုပ်' ကို စားရင်း ရွှံ့နွားရုပ်လုပ်တမ်း ကစားခဲ့ရတာကို ပြောပြတတ်သည်။ ကျွန်တော်ကတော့ အမေမျှော်လင့်ချက်ပေးတတ်သည့် ကျောင်းတော်ရာဘုရားပွဲကိုသာ စောင့်ရတော့သည်။ ရွှံ့ချိုးရုပ်မည်းမည်းကလေးတွေကို အမြီးဘက်က မှုတ်လျှင် ချိုးကူသံလို အသံကလေးထွက်တာကို ကျွန်တော် သဘောကျသည်။ တကူကူကူ။ ပြီးတော့ တစ်ကောင်မှ ဆယ်ပြားဆိုတော့ အမေကလည်း မတွန့်မတို ဝယ်ပေးနိုင်သည်။ ကြာတော့လည်း ရိုးသွားလေသည်။

မကြာသေးခင်က ကြော်ငြာဗေဒပညာရှင် စတီဖင်ဟော့ကင်း (Stephen Hawking) ၏ Black Holes and Baby Universe and Other Essays ကို ဖတ်ရသည်။ စတီဖင်ဟော့ကင်းက သူ့ငယ်ဘဝကို မှတ်တမ်းတင်ထားသည်။ ကျွန်တော့် ကလေးဘဝ (My Childhood) အခန်းမှာ အရုပ်ကလေးတွေအကြောင်း ရေးတာ ဖတ်လိုက်ရသည်။

'နောက်ထပ် အစောပိုင်း ကာလမှတ်မိတာတွေကတော့ မီးရထား ကလေးတစ်စင်း (ပုံစံငယ်မီးရထား) ပထမဆုံး ရခဲ့တာကိုပါ။ စစ်ကာလကြီး အတွင်းဆိုတော့ ကစားစရာတွေရယ်လို့ ဘယ်ကမှ ထုတ်လုပ်နေတာ မဟုတ်ဘူး။ အနည်းဆုံး အိမ်သုံးဈေးကွက်ကလေးအတွက်ရယ်လို့တော့ ထုတ်တာမျိုးမရှိကြတဲ့ကြားက မီးရထားပုံစံငယ်ကလေးတစ်စီး လိုချင်လိုက်တာ ကျွန်တော့်မှာ သဲကြီးမဲကြီးပါပဲ။ အဖေကတော့ ကျွန်တော့်ဖို့ သစ်သားမီးရထားကလေးတစ်စင်း လုပ်ပေးရှာပါရဲ့။ ကျွန်တော်က အာသာမပြေဘူး။ တကယ်သွားတဲ့ ရထားကလေးပဲလိုချင်တာပါ။ ဒါနဲ့ အဖေက သံပတ်ပေးရင် ထပြေးတဲ့ တစ်ပတ်ရစ် ရထားကလေးတစ်စင်း ရှာလာပြန်ရော။ သည်ရထားကလေးကို ဂဟေလေး ဘာလေး ဆော်လိုက်ပြီး အသက် သုံးနှစ်ပြည့်တော့မယ့် ကျွန်တော့်ကို မွေးနေ့လက်ဆောင်အဖြစ်ပေးတယ်။ သည်မီးရထားကလေးကလည်း အလုပ်မဖြစ်လှပါဘူး။ ကျွန်တော့်အဖေက စစ်ကြီးပြီးပြီးချင်းပဲ အမေရိကကို ခရီးထွက်သွားတယ်။ ကွင်းမေရီသင်္ဘောကြီးနဲ့ ခရီးက ပြန်လာတဲ့အခါ အမေဖို့ နိုင်လွန်ထည်တွေ ပါလာတယ်။ အဲသည်တုန်းက ကျွန်တော်တို့ ဗြိတိန်မှာ နိုင်လွန်ထည်တွေ မရနိုင်သေးဘူး။ ကျွန်တော့်နှမကလေး မေရီအတွက်ကျတော့ ချထားလိုက်တာနဲ့ မျက်လုံးကလေး ပိတ်သွားတဲ့ ဘိုမရုပ်ကလေး ပါတယ်။ ကျွန်တော့်ဖို့ကျတော့ အမေရိကန် မီးရထားရုပ်ကလေး။ တကယ့်မီးရထားကြီးတွေမှာ ပါတတ်တဲ့ စက်ခေါင်းရှေ့က



www.burmeseclassic.com

www.burmeseclassic.com



လမ်းရှင်းအကာတန်း (Cowcatcher) တောင် ပါသေးတဲ့အပြင် ရထားလမ်းကလေးတွေကချည်း ရှစ်လမ်းပါသေးတာပါ။ သည်အရုပ်ကလေးကို ထည့်ထားတဲ့ဘူးကလေးကို ဖွင့်လိုက်တဲ့အခါ ဖြစ်ရတဲ့ စိတ်လှုပ်ရှားမှုကို ကျွန်တော် ခုထိ သတိရနေသေးတယ်'

ကျွန်တော်သည်လည်း အဝေးမြို့မှာ အလုပ်သွားလုပ်နေရာက တစ်နှစ်မှ တစ်ခေါက် နှစ်နှစ်မှ တစ်ခေါက် ပြေးပြေးလွှားလွှား ရောက်လာတတ်သော အဖေ့ကို အရုပ်ကလေးတစ်ရုပ် မှာဖူးပါသည်။ ကျွန်တော်က ထိုခေတ် မဂ္ဂဇင်းများတွင်ပါသည့် ဓာတ်ခဲသုံး မော်တော်ကားရုပ်ကလေး မှာလိုက်ခြင်းဖြစ်သည်။ အမေကတော့ ဘာစိတ်ကူးရသည်မသိ။ အဖေ့ကို ပန်းမှာ သိုင်းခြုံရသည့် စုံပဝါ တစ်ထည် မှာသည်။ နောက်တစ်နှစ် အဖေရောက်လာတော့ ကျွန်တော့်အတွက်လည်း ကားရုပ်မပါ။ အမေ့အတွက်လည်း စုံပဝါမပါ။

'ဘယ့်နှယ်ဟာ မင်းတို့နှယ်၊ မော်တော်ကားနဲ့ စုံပဝါရယ်လို့၊ ထမင်းတွင်းနက်ရတဲ့ကြားထဲ မဟုတ်တာ မှာကြရော့မယ်။ တော်တာတည့်တာ မှာကြမှပေါ့'

သည့်နောက်တော့ အဖေ့ကို ဘာမှ မမှာကြတော့ပါ။ တစ်နှစ်မှာမူတော့ အရောင်အမျိုးမျိုး ခြယ်ထားသည့် ပလပ်စတစ် စစ်သားရုပ်ကလေးတွေ အဖေ ဝယ်လာတာလည်း ကျွန်တော် မှတ်မိသည်။ ကျွန်တော့် ငယ်သူငယ်ချင်းများတွင် အရုပ်ကျွမ်းကျင်သူအဖြစ် အားလုံးက အသိအမှတ်ပြုရသော သူငယ်ချင်းမှာ မမဲကြီးဖြစ်သည်။ အသက် ငါးနှစ်ခြောက်နှစ်ရွယ်တူ သူငယ်ချင်းများဆိုသော်လည်း မမဲကြီးက ဉာဏ်ရည်မြင့်သည်။ စက်ဆိုင်ကျ ပိတ်စကလေးများကို တောင်းကာ အရုပ်ကလေးတွေ ချုပ်သည်။ စက္ကူမာမာကို ချိုးကာ ခုတင်ကလေးတွေ၊ ကုလားထိုင်ကလေးတွေ၊ ထမင်းစား စားပွဲကလေးတွေ လုပ်သည်။ ပြီးတော့မှ ပိတ်စလူရုပ်ကလေးတွေ လုပ်သည်။ မမဲကြီးလုပ်ပေးသည့် ရွှံ့ရုပ်လုည်းကလေးမှာ နွားနှစ်ကောင် ကျောကျောကလေး ရုန်းနေတာ အင်မတန်လှသည်။ တစ်ခါတလေတော့ မမဲကြီးက ထူးဆန်းသောစကားကို ဆိုတတ်တာ ကျွန်တော် မှတ်မိနေသည်။

'ငါ့အရုပ်တွေက လူတွေပေးရလွန်းလို့ ကုန်ပြီ။ ပုစဉ်းကလေးတွေ လိပ်ပြာကလေးတွေ လိုက်ဖမ်းပြီး ကစားပေ့ါဟဲ့။ ညဘက်ဆိုရင် ပိုးစုန်းကြူးကလေးတွေ လိုက်ဖမ်းပြီး ပုလင်းကလေးထဲ ထည့်ထားရင်လည်း ရတာပဲ။ မသေတော့ မသေစေနဲ့။ ကစားပြီးရင် ပြန်လွှတ်လိုက်ပေ့ါ။ ဒါလည်း အရုပ်ကလေးတွေပဲဟာ'





ပုစဉ်းထိုးကလေးတွေ၊ လိပ်ပြာကလေးတွေ၊ ပိုးစုန်းကြူးကလေးတွေကလည်း သက်ရှိအရုပ်ကလေးတွေတဲ့လား။ မမဲကြီး၏ စိတ်ကူးစိတ်သန်းကို ကျွန်တော် သဘောကျသည်။ သို့သော် မမဲကြီးထက် ရှေးကျသော ကလေး တစ်ယောက်သည်လည်း ပုစဉ်းကလေးများနှင့် ကစားခဲ့ဖူးသည်။ ထိုကလေး ငယ်လေးမှာ နောင်အခါတွင် ဆရာကြီးရွှေဥဒေါင်းဖြစ်လာခဲ့သည်။

'ရွှေတစ်ချောင်းမြောင်းဘောင်တစ်လျှောက်ရှိ ရေစပ်တွင် ကနဒိပင်များ၊ ဆင်နှာမောင်းပင်များ၊ ကုလားမျက်စိပင်များ ပေါက်ရောက်လျက်ရှိရာ ၎င်းအပင်များ၏ ထိပ်ဖျား၌ အနီရောင်၊ အဝါရောင်၊ အညိုရောင်ရှိသော ပုစဉ်းကောင်များ နားလျက်ရှိ၏။ ကျွန်ုပ်တို့ ညီအစ်ကိုနှစ်ယောက်သည် မြင်းမြီးတစ်ပင်စီရှာ၍ တစ်ဘက်အဖျားကို ဝါးခြမ်းတစ်ခု၏ ထိပ်၌ ချည်ကာ အခြားဘက်အဖျားတွင် နမ်းစေ့ပမာဏရှိသည့် ဖယောင်းလုံးကလေး ကပ်ထား၏။ အပင်ကလေးများ ထိပ်တွင် နားလျက်ရှိသော ပုစဉ်းကောင်ကလေးများ၏ ရှေ့တွင်ပြ၏။ ပုစဉ်းကောင်သည် မြင်းမြီးကိုမြင်ဟန်မရှိဘဲ တလှုပ်လှုပ်ဖြစ်နေသော ဖယောင်းလုံးကလေးကို (၎င်းတို့ အစာ) ပိုးကောင်ကလေး ထင်မှတ်သည်နှင့် ဝီခနဲမြည်ကာ ထပျံလာပြီးလျှင် ဖယောင်းလုံးကလေးကို ကိုက်ဖမ်းလိုက်၏။ ၎င်း၏ သွားများသည် ဖယောင်းလုံးတွင် စူးဝင်၍ ပြန်နုတ်ရန် မဖြစ်နိုင်ဘဲရှိရကား'

ဆရာကြီးရွှေဥဒေါင်း ငယ်စဉ် မောင်ဖေသိန်း ကလေးဘဝက ကစားနည်းဖြစ်သည်။ အကျိုအိတ်ထောင်ထဲ လက်ကိုင်ပဝါဖြင့် ဖိထား၍ အိမ်အနီး ရောက်သည့်အခါ ပုစဉ်းကလေးတွေကို ပြန်လွှတ်ပေးကြောင်းကိုလည်း ရေးခဲ့သည်။

အရုပ်ကလေးတစ်ရုပ်ကို စွဲလမ်းမိခဲ့သည့် မောင်ချစ်ဆိုသည့် လည်ပေါ်ကျောင်းသားတစ်ယောက်၏ ကြေကွဲဖွယ်ဇာတ်လမ်းကိုလည်း ကျွန်တော် သတိရနေသည်။ ဝတ္ထုတိုက လွန်ခဲ့သည့်နှစ်ပေါင်း ခုနစ်ဆယ်ကျော်က ဝတ္ထုတိုတစ်ပုဒ်ဆိုသော်လည်း သည်ဝတ္ထုထဲက ဇာတ်ကောင်များဖြစ်ကြသည့် ပန်းပုဆရာကြီး ဦးအောင်ချာ၊ ယင်း ဦးအောင်ချာ၏ လက်ရာဖြစ်သော ဆင်စွယ်မင်းသမီးရုပ်ကလေးကို စွဲလမ်းတမ်းမက်ရှာသည့် ဘုန်းကြီးကျောင်းသား မောင်ချစ်၊ ယင်းတို့နှစ်ဦးကြား ဗီလိန်ဖြစ်ရသည့် ခြောက်လုံးပြူးချိတ် ဝန်ထောက်မင်းတို့ကို ကျွန်တော်မမေ့။ သည်ဝတ္ထုတိုကို ရေးခဲ့သည့်စာဆိုက နိမိတ်ပြအဖွဲ့အဖြစ် ရေးဖွဲ့ခဲ့ခြင်း ဖြစ်ကောင်းဖြစ်နိုင်သော်လည်း တစ်ကျပ်တွင် ဘယ်နှပြားရှိမှန်းပင် မသိရှာဘဲ ကိုယ်ဒုက္ခ၊ စိတ်ဒုက္ခခံကာ ကြိုးစားစုဆောင်းရင်း 'လို၍မရသော ဆင်းရဲ'ကို လှလှကြီး ခံစားသွားခဲ့သည့် မောင်ချစ်အတွက် ခံပြင်းရမလိုလို၊ ယူကျုံးရမလိုလို ခံစားရသည်ကလည်း ဖတ်မိတိုင်း အကြိမ်ကြိမ်။



www.burmeseclassic.com

www.burmeseclassic.com



'အဖိုးနဲ့ပဲ ပေးလိုက်မယ်မဟုတ်လား၊ ခင်ဗျားတို့အရပ်မှာ သည်အရုပ်ကလေးနဲ့ တန်နဲ့အိမ် တစ်အိမ်မှ မရှိပါဘူး။ ဝယ်နိုင်မယ့် လူလည်း ရှိမှာ မဟုတ်ပါဘူး'

ခြောက်လုံးပြူးခါးချိတ် ဝန်ထောက်မင်းကို ကျွန်တော်မှန်းသည့်အမှန်းသည် မပြေနိုင်ခဲ့။ သည်ဝတ္ထု 'ဘကြီးအောင်ညာတယ်' ကို ကျွန်တော်စဖတ်ရသည့်အချိန်က ဆယ်နှစ်သား၊ အခု ကျွန်တော့်အသက် ငါးဆယ်ငွန်းသည်အထိ ထိုအမုန်းသည် မပြေနိုင်တာ ဘာကြောင့်ပါလိမ့်။ ကျွန်တော်ကပဲ ရင့်ကျက်မလာ လို့များလား။ နှစ်ပေါင်း လေးဆယ်အမုန်း။

တလောက သမီးကလေး၏ ရက် ၁၀၀ ပြည့်မွေးနေ့ကို အကြောင်းပြု၍ မိတ်ဆွေသူငယ်ချင်းများက လက်ဆောင်ကမ်းကြရာ၌ အရုပ်ကလေးတွေ တော်တော်ရခဲ့သည်။ အဝတ်အရုပ်ကလေးတွေလည်း ပါသည်။ ဖိုင်ဘာ ပလပ်စတစ်အရုပ်ကလေးတွေလည်း ပါသည်။ ရှမ်းမွေးပွအရုပ်ကလေးတွေလည်း ပါသည်။ ရှမွား (Chamois) လို့ခေါ်ကြသည့် တောင်ဆိတ်သားရေစ အရုပ်ကလေးတွေလည်း ပါသည်။ များသောအားဖြင့်က ချစ်စဖွယ် တိရစ္ဆာန်အရုပ်ကလေးတွေ။ ပျား၊ နံ့ကောင်၊ ဝင်ရိုးစွန်းဝက်ဝံ၊ ဝက်ဝံပေါက်၊ ကြောင်၊ ခွေးဘီလူး။ သမီးက သုံးလကျော်သာ ရှိသေးသော်လည်း အရုပ်ကလေးတွေကို ချစ်ခင်တတ်နေပြီ။ တတ်စွမ်းသမျှ ခိုးခိုးခစ်ခစ်အသံပြုရင်းက ချစ်ခင်ကြောင်း ပြတတ်သည်လည်းရှိ၏။ တစ်ခါတလေတော့ သူ့အနီးမှာ ပိုးလိုးပက်လက်လန်နေသည့် အရုပ်တွေကို စိတ်မဝင်စားဘဲ ခပ်ဝေးဝေးက လေမှုတ်ရုပ်ခွေးကလေးကို ငေးသည်။ သမီးနှင့် အရုပ်များ၏ ကိုယ်ဟန်အပြုအမူ ဆက်သွယ်ရေးကို ကျွန်တော် ဂရုစိုက်ကြည့်မိသည့်အခါ ထူးဆန်းသော အမူအရာများ တွေ့ရသည်။ အရုပ်တွေ တစ်ပုံတစ်ခေါင်းကြီးထဲမှာ သမီးအချစ်ဆုံး အရုပ်ကလေးကို ကျွန်တော်သိသလို၊ မွေးညို့ဂွမ်းပွဝက်ဝံမည်းကြီးကို သမီးမုန်းတီးနေမှန်း ကျွန်တော်သိနေသည်။ မွေးညို့ဂွမ်းပွ အရုပ်ကို ဘယ်သူပေးခဲ့မှန်း ကျွန်တော် သတိမထားလိုက်မိပါ။ ခေါင်းကို ပုတ်လိုက်လျှင် သီချင်း တီးလုံးသံတွေ ထွက်လာကာ စည်းချက်အလိုက် မျက်လုံးတွေ ရဲခနဲ ရဲခနဲ လင်းသွားတတ်ခြင်းသည်ပင် သာမန်အရုပ်ကလေးတွေထက် ထူးခြားနေသည်။ ရဲခနဲလင်းသွားတတ်သည့် မျက်လုံးတွေက မီးတွေလောင်နေတာနှင့် တူသည်။ ပြီးတော့ အမွေးကလည်း အညိုရင့်ရင့် ဆိုတော့ သမီးကလေးကြောက်တာ သဘာဝကျသည်။ သည်အရုပ်ကို တွေ့လိုက်တိုင်း မျက်နှာကလေး လွှဲထားတတ်သည်။ အရုပ်မမြင်ရသော်မှ အရုပ်ဆီက ထွက်လာတတ်သော တီးလုံးသံကို မှတ်မိဟန်ဖြင့် အသံကြားတိုင်း လူပေါ် ကုတ်ဖွဲ့တက်လေသည်။





ကလေးငယ်များ အရုပ်နှင့် ကစားခြင်းသည် ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ခံစားမှုပိုင်းဖွံ့ဖြိုးမှုကို ဖြစ်စေသည်။ အံဖော်ဖြစ်စေသည်။ အရွယ်အစား၊ ပုံသဏ္ဌာန် အရောင်နှင့် အရေအတွက်ကို ယဉ်ပါးစေသည်။ မိဘများ ကိုယ်တိုင်က သိချင်မှ သိလိုက်မည်ဖြစ်သော အရေးတကြီးကိစ္စအချို့ကို အားမထုတ်ရဘဲ လွယ်လွယ်ကူကူရချင် ရနေတတ်သည်။ သမီးကလေး နှစ်လသမီးမှာ ချောက်ချက်ရုပ်ကလေး ကိုင်တတ်ပြီ။ နှစ်လသမီးမှာ ပြုံးတတ်ပြီ၊ အရောင်စုံစုံတောက်တောက်တွေကို ကြည့်တတ်ပြီ၊ သုံးလကျော်လျှင် လှိမ့်တော့မည်၊ တွေ့ကရာ ပါးစပ်ထဲ ထည့်တော့မည်။ ခုနစ်လကျော်လျှင်တော့ ထိုင်မည်၊ တွားမည်။ ကိုးလကျော်တော့ ဘောလုံး ပစ်တတ်လိမ့်မည်။ တစ်နှစ်ကျော်လျှင်တော့ 'ဟင့်အင်း' ဆိုတာကို ငြင်းဆန်ကြောင်း သိလိမ့်မည်။ ရိုးရှင်းသော ခိုင်းစေမှုကို နားလည်မည်။ လမ်းလျှောက်မည်။ ဖွန်းကလေးကိုင်မည်။ ရုပ်ပုံကလေးတွေ ရွေးတတ်မည်။ လှေကားထစ်တွေ တက်တော့မည်။ အဝတ်တွေ မဝတ်တတ်၊ ဝတ်တတ် ဝတ်လိမ့်မည်၊ စာရွက်တွေ လှန်တာ၊ ပြဲတာ တွေ့လာတော့မည်၊ အရုပ်ကလေးတွေကို မြင်လျှင် ခြေတွေခတ်၊ လက်တွေခတ်၊ တဝူးဝူးအသံတွေ ပေးတော့မည်။

'အရုပ်ဝယ်ရင် ဖောင်း (ဖောင်း) လုံးတာလေးတွေ ဝယ်ပေး၊ အချွန်အတက်တွေ မပါစေနဲ့။ အရုပ်ပိစိကွေးကလေးတွေလည်း မဝယ်နဲ့ဦး၊ ပါးစပ်ထဲ ဝင်တတ်တယ်။ ကြီးလွန်းတော့လည်း ကြောက်တတ်တယ်နော်။ အရုပ်ကလေးတွေက အုပိုင်းလိုက်ဖြုတ်လို့ တပ်လို့ ရတာမျိုးပါရင် သတိထား၊ မတော်တဆ ဖြုတ်ထွက်ပြီး ပါးစပ်ထဲ ဝင်ရော။ ဖဲကြိုးတို့လို ကြိုးဆွဲအရုပ်တွေများတော့ ရှောင်၊ ကလေးမှာ ပတ်နေတတ်တယ်။ ဝယ်ရင်လည်း ပေါ့ပါးတာဝယ်၊ တာရှည်ခံလောက်မယ့်ဟာဝယ်'

ကျွန်တော်တို့ အိမ်နီးချင်းဖြစ်သူ ကလေး ၁၃ ယောက် မအေ၊ ဒေါ်မွေးလွန်းက ဝမ်နင်ပေးလေသည်။ အရုပ်ကလေးတွေကိုင်ကာ ကစားတတ်ခြင်းသည် လက်ကို ဆန့်တတ်ခြင်း၊ လက်ချောင်းကလေးများကို သုံးတတ်ခြင်း၊ မီအောင်လှမ်းယူတတ်ခြင်း၊ မြဲအောင်ကိုင်တတ်ခြင်း၊ လှုပ်လိုက်လျှင် အသံမြည်တတ်ခြင်းကို တဖြည်းဖြည်း သင်ယူနေမှန်း ကျွန်တော်သိတာ မကြာသေးပါ။ သမီးကစားဖို့ အရုပ်ကလေးတွေ ဝယ်လျှင် သူတို့ လက်သေးသေးကလေးများနှင့် ကိုက်လောက်တာကို ဝယ်ရသည်။ အရုပ်ကလေးတွေကို ချစ်စရာသတ္တဝါကလေး အဖြစ် မြင်တတ်ခြင်း မဟုတ်ဘဲ ကိုင်ရထိရသည့် အရသာ၊ မြင်ရတွေ့ရသည့် အရသာ၊ ပါးစပ်ထဲ ထည့်ကိုက်ရသည့်အရသာကို ခံစားကြခြင်းဖြစ်သည်။ အရုပ်ကလေးတွေကို တစ်ခုကောက်လိုက်၊ တစ်ခုပစ်လိုက်လုပ်ရတာကို သူ့သဘော



www.burmeseclassic.com

www.burmeseclassic.com



တွေ့သည်။ အရုပ်ကလေးများနှင့် ကစားခြင်းသည် ဘောဖတ်လည်းက အရာဝတ္ထုများကို သင်ယူခြင်းဖြစ်သည်။ တချို့ အရုပ်ကလေးတွေက ရွေ့လျားသည်။ တချို့အရုပ်ကလေးတွေက ဂီတသံထွက်သည်၊ တချို့အရုပ်ကလေးတွေက ညှစ်ရတာတွေ။ အပုံထပ် အရုပ်များနှင့် အစုံထပ် အရုပ်ကလေးတွေကို သမီး ဖြိုချတတ်သည်။ ကျွန်တော်က ပြန်ထပ်စီ၊ သမီးက ဖြိုချ။

တော့တီးတော့တာ သွားတတ်သည့် အရွယ်ရောက်လျှင်တော့ ကစားစရာအရုပ်တွေက သမီးအတွက် အလုပ်တွေဖြစ်လာတော့မည်။ အရုပ်ကလေးများကို အချိန်ပေးကာ စူးစမ်းမည်။ အပြန်အလှန် ထက်အောက် ခေါင်းပြန်ကြည့်မည်။ သူတို့ စိတ်ကူးနိုင်သမျှ ဉာဏ်ရည်ကိုသုံးကာ မှတ်သားမည်။ နည်းနည်းကြီးလာလျှင်တော့ မီးဖိုချောင်သုံးပစ္စည်းကလေးတွေကို တုပထားသည့် ပလပ်စတစ်အိုးခွက်ကလေးတွေ၊ ပလပ်စတစ် အိမ်သုံးစားကလေးတွေ၊ ကတ်ကြေးကလေးတွေ၊ အကြော်အလှော်ဒယ်အိုး၊ ဒယ်ခွက်ကလေးတွေကို ပူဆာလိမ့်မည် ထင်သည်။

'အနောက်နိုင်ငံက ကလေးတွေအတွက် အရုပ်ကလေးတွေ သီးခြားခေါ်ကြတာ ရှိတယ်၊ Action Toys တဲ့၊ တက်တာ၊ ဆင်းတာ၊ ဖမ်းတာ၊ တွန်းတာ၊ ပြေးတာ၊ ကန်းတာ၊ ကော့တာ၊ ဖမ်းတာတွေနဲ့ ပတ်သက်တဲ့ အရုပ်တွေပေါ့။ နောက်တစ်အုပ်က Imitative Toys တဲ့။ ပန်းကန်ကလေးတွေ၊ ကားကလေးတွေ လိုဟာတွေပေါ့။ လူကြီးအသုံးအဆောင်အတုတွေဆိုပါတော့၊ နောက်အရုပ်အုပ်စု က Imaginative လို့ခေါ်တယ်။ ခုံရှည်ကလေးတွေ၊ ပလပ်စတစ်ဘူးကလေးတွေ လိုဟာတွေ'

'ဘုရားဈေးကြီးက စက္ကူကျားရုပ်၊ မြင်းကျားရုပ်၊ နွားရုပ်ကလေးတွေဆိုရင်လည်း ကောင်းတာပါပဲ'

ကျွန်တော်တို့အိမ်မှာတော့ ကျွန်တော် စိတ်ကူးရတိုင်း ဝယ်လာသည့် အရုပ်ကလေးတွေ များလှပြီ။ မိတ်ဆွေတွေကလည်း ကြုံသလို လက်ဆောင်ပါးကြသည်။ အရုပ်တွေက အစုံ၊ မကွဲနိုင်သည့် မှန်ကလေးများ၊ အဆာသွတ်ငှက်ရုပ်ကလေးများကအစ ဂျောက်ဂျက်များ၊ လက်နှိပ်အရုပ်များ၊ ဘောလုံးများပင် ပါသေးသည်။ မိတ်ဆွေတစ်ယောက်ကတော့ လိုရာပုံဖော်ကစားနိုင်သည့် ပလပ်စတစ်မှုန့်ညက်တွေပါ ပေးလိုက်သေးသည်။ လှစ်ခနဲ ပြေးတတ်သော သံပတ်ပေးကားများ၊ မီးရထားများကိုတော့ ပြေးတုန်းမှာ လိုက်ကြည့်တတ်သော်လည်း စိတ်ဝင်စားပုံမရ။

သမီး ခုနစ်လထဲ ဝင်လာတော့ အရုပ်တွေကို စိတ်ဝင်စားဟန် မပြတော့ပါ။ အရုပ်တွေ ဟိုနားသည်နား ထိုးထိုးထောင်ထောင် စုစုပုံပုံရှိနေသော်မှ စောင်းငဲ့မကြည့်။ ကျွန်တော်က အရုပ်သစ်ကလေးတွေ ထပ်ဝယ်လာခဲ့သည်။





စိတ်ဝင်စားပုံမရှိ။ အိပ်ရာဘေး၊ ပခက်ဘေး၊ ပခက်တန်း မြင်နိုင်သည့်နေရာတွေမှာ ချိတ်ပြသည့်တိုင် အရုပ်တွေပေါ်မှာ အာရုံမရှိပေ။ သည်အတွက် ကျွန်တော့်မှာ မချင့်မရဲဖြစ်နေရသည်။ သို့သော် သမီးက မြင်မြင်သမျှကို အရုပ်ကလေးတွေလို လိုက်ကြည့်တာကို ကျွန်တော် သတိထားမိပါသည်။ ကောင်းကင်မှာ ငှက်တွေ အုပ်ဖွဲ့ပျံတာကိုလည်း စိတ်ဝင်စားသည်။ ညဘက် လမင်းပြည့်ပြည့်ကိုလည်း ငေးသည်။ ရေပိုက်က ရေကျတာကိုလည်း စူးစမ်းသည်။ သစ်ရွက်ခြောက်တွေ ဝေ့ဝေ့ဝဲဝဲ လွင့်ကျလာတာကိုလည်း မလွှတ်မပေး။ ဘုရားစင်က ဘုရားပန်းများနှင့် ရောင်စုံမီးပွင့်ကို ကြည့်ချင်လည်း ကြည့်နေတတ်သည်။ တကယ်တော့ သည်အရွယ်မှာ လောကတစ်ခုလုံးသည် သမီးအတွက် အရုပ်တွေချည်း ဖြစ်နေပုံရသည်။ လှုပ်ရှားအရုပ်တွေ၊ ငြိမ်သက်အရုပ်တွေ၊ ဆူညံအရုပ်တွေ၊ ဆိတ်ညံအရုပ်တွေ၊ အဖြူရုပ်တွေ၊ အရောင်ရုပ်တွေ၊ လောကနှင့် အချိုးညီညီ နားလည်ဖို့ စူးစမ်းရင်း သင်ကြားနေတာပဲဖြစ်လိမ့်မည်။ လေးလေးနက်နက်တော့ မဟုတ်နိုင်။ ကျွန်တော်တို့ မြက်ခင်းပေါ် နှင်းလျှောက်သလို ကောက်ရိုးပုံပေါ် လှဲချလိုက်သလို ပေါ့ပေါ့ပါးပါး ထိတွေ့မှုမျိုးလောက်သာ ဖြစ်လိမ့်မည်။

ခုတလောတော့ သမီးက ကျွန်တော့်မျက်မှန်ကို ဆွဲဆွဲချွတ်နေပြန်သည်။ မျက်မှန်သည် သမီးအတွက် အရုပ်ကလေးဖြစ်နေပုံရသည်။ ကျွန်တော် ချီလိုက်သည်နှင့် မျက်မှန်ကို ချွတ်သည်။ မျက်မှန်မပါသည့် ကျွန်တော့်မျက်လုံးတွေကို စူးစမ်းသည်။ ဘယ်လိုပါလိမ့်၊ မအေ့မျက်မှန်ကို ချွတ်သည်။ စာရွက်တွေဖြလာသည်။ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေကို ဖြဲဆုတ်လာခဲ့သည်။ 'ရွှေပြည်တော်မျှော်တိုင်းဝေး' စာအုပ်သည်ပင် အဖုံးမရှိတော့။ မန္တလေးမှာ 'တစ်ခါက ရောဝတီ' ရုပ်ရှင်ကား Press Show လာပြသည့် မင်းသား ကိုလွင်မိုး၏ မျက်မှန်ကို ချွတ်သည်။ အိမ်ရောက်လာသည့် ဒါရိုက်တာ မိုးပွား၏ မျက်မှန်ကို ချွတ်သည်။ ဘုရားကြီးရောက်တော့ ဆရာမ မေမောင်၏ မျက်မှန်ကို ချွတ်သည်။ လှုထုတိုက် ရောက်တော့ ဆရာညီစေမင်း၏ မျက်မှန်ကို ချွတ်ချင်နေသည်။ စာအုပ်များ၊ မျက်မှန်များသည် သမီး၏ အရုပ်တွေ ဖြစ်နေပြန်ပါကော။

ကလေးများ၏ စူးစမ်းသော အာရုံကျမှုက တိုတောင်းတတ်သဖြင့် Short attention span လို့ သုံးကြသည်။ ဘယ်အရာကိုမှ ကြာကြာခံစားတာမျိုး မရှိ။ ကလေးတွေမှာ အာရုံထွေပြားစရာများလွန်းလှသောကြောင့် ဖြစ်သည်။ မိဘနှစ်ပါးကို အရုပ်လိုသဘောထားကာကတော့ တစ်သက်လုံးစာဖြစ်လိမ့်မည်။ ကျွန်တော်တို့ ဖနီးမောင်နှံသည်ပင် သမီးအတွက် အရုပ်နှစ်ရုပ်ဖြစ်နေတာကြာပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အနှစ်သက်ဆုံး အိမ်မွေးတိရစ္ဆာန်ကလေး တစ်ကောင်အကြောင်း စာစီကုံးပါ

ကျွန်တော်သည် ပင်ကိုအားဖြင့် တိရစ္ဆာန်ကလေးများကို ချစ်တတ်သူဖြစ်သည်။ ခွေးကလေး၊ ကြောင်ကလေးတွေက အစ၊ ကြက်ကလေး၊ ငှက်ကလေးများအထိ 'ကွေးလွေးနုနယ် သနားဖွယ်' ကလေးတွေကို မေတ္တာစိတ်ဖြင့် ယှဉ်ကာ ချစ်တတ်ခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော် မှတ်မိသလောက်တော့ ကျွန်တော်တို့ ငယ်ငယ်က အိမ်မှာ ကြောင်မွေးတာမျိုး မရှိခဲ့သော်ငြား ခွေးနှစ်ကောင် မွေးခဲ့ဖူးတာ သတိရသည်။ တစ်ကောင်မှာ အဖေ စေတုတ္တရာချင်းရွာတွေ ရောက်စဉ်က ဝယ်ခဲ့သည်ဆိုသော ခွေးကလေးတစ်ကောင်ဖြစ်သည်။ ကျွန်တော်တို့ အိမ်ကို ရောက်လာစက မွေးပွပွ ဝလုံးလုံးကလေးဖြစ်သည်။ အဖေက 'ဘော်ဘီ' လို့ အမည်ပေးသည်။ ကျွန်တော်တို့ ခြံဝင်းကျယ်ကြီးထဲမှာ မောင်နှမတွေ ဆော့ကြကစားကြသည့်အခါ ဘော်ဘီကလည်း မောင်နှမရင်းချာပမာပင် ဝင်ကစားတတ်သည်။ ကျွန်တော်တို့ ပျော်နေကြတာ၊ အော်ဟစ်ရယ်မောရှိကြတာကို သူက သိပုံပေါ်သည်။ ကျွန်တော်တို့ အပျော်တွေ ကူးစက်ကာ တောင်စဉ်ရေမရ လျှောက်ပြေးရင်း ရှူးကြောင်မူးကြောင် လုပ်နေတတ်သည်။ တစ်ယောက်ယောက်က ကစားရင်း 'ဘော်ဘီက ငါတို့ဘက်က' လို့ အော်လိုက်လျှင် သူ့အမည်ကို နားကျက်မိနေသည့် ဘော်ဘီက အော်သူ့ထံပြေးကာ ပါးလျက်နားလျက် လုပ်တော့သည်။ 'ငါ နင့်ဘက်ကနော်' ဆိုသည့်ပုံ။ ကျွန်တော်တို့ ကျောင်းသွားသည့် အချိန်မှာတော့ ဘော်ဘီက ခြံဝအထိ လိုက်ပို့တတ်သည်။ ပြီးတော့မှ ညှိုးငယ်သော မျက်နှာဖြင့် အဝေးကို ထွက်ခွာသွားကြသည့် ကျွန်တော်တို့ကို ငေးနေရတတ်သည်။





'ကျောင်းဆိုတာကတော့ ငါနဲ့ မဆိုင်ပါဘူးဟယ်။ နင်တို့ လူ့ကိစ္စပါ။ မြန်မြန်တော့ ပြန်ခဲ့ကြနော်' ဆိုသည့် သူ့မျက်လုံးထဲက အရိပ်တွေကို ကျွန်တော်တို့ အားလုံးနားလည်ကြတော့ ကျွန်တော်တို့ပါ မနက်တိုင်း စိတ်မကောင်းဖြစ်ကြရသည်။ ကျွန်တော်တို့ ဝေးသွားတော့မှ တအီအီအော်ရင်း အမြီးကလေး နန့်ကာ နန့်ကာ ခြံထဲ ပြန်ပြေးတတ်သည်။

'ဘော်ဘီ့ကို ကျောင်းထားလို့ရရင် ကောင်းမှာနော်'

ကျွန်တော့်နှမကလေးက မိန်းကလေးပီပီ အလွမ်းလက်စ မသိမ်းနိုင်၊ သူ့ဆန္ဒကို ရင်ဖွင့်သည်။ ကျွန်တော်တို့ကလည်း ကလေးပီပီ ဘော်ဘီ့ကို ကျောင်းထားလျှင် စာတတ်လိမ့်မည်ဟု ထင်ခဲ့ကြသည်။ ဘော်ဘီက ကျွန်တော်တို့ကို ခေါင်းရင်းက ထိုင်ရင်း ညည်းသံပေးရင်း မနက်ခင်းတိုင်းမှာ နှိုးတတ်သည်။ မရလျှင် သူ့ရှေ့လက်များနှင့် ကျွန်တော်တို့ ရင်ဘတ်ပေါ်ဖိကာ နှိုးတတ်သည်။ တုတ်ချောင်းကလေးတွေ ပစ်ပေးလျှင်တော့ ချက်ချင်းထပြေးကာ နှုတ်သီးဖြင့် ကိုက်ချီလာတတ်သည်။ ဘောလုံးလို သူမကိုက်နိုင်သည့် ပစ္စည်းများဆိုလျှင်တော့ ဘာမှမတတ်နိုင်ပါဆိုသည့်ပုံဖြင့် ငုတ်တုတ်ထိုင်ရင်း ကြည့်နေတတ်သည်။ ညဘက် အိမ်ဝိုင်းထဲ လူစိမ်းရောက်နေသည်ဆိုလျှင်တော့ အိမ်ကို ပတ်ပြေးနေရင်းက စူးစူးဝါးဝါးဟောင်သည်။ အဖေက 'ငါ့သားသမီးတွေထက်တောင် စိတ်ချရသေးတယ်' ဟု ပြောသည်ဆိုလျှင်ပင် ကျွန်တော်တို့က ဘော်ဘီ့အတွက် ဂုဏ်ယူရတာ ပိုသေးသည်။

'ကျောင်းထားရင်တော့ ရမှာပေါ့ဟာ၊ သည်ကောင် အပိုင်းဂဏန်းတွေ ကျရင် နားလည်မှာ မဟုတ်ဘူး'

အပိုင်းဂဏန်းတွေမှာ ညံ့တတ်သော ကျွန်တော်က အဲသလိုပြောလျှင် နှမကလေးသည်ပင် တွေသွားတတ်တာလည်း ကျွန်တော် မှတ်မိနေသည်။ တစ်ယောက်က 'အလီ' တွေ ဘယ်လိုကျက်မလဲလို့ ထောက်သည်။ တစ်ယောက်က ပြည်နဲ့ ရန်ကုန်ကြားက ရထားလမ်းဘူတာတွေ ဘယ်လို ရွတ်ပြမလဲလို့ စွက်သည်။ ကျွန်တော့်ထက် တစ်နှစ်လောက်ကြီးသည့် အစ်ကိုဝမ်းကွဲကတော့ ကျွန်တော်တို့ မျှော်လင့်မထားသည့် စကားကို ဆိုလေသည်။

'ကျောင်းအုပ်ဆရာကြီး ဦးဘကလေးတော့ ဘော်ဘီလည်း ကြောက်မှာပဲ'

ကျွန်တော်တို့ မောင်နှမတွေ အတန်းချင်းမတူကြလို့ စာချင်း မတူရင်သာရှိမည်။ ကျောင်းအုပ်ဆရာကြီး ဦးဘကလေးကို ကြောက်ရာမှာတော့ ဘုံခံစားမှု ရှိကြသူတွေချည်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘော်ဘီသေတာကတော့ ကြေကွဲစရာကောင်းလှသည်။ ထိုစဉ်က ကျွန်တော်တို့ရွာမှာ မော်တော်ကားဆိုလို့ တစ်စီးတည်းသာ ရှိသည်။ ထိုတစ်စင်းတည်းသော ကားမှာ ဆေးနီတွေ ပိန်းနေအောင် သုတ်ထားသည့် သုံးဘီးမီးသတ်ကားသေးသေးကလေးဖြစ်၍ ဘယ်တုန်းကမှ စက်နိုးနေတာမျိုးမရှိ။ ရွာဆိုတာ စာသင်ကျောင်း ရှိရတယ်။ ရဲကင်းဂိတ် ရှိရတယ်။ ဆေးပေးခန်း ရှိရတယ်ဆိုတာထက် မီးသတ်ကားရှိရတယ်ဆိုတာ အသားယူ ဂုဏ်လုပ်တတ်သော ကျွန်တော့်အဘိုးက အနီးအနားရွာတွေက အလည်လာတတ်ကြသော ဧည့်သည်တွေကို ကြွားနေကျ ရွာ့ကျက်သရေ ကားကလေးဖြစ်သည်။ ဧည့်သည်တွေက 'ခင်ဗျား မီးသတ်ကား ကလည်း အိပ်နေတာများလှပါကော' လို့ဆိုလျှင် အဘိုးက 'ရော်ဗျာ၊ မီးသတ်ကားဆိုတာ အလုပ်ရှုပ်ကောင်းတာ မဟုတ်ဘူးဗျ' လို့ ပြန်ချေပတတ်သည်။ တစ်ရက်တော့ ထိုသုံးဘီးမီးသတ်ကားကလေး စက်နိုးသွားသည်။ ပြင်ကြ၊ နှိုးကြရင်းက နိုးသွားခြင်းဖြစ်ရာ ဒါကိုပဲ ဂရိတ်ဦးဖိုးစိန်ရွာကို လာတာထက် ဝမ်းသာကြလေသည်။ မီးသတ်ကား စက်နိုးလို့တဲ့ဆိုသည့်သတင်းက လကမ္ဘာပေါ် လူခြေချသည့်နှယ် အုတ်အာသရဲရှိလေသည်။ ထိုကားလေး ရွာကို ပတ်မောင်းဆိုက်မှာပဲ ဘော်ဘီက ဘုမသိ ဘမသိလိုက်ပြေးလိုက်ရင်း ကားတိုက်မိခြင်း ဖြစ်သည်။ ဘော်ဘီသေတော့ ကျွန်တော်တို့အားလုံး ထမင်းမစားနိုင်ကြ။ ကျောင်းသွားချိန်တိုင်း ကျွန်တော်တို့ ငိုကြရသည်။

ကျွန်တော်တို့အိမ်ကို ဒုတိယရောက်လာသည့် ခွေးကလေးကတော့ 'ဂျက်ကီ' ဖြစ်သည်။ ဦးလေးဖြစ်သူက ရွှေစက်တော်ဘုရားက ဝယ်လာခြင်းဖြစ်ပြီး အရက်ဖိုးပြတ်တော့ အမေ့ကို ရောင်းသည်။. ဂျက်ကီ ကျွန်တော်တို့ခြံထဲ ရောက်လာချိန်မှာတော့ ကျွန်တော်တို့ မောင်နှမတွေ ငါးတန်း၊ ခြောက်တန်း ရောက်ကြပြီ။ ချစ်စနိုးတွယ်တာရသော သံယောဇဉ်ဆိုတာထက် အိမ်၏ အဆင်တန်ဆာလိုလို ခံစားမှုကလေးတွေလောက်သာ ရှိကြသည်။ ဂျက်ကီက အယ်လ်ဖေးရှင်းခွေး တစ်ကောင်နှင့်တူပြီး ထောင်ထောင်မောင်းမောင်း အဟန့်ကောင်းကောင်းကြီး ဖြစ်သည်။ အမေကတော့ ဂျက်ကီ့ကို ချစ်ပုံရသည်။ ကျွန်တော်တို့ကိုပင် နယ်ဖတ်မကျွေးသည့် အမေက ဂျက်ကီ့ကို ခွေးစာကိုတော့ လောလောနယ်နယ်ပြုတတ်သည်။ ကျွန်တော်တို့ကျတော့ ထမင်းနယ်မကျွေးဘူးဆိုတော့ အမေက နင်တို့က ခွေးမို့လို့လားဟုဆိုလေရာ ကျွန်တော်တို့မှာ ဘာမှ ပြန်မပြောသာ။ ဂျက်ကီ့ကို အမေချစ်တာ အပြစ်မဆိုသာပါ။ ဂျက်ကီက လက်ဖက်ရည် ဝယ်တတ်သည်။ အိမ်နှင့် ဝေးသော ဦးဘန်ဟင်းလက်ဖက်ရည်ဆိုင်ကို





တစ်လုံးချိုင့်ထဲ ပိုက်ဆံ တစ်မတ်စေ့ ထည့်လိုက်ပြီး ချိုင့်ကိုင်းကို ပါးစပ်ထဲ ထည့်ပေးလိုက်ခြင်းဖြင့် လက်ဖက်ရည်ဝယ်လွှတ်တတ်သည်။ ဦးဘန်ဟင်းက မတ်စေ့ကို နှိုက်ယူပြီး ချိုင့်ထဲကို လက်ဖက်ရည်ဖျော်ထည့်၊ အဖုံးပိတ်ပြီး ချိုင့်ကိုင်းကို ခွေးပါးစပ်ထဲ ပြန်ချိတ်ပေးလိုက်ရုံ။ အိမ်ရောက်တော့ အမေက တစ်ဝက်သောက်သည်။ ပိုတာ ကလေးက ဂျက်ကီ့ဖို့ဟုဆိုတတ်သည်။ ကျွန်တော်တို့ဖို့ မပါ။

ဒါပါပဲ။ သည်ခွေးနှစ်ကောင် တစ်ခါက ရှိခဲ့ဖူးတာကလွဲလျှင် ကျွန်တော်တို့အိမ်မှာ ကြောင်မရှိ။ ငှက်မရှိ။ ကြွက်ကလေး ပုးကလေးပင် မရှိ။ အထူးသဖြင့် ငှက်ကလေးတွေကို လှောင်အိမ်ထဲ ထည့်မွေးတာကို အမေ အင်မတန် စက်ဆုပ်သည်။ တစ်ခါက ခြေတစ်ဖက်ကျိုးသွားသည့် ကြွက်တူရွေးကလေးတစ်ကောင် ကျွန်တော် ရလာခဲ့ဖူးသည်။ လေးခွမှန်ထားပုံရသည့် ကြက်တူရွေးကလေးက ကျွန်တော်တို့အိမ်ဘေးက 'အလိုလေး' ချုံပင်ခေါ်ကြသည့် ချုံစပ်ထဲ ဝင်တိုးနေတာတွေ့လို့ ကျွန်တော် အလွယ်တကူ ကောက်ယူလာနိုင်ခြင်းဖြစ်သည်။ အမေက သနားလွန်းလို့ စုတ်တသပ်သပ်။ အမေက ကျွန်တော်တို့ကို လေးခွမကိုင်နိုင်းတာကိုလည်း ကျွန်တော် မှတ်မိနေသည်။ လေးခွတစ်ချောင်း အိမ်မှာတွေ့လျှင် အမေ စိတ်ဆိုးနေတတ်သည်။ လေးခွကို ဓားနှင့်ထက်ခြမ်းခွဲပစ်တတ်သည်။ ကျွန်တော် ကောက်ရလာသည့် ကြက်တူရွေးကလေးကို အမေ ဆေးကုပေးသည်။ ငှက်ခြေဆစ်ကို နန္ဒင်းတွေ ပျစ်ပျစ်လိမ်းကာ ပတ်တီးကလေး မတင်းမလျော့ စည်းပေးသည်။ အမေ ဈေးသွားလျှင် ယူသွားတတ်သော သံလက်ဆွဲခြင်းထဲ ထည့်ကာ အဝတ်ကလေးအပေါ်က အုပ်ရင်း ရေနှင့် အစာကျွေးသည်။ အနာကို ဖန်ဆေး ဆေးထည့်၊ ကြက်တူရွေးကလေး ခြေနာပျောက်တော့ နှင့်အသက် တစ်ခါလွှတ်၊ ငါ့အသက် ဆယ်ခါလွှတ်လို့ ပါးစပ်က ရွတ်ရင်း မနက်စောစောမှာပဲ လွှတ်ပေးလိုက်သည်။ ကျွန်တော့်မှာတော့ နှမြောလို့မဆုံး။ တစ်ခါတော့ အမေ့ကို ကျွန်တော် မေးကြည့်ဖူးသည်။

'အမေက တိရစ္ဆာန်ကလေးတွေ ဘာဖြစ်လို့ မမွေးတာလဲ'

'မွေးထားသားပဲ သားရဲ့၊ အိမ်ရှေ့က ကုက္ကိုပင်မှာ တောက်တဲ့ကလေးတွေ ရှိတယ်။ ပုတ်သင်ညိုကလေးတွေ ရှိတယ်။ အမေတို့ ခြံတောင်ဘက်က ကန်ကြီးထဲမှာ ငါးရှင်းကလေးတွေ ရှိတယ်။ မိုးလင်းတော့ ကျီးကန်းတွေ၊ စာတွေ အိမ်ခေါင်မိုးလာနားကြတာ သားမတွေ့ဘူးလား။ ရှဉ့်ကလေးတွေ၊ ကင်းလိပ်ချောကလေးတွေလည်း ရှိတာပဲ။ အိမ်မြှောင်ကလေးတွေတောင် ရှိသေးတယ်'

'ဒါ ပြောတာမဟုတ်ဘူး အမေရဲ့ အမေပြောတာတွေက ကျွန်တော်နဲ့ မနီးတာ'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါနီးတာပေါ့ သားရဲ့၊ လှောင်ထားတာကမှ ဝေးတာ'

ကျွန်တော် နားမလည်ပါ။ နောင်မှာတော့ ငှက်ကလေးတွေကို လှောင်မထားရက်သော လေးစားဖွယ်ခံစားမှုမျိုး ကျွန်တော့်မှာ ရှိလာပါသည်။ သပိတ်လွယ်ငှက်ကလေးများ၊ ချိုးကလေးများ၊ မိုးဆွေငှက်ကလေးများ၊ ငှက်တော်ကလေးများ၊ မြေလူးငှက်ကလေးများကို ကျွန်တော် ချစ်ခင်တတ်လာခဲ့သည်။ စာရေးဆရာ ဟားရိုးလ်ဒ်ရစ်ဂ်ဘီက သူနှင့် သပိတ်လွယ်ငှက်ကလေးအကြောင်း ရေးထားသည့် A Friendly And Intelligent Robin ကို ဖတ်ရသည့်အခါမှာတော့ လူနှင့် ငှက်၏ သံယောဇဉ်ကို ခံစားရသည်။

*'ငှက်ကလေးက ကျွန်တော့်ဒူးပေါ်မှာ နားပြီး ကျွန်တော်ကျွေးတာ စားနေကျ။ ဒါပေမယ့် မိုးမှ ချုပ်ပြီဆိုရင်တော့ ကျွန်တော့်ဒူးပေါ် မနားတော့ဘူး။ မိုးချုပ်ခါနီးပြီဆိုရင် ငှက်ကလေးက ကသုတ်ကရက် သိပ်နိုင်တာပဲလို့ ကျွန်တော် သတိထားမိတယ်။ ကျွန်တော် ချကျွေးတဲ့အစာကို မြင်နိုင်ပါလျက်ကနဲ့ မစားဘဲ ပျံပျံပြေးတာပဲ။ မနက်ခင်း နေ့လယ်ခင်းတုန်းက ဆက်ဆံပုံမျိုးမဟုတ်တော့ဘူး။ တကယ်တော့ မှောင်စပျိုးချိန်ဟာ ငှက်တစ်ကောင်အတွက် သဘာဝရန်သူရဲ့ တိုက်ခိုက်ဖို့ အကောင်းဆုံးအချိန်ဆိုတာ ငှက်ကလေး သိပုံရတယ်လို့ ကျွန်တော် ကောက်ချက်ချမိရတယ်'*

စာရေးဆရာ အိတ်ချ်ဒဗလျူဂါးရောဒ်ကတော့ ခွေးကလေးတွေ အကြောင်း ရေးဖူးသည်။ သူက ရှေးဟောင်းစာပေတွေထဲမှာ ခွေးသည် မည်သည့်အခါကမျှ မျက်နှာသာပေးမခံရတာကို ရေးခဲ့သည်။ ရေဝတီလူမျိုးတွေက ခွေးကို ရွံရှာကြသတဲ့။ ခေါမတွေကတော့ ခွေးတစ်ကောင်လို ပါးစပ်ကြီးဟရင်း မြို့ထဲ ပြေးတယ်လို့ တင်စားတတ်ကြတာလည်း ရှိသည်။ အမဲလိုက်ခြင်းဟူသော ရည်ရွယ်ချက် ကြီးကြီးမားမားကလွဲလျှင် အကျင့်ပျက်သူများသာ ခွေးမွေးကြသည်လို့ ဟိုးမားက ရေးဖူးသည်။ အကျင့်ပျက်သူ သူကြွယ်တို့ အလှထားရန်အလို့ငှာ စက်ဆုပ်စရာကောင်းသည့်ခွေးကို မွေးကြသည်လည်း ရှိ၏ဟု ရက်ရက်စက်စက် ရေးသည်လည်း ရှိ၏။

ခွေးကို တကယ် အသည်းပေါက်အောင် ချစ်ခင်သူတွေကို ကျွန်တော် တွေ့ဖူးသည်။ ကျွန်တော် ဝန်ထမ်းဘဝက ကျွန်တော့်အထက်အရာရှိ ဇနီးမောင်နှံ နှစ်ဦးစလုံး ခွေးချစ်ကြသူများဖြစ်သည်။ သားသမီးမရှိတော့လည်း ခွေးနှစ်ကောင်ကို သံယောဇဉ်ကြီးကြရာသည်။ ပြီးတော့ မျိုးကောင်း ရိုးကောင်း ဈေးကြီးကြီး အသားကျွေး၊ ငါးကျွေး ခွေးမျိုးမဟုတ်ဘဲ သာမန်လမ်းပေါ်က ခွေးနှစ်ကောင်ကို မွေးထားကြသူများဖြစ်သည်။ တစ်ကောင်က ခွေးမည်းဆိုတော့





'နက်မှောင်'။ တစ်ကောင်က တိမ်မျက်လုံးတစ်ဖက်ပါသဖြင့် 'တိမ်တစ်လုံး'။ နက်မှောင်က ဆရာကတော့်အချစ်တော်၊ အိမ်နေ့၊ တိမ်တစ်လုံးက ဆရာ့အချစ်တော်။ ဆရာ့နောက် တကောက်ကောက်၊ ဆရာက ရုံးမှာ စားပွဲထိုင်တော့ တိမ်တစ်လုံးက စားပွဲအောက်ဝပ်လျက် အသင့်။ ဆရာ စက်ရုံထဲ လျှောက်လှည့်တော့ တိမ်တစ်လုံးက ရှေ့က။ တွေ့ကရာနေရာ ကျင်ငယ်စွန့်။ တစ်ခါတော့ ဆရာက ရုံးစားပွဲမှာထိုင်ရင်း ကျွန်တော့်ကို လုပ်ငန်းပေါ့လျော့မှုအတွက် ကြိမ်းသည်။

'မင်း မေးလိုက်ရင် မရှိတာချည်းပဲ။ မင်းလွှဲထားတဲ့ကောင်က တလွဲလုပ်တော့ မင်းလည်း တာဝန်ရှိတယ်ဆိုတာ မှတ်ထား။ ဘာလဲ မင်းက'

ဆရာ့အသံကျယ်လာလေ ဆရာ့စားပွဲအောက်က တိမ်တစ်လုံးက ကျွန်တော့်ခြေကျင်းဝတ်ကို လှမ်းခဲလေ။ ဆရာက များများကြိမ်းတော့ တိမ်တစ်လုံးကလည်း များများခဲလေသည်။ ကိုက်တာတော့ မဟုတ်၊ ငုံခဲထားခြင်းဖြစ်ရာ ဆရာကြိမ်းတာ မကြောက်ရဘဲ တိမ်တစ်လုံးခဲထားတာကို ချွေးပြန်နေရသည်။

'နားထောင်မှပေါ့ ငါ့တပည့်ရဲ့၊ လုပ်သက်လည်း မနည်းတော့ဘူး။ အလုပ်ကို လေးစားမှပေါ့'

ဆရာ့လေက ပျော့သွားတော့ အောက်က တိမ်တစ်လုံးကလည်း ခြေကျင်းဝတ်ကို ခဲတာ ထစ်ထစ်လျော့လေ၏။ ဆရာက တခြားအကြောင်းအရာရောက်သွားလို့ အားပါးတရ ရယ်မောသည့်အခါ တိမ်တစ်လုံးက ခြေကျင်းဝတ်ကို ငုံခဲထားရာက လုံးဝလွှတ်လိုက်ပြီ။ တစ်ခါ ဆရာက တစ်ခုခု သတိရလို့ ကြိမ်းပြန်တော့ ခြေကျင်းဝတ်ကို လှမ်းခဲပြန်လေသည်။

ဆရာကတော့်အချစ်တော် နက်မှောင်ကတော့ ကျွန်တော်တို့နှင့် အနေဝေးသည်။ တစ်ခါတော့ ဆရာကတော် အလုပ်ခွင်ထဲလိုက်လာကာ သူ့ခင်ပွန်း (ကျွန်တော့်ဆရာ)ကို ရှာသည်။ ဆရာက မြို့ထဲ တာဝန်နှင့် ထွက်သွားတာသိတော့ ကျွန်တော့်ကို ရှာသည်။ ကျွန်တော် ဆရာကတော့်ရှေ့ရောက်တော့ ဆရာကတော်က ကျူကျူပါအောင် ငိုလေသည်

'နေဝင်းမြင့်ရေ မင်းသူငယ်ချင်း ကိုနက် ညကဆုံးတယ်။ အန်တီလည်း မနက်ကမှ ကိုယ်ကလေးစမ်းကြည့်လို့ အေးစက်နေမှ သိတယ်။ အန်တီတော့ ပရာမြေလူးပဲကွယ်၊ အဲဒါ အလောင်းမြေကျဖို့ စီမံပေးဦး'

ကျွန်တော့်သူငယ်ချင်းတဲ့။ ကိုနက်တဲ့။ အလောင်းမြေကျရေးတဲ့။ ကျွန်တော် နားမလည်ပါ။ ကိုနက်ဆိုတာ ဘယ်သူပါလိမ့်။ ကျွန်တော့်သူငယ်ချင်းဆိုတော့ ပိုလို့ပင် အတွေးရကျပ်နေသည်။ သည်တော့ ဖွင့်မေးရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းနယ်ကွယ်၊ ကိုနက်လေကွယ်၊ နက်မှောင်လေ'

ပခုံးကိုသာ တွန့်ရလေသည်။ ဤသို့ဖြင့် ခွေးသေကို ကြိုးနှင့်ဆွဲကာ ခပ်ဝေးဝေးချောက်ထဲ ပစ်ချပေးခြင်းအားဖြင့် ကိုနက်၏ အလောင်းမြေကျရေးကို ကျွန်တော် ယူခဲ့ရဖူးသည်။

နောက်တစ်ဦးကလည်း ဝန်ထမ်းရိပ်သာထဲမှာ အတူနေခဲ့သည့် စက်ရုံဆေးခန်းက အပြာဝတ်သူနာပြုဆရာမကြီး တစ်ဦးဖြစ်သည်။ ပင်စင်သွားခါနီးသည့်တိုင် အရွယ်နှင့်မမျှ ခွေးအုပ်ကြီးတစ်အုပ်ဖြင့် သွားလာနေတတ်သူဖြစ်သည်။ ဆေးခန်းသွားတော့လည်း ခွေးတွေ။ ဈေးသွားတော့လည်း ခွေးတွေ။ သာရေးနာရေး သွားတော့လည်း ခွေးတွေ။ သွားလေရာ ဝံပုလွေအုပ်ကြီး တစ်အုပ်လို ရှေ့ကပန်း၊ နောက်ကချန်၊ ဘယ်ဘက်ဘေးက ရံ ညာဘက်ဘေးက ဗိုင်း။ ဆရာမကြီး သွားလေရာ ခွေးလှိုင်းကြီး ထလေသည်။ ဆရာမကြီး အခန်းကို အလုပ်ကိစ္စနှင့် သွားကြရသူတိုင်း ကြမ်းပေါ်ထိုင်ကြရသည်။ ခွေးစော်တွေက တစ်ခန်းလုံး မွှန်နေတတ်သည်။ ညှီသည်လာတာ မြင်သည်နှင့် သားကောင်တွေ့သော တောခွေးများနှယ် အူသံကြီးပြုကာ ဟိန်းကြလေသည်။ ပြီးတော့မှ အနားက ဆက်တီခုံပေါ် အသီးသီး အသက အသက ရွှေ့ခန့်ခန့်တက်ကြလေ၏။

'ကိုင်း ကိုင်း လိုရင်းပြော၊ မင်းက ရှီးရှီးလာမှပေါ့ကွဲ့။ ငါ့သားတွေက မျက်စိနောက်တာပေါ့'

အိမ်မွေးတိရစ္ဆာန်ကလေးတွေကို လွန်လွန်ကဲကဲ ချစ်ကြသူတွေကို မြင်ဖူးကြပါလိမ့်မည်။ သူတို့၏ ချစ်ခြင်းမေတ္တာသည် အံ့ဩစရာကောင်းလောက်အောင် ကြီးမားနေတတ်ကြသည်။ ပတ်ဝန်းကျင်နှင့် မည်သည့်အခါကမှ အစေးမကပ်သော ကြီးတော်စောဆိုသည့် အမျိုးသမီးကြီးက သူမွေးထားသည့် မျောက်ကလေးကို ကျတော့ အနွံအတာခံလှသည်။ ကျွန်တော်တို့ အခန်းဘေးက အမျိုးသမီးကြီး တစ်ယောက်ကတော့ သူ့စကားကို သာလိကာ စကားလုပ်တတ်သည်။

'သားရေ ပြောလိုက်ပါဦး၊ စာရေးဆရာကြီး နေကောင်းလားလို့'

'ဂိ ဂိ'

'ကြားလား သားက ပြောတာ ပီလိုက်တာနော်'

'ဟုတ်ပ အန်တီရာ၊ နောက်ဆို ပြင်သစ်လိုတောင် ပြောတတ်မယ်ထင်တယ်'

'သိုင်းကျူး ဒီသားက အင်တဲလီးဂျင့်စ် သိပ်ကောင်းတယ်။ ပြောတတ်မှာပဲ။ သားရေ နှုတ်ဆက်လိုက်ပါဦး၊ ဂွတ်ဒ်ဘိုင်အန်ကယ်လ်လို့'





'ဂိ ဂိ'

အဲဒါမျိုးလည်း တွေ့ဖူးသည်။ တချို့က ထူးထူးဆန်းဆန်း မြွေတွေကို ချစ်သည်။ တချို့က ကျားသစ်ကလေးတွေ။ တချို့က မိကျောင်း၊ သိမ်းငှက်ကြီးတွေ ပခုံးတင်ကာ လမ်းသလားကြသူတွေလည်း ရှိသည်။ တချို့ကတော့ ငှက်ကလေးမျိုးစုံ၏ ကျီကျီကျာကျာ အသံညံနေပါမှ။ ကျွန်တော်ကတော့ တိရစ္ဆာန်ကလေးတွေကို ချစ်တာ၊ နားလည်နိုင်ပါသည်။ တိရစ္ဆာန်ကလေးတွေဘက်က ကြည့်လျှင် လူသည် သူ့အတွက် ကြီးမားလွန်းနေသည်။ အရပ်ကြီးတွေ မိုးထိုးနေသည့် သတ္တဝါကြီးတွေလို့ ထင်ကောင်း ထင်ကြမည်။ လက်ဆန့်ခြေဆန့်ကြီးတွေက ရှည်လွန်းလှသူတွေလို့ ထင်ချင်လည်း ထင်နိုင်သည်။ လူတို့၏ ချုပ်တည်းစိတ်နှင့် ဖြောင်ကျကျ မဖွင့်ဟတတ်သော မြို့စိတ်ကို သူတို့က မိုးသားဖြောင့်မတ်ခြင်းဟု ထင်ချင်လည်း ထင်မည်။ လူတွေကို ငါတို့မနိုင်တော့တဲ့ အတူတူ အချစ်ခံရတာကမှ ကောင်းသေးတယ်လို့ ထင်ကြတာကော မဖြစ်နိုင်ဘူးလား။ တကယ်တော့ လူနှင့် တိရစ္ဆာန်ကလေးတွေကြားမှာ ကြောက်စိတ်ကင်းသော မေတ္တာသာလျှင် ရှိလိမ့်မည်ထင်သည်။ လူဘက်က ကြည့်လျှင်တော့ အထီးကျန်ခြင်းကို တိရစ္ဆာန်ကလေးများနှင့် နွေးထွေးမှု ရယူခြင်းဖြစ်နိုင်သည်။ ဆရာကြီး ရွှေဥဒေါင်းက သူ၏ တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ စာအုပ်တွင် သူကိုယ်တိုင် သံယောဇဉ်ဖြစ်ရသော အိမ်မွေးခွေးကလေးများ အကြောင်း တဖွဲ့တနွဲ့ ရေးခဲ့သည်။

'၁၉၄၉ ခုနှစ် အောက်တိုဘာလ၌ ခွေးကလေး ဘော်ဘီသေဆုံးရာ ကျွန်ုပ်တို့ တစ်အိမ်လုံး ချုံးချုံးချ၍ ငိုကြရသည်။ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ ဂုဏ်ရှိသော မရှိသော၊ ကြီးသော ငယ်သော၊ တန်ဖိုးရှိသော မရှိသော အကြောင်းမဟုတ်'

ဆရာကြီး ရွှေဥဒေါင်း၏ သဘောထားဖြစ်သည်။ ဆရာကြီးက သူ၏ဘဝ၌ အမှတ်ထင်ထင်ရှိခဲ့သော ဘော်ဘီ၊ မဂ္ဂီ၊ တိုင်နီ၊ ဂျူဒီ၊ ကြွက်စုတ်ကလေး ချမ်းသာစသည့် ခွေးကလေးတွေအကြောင်း ရေးခဲ့သည်။ ဆရာကြီးက တစ်နေရာမှာ 'ခွေးများသည် ကျွန်ုပ်တို့အပေါ်၌ သစ္စာရှိခြင်း၊ အနွံအနာခံခြင်း၊ ချောက်မတွန်းတတ်ခြင်းအကြောင်းကို ကျွန်ုပ်သိသော်လည်း သူတို့အပေါ်၌ သံယောဇဉ်ငြိတွယ်ခြင်းကြောင့် ဒုက္ခရောက်တတ်ခြင်းကိုလည်း နားလည်ပြီးဖြစ်၍' ဟု ရေးခဲ့သော်လည်း တစ်နေရာမှာတော့ 'ကျွန်ုပ်အား ခွေးချစ်တတ်သူဆို၍ ခွေးဘဝမှ လာလေသလောဟု ပြောကြလျှင် ကျွန်ုပ်စိတ်ဆိုးလိမ့်မည် မဟုတ်ပါ' ဟု ရေးခဲ့သည်။ ဆရာကြီးက ခွေးကို ဝမ်းချျပေးသည်။ ကာအော်လိပ်



www.burmeseclassic.com

www.burmeseclassic.com



ဆပ်ပြာနှင့် ရေချိုးပေးသည်။ ခွေးကို ခေါင်းအုံးအိပ်သည်။ ခွေးကလေးအိပ်ဖို့ ခြေဆင်းပေးသည်။ ခွေးများနှင့် သံယောဇဉ်တွယ်ရပုံကို ရေးပြသည်ကပင် လွမ်းလောက်စရာ မေတ္တာဖွဲ့ဖြစ်သည်။

အက်ဆေးဆရာ Hilaire Belloc က သူ၏ အက်ဆေး 'ကြောင်တစ်ကောင်နှင့် စကားပြောခြင်း' မှာ ထိုလွမ်းလောက်စရာ မေတ္တာဖွဲ့နှင့် ပတ်သက်၍ ရေးခဲ့တာရှိပါသည်။

'အနှစ်သာရကင်းမဲ့၍ ဟာလာဟင်းလင်းဖြစ်နေသော လောကကြီးထဲမှနေ၍ ကျောက်ချအမြစ်တွယ်ထားသကဲ့သို့ရှိသော မေတ္တာတရားသည် ဖူးပွင့်ဝေဆာလာသည်ဟု ကျွန်တော် ထင်လိုက်ပါသည်။ ဟာလာဟင်းလင်းဖြစ်နေသော ကျွန်တော့်စိတ်တွင်လည်း မေတ္တာတရားသည် ပေါက်ဖွားလာသည်ဟု ကျွန်တော် ထင်လိုက်ပါသည်။ တစ်ခါက ကျွန်တော့်တွင် ကာလရှည်ကြာစွာ စွဲနေခဲ့သော အဆိုးမြင်တို့သည် ပျောက်ကွယ်သွားကာ လူ့ဘဝကို အသစ်အမြင်ဖြင့် ပြန်၍ မြင်ခဲ့ပါသည်။ လူ့ဘဝကို ခုံမင်တွယ်တာလာပါသည်။ မေတ္တာတည်းဟူသော ကွင်းဆက်သစ်ဖြင့် လူများကို ခေါင်းနင်းဆင်းညီအစ်ကိုသဖွယ် တွယ်တာရမှန်း သိလာရပါသည်။ ကျွန်တော်တို့အားလုံးသည် တန်ခိုးရှင်များ၏ ကစားစရာပစ္စည်းကလေးများသာ ဖြစ်ကြလျက် ထိုတန်ခိုးရှင်များအနက် အချို့သည် ကောင်းမြတ်၍၊ အချို့သည် ဆိုးယုတ်ကြကြောင်း ကျွန်တော် သိလာပါသည်'

ကျွန်တော်တို့ အိမ်ရှေ့မှာ မနက်တိုင်း ခွေးကျောင်းထွက်ကြသူများကို တွေ့ရလေ့ရှိပါသည်။ တစ်ယောက်ကတော့ လူကလေး ညှက်သလောက် သူ့ခွေးကြီးက ကြီးလွန်းနေသည်။ ခွေး၏ ဝမ်းဗိုက်ကို အကျီလိုလို ပိတ်ချောစဖြင့် ပတ်ထားတာကိုလည်း မြင်နေရသည်။ ခွေးကြီးကို သံကြိုးဖြင့် ဆွဲကာ လမ်းလျှောက်ကျင့် (ခွေးကျောင်း) သည်ဆိုသော်လည်း ခွေး၏ ဆွဲရာကို လူက တရွတ်တိုက်ပါနေရသည်။ ခွေးက လန်းဆန်းနေသလောက် ခွေးရှင်က မောဟိုက်နေတာ မြင်နေရသည်။

မနေ့တစ်နေ့က တောရိုင်းသတ္တဝါတွေကို သတ်ဖြတ်ညှင်းဆဲ နေကြတာတွေ ရုပ်တန်းက ရုပ်ကြဖို့ မေတ္တာရပ်ခံသည့် အစီအစဉ်တွေ ကြိုဟ်တုစလောင်းမှာ မြင်ကြရသည်။ ကမ္ဘာကျော်ရုပ်ရှင်မင်းသားကြီးများက တောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းစောင့်ရှောက်ကြဖို့ တောင်းပန်နေကြသည်။ တောကောင်သား၊ တောကောင်သားရေ၊ တောကောင်ရိုး၊ တောကောင်ချိုတွေ ရောင်းဝယ်ကြသော စီးပွားရေးသမားတွေကို ခင်ဗျားတို့ကမှ မဝယ်ရင် ရောင်းသူ





ကလည်း ရောင်းမယ် မဟုတ်ပါဘူးလို့ စာတမ်းထိုးသည်။ အရုပ်တွေက ပိုက်ကွန်ထဲမှာ မိနေသည့် လိပ်ကြီးများ၊ ဆူးတောင်ကို ခုတ်ပိုင်းခံနေရသည့် ငါးမန်းများ၊ ကျားရိုးများ၊ ကြံချိုများ၊ ဆင်စွယ်များ၊ မြွေအရေခွံများ၊ ဒရယ်သားများ၊ မိကျောင်းသားရေများ၊ ကမ္ဘာလောကသာ လောဘ ဒေါသ မောဟမှ ကင်းစင်လျှင် သတ္တဝါများကို အိမ်တွင်းသွင်းကာ မွေးမြူနေစရာ အကြောင်းမရှိ အမေပြောသလို လှောင်ထားတာကမှ ဝေးသေးသည်။ သဘာဝအတိုင်း လွတ်လပ်နေစေခြင်းကသာ နီးခြင်းဖြစ်သည်။ ခုတော့ အမေပြောတာ တရေးရေး သဘောပေါက်လာခဲ့ပြီ။ တိရစ္ဆာန်မွေးခြင်းသည် ဟိုးမားရှေးသလို အကျင့်ပျက်သူတို့၏ ရွံရှာဖွယ်ကိစ္စမဟုတ်။ ချစ်ခြင်းမေတ္တာကို တစ်နိုင်တမ ရှက်ထားကြခြင်း ဖြစ်သည်။

*Idea* ၂၀၀၄၊ အောက်တိုဘာလ

www.burmeseclassic.com

www.burmeseclassic.com

## ပလေတရိုနှင့် ပန်းပင်များ

ကျွန်တော့်မှာသာ 'ပလေတရို' လို မြည်းမကလေးတစ်ကောင်ရှိလျှင် တခြားဝေးဝေးလံလံကို သွားနေမည်မဟုတ်ဘဲ ကျွန်တော့်ခြံဝင်းထဲမှာသာ လှည့်လည်နေချင်မိပါသည်။ ကျွန်တော့်ခြံဝင်းကလေးထဲမှာ ပွင့်နေကြသည့် ပန်းပွင့်ရောင်စုံများကိုလည်းကောင်း၊ အစာကောက်နေကျ ငှက်ကလေးများကိုလည်းကောင်း မြည်းကလေး ပလေတရိုသာရှိလျှင် ကျွန်တော် လိုက်ပြဖြစ်မည် ထင်ပါသည်။ ခြံဝင်းအပြင်မှာ အလေ့ကျပွင့်ကြသော ခရမ်းနွယ်ပင်၊ ဖျောက်ပွင့်၊ ခရာပြာပန်းရိုင်းများကိုလည်း ကျွန်တော် ပြချင်ပါသည်။

'ကြည့်စမ်းပါ ပလေတရို၊ ဤလမ်းဘေးက ပန်းကလေးများသည်လည်း လှပါဘိ၏၊ သန့်ပါဘိ၏။ သူ့အနားမှာ ကပ်လျက် သွားလာကြသော လူ့အပေါင်းတွင် နွားများလည်း ပါကြ၏။ ဆိတ်များလည်း ပါကြ၏။ မြင်းများလည်း ပါကြ၍၊ လူများလည်း ပါကြပါသည်။ ဤပန်းကလေးသည် နူးညံ့၏။ ပျော့ပျောင်း၏။ အားနည်း၏။ သို့ပါသော်လည်း သူ့အရောင်က တောက်တောက်ပြောင်ပြောင်။ အပြစ်ဆိုစရာ စိုးစဉ်းမျှ မရှိ။ မကောင်းမှုကို သူမပြု။ မဟုတ်မတရားကို သူမကျူး။ ဤ အညတရလမ်းဘေး၌ မားမားမတ်မတ်ရပ်၍ မော့နေပါသည်'

မနက်ခင်းတွေမှာ ကျွန်တော် စောစောကြီး အိပ်ရာက နိုးလေ့ရှိသည်။ ကျွန်တော် နိုးချိန်တွင် ငှက်တွေ မနိုးတတ်ကြသေးပါ။ ကျွန်တော် အိပ်ရာထ နောက်ကျသည့်နေ့တွေမှာတော့ ငှက်ကလေးတွေက ကျွန်တော့်ကို နှိုးကြပါသည်။ ကျွန်တော့်အိပ်ရာကုတင်ကို သူတို့ သိနေကြပါပြီ၊ ဖွင့်ထားသော





ပြတင်းပေါက်တန်းတွေပေါ်မှာ တန်းစီနားနေကြရင်း ဆူညံသော ငှက်သံများကို ပြုကာ ကျွန်တော့်ကို နှိုးကြခြင်းဖြစ်ပါသည်။ ကျွန်တော် အိပ်ရာက နိုးလျှင် တံခါးမကြီးကို ဗုဒ္ဓသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ သုံးကြိမ်ရွတ်၍ ဖွင့်လေ့ရှိပါသည်။ အိမ်ရှင်မနှင့် သမီးကလေးကတော့ သည်အချိန် မနိုးတတ်ကြသေးပါ။

တံခါးမကြီးကို ဖွင့်သံကြားလျှင် ငှက်ကလေးတွေက အုပ်ကြီးသင်းကြီးဖွဲ့ကာ သူတို့၏ စုရပ်မှာ နားလိုက်ကြပါသည်။ သူတို့စုရပ်မှာ ခြံတံခါးကြီး၏ အဝမှာဖြစ်၍ ကျွန်တော် ဆန်လက်တစ်ဆုပ် နှစ်ဆုပ် ကြဲမည့်နေရာအဖြစ် သိနေကြလို့လည်း ဖြစ်နိုင်ပါသည်။ ငှက်တွေဆိုသော်လည်း သဘော်စာဝါကလေးများ၊ စာဝတီးများ၊ စာရင်ပြောက်များ၊ စာဘုန်းကြီးကလေးများသာဖြစ်ပါသည်။ တစ်ခါတစ်ရံ အမြီးကလေးတွေကို ဆတ်ခနဲ ဆတ်ခနဲ ထောင်တတ်ကြသော ပိုးသားရောင် ရေညှောင့်ကလေးများ၊ ချိုးငှက်ကလေးများ ပါလာတတ်သော်လည်း အလာကျဲကြပါသည်။ ကျွန်တော်ကလည်း ရေညှောင့်ကောင်နှင့် ချိုးကလေးများထက် စာလျှင် စာကလေးတွေကို ပိုခင်တွယ်နေမိပါသည်။ စာကလေးတွေ အစာတောင်းကြပုံ၊ စုရုံးကြပုံ၊ တစ်ကောင် တစ်ကောင် လုယက်လုငင်မရှိကြဘဲ စည်းကမ်းတကျ အစာကောက်ကြပုံတွေကို ကျွန်တော် အင်မတန် သဘောကျသည်။ ငှက်ကလေးတွေကို ကြည့်ရတာ ကသုတ်ကရက်မရှိ၊ အာသာငမ်းငမ်းမရှိ၊ မနက်ခင်းတိုင်း ကျွေးနေကျအစာကို ဝတ္တရားရှိလို့ လာရောက်စားသောက်နေကြပုံဖြစ်သည်။ ဖိတ်စာနှင့် ဖိတ်ထားသဖြင့် တလေးတစား လာရောက် စားသောက်နေကြပုံဖြစ်သည်။ နည်းနည်းကလေး နေမြင့်ပြီဆိုလျှင် သူတို့မရှိကြတော့။ သူတို့ သွားနေကျ လယ်ခင်းကိုင်းခင်းတွေဘက်ပဲ သွားကြလေသလား။ ဒါမှမဟုတ် ကျုံရာကျရာ အန္တရာယ်တွေကြားမှာ ကြွက်တစ်စေ့ ငှက်တစ်စေ့ စားနေကြရတာလား၊ ကျွန်တော် ကတော့ အဲသလောက် ရေဆုံးရေဖျားမလိုက်ပါ။

မက်ဆိုပိုတေးမီးယား စစ်မြေပြင်ဟောင်းဆီမှာ မနက်တိုင်း သေဆုံးသတင်းတွေ ကြားနေရသည့် အနိဋ္ဌာရုံသတင်းတွေကို ကျွန်တော့်သောတအာရုံက ကြားနေရသော်လည်း ကျွန်တော့်အမြင်အာရုံမှာတော့ ပန်းပွင့်များနှင့် ငှက်များသာ ရှိပါသည်။ ရေဒီယိုကို သိမ်းကာ ပက်လက်ကုလားထိုင်မှာ ကျောခင်း၍ စာဖတ်သည့်အလေ့အကျင့်ကလည်း မနက်ခင်းတိုင်း ကျွန်တော် ပြုနေကျ ကိစ္စဖြစ်လေသည်။ သည်အချိန်ကလေးမှာ ကျွန်တော့်စာဖတ်ချိန်လည်း ဖြစ်ပါသည်။ သည်အချိန်လေးကလွဲလျှင် အခြားတစ်ချိန်ချိန်မှာ စာဖတ်ရန် အလို့ငှာ သိကြားမင်းသော်မှ တတ်နိုင်စရာမရှိ။ စာရေးမှ ထမင်းစားရသော



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အဖို့ သီကြားမင်းကိုလည်း မငဲ့နိုင်လေရာ စာရေးစားပွဲ၌ တကုပ်ကုပ်ရှိရတာ များပါသည်။ မနက်ခင်း ရှစ်နာရီလောက် မိသားစုစုံလျှင် ကော်ဖီသောက်၊ ရှိသည့် မုန့်ကလေးစား။ ဒါမှမဟုတ် ထမင်းကြမ်းနှင့် အကြော်ကလေးနှစ်ခုလောက် စားကာ စာရေးစားပွဲမှာ ထိုင်ရသည်သာ ဖြစ်ပါသည်။ သည်တော့ ညဘက်တွေမှာ မီးမသေချာသော အခြေအနေမှာ မနက်စောစောကို စာဖတ်ချိန်ထားရပါသည်။

အသက်ကလေးရလာတော့ ကျွန်တော့်မှာ ဝါသနာရယ်လို့ သိပ်များများစားစား မကျန်ပါ။ သစ်ပင်ကလေးတွေ စိုက်ချင်စိုက်သည် (ကျွန်တော့်ဇနီးက စိုက်ခြင်းဖြစ်၍ ကျွန်တော်က ရေလောင်းပေါင်းသင်လေ့ရှိသည်)။ စာဖတ်ချင်ဖတ်။ ကျွန်တော့်ဝါသနာက ခရီးသွားခြင်းဖြစ်ပါသည်။ နှစ်စဉ် ခရီးခတင်းအဖြစ် ဟောပြောပွဲများကို အကြောင်းပြု၍ ရောက်ရသည်လည်းရှိ၊ ဇနီးသည်၏ မွေးရပ်ရွာကို အလည်ပတ်ရောက်ရသည်လည်းရှိလေရာ သည်အတွက် ချင်ခြင်းပြေရမြဲ ဖြစ်ပါသည်။ စာဖတ်ရတာကလည်း ကျွန်တော်တို့အိမ်မှာ စာအုပ်အနည်းငယ် (လော့ဒ်မော်လေက စာအုပ် ၅၀၀၀ အောက်ရှိသည့်အိမ်ကို စာအုပ်အနည်းငယ်သာ ရှိသည့်အိမ်ဟု ရေးခဲ့ဖူး၍ ဖြစ်ပါသည်) ရှိနေသည့်အတွက် အာလယကလေးရှိ၍ ဖတ်ရုံသာဖြစ်ပါသည်။ ကျွန်တော် ပြောလိုရင်းမှာ ခရီးသွားခြင်းနှင့် စာဖတ်ခြင်းမှာ ချက်ခြင်း ကောက်ကာငင်ကာ ထလုပ်နိုင်သော်လည်း သီးပင်စားပင် ပန်းပင်ကလေးတွေကတော့ ကိုယ့်မျက်စိအောက်မှာ သီးဖို့ ပွင့်ဖို့ အချိန်ပေးရပါသည်။

ကျွန်တော့်ဝါသနာသုံးခုအနက် ခရီးသွားရာသီ မဟုတ်သည့်အတွက် ထိုဝါသနာကို ခေတ္တစွန့်ထားရချိန်ဖြစ်လေရာ မနက်ခင်းတိုင်း ပန်းပွင့်များနှင့် ငှက်ကလေးများကို ကြည့်ရှုခြင်း၊ စာဖတ်ခြင်းနှစ်မျိုးကိုတော့ ကျွန်တော် လုပ်နိုင်နေပါသည်။ သည်မနက် ကျွန်တော် ဖတ်ဖြစ်သည့် စာအုပ်မှာ ဆရာဇော်ဂျီ၏ 'ပလေတရိုနှင့် ကျွန်တော်' ဖြစ်ပါသည်။ သည်ကဗျာတွေကို လွန်ခဲ့သည့် အနှစ် နှစ်ဆယ်ကျော် (၁၉၅၃၊ ၅၄ ဝန်းကျင်) လောက်ကလည်းက မဂ္ဂဇင်းများတွင် ထုံ့ပိုင်း ထုံ့ပိုင်း ဖတ်ခဲ့ရစဉ်ကတည်းက ကျွန်တော် စွဲလမ်းခဲ့သည်။ အခု စာအုပ်အဖြစ် တစ်စုတည်းထွက်လာတော့ ဝမ်းသာအားရရှိသည်။ မနက်ခင်းတိုင်း တစ်မနက်မှာ သုံးလေးပုဒ်ဖတ်ကာ ကျွန်တော် ခံစားသည်။ တစ်ခါတလေ ပလေတရိုမြည်းကလေးကိုစီးကာ ရောက်လာတတ်သော 'စပိန် အန်ဒါလူးရှားနယ် မောဂါရွာသား ရာမွန်ဂျင်မနဲ့ကိုပင် ကျွန်တော် မြင်နေရသည်' ဟု ဆိုလျှင် ဂမ္ဘီရဆန်သည်ဟု မထင်စေချင်ပါ။





ကျွန်တော့် အိမ်ခြံဝမှာ ခရာဝါပင်ကလေးနှစ်ပင် တစ်ဖက်တစ်ချက် စိုက်ထားတာကြာပြီ။ ခရာဝါအပွင့်ကြီးမျိုးဆိုတော့ တစ်ပွင့် တစ်ပွင့် လက်မ လက်ခလယ်ထိပ်ချင်းဆက်လောက် ကြီးကြသည်။ သို့သော် တစ်ပင်က ပင်ပြတ်ပု ဖြစ်၍ တစ်ပင်က နွယ်ပင်ဖြစ်နေလေရာ နွယ်ပင်ကို အနီးကပ်အုန်းပင်ပေါ် တင်လိုက်ရသည်။ ခရာဝါပင်က အုန်းပင်ကို မဖက်မတွယ်မလင့် မလှမ်းနိုင်လေတော့ အုန်းပင်မှာ ကြိုးနှင့်သိုင်းချည်ကာ အမြင့်တက်စေရသည်။ ခရာရွက်စိမ်းစိမ်း ခရာဝါပွင့်ဝါဝါကြီးတွေက အုန်းပင်စည်တစ်လျှောက် ပွင့်နေကြ၊ တက်နေကြပုံမှာ 'အုန်းခရာဝါ' တံခွန်တိုင်ကြီးနှင့်ပင် တူလေသည်။ ညဦးမိုးရွာလို့ ဖြစ်စေ၊ နှင်းကြွင်းကျလို့ဖြစ်စေ ခရာဝါပွင့်တွေပေါ်က မိုးစက်နှင်းစက်တွေ တပေါက်ပေါက် ကျနေတတ်သည်လည်းရှိသည်။ ထိုအခါများတွင် ကျွန်တော့် စိတ်များသည် ရွှေဝါရောင် ခေါင်းလောင်းပန်းများကို ကျောပေါ်တင်လျက် လေးဘက်ကျပြေးနေသည့် ပလေတရိုကို သတိရနေမိတတ်သည်။ မိုးကောင်းကင် တိမ်ပြေးဆီက ရွှေရည် ငွေရည် ကြချလိုက်သကဲ့သို့ ရွာလိုက်သော မိုးပြေးကြောင့် ရွှဲရွှဲစိုနေသည့် မြည်းကလေးနှင့် ကျောပေါ်က ရေတပေါက်ပေါက် ကျနေသည့် ခေါင်းလောင်းပန်းကလေးများကို ဖြစ်၏။

'ပျော်စရာ ရွှင်စရာ လွမ်းစရာပါပေ။ ရေစိုပန်းပိုးလာသော မြည်းကလေး၏ တွန့်သံပင်လျှင် သာယာ၍ လွမ်းမတတ်ဖြစ်ရသည်။ သူဦးခေါင်းသည် မကြာခဏဆိုသလို တလှုပ်လှုပ် နောက်ပြန်လှည့်ကာ မီရာပန်းပွင့်တို့ကို ဆွဲ၍ ဝါးစားပါသည်။ ထိုအခါ သူ့သွားရည်ဖြူဖြူဖွေးဖွေးနှင့် နောသွားသော ပန်းရွှေဝါတို့သည် သူ့ပါးစပ်မှ တစ်အောင့်လောက် တွဲလဲဆွဲ၍ တစ်ခဏမျှ တန်းလန်းကျနေရာမှ သူ့ဝမ်းဗိုက်သေးသေးထဲသို့ ချော့ချော့မောမော ဝင်သွားကြပါသည်။ ပလေတရိုရေ ပန်းပွင့်စား၍ ဝမ်းမနာတတ်သူကို ပြပါဆိုလျှင် မင့်ကို ပြရမည်သာ'

ကျွန်တော်တို့ စိုက်ထားသည့် ပန်းကလေးတွေကိုလည်း ပြောပြချင်ပါသည်။ နှင်းဆီပင်ကချည်း ဆယ်ပင်ကျော်ကျော်လောက်ရှိသည်ဖြစ်ရာ အပွင့်အရောင်ချင်း မထပ်တဲ့ ဆယ်ပင်ကျော် အလှည့်ကျ မရပ်မနားပွင့်ကြသည်နှင့် တူသည်။ နှင်းဆီခရမ်းပျော့၊ နီဖြူစပ်ကျား။ အဝါနု၊ အဝါရင့်၊ ပုစွန်ဆီရင့် (ကျွန်တော့်ဇနီးက သီတင်းရောင်ဟု သုံးပါသည်) အဖြူ။ မြန်မာကျောက်နှင်းဆီပင်တွေက မြန်မာမျိုးပီပီ အပင်ညှက်သလောက် အပွင့်ရောက်မလာသေး။ ပွင့်လျှင်တော့ ဆန်ကွဲကဲ့ ပွင့်ကြလိမ့်မည်ထင်သည်။ ကျန်သည့် ပန်းပင်တွေကတော့ ရွက်စိမ်းနှင့် အဝါတွဲနေသည့် ခရာဝါပင်နှစ်ပင်၊ ရွက်စိမ်းနှင့် အပွင့်ဖြူတွေ တွဲနေတတ်သည့် ယုဇနာ၊ စွန်၊ မြတ်လေးနှင့် ဇလပ်ပင်များဖြစ်သည်။ ဇလပ်ပွင့်တွေကို ရောင်သော



www.burmeseclassic.com

www.burmeseclassic.com



တတ်သော ညွှန်သည်တွေက ဇလပ်တင်လို့ ခေါ်သူက ခေါ်သည်။ ဇလတ်တာ (ဇလတ္တာ) လို့ ခေါ်သူက ခေါ်သည်။ တချို့ကလည်း ဇလပ်ဖြူတွေတဲ့။ ယုဇနပင်ကလေးက တစ်တောင်သာသာလောက်ရှိသေးသော်လည်း 'ပွင့်လိုက်စမ်းမဟဲ့' ဆိုသည့် မာနကလေးနှင့်ဖြစ်သည်။ ဖွန့်နှင့် မြတ်လေးကတော့ အပွင့်ပြရုံ တလောလောက်ပွင့်လိုက်ကြရာက အနားယူနေကြပြန်ပြီ။ သည်ပန်းပွင့်ကလေးတွေကို ပျားနှင့် လိပ်ပြာတွေ သိပ်စိတ်ဝင်စားကြပုံ မရ။ နှင်းဆီ၊ ခရာဝါနှင့် ဇလပ်ဖြူပွင့်တွေက အခါရာသီမရွေး ပွင့်နေကြသော်လည်း ပျားလည်းမလာ၊ လိပ်ပြာလည်းမဲ့။ အိမ်နှင့် ခြံဝကို ဆက်ကူးထားသည့် လူသွားလမ်းတစ်လျှောက် ဘယ်ညာစိုက်ထားသည့် မနက်ခင်း ကျက်သရေပင်ကလေးတွေမှာတော့ ပျားတွေ သီးနေအောင် ရှိတတ်သည်။ လိပ်ပြာတွေကလည်း ဘယ်လိုရောက်လာကြသည် မသိ။ သည်မနက်ခင်း ကျက်သရေအပင်ကလေးတွေက ပန်းဖြူပွင့်ကလေးတွေ သီးနေအောင် ခဲနေအောင် ပွင့်တတ်ကြသော်လည်း မနက်ခုနစ်နာရီ နေရောင်ဖြာခန့် ကျချိန်မှ နေမွန်းမတည့်မီလောက်မှာ အပွင့်တွေ ပြန်သိမ်းသွားတတ်သည်။ တစ်မနက်ခင်းလောက်သာ ကျက်သရေရှိသော ပန်းကလေးတွေ။ မွန်းတိမ်းသည့်အခါ အပွင့်တွေ ငုံသွားကြကာ ငိုက်မျဉ်းနေကြတော့သည်။ ညနေ မမှောင်ခင်မှာ အိပ်ကြကာ မနက်နေရောင်က ပုတ်နှိုးမှ နိုးကြသည့် ပန်းကလေးတွေ ဖြစ်သည်။

'ဤပန်းကလေး၌ နှင်းရည်အပြည့်။ နှင်းရည်လာသောက်သော ပျားကလေးကို သူ သဒ္ဒါ၏။ တစ်ခဏမျှလာ၍ အလှဆင်ပေးသော လိပ်ပြာကို သူ ကြည်ဖြူသည်။ ပလေတရို ဤပန်းကလေး၏ သက်တမ်းသည် တိုလှပါ၏'

မည်သို့ပင်ဖြစ်စေ နှင်းရည်သောက်၊ ဝတ်ရည်သောက်သည့်ပန်းကလေးတွေကို ကျွန်တော် နှစ်သက်သည်။ သည်ပန်းကလေးတွေမှာ သင်းပျံ့သော ရနံ့တစ်မျိုးရှိသည်။ တစ်မနက်ခင်းမျှဖြစ်စေ အစွမ်းကုန် ပွင့်ပြတတ်ကြသည်။ စွမ်းသလောက် ဝန်ဆောင်ရသောကြောင့်တော့ အပြစ်မရှိ။ လူသွား လမ်းကလေးဘေးမှာ ကပ်လျက် သန့်စွမ်းနေသော်လည်း တစီစီတရုံးရုံးရှိတတ်သော ပျားတွေက လူကို ဒုက္ခမပေးပါ။ ကျွန်တော့် သဘောအကျဆုံးက ပန်းဖူးကလေးတစ်ဖူးမှာ အဖူးကလေးရုရု သုံးခုပူးနေကာ တစ်နေ့စီ အလှည့်ကျပွင့်ကြခြင်း ဖြစ်သည်။ အပွင့်တွေ နားသည်မရှိ။ အားအင်ကုန်ခန်းကြသည် မရှိ။ စိမ်းမှောင်နေသည့် ပင်ရွက်တွေကို ကျော်ကာ အပွင့်ဖြူဖြူတို့ ထိုးထိုးထောင်ထောင်ပွင့်နေကြသည်မှာ ကတ္တီပါစိမ်းမှာ ကြယ်သီးဖြူကလေးတွ အရာအထောင် 'ပေါက်' ထားသည်နှင့် တူသည်။ သို့သော် ကျွန်တော်ပြောခဲ့သလို ပန်းကလေးများ၏





အလှဆုံး ပွင့်လန်းချိန်က နံနက်ခင်း နေရောင်ခြည် 'သာ' ချိန်ကလေးမှာပဲ ဖြစ်သည်။ နှင်းရော၊ မိုးရော၊ ဆောင်းပါ ဥတုသုံးပါးစလုံး ခဲနေအောင် ပွင့်ကြသည့်ပန်းကတော့ နိုင်ရွှေဝါ ဖြစ်သည်။ ခြံတံခါးတိုင်နှစ်တိုင်ကို တန်းနှစ်တန်းပစ်ကာ အပေါ်က တစ်တောင်လောက် နှစ်တစ်လက်မပြားကလေးတွေ တစ်ထွာခြားလောက် ခပ်စိပ်စိပ်ရိုက်လိုက်တော့ နိုင်ရွှေဝါနွယ်တွေ လျှောက်ဖို့ လျှောက်လမ်းဖြစ်ရသည်။ နိုင်ရွှေဝါပင်က မြေမှတက်သွားချိန်အထိ မပွင့်ကြဘဲ လျှောက်လမ်းပေါ် ရောက်ခါမှ အရွက်စိမ်းသိပ်သိပ် အပွင့်ဝါခဲခဲ သဲသဲကြီး ပွင့်ကြလေသည်။ အောက်က မော့ကြည့်လိုက်လျှင် ချောင်းဖြတ် မီးရထားလမ်းပေါ် ကော်ဇောအလိပ်လိုက် တင်ထားသည်နှင့် တူသည်။

ကျွန်တော့်စိတ်ထဲ အနည်းငယ် ကသိကအောင့်ဖြစ်ရသည့်အပင်မှာ ပိတောက်ပင်ငုတ်ကထွက်လာသည့် လက်တံကိုင်းစိမ်းများဖြစ်ပါသည်။ ပိတောက်ပင်ကို ကျွန်တော် ဝယ်လာစဉ်က မြေဆီအိတ်မည်းမည်းကြီးထဲမှာ ငေါက်တက်တက်ပေါက်နေသည့် လက်ဖျံလုံးလောက် ပိတောက်ကိုင်းတစ်ကိုင်းသာ ဖြစ်သည်။ မျိုးဥယျာဉ်ခြံက စိုက်ပုံစိုက်နည်းပါ သင်ပေးလိုက်သည်။ မြေဆီအိတ်ကို ခွဲမထုတ်မီ မြေကို ကျင်းနက်နက်တူးပါ။ ရေတစ်ပုံး လောင်းထားပါ။ ပြီးမှ ကျင်းဝမှ မြေဆီအိတ်ကို မှေးတင်၍ အိတ်ကို ဓားဖြင့် အသာအယာမြေလုံးမပျက်အောင် ခွဲပါ။ ပြီးမှ မြေလုံးနှင့် တွဲနေသည့်အပင်ကို မြေကျင်းထဲအလိုက်သင့် အသာအယာ ချပါ။ အပင်မကြာ၊ မြေမကွဲလျှင် ရှင်ပြီ။ တကယ်လည်း ရှင်နေပါပြီ။ ရေနိုင်နိုင် လောင်းနိုင်သဖြင့် မျိုးဥယျာဉ်မှာ မဝရေစာသောက်ခဲ့ရသော ရေသည် ရောက်မှ အတိုးချ သောက်ရသလို ချက်ချင်းကြီး စိမ်းလွင်လာခဲ့သည်။ ခုတော့ ပိတောက်ခက်ကိုင်းကလေးတွေက ကိုင်းကြီးတွေ ဖြစ်ကြပြီ။ လူနှစ်ရပ်စာလောက် မြင့်နေကြပြီ။ လေတိုက်တိုင်း ယိမ်းတတ်နွဲ့တတ်သော ဝါးရုံအုပ်အုပ်ကြီးနှင့်ပင် တူတော့သည်။ ဒါ ဝမ်းသာစရာ၊ ကြည်နူးစရာ ဖြစ်သင့်သည်မဟုတ်လော။ သို့သော် အပင်ကြီးလာလေ စိတ်ကသိကအောင့်ဖြစ်လာရသည်။ ပိတောက်ပင် မစိုက်ခင်က အိမ်ရှေ့စည်းရိုးတန်းတလျှောက်မှာ သံပရာအုပ်စုဝင်တွေ စိုက်ထားခဲ့သည်။ ဟော်လန် သံပရာ၊ ရှောက်၊ မြန်မာသံပရာ၊ သည် ချဉ်းသီးပင်တွေ စိုက်စက ပိုးတွေကျသဖြင့် ညနေတိုင်း စစ်ဆင်ရေးလုပ်ခဲ့ရသည်။ ခူကောင်ကလေးတွေ၊ သည် ခူကောင်တွေ ပါးရှားကုန်မှ အပင်ကလေးတွေ အညွန့်ထွက်လာကြသည်။ ဟော်လန်သံပရာကတော့ ချက်ချင်းကြီး တိုးထွက်လာလိုက်တာ အပွင့်ကလေးတွေပင် လိုက်စပြုပြီ။ ရှောက်နှင့် မြန်မာသံပရာပင်တွေကလည်း အညွန့်ရွက် တလန်းလန်း။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ပိတောက်ပင်လက်တံကိုင်းကြီးတွေ အောက်ရောက်ကုန်ကြပြီ။ ပိတောက်ကို ရွှေ့မည်လော၊ ချည်သီးပင်တွေကို ရွှေ့မည်လော၊ ဘယ်အပင်ကိုမှ ရွှေ့ရန် မဖြစ်နိုင်တော့ပါ။ အမြစ်တွေ စွဲကြပြီ။ အပင်တွေ သန်ကြပြီ။ မြေဓာတ်ကောင်းကောင်းရနေကြပြီ။ အရွှေ့မတော်လျှင် သေသွားနိုင်သည်။ အပင်ကို အသေခံနိုင်သည်ထားဦး၊ ရွှေ့စိုက်ရန် မြေနေရာမရှိ။ ပေ ၄၀ x ၆၀ မြေကွက်၏ မျဉ်းတစ်ဝက်စာသည် အိမ်အတွက် နေရာပေးရသည်ဖြစ်ရာ ကျန်တစ်ဝက်စာကလေးကို ကပ်ပိုးကပ်ဖဲ့ စိုက်ထားသည့်အပင်တွေပြည့်နေပြီ။ မိတ်ဆွေတစ်ယောက်ကတော့ ပိတောက်ကိုင်းတွေ ဝါးနဲ့ချုပ်ပြီး မလိုက်ရင် လောင်းရိပ်လွတ်သွားနိုင်သားပဲလို့ အကြံပေးသည်။ ဒါကလည်း ခဏပန်းကုစားချက်လောက်သာ ဖြစ်သည်။ ရေရှည်မှာ ပိတောက်ပင်ကြီးလာသည်နှင့် အမျှ လောင်းရိပ်ကျမြဲ ကျနေလိမ့်မည်။

တကယ်တော့ ကျွန်တော်တို့ကိုယ်တိုင် အစကတည်းက မှားခဲ့ကြခြင်းဖြစ်သည်။ မြေကြီးကွက်လပ်ကလေးကျန်သည်ဆိုသော အချက်တစ်ချက်တည်းဖြင့် စိုက်ချင်သလို စိုက် စိုက်လာခဲ့ခြင်းဖြစ်ရာ အခုတော့ အပင်တွေက အစီအစဉ်တကျမရှိ။

စိုက်ချင်သည့်အပင်ကို စဉ်းစားကာ စိုက်ခဲ့သည်မှန်သော်လည်း အပင်တွေက အဟပ်မညီ။ စိုက်ချင်တာတွေများလွန်းတော့ တစ်ပင်နှင့် တစ်ပင် ကပ်လွန်းသည်။ အဆိုးဆုံးကတော့ အပင်သဘာဝချင်း မတူကြဘဲ စိုက်မိခြင်းဖြစ်သည်။ ဆိုပါတော့ ခရမ်းပင်၊ သပြေပင်၊ နှင်းဆီပင်များ။ နှင်းဆီပင်တွေ ထိပ်မှာ လေးပေပတ်လည်လောက် ကျယ်မည့် ကန့်စွန်းခင်း။ ကန့်စွန်းခင်းထဲမှာ ပုန်းညက်ပင် ထိုးထိုး ထောင်ထောင်။ ချည်ပေါင်ပင်။ မြီးလျှင် ခဝဲ၊ ခဝဲအတွက် စင်ထိုးရသေးသည်။ အိမ်ရှေ့ (တောင်ဘက်) မှာ ဝင်းတံခါးကြီးကို ချန်ကာ လက်ဝဲဘက် (အရှေ့)မှာ အုန်းပင်ရိပ်ကို half-shade ယူကာ indoor အုပ်စုပင်တွေ ရှိသည်။ လက်ယာဘက် (အနောက်) မှာတော့ စောစောက ကျွန်တော်ပြောခဲ့သည့် သံပရာ အုပ်စုပင်များနှင့် ပိတောက်ပင်။ ပိတောက်သည်ဘက်မှာ ရုံးပတီ၊ ရုံးပတီပင်တွေရဲ့ ထိပ်မှာ ကွမ်းသီးပင်၊ မာလကာပင်။ သည်ကလွန်တော့ စိန်တစ်လုံး သရက် တစ်ပင်။

'တို့အပင်စိုက်တာက ခေးအော့စ်ဖြစ်နေတာကွ။ ခေးအော့စ်ကမှ ဖရိုဖရဲထဲက အစီတကျရှိမှုဆိုတာ ပါသေးတယ်။ အခုက ပိုဆိုးသွားပြီ'

နောက်ဖေးက ခေးအော့စ်တွေကတော့ ပြည်ပန်းညိုပင်၊ ပျဉ်းတော်သိမ်၊ ကင်ပွန်းချဉ်၊ ဆူးပုပ်၊ ဒန့်ဒလွန်။





'ကျွန်မတို့ Plan မလုပ်မိတာလည်း ပါပါတယ်။ ဒါတောင် စိတ်ကူးထားတာလေးတွေ မစိုက်ရသေးဘူးနော်'

တကယ်တော့ ကျွန်တော်က ရေလောင်းပေါင်းသင်ရုံသာ ဆိုသော်လည်း သီးပင်စားပင်ကလွဲလျှင် ပန်းတွေက ကျွန်တော့်အကြိုက်နှင့် စိုက်ပေးရာသည်သာ ဖြစ်သည်။ စတင်စိုက်ပျိုးကြပြီဆိုကတည်းက မြေခင်းပန်းမန်ဗိသုကာ (land scape architect) တစ်ယောက်နှင့် တိုင်ပင်ခဲ့ဖို့ ကောင်းသော်ငြား ပေနှစ်ဆယ်လောက်သာကျယ်သည့် မြေကွက်ကလေးအတွက် ခများ စိတ်ညစ်ရှာလိမ့်မည်။ ဒါတောင် စိတ်ကူးထားတာတွေကို မစိုက်ရသေးဘူးနော်ဆိုသည့် ဇနီးသည့်၏ စကားက ကျွန်တော်တို့ မြေမဝယ်ခင်က စိတ်ကူးများဖြစ်သည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းအတွက် ညောင်ဗုဒ္ဓဟေပင်၊ ဆရာဇော်ဂျီအတွက် ပိတောက်ပင်၊ ဆရာမင်း သုဝဏ်အတွက် ပျဉ်းမပင်၊ ဆရာမြသန်းတင့်အတွက် တမာပင်၊ ဆရာသိန်းဖေမြင့်အတွက် ထနောင်းပင်၊ ဆရာမကြီး ဂျာနယ်ကျော်မမလေးအတွက်ကကသစ်၊ ဆရာမကြီး ဒေါ်ခင်နှင်းယုအတွက် သော်က၊ ဆရာ တက္ကသိုလ်ဘုန်းနိုင်ကရော၊ စွယ်တော်မှ ကောင်းလိမ့်မည်။

တကယ်စိုက်ရအောင်ဆိုတော့ မြေနေရာမရှိ။ စိုက်ချင်သည့် စိတ်ကိုသာ မျိုချနေကြရသည်။

'သည်လိုတော့ စဉ်းစားမိတယ်၊ ကောင်းတာတော့ ကိုယ်ပိုင်တောင်ကုန်းကလေးတစ်ခုမှာ စိုက်နိုင်ရင်တော့ အကောင်းဆုံးပေါ့လေ။ ဒါပေမယ့် ကျွန်မစိတ်ကူးတာက ရွာက အဖေ့ခြံမှာ စိုက်လို့ရတာပဲ၊ ရောဝတီမြစ်စောင်းက ကုန်းမြင့်ကမ်းပါးမှာဆိုတော့ ပိုတောင်ကောင်းသေးတယ်'

အမှတ်တရ သစ်ပင်ကလေးတွေ ဘယ်နေရာမှာမဆို စိုက်နိုင်ကြသည်ပဲ။ မြက်ခင်းစိမ်းစိမ်းနှင့် နှင်းဆီတောကြီးပါ စိုက်ချင်သော်လည်း မြင်းခြံနယ်က ကျေးရွာတစ်ရွာမှာဆိုတော့ မလွယ်။ ကျွန်တော်ကတော့ စိတ်ကူးနှင့်ပင် စိုက်ခဲ့ပြီးပြီ။ သစ်ပင်တွေက အတန်းလိုက်၊ ကျောက်တုံးကမ္ဘည်းဖြူဖြူ၊ ရောဝတီ၊ ပလေတရိုနှင့် ကျွန်တော်တို့မြစ်ကမ်းပါးထိပ်သို့ ရောက်ခဲ့သည်လည်း အကြိမ်ကြိမ်။

'ပလေတရို၏ အလိုကို ကျွန်တော် သိသကဲ့သို့ ကျွန်တော်၏ အလိုကိုလည်း ပလေတရိုသိပါသည်။ သူသွားလိုရာသို့ ကျွန်တော် လွှတ်ပေးသကဲ့သို့ သူပို့ပေးပါသည်။ လာကရိုရာအရပ်က ထင်းရှူးပင် ရှိရာသို့ ကျွန်တော်ရောက်တိုင်း ထင်းရှူးပင်ရှိရာသို့ ကျွန်တော် သွားပါသည်။ ပင်စည်ကို ကိုင်ကာ မိုးကို မျှော်၍ ကျွန်တော် မော့ကြည့်တတ်သည်ကို သူသိပါသည်။ မြက်ခင်းကို ဖြတ်သန်းလျှော်စမ်းရေတွင်းဟောင်းဆီသို့ ဦးတည်နေသော မြေသွားလမ်းကလေးကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



နှစ်သက်မှန်း သူသိပါသည်။ ထင်းရှူးတောင်းထုပ် ဆောင်းတောင်ကုန်းခြေရင်းရှိ မြစ်ကို ကျွန်တော်ကြည့်၍ ပတ်ဝန်းကျင်အလှကို အရသာခံတတ်မှန်း သူသိပါသည်'

ကျွန်တော်ကတော့ ကျောင်းစာသင်ခန်းထဲက ရုက္ခဗေဒကို မေ့နေတာကြာပြီ၊ ဆရာကိုင် စိုက်ပျိုးရေးဘာသာရပ်စာအုပ်ကို ပစ်ထားတတ်သော ကျွန်တော့်ဖနီး ကျောင်းဆရာမပဟောင်းကိုလည်း ကျွန်တော် နားလည်နိုင်ပါသည်။ သို့သော် ထမင်းစားခက်ရင်းဖြင့် သစ်ပင်စိုက်လို့မရဆိုသည့် ရုက္ခဗေဒအသိလောက်တော့ ကျွန်တော်တို့မှာ ရှိပါသည်။ သည်အသိနှင့်ပင် မန္တလေးမှာ ဖြစ်ခဲ့လှသော ကံ့ကော်ပင်ကို ကျွန်တော်တို့ ရှင်အောင် စိုက်နိုင်ခဲ့သည်။ မိတ်ဆွေတစ်ယောက်ကတော့ မြတ်လေးနှင့် ဖွန်တွေ မပွင့်ကြတာ အပွင့်ယောင်နေလို့ဟုဆိုသည်။ မြတ်လေးရဲ့နှင့် ဖွန်ပန်းရုံတို့ အပင်ချင်း ထိနေကြသည့်အတွက် မြတ်လေးကလည်း ဖွန်က ပွင့်လိမ့်နိုး၊ ဖွန်ကလည်း မြတ်လေးပွင့်လိမ့်နိုးနိုးဖြင့် ယောင်တောင်တောင်ဖြစ်နေရသည်ဟုဆိုလိုချင်ပုံရသည်။ သည်တော့ ကျွန်တော်က ရုံချင်း မထိအောင် ကိုင်းချင်းမထိအောင် ရုံနှစ်ရုံစလုံးကို ကြိုးတစ်ချောင်းစီဖြင့် ချည်ထားလိုက်သည်။ သည်တော့ မြတ်လေးရုံရော၊ ဖွန်ရုံပါ ထီးစုတ်ကို ပုဆိုးစုတ်ဖြင့် ပတ်ထားသလို ဖြစ်နေလေသည်။

'ပန်းပင်တွေကို ကြိုးချည်ထားရင် ဘယ်ပွင့်တော့မလဲရှင်၊ လွတ်လွတ် လပ်လပ်ရှိမှ ပွင့်ကြတော့မပေါ့။ စပယ်ရုံ ကြည့်ပါလား။ ပွင့်လိုက်တာမှ ဖွေးလို့'

ဇနီးသည်က ကြိုးတွေကို ဖြည်လိုက်တော့မှ ဖွန်ရော မြတ်လေးပါ ဖွေးဖွေးတောက်အောင် ပွင့်ကြလေသည်။ စပယ်ကလည်း ပွင့်လို့ ဇလပ်ကလည်း ပွင့်လို့။ မနက်ခင်း ကျက်သရေတွေကလည်း ပွင့်လို့။ ခရာဝါနှင့် နိုင်ရွှေဝါတွေကလည်း ပွင့်ကြလို့။ ငှက်ကလေးတွေကလည်း ကျီကျီကျာကျာ၊ ပျားကလေးတွေက ဝီဝီဝါဝါ၊ လိပ်ပြာတွေက စီစီစာစာ။ သည်မနက်မှာလည်း ကျွန်တော်ဖတ်လက်စဖြစ်သော 'ပလေတရိုနှင့် ကျွန်တော်' ကို ဆက်ဖတ်ဖြစ်ပါသည်။

'ရွာအပြန် လမ်းတစ်လျှောက်တွင် အမှောင်ရိပ်ကျရာတို့လည်း ရှိကြသည်။ ခေါင်းလောင်းပန်း လန်းဆန်းရာတို့လည်း ရှိကြသည်။ မြက်ခင်းနှံ့ သင်းပျံ့ရာတို့လည်း ရှိကြသည်။ ဂီတသံသာ တေးသီရာတို့လည်း ရှိကြသည်။ စိတ်မောလူမောဖြစ်ရာတို့လည်း ရှိကြသည်။ တတောင့်တတဖြစ်ရာတို့လည်း ရှိကြသည်။ ယင်းတို့ကို ကျွန်တော် ဖြတ်သန်းခဲ့ရပါပြီ'

*(အမျိုးသားစာဆို ဆရာဇော်ဂျီ ကွယ်လွန်ခြင်း ၁၅ နှစ်မြောက်သို့ ညွှန်းကာ ဦးခိုက်ပူဇော်ပါသည်)*

*Idea ၂၀၀၅၊ နိုဝင်ဘာလ*

## လွန်းကျင်း

သောင်ပြန့်ပြင်ကျယ်ကြီးပေါ်မှာ နှစ်စဉ်လိုလို လွန်းရုံကလေး ပေါ်လာတတ်သည်။ ဆန်စဉ်ရာ ကျည်ပွေ့လိုက်သည်ဆိုသည့်စကားကို သောင်ပေါ်ရာ လွန်းရုံကလေးလိုက်ရတာတော့ရှိသည်။ သောင်က ဂေါ်ဝိန်ဆိပ်အနောက်ဘက် ပေါ်သလား။ ချောဆိပ် ပေါ်သလား၊ ချောဆိပ်အနောက်ဘက် ပေါ်သလား။ အထက်ဘက် မရမ်းခြံအနောက်ဘက် ပေါ်သလား၊ ပေါ်သည့်နေရာမှာ လွန်းရုံတို့ လွန်းအလုပ်သမားတွေနေဖို့ တဲကြီးထိုး။ လွန်းဆရာကြီးကတော့ အသက်ရင့်လှပြီ၊ အိတွဲတွဲ လူ့အသားအရေတွေကို ဆွဲကာ ဆန့်ကာ ဖြတ်တောက်ချုပ်ဆက်ပေးသည့် ပလပ်စတစ်ဆာဂျရီသမားတော်ကြီးလို လှေဟောင်းမော်တော်ဟောင်းတွေကို ဖာသင့်တာ ဖာပေး၊ လဲသင့်တာ လဲပေး၊ ထေးသင့်တာ ထေးပေးရသည့် အလုပ်ရုံပိုင်ရှင်ကို လွန်းဆရာ ခေါ်ကြခြင်းဖြစ်သည်။ လွန်းဆရာကြီးနှင့် ဆရာကြီးကတော်က လွန်းရုံသောင်ပြန့်နှင့် သိပ်မဝေးလှသော ရေလယ်ကျွန်းတစ်ကျွန်းပေါ်မှာ နေကြသူတွေဖြစ်သည်။ သည်မြစ်၊ သည်ရေ၊ သည်သောင်၊ သည်လှေတွေ နှင့် လုပ်စားကိုင်စားခဲ့ရသည့် ဘဝရက်စွဲတွေကပင် များလှပြီ။

တပည့်များဖြစ်သည့် လွန်းအလုပ်သမားကြီးတွေက အလုပ်လာအပ်ကြသည့် ရေးလှေကြီးတွေကို သောင်ပြန့်ပေါ်ရောက်အောင် ပင်ပန်းတကြီး ဆွဲတင်နေကြသည်။ မီးရထားလမ်း အတိုအပြတ်များ၊ သံတလိမ့် သစ်သားတလိမ့်များ၊ ကုတ်များ၊ သံမဏိကြိုးများ၊ ငုတ်များ၊ လူ့လုပ်အားအများကို သုံးကာ တစ်ပေချင်း တစ်ပေချင်း ဟည်းတိုက်ကာ ဆွဲတင်ကြရခြင်းဖြစ်သည်။ သောင်ပြင်ပေါ်ရောက်တော့လည်း လှေကြီးတွေကို ငြိမ်မတ်နေအောင် တုံးတိုတုံးစတွေ ခုကာ ပင့်ကာ မလဲမပြိုအောင် ထားကြရသည်။ မဟုတ်လျှင် ခါးကျိုးသွားနိုင်သည်။ အက်ကွဲ



www.burmeseclassic.com

www.burmeseclassic.com



သွားနိုင်သည်။ တံကူဆက်တွေ ဟသွားနိုင်သည်။

'ကျုပ်တို့အလုပ်က လှေအောက်ပိုင်းတစ်ပိုင်းလုံးကို လိုတာ ပြင်ပေးရတာပေါ့။ ရေထဲနှစ်ပေါက်နေရတဲ့ သစ်သားတွေကို စစ်ဆေးပြီး လဲတန်တာလဲ၊ ဖာတန်တာ ဖာရတယ်။ လက်သမားပညာပေမယ့် လက်သမားတတ်တိုင်း လှေသဘောကို နားမလည်ရင် မပြင်တတ်ကြဘူး'

လွှန်းရုံရိပ်မှာ ထိုင်နေသည့် ကျွန်တော့်ကို လွှန်းဆရာကြီးက ပြောပြခြင်းသာဖြစ်ပါသည်။ ကျွန်တော်က လှေကလေးတစ်စင်းစင်း၊ ပဲ့ထောင်ကြိုတစ်စင်းစင်းဖြင့် လွှန်းရုံကလေးရှိရာကို (အနောက်ဘက်ကမ်းကို) ကူးလာတတ်သည်။ လွှန်းအလုပ်သမားတို့ လုပ်တာကိုင်တာကို ကြည့်ရင်း မေးချင်တာ မေးနိုင်သည်။ လှေကြီးတွေက ရှေးလှေကြီးတွေ၊ ရှေးလှေယဉ်ကျေးမှု ကွယ်ပျောက်လုနီးပြီဖြစ်သော်လည်း ကျန်ကောင်းကျန်ရာ လှေကြီးတွေကို သည်လွှန်းရုံကလေးက ပြုပြင်ပေးသည်။ ဂျိုက်လို့ခေါ်ကြသည့် ပစ္စည်းမ ကိရိယာကို သုံးကာ လှေကြီးတွေကို တစ်လက်မချင်း မြှင့်သူက မြှင့်၊ တုံးခုသူက ခု၊ နေပူပြင်းပြင်းထဲမှာ သဲတွေက မီးလောင်နေသလို တဟုန်းဟုန်းတောက်နေသည်။ နေပူထဲမှာ လှေကြီးတွေကို ကောင်းကောင်းကြီး သွေ့သွားအောင် (သစ်သားထဲက ရေဓာတ် ကုန်သွားအောင်) ရက်ပေါင်း တော်တော်ကြာကြာ ပစ်ထားရသည်။ သစ်သားထဲက ရေပိုး၊ ဒီပိုးတွေက နေပူဒဏ်ကို မခံနိုင်တော့ ပြုတ်ကျကုန်သည်။ တချို့ လှေကြီးတွေဆိုလျှင် မီးပြင်းပြင်း မီးတုတ်သုံးကာ ချောင်ကြိုချောင်ကြား အပူတိုက်ပေးရတာလည်းရှိသည်။ များသောအားဖြင့်က စပ်ကြောင်းကွဲတွေ၊ အပေါက်တွေ၊ သစ်သားဆွေးတွေကို လဲလှယ်ရသည်။ ဆို့ရ၊ ဝိတ်ရသည်။ ပွဲလျက်၊ ကတ္တရာ၊ အုန်းဆံကြိုး၊ အဝတ်ဟောင်းတွေသုံးကာ သရိုးထေထေရသည်။ လှေပျဉ်တစ်ချပ်နှင့် တစ်ချပ်ကြားက ဆွေးနေသည့် အုန်းဆံကြိုးတွေကို ကော်ထုတ်၊ ကြိုးသစ်ရိုက်ထည့်၊ ပွဲလျက်၊ ကတ္တရာထေး။

'လက်ဆက်တံကူး လှေမှုခိုင်လျက်၊ ဒီပိုးဖျက်သတဲ့။ ရေချိုပိုး ရေငန်ပိုး သိပ်ဆိုးတဲ့ ပိုးတွေပေါ့လေ။ ကျွန်းသားတောင်မခံနိုင်ဘူး။ သည်ပိုးကောင်တွေနဲ့ တွေ့ရင် ဆွေးတာပဲ'

သည်လွှန်းရုံရှိတော့ သောင်ပေါ်မှာ လှေပျက်ကြီးတွေ ရှိလာရသည်။ ဆေးရုံရှိတော့ လူနာတွေ ရောက်လာရသလိုဖြစ်သည်။ လှေပြင်ကြသူတွေက လှေကို ဝပ်ရှော့မှာ ကားပျက်ထိုးခဲ့သလို ထိုးခဲ့ကြတာမဟုတ်။ လွှန်းဆရာနှင့် တိုင်တိုင်ပင်ပင်ရှိဖို့ လှေနှင့် အတူနေကြရသည်။ သည်တော့ သောင်ပြင်ပေါ်မှာ လူစည်သည်။ တံငါတဲကလေးတွေကလည်းရှိတော့ လွှန်းသောင်သည်ပင်





ရွာကလေးဖြစ်လာရသည်။ သည်တော့ ရေခဲချောင်းသည်၊ သွားရေစာသည်၊ ဆေးလိပ်ကွမ်းယာသည်တို့ ရောက်လာကြရတာပါပဲ။ ကလေးတွေက သဲခုံပူပူမှာ ပြေးလွှားနေကြ၊ အော်ကြဟစ်ကြ။ လှတိုက်သံ၊ တူရိုက်သံ၊ ရွှေဘော်ထိုးသံတို့ ညံနေတတ်တာလည်း ရှိသည်။

ကျွန်တော်နှင့် မနီးမဝေးမှာ နောက်ထပ် လွှန်းကျင်းတစ်ကျင်းရှိသေးသည်။ သည်လွှန်းကျင်းကတော့ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းမှာ ရှိသည်။ ရတနာပုံခေတ်က ပန်းဆက်တံခါးလို့ခေါ်ကြသည့် မြို့တော်အနောက်ဘက်မျက်နှာက ဘုရင့်တော်ဝင်လွှန်းရုံကြီးဖြစ်သည်။ ရတနာပုံသင်္ဘောကျင်းလို့ ဘုရင့်ခေတ်ကတည်းက အမည်တွင်ခဲ့သည်။ ကနောင်မင်းသားကြီးနှင့် သားတော် မကွေးရာမင်းသားကြီးတို့ အကြီးအကြပ်ရှိခဲ့သည့် လွှန်းကျင်း။ သီပေါမင်းကို နန်းချပြီးသည်နှင့် ဗြိတိသျှတို့က မြန်မာဘုရင်ပိုင် သက်ရှိသက်မဲ့ပစ္စည်းအစုစုအဆောက်အအုံများကို ထုခွဲရောင်းချရာတွင် ရတနာပုံသင်္ဘောကျင်းလည်း ပါခဲ့သည်။ ထိုစဉ်က ရတနာပုံ သင်္ဘောကျင်းသည် အရှေ့တောင်အာရှတွင် ခေတ်အမီဆုံး လွှန်းကျင်းများတွင် တစ်ကျင်း အပါအဝင်ဖြစ်သည်။ စကော့တလန်ပြည်လုပ်စက်ကိရိယာများ တပ်ဆင်ထားနိုင်ခဲ့သည်။

Dundas Company လုပ် ပစ္စည်းများ၊ Smith of Glasgow Company လုပ် ပစ္စည်းများပင် တွေ့ကြရသည်။ ဖော်ဂျာအားစက်များ၊ စက်တူများ၊ ပွတ်စက်များတွင် စက်များ၊ ကတ်ကြေးစက်များ၊ ပုံသွင်းစက်များရှိနေတာကိုက အံ့သြစရာ။ အံ့သြစရာအကောင်းဆုံးက ၁၀ တန် ဝန်ချီစက်နှင့် ကရိန်းများ တပ်ဆင်ထားခြင်း ဖြစ်သည်။ သည်လို လွှန်းကျင်းကြီးကို လေလံကော်မတီက စက်ကြီးကို အိုးငွေ ၂၉၀၀ ကျပ်၊ စက်အစုစုကို ၁၂၀၀၀ ကျပ် သတ်မှတ်ခဲ့သည်။ အင်္ဂလိပ်ပိုင် ဧရာဝတီဖလိုတီလာကုမ္ပဏီက အဆောက်အအုံနှင့် မြေကွက်တန်ဖိုးမပါ စက်ကြီးအပါအဝင် စက်အစုစု၊ သံတိုသံစအားလုံးကို ၄၅၀၀၀ သာ ပေးခဲ့သည်။ ပေ ၆၀၀ x ၄၀၀ မြေကွက်ကိုတော့ ၂၁ နှစ် အငှားစာချုပ်ဖြင့် ငှားရမ်းခဲ့သည်။ လွတ်လပ်ရေးရပြီးချိန်မှာတော့ သည်သင်္ဘောကျင်းက မန္တလေးသင်္ဘောကျင်းဖြစ်လာကာ မန္တလေးအခြေစိုက် အဓိကလွှန်းကျင်းဖြစ်လာရသည်။ ကျွန်တော်မြို့ထဲထွက်တိုင်း သည်လွှန်းကျင်းကျယ်ကြီးရှေ့က ဖြတ်ရသည်။ ဖြတ်ရတိုင်းလည်း သမိုင်းထဲက လွှန်းကျင်းအဖြစ် ကျွန်တော် အမှတ်ထင်ထင် ကြည့်မိတတ်သည်။ ဘာရယ် ညာရယ်မဟုတ်ဘဲ လွမ်းနေမိတတ်သည်။ မြန်မာလက်သမားဆရာကြီး ဆရာရှမ်း၏လက်ရာ သင်္ဘောတော်များ၊ ရတနာပုံခေတ်က ရွှေပွဲကျင်းပခဲ့တာကို မြင်ယောင်နေမိတတ်သည်။ ရှေးက သင်္ဘောပျက်ကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



သည့်လွှန်းကျင်း ကပ်လျက်မှာ တစ္ဆေသရဲတွေလို အသက်ဝိညာဉ်မဲ့စွာ ရပ်နေကြလိမ့်မည်။ အခုလည်း မထူးပါ။ သည့်လွှန်းကျင်းကြီးပတ်လည်မှာ သင်္ဘောနာတို့ ဆေးကုခံဖို့ လေးငါးစီး အမြဲရှိနေတာ မြင်ရမြဲဖြစ်သည်။ ပြည်ကူးတို့သင်္ဘောဟောင်းကြီးတွေကတော့ နာတာရှည်လူနာတွေလို လွှန်းကျင်းဘေးမှာ မှိန်းနေကြတာ ကြာပြီ။

၁၉၉၈ ခုနှစ်က ကျွန်တော် ပြင်သစ်နိုင်ငံ ပါရီမြို့သို့ရောက်ခဲ့သည်။ ကျွန်တော့်ကို လေ့လာရေးအစီအစဉ်များအဖြစ် ပို့ဆောင်သည့်နေရာတွေထဲမှာ ပင်လယ်ကမ်းခြေတစ်လျှောက် မော်တော်ကားစီးခြင်း' ဆိုသည့် အစီအစဉ်တစ်ရပ်ပါသည်။ အင်္ဂလိပ်ရေလက်ကြား၊ နော်မန်ဒီ၊ မြေထဲပင်လယ်စသည့် ပင်လယ်ကမ်းခြေများဆီသို့ လေယာဉ်စီးစေကာ ထိုမှတစ်ဆင့် မော်တော်ကားနှင့် လျှောက်ပြခြင်းဖြစ်ပါသည်။ အင်္ဂလိပ်ရေလက်ကြားနှင့် နီးသော ဆိပ်ကမ်းမြို့တစ်မြို့ကို ရောက်သည့်အခါ သင်္ဘောဆိပ်အတွင်း လိုက်လံပြသပါသည်။' ထိုဆိပ်ကမ်းမှာ ကမ္ဘာ့ကျော်ဆိပ်ကမ်း လာအင့် (La Harve) ဖြစ်သည်။ နိုင်ငံတကာသင်္ဘောများ၏ ကုန်စည်အတင်အချသာမက လွှန်းကျင်းကြီးလည်း ရှိသည်ဟုဆိုသည်။ J.B Priestley က သိပ်ပြီး လှပတဲ့ ပင်လယ်ခရီးတွေဟာ အင်မတန်ညစ်ပတ်တဲ့ ဆိပ်ကမ်းတွေက စတာချည်းပဲဟုဆိုဖူးသည်။ သူပြောသည့် ဆိပ်ကမ်းဆိုတာထဲမှာ သင်္ဘောကျင်းပါသည်ဟု ကျွန်တော်ဆိုချင်ပါသည်။ သင်္ဘောကျင်းပတ်ဝန်းကျင်မှာ နိုင်ငံတကာက သင်္ဘောသားများ၊ စက်ဆီများ၊ ဖွက်အိုင်များ၊ မည်းမှောင် စွတ်စိုသော အခန်းများ၊ ညစ်ပတ်သော ပင်လယ်အစားအစာဆိုင်များ ရှိတတ်သည်။ တစ်နည်းအားဖြင့် ဆင်းရဲသော အလုပ်သမားရပ်ကွက်၊ ပျံကျရပ်ကွက်များနှင့် ဆက်စပ်နေတတ်သည်။ J.B Priestley က သူ၏ အက်ဆေးတစ်ပုဒ်ဖြစ်သည့် Liverpool Docks အက်ဆေးထဲမှာ –

'လီဗာပူးသင်္ဘောကျင်းကို ရောက်တော့ ကျွန်တော်တို့ဆေးတံတွေကို မီးသတ်လိုက်ရတယ်။ မည်းမှောင် တိတ်ဆိတ်မှုတွေနဲ့ ဗလာကျင်းဟင်းလင်းပွင့်နေမှုတွေ၊ ပြုတ်စဖျင်းတောင်းတွေကို မလုံမလဲ ကာထားတာမျိုးတွေပဲ တွေ့ရတယ်'

ဟု ရေးခဲ့ဖူးသည်။ သည်လိုနေရာက လွတ်အောင်သွားလျှင် ခြားနားသော လင်းလင်းချင်းချင်း ပတ်ဝန်းကျင်သစ်ကို ရောက်နိုင်သည်ဆိုတာကိုပင် မယုံနိုင်စရာ ဖြစ်ရသည်ဟု ရေးသည်။ 'သည်ကထွက်လျှင် နေရောင်ထဲမှာ လောင်မီးကျနေသည့်အရောင်များနှင့် တုန်ခါမှုများကို တွေ့နိုင်ပါသည်။ ကြေးနီရောင် မြို့ရိုးများရှိသည့် အာရေဗျဝတ်ကျောင်းတော်များဆီသို့လည်းကောင်း၊ ဘုရားကျောင်းနှင့် ဆင်များရှိသည့် လက်ာဒီပကျွန်းဆီသို့





လည်းကောင်း၊ ငါးပျံများ၊ တေးသီငှက်များနှင့် ဟစ်စ်ဘစ်စ်ကပ်စ်ပန်းများရှိရာဆီသို့လည်းကောင်း သွားရာ တံခါးမကြီးဖြစ်နေတာကို ယုံနိုင်စရာ မရှိလောက်အောင် ဖြစ်ရသည်' ဟု ရေးခဲ့သည်။

လီဗာပူးသင်္ဘောကျင်းကို ကျွန်တော် မရောက်ဖူးပါ။ ရတနာပုံ သင်္ဘောကျင်းနှင့် မြစ်အနောက်ဘက်ကမ်းက လွှန်းဆရာကြီး၏ လွှန်းကျင်းများကိုတော့ မနက်လင်းတိုင်း ကျွန်တော် မြင်နေကျဖြစ်သည်။ တစ်ခါတစ်ခါ ရောက်နေကျဖြစ်သည်။ သည်ရက်တွေထဲမှာ ထူးထူးခြားခြား လွှန်းကျင်း ခံစားမှုတွေ ရှိနေသည်။ လှေအို သင်္ဘောအိုတို့ ဆိုက်ကပ်ပြုပြင်ရာ လွှန်းကျင်းတစ်ကျင်းလိုလို ကျွန်တော့်ကိုယ် ကျွန်တော် ခံစားနေရသည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၆ ရက်နေ့က ကျွန်တော် အသက် ၅၀ ပြည့်သည်။ ကျွန်တော့်ထက် တစ်ရက်အသက်ကြီးသော သူငယ်ချင်းစာရေးဆရာ ဆရာညီပုလေးက ကျွန်တော့်ကို သူ့မွေးနေ့ အထိမ်းအမှတ် ကြာဆံဟင်းခါးတစ်ချိုင့် တတန်တက လာပို့သည်။ သူက ဖေဖော်ဝါရီ ၅ ရက် မှာ၊ ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် အသက် ၅၀ ပြည့်ကြပြီဖြစ်ကြောင်း သူငယ်ချင်းစာရေးဆရာများဖြစ်ကြသည့် ဆရာကျော်စိုးဝင်းနှင့် ဆရာသိုက်ထွန်းသက်တို့က အမှတ်တရစာတွေ ရေးကြတာကိုလည်း ကျွန်တော်ဖတ်ရသည်။ အသက် ၅၀ တောင်ပြည့်ပါပကောလား ဆိုသည့် ခံစားမှုက ကျွန်တော့်ကို ခြောက်လှန့်မနေစေသော်လည်း အမှတ်ထင်ထင်တော့ ဖြစ်ရပါသည်။ အသက် ၄၀ သည် အသက်ငယ်ခြင်း၏ လူကြီးဖြစ်၍ အသက် ၅၀ ကတော့ အသက်ကြီးခြင်း၏ ကလေးဖြစ်သည်ဟု အင်္ဂလိပ် စကားပုံက ဆိုသည်။ အသက်ကြီးရင့်ခြင်း၏ ကလေးဘဝပင်ဖြစ်စေဦးတော့။ ဘဝ၏ ထမင်းရေပူစည်းကိုတော့ ကျော်ခဲ့မိပြီ။ တရုတ်အက်ဆေးဆရာ လီဂွမ်ရှင် (Li Guangtian) က 'I wished the trees would stop at these stage of development, so that early spring always remained on their boughs' လို့ ရေးဖူးသည်။ သစ်ပင်တွေကို ရောက်သည့်အဆင့်မှာပဲ အကြီးရပ်စေချင်သည်။ သို့မှသာ သစ်ကိုင်းတွေပေါ်မှာ 'နွေဦး' ကို အမြဲတမ်းတွေ့ရမှာ ဖြစ်သည်တဲ့။ These Stage ဆိုတာက စိမ်းလန်းသော ရွက်နုသစ်စအခြေအနေကို ဆိုလိုပါသည်။ လက်ွဏာရေးသုံးပါး မပါကြေးဆိုလျှင် သည်အယူအဆကို ကျွန်တော်လည်း သဘောတူချင်ပါသည်။ မဒမ်ဆီမွန်ဒီဗိုးဗွားကတော့ အသက်ကြီးရင့်ခြင်းဆိုတာက ကိုယ့်ကိုယ်ကိုယ် စည်းမျဉ်းကန့်သတ်မှုတွေ ချပြီး နေရသည့်အချိန်ဟုဆိုသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းကတော့ 'အိုမင်းမှုတော့ မစွမ်းတော့ဘူးကွ' ဟု ဆိုခဲ့သည်။

www.burmeseclassic.com



အတ္ထုပ္ပတ္တိစာအုပ်များကို ဖတ်ရသည့်အခါ ကျွန်တော် အံ့သြမိသည့်အချက်မှာ ရေးဖွဲ့သူ၏ မှတ်မိချက်များကိုဖြစ်သည်။ တချို့စာအုပ်က အမုန်းတရားတွေကိုချည်း မှတ်မိနေတာမျိုးဖြစ်နေသည်။ တချို့စာအုပ်ကတော့ အကောင်းတရားတွေချည်း။ ပြီးခဲ့သည့် ကျွန်တော် နှစ် ၅၀ ကကော ဘာတွေများခဲ့ပါသလဲ။ ကျွန်တော် မမှတ်မိတာများသည်။ သေချာတာတစ်ခုကတော့ နှစ် ၅၀ အတွင်းမှာ ကျွန်တော်ကိုယ်တိုင် လွှန်းကျင်းတစ်ကျင်းဖြစ်သွားခဲ့တာပဲ ဖြစ်သည်။ ကျွန်တော့် မျက်လုံးတွေ မကောင်းတော့ပါ။ အဝေးလည်း မှုန်သည်။ အနီးကလည်း ပီပီကြည် ကြည်ကြည်လင်လင် မဟုတ်။ နှလုံးတွေကတော့ အခုန်မြန်သည်ဟု နှလုံးစက်က ကွန်ပျူတာစာလုံးများနှင့်ပြောသည်။ Glucometer နှင့် တိုင်းတော့ သွေးက ချိုသင့်တာထက် ချိုနေသည်။ ဆီးချိုက တစ်ဆင့် နှလုံး၊ သွေးတိုး၊ လေဖြတ်၊ မေ့လဲ စသည့် ရှုပ်ထွေးမှုတွေ လာနိုင်သတဲ့။ ကြောက်စရာ ဆံပင်ဖြူဖြူတွေကတော့ ဓာတုဆေးဆိုးအကူအညီဖြင့် ရုပ်ချထားလို့ရနေသေးသည်။ အဆုတ်ကလေပြွန်တွေ မကြာခဏရောင်ချင်သည်။

အင်္ဂလိပ်စာရေးဆရာ George Orwell က 'ကျွန်တော်သည် အင်္ဂလိပ်ချက်ပြုတ်နည်း၊ အင်္ဂလိပ် ဘီယာ၊ ပြင်သစ် ဝိုင်နီ၊ စပိန် ဝိုင်ဖြူ၊ ကုလားလက်ဖက်ရည်၊ ဆေးတံသောက်ဆေးပြင်းပြင်း၊ ဖယောင်းတိုင်မီး၊ မီးလင်းဖိုနှင့် ညက်ညက်ညောညော ကုလားထိုင်ကို ကြိုက်သည်။ မြို့ကြီးများ၊ ဆူညံသံ၊ မော်တော်ကား၊ ရေဒီယို၊ စည်သွတ်ဘူး၊ ဓာတ်ငွေ့အပူပေးစနစ်၊ ခေတ်မီပရိဘောဂများကိုတော့ မကြိုက်ပါဟု ရေးခဲ့ဖူးသည်။

ကျွန်တော်နှင့် တချို့တူ၍ တချို့မတူပါ။ ကျွန်တော့်အသက် ၅၀ မှာ အဲသလို ခွဲခြားခံစားခဲ့တာ မရှိ။ ကြိုက်တာတွေကို လွှဲချော်ခဲ့ရသလို မကြိုက်တာတွေကို စုံရေမက်ရေ ရှိခဲ့ရတာတွေသာ ရှိခဲ့သည်။

ကျွန်တော့်ခန္ဓာအိမ်က လွှန်းကျင်းဖြစ်၍ မျက်လုံးများ၊ အဆုတ်များ၊ နှလုံးနှင့် ပန်ကရိယတွေကတော့ လှေပျက်သင်္ဘောပျက်တွေ လွှန်းကျင်းဘေးမှာ ဆိုက်ကပ်ထားတာနှင့် တူနေသည်။ သီချင်းရေးဆရာ ကန့်မြဲအေးကျော်၏ ကဗျာကလေးကိုသာ ကျွန်တော် သတိရနေမိသည်။ 'သံသရာဘဝဓာတ်ပြားပြင်ဆီ၊ နာမ်ခန္ဓာနှစ်ဝ ဓာတ်လျားအစဉ်ညီ၊ ကံကြွမှာက အပ်သွားတင်လေပြီ' တဲ့။

အနောက်ဘက်ကမ်းက လွှန်းကျင်းကလေးဆီ ကျွန်တော်လှေနှင့် ကူးလာခဲ့သည်။ နေပူပြင်းပြင်းထဲမှာ လှေကြီးတစ်စင်းက ရေနံချေးရောင်မည်းမည်းဖြင့် ငုတ်တုတ်နေလှန်းခံနေရသည်။ ဒီပိုးတွေက တဖြုတ်ဖြုတ်။

*Idea*

# ရေဒီယို

ကျွန်တော်တို့ အိမ်မှာ နှိုးစက်နာရီတစ်လုံးရှိသော်လည်း ကျွန်တော့်ကို တကယ်တမ်း အိပ်ရာထဲက လူးလဲထစေသူမှာ ရေဒီယိုဖြစ်သည်။ ရေဒီယိုကိုယ်တိုင်က နှိုးတာမဟုတ်။ ကျွန်တော်ကိုယ်တိုင်က နိုးနေတတ်ခြင်းဖြစ်သည်။ အိပ်ရေးဘယ်လောက်ပျက်ပျက် မနက်ငါးနာရီကျော်ကျော်မှာ ကျွန်တော် နိုးနေကျ။ ဓာတ်ဘူးထဲက ညသိပ်ရေနွေးဖြင့် ကော်ဖီတစ်ခွက်ဖျော်ကာ မနက်ခင်း ခြောက်နာရီကို ကျွန်တော် စောင့်နေရတာများသည်။ ခြောက်နာရီ ဒင်ခနဲ ထိုးသည်နှင့် ရေဒီယိုခလုတ်ကို ကျွန်တော် ဖွင့်သည်။ သတင်းခေါင်းစဉ်တွေက ဖြစ်ရပ်အသစ်တွေလည်း ပါသည်။ ယမန်နေ့က ဖြစ်ရပ်ဟောင်း၏ နောက်ဆက်တွဲတွေလည်းပါသည်။

'ဇမ်ဘီယာ တိုင်းသူပြည်သား ၁ ဒသမ ၂ သန်း ငတ်မွတ်ခေါင်းပါးနေသတဲ့'

'ခြေကျိုးသွားသည့် အင်္ဂလိပ်ဘောလုံးသမား ဒေးဗစ်ဘက်ဟမ်း ဇွန်လ ၂ ရက် ဆွီဒင်ပွဲမှာ ကစားနိုင်တော့မယ်တဲ့'

'ဆီးချိုရောဂါရှင် ၂၀၂၅ ခုနှစ်မှာ တစ်ကမ္ဘာလုံး သန်း ၃၀၀ ရှိလာမယ့်တဲ့'

'အီသီယိုးပီးယားမှာ ဝံလေလွင့်ကလေးငယ် ၁ သန်းကျော်ရှိနေပြီတဲ့'

အိန္ဒိယရဲ့ သတင်းဖြစ်စေ၊ ကူဗွာရဲ့သတင်းဖြစ်စေ၊ ကျွန်တော် ကြားချင်သည်ဖြစ်စေ၊ မကြားချင်သည်ဖြစ်စေ ရေဒီယိုက မနက်ခင်းတိုင်းမှာ အစီရင်ခံနေကျ။ တချို့သတင်းတွေက ပြောင်းလဲမသွားတာလည်းရှိသည်။ ဆိုပါတော့ အရှေ့အလယ်ပိုင်းပြဿနာ၊ ကျွန်တော် ငယ်ငယ်ကတည်းက နှစ်ပေါင်းလေးဆယ်လောက်ကြားနေရသည်။ ခုထိလည်း မပြီးသေး။

ပင်နီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'မင်း ပါလက်စတိုင်း အစ္စရေး ပြဿနာက မပြီးသေးဘူးလားကွ'

အဖေက အိပ်ယာထဲက လှမ်းမေးတတ်သည်။ ဟုတ်၊ မဟုတ်တော့ မသိ။ အဖေက သည်ပြဿနာက သူတို့ငယ်ငယ်ကတည်းက ပြဿနာဟုဆိုလေသည်။ အဖေကလည်း ရေဒီယိုဝါသနာပါသူဖြစ်သည်။ အဖေ့ကို ကျွန်တော်တို့က ကမ္ဘာ့မြေပုံတစ်ချပ်ဝယ်ပေးထားရသည်။ အဖေက မော်တော်စက်ဆရာဆိုတော့ နိုင်ငံ သုံးလေးနိုင်ငံ၏ အင်္ဂလိပ်စာလုံးတွေကို သိနေသူဖြစ်သည်။ England, Germany, Japan, China။ သူ ကိုင်တွယ်နေကျ အင်ဂျင်စက်တွေပေါ်က ရေးထုံးကို စိတ်နဲ့ မှတ်ထားသူဖြစ်သည်။ သို့သော် ဆီယာရာလီယွန်လို့ဆိုလျှင် အဖေ ဒုက္ခရောက်တော့သည်။ အာဖဂန်နစ္စတန်ဆိုသည်နှင့် မြေပုံပေါ် လက်ထောက်ရတော့သည်။ ကမ္ဘာ့မြေပုံပေါ်မှာ မင်ထူထူဖြင့် တိုင်းပြည်နိုင်ငံအမည်တွေကို မြန်မာလို ရေးထားတတ်သည်။

'ပြဿနာက သည်နားမယ် ဖြစ်တာကွ'

တစ်ခါတစ်ခါ မြေပုံပေါ်ရှာနေရတာနှင့် သတင်းလွတ်သွားရတာလည်း ခဏ ခဏ။ အဖေ ရေဒီယိုကို စွဲလမ်းတာကို ကျွန်တော် သတိရပါသည်။ ကျွန်တော်လေးငါးဆယ်နှစ်လောက်က အလုပ်သမားတန်းလျားကလေးမှာ နေခဲ့ရသည်။ ကိုးပေပတ်လည် အခန်းကလေးနှစ်ခန်းပါသည့် အခန်းကျဉ်းကလေးဖြစ်သည်။ တစ်ရက်မှာတော့ လူတစ်ယောက်က ရေဒီယိုတစ်လုံးပိုက်ရင်း ကျွန်တော်တို့ဘေးကပ်လျက်အခန်းကို ရောက်လာခဲ့သည်။ သည်ညှေသည် ပြန်ခါနီးတော့ လမ်းစရိတ်မပြည့်စုံသဖြင့် ပါလာသည့် ရေဒီယိုကလေးကို ရောင်းဖို့ဖြစ်လာသည်။ ဒါကိုကြားတော့ အဖေက ဝယ်ချင်သည်။ အမေကလည်း လိုချင်သည်။ ခက်တာက ရေဒီယိုတန်ဖိုး ၂၇၀ ကျပ်မရှိခြင်းဖြစ်သည်။ ရောင်းသူက ၂၇၀ တစ်ပြားမှ မလျှော့။ ရေဒီယိုကလေးကို ကျွန်တော်တို့ အခန်းဘက်ယူလာကာ ဖွင့်ပြလိုက်သေးသည်။ ဤသို့ဖြင့် ငွေ ၂၇၀ ကို အတိုးဖြင့် ချေးငှားကာ ဝယ်ယူလိုက်ရသော ထိုရေဒီယိုသည် ကျွန်တော်တို့အိမ်၏ ပထမဆုံး ရေဒီယိုဖြစ်လာခဲ့သည်။ ရေဒီယိုက မီးလုံး ရေဒီယို။ မီးလုံးတွေ လင်းဖို့ပင် တော်တော်စောင့်ရသည်။ အပေါ်က ကိုယ်ထည်မှာ ကျွန်းသား ဖြစ်သော်လည်း မှေးမှိန်လှပြီ။ ခလုတ်တွေက ချောင်နေလို့ စက္ကူဖြင့် ညှပ်ရသည်။ မီးလုံးတွေ လင်းပြီဖြစ်ကြောင်းပြသည့် မီးလုံးစိမ်းကလေးကတော့ တောက်ပနေတတ်သည်။ သည်တုန်းက မြန်မာ့အသံက ညနေဘက်မှာ ငါးနာရီခွဲမှ စလာသည်ဟု ကျွန်တော် ထင်ပါသည်။ နာရီမရှိတော့ ငါးနာရီခွဲလော်ကယ်ရထား အဝင်ကို စောင့်ရပြန်၏။ ကျောက်မီးသွေး လော်ကယ်ကြီးက မြန်နေလျှင် ရေဒီယိုက ဂျစ်ဂျစ် ရှဲရှဲမြည်နေတတ်ကာ ရထား





နောက်ကျလျှင်တော့ ရှေ့ကအစီအစဉ်တွေ လွတ်သွားတတ်သည်။ ထို ရေဒီယိုကို ကျွန်တော် သတိအရဆုံးမှာ ပလပ်ကို ပြောင်းပြန်တက်မိလျှင် ဓာတ်လိုက်တတ်တာဖြစ်သည်။

အဖေ အကြိုက်ဆုံးမှာ နံနက်ချိန်ခါတေးသံသာဖြစ်သည်။ သူ့ရှေ့က မင်္ဂလာအေးရောင်းသံကိုပင် အလွတ်မခံ။ သည်ပတ်ဝန်းကျင်မှာ အဖေ့ရေဒီယိုတစ်လုံးသာ ရှိသဖြင့် အဖေ့ဂုဏ်က မြင့်ချင်တိုင်း မြင့်နေသည်။ ညဘက် သတင်းချိန်ကျလျှင် အဖေ့မိတ်ဆွေတွေ လာစုတတ်သည်။ သတင်းအပြီးမှ လာတတ်သော ရေဒီယိုအသံလွှင့်ဇာတ်လမ်းလေးတွေ လာလျှင်တော့ အမေပါတတ် သည်။ ရေဒီယိုသိမ်းချိန် အင်္ဂလိပ်ပိုင်းအစီအစဉ်တွေပြီးပါမှ ရေဒီယို ခလုတ်ပိတ် ရတော့သည်။ အင်္ဂလိပ်ဘာသာအစီအစဉ်ကို ဘယ်သူမှ နားမလည်ကြသော်လည်း ပတ်ဝန်းကျင်ကလည်း နားငြီးကြပုံမပေါ်။ ရေဒီယိုဆိုတာ အသံထွက်နေမှ အဓိပ္ပာယ်ရှိသည် ဆိုသည့်သဘော ဖြစ်လိမ့်မည်။ အဖေ့ ရေဒီယိုနားထောင်ဖော် ဦးလေးဘလုက ရေဒီယိုကို ပြုံးပြုံးကြီးကြည့်၍ နားထောင်တတ်သည်။

'သောတရှင်များ ကျန်းမာတော်မူကြပါစေရှင်'

'ကျန်းမာပါတယ်ခင်ဗျာ'

အဲသည်လို ပြန်ဖြေနေကျ။ ကျွန်တော်တို့က ရယ်လျှင် ဦးလေးဘလုက 'မရယ်ကြနဲ့ကွယ့်၊ မေးရင်ဖြေရတယ်' ဟု ပြောမြဲဖြစ်သည်။ တစ်ခါတစ်ခါ အိမ်ကို ကြွလာတတ်သော ဦးဖင်းလေးကလည်း သားရေဖုန်းရေဒီယိုတစ်လုံး ပါလာတတ်သည်။ အဖေ့ရေဒီယိုကြီး ဖွင့်ထားသည့်ကြားက သူ့နေရှင်နယ် ရေဒီယိုကလေးကိုပါ ဖွင့်လိုက်သေးသည်။ ညရှစ်နာရီအချိန်ထိုးသံ 'ဖေါင်ဖင်ဖေါင်' သံ ကြားလျှင် ခါးပိုက်ဆောင်နာရီကလေးကို ထုတ်ကာ နောက်ဆုံးနာရီထိုးသံနှင့်ကိုက်အောင် နားထောင်ပြီးမှ သူ့နာရီကို ရှစ်နာရီ ငါးမိနစ်တိတိမှာ တိုက်ထားတတ်သည်။

'အလို ဦးဖင်းနှယ်၊ ရှစ်နာရီဟာကို ဘယ့်နှယ် ရှစ်နာရီငါးမိနစ်တိုက်ရတာတုံး'

'ဒကာတို့ အဲဒါခက်တာပေါ့။ ကမာရွတ်ကလွှင့်တာ သည်ရောက်အောင် သူ့ခများမယ် လမ်းမှာ ငါးမိနစ်တော့ ကြာဦးမှာပေါ့'

သူ့အဖော်တွေထက် နည်းနည်းပါးပါး လည်လည်ဝယ်ဝယ်ရှိသော အဖေသည်ပင် သည်အခါမျိုးတွင် ငြိမ်သက်သွားတတ်ပါသည်။ ထိုအခါမျိုးတွင် အမြဲတမ်း အရေးတကြီးရှိတတ်သော ဘိုးသာဂေါင်က နှုတ်ခမ်းမွေးတွေကို ကျကျနနကြီး သပ်ရင်းက မေးခွန်းတစ်ခွန်းမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဦးဖင်းက ရေဒီယိုအမြဲနားထောင်လို့ တပည့်တော်မေးပါရစေဦး။ ပေဖူးလွှာသီချင်းဆိုတဲ့ ကောင်မလေးဟာကော ဘယ်သူတဲ့၊ အဲ တင်တင်မြ သူလာသေးသလား'

'ကျုပ်လည်း မကြားရတာဖြင့် ကြာပေါ့'

'ဝကန္တ ကောင်မလေးတော့၊ အဲ ဒကာမလေးတော့ နေထိုင်မကောင်း လို့များလား ဘုရား'

ရေဒီယိုထဲက တင်တင်မြသီချင်းသံ မကြားရတာ ကြာပြန်တော့လည်း အဖေတို့ စိတ်မကောင်းကြ။

ကျွန်တော်တို့ရွာက ကိုပိုက်တင်၏ အဖြစ်ကလည်း ကြားရလျှင် ယုံလောက်စရာမရှိ။ သူ့ကို ရွာက ကိုပိုက်တင်လို့ မခေါ်။ စစ်ပြန်ကြီးလို့ ခေါ်ကြသည်။ ဘယ်စစ်က ဘယ်လိုပြန်လာမှန်း ဘယ်သူမှန်း မသိကြသော်လည်း သူ့ကို စစ်ပြန်ကြီးခေါ်ကြသူတွေချည်းဖြစ်သည်။ ကိုပိုက်တင်အကြိုက်ဆုံး အမျိုးသား အဆိုတော်မှာ တေးသံရှင်ကိုမြကြီးဖြစ်သည်။ ကိုမြကြီး၏ သီချင်းတွေထဲက 'မိုး' နှင့် 'ဂီတဗိမာန်' ကို အသည်းစွဲကြိုက်သူ။ ကိုမြကြီးသီချင်းတွေထဲက တိုက်တိုက်ဆိုင်ဆိုင် သည်သီချင်းတွေများ ရေဒီယိုကလာလျှင် နီးရာကွပ်ပျစ် ပေါ်ကို ပစ်လှဲကာ ရေဒီယိုကို ဗိုက်ပေါ်တင်ကာ မျက်လုံးတွေ မှေးရင်း ခံစားမှု အပြည့်ဖြင့် နားထောင်တတ်သည်။ သီချင်းပြီးသွားတော့ ငါ့ဖြင့် မဟာဒေဝဩသဓ နတ်ဆေးကို မှိုဝဲပြီးခါစ လူတစ်ယောက်လို အားတွေပြည့်သွားတာပဲလို့ အမြဲ ပြောတတ်သည်။

'မင်းတို့ကို ပြောရဦးမယ်၊ ငါ့မယ် တောထဲတောင်ထဲက ရလာတဲ့ ရိုးမငှက်ဖျား ကိုမြကြီးနဲ့ကျမှ ပျောက်တော့တာကွ။ ဆေးဆရာစုံပြီ အင်္ဂလိပ်ဆေး ဗမာဆေးစုံပြီ မပျောက်ဘူး။ တစ်ခါတော့ ဖျားနေတုန်း ကိုမြကြီးရဲ့ မိုးသီချင်း လာတာ၊ ချက်ချင်း အဖျားကျတာပဲ။ နောက်သုံးလေးရက် ဂီတဗိမာန်သီချင်းလာ တော့ ငေါက်ခနဲ ထထိုင်တာပဲ။ ရောဂါဆိုတာ နင်နေ ငါသွားပဲ' ကိုပိုက်တင်က သူ့ရေဒီယိုလေးကို မက်ရေစက်ရေ ပွတ်သပ်ရင်းက ပြောပြခဲ့ခြင်းဖြစ်သည်။ သည်လို အဖြစ်အပျက်ရှိသေးသည်။ ဖောင်သမားကိုဘသိန်းဆိုလျှင် ရေဒီယိုနှင့် တွဲမြင်ကြသူချည်းဖြစ်သည်။ မင်းကွန်းဖောင်ဆိပ်က သစ်တွေတွဲကာ ရန်ကုန် သစ်ဆိပ်ကို ဆွဲမော်တော်ဖြင့် ပို့ရသူတွေထဲက တစ်ယောက်ဖြစ်သည်။ ဖောင်သမား ပီပီ မော်တော်ပေါ်က လိုက်ရတာမဟုတ်ပါ။ ဖောင်သစ်တွဲကြီးပေါ်မှာ ထိုင်လိုက် နေရသူ။ မြို့ကမ်းတွေမှာ သစ်ဖောင်တွေ ညအိပ်ရပ်နားလျှင် ရေဒီယိုကလေး ခဏသိမ်းကာ ပင်ပန်းတကြီးလုပ်ရကိုင်ရသည်။ ပြီးလျှင်တော့ ရေဒီယိုကလေး





ဖွင့်ကာ အပန်းဖြေသည်။ ဆိပ်ကမ်းတွေမှာ သူတကာ ဖောင်သမားတွေက နီးစပ်ရာ ရွာတွေမှာ ဗီဒီယိုဇာတ်ကား တက်ကြည့်ကြသည်။ ဖဲရိုက်သူက ရိုက်သည်။ ကိုဘသိန်းက ဘယ်ကိုမှ မသွားဘဲ ရေဒီယိုသာ နားထောင်ရင်း ဖောင်စောင့်မြဲ ဖြစ်သည်။ တစ်ရက်တော့ သူ့ရေဒီယိုကလေးက အသံတိုးသွားခဲ့သည်။ အသံချဲ့ ခလုတ်ကို တင်သော်လည်း မကျယ်တော့ စိတ်ညစ်သည်။ သည်တော့ နီးစပ်ရာ ဆိပ်ကမ်းတွေမှာ ပြင်သည်။ မရ။ ရန်ကုန်ရောက်တော့ ပြကြည့်သည်။ ထားခဲ့ရ မည်ဆိုတော့ မထားရဲ၊ ဖောင်သမားတွေထဲက စက်အကြောင်း နားလည်သူကို ပြသည်။ အသံပျောက်သွားလေ၏။ ဆွဲမော်တော်ဆရာက သူပြင်တတ်သည် ဆိုသောအခါ သူ ယုံကြည်သွားသည်။ သို့သော် ရေဒီယိုကလေးက ကောင်းမလာ တော့ပါ။ စက်ဆရာက ရေဒီယိုကလေးတစ်စစီ ဖြုတ်ထားတာကို ရင်ကွဲရပြီဟု တွေးသည်။ စက်ဆရာက ဖြုတ်ထားပြီး မပြင်ဖြစ်သေးတော့ လက်ကိုင်ပဝါဖြင့် စုထုပ်ထားတာကိုပဲ သူ့မှာ စိတ်မကောင်းဖြစ်လှပြီ။

'တစ်ရက်တော့ ပခန်းဘက်မှာ လှိုင်းမိတော့ မော်တော်ရော ဖောင် တွဲတွေပါ ဝရုန်းသုန်းကားဖြစ်တာပေါ့ဗျာ။ ဒါနဲ့ ရေဒီယိုထုပ်ကလေးက မြစ်ထဲ ကျသွားတာပါပဲ။ ဘသိန်းလည်း ဖောင်ပေါ်မှာ သုံးရက်လောက်ဖျားလိုက် သေးတယ်။ ပခန်းက ဖောင်ထွက်တဲ့နေ့ သေတာပဲ။ သည့်နောက် ဖောင်ခေါင်းက ဖောင်ပေါ်မှာ ရေဒီယိုအဖွင့်မခံဘူးဗျ။ ဘသိန်းကို သတိရလို့'

ဇာတ်လမ်းပမာလောက် ကြိုက်တတ်သည့် အမေကတော့ 'နှင့် ရေဒီယို လေး ချထားစမ်းပါဟယ်၊ ဘာမှလည်း မဟုတ်ပဲနဲ့' လို့ ပြောတတ်သည်။ အမေက စကားတွေပြောချင်။ ကျွန်တော်က ရေဒီယိုတညောင်ညောင်လုပ်နေလျှင် အမေက အဲဒီလိုဆိုမြဲဖြစ်သည်။

'ဘယ့်နှယ် မဟုတ်ရမှာလဲ အမေရ၊ ကမ္ဘာ့အရေးအခင်းတွေက အရေးကြီးနေတဲ့ဟာ'

'နင်တို့ ရေဒီယိုဆိုတာကြီးရှိလို့ ကမ္ဘာ့အရေးအခင်းတွေဖြစ်နေတာ၊ တကာတည်း နားထောင်လိုက်ရတဲ့ ရေဒီယို။ ပြီးတော့ ဟုတ်တာလည်း မဟုတ်ဘူး'

ကျွန်တော် ငယ်ငယ်က ရေဒီယိုသွားနားထောင်မိလို့ အမေရိုက်တာ သတိရနေမိပါသည်။ သည်တုန်းက ကျွန်တော် လေးငါးတန်းလောက်ရောက်ပါပြီ။ ကျွန်တော်တို့အိမ်မှာ ရေဒီယိုမရှိတော့ တစ်အိမ်ကျော်က ကုန်စုံဆိုင်ပိုင်ရှင် ဒေါ်ဝင်းရီအိမ်က ရေဒီယိုကို ညဘက်သွားနားထောင်ရသည်။ ဒေါ်ဝင်းရီ၏ အိမ်ထဲကို ဝင်ခွင့်ရတာမဟုတ်။ ခြံစည်းရိုးဘေး ကပ်နားထောင်ရခြင်းဖြစ်သည်။ ကျယ်ကျယ် ကလေးဖွင့်ထားပေးဖို့ ဒေါ်ဝင်းရီ၏ သားတွေ (ကျွန်တော့်သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ) ကို နေ့လယ်ခင်းကတည်းက ခြွတ်မာလကာသီးတွေ လာဘ်ထိုးထားရသေးသည်။ ကျွန်တော်တို့ စီမံကိန်းကို ဒေါ်ဝင်းရီသိသွားတော့ ရေဒီယိုကို တိုးတိုးလေး ဖွင့်တော့သည်။ ဒါကို အမေကြားတော့ မှောင်ရိပ်ခိုရပ်မလားဆိုကာ ရိုက်သည်။ ကျွန်တော်က ငိုရှိုက်ရင်း အမေ့ကို စကားနာထိုးသည်။

'အမေဖြင့် ရေဒီယိုမဝယ်နိုင်ပဲနဲ့၊ ဝယ်နိုင်တဲ့သူအိမ်မှာ ခိုးနားထောင်တာ ဘာဖြစ်သလဲ'

သည့်နောက်တော့ အမေ ရေဒီယိုအကြောင်း မပြောတော့ပါ။ အခုတော့ အဖေရော၊ အမေပါ မရှိတော့ပါ။ ကျွန်တော့်မှာ ရေဒီယိုပျက် လေးငါးလုံးတောင် ရှိနေခဲ့ပြီ။ ရေဒီယိုအဟောင်းကလေးတွေကို ပြင်ထားကာ ရေအိမ်မှာတစ်လုံး၊ ဧည့်ခန်းမှာတစ်လုံး၊ စာရေးစားပွဲမှာ တစ်လုံးထားသည်။ ဘယ်နားရောက်ရောက် နားထောင်နိုင်ဖို့ဖြစ်ပါသည်။ တစ်ခါတော့ လူငယ်တစ်စု ကျွန်တော့်အိမ်ကို ရောက်လာသည်။ ကျွန်တော်က စကြံလမ်းမှာ ရေဒီယို နားထောင်နေချိန် ဖြစ်သည်။ စကားတွေ တော်တော်ပြောကြတော့ ကျွန်တော်က လူငယ်တွေကို ရေဒီယို နားထောင်ကြသလားဟု မေးလိုက်သည်။ လူငယ်တွေက ပြုံးကြသည်။ ပြီးတော့ အားနာဟန်ပြုကြသည်။ လူငယ်တစ်ယောက်ကတော့ အယူအဆသစ်တစ်ခုကို ကြွေးကြော်လိုက်သည့်ဟန်ဖြင့် ပြန်ပြောသည်။

'ရေဒီယိုဆိုတာက လူကြီးတွေရဲ့ အလုပ်လေ ဆရာ၊ ကျွန်တော်တို့က ငယ်သေးတယ်။ ရေဒီယိုကိုင်ရင် အောက်တယ် ဆရာ'

'အောက်' တယ်ဆိုသည့် စကားက 'date out' ဆိုသည့် 'အောက်' ကို ဆိုလိုတာလား။ အောက်သိုးသိုး အတွေးအခေါ်ကို ဆိုလိုတာလား။ ကျွန်တော် ကိုယ်တိုင် မရှင်းလိုက်ပါ။ ရေဒီယိုဆိုတာ လူကြီးကိုင်ရုပ်ဝတ္ထုဟု ဆိုတာများ လား။ ဒါဆိုရင် သတင်းခေတ်ကြီးထဲက သတင်းတွေဟာ လူကြီးတွေအတွက် သက်သက်လား။ ကျွန်တော်ကတော့ မိမိနှစ်သက်သည့်အလုပ်ကို နှစ်သက်ဖို့သာ ကြိုးစားသည်။ ဝင်စတန်ချာချီက လောကတွင် လူသုံးမျိုးသာရှိသည်ဟု ဆိုသည်။ သေမလောက် ပင်ပန်းဆင်းရဲစွာ လုပ်ရသူ၊ သေမလောက် သောကရောက်ရသူနှင့် သေမလောက် ငြီးငွေ့နေကြသူများဖြစ်သည်။ ကျွန်တော်ကတော့ သုံးမျိုးစလုံးထဲမှာ ပါနေရသူ ဖြစ်သည်။ သည့်အတွက် အသက်အရွယ်ကြီးသည့်တိုင် ဖြည်းဖြည်းနှင့် မှန်မှန် ကျွန်တော်နှင့် လိုက်ပါလာမည့် ဝါသနာအဖော်ကို ကျွန်တော်ရှာရပါသည်။ ဝင်စတန်ချာချီက လောကမှာ ပန်းချီဆရာများသာ အပျော်ရွှင်ဆုံး ဖြစ်သည်ဟု ဆိုသည်။ အလင်းနှင့် အမှောင်၊ အရောင်နှင့် အသွေး၊ ငြိမ်းချမ်းခြင်းနှင့် မျှော်လင့်ခြင်း စသည့် ဘဝအရသာများကို ကိုင်စွဲကာ သူတို့





အတွက် အထီးကျန် မဆန်စေခြင်း၊ တစ်ချက်တည်းနှင့် ဘဝခရီးဆုံးအထိ ခရီးသွားနိုင်သူများ ဖြစ်ခြင်း ကြောင့်ဟုဆိုပါသည်။

ကျွန်တော် ပန်းချီမဆွဲတတ်ပါ။ သို့သော် ရေဒီယိုကလေးသည် ကျွန်တော့် အတွက်တော့ဖြင့် အလင်းနှင့် အမှောင်ဖြစ်သည်။ အရောင်နှင့် အသွေးဖြစ်သည်။ ငြိမ်းချမ်းခြင်းနှင့် မျှော်လင့်ခြင်းဖြစ်သည်။ အမေက ရေဒီယိုကို 'ဘာမှလည်း မဟုတ်ပဲနဲ့' ဆိုသည့်တိုင် ကျွန်တော် ချစ်ခင်သူတွေကို ရေဒီယိုကလေး တစ်လုံးစီ လက်ဆောင်ပေးဖို့ ကျွန်တော် စိတ်ကူးထားသည်။

*Idea*

www.burmeseclassic.com

www.burmeseclassic.com

# လသာသာ ကျောက်ပြင်ခင်းတယ်
## နှင်းဆီနံ့မွှေး

သည့်ရက်များထဲမှာ ကုမ္ပဏီညှေ့ခံပွဲ၊ ကုန်စည်သစ်မိတ်ဆက်ပွဲ၊ ကုန်စည် အဟောင်းအသစ် အရောင်းမြှင့်တင်ပွဲနှင့် ပတ်သက်သည့် ဖိတ်စာတွေချည်း ရနေတာ ကျွန်တော် သတိထားမိပါသည်။ အများအားဖြင့် အလှကုန်များဖြစ်၍ ကျွန် အတော်များများကတော့ အလှအပနှင့်ဆိုင်သည့် ပစ္စည်းများ ဖြစ်ကြသည်။ အလှကုန် ဆိုသော်လည်း လူ့ကို ဥပါဒ်မဖြစ်စေတတ်သည့် medicated cosmetics တွေဖြစ်သည်။ ဆေးဝါးအာနိသင် ပါသည့်သဘော၊ နည်းပညာမြင့်လာသည့် သဘောကို ရှေ့တန်းတင်လာတာတော့ ကိစ္စကောင်းဖြစ်သည်။ ကျွန်တော် ပြင်သစ်နိုင်ငံ၊ ပါရီမြို့ကို ရောက်ရစဉ်ကလည်း ပြင်သစ်အလှကုန်များနှင့် စပ်လျဉ်း၍ ဗဟုသုတဖြစ်ဖွယ် ရှင်းလင်းပွဲတစ်ခုတက်ရောက်စေခဲ့သည်။ ထိုပွဲမှာ 'ခရစ်ရှန်ဒိုင်ယော်' ကမ္ဘာကျော်ကုမ္ပဏီကြီးက သူ့အလှကုန်ပစ္စည်းများနှင့် ပတ်သက်၍ ရှင်းပြသည့်အခါ 'အလှအပသည် စကြဝဠာ မြေတိုင်းထိုးဖောက်ကျော် လွှားနေပါပြီ' ဟု သုံးသွားတာ သတိထားမိလိုက်သည်။ ခရစ်ရှန်ဒိုင်ယော်က ဘာကိုဆိုလိုလိုက်မှန်း ကျွန်တော် မရှင်းသော်လည်း စကြဝဠာတစ်ခုလုံးက လှပခြင်းတရားကို မက်ရေစက်ရေ ရှိလာကြတာတော့ သေချာပါသည်။ ကျွန်တော့်ကို လိုက်ပို့သည့် ပြင်သစ်အမျိုးသမီးက 'မစ္စတာဝင်း *double patch effect* လိမ်းမလား။ မိနစ်ခြောက်ဆယ်နဲ့ အသားဖြူတယ်' လို့ လှမ်းနောက်နေသေးသည်။ အသားအရေ စောင့်ရှောက်မှုနည်းပညာလို့ ဘာသာပြန်ရမလားတော့ မသိ။ သူတို့ကတော့ skin care technology လို့ သုံးသည်။ 'အမျိုးသမီးတို့ အခိုင်အမာယုံကြည်ကြလော့' ဟု ကြွေးကြော်ပြန်သည်။ ကျွန်တော်က သူငယ်ချင်းတစ်ယောက် ပြောဖူးသည့် စကားတွေကို သတိရမိသည်။





'ပိုစ်မော်ဒန်ကဗျာ ဟုတ်၊ မဟုတ်တော့ ငါလည်း မသိဘူးပေါ့ကွာ။ သေချာတာကတော့ ပိုစ်မော်ဒန် အလှလွန်ခေတ်ကွ။ အလှလွန်ကဗျာလေးတွေ များတဲ့ ခေတ်ရောက်နေပြီ'

သူငယ်ချင်းက ရယ်စရာ မောစရာ ပြောလိုက်သော်လည်း ကျွန်တော့်မှာ တွေးစရာတွေရခဲ့သည်။ တကယ်တော့ မိန်းမသားတွေကချည်း အလှအပ မက်ကြသည်မဟုတ်ပါ။ ယောကျ်ားသားများကလည်း မက်ကြပါသည်။ အလှအပ ပြင်ဆင်ခြင်း၊ အလှကုန်သုံးစွဲခြင်းသည် မိန်းမသားကိစ္စနဲ့ ပတ်သက်သည်ချည်း မဟုတ်တော့ပါ။ ယောကျ်ားသားများကလည်း ကိုယ့်ကိစ္စလို့ သဘောထားလာခဲ့ကြပါသည်။ စကြဝဠာအပြောက်အမွမ်းအဆင်တန်ဆာခံစားမှု။ တစ်နှစ်ကို အသားအရေထိန်းအလှဆီများ၊ အမွှေးနံ့သာများ၊ အလှဆာဂျရီများ၊ အလှပြင်ခန်းမများ၊ အလှအပ အားပြုဆေးဝါးများ။ အမေရိကန်တွေက ပညာရေးကုန်ကျမှုတွေထက် အလှကုန်ဝယ်မှုတန်ဖိုးတွေ ပိုသုံးနေကြသည်ဟု ဆိုသည်။ ဒါကလည်း ဝင့်ဝါပလွှားမှုသက်သက် ပကာသနသက်သက် မဟုတ်ပေ၊ ဘဲ လှသည်ထက်လှဖို့၊ အကျည်းတန်ခြင်းကို ကုစားဖို့ သက်သက်သာဖြစ်ကြောင်း စောဒကတက်ကြသည်လည်း ရှိသည်။ မျိုးရိုးဗီဇကြီး ပေးအပ်သျှိမြင့်ခြင်းနှင့် လူမှုအားသာချက်တွေကို လှပခြင်းဖြင့် ရယူနိုင်သည်ဟု သဘောထားလာကြသည်။ စိတ်ပညာရှင်တွေကျတော့လည်း လှပခြင်းက သဘာလီခန်းဆောင်နှင့် လိုက်ဖက်မှု ပြေပြစ်စေသည်ဟု ဆိုလေသည်။

'ယဉ်ကျေးမှု ၃၇ မျိုးက လူပေါင်း ၁၀၀၀ ကျော်ကို သုတေသနပြုကြည့်တော့ မိန်းမသားတွေရဲ့ အလှကို ပထမဦးစားပေးကြောင်း စာရေးပေးတာတွေချည်းပဲတဲ့။ ချားလ်စ်ဒါဝင်ကတော့ သူ့ရဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိမှာ *Universal passion for adornment* လို့ သုံးတာကြည့်လေဗျာ'

အလှဗေဒသမားတစ်ယောက်ကတော့ မစားရဝခမန်း အားပါးတရ ပြောလေသည်။

အလယ်ခေတ် ဂရိသရေရှိ လူကုံထံအမျိုးသမီးကြီးတွေကတော့ ရှေးကတည်းက လှချင်ရက် စက်စက်ယိုကြသူတွေဖြစ်သည်။ စိန် (arsenic) မျိုကြသည်။ တစ်ကိုယ်လုံးကို လင်းနို့သွေးသုတ်လိမ်းကြသည်။ ၁၈ ရာစုတုန်းကတော့ အမေရိကန်အမျိုးသမီးများ၏ တင်းတိတ်ပျောက်ဆေးမှာ မွေးကင်းစ ယောကျ်ားကလေးဆီးကို ခံကာ လိမ်းကြခြင်းဖြစ်သည်။ ဝိတိုရိယခေတ် မိန်းမသားတွေကတော့ ခါးကလေးကျဉ်မှ လှသည်လို့ ယုံကြည်ကြတော့ နံရိုးတွေ ထုတ်ပစ်လိုက်တာများပင် ရှိခဲ့သည်။ လှချင်ပချင်စိတ်သည်ပင် ရှေးဟောင်းယဉ်ကျေးမှုကြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကတော့ အလှအပတွေအကြောင်း တစ်လျှောက်ကြီး တွေးရင်း ကြည်ကြည့်ကို သတိရသည်။ ကြည်ကြည်ဆိုသော်လည်း ကျွန်တော်တို့က ချစ်စနိုးခေါ်ကြခြင်းသာဖြစ်၍ အသက်က ရလုပြီ။ အမေ့ညီမ ဝမ်းကွဲဖြစ်သည်။ ကြည်ကြည်က ရေချိုးသနပ်ခါးမျက်နှာချေလိမ်းပြီးလျှင် မျက်ခုံးမွေးကလေး မှုန်မှုန်ဆွဲကာ အမေတို့စကားဝိုင်းကို ရောက်လာတတ်သည်။ လက်ဆယ်ချောင်းလုံးမှာတော့ ဒန်းဆိုးထားသဖြင့် လက်ဖျားကလေးတွေ နီရဲနေတတ်သည်။ ကြည်ကြည်က ချိုချိုငုံငုံ နေရသော်လည်း လှလှပပနေတတ်သူဖြစ်သည်။ အမေတို့က 'ညည်းမလဲအေ ရှင်ဘုရင်တစ်ခါထွက် ပဲကြီးတစ်လှေချက်၊ မင်းကတော် ခေါ်မေအောင် ကျနေတာပဲ။ မျက်ခုံး ဆွဲရတာနဲ့ မျက်လုံး ခြယ်ရတာနဲ့' လို့ အငေါ်တူးလျှင် ကြည်ကြည်က ပြုံးနေတတ်သည်။

'လှဘဝတိုတိုကလေး လှမှပေါ့အေ။ ညည်းတို့လို မအေက မွေးထုတ်လိုက်တဲ့အတိုင်း အကြမ်းထည်ကြီးအတိုင်းတော့ နေနိုင်ဘူးတော်ရေ၊ မကြည်ကတော့ နေရသရွေ့ လှချင်သေးတယ်'

ကြည်ကြည်က တကယ်လည်း လှအောင် နေသွားခဲ့သည်။ သူ့အိမ်ကလေးမှာ နေချင့်စဖွယ်။ အိုးတွေ ခွက်တွေတွေကလည်း ကြည်ကြည်လင်လင်။ အိပ်ရာခေါင်းအုံးတွေကလည်း ဖြူဖြူစင်စင်။ လူကတော့ ပါးရေကလေး လိပ်ချင်နေသည့်ကြားက 'မစမ်းစမ်း မျက်နှာချေ ဖိန်းနေအောင် လိမ်းလေသည်။ မရှိသည့် မျက်ခုံးမွေးပေါ်မှာ ခြယ်ဆီစိမ်းမည်းမည်းကို ခဲနေအောင် ဆွဲသည်။ ကမ္ဘာကျော် Dior ရေမွှေး၊ Channel ရေမွှေး၊ Yves St Laurent ရေမွှေးတို့ မရှိသော်လည်း ကိစ္စမရှိ၊ ကြည်ကြည့်ခန္ဓာကိုယ်က စပယ်ဆီနံ့၊ ဒေါနဆီနံ့တွေ တော်တောက်အီအီ မွှေးလေသည်။ အမေကတော့ သူတို့ငယ်ငယ်က အလှပြင်ပုံတွေကို ပြောပြသည်။

'မကြည်လောက်သာ မပြင်တာပါကွယ်။ မိန်းကလေးဆိုတော့ ဘယ့်နှယ် မပြင်ဆင်ပဲ ရှိပါ့မလား။ ပဲနံ့သာစေ့ကလေး လော်ပြီး အုန်းဆီထဲ ထည့်လိမ်းတာတို့၊ လက်ဖက်ပုပ်မျက်ခုံးဆွဲတာတို့၊ ဆန်ဆေးရည် ခေါင်းရေဆွတ်တာတို့၊ နံ့သာဖြူ ကရက်မလေးသင်းနေအောင် လိမ်းတာတို့တော့ လုပ်ကြတာပဲ။ နှုတ်ခမ်းကလေး နီချင်တော့ ကွမ်းစားရတယ်'

အမေတို့ခေတ်ကတော့ 'နွားအုံနဲ့ ပါးဆီမှာ ကတ်ကြေးကျညီလှသည့် မြရေသီလံ ဗျာပါဆံကား ပါးယံဘယ်ခွေ၊ ပုံပိုက်လို့ ဝေသည့်' ခေတ်ဖြစ်သည်။ ဗျာပါဆံဆိုသည့် ဆံပင်ပုံစံကလည်း နောက်ကြောင်းသမိုင်းရှိသည်။ ဘုရင်မင်းခေါင်လက်ထက် မင်းသမီး ရှင်မြတ်လှခမျာ မိဖုရားမဖြစ်လိုက်ရဘဲ ဘုရင်





ပေးစားသူကို ယူလိုက်ရသဖြင့် သူမ၏ ဆံထုံးကို လေ့နံပေါ်တင်ကာ ဓားဖြင့် ခုတ်စဉ်းလေသည်။ ယင်းခုတ်ဆံပင် ရှင်လာတော့ ကြည့်လို့လှသည်ဆိုလေသည်။ စိတ်သောက ဗျာပါရကြီးရာက ဖြစ်လာသည့်ဆံပင်ပုံစံဆိုတော့ ဗျပါဆံ (ဗျာပါဆံ) ဖြစ်ရသတဲ့၊ ကုန်းဘောင်ခေတ်မှာလည်း မမြလေးခမျာ ရာဇမာန်ရှခြင်းခံရသဖြင့် လှည်းဖြင့် ထုတ်ဆောင်ကာ ကွပ်မျက်မည့်နေရာသို့အသွား ပုဆွေးကြေကွဲလွန်းသဖြင့် ဆံပင်ကို တစ်ပတ်ကလေး ကပျာကသီ ထုံးရင်း လိုက်ရာက နာမည်ကြီး 'ပုပ်ပုံထုံး' ဆံပင်ပုံစံ လူထုကြားကျခဲ့ရသည်။

'အမေတို့ခေတ်ကတော့ သည်ခေတ်လို ဆံပင်အလှပြင်ဆိုင်တွေ ဘယ်ရှိမလဲ။ မိစဉ်ဖဆက် သင်ပေးနိုင်သလောက်ကလေးနဲ့ ကြီးကြရတာပဲ။ လက်သင်ထုံးကနေ တက်ရတာပေါ့။ အပျိုပေါက် မိန်းကလေးတစ်ယောက် ဆံပင် လက်သင်ထုံးကလေးနဲ့ အလှဟာ အင်မတန် ကျက်သရေရှိတာကလား'

အမေတို့ ပြောတော့လည်း လွမ်းစရာ။ အပျိုဖြောက်ဖြောက်၊ ရွှေလက်ကောက်တစ်ရံ၊ လက်ချိတ်ကယ်လွန်းပုံ၊ ပန်းတစ်ဘက်ထောင်နှံ၊ ပြန့်လှန်ကာသိသိ၊ ရင်ဝတ်တော်ချိုချိုတော့ မဟုတ်နိုင်။ တောသူတောင်သားဆိုတော့ သိန်းတန်သည့် ပန်းထဘီ၊ ကျောက်စီလျှင်လေးမည်ကြောင့် ဆိုတာလည်း ဝေလာဝေး။ စပ်ထဘီ နှစ်နံ့စပ်ကလေးသော်မှ အလိုက်ကယ်သာသာဆိုတော့ စက်စက်ယှိဆိုင်ခံဆွေး ဖြစ်လိမ့်မည်။ ရက်ထမိကွက်စီ အစင်းရယ်လောက်နှင့် ဖြစ်လိမ့်မည်။ အကျော်လိုက်ဖက် ကရမက်နှင့် ကိုယ်လက်သိမ်သေပ် ကွမ်းတွပ်တွပ်နှင့် ဖြစ်လိမ့်မည်။ ဇမာဖျင် (မြန်မာဖျင်) ရှေးဆန်လှတာနှင့်၊ မာလကျင်ခွေးခံပွင့်ဖြင့် မွှေးရင်က ပဲနံ့သာ တစ်စလယ်နှင့် အပျိုလုပ်ခဲ့ပုံရလေသည်။

အခုတော့ အလှကုန်အလှခြယ်ပစ္စည်းတွေက လိုက်လို့ပင် မမီတော့။ Cosmaceuticals ဟုပင် သုံးနေကြပြီ။ Cosmetics နှင့် Phamaceuticals (အလှကုန်နှင့် ဆေးဝါး) ပေါင်းစပ်ထားခြင်းသဘောဖြစ်ပါသည်။ ရိုးရာအလှကုန်တွေကို ပြန်လည်ဖော်ထုတ်ကာ နည်းပညာမြှင့်ကြသည်လည်းရှိသည်။ ကမ္ဘာ့အလှကုန်ကုမ္ပဏီကြီးများက ရောင်းအားပမာဏ၏ သုံးရာခိုင်နှုန်းလောက်ကို သုတေသနလုပ်ငန်းမှာ သုံးနေကြသည်။ သိပ်ပြီး များပြား။ သိပ်ပြီး တီထွင်လာကြသည့်အတွက် စားသုံးသူအများစုက လက်လန်မှာလည်း စိုးရိမ်နေကြသည်။ ဒါကိုပင် 'ရေတကောင်းထဲက မျှော်လင့်ချက်' ဟု သုံးသည်။

သို့သော် ဒါက ကြောင့်ကြမှုသာဖြစ်သည်။ အလှအပြင်အဆင် အခြယ်အသတွေက ပိုလို့သာ တိုးလာနေသည်။ 'အလှပြင်ဆင်သွားဖို့ အချိန်မရဘူးလား' *No Time for the salon?* ဆိုသည့် မေးခွန်းကို ကာလမိန်းမသားများ



www.burmeseclassic.com

www.burmeseclassic.com



သဘောကျနေကြသည်။ သည်မေးခွန်းက လက်တွေ့ကျသည်။ ‘ဟုတ်တယ် အလှပြင်ဆိုင်ချည်းသွားနေလို့ ဘယ်ဖြစ်ပါ့မလဲ။ အချိန်မရှိဘူး။ ကျွန်မတို့က ဘာလုပ်ရမလဲ’ လို့ သိချင်သူတွေ ပိုများလာနေသည်။ ဒါကို ဈေးကွက်ကောင်းကောင်းကြီး အသုံးချသည်။ ငါးမိနစ်အတွင်း အစွမ်းပြသည့် အလှကုန်တွေ တိုးပြီးထုတ်လာနေကြသည်။ အသက်ကလေး ရလာတော့ အရေပြားတွေ လျော့ရဲလာသည်။ တွန့်ချင် ရှုံ့ချင်ပြီ။ အသားအရေကို အထောက်အကူပြုသည့် ကော်လာဂျင်နှင့် အီလာစတင်အားနည်းလာသည့်အခါ အရေပြားတွေ လျော့စပြုလာတတ်သည်။ ဒါကိုပဲ အရေပြားအိုလာခြင်းဟု ဆိုသည်။

‘လူ့အရေပြားက အသက်ရလာတာနဲ့အမျှ အသစ်ပွားစည်းမှု နှေးကွေးလာတယ်။ နေရောင်ခြည်မှာပါတဲ့ ခရမ်းလွန်ရောင်ခြည်တွေ အရေပြားအမြှေးကလပ်စည်းတွေကို ကျွတ်ထွက်သွားစေတယ်။ အရေပြားအိုခြင်းကို ရာနိုင်နှုန်း ရှစ်ဆယ်လောက်အထိ ကျသွားအောင် မြန်မြန်လုပ်ပေးလိုက်တာတွေ ရှိတယ်။ ဒါကို ဗီတာမင်အေပါတဲ့ အလှကုန်တွေသုံးပြီး ပြန်ထိန်းတာပဲ။ ဗီတာမင်အေက အရေပြားက ပရိုတိန်းကော်လာဂျင်တွေကို ပြန်ပွားပေးတယ်။ ပြန်ဖွပေးတာကိုး။ ဗီတာမင်ပေါ့။ အခု ငါးကရတဲ့ DMAE ဆိုတာ ပိုတောင်ကောင်းသေးတယ်။ Antioxidant protein အသစ်လေ။ မျက်နှာကလေး နုရေပ်ရေ ရှိဖို့ဆိုတာကလည်း မလွယ်ပါလား။ မျက်နှာလိမ်းအနှစ်တွေကလည်း နေ့လိမ်းညလိမ်း ရှိသေးသည်။ မျက်နှာကြော့မော့အောင်၊ တောက်ပဝင်းစက်အောင်၊ နုညံ့ပြီး ရေငွေ့ကလေး မရိုက်တရိုက်ရှိအောင်၊ မြဲအောင်၊ သန့်နေအောင် လိမ်းခြယ်ရသည့် အလှပစ္စည်းတွေက ဈေးမသေးပါ။ ပျော့တွဲအိအိအသားအရေ (Saging Skin)၊ ပါးလွှာခြောက်သွေ့အသားအရေ (dry and papery skin)၊ ချွေးပေါက်ကျယ်အသားအရေ (Open Pores Skin)၊ အရေးအကြောင်းနဲ့ တွန့်ရှုံ့အသားအရေ (Lines and Wrinkles Skin)၊ အထိမခံ ကြွေပန်းကန်အသားအရေ (Sensitive Skin)၊ သက်ကြီးပြောက် အသားအရေ (age spots skin) စသည်ဖြင့် လူ့အသားအရေတွေကို အုပ်စုခွဲတာများလည်း ရှိသည်။

ကျွန်တော်က အလှကုန်နည်းပညာတွေအကြောင်း ပြောရင်း အသားအရေကောင်းဖို့ လူ့အရေပြားကို လိမ်းကြ ခြယ်ကြသည့်အကြောင်း အဖေ့ကို ပြောပြသည်။ အဖေက အံ့သြဟန်မပြပါ။ အဖေက မျက်နှာကို လိမ်းခြယ်ခြင်း၏ အကျိုးများကို ရှင်းပြနေသေးသည်။

‘အေးတဲ့ ဟေမန္တဥတုများမှာ ကံ့ကော်၊ ကရမက်၊ အကျော်၊ လိပ်သည်းရောလိမ်းကြရတယ်။ နွေးတာပေါ့ကွာ။ ဝဿန္တဂိမှ ဥတုများကျတော့ ကရမက်တို့





ကံ့ကော်၊ ကတိုးသုံးမျိုး စပ်လိမ်းကြရတယ်။ သူက အအေး ဝဿနသရဒဥတုများကျတော့ ကရမက်၊ ကံ့ကော်၊ ကတိုး သုံးမျိုးစပ်လိမ်းရတယ်။ မပူမအေးအရသာရှိတယ်။ မျက်နှာလိမ်းတာတွေက ရေငတ်ပြေတယ်။ မှုးတာ မော်တာ ချွေးနံ့နံတာ၊ ကိုယ်လက်မအီမသာဖြစ်တာတွေကို နိုင်တယ်။ တန်ခိုး၊ အားခွန်၊ နှစ်သက်ခြင်း။ ဩဇာအရေအဆင်းကောင်းစေတယ်။ မင်းတို့ အင်္ဂလိပ်မျက်နှာချေကတော့ ကံ့ကော် ပါမယ်ထင်ပေါင်ကွာ’

အလှအပ အလိမ်းအခြယ်ကိစ္စများတွင် မြန်မာအမျိုးသမီးများသည်လည်း ရေမြေယဉ်ကျေးမှုနှင့် လျော်ညီစွာ ပြုပြုပြင်ပြင် ရှိကြသူများဖြစ်သည်။ အထူးသဖြင့် အဝတ်အစားကိစ္စ၌ လုံလုံလဲလဲ သိမ်သိမ်မွေ့မွေ့ရှိကြသည်။ တစ်ခါတစ်ရံ အဆန်းလွန်တာမျိုး ရှိခဲ့သော်လည်း လူ့အဖွဲ့အစည်းက လိုက်မလာသည့်အခါ (လက်မခံသည့်အခါ) အလွန်အကျွံတွေ ရေ့တန်းမရောက်ခဲ့။ ရှေးက ကြက်သွန်ခွံ ကိုကိုမကြည့်ဝံ့ အကျီများ၊ မှန်နိုင်လွန် အကျီများ ခေတ်စားခဲ့သည်။ ‘လှုပ်လှုပ်ကလေး တုံတုံ၊ ဖန်ပေါင်းချောင်ရေအတွင်းမှာတော့ ငါးကြင်းလွှတ်သည် သို့ပုံ’ လို့ စာဖွဲ့သူက ဖွဲ့သည်။ ဦးချစ်မွှယ်ကတော့ ‘အကျီပါးရယ်နှင့်မျက်နှာထားချို၊ ဇလာကျင်းတော့မလိုပ၊ လာရင်နော် အမှုပို၍ လူပျိုကိုမြူချိုပါဦးတော့မလား’ လို့ ကလိရင်း ပိုးဖြူရင်ဖုံးကလေး ဆင်ဦးကွယ်လို့ ဖန်းသည် မစိန်သုံကို လုံလုံဝတ်ဖို့ မှာလေသည်။ မြန်မာအမျိုးသမီးများ၏ အလှဗေဒတွင် ပန်းပန်သည်လည်း ပါသည်။ ထီးကလေးဆောင်းသည်လည်း ပါသည်။ ပဝါကလေး သိုင်းခြုံတာလည်း ပါသည်။ ဖိနပ်ကလည်း အလှအပ၏ အဆင်တန်ဆာဖြစ်အောင် အယဉ်အခန့်ကို ဦးစားပေးသည်။ တတ်နိုင်သူတွေကတော့ လက်ပွေ့အိတ်ကလေး ကိုင်ကာ အလှကြည့်ကြသည်လည်း ရှိသည်။ မျက်နှာသင်းအခြယ်ကတော့ ‘နှံ့သာရေ မတော်လေချော်ကာ ဖိတ်သော်မှ ကျင်းဝကမွှေး’ သည့် သနပ်ခါးသာ ဖြစ်သည်။ မကြေညာမျက်နှာချေ၊ စွန်လည်မျှ မျက်နှာချေ၊ သင်းကြူကြူမျက်နှာချေ၊ ဖာရစီ မရွှေမ မျက်နှာချေ ခေတ်များမှသည် လောရဲ၊ ရှိဆေးဒိုး၊ ပီးယားစ်၊ မေဘာလင်း ရယ်ဗလွန်ခေတ်တွေအထိ ပြောင်းလဲလာခဲ့သော်လည်း သနပ်ခါးကတော့ အိမ်ဦးခန်းမှာ နေရာယူထားဆဲဖြစ်သည်။

သို့သော် သင်္ကေတအမှတ်တံဆိပ်တွေက ရှိန်နှုန်းမြင့်ခေတ်ကြီးနှင့်အတူ ခရီးလှည့်လျက်ရှိကြသည်။ ကိုယ့်တိုင်းပြည် ကိုယ့်ယဉ်ကျေးမှုစည်းနယ်နိမိတ်ကို ကျော်ကာ အပြေးအလွှား ဒရောသောပါးဝင်လာကြသည့်အမှတ်တံဆိပ်တွေဖြစ်သည်။ ဂျင်းများ၊ မက်ဒေါနယ်လို အမြန်စားသောက်ဆိုင်များ၊ အမေရိကန် တောင်ပိုင်းဂီတများ၊ မိုက်ခရိုဆော့ဖ်များ၊ မိုဘိုင်းဖုန်းများက



www.burmeseclassic.com

www.burmeseclassic.com



အစ ဆိုနီ၊ ကိုကာကိုလာ၊ ဖွန်ဒါ၊ ဖော်လ်ဗို၊ ဟာလီဒေးဗစ်ဆင် စသည့် ဂလိုဘယ်လိုက် အမှတ်တံဆိပ်များအဆုံး သင်္ကေတအမှတ်တံဆိပ်များ၏ ပွတ်တိုက်မှုကို ခံနေကြရသည်။ သင်္ကေတအမှတ်တံဆိပ်ယဉ်ကျေးမှု ကြီးလာသည်နှင့် အမျှ ယဉ်ကျေးမှု တစ်ပြားတည်း ပြဿနာလည်း ရှိလာသည်။ သည်သင်္ကေတတွေထဲမှာ နေရှင်နယ်လို၊ ရယ်ဇလွှန်လို အလှကုန်သင်္ကေတများက နက်နက်ရှိုင်းရှိုင်း ထိုးဖောက်နေသည်ဖြစ်ရာ နဂိုက ခြားနားနေသည့် ယဉ်ကျေးမှုစည်းသည် ရောထွေးသွားသည်။ အနောက်တိုင်းဆန်ခြင်းထက် အမေရိကန်ဆန်ခြင်းက ပုံတူတွေပို၍ ဖြစ်လာစေသည်ဟု ဆိုသည်။ လူ့အဖွဲ့အစည်း မည်သည့်ပြင်ပဩဇာကို ကိုယ့်ရှိရင်းစွဲဩဇာထက် ပိုမိုကောင်းမွန်လေအံ့နိုးနိုး ရည်ရွယ်ချက်ဖြင့် အသုံးပြုခြင်းများ ခေတ်စားလာသည်ဟု ပညာရှင်များက ပြောလာရသည် အထိ တိုးတက်ထိုးဖောက်မှုက စူးနစ်နေသည်။ ဂျာမန် ပညာရှင်တစ်ဦးကတော့ လူ့အဖွဲ့အစည်း အားလုံးက ကာလနှစ်ပါးကို တစ်ပြိုင်နက်တည်း ရင်ဆိုင်နေရပြီဟု ညည်းသည်။

ကာလတစ်ပါးက မိမိရေမြေယဉ်ကျေးမှု အခြေခံ၊ နောက်တစ်ပါးက ချည့်သည်ရေမြေယဉ်ကျေးမှုအခြေခံ။ သည်ပြဿနာကို တရုတ်၊ ရုရှားနှင့် တောင်ကိုရီးယားနိုင်ငံတွေမှာ အကြီးအကျယ်ထိနေသည်။ အိန္ဒိယနိုင်ငံမှာလည်း ရိုးရာယဉ်ကျေးမှုအခြေခံတွေ လျော့ပါးလာနေသည်။ ဒါကို ယဉ်ကျေးမှုတစ်မျိုးက ယဉ်ကျေးမှုတစ်မျိုးကို ဝါးမျိုနေသည်ဟု မြင်သူက မြင်သည်။ တချို့ကလည်း ယဉ်ကျေးမှုချင်း နိုင်ထက်စီးနင်းလုပ်နေခြင်းမဟုတ်၊ ရသကို ဝေမျှခံစားနေခြင်းသာ ဖြစ်သည်ဟု ခွင့်လွှတ်သူက ခွင့်လွှတ်သည်။ ဤသည်ပင် ယဉ်ကျေးမှုကမ္ဘာလကွဏာဟု တွေးသူက တွေးသည်။

ယဉ်ကျေးမှုစုံ၊ လူမျိုးဘာသာစုံ အမျိုးသမီးတွေခမျာ ပလပ်စတစ်ဆာဂျရီခွာသွားအောင် ဝင်စရာမလိုတော့ဘဲ ကော့စမက်တစ် ဆာဂျရီနည်းပညာအားဖြင့် အလှအပပြုပြင်နိုင်ကြပြီ။ အရင်က ဒေါ်လာ ၁၂၀၀၀ ပေးရသည့် ပလပ်စတစ်ဆာဂျရီက အခုတော့ ဒေါ်လာ ၆၀၀ လောက်နှင့် အလုပ်ဖြစ်နေကြသည်။ လုပစ္စာ ပြုးနိုင်ဖို့တော့ ကော့စ်မက်တစ်ဒန်တစ်စ်ထရိ ဆိုတာလည်း ရှိသည်။ သွားကလေးဖြူဖြူဖွေးဖွေးနှင့် ပြုံးကြရုံသာ။ အလှပြင်၊ လေ့ကျင့်ခန်းဝင်၊ အစားအသောက် ဓာတ်စာနည်းသုံး၊ ရေပူစမ်း၊ အလှပြင်ခန်း၊ အလှဗေဒကလပ်များသွား၊ အားလုံးကို တာဝန်ယူပေးသည့် နေရာတွေကလည်း များလှသည်။ အေဗွန် အလှကုန်ကုမ္ပဏီက တာဝန်ရှိသူ အန်ဒရီယာယွန်းက အလှပြင်တာကို ကျန်းမာရေး၊ မိမိကိုယ်တိုင်ကို မိမိ လေးစားရေးနှင့် ခွန်အားဖြည့်ဆည်း





ခြင်းလို့ အနက်ပြန်ဖွင့်ရတော့မယ်ဟု ပြောနေသည်။ ပြုံးပုံပြုံးနည်းသည်ပင် သင်တန်းရှိသည်။ အပြုံးကလည်း ဖက်ရှင်ဖြစ်နေပြီ။ တစ်ကမ္ဘာလုံးက အလှမက်ကြသူတွေမှာ တူညီသော ဘုံခံစားမှုတော့ရှိသည်။ သဘာဝအပင်၊ အမြစ်၊ အခေါက် အပွေ၊ အခက်အလက်များမှ ထုတ်လုပ်သည့် သဘာဝအလှကုန်ကပစ္စည်းများကို ဓာတုဗေဒအခြေခံ အလှကုန်များထက် ယုံကြည်လာကြခြင်းဖြစ်သည်။ စိတ်ဝင်စားလာကြခြင်းဖြစ်သည်။ (Liposuctions, Breast, Implants, Nose Jobs) ဆိုတာတွေတော့ ရိုးနေပြီ။

ပင်လယ်ရေမှော် (Algae) က ထုတ်ယူသည့် ပိုလီဆာခရိုက် (သကြားဓာတ်) က အစိုထိန်းရာတွင် အရေးပါနေသည်။ ဗီတာမင်အေ၊ စီနှင့် အီးတို့ အပြန်အလှန်ပါဝင်အားပြုသည့် (antidioxidants) တွေကလည်း တစ်သျှူးများ ပျက်စီးခြင်းကို ကာကွယ်သည်။ ဒီအမ်အေအီး (DMAE-Dimethylaminoethanol) ဟိုင်လူရိုနစ်အက်ဆစ်၊ လစ်ပစ်ဒ်စ်ပက်ပ်တိုက်ဒ်စ်၊ ရီဆာဗေးဆားလ်၊ ရီတင်နွိုက်စ်၊ လူပရိုတင်း၊ ပဲပိစပ်ပရိုတင်းစသည့် အမယ်တွေ ဖောဖောသီသီပါမှ လူကြိုက်များသည်။ အားလုံးကတော့ အသားအရေကိုပြည်နှပ်စေခြင်းနှင့် ယင်းကို အားပေးသည့် ဓာတ်သဘောတွေပါဝင်ကြသည်ချည်း။

မြန်မာအမျိုးသမီးတွေကတော့ သဘာဝသစ်ပင် သစ်မြစ် သစ်ခေါက်ကို သုံးခဲ့တာ ယဉ်ကျေးမှုကာလတစ်လျှောက်လုံးဖြစ်သည်။ သနပ်ခါး၊ တောင်တန်းကြီး၊ တောင်တန်ကတိုး၊ ကရမက်နဲ့ နံ့သာဖြူကို ပါးပေါ်တင်ကြရင်း ဖါဖါညက်ညက်ဖြူကြသူများဖြစ်သည်။ နန်းတွင်းသူများကတော့ ရွှေမှုန်နှင့် သနပ်ခါးရောသွေးကာ လူးကြသည်လည်းရှိသည်။ ဟန်တစ်ခါပြင်၊ ရွှေစင်ဆယ်တင်း၊ ဆက်သွင်းပုံသေ၊ သိန်းတန်တဲ့မေလေး၊ တင့်ကျူးငယ်မူယာတွေကြသူတွေ။

မြင်းခြံနယ် ကန်မြွှာသား ကိုသာအေးကျော်ကတော့ တောသူလုံမပျို လေးက တစ်ဖက်ရွာ ရုပ်သေးပဲသွားကြည့်တာကို သီချင်းဖွဲ့သည်။ ရေခပ်ပြန်ကသီလှပေ၊ ဘီးမှန်က ဘယ်ဆီကနေ၊ ဒေါင်းတောက်အောင်မွှေရပုံကို ဖွဲ့သည်။ စပယ်ခွေ ဘယ်သူ့ဝှက် စိတ်ပျက်ပေါ့အေလို့ စိတ်ခံစားမှုကလေး ထည့်သည်။ မောင်ကြီးရေ ထပါဦး၊ စပယ်ခွေရှာချေဦးမလေ၊ တဘက်ပြာခြုံချေဦးမလေလို့ ရုပ်သေးပွဲသွားခါနီး ကုပါကယ်ပါ တစာစာရှိတာကို ဖွဲ့သည်။ တောသူဆိုတော့လည်း သနပ်ခါး ကျောက်ပျဉ်ပဲ့ပေါ် အပွေးမွဲ့သနပ်ခါးတုံးကလေး သွေးတာလည်းဖြစ်ချင်ဖြစ်မည်။ ပြဒါးကွာမှန်ကျောက်သင်ပုန်းကို ထရံချိတ်ရင်း ခပ်ဝါးဝါးမြင်ရသည့် ယဉ်စစရှိရဲ့လား အားစိုက်ကြည့်ကာ ပါးကွက်ကလေးနှစ်ဖက် ကွက်ကောင်းကွက်လိမ့်မည်။ ရေခပ်ကအပြန် စပယ်ခွေကကော ဘယ်ရောက်နေပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ကြီးရေ ထစမ်းပါဦး၊ ရှာစမ်းပါဦး။ ရုပ်သေးပွဲအသွား တဘက်ပြာမဲနယ် ပုဆိုးကို ခြုံဖို့ကလည်း ရှိသေးသည်။ မပြည့်မစုံသူဆိုတော့ကာ တစ်ဖက်ရွာကို ရုပ်သေးပွဲသွား အကြည့်သွားသည့် လုံမပျို၏ အလှက ရိုးစင်းလှသည်။ မန္တလေး နေပြည်တော်က ရုပ်ကြိုးသူတွေကတော့ ဟန်ဓာတ်ခုတ်လွန်းသည်။ ကွမ်းတုံ တရုတ်ထည်ကလေးဝတ်၊ နန်းသိမ်း ထဘီကလေးဆင်၊ ခုံမြင့်ပုံတော်ဖိနပ် ဒေါက်မြင့်အောင် စီးကာ ဘီးကျော့ပတ် အဒိုက်သားနှင့် ဂိုက်ထွားနေကြ လေသည်။ ရင်တော်ချိ ကိုးနဝရတ် စိန်စီ မိုးမတ် ဘရုဏ်တို့ အရောင်လက် လှချည့်။ စိန်လည်ကပ်ကယ် လေ့လေ့ချိန် ဖြတ်မွယ် ဆယ်ရတီ ဆိုမတော့ နတ်သွင်လေးလေး လုံခင်၊ ထွေးလေးလေ့လေ့ဆင်ခြင် အဝေးကြီးက မြင်နိုင် ပါသည်။ ရုပ်သေးပွဲသွားကြည့်ကြသူချင်း အလှချင်းက ကွာလွန်လွန်းသည်။ အရိုးလှနှင့် အဆန်းလှ၊ လှသည်ဆိုမှတော့ ဘယ်သူမှ ဂုဏ်မငယ်ကြ။ ရှိသမျှ နှင့် လှအောင် ဆင်ကြသူတွေချည်း။

ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ အရှေ့ဖြစ်စေ၊ အနောက် ဖြစ်စေ မျက်မှောက်ခေတ်၌ လူသည် မွန်းကျပ်ခြင်း ကျင်းချိုင့်ထဲ ကျနေရသည်။ သိပ္ပံနှင့် နည်းပညာတွေက လူတွေကို ဒရွတ်တိုက်ဆွဲခေါ်နေသည်။ ရုပ်ဝတ္ထု တွေကလည်း စုံသလောက် အမယ်အားဖြင့်လည်း ထွေပြားလှသည်ဖြစ်ရာ ဆန်စဉ်ရာ ကျည်ပွေ့မလိုက်နိုင်သည့် ပြဿနာကလည်း ရှိသေးသည်။ မြန်နိုင်မှ အာဂခေတ်ကြီးထဲမှာ မြန်နိုင်မှ ရှင်သန်နိုင်သည့် အခြေအနေကလည်း ရှိသေး သည်။ မီဒီယာတွေကြောင့် သတင်းအချက်အလက်တွေကလည်း မကုန်နိုင် မခန်းနိုင် တရဟောဖိတ်လျှံကျနေတာကလည်း အိုင်ထွန်းနေသည်။ တစ်ဖက်က ပြောင်းလဲနေသလောက် တစ်ဖက်က ဖိနပ်ပင် မစီးရသေးတာတွေလည်း ရှိသည်။ လူနှင့် သဘာဝတရား၏ ဆက်စပ်မှုအားနည်းသလောက် လူစုလူဝေး ယဉ်ကျေးမှု က သန်စွမ်းလာနေတာကလည်း တစ်ပြဿနာ။ ခေတ်သည်လည်း ရုပ်ဝတ္ထုလွန် ခေတ်။ ဤသို့အားဖြင့် လူ၏ အနုရသခံစားမှုများတွင် သိပ္ပံနှင့် နည်းပညာ သစ်တို့ အကြိမ်ကြိမ်ကျူးကျော်နေကြသည်။ ထိုအခါ စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုကို ထူထောင်ကြလော့ဟုဆိုသည့်အုပ်စုနှင့် တွင်းအောင်းမှုဝါဒကို တိုက်ဖျက်ကြလော့ ဆိုသည့် အုပ်စုလည်းရှိသည်။ ဒါက ပညာရှင်များ၏ ထင်ဟပ်ချက်များ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ သည်မွန်းကျပ်ပိတ်လှောင်မှုထဲကပင် အလှဗေဒ သည် လူးလွန့်နေသည်။ အလှတရား၊ အလှတရားကို တပ်မက်ခြင်းနှင့် အလှ တရားကို ဖန်တီးခြင်းသည် သမိုင်းဦးခေတ်ကတည်းကရှိခဲ့သည့် လူ့ကိစ္စဖြစ်သည်။





ဆရာဖေမြင့်ကတော့ ရွာကလေးမှာ ဘဝအမျိုးမျိုးပြောင်းခဲ့ရပြီ၊ ကောက်ညှင်းဆိုင် အစား မုန့်သေတ္တာဝင်ခဲ့၏။ ပြောင်းဖူးဖက်ဆေးလိပ်အစား စီးကရက်ဝင်ခဲ့၏။ လယ်ကြားငါးအစား ငါးသေတ္တာဝင်ခဲ့၏။ ပုလွေကလေးအစား တယောမယ်ဒလင် ဝင်ခဲ့၏။ ထန်းရေချိုအစား ကာဖီဝင်ခဲ့၏။ သီးခေါက်အစား ပေါင်ဒါဘူးဝင်ခဲ့၏။ ရှေးက အိုးကွဲချိတ်ထားသော ဘူးစင်တွင် နို့ဆီဘူးခွံများ တွေ့ရ၏။ ဘုန်းတော် ကြီး ဦးကျောက်ခဲကျောင်းတွင် စာအံသံများပျောက်၍ ဟိုက်စကူးသို့ ရောက်ကုန် ကြ၏။ ရွာကလေးမှာ ခေတ်သစ်၏ ယမ်းမှုန့်ချက်ကြောင့် ချာလပတ်လည် ခဲ့ရ၏။ နဂိုရုပ်ရည်မကျန်အောင် ပြောင်းလဲ၏' လို့ ရေးခဲ့သည်။ သူ့ခေတ် သူ့အခါ ပြောင်းလဲမှု ရေစီး။

*'သို့သော်လည်း၊ လက်ပံဖူးကလေးများသည် ဖူးမြဲဖူး၏။ ကျေးသံ ငှက်သံ ကလေးများကိုလည်း ကြားမြဲကြားရ၏။ တောင်လေကလေး လာမြဲ လာ၏။ နေကလေး ညိုမြဲညို၏။ ခါနွေဆန်း လန်းစီစီ၊ မှန်ရွှေဝတ်ငယ် ဖူးတံချီ'* မြန်မာမိန်းမသားတို့၏ အလှကား ရိုးရာထဲမှ စုန့်ထွက်နေသည့် ခေတ်မီအလှ ဖြစ်သည်။ လသာသာ ကျောက်ပျဉ်ခင်းပေါ်က နှင်းဆီနုံဖြစ်သည်။

*Idea* ၂၀၀၅၊ မေလ

www.burmeseclassic.com

## သစ်တောအုပ်အုပ်ကလေး

သည်ဘက်နှစ်ပိုင်းမှာ ကျွန်တော် အက်ဆေးတွေရေးဖြစ်ပါသည်။ အက်ဆေးဖြစ်၊ မဖြစ် ကျွန်တော် မဝေခွဲတတ်သော်လည်း တတ်နိုင်သမျှ ကျွန်တော် ရေးကြည့်ခြင်းသာဖြစ်ပါသည်။ အက်ဆေးဖြစ်စေတော့ဟု ရည်ရွယ်ကာ ရေးလိုက်တာမျိုးရှိသလို သာမန်ဆောင်းပါးတစ်ပုဒ်ပေးပို့လိုက်လို့ အက်ဆေးအဖြစ် ဖော်ပြတာများလည်းရှိသည်။ အက်ဆေးဇာတ်ကလေးတော့ ပါကောင်းရဲ့လို့သာ အောက်မေ့ရတော့သည်။ မည်သို့ပင်ဖြစ်စေ အက်ဆေးရေးရတာကို ကျွန်တော် နှစ်သက်ပါသည်။ အထူးသဖြင့် အက်ဆေးများကို ဖတ်ရတာ ပိုပြီးနှစ်သက်သည်။ အက်ဆေးဆိုကတည်းက စာဖတ်သူများကို သတင်းအချက်အလက်ပေးချင်လို့ မဟုတ်၊ ဇာတ်လမ်းတစ်ခုခုပြောချင်လို့မဟုတ်၊ ကျွန်တော် ပြောချင်တာလေး တစ်ခုကို အေးအေးလူလူ ပြောနေခြင်းသာဖြစ်သည်ဟု ကျွန်တော် သဘောထားပါသည်၊ အက်ဆေးဆိုသည့် စကားလုံးအဓိပ္ပာယ်သည်ပင်လျှင် ကြိုးပမ်းအားထုတ်မှုဟု ဆိုလေသည်မဟုတ်လော။ ကျောင်းမှာတုန်းကတော့ အက်ဆေးတွေ အများကြီး ရေးခဲ့ဖူးသည်၊ ကျောင်းသင်အက်ဆေးတွေကို ဖြတ်သန်းပြီးသည့်အခါ သည်အထုံးအဖွဲ့သည် ကျွန်တော့်မှာ စွဲထင်ကျန်ရစ်ခဲ့သည်ဟု ထင်ပါသည်။

'စာစစ်သူသည် အက်ဆေးတစ်ပုဒ်ကို ဖတ်ကြည့်လိုက်လျှင် ထို အကြောင်းအရာနှင့် ပတ်သက်၍ ဖြေဆိုသူ၏ ဗဟုသုတကိုသာမက ဖြေဆိုသူသည် မည်သည့်လူစားမျိုးဖြစ်သနည်းဟူသော ဖြေဆိုသူ၏ အကြောင်းကိုပါ အသင့်အတင့် တွေမြင်နိုင်သည်ဟု ကျွန်တော်ထင်ပါသည်။ တခြားသော ဘာသာရပ်များတွင် ဖြေဆိုသူ၏ စိတ်နေစိတ်ထားကို တွေ့ရလေ့မရှိပါ။ သို့ရာတွင် အက်ဆေးတစ်ပုဒ်ထဲတွင်မူ ဖြေဆိုသူ၏ စိတ်နေစိတ်ထားကို တွေ့ရတတ်ပါသည်။'





ဆရာထက်အောင်၏ မြန်မာပြန်ရသစာတမ်းအမှာတွင် ရေးထားချက်ဖြစ်ပါသည်။ ကျွန်တော်တို့ သင်ကြားခဲ့ရသော ဆရာအဆက်ဆက် သင်ကြားမှုမှတစ်ဆင့် လူ့သဘာဝအစပ်အဟပ်ကို ကျွန်တော်တို့ ရနိုင်ခဲ့သည်။ လူ့သဘာဝကို စိတ်ဝင်စားမှုရှိအောင် တွေးခေါ်မြော်မြင်တတ်အောင် အတွေ့အကြုံများ၌ မွေ့လျော်တတ်အောင် သင်ပေးခဲ့ခြင်းကို ကျေးဇူးတရားအဖြစ် ကျွန်တော် အောက်မေ့ပါသည်။ အက်ဆေးဆရာတို့ ရေးသမျှသဘောညီစရာအကြောင်းမရှိ၊ သူ့ကိစ္စ၊ သူ့အမြင်ကို သူပြောနေခြင်းသာဖြစ်ရာ သဘောမညီလျှင်လည်း မညီသည့်အလျောက် ကျွန်တော်တို့ ချေပခွင့်ရခြင်းသည်ပင်လျှင် အကျိုးရှိလှပါသည်၊ သည့် အတွက် အက်ဆေးဆရာကို လေးစားခင်မင်အပ်သော မိတ်ဆွေတစ်ယောက်လို သဘောထားလိုက်လျှင် မင်္ဂလာရှိသည့်ကိစ္စဖြစ်သည်။ တကယ်တော့ အက်ဆေးရေးနည်းဟူ၍ မရှိပါ။ ဤသို့ဖြစ်တန်ရာသည်၊ ဖြစ်တန်ကောင်းသည်၊ ဖြစ်အံ့ထင်သည် ဆိုတာလောက်သာ ပြောနိုင်ပါသည်။ လိုအပ်လျှင် ဇာတ်ဆောင်ထည့်နိုင်ပါသည်။ စကားပြောခန်း ပါချင်ပါနိုင်သေးသည်။ ကိုးကားစရာရှိလျှင် ကိုးကားလို့လည်းရသေးသည်။ အင်္ဂလိပ်အက်ဆေးဆရာများကတော့ ကျင့်ဝတ်စာရိတ္တသီလကို ဖောင်းပေးတာများသည်။ ဒါကလည်း ကိစ္စတော့ မရှိ၊ ၁၈ ရာစုမှာတော့ အင်္ဂလိပ်သတင်းစာ များစွာပေါ်ထွန်းခဲ့ရာ အက်ဆေးလမ်းကြောင်းလည်း ထွေပြားခဲ့သည်။ အထူးသဖြင့် ပုံစံသစ်လောင်းနိုင်ခဲ့သည်။

တလောက Models for winners, short essays for composition ဆိုသည့် စာအုပ်တစ်အုပ်ကို ဖတ်ရသည်။ စုစည်းသူများမှာ အယ်ဒီတာများ ဖြစ်ကြသည့် Alferd Rosa နှင့် Paul Eschholz တို့ဖြစ်သည်။ သူတို့ကတော့ ကမ္ဘာ့စာပေကောင်းနိုးရာရာများထဲက အက်ဆေးဆန်သည့် အရေးအသားများကို ကောက်နုတ်ကာ အဓိကခေါင်းစဉ်ကြီး (၃) မျိုးတပ်၊ ကဏ္ဍခွဲတာ သတိထားမိသည်။ အက်ဆေးတစ်ပုဒ်၏ အရိပ်လက္ခဏာများ (The elements of an essay)၊ အက်ဆေး၏ ဘာသာစကား (The language of the essay) နှင့် အက်ဆေးပုံစံများ (Types of essays) တို့ဖြစ်ပါသည်။ သည်ခေါင်းစဉ်ကြီးအောက်မှ သုတေသနဟန် စာတမ်း၊ ကျစ်လျစ်သိပ်သည်းခြင်း၊ စီစဉ်စုဖွဲ့ခြင်းစာပိုဒ်များ၊ အကူးအလူးများ၊ နှစ်လိုဖွယ်ဝါကျများ၊ လေယူလေသိမ်း၊ အသံအနေအထား၊ တင်စားခြင်း ဘာသာစကား၊ ပုံဆောင်သာဓကများ၊ ဇာတ်ကြောင်းပြန်ခြင်း၊ စာပန်းချီခြယ်ခြင်း၊ အစီအစဉ်တကျခွဲခြားခြင်း၊ အနက်ဖွင့်ခွဲဖြန့်ခြင်း၊ မျိုးတူစုခြင်း၊ နှိုင်းယှဉ်ခြင်းနှင့် ခြားနားခြင်း၊ အကြောင်းနှင့်အကျိုး၊ ကျိုးကြောင်းသင့် ငြင်းခုန်ခြင်း စသည်ဖြင့် အသေးစိတ် ထပ်ခွဲသည်။ ဘာသာရပ်တစ်ရပ်အနေဖြင့် စိတ်ဝင်စားဖွယ်ရာ ဖြစ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အက်ဆေး၏ သဘောသဘာဝထက် အက်ဆေးက ဘာပြောသလဲဆိုတာကို ပိုစိတ်ဝင်စားကြလိမ့်မည်ထင်ပါသည်။

ခရစ်နှစ် ၁၅၈၀ လောက်က ပြင်သစ်နိုင်ငံမှ စာရေးဆရာ လာမောင်တိန်း၏ အရေးအသားသစ်ကို essais ဟု ခေါ်ခဲ့ကြရာမှ အက်ဆေးဖြစ်လာခဲ့သည်။ စာတမ်း၊ အက်ဆေး၊ စာမွန်အဖွဲ့၊ အစမ်းစာ၊ စာတမ်းငယ် စသည်ဖြင့် ကျွန်တော်တို့ဆီမှာလည်း တွင်ကျယ်ခဲ့သည့် အရေးအဖွဲ့ဖြစ်လာခဲ့သည်၊ တကယ်တော့ ဂရိရောမခေတ်ကတည်းက ပလေတို၊ သီယိုဖရေးတပ်စ်၊ ဆီနေကား၊ မားကပ် အော်ရေးလယပ်စ်၊ ဆေဆားရိုး၊ အရစ္စတိုတယ်လ် စသည့် ထိုခေတ်ပညာရှင်များ၏ အဖွဲ့များကို သက်သေပြကြရင်း အက်ဆေးဟု နိမိတ်ဖတ်ကြသည်လည်း ရှိသည်။ အက်ဆေးဟူသော အဓိပ္ပာယ်တွင် လွယ်ကူရိုးစင်းပေါ့ပါးသွက်လက်သော လောကအတွေ့အကြုံ၊ လူ့အတွေ့အကြုံဆိုသည့် သဘောများ ပါဝင်သည်။ ဂန္ထလောကခေတ်က ထင်ရှားခဲ့သော မောင်လှဖေ၏ မြန်မာစာပေညွှန့်ခံစာတမ်း၊ မောင်သိန်းဟန်၏ မြန်မာစာမိတ်ဖွဲ့စာတမ်း၊ မောင်အောင်၏ မြန်မာစာပေလက်ဆောင်စာတမ်းများမှာ ကျွန်တော်တို့၏ ‘ကျောင်း’ ဖြစ်ခဲ့သည်။ ဆရာတိုက်စိုးကတော့ အက်ဆေးဆိုသည် ရင်ဖွင့်စာဟုဆိုသည်။ ရင်ဖွင့်သည်ဆိုသော်လည်း အားလုံးတော့ ဟုတ်ချင်မှ ဟုတ်မည်။ ပြောသလောက်သာ ပြောမည်။ ဆရာ ဒဂုန်တာရာကတော့ ‘ကိုယ်တိုင်ခံစားခဲ့ရသည့် လူ့သဘာဝ အတိုအထိများနှင့် စီကုံးခြင်း’ ဟု ဆိုသည်။ တကယ်တော့ ကလောင်စွမ်းရည်နှင့် ကိုယ်နှုတ်နှလုံး အတွေ့အကြုံများဟု ဆိုနိုင်ပါသည်။ တွေးတောဆင်ခြင်မှုမှ လှုံ့လွန့်လာခြင်းဟု ဆိုနိုင်ပါသည်။ ကျွန်တော် အမှတ်တရရှိခဲ့သည့် အက်ဆေးတစ်ပုဒ်ကို ကောက်နုတ်ပြချင်သည်။ ဆရာ ဦးသော်ဇင်၏ ‘ကျေးရွာဗုံပွဲ’ က ဖြစ်သည်။ ဖတ်ကြည့်ပါဦး။

‘ဗုံပွဲကိုတဲ့ ရှုလှည့်ပါ
ပြတင်းရယ် လေသာပေါက်က
မေးထောက်လို့မှာ၊
မယ်မလာ၊ လိပ်ပြာကို စေတဲ့လားကွယ်
ဘုန်းမယ့်ကိုယ်စား’

ရှေးအခါက ကျေးရွာတို့တွင် ဗုံပွဲများ ခေတ်စားခဲ့သည်၊ အလှူ၊ မင်္ဂလာ၊ ကောက်စိုက် ကောက်သိမ်းစသော အခမ်းအနားတို့တွင် ဗုံပွဲကို ခင်းကျင်းပြသလေ့ရှိသည်။ ဗုံပွဲဖြင့် အခမ်းအနားကို ပိုမိုရွှင်လန်းမြူးကြွစေ၏။ ဗုံပွဲကို ခတ်တိုင်း ငန်ဆားနှင့် နှိုင်းယှဉ်သင့်၏။ စားသည့် စားသောက်ဖွယ်ရာ၏ အရသာကို ပိုမို





စေသကဲ့သို့ ဗုံပွဲသည်လည်း အခမ်းအနား၏ ရသကို တိုးပွားစေ၏။ ဤကဗျာတွင် မောင်က မယ့်အား ဗုံပွဲကြည့်ရန် ပြတင်းပေါက်က မေးထောက်၍ မှာသည်။ သို့ရာတွင် မယ်မလာပါ။ ထို့ကြောင့် မောင်သည် မိမိအတွက် မယ်၏ ကိုယ်စားလိပ်ပြာကို စေရော့လားဟု ဖြေသိမ့်သည့်အသွင်အပြင်ကို မြင်ရ၏။

သိင်္ဂါရစ္ဆ နှစ်မျိုးရှိတတ်သည်။ တစ်မျိုးက တွေ့ဆုံရည်ငံခြင်း သမ္ဘောဂသိင်္ဂါရဖြစ်၍၊ တစ်ခုက ထင်ယောင်မြင်ယောင်စိတ်ဖြင့် ချစ်ခြင်း အယောဂသိင်္ဂါရဖြစ်သည်။ ဒုတိယ သိင်္ဂါရ၏ သဘောကို သည်ကဗျာက ပြသည်၊ ကျေးတောနေတို့၏ ကဗျာတို့သည် ဘဝပတ်ဝန်းကျင်ကလာသည်။ ချစ်ခင်နှစ်သက်ဖွယ်ကောင်းသည့် အဖွဲ့၊ သိမ်မွေ့နူးညံ့သော အဖွဲ့အဖြစ် ခံစားရသည်။

ဆရာသိန်းဖေမြင့်ရေးခဲ့သည့် ‘အဖွားစုကျေးဖူး’ ကိုလည်း ကျွန်တော်မမေ့ပါ။ ဆရာသိန်းဖေမြင့်၏ အဘွားဆိုသော်လည်း မြန်မာတို့၏ အဘွားဖြစ်သည်။ အဘွားစု၏ ဘဝနှင့် ကံကြမ္မာကို ဖော်ပြရာ ရိုးရှင်းလေးနက်သောအကြောင်းအရာ ဘဝထုပ္ပတ်အကျဉ်းကို ဖတ်ချင့်စဖွယ်ကောင်းအောင် ရေးပြခဲ့သည်။ လူ့ဘဝ သက်တံရောင်စဉ် အခြင်းအရာများထဲက အရောင်တစ်ရောင်ကို မြင်လိုက်ရသလို ဖြစ်ရသည်။ ဝါကျများက ပြောချင်သည့် အကြောင်းအရာကို စည်းကာနှောင်ကာ ပို့ပေးနိုင်သည်။ ထိုအခါ ကရုဏာရသသည် ပြိုးပြက်လာသည်။ စိတ်ကိုရေးသော အတတ်ဟု ဆိုချင်ပါသည်။

‘အဖေနှင့်အမေတို့သည် ကျွန်တော့်အား ပုံပြောလေ့မရှိပါ။ သို့သော် ကျွန်တော့်အဘွား (အမေ၏ အမေ) က ပုံပြောလေ့ရှိသည်၊ အဘွားစု (လူကြီးတွေခေါ်သလို ကျွန်တော်တို့က လိုက်ပြီး မစုဟုခေါ်သော အဘွားစု) သည် စိတ်နောက်နေရှာသော အဘွားကြီးဖြစ်၏။ အဘွားကြီး စိတ်နောက်သွားရပုံမှာ ဝတ္ထုဇာတ်လမ်းတစ်ပုဒ်နှင့် တူနေသည်။ သူ့တွင် သမီးသုံးယောက်ရှိသည့်အနက် အလတ်ဖြစ်သူ မဆင့်မှာ အလှဆုံးဖြစ်သည် (ကျွန်တော့်အမေ မမြင့်မှာ အငယ်ဆုံးဖြစ်၏)။ မဆင့်နှင့် တစ်ရွာတည်းသား ယောကျ်ားပျိုတစ်ဦးတို့သည် အရှုးအမူးချစ်ကြိုက်ကြလေ၏။ တစ်ဖက်နှင့် တစ်ဖက် မသင့်မြတ်ကြသော မိဘများက လူငယ်တို့၏ ချစ်ခြင်းကို ဖြိုခွင်းလိုက်ကြရာ မဆင့်နှင့် သူ့ရည်းစားတို့သည် စိန်နှင့် သံပရာကိုဖျော်သောက်ကာ နှစ်လောင်းပြိုင် သေပွဲဝင်ကြလေ၏။ မိခင်ဖြစ်သူ အဘွားစုသည် လွန်စွာ စိတ်ထိခိုက်ပြီး စိတ်နောက်သွားလေသည်။ ထို့နောက် ကာလများမကြာမီ သူ၏ လင်ယောကျ်ားဖြစ်သူ (ကျွန်တော့်အဘိုး) ဦးပေါက်ကျိုင်းသည် နောက်မိန်းမယူသွားလေ၏။ အဘွားစုကား ကုမရအောင် (သေသည်အထိ) စိတ်နောက်သွားလေတော့သည်။ အဘွားစု စိတ်နောက်ခြင်းသည် ရုပ်ပိုင်းဆိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ပြန်ခြင်းမဟုတ်ကြောင်း၊ အသက်ရှည်ခြင်း၊ အနာမဲ့ခြင်း၊ မည်သူ့ကိုမှ မည်သည့်နည်းနှင့်မျှ စိတ်အနှောင့်အယှက်မပေးခြင်းတို့ဖြင့် ထင်ရှား၏။ အိမ်မှ ရေးရာသော်လည်းကောင်း၊ စီးပွားရေးရာသော်လည်းကောင်း၊ ဘာမှ မလုပ်တော့သော်လည်း မြေးများကို ကောင်းစွာ ထိန်းကျောင်းသည်။ စကားကောင်းစွာ မပြောတော့သော်လည်း မြေးများကို ပုံပြောတတ်သည်။ ရွှေယုန်နှင့် ရွှေကျား သက်ကယ်ရိတ် သွားသည့်ပုံ၊ မောင်ပျင်းကြီး မောင်ပျင်းကလေးပုံ စသည်များကို ထပ်တလဲလဲ ပြောတတ်သည်။ သူ့ခမျာ ပုံများများလည်း မတတ်ရှာပါ။ ထို့ပြင် သုခမ္မစာရီ ဖြတ်ထုံး၊ ဒွေးမယ်နှော် ဇာတ်စသည်တို့သည် အဘွားစု၏ ပုံမှန်မဟုတ်သော စိတ်၏ ဆေးရောင်စုံခြယ်မှုဖြင့် ထူးဆန်းသောပုံများဖြစ်လာခဲ့ပေ၏။ အဘွားစု၏ ပါးစပ်မှ လေအေးအေးကလေးဖြင့် ထွက်လာသော ပုံပြင်များ၏ ရိုးစင်းသော ဟာသနှင့် ဆန်းကြယ်ထွေပြားသည့် စိတ်ကူးအလှတို့သည် ကျွန်တော်တို့၏ ကလေးသူငယ်သဘာဝနှင့် လိုက်ဖက်လှသည်။ ကျွန်တော်သည် ထိုပုံပြင်များကို ချစ်သလို အဘွားကို ချစ်ပါသည်'

အက်ဆေး၏ သဘောတစ်ရပ်ဖြစ်သည့် နှစ်သက်မှုကို ပေးစွမ်းနိုင်သော သဘာဝအဖွဲ့၊ လောကအလှအဖွဲ့များသည်လည်း ချစ်စရာ၊ ခင်စရာကောင်းတတ်ပါသည်။ စာရေးသူ၏ ခံစားမှုအသိအမြင်ကို ဖတ်သူနားသူထံ ကူးစက်အောင် ရေးနိုင်ခြင်းသည် သူ့အတွေးတစ်လျှောက်လုံး ကိုယ်ပါ လိုက်ပါနေရသည်နှင့် တူတတ်သည်။ အညာဒေသမှာ မြင်နေကျဖြစ်သည့် တမာနုချိန်ရာသီကို ဆရာမြသန်းတင့်၏ စာတမ်းတစ်ပုဒ်မှာ ဖတ်ရသည်။ တမာနုချိန် စစ်တမ်း၊ အများသိနိုင်သည့် ရေးဟန် 'On Familiar Style' ဆိုသော်လည်း ဖတ်ရတိုင်း လွမ်းလောက်စရာဖြစ်ရသည်။ နွေအလွမ်း၊ အိမ်အလွမ်းဝေဒနာ၏ ပြဒါးတိုင်။

တမာပင်က ဝတ်လစ်စလစ်ချွတ်ချလိုက်ပြီး မလုံ့တလုံရွက်နုကို ခြုံနေဆဲ။ ကျွန်တော်သည် တပို့တွဲအကုန် တပေါင်းအကူး အညာကို လွမ်းနေသည်။ နွေဆန်းလျှင် ဒီလိုပင် အညာကို ကျွန်တော်လွမ်းတတ်ပါသည်။ စိတ်ကုသမားတော်တို့က နွေလွမ်းဝေဒနာဟု ရောဂါစစ်တမ်းပေးလိမ့်မည်ထင်သည်။ အညာသားက အညာကို လွမ်းခြင်းဖြစ်သည့်အတွက် အိမ်အလွမ်းဝေဒနာဟုလည်း ခေါ်နိုင်လိမ့်မည် ထင်ပါ၏။ ပြောခွင့်ရပုဂ္ဂိုလ်မဟုတ်သည့်အတွက် သူများတွေအတွက်တော့ ကျွန်တော် မပြောတတ်။ ကျွန်တော့်အဖို့မူ တမာနုချိန်သည် အညာနွေဦး၏ နိမိတ်ပုံ၊ အညာနွေ၏ အလင်္ကာ'။

'တစ်နှစ်၌ ကျွန်တော်သည် နွေဦးပေါက်ခါစ တပို့တွဲလတွင် အညာသို့ ပြန်ရောက်သွားသည်။ ချမ်းမြည့နှင့် ပူအိုက်နေ့ကို တစ်လှည့်စီ ကြုံရသည်။





သို့ရာတွင် တပို့တွဲညများသည် နိုက်နိုက်တုန်အောင်လည်း မချမ်းတော့။ တပို့တွဲနေ့များသည်လည်း ပူလောင်လောင်မဖြစ်သေး။ နေလို့ကောင်းရုံ၊ လမ်းလျှောက်လို့ကောင်းရုံ၊ အိပ်လို့ကောင်းရုံ၊ စားလို့ကောင်းရုံသာ ဖြစ်သည်။ ကျွန်တော်ရောက်နေစဉ် အမေသည် ကျွန်တော်ကြိုက်တတ်သော အညာဟင်းတစ်ခွက်ကို ချက်ကျွေးသည်။ အမဲခြောက်ကို ခရမ်းချဉ်သီးနိုင်နိုင်၊ ငရုတ်သီးနိုင်နိုင် ထည့်၍ ဆီးသီးဖြင့်ချက်သော စပ်ချဉ်ဟင်းဖြစ်ပါသည်။ အမေသည် လွန်စွာလိုက်ဖက်သော အတို့တစ်မျိုးကိုလည်း ပြင်ဆင်ပါသည်။ ထိုအတို့မှာ တမာရွက် ဖြစ်ပါသည်။ တမာချဉ်ဟု ရန်ကုန်က ခေါ်သော ကုလားတမာရွက်ကြမ်းများကို မန်ကျည်းသီးဖြင့် ပြုတ်ထားသော အရာမျိုးမဟုတ်။ မြန်မာတမာ တောတမာဟုခေါ်သော တမာရွက်နုနုကလေးများကို အခါးပေါ့အောင် ရေနွေးဖြင့် ဖျောထားသည့် တမာရွက်တို့ ဖြစ်ပါသည်'

ဒါကိုပင် conversational literature ခေါ်ကြတာများလား။ စကားလက်ဆုံစာပေ၊ အက်ဆေးဆရာက ကျွန်တော်တို့ကို ပလုတ်ပလောင်း ပြောနေတာမျိုး ဖြစ်သည်။ သွားခဲ့သမျှ စားခဲ့သမျှ တောင်စဉ်တောင်လျှောက် ပြောနေခြင်းဖြစ်သည်။ စာရေးသူ၏ ဩဇာလွှမ်းသော ရေးဟန်သုံးမျိုးရှိသည်ဟု ပညာရှင်တို့က ဆိုသည်။ ခေတ်၏သွင်ပြင်၊ အတွေးအမြင်နှင့် ရေးဖွဲ့သည့်အကြောင်းအရာဖြစ်သည်။ ဤသုံးမျိုးမှလာသော စေတနာသည် သူ့စကားပြေဖြစ်၍ သူ့စကားပြေသည် သူ့စေတနာဖြစ်လာရသည်။ ရှေးခေတ် ရှေးအခါက ကျေးလက်အသွင်အပြင်ကို ဖွဲ့ရာ၌ ဆရာမောင်ထင်၏ 'မြင်ဝါတောင်' မှ 'ဟိမဝန္တာချိုးမွမ်းခန်း' သည် ပြက်ပြက်ထင်ထင်ရှိလှသည်။ ရုပ်ဝတ္ထု မဖွံ့ဖြိုးခြင်းနှင့်အတူ သွားရေးလာရေးခက်ခဲရသည်ကိုပင် စိတ်ပျက်သည့်ကြားက ပြုံးမိရလေအောင် ဖွဲ့သည့်အဖွဲ့ဖြစ်သည်။ ဆရာက အပြင်က ပြောနေခြင်းမဟုတ်။ သူပါနေသည့် ဇာတ်ဝင်ခန်းက ပြောနေခြင်းဖြစ်သည်။ အရာရာကို မြင်တတ်၊ ကြားတတ်သော ဆရာ့ဟန်က သွက်လက်နေသည်။

'ကျေးလက်တောဇာတိသားမှန်လျှင် ကျေးလက်တောရွာခလေ့၌ ကြည်နူးကြသည်ချင်းဖြစ်၏။ စင်စစ်ကျေးရွာ၌ ကြည့်စရာ ရုပ်ရှင်မရှိ၊ ပြဇာတ်မရှိ၊ ဘောလုံးပွဲမရှိ၊ တစ်ခါတစ်ရံ လှည်းနှင့် တစ်နေကုန်သွားရသော မြို့နီးချုပ်စပ်က လေသင့်လျှင် 'ဗေထိ' ဟူသော အသံ ကြားရသည်ရှိသော် မြို့မှာ ဇာတ်ပွဲရောက်နေပြီဟု သိရ၏။

ပျော်ပွဲစားစရာ ဟိုတယ်ဆိုသည်ကိုလည်း မကြားစဖူး၊ လက်ဖက်ရည်ဆိုင်မျှပင်မရှိ။ ထမင်းဆိုင်ဆိုလျှင် ဝေလာဝေး၊ ဟိုအနားသည်အနားလျှောက်



www.burmeseclassic.com

www.burmeseclassic.com



လည်စရာ မော်တော်ကားကိုပင် မတွေ့ရ၊ မော်တော်ကားမပြောပါနှင့်၊ ဆိုက်ကား ဆိုသဟာ ဘယ်လိုပါလိမ့်။ စာထဲမှာ လှည်းယဉ်ကလေးတွေစီးရတာ ပျော်စရာ ဟုဖတ်ရ၏။ သို့သော် လှည်းယဉ်မပြောနှင့်၊ ကောက်ရိုးတိုက်သော နွားလှည်း ပင်လျှင် အိမ်တိုင်းစေ့ရှိသည်မဟုတ်။ ထို့ကြောင့် ခရီးသွားမည်ကြံလျှင် စားကျက် ထဲမှာ လွှတ်ထားသော နွားကို လိုက်ဖမ်းရင်း တစ်နေကုန်လေသည်။

မြစ်နား၊ ချောင်းနားနီးသော ရွာပင်ဖြစ်စေကာမူ သင်္ဘောဆိပ်သည် လည်း မရှိ။ ခရီးသွားစရာရှိလျှင် သင်္ဘောဆိပ်သို့ ခြေလျင်လျှောက်ရသည်မှာ ထမင်းအိုး တစ်လုံးချက်လောက် ကြာသည်။ တစ်ခါတစ်ရံ သင်္ဘောဆိပ်သို့ ရောက်ပါမည့်အကြောင်း၊ လှေဖြင့် သွားရသည်။ မီးရထားလမ်းနှင့် နီးလျှင် တော်သေး၏ ဆိုရမည်။ သို့ရာတွင် ရထားမီအောင် လှည်းကို အပြေးမောင်းရ၏။ တစ်မနက်လုံး အလုပ်ပျက် အကိုင်ပျက် လှည်းမောင်းမှ ဘူတာရုံသို့ ရောက်ရ၏'

ကျေးလက်ရွာကလေး တစ်ရွာကို ကျွန်တော် ရောက်နေရသည်။ သွားရေးလာရေး ဒုက္ခကို ကျွန်တော်ကြုံနေရသည်။ အဖွဲ့ဥပါဝင်သည့် အရုပ်၊ အရောင်၊ အရိပ်၊ အသံဗလံများကို ကျွန်တော် မြင်နေရသည်။ ဒါကိုပင် သရုပ် ဖော်အက်ဆေးခေါ်ကြဟန်တူသည်။ ကျေးလက်၏ နိမ့်ပါးနောက်ကျရှိမှုကို ဖော်ပြရာက သဘာဝကပေးသော ဝတ္ထုကာမနှင့် မြူးခြတတ်ခြင်းကိုလည်းကောင်း၊ ရသေ့ ရဟန္တာတို့ နှစ်သက်သည့် ငြိမ်းအေးမှုမျိုးမဟုတ်သည့်တိုင် လောဘ၊ ဒေါသ၊ မောဟ မီးသုံးပါး၏ အပူရှိန်နှင့် ဝေးခြင်းကိုလည်းကောင်း ခံစားနိုင်ကြ သည်။ ဆရာဖေမြင့်ကတော့ ကျေးလက်ကို ချစ်မြတ်နိုးသူပီပီ ကျေးလက်ဖွဲ့ အက်ဆေးများ၌ ရွှန်းရွှန်းစက်စက် ရှိလှသည်။ 'မြန်မာဆိုတာ ဘယ်သူလဲဟု သိချင်၍ မြို့ကြီးများတွင် ရှာဖွေစုံစမ်းရာ ဒံပေါက်ထမင်းနှင့် ငါးပိကြော်ကိုသာ တွေ့ရ၍ ငါးပိရည်နှင့် ကန်စွန်းရွက်ပြုတ်ကို တွေ့နိုင်သော ရွာကလေးများသို့ ပြန်ခဲ့ရလေသည်' ဟု ကိုယ်တိုင်က ရေးခဲ့သူဖြစ်သည်။ ကန်စွန်းနွယ်၊ ကောက်ရိုး နွယ်၊ တောကအလုပ်၊ ယင်းတိုက်နုချိန်၊ တို့ရွာတို့ကျောင်း၊ ကဆုန်နွေလ၊ ပျော်စရာပေါတဲ့ တို့တောရွာ။ ကျေးလက်ရုပ်သေးပွဲ ပွဲခင်းကို 'ယင်းတိုက်နုချိန်' မှာ ဖတ်ရသည်။ ကျေးလက်၏ လှကွက်လေးတစ်ကွက်။

'ပွဲခင်းကြီးကား ကျယ်ပြန့်လျက်၊ ရွာနီးချုပ်စပ်မှ လာကြသောကြောင့် လူကြီးလူငယ်လူရွယ် လူလတ် ယောက်ျား မိန်းမတို့ဖြင့် စည်ကားလှပေ၏။ လူ စည်ကား၍ ပွဲခင်းကို ဝိုင်း၍ ချထားသော လှည်းတန်းကြီး ရှည်လျားသလောက် ပွဲဈေးတန်းကြီးလည်း ကြီးလှပေ၏။ ရုပ်သေးစင်မှာ ရွာပြင်ကျောင်း၊ ဘေး လယ်ကွက်ထဲတွင် တောစပ်ကလေးကိုကျောခိုင်းလျက် ဆောက်ထားပေ၏။





မီးရောင်တလက်လက်နှင့် ပတ်မကြီးကလည်း တထိထိ တုတ်လျက်ရှိပေ၏။ ကောင်းကင်မှ လရောင်ကလည်း နှဲခင်းသဖွယ် ထွန်းလင်းတောက်ပလျက်၊ ရုပ်သေးစင်နောက်ရှိ တောတန်းကလေးကို တစ်ချက် တစ်ချက် လေသုတ်သဖြင့် သစ်ရွက်လှုပ်သံများကို ကြားရပေ၏။ လယ်ကွင်းထဲက ရိုးပြတ်နံ့ကလေးနှင့် တောစပ်တွင် မီးလောင်ပြီးစ မြေသင်းနံ့ကလေးများကလည်း တစ်ချက်တစ်ချက် တသင်းသင်း တပျံ့ပျံ့တိုးဝင်လာပေ၏။ တစ်ခါတစ်ခါ ကျွန်တော်တို့လှည်းနားမှ အပျိုကလေး သုံးယောက်တစ်တွဲ လေးယောက်တစ်တွဲ၊ လူပျိုကလေးများ ထိုနည်း အတိုင်း တပျော်တပါး စကားပြောကာ ဖြတ်၍သွားကြသည်ကို မြင်ရပေ၏။ အချိန်က လည်းလွမ်းစရာ၊ ဒေသကလည်း လွမ်းစရာ၊ ဆုံစည်းတိုက်ဆိုက်လျက် စိတ်ဘဝင် ညွတ်နူးပျော့ပျောင်းစေနိုင်သော လက္ခဏာများ ပြည့်စုံလျက်ရှိပေ၏'

မိမိပတ်ဝန်းကျင်နှင့်လိုက်ဖက်ညီအောင် နေတတ်ထိုင်တတ်သော လူ့သဘောကို ဆရာသိပ္ပံမောင်ဝ၏ 'တပေကုလား' ၌ တွေ့ရသည်။ တပေ ကုလားသည် တံငါရွာကလေးဖြစ်ကာ ငါးဖမ်းခြင်းဖြင့် အသက်မွေးကြရသူများ လည်း ဖြစ်လေရာ သည်လိုရွာမှာ သူ့အသက်သတ်ခြင်း၊ ငါးဖမ်းခြင်းသည် အပါယ်ကျရာကျကြောင်း၊ ဟောမိသည့် ဆရာတော့်အဖြစ်ကို ခပ်ရွှင်ရွှင် သရုပ် ဖော်သည်။ ကြေကွဲစရာကောင်းလှသော အဖြစ်ကို စာနာစိတ်၊ ခွင့်လွှတ်စိတ်၊ ချစ်ခင်စိတ်ဖြင့် ရေးခဲ့သည်။

'ဘုန်းတော်ကြီး ဦးဇဝန တပေကုလားရွာသို့ရောက်သည်မှာ သုံးဝါပင် ရှိလေပြီ။ ယခုကဲ့သို့ တစ်ခါမှ ခေါင်းပါးခြင်း မဖြစ်ခဲ့ဘူး။ မိမိ တပေကုလားသို့ မကြွလာမီ ထိုကျောင်းတွင်ထိုင်ခဲ့သော ဘုန်းတော်ကြီးဦးဝိဇယလက်ထက်တော် အခါက တပေကုလားရွာသားများနှင့် မသင့်သောကြောင့် တော်တော်ပင် ခေါင်းပါး ခဲ့လေသည်။ အကြောင်းကား ဦးဝိဇယကိုယ်တော်က ငါးဖမ်းခြင်း၊ ငါးပိလုပ်ခြင်း တို့ဖြင့် အသက်မွေးခြင်းသည် မကောင်းသော အသက်မွေးခြင်းဖြစ်သည်ဟူ၍ ဟောတော်မူခြင်းကြောင့် ဖြစ်လေသည်။ ဘုန်းတော်ကြီး ဇဝနကား ဘုန်းတော်ကြီး ဦးဝိဇယကဲ့သို့မဟုတ်။ အင်သားတွေနှင့် ဆန့်ကျင်ဘက် မဟော။ တစ်သက် ပတ်လုံး သူတကာ၏ အသက်များကို သတ်ဖြတ်၍နေသော်လည်း သေခါနီး ကောင်းသော အောက်ဝင်လိုက်လျှင် ကောင်းရာသုဂတိသို့ လားရသည်ဟူ၍ ဟော လေ့ရှိ၏။ ထိုတရားကို ဟောကြားသည့်နေ့မှစ၍ ဘုန်းတော်ကြီး ဦးဇဝနကျောင်း တွင် ဆွမ်းအုပ်တွေ မနည်းပြီ၊ ကန်တော့ပွဲတွေ မနည်းပြီ၊ ကျောင်းသားလည်း မနည်းပြီ၊'



www.burmeseclassic.com

www.burmeseclassic.com



ဆရာဇော်ဂျီက 'ကံ့ကော်မြိုင်စာတမ်း' အမှာတွင် စာတမ်း (အက်ဆေး) ၏ အရေးအကြီးဆုံးဟု ယူဆသော အချက်သည် အရသာဖြစ်သည်။ မည်သည့် ရည်ရွယ်ချက် ရှိရှိ၊ မည်သည့်အကြောင်းအရာကို ရေးရေး မည်သည့်ပုံသဏ္ဍာန်ကို ဖော်ဖော်၊ ထိုစာ မတို့မရှည်သည့် စာဖတ်ပရိသတ်၌ နှစ်သက်မှုရသကို ဖြစ်စေသင့်သည်။ ဘဝ သို့မဟုတ် ပတ်ဝန်းကျင် အသိအမြင်ကိုလည်း ဖြစ်လာစေသင့်သည်ဟု ရေးခဲ့သည်။ ဆရာတိုက်စိုး၏ စာများ၌သည်သဘော အပြည့်အဝပါသည်ဟု ကျွန်တော် ထင်ပါသည်။ ဆရာတိုက်စိုး၏ ရသစာတမ်းများထဲက 'ဇော်ဂျီနှင့် နှုတ်ခမ်းဆိုးဆေး' ကို ကျွန်တော် စွဲလမ်းပါသည်။ မြို့သူများ၏ ဖရာကို အံတုကြပုံ၊ သွေ့ခြောက်သော နှုတ်ခမ်းကို နှုတ်ခမ်းဆိုးဆေးဖြင့် ဖြည့်ပုံ၊ လျော့လျဲခြင်းကို ရင်ခံနှင့်ပင့်ပုံ၊ တင်ကားအောင် ခုံမြင့်စီးကာ ပေါ့ပါးသော အသွင်ဆောင်ရပုံတို့ကို ဖွဲ့ရာ၌ 'အရေတွန့်ခြင်း၊ အရောင်မှေးခြင်း၊ ကိုယ်လက်လေးလံ ခြင်းဟူသော အိုခြင်းလက္ခဏာကို အထင်အရှားပြနေသော အမယ်အိုသည်ပင် နုပျို့အောင် ပရိယာယ်ဆင်ချင်ရှာသေးသည်။ အိမ်အိုက ကျားကန်၊ လူအိုက ပန်းပန်ဆိုထုံးကိုကြည့်' ဟု ဖွဲ့သည်။ အဂ္ဂိရတ်ဆရာသည်လည်း ထာဝစဉ် နုပျို့အောင် မအိုဆေးကို ရှာသည်။ မိုးလင်းမှ မိုးချုပ် ငွေကုန်ခံ အညောင်းခံ၍ လုတ်ရပ်ကျူမ်းနှင့်အညီ ဖိုထိုးရင်း ရှုပသိဒ္ဓိဆေးကို တောင့်တသည်။ ငယ်မူငယ်သွေး ထွက်အောင် သူ့နည်းနှင့်သူ အားထုတ်သော မြို့သူကဲ့သို့ အဂ္ဂိရတ်ဆရာသည်လည်း အားထုတ်သည်'

'မကြာမီ နှာ အစရှိသော တတ်မကိုးပါ။ ကန့်၊ ကျောက်ချဉ် အစရှိသော ဓာတ်ဖိုဆယ့်နှစ်ပါးတို့၏ သဘာဝကို မှချသိမြင်၍ သိဒ္ဓိပေါက်သော် ပြဒါးရှင်လုံးရတော့အံ့၊ မြန်မာဓာတ်ပွဲတို့တွင် ကောင်းကင်ပျံကာ၊ မြေလျှိုးကာနှင့် ရှင်မြူးနေသော ဇော်ဂျီကို မြင်ဖူးကြမည်မဟုတ်လော။ ထွက်ရပ်လမ်းပေါက်သော သူသည်လည်း ဝိဇ္ဇာ၊ ဇော်ဂျီအဖြစ်သို့ ကူးပြောင်းလေတော့အံ့။ ထိုအခါ အဆိုပါ သိဒ္ဓိတို့အပြင် မမောမပန်းခြင်း၊ အမြဲနုပျို့ခြင်း၊ ဘုရားတစ်ဆူနှင့် တစ်ဆူ အကြားတိုင်အောင် အသက်ရှည်ခြင်းတည်းဟူသော သိဒ္ဓိများ ရတော့အံ့။ တရားတော်က သမ္ဘေသခါရအနိစ္စာဟု ဆိုသည်။ အဂ္ဂိရတ်အဘိုးအိုနှင့် မြို့သူမိန်းမပျို့တို့ကား မအိုရမနာရသည့်နည်းကို မမောမပန်းရှာဖွေကြတုန်းပင်ဖြစ်လေသည်'

အက်ဆေးများကို ဖတ်ရသည်မှာ စိတ်၌ ထူးခြားသော ခံစားမှု တစ်မျိုးရသည်ဟု ကျွန်တော်ဆိုချင်ပါသည်။ အက်ဆေးသည် ကိုယ်ရေးကိုယ်တာ ဆန်သည်။ တချို့က ပြောချင်ကြသည်လည်း ရှိသည်။ ကိုယ်ရည်ကိုယ်သွေးများ





ပေါ်ထွက်နေတတ်သည်ဟူ၍လည်း ပြောသူက ပြောတတ်ပါသည်။ ပုံစံလည်း မရှိ၊ စိတ်ကူးတည့်ရာ စာပေ၊ ရောက်တတ်ရာရာ စာပေလိုလို ဆိုကြသည်လည်း ရှိသည်။ ကျွန်တော်ကတော့ အက်ဆေးများကို ဖတ်ရင်း ဆရာတို့၏ လေးစားကြည်ညိုဖွယ်ကောင်းသော ပါရမီထူးကို ဖူးမြင်ရသလို အောက်မေ့မိသည်ချည်းဖြစ်ပါသည်။ လှပခြင်းနှင့် အကျည်းတန်ခြင်းတို့ ရက်ယှက်နေသည့် လူ့ဘဝတိုတိုလေးသည်ပင် အက်ဆေးတစ်ပုဒ်မဟုတ်ပါလား။ အက်ဆေးများကို ကျွန်တော် ဖတ်ဖြစ်၊ ရေးဖြစ်ဦးမည်ထင်ပါသည်။ အကုသိုလ်ကင်း၍ မင်္ဂလာရှိသည့်အလုပ်စခန်းဟု ကျွန်တော် ယူဆ၍လည်းဖြစ်ပါသည်။ အက်ဆေးသည် ခမ်းနားထည်ဝါသော အဆောက်အအုံကြီးတော့ ဟုတ်ချင်မှ ဟုတ်မည်။ သို့သော် အေးဆေးတိတ်ဆိတ်သော သစ်တောအုပ်အုပ်ကလေးလို့တော့ ပြောနိုင်ပါသည်။

*Idea* ၂၀၀၅၊ ဇွန်လ

www.burmeseclassic.com

www.burmeseclassic.com

## ညဉ့်ဦးလေအေး ကောက်နံ့မွှေးမွှေး

‘နှင်းစတလင်း
ရွှေရောင်ဝင်းပ၊ လှုပ်လှုပ်ရွရွ
လေကအငွေ့ စပါးလှေ့ကြ
ကွေ့ကာဝိုက်ကာ၊ ကောက်လှိုင်းပုံဘေး
ပြေးကာဆော့ကာ၊ လဝါဝါလေး
တိမ်ပြာမဟူရာ၊ ဇာပါးအထွေး
ညဉ့်ဦးလေအေး ကောက်နံ့မွှေးမွှေး’
(ဆရာဒဂုန်တာရာ၊ မုန်းမှ ကယ်လီဖိုးနီးယားသို့ ကဗျာ)

သည်အချိန် သည်ရာသီဆိုလျှင် ကောက်သစ်တွေ ပေါ်လောက်ရောပေါ့။ ကျွန်တော် ဆယ်နှစ်သား လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်က ကောက်နံ့မွှေးမွှေးကိုပင် ရနေသည်ဟု ခံစားရသည်။ သည်လို ကောက်သစ်ဦးရာသီရောက်တိုင်း မနက်စောစောကြီး ထကြကာ အဘိုးလေးနောက်ကို လိုက်ရတာ သတိရသည်။ အဘိုးလေးက မနက်ခင်း ဘုန်းကြီးကျောင်းက အရုဏ်ကုလားတက်ခေါက်သံ ဆုံးသည်နှင့် ငေါက်ခနဲထကာ လှည်းပြင်သည်။ ကျွန်တော်တို့ ညီအစ်ကိုတွေက ကွေးလို့ကောင်းကြတုန်း။ အဘိုးလေးက ခြေနှင့်ကန်ကာ၊ ကန်ကာနှိုးတော့မှ ပုဆိုးခြုံလျက်က လှည်းပေါ်ငုတ်တုတ်ဒိုက်ကြရသည်။ တစ်ညလုံး နှင်းရိုက်ထားသည့် ကောက်လှိုင်းစည်းတွေကို ရွာနှင့် လှမ်းသော ခုကန်လယ်ကွင်းတွေဆီကို လှည်းနှင့် သွားတိုက်ကြရသည်။ တလင်းကတော့ အိမ်ရှေ့မှာ ပြောင်ပြောင်သန့်အောင် ‘ခေါက်’ ပြီးသား။ ကျွန်တော်တို့ ဒေသမှာ





တလင်းပြင်တာကို တလင်းခေါက်သည်ဟု သုံးသည်။ မြေကို ညီနေအောင်ညှိ၊ ရေကလေးဖျန်းလိုက်၊ သစ်သားရိုးတပ်ထားသည့် သံဒင်နှင့် ဆောင့်လိုက်။ ထန့်ပြီဆိုရင်တော့မှ လှည်းကို နွားနှစ်ကောင်တပ်ကာ အထပ်ထပ်ကြိတ်ရသည်။ လှည်းဘီးက သံပတ်ခွေက အရာချင်းထပ်အောင် ကြိတ်ဖန်များတော့ တလင်းသားက အင်္ဂတေနှုန့ ကျံထားသလို မာတင်းတင်းဖြစ်လာသည်။

အဘိုးလေးလယ်က မိသားစုလယ်ဖြစ်သည်။ အမေတို့လည်း အချိုးကျပိုင်တော့ နှစ်စဉ်စပါးခွဲတမ်းရသည်။ အဘိုးလေးမှာ အဘိုး၏ ညီအငယ်ဆုံးဖြစ်သည်။ အဘိုးအဘွားလက်ထက်က ကျလာသော ဝေစုဝေပုံရသည့်လယ်ဆိုတော့ အမေတို့က စုံပယ်လယ် (စားပုံပယ်လယ်) လို့ သုံးတာ မှတ်မိပါသည်။ အစဉ်အဆက် လုပ်ကိုင်စားသောက်ခဲ့ကြသည့် လယ်ဆိုတော့ စရိုးလယ် (စားရိုးလယ်) လို့လည်း ခေါ်သည်။ ‘အလိုရောက်သား၊ နတ်ကောက်သလေး ဆန်ကောင်းနွေး’ သည့် လယ်မျိုးမဟုတ်။ ကောက်လျှင်လယ်ဖြစ်သည်။

ရှေးက စပါးသုံးမျိုးတွင် ကောက်ကြီးစသော ‘ခည’ စပါး၊ မုယော၊ ဂျုံစသော ‘ကုဓည’ စပါးနှင့် ပဲသီး၊ ပဲနောက် စသော ‘သမိဓည’ စပါးဟူ၍ ခွဲခြားသည်။ ‘ခည’ စပါးမျိုးကို သာလိမည်သော ကောက်ကြီးစပါး၊ ဝီဟိမည်သော ကောက်လတ်စပါးနှင့် သဋ္ဌိကမည်သော ကောက်လျှင်စပါးအဖြစ် ထပ်ခွဲသည်။

ရှေးကတော့ ကောက်ကြီးကို မျိုးစေ့ မြေကျ ရှစ်လ၊ ပျိုးကို နုတ်၍ စိုက်သည်က ခြောက်လ၊ ပေါင်း ၁၄ လ ရှိမှ ရိတ်ရသိမ်းရသော စပါးမျိုးကို ကောက်ကြီးခေါ်ကြသည်။ မြီးတို၊ မြီးရှည်၊ မြီးတုံး၊ ငစိန်၊ ငကျောက်၊ ငကျွဲ၊ ကျည်၊ ဖြတ်ကြီး၊ ဖြတ်လေးစသည့် စပါးတို့ကို ဆိုသည်။ မိုးလောင်မြေတောင်ယာ၌ဖြစ်သော ကောက်ကြီး၊ လယ်၌ဖြစ်သော ကောက်ကြီး၊ နုတ်၍ မစိုက်သော၊ မထွန်မယက်သော မြေ၌အလိုလိုပေါက်သော ကောက်ကြီး၊ ပျိုးထောင်ပြီး နုတ်၍ စိုက်ရသော ကောက်ကြီး၊ ရိတ်ပြီး အပင်ငုတ်ကပေါက်သော ကောက်ကြီး စသည်ဖြင့် ထပ်ခွဲကြသည်ဖြစ်ရာ တည်ရာအလိုက် အရသာကွဲပြားသည်။ ဆန်နီ ကောက်ကြီးကတော့ ‘မင်းစားကောက်ကြီး’ ဖြစ်သည်။ ရဋ္ဌသာလိလို့ခေါ်ကြသော သလေးနီကောက်ကြီးဖြစ်သည်။

ကောက်လတ်စပါးကတော့ နုတ်၍ စိုက်သည်မှ လေးငါးလအကြာ ဝသန္တဥတု၊ သရဒဥတုများ၌ ရိတ်သိမ်းရသော စပါးကိုဆိုသည်။ ရှေးကတော့ ကြိုင်းသင်၊ ပုတ်သင်ချောင်း ကောက်လျှင်ကြီးစသည်ဖြင့် ခေါ်ကြသည်။ ကောက်လျှင်စပါးကတော့ စိုက်သည်မှ နှစ်လသုံးလ အကြာရှိမှ ဥတု၊ ဟေမန္တ ဥတုများ၌ ရိတ်သိမ်းရသော ရေနွယ်၊ မက်လိပ်စသော စပါးမျိုးကိုခေါ်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကောက်လျှင်ကိုပဲ ကျေးတောနေတို့ မက်ရေစက်ရေရှိကြသည်။ ဆန်ကြမ်းတော့ အစားခံသည်။

'ကောက်လျှင်များမှပဲ ချိုသယ်၊ ဆိမ့်သယ်၊ ကြေလွယ်သယ် ထင်သာပဲ။ ကျင်ကြီးများတော့ ကျစ်သပေါ့ကွာ။ လေနဲ့သည်းခြေများတော့ နိုင်ချက်ပေါ့။ သက်ငယ်ဆန်စားတော့ အသက်တိုတယ်ပြောကြသာပဲ။ ဟုတ် ထင်ပေါင်ကွာ၊ တို့အဖေများ ကိုးဆယ်ကျော်နေခဲ့ရသာပါ'

အဘိုးလေးတို့ လယ်သမားတွေ စုမိလျှင် သည်စကားတွေပဲ ကြားရသည်။ ကျွန်တော်တို့ခေတ်မှာတော့ စပါးမျိုးတွေ ဒီးတိုက်နေပြီ။ အိမ်ရှေ့တလင်းမှာတော့ လှေ့ပြီးသား စပါးတို့ တောင်ကမူလို စုန့်စုန့်ပုံပုံရှိပြီ။ ခေါင်းပေါင်းကြီးပေါင်းထားသည့် ဒွေးလေးက လှေ့ဖန်းကို ပင့်ကာ ပင့်ကာ တစောင်းလှေ့ လှေ့ချသည့်အခါ အပိန်အမှော်အဖျင်းအဖြုန်းတို့ ဝေ့ဝေ့လွှလေသည်။ သုံးချောင်းထောက်မှာ ဆိုင်းထားသည့် ဆန်ခါကျဲကို ဖောက်ကျလာသည့် စပါးစေ့တွေက သန့်ပြီးသား။ အဘိုးလေးက လေကို ခေါ်သည်ဆိုကာ တရှူးရှူးလေချွန်နေတတ်သည်။

စပါးစေ့ ၂၀၀ ကို တစ်လက်စွန်း၊ နှစ်လက်စွန်း တစ်လက်ဆုပ်၊ နှစ်လက်ဆုပ် တစ်လက်ပက်၊ နှစ်လက်ပက် တစ်လက်ခုပ်၊ နှစ်လက်ခုပ် တစ်စလယ်၊ နှစ်စလယ် တစ်ခွက် ဆိုတာလောက်ကို ရွတ်ပြနိုင်သည်ဆိုလျှင်ပင် အဘိုးလေးက ကောက်ညှင်းပေါင်းလက်တစ်ဆုပ်ကို ကျစ်ကျစ်ကြီးဆုပ်ရင်း နှမ်းဆီပန်းကန်ကလေးထဲ ဆတ်ခနဲ နှစ်ကာ ပေးတတ်သည်။ နှမ်းဆီနံ့သင်းသင်း ကောက်ညှင်းပေါင်းက ကောင်းလှချည့်။ အဘိုးလေးက ကျွန်တော်တို့ မျက်နှာတွေကို တစ်ယောက်စီလိုက်ကြည့်သည်။

'ကိုင်းဗျာ နှစ်စလယ် တစ်ခွက်ပြီးတော့ ဆက်ဆိုကြလေကွာ၊ ရတဲ့ကောင် နှစ်ဆုပ်ကွာ'

ကျွန်တော်တို့ကလည်း အချင်းချင်း ပြန်အကဲခတ်ရသည်။ ပြီးခဲ့သည့် သုံးလေးရက်က ပြောင်းပြောင်းပြေးထားရသည့် အခြင်အတွယ်။ အဘိုးလေးရော၊ ဒွေးလေးကပါ သင်ပေးထားသည် မဟုတ်လော။ နှစ်စလယ် တစ်ခွက်၊ နှစ်စလယ် တစ်ခွက်။ ကျွန်တော့်ညီဝမ်းကွဲက သကျိုးပကျိုးဖြင့် ရယ်လိုက်ရင်းက လှုရွတ်သည်။ 'နှစ်ခွက် တစ်ပြည်၊ နှစ်ပြည် တစ်စရွတ်၊ နှစ်စရွတ် တစ်စိတ်၊ နှစ်စိတ် တစ်ခွဲ' သည်နေရာမှာ ရပ်သွားသည်။ 'နှစ်စိတ် တစ်ခွဲ နှစ်စိတ် တစ်ခွဲ'။

'နှစ်ခွဲတစ်တင်း၊ လေးတင်း တစ်တို'

'တစ်တိုဟုတ်ပေါင်ဗျာ၊ တစ်တို့ပါ'





အဘိုးလေးက ထောက်ပေးတော့ နှမအထွေးက ရွတ်လက်စ ဆက်ရွတ်လေ၏။

'နှစ်ခွဲ တစ်တင်း၊ လေးတင်း တစ်တို့၊ လေးတို့ တစ်ပုတ်၊ လေးပုတ် တစ်ကက်၊ လေးကက် တစ်ကျု၊ လေးကျု တစ်ကျီ'

'အလို မယ်စိမ်းသမီးက အာဂကြီးပါလားဟ၊ အို တစ်ကျီဆိုသာ ဘယ်နှတင်းပါလိမ့်ဗျာ'

'ထောင့်နှစ်ဆယ့်လေးတင်း'

သည်အရေအတွက်ကိုတော့ အားလုံးက ဝိုင်းအော်ကြခြင်းဖြစ်၏။

'ကိုင်း အဘိုးလေးလယ်က တစ်ကျီရပေါ့ဗျာ'

တကယ်တော့ အဘိုးလေးလယ် နှစ်ကေလက်နှစ်လုံးလျော့ကာ တင်းထောင်ကျော်ထွက်စရာ အကြောင်းမရှိပေ။ စပါးတွေ ခြွေနိုက် လှေ့နိုက် စပါးများများ ပိုက်မိစေခြင်းငှာ ကောက်ညှင်းပေါင်းကျွေးကာ မင်္ဂလာယူခြင်းဖြစ်သည်။ ဒွေးလေးကတော့ နေတော်တော်ကြီးမြင့်မှ နားလေသည်။ ခေါင်းက ဇန်းမော်တဘက်ကို ဖြုတ်ပြီး မျက်နှာက ချွေးတွေကို သုတ်သည်။ လောဘဖြင့် ငေးခြင်းမဟုတ်။ စပါးကို 'ချင့်' ကြည့်ခြင်းဖြစ်သည်။ ကောက်ဦးကို ဒါနပြုရဦးမည်။ မုန့်ဆန်းဦး၊ ကောက်ရိတ်ဦး၊ ထုံးဖွဲ့ဦး၊ ကောက်လှိုင်းဦး၊ တလင်းသွင်းဦး၊ ကောက်နယ်ဦး၊ စပါးခြင်ဦး၊ ကျီသွင်းပုတ်သွင်းဦး၊ ထမင်းဦး ဒါန ၉ ပါးမှာ တလင်းသွင်း ဒါနပြုခဲ့ပြီးပြီ၊ ဒါနလေးပါး ကျန်သေးသည်၊ မပူပါနှင့် လှူပါလိမ့်မည်။

'ကိုရင့်နှယ် ကလေးတွေ မုန့်ဆန်းကလေး 'လော' ကျွေးရောပေါ့'

ကျွန်တော်တို့အားလုံး မုန့်ဆန်းသကြားပေါင်း ကြိုက်ကြသည်။ အဘိုးလေးလယ်က ကောက်ညှင်းလည်း ထွက်သည်။ ကောက်ညှင်းသန့်သန့်ကို ရိတ်ကာ နင်းခြွေ ခြွေရသည်။ သည်ကောက်ညှင်းစပါးကို အိုးကင်းနှင့်လှော်ကာ အခွံကလေး နပ်လောက်ပြီဆိုတော့မှ ထောင်းသည်။ ထောင်းပြီးသား 'ထောင်းစာ' ကိုမှ ရေနွေးကလေးဖြန်းကာ သကြားနှင့် ဆုပ်ဆုပ်နယ်သည့်အခါ မုန့်ဆန်းမွှေးမွှေးအီအီကို ရပြီ။

တစ်ခါတလေတော့လည်း အဘိုးလေးလယ်တွေရှိရာ ခူကန်ကွင်းကို ကျွန်တော်တို့အားလုံး လိုက်သွားတတ်ကြပါသည်။ ခူကန်ကွင်း၊ ဆပ်ဗကျင်း (ဆပ်ပြာကျင်း)ကွင်း၊ ညောင်မုတ်ဆိတ်ကွင်း၊ ထန်းနှစ်ပင်ကွင်း၊ ရေကြက်မကွင်း။ ကွင်းတွေမှာက နာမည်တွေရှိသည်။ ကွင်းချင်းဆက်နေတော့ အဝေးက ကြည့်လျှင် လယ်တွေက အဝေးက သစ်တောထဲကို တိုးဝင်သွားကြပုံမျိုး။ အညာဆိုပေမယ့် လည်း ရေမြေက်တင်လယ်တွေ၊ မိုးက မောက်လွှန်းလို့ ဖိတ်ကျသည့် ကားတွေ၊

www.burmeseclassic.com



မိုးကို လင့်၍ ပျိုးရင့်ရတာမျိုးမရှိ။ ကောက်ပင်တွေက မိုးရွာသစ်ပင်တွေလို လန်းလန်းကြီး ရှင်နေတတ်ကြသည်။

တောင်ပြာညိုညို့ တောစိုစို အခြေမရောက်သော်လည်း ခုကန်ကွင်းကိုသွားရတာကပင် အချိန်ယူရပါသည်။ တစ်ခါတော့ အဘိုးလေးနှင့် ကျွန်တော် နှစ်ယောက်တည်း လှည်းနှင့် ထွက်ခဲ့ကြသည်။ အဘိုးလေးက ခေါင်းမှာ သှူ့ထုံးစံ ခေါင်းပေါင်းကြီးပေါင်းထားသည်။ ခေါင်းပေါင်းထဲမှာ ထိုးထည့်ထားသည့် ထန်းရွက်စ သုံးစကို မြင်နေရသည်။ သည်ထန်းရွက်စခြောက်မှာ တစ်မနက်လုံး စုတ်စုံမွှား မျက်လုံးများဖြင့် ခဲတံကို တံတွေးဆွတ်ကာ ရေးထားသည့် စာတွေပါတာ ကျွန်တော် သိပါသည်။ အဘိုးလေး အဆိုအရတော့ မိုးပြေးဂါထာဟု ဆို၏။ စပါးတွေက တစ်တောလုံး၊ တစ်ခင်းလုံး စိမ်းနေသော်မှ မိုးကျသော်ရှိ၊ မကျသော်ရှိ ကြိုတင်ကာကွယ်သည့်သဘောဖြစ်ပါလိမ့်မည်။ ထန်းရွက် သုံးရွက်မှာ တစ်လုံးချင်း ရေးနေသည့် ဂါထာကို လိုက်ဖတ်သူ ကျွန်တော်အလွတ်ရနေပြီ။

'ဥုံ မိုးကြီးငမောက်၊ ဒေါင်းမယ်မြမောင်၊ အတောင်ကန့်ကြား၊ နင့်သား နင့်မြေး၊ ခေါ်၍ပြေး၊ သေရမည်ဆက်ဆက်၊ မျက်စိနဲ့ကျက်ကျက် ဆိုတာ ဘာကိုပြောတာလဲ ဘိုးလေး'

'ငါတို့လယ်ထဲ မိုးမကျအောင် လုပ်ရသာကွ။ ဂါထာက စွမ်းတော့ မိုးမကျတော့ဘူးပေါ့ဟ'

'ဟုတ်ပါ့မလား အဘိုးလေးရ'

'မင့်အဖေအမေတွေ လက်ထက်ကတည်းက စွမ်းလာသာဟ မယ်သိန်းသားရ'

အဘိုးလေးက ဂါထာရေးထားသည့် ထန်းရွက်တွေကို ထောင့်သုံးထောင့်မှာ လိုက်ချသည်။ ပါးစပ်ကလည်း တတွတ်တွတ်။ ကျွန်တော်ကတော့ အဘိုးလေးကိုပဲ ငေးနေမိပါသည်။ အဘိုးလေးက သဘောမနောကောင်းသည်။ သည်လယ်ကို သူတို့လင်မယား အားစိုက်ခွန်စိုက် လုပ်နေကြသော်လည်း ဘယ်သူကမှ ပျိုးတစ်စည်း ရှေ့ကြတာမရှိ။ ကောက်လှိုင်းတစ်လှိုင်း ကူသယ်ပေးတာ မရှိ။ စပါးလှိုင်းတွေကို နွားတစ်ကောင်နှင့် နယ်တော့လည်း ကောက်ဆွတစ်ချက် ကိုင်ကြသည်မရှိ။ သို့သော် အဘိုးလေးကသော်လည်းကောင်း၊ ဒွေးလေးကသော်လည်းကောင်း ငြူစူကြသည် မရှိ၊ ကပ်ဖိုးကပ်ဖဲ့မရှိ၊ စကားနာကြေးတမ်း ထိုးကြသည်မရှိ၊ ရသမျှ မျှမျှတတ ရှိကြသူတွေဖြစ်သည်။ အိမ်ပိုင်းတိုက်ကြီးထဲမှာ အားလုံးနေထိုင်ကြတာဆိုတော့ အဘိုးလေးလယ်က ထွက်သမျှ





မမြင်ချင်လို့ မရ။ အဘိုးလေးနှင့် ဒွေးလေး မိသားစုအတွက်တော့ ဟင်းခွက်ကိုယ်စီ ကမ်းကြတာတော့ရှိသည်။

'သုံးထောင့်တည်းလား၊ သည်ထောင့်ကျတော့ ဘာဖြစ်လို့မချတာလဲ'

'ထောင့်လေးထောင့်စလုံးချတော့ မင်းအမေ့လင်မိုးတွေက ဘယ်က ထွက်မှာတုံး'

'အဘိုးလေးက သူ့မိုးပြေးဂါထာကို အင်မတန် ယုံကြည်သူဖြစ်သည်။ အိမ်က နိုင်းနွားမှန်သမျှမှာ ခလောက်တွေ ဆွဲထားကာ ခလောက်တိုင်းမှာလည်း သဘော်ဆေးကို တုတ်နှင့်တို့ကာ အင်းကွက်တွေ ရေးထားတတ်သည်။ အကွက်လေးကွက်ပါသည့် အင်းကွက်ထဲမှာ အင်းဆံအက္ခရာလေးလုံးရေးထားသည်။ 'ထို၊ ထံ၊ ဥုံ၊ အ'။ ကျွဲနာ နွားနာ ပျောက်အင်းဟု ဆိုလေသည်။ အဘိုးအဘွားတို့ လက်ထက်ကရှိခဲ့သော အိမ်ကြီးမှာလည်း မြေဖြူနှင့် ရေးထားသည့် 'သံသုံးချက် စည်းချဂါထာ' ဆိုတာကို ထင်းထင်းကြီး ရေးထားသည်လည်း ရှိ၏။ 'ဥုံ၊ သံတိုင်၊ သံတိုင်၊ သံတိုင်၊ ဗုဒ္ဓသံတိုင်၊ ဓမ္မသံတိုင်၊ သံဃသံတိုင်၊ သုံးသံတိုင်စပ်ကြား၊ ဟောထား ဓမ္မခန္ဓာ၊ သံဆူးကာ၏။ သံဆူးအာဏာ မဆန်သာ၊ ဆုတ်ဆိုင်း ပြောင်းပြန်၊ ပက်လက်လန်၊ လန်ဆရာလန်၊ ပြန်ဆရာပြန်' အိပ်ရာတွေ၊ ကြမ်းတွေ၊ ကုလားထိုင်၊ ပရိဘောဂတွေမှာ ကြမ်းပိုးလွှတ်ဂါထာ ၃၇ အုပ်ရွတ်ကာ တစ်အိမ်လုံး လက်နှင့် သုံးချက်စီ လိုက်ပုတ်သည်လည်းရှိသည်။ ကြမ်းပိုးပြေးလေသလား၊ မပြေးလေသလား ကျွန်တော် မမှတ်မိတော့။

အဘိုးတို့အိမ်က အညာမှာ ဆောက်သည့် အိမ်ဆိုသော်လည်း မွန်အိမ် ဖြစ်သည်။ ရှေးကတော့ တလိုင်းအိမ်ခေါ်ကြသည်။ အိမ်ကြီးက နှစ်ထပ်ဆိုသော်လည်း အပေါ်ထပ်က လူမနေပါ။ လယ်က ယာက ထွက်သည့် ဆန်နှင့် ပဲမျိုးစုံ၊ နှမ်းနှင့် နှမ်းဆီ စဥ့်အိုးတွေ ထားရုံသာ။ တစ်ခါတစ်ခါ ကြွက်တွေ ငှက်တွေ ကိုက်ဖောက်ထားလို့ တက်ရှင်းတာမျိုးတော့ရှိသည်။ ကျွန်တော်က ကြွက်ပြေးဂါထာရှိရင် ကောင်းမှာနော် အဘိုးလေးဆိုတော့ ကျွန်တော့်ကို မျက်လုံးပြူးကြီးနှင့် စိမ်းစိမ်းကြည့်တတ်သည်။

'ဟာ ကောင်လေး၊ ဖော်ဂနီ၊ ဖော်ဂနက်၊ နတ်ရဲမိစ္ဆာ၊ တောသူ သားရဲနှင်တဲ့ ဂါထာတောင်ရှိသဟာကွ၊ မင်းကြွက်စုတ်လောက်တော့ အာဂပေါ့။ မလုပ်ချင်လို့ပါကွာ'

ကျွန်တော်တို့ အဘိုးအိမ်မှာ ဖြက်ဆန်ကျယ်ကျယ် လှေကားကြီး ဟပ်ထားတော့ ကျွန်တော်တို့ ဆော့စရာနေရာဖြစ်ရသည်။ ဒွေးလေးကတော့ မနက်စောစော ဆွမ်းတော်တင် ရေချမ်းတော်၊ ပန်းတော်ကပ်ဖို့ အပေါ်ထပ်



www.burmeseclassic.com

www.burmeseclassic.com



တက်သည်ကလွဲလျှင် အပေါ်ထပ်ကို အရောက်အပေါက်မရှိသလောက်ရှားသည်။ ကောက်ဦးပေါ်ချိန်ဆိုလျှင်တော့ အပေါ်ထပ်ကို ရှင်းလင်းကာ ရဟန်းသံဃာတော်များကို ဆွမ်းကပ်သည်။ မိတ်ဆွေသင်္ဂဟတွေကို ထမင်းဦးဒါနပြုကာ ကျွေးမွေးသည်။ အဘိုးအိမ်ကြီးပတ်လည်မှာ အဘိုး၏ သားမြေးများဖြစ်သော အမေတို့ မောင်နှမတွေ ကိုယ့်အိမ်ကလေးနှင့် ကိုယ်နေကြသည်ဖြစ်ရာ သည်အချိန်မှာတော့ အိမ်ကြီးပေါ်မှာ စုကြသည့်အချိန်ဖြစ်သည်။ မွန်အိမ်ဆိုသော်လည်း အပေါ်ထပ်ကြမ်းနှင့် တစ်ပြေးတည်းဖောက်ထားသည့် ပြတင်းများလည်းရှိလေရာ တစ်နှစ်မှ တစ်ခါသာ ဖွင့်ရသော ပြတင်းများသာဖြစ်သည်။ ကျွန်ုပ်ခေါ် ကြွက်လျှောက်တန်းတွေက ကြွက်တွေအတွက် တံတားဆောက်ထားသည်နှင့် တူ၏။ မြားတန်း၊ ချင်ပိတ်၊ ပန်းဆွဲ၊ မြင်းနား၊ ဒေါင်ရစ်တွေကတော့ မြန်မာဟန် ဖြစ်သည်။

'အိမ်မကြီးနဲ့ မီးနေဆောင်ကို တပ်ထားတဲ့ တံခါးရွက်ကြီးက ယောက်ျားများ ဖွင့်တော့ အသံတစ်မျိုး၊ မိန်းမများဖွင့်တော့ အသံတစ်မျိုး၊ ဖိုသံမသံ ကွဲအောင် လုပ်ထားသာ'

အိမ်မကြီးအဝင် အပေါ်တန်းမှာတော့ 'လှထောင်လှတိုက်ဆရာဆရာမြို့၊ ဆင်ဖြူကျွန်းရပ်' ဟု ထွင်းထားသည့်အပြင် သည်အိမ်ကြီးကိုဆောက်သည့် ခုနှစ်နှင့် ရက်စွဲပါပါသည်။ ခုနှစ်ကိုတော့ ကျွန်တော် မမှတ်မိတော့။ အဘိုး အိမ်ကြီးပေါ်က ငုံ့ကြည့်လိုက်လျှင် အိမ်ကြီးကို ဝန်းရံလျက်ရှိနေကြသော အိမ်ကလေးတွေက 'တိုက်ဆင်' ကို ရံထားသော ဆင်ခြေကာ ဆင်ခြေဖုန်းရံမက်တော် ကိုးယောက်လို ငုတ်စီကလေးတွေ။ အဘိုးတို့မရှိကြတော့သော်လည်း၊ အိမ်ကြီးကို မဖျက်ကြ၊ လူလည်း မနေကြ။ အမွေဆိုင်ကြသော်လည်း အမွေအဖြစ် ခွဲစိတ်ခြင်းမရှိကြဘဲ အနှစ်အဖြစ်သာ သဘောထားခဲ့ကြသည်။ အဘိုးလေးနှင့် ဒွေးလေးကလည်း အိမ်အောက်က အခန်းတစ်ခန်းမှာသာ နေကြသည်ဖြစ်ရာ အဘိုးလေး သားသမီးတွေက ဒါန်းစင်ပေါ်မှာလိုလို၊ တန်းလျားရှည်တွေပေါ်မှာ လိုလို၊ ကွပ်ပျစ်ပေါ်မှာလိုလိုနှင့် ကြီးပြင်းခဲ့ကြသူတွေဖြစ်သည်။

'ကောက်ဦးပေါ်စ ကောက်နံ့မွှေးမွှေး' ရလိုက်တိုင်း အဘိုး၏ အိမ်မကြီးကို ကျွန်တော် လွမ်းရသည်ချည်း။ အခုတော့လည်း စိမ်းချင်သော်လည်း မလန်းတော့ပြီ။ ထားချင်သော်လည်း မလုံတော့ပြီ။ နှစ်တွေကပဲ ကြာလှပေါ့။

*'ကမ်းစပ်ပေါ်မှ အိမ်စုမျှသာ*
*ရှေးကတိုင်းပင်၊ ကွမ်းပင် အုန်းပင်*
*စောင်းလျားပင်အို၊ ကမ်းစပ်ပြိုဟပ်ဘေး*





*မွေ့ရာအိမ်၊ တလိုင်အိမ်လျှင်*
*မြေရှင်နှင့်တူ၊ မရှိမှုတော့*
*မြို့ထူမြက်တော၊ တိမ်ကောနေသော*
*မြေရာအမှတ်မျှသာ'*

(ဆရာဒဂုန်တာရာ၊ မိမိရွာကိုဖြတ်သန်းခြင်း)

ရွာမပြန်ဖြစ်သော နှစ်ပေါင်း ၄၀ အတွင်း ပထမဆယ်နှစ်တုန်းက အပြန်စိတ်ခဲ့သေးသော်လည်း နောက်ဆယ်နှစ်တစ်ကန့်စီမှာတော့ အပြန်ကျဲခဲ့ရပြီ။ လက်ငင်းဆယ်နှစ်မှာတော့ မရောက်တာကပဲ ၉ နှစ် ရှိလေသည်။ နှစ်ပေါင်း ၉ နှစ် ၁၀ နှစ်သည် မနေ့တစ်နေ့ကလို ကုန်ဆုံးသွားသော်လည်း အကြောင်းပြန် ပြင်စီရင်အပ်သော တရားတည်းဟူသော ရုပ်တရား၊ နာမ်တရားတို့ ပြောင်းလဲမှုကတော့ ကြီးမားလှသည်။ သင်္ခါရလေးပါးဒ်ပယောဂါ ဘီသင်္ခါရဆိုသော ကိုယ်ကိုလည်းကောင်း၊ စိတ်ကိုလည်းကောင်း အားထုတ်စေသည့်ဝီရိယလေးပါးသည်ပင် ခန်းခြောက်နေလေသည်။ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟဟူသော ဟိတ်ခြောက်ပါးတို့သည် မိမိနှင့်အတူတကွ ဖြစ်သော ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့ကို စည်ပင်ပြန့်ပွားခြင်း၏ အကြောင်းရင်းခံအဖြစ်အားဖြင့် ကျေးဇူးပြုခြင်းတို့ ထင်ရှားလှချည့်။

သည်တစ်ခေါက် ကျွန်တော်ရွာကို ပြန်ရောက်တော့ အဘိုးလေးတို့၊ ဒွေးလေးတို့ မရှိကြတော့တာ ကျွန်တော်သိသည်ထားဦး။ အဘိုးလေး မိသားစု၊ ကျွန်တော့်မိခင်ဘက်မှ မိသားစု၊ မိကြီးဖကြီးတို့က ဆင်းသော ဆွေမျိုးဉာတိမိသားစုတို့ပါ သည်ပိုင်းတိုက်ကြီးထဲမှာ မရှိကြတော့တာများသည်။ အဘိုးနှင့်အဘိုးလေးတို့၏ နမအငယ်ဆုံး မယ်အုန်းညိုက ဆွေအုပ်မျိုးအုပ်အရွယ်ရောက်နေသော်ငြား ဥစ္စာမရှိတော့ စကားမအောင်ဖြစ်နေပုံပေါ်သည်။

'မင်းမလာတော့တဲ့ ဆယ်နှစ်အတွင်း မရှိကြတော့သာပါပဲကွာ။ ငါတောင် အစ်ကိုတို့ အာရုံတွေကို လွန်း (လွမ်း) လို့နေနေသာရယ်၊ ကိုရေဝေတို့က ရွာနိုင်မယ်၊ ခြံစိုက်ကြလို့။ အဘိုးကြီး အမယ်ကြီး ကြီးမှ ခွဲနေရသလိုတော့ ဖြစ်သာပေါ့ကွာ။ မင်းအစ်ကို အစ်မများကလည်း ကိုယ့်ကိစ္စနဲ့ကိုယ်ထွက်ကုန်ကြပြီ၊ ဟိုတုန်းခေတ်ကလို မင်းအဘိုးလေးလုပ်စာ တစ်မျိုးလုံးထိုင်စားလို့မရတော့ဘူးကို၊ စိတ်ထားတွေကလည်း မကောင်းကြတော့ ရှေးကလို 'ဒေါင်းဥတော့ စာကအုပ်၊ စာဥတော့ ဒေါင်းကအုပ်' မဟုတ်ကြတော့ဘူး'

ရိုးသားစွာ ဘဝဝမ်းကို ကျောင်းခဲ့ကြသော အဘိုးအဘွားတို့၏ ရုပ်ပတ်ဝန်းကျင် စိတ်ပတ်ဝန်းကျင်၌ တွေးခေါ်မြော်မြင်ကြပုံ ရိုးစင်းကြသော်ငြား



www.burmeseclassic.com

www.burmeseclassic.com



သူတို့ လူ့အဖွဲ့အစည်းကလေးအတွင်းမှာ အချင်းချင်း၌ မကောင်းမှုမပြုရန် တားမြစ်ခြင်း၊ ကောင်းမှု၌ တည်စေခြင်း၊ မကြားနာဖူးသည်ကို ကြားနာစေခြင်း၊ နတ်ရွာနိဗ္ဗာန်လမ်းကို ပြသညွှန်ပြခြင်းစသော မဟာမိတ်လက္ခဏာလေးပါးဖြင့် နေနိုင်ခဲ့ကြသူတွေဖြစ်သည်။

အဘိုး၏ တလိုင်းအိမ်ကြီး မရှိတော့ပါ။ သည်နေရာမှာ ပဲစဉ်းငုံတောကြီးသာရှိနေသည်။ ကြီးတော် မယ်အုန်းညိုက အိမ်ဟောင်းအဖြစ် ရောင်းပစ်လိုက်တာ သုံးနှစ်ပဲရှိသေးသည်ဟု ဆိုသည်။ ရသမျှ အနောက်ရိုပ်သာခေါ် မဂ္ဂင်ရိပ်သာကျောင်းကို တစ်ပြားမကျန် လှူလိုက်သည်။ အိမ်ဟောင်းဝယ်သူတွေဆီက ပျဉ်တစ်ချပ်သာ တောင်းထားလိုက်ကြောင်း ပြောပြသည်။ ခါတိုင်း တိုက်ဆင်ကို ဆင်ခြေကာ၊ ဆင်ခြေဖုံးလို ဝန်းရံထားသည့် အိမ်ကလေးတွေလည်း မရှိတော့။ ဝိုင်းဟောင်းလောင်းကြီးလိုဖြစ်နေသည်။ လယ်တွေကကောဆိုတော့ လယ်တွေလည်း မိုးမရွာ၊ ရေမရောက် ပိုးကျလို့ လုပ်နိုင်သူကို ငှားပြီး ရသမျှသာ ယူတော့သည်ဟု ဆိုသည်။ အဘိုးလေးသာရှိလျှင် ပိုးကျစရာ အကြောင်းမမြင်။

ဩပဟ္ဟဏဝါဒ၌ သီရိနတ်သမီးသည် အိမ်ကောင်းအိမ်မွန်မှာ၊ ပန်းမန်မှာ၊ အလံဦးကင်းမှာ၊ ထီးဖျားမှာ၊ ကျောက်မျက်ရတနာ၊ လယ်သီးနှံတွေမှာ၊ ရတနာဆင်မြင်းကျွဲနွားတို့မှာ ကိန်းတတ်၊ မွေ့လျော်တတ်သည်ဟု ဆိုသည်။ ထိုနေရာများ၌ ကိန်းအောင်းသဖြင့်လည်း ထိုနေရာတို့ ကျက်သရေမင်္ဂလာရှိ၏ဟု အယူရှိသည်။ အခုတော့ ကျက်သရေတို့ ကိန်းရာတည်ရာ သည်အရာတွေမရှိတော့၊ ကြီးတော် မယ်အုန်းညိုက စာအုပ်ကလေးတစ်အုပ်ထုတ်ပြသည်။ အဘိုးလေး၏ ဂါထာမန္တန်များကို အဘိုးလေးကိုယ်တိုင် မှတ်တမ်းတင်ထားသည့် စာအုပ်ကလေးဖြစ်သည်၊ ကြီးတော်က အိမ်ဟောင်းဝယ်သူတွေဆီက တောင်းယူထားလိုက်သည်ဆိုသော ပျဉ်တစ်ချပ်ကိုလည်း ပြလိုက်သေးသည်။ 'လှေထောင် လှေတိုက်ဆရာဆရာမြို့၊ ဆင်ဖြူကျွန်းရပ်'။

ကျွန်တော်က အိမ်ရာနေရာကလေးတွေကို လိုက်ကြည့်သည်။ အဘိုး၏ အိမ်ကြီးရှိခဲ့ရာနေရာကို လိုက်ကြည့်သည်။ အဘိုးလေးတို့ နေထိုင်ခဲ့ရာ အခန်းကလေးနေရာကို စိတ်ဖြင့် မှန်းကြည့်သည်။ အလွမ်းဆုံးကတော့ သည်အိမ်သည်ဝိုင်းဆီက သင်းပျံ့လာတတ်သော 'ကောက်သစ်နံ့ မွှေးမွှေး' ကိုဖြစ်သည်။

*Idea ၂၀၀၅၊ ဖေဖော်ဝါရီလ*

## ရှပ်ဒိုးများ

ကျွန်တော့်ငယ်ဘဝ ကစားနည်းများတွင် ကျောက်ခဲသည် အတော်အရေးပါပါသည်။ တာလမ်းမပေါ် ထွက်လိုက်လျှင် ကျောက်ခဲများနှင့် တွေ့ရပြီ။ ဆိုက်စုံ၊ အရွယ်စုံ။ ဖုန်မှုန့်နှင့် ကျောက်မှုန့်များက ခြေမျက်စိတစ်မြုပ်စာ ထူသည်။ တစ်နေ့ခင်းလုံး ပူထားသည့်နေက ကျောက်ခဲ ကျောက်မှုန့်နှင့် ဖုန်မှုန့်များ ညနေခင်းတွေမှာ နွေးနေတတ်သည်။ ငယ်ငယ်က များသောအားဖြင့် ဖိနပ်စီးလေ့မရှိတတ်သော ကျွန်တော့်အဖို့ ဖုန်ပူ ကျောက်မှုန့်ပူသည်ပင် ခြေများအရသာခံစရာဖြစ်နေတတ်သည်။ ကျောက်ခဲသေးသေးကလေးတွေက ခဲစစ်တိုက်တမ်း ကစားလို့ရသည်။ အာလူးကျောက်လောက်ကတော့ ထွေပစ်နိုင်သည်၊ ဒိုးပစ်တမ်းကစားနိုင်သည်။ ကျွန်တော်နှင့် ရွယ်တူသူငယ်ချင်းတစ်ယောက်ပါလျှင်တော့ ပိုကောင်းပါသည်။ အာလူးအရွယ် ကျောက်ခဲတစ်လုံးစီလောက် လမ်းမပေါ်က ကြုံရာကောက်ယူကာ သူပစ်ကိုယ်ပစ် ကစားနိုင်သည်။ သူငယ်ချင်းက ခပ်လှမ်းလှမ်းကို လှမ်းပစ်လိုက်တော့ ကျွန်တော်က သူ့ဒိုးနားက မထိဘဲ ကပ်ကျော်သွားသော ကျွန်တော့်ဒိုးကို မှန်အောင် ပစ်ရသည်။ မှန်လျှင်တော့ တစ်ပွဲ။ မမှန်လျှင်လည်း ကိစ္စမရှိ၊ သူ့ဒိုးနားက မထိဘဲ ကပ်ကျော်သွားသော ကျွန်တော့်ဒိုးကို သူက ပြန်ပစ်လိမ့်မည်။ သူမှန်တော့ သူတစ်ပွဲရပြန်သည်။ သည်နေရာမှာ ရည်ရူးချက် နှစ်ခုရှိရသည်။ တစ်ခုက သူ့ဒိုးကို မှန်ဖို့ဖြစ်၏။ မှန်မှ တစ်ပွဲနိုင်မှာကိုး။ နောက်တစ်ခုကတော့ မှန်အောင်ပစ်သည်ဆိုသော်ငြား မမှန်ခဲ့သော် ကိုယ့်ဒိုးက ဝေးဝေးရောက်ဖို့လိုသေးသည်။ ဝေးပါမှ တစ်ဖက်က မမှန်နိုင်ခြေများလိမ့်မည်။ သည်အလုပ်နှစ်ခုသည် ဆန့်ကျင်ဘက်ဖြစ်သည်။ ထိပါစေ၊ မထိလျှင် ဝေးပါစေ၊ ဒါကသည်းကိုယ့်ဘက်က ချည်းမဟုတ်။ သူ့ဘက်ကလည်း သည်နည်းဗျူဟာကို သုံးသည်။

www.burmeseclassic.com



နောက်ထပ် ကျောက်ခဲကစားနည်း တစ်မျိုးကတော့ ရုပ်ဒိုးပစ်ခြင်းဖြစ်၏။ ရုပ်ဒိုးပစ်ဖို့ ရေပြင်ကျယ်ကျယ်လိုပါသည်။ ကျွန်တော့်အဘိုး၏ ခြံဘေးတွင် ကျွန်တော်တို့ရွာ၏ ရေကန်ကျယ်ကြီးရှိသော်လည်း ကြာပင်များက အပင်ချင်း ဆက်နေသည်။ ကြာပွင့်ထောင်ထောင်၊ ကြာရွက်ပြားပြားများဖြင့် ရေကိုပင် မြင်ရဖို့ မလွယ်။ ထိုအခါ ရုပ်ဒိုးပစ်ဖို့ ချင်ခြင်းတပ်လျှင် မြောင်းမကြီးဘက် သွားရသည်။ မြောင်းမကြီးဆိုတာက မုန်းချောင်းရေတံခါးမှ လွှတ်သောရေတွေက ရေဝတီမြစ်ထဲရောက်အောင် ဖောက်ထားသည့် ဆည်မြောင်းကြီးကို ပြောခြင်းဖြစ်ပါသည်။ တကယ်တော့ ဘယ်ကထွက်လာပြီး ဘယ်မှာဆုံးသည်ဆိုတာ ကျွန်တော်မသိ။ ရွာပြင် လယ်ကွင်းတွေနားက ဖြတ်သွားသဖြင့် လယ်ကွင်းတောတွေထဲ ကစားနိုင်သည်။ မြောင်းမကြီးထဲမှာ ရေဆင်းချိုးနိုင်သည်။ ပုံမှန်အားဖြင့် မြောင်းမကြီးမှာ ရေသွားချိုးတာကို အမေမကြိုက်။ မြောင်းဘောင်ပေါ် သွားတိုင်း၊ မြောင်းရေချိုးတိုင်း ကျွန်တော် အရိုက်ခံရမြဲ။ ရေချိုးတိုင်းလည်း အမေသိနှင့်သည်။ သိတိုင်းလည်း ရိုက်သည်။ နားရွက်ထဲ သဲပါလာလျှင် သိသည်။ မျက်လုံးတွေ နီရဲနေ လျှင် သိသည်။ ခေါင်းထဲ ရွှံ့နစ်တွေ ပါလာလျှင် သိသည်။ စေတနာ့ဝန်ထမ်း သတင်းပေးချက်များကြောင့် သိသည်။ တစ်ခါတစ်ခါတော့ အစ်အောက်မေးရင်းက ပေါ်တတ်ပါသည်။

'မြောင်းဘောင်ပေါ်က သရက်သီးတွေ ကြီးရော့မယ်နော် ငါ့သား'

အမေက သည်လောက်မေးလျှင် ကျွန်တော်က သရက်ပင်များ၏ အခြေအနေ၊ သရက်သီးများ၏ အခြေအနေများကို လွှတ်ခနဲ ပြောမိတတ်သည်။ ထိုအခါမျိုးမှာတော့ အမေ မရိုက်ပါ။ ခပ်တင်းတင်းတော့ ကြည့်တတ်မြဲ။

'မြောင်းထဲ ဘာ့သွားလုပ်ရတာလဲ'

'ရုပ်ဒိုးသွားပစ်တာ'

ရုပ်ဒိုးပစ်သည်ဆိုကတည်းက ရေထဲ ဆင်းရသည်။ ရေထဲဆင်းရသည်ဆိုကတည်းက ရေချိုးသည်ဆိုသော မြုပ်နေသည့် အဓိပ္ပာယ်ပါသည်။ မြောင်းမကြီးမှာ ရေမချိုးစေချင်တာက ဘာဖြစ်လို့လဲ၊ အမေ့ကိုမေးတော့ မြောင်းမကြီးက ဒီနှစ် လူမစားသေးလို့ဟု ဖြေတတ်သည်။ စားခါမှစားရော ရုပ်ဒိုးပစ်တာကို ကျွန်တော် အလွန်သဘောကျပါသည်။ ရုပ်ဒိုးပစ်ဖို့ ကျောက်ခဲပြားပြားတွေ လိုသည်။ သည်နေရာမှာတော့ ကျောက်ခဲလုံးလုံးက အသုံးမတည့်၊ ပြားနိုင်မှ ကောင်းလေ၏။ တာလမ်းမပေါ်က ကျောက်ခဲတွေ တစ်ထမ်းစာ ပုဆိုးထဲ ထည့်ထုပ်ယူသွားရသည်။ ခါးလည်လောက်နက်သော မြောင်းမကြီးထဲအားလုံးဆင်းရသည်။ ပြိုင်ပွဲဝင်မည့် သူအားလုံး တစ်တန်းတည်း နေရာယူကာ ရေစုန်





သို့မဟုတ် ရေဆန်ဘက်ကို ရုပ်ပစ်ရသည်။ မိမိလက်ထဲက အပြားလိုက်အားနှင့် ပစ်လိုက်သည့် ကျောက်ခဲက ရေပြင်တစ်နေရာကို ရွှမ်းခနဲ ထိကာ ပြန်တက်လာသည်။ ဆက်ထွက်သွားကာ နောက်တစ်နေရာ ရွှမ်းခနဲ ထိ။ ဆက်ထွက်၊ ထိ။ ဆက်ထွက်၊ ထိ။ တစ်ဖွေ့ခုန်၊ နှစ်ဖွေ့ခုန်၊ သုံးဖွေ့ခုန်။ ကျွန်တော် မှတ်မိသလောက် ကျွန်တော့် စံချိန်က သုံးဖွေ့ခုန်ထက် မပို။ တချို့က ငါးဖွေ့ခုန်၊ ခြောက်ဖွေ့ခုန်။ ကျွန်တော် သူငယ်ချင်း သံခဲကတော့ ဘယ်နှစ်ဖွေ့မှန်းမသိအောင် ပစ်နိုင်သူဖြစ်သည်။

'သံခဲ မင်းဘယ်လိုပစ်တာလဲ'

'သည်လို ပစ်လိုက်တာပဲ'

သူ့မှာလည်း နည်းစနစ်ရှိပုံမရပါ။ လူတွေမှာ ဗီဇကပါလာသည့် ပါရမီရှိရုံမှန်လျှင် သံခဲက ရုပ်ဒိုးပစ်ပါရမီပါလာသူဖြစ်သည်။ ကျွန်တော်ငယ်ငယ်က အားကျသူတွေထဲမှာ သံခဲပါသည်။ သံခဲပစ်လိုက်သော ကျောက်ခဲပြားက ရေပြင်နှင့် အနီးဆုံးကပ်သွားကာ ရေပြင်ကို ငုံ့ကာ ငုံ့ကာ နမ်းရင်း နှုတ်ဆက်သွားတတ်သည်။

'အခုတော့ သူမအကြောင်းတွေးဖို့ ဘယ်မှာ ထိုင်ရမလဲ။ နှစ်ကာလတွေ နှောင်းခဲ့ပြီ။ တစ်ဖွေ့ချင်းခုန်ရင်း သမိုင်းကျောက်ခဲပြားက ရေပြင်ပေါ်သို့ ရုပ်၍ ပြေးသွားလေသည်။ ဤသို့အားဖြင့် အံ့ရွှယ်ရှိကြပြီဖြစ်သော သူနှင့် သူမသည်လည်း မျက်နှာပြင်နှင့် နောက်တစ်ကြိမ် မထိတွေ့မီမှာပင် နစ်မြုပ်သွားခဲ့ကြသည်'

သီရိလင်္ကာနိုင်ငံသား စာရေးဆရာ မိုက်ကယ်အွန်ဒတ်ဂျီး (Michael Ondaatje) ၏ ဝတ္ထုတစ်ပုဒ်ထဲက စာသားများဖြစ်သည်။ သည်စာပိုဒ်ကို ဖတ်ပြီးသည့်အခါ ကျွန်တော် ဆက်မဖတ်နိုင်တော့။ ရုပ်ဒိုးပစ်လို့ မရသော အဘိုး၏ ကြာကန်ကို သတိရသည်။ မြောင်းမကြီးကို သတိရသည်၊ သံခဲကို သတိရသည်။ ရုပ်ဒိုးကျောက်ခဲပြားကို သတိရသည်။ နှစ်ကာလ ရေပြင်ကို အပိုင်းအခြားဆိုသည့် ကျောက်ခဲပြားက ဆယ်စုနှစ် ငါးကြိမ်ထိသွားသည်ဆိုလျှင် ကျွန်တော့်အသက် အရ ငါးဖွေ့ခုန်ပြီ။ ဆယ်စုနှစ်ငါးစု၊ စီးဆင်းနေသည့်ရေပြင်ကို ကျောက်ခဲပြား ရုပ်ဒိုးက တစ်ကြိမ်ထိလိုက်တိုင်း ရေပြင်သည် ခါကျန်ရစ်ခဲ့သည်။ ကျောက်ခဲ ရုပ်ဒိုး၏ အရှိန်ကလည်း နည်းနည်းတော့ လျော့သွားလိမ့်မည်။ သို့သော် ရုပ်ဒိုးပြားက ဆက်ထွက်လာခဲ့၏။ နောက်ဆယ်စုနှစ်မှာ တစ်ကြိမ် ထိလိုက်ပြန်သည်။ ရုပ်ဒိုးပြားက အရှိန်မကုန်သေး။ ဆက်ထွက်လာခဲ့ပြန်၏။ ဘယ်နှကြိမ်ထိပြီး ဘယ်နှကြိမ် ပြန်ကန်ထွက်လာမှာလဲ။ ဘယ်သူမှ မပြောနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ ပထမဆုံး ဆယ်စုနှစ်အကန့်သည် အဝေးမှာ ကျန်ရစ်ခဲ့သည်။ ၁၉၅၂ ခုနှစ်မှာ မွေးသော ကျွန်တော်သည် ၁၉၆၂ မှာ အသက်ဆယ်နှစ်ပြည့်သည်။ ဘဝ၏ ပထမဆုံး ထိုဆယ်စုနှစ်သည် အမှတ်ထင်ထင်ရှိသည်။ အလင်းရောင်ကို နေက ရသည်။ လက ရသည်။ ရေနံဆီမီးခွက်က ရသည်။ ရေကို ရေချိုတွင်းက ရသည်။ နီးပုံးထဲက ရသည်။ ထမင်းကို အိုးထဲက ရသည်။ အနောက်ဘက်မှာ မှန်းချောင်းရှိသည်။ အရှေ့ဘက်မှာ ရောဝတီရှိသည်။ မြောက်ဘက်မှာ စာသင်ကျောင်းရှိ၍ တောင်ဘက်မှာ ဘုန်းကြီးကျောင်းရှိသည်။ ကျွန်တော်နှင့် အနီးဆုံးမှာ အမေရှိ၍ အဝေးဆုံးမှာ အဖေရှိသည်။ ကျောင်းပညာသည် စာသင်ခန်းထဲမှာသာရှိ၍ ညဘက်ရောက်တော့ လွယ်အိတ်ထဲမှာ ခဲတံကျိုးနှင့်အတူ အိပ်ပျော်နေသည်။ ကျွန်တော် ကြောက်ရွံ့ထိတ်လန့်သော သင်္ချာဘာသာရပ်က စာသင်ခန်းထဲမှာမှ မဟုတ်ဘဲ ကျွန်တော့်ပတ်ဝန်းကျင်မှာလည်း ရှိနေသည်။ အိမ်ဘေးက သိုးကျောင်းသမားက သင်္ချာကို သိုးကောင်ရေနှင့် တွက်သည်။ မြေတူးသမားက သင်္ချာကို မြေကျင်းနှင့် တွက်သည်။ ထင်းသမားက သင်္ချာကို ဒဟပ်သား၊ သန်းသားနှင့် တွက်နေသည်။ မြင်းလှည်းသမားက သင်္ချာကို မြင်းခြေလှမ်း၊ ဂေါက်ဂက်နှင့် တွက်သည်။ အမေက ငွေဝင်ငွေထွက်ကို ချွေးခံအင်္ကျီအိတ် နှင့် တွက်နေသည်။

၁၉၆၂ မှ ၁၉၇၂။ ၁၉၇၂ မှ ၁၉၈၂။ ၁၉၈၂ မှ ၁၉၉၂။ ၁၉၉၂ မှ ၂၀၀၂။ သည်ဆယ်စုနှစ်လေးကန့်ကတော့ အတွေ့အကြုံနှင့် ခံစားမှုနှစ်များဖြစ်သည်။ ကျောင်းစာသင်ခန်းစာက မပေးနိုင်သော အတွေ့အကြုံနှင့် ခံစားမှုတွေက သည်အကန့်တွေထဲမှာ ပြည့်သိပ်နေသည်။ နောက်ဆုံး ဆယ်စုနှစ်အကန့်မှာတော့ ပင်လယ်၊ ဒီရေ၊ လမုတော၊ ဆားငွေ့များဆီက ဝေ့လာခဲ့သည်။ စစ်ကိုင်းတောင်နှင့် ရှမ်းရိုးမကြားက လွင်ပြင်ကြီးထဲကို ရောက်နေရပြီ၊ အယုဇ္ဈပုရ၊ သူတစ်ပါး မတိုက်ခိုက်နိုင်သော ပြည်ထဲကို ရောက်နေရပြီ၊ အသက်ဇီဝကို ရှည်စေသော မန်းတောင်ရိပ်ကို ရောက်နေရပြီ။

ကျွန်တော့်မိတ်ဆွေ သူငယ်ချင်းများသည်လည်း သည်ဘက် ဆယ်စုနှစ်မှာ ပြောင်းလဲကုန်သည်။ ကျွန်တော် စာအုပ်ဝယ်နေကျ ဥတ္တရလွင်ပြင် စာအုပ်ဆိုင်ကလေးသည်ပင် ဆယ်စုနှစ်အတွင်း နေရာတွေပြောင်းသွားသည်။ အခုတော့ ၈၃ လမ်းပေါ်မှာ။ ပုဆိုးတိုတို ခါးကိုင်းကိုင်း မျက်မှန်ထူထူကြီး တပ်ထားတတ်သော ကိုသန်းဌေးက မန္တလေးမှာ ကျွန်တော်နှင့် ပထမဆုံးလက်ဖက်ရည်သောက်ခဲ့သူဖြစ်သည်။ သူ့ဆိုင်ရှေ့မှာ သူ့စက်ဘီးအိုကလေးရှိလျှင် သူရှိလိမ့်မည်။ စက်ဘီးမရှိလျှင် သူမရှိ။ ကိုထွန်းဦးဆိုင်မှာ ရှိလိမ့်မည်။





ကိုညီပုလေးကတော့ ၁၉၈၉ ခုနှစ် (ကျွန်တော်၏ စတုတ္ထဆယ်စုနှစ်အကန့်) ထဲမှာ ပထမဆုံးတွေ့ခဲ့ရသော်လည်း ပဉ္စမအကန့်မှာ ခရီးထွက်သွားခဲ့သည်။ ခရီးဝေးက သူပြန်ရောက်လာသည့်နေ့က ကျွန်တော့်အိမ်ကို ပထမဆုံးရောက်လာသည်။ သည်ဆယ်စုနှစ်ထဲမှာ သူ့အသားအရေတွေ မည်းသွားသည်ကော၊ သူ့ဟာသများ ဘဝဆန်လာသည်။ ပန်းပဲဖိုထဲက ထွက်ဦးစ ဓားတစ်ချောင်းလို သံသားထုနေသည်။ ကျွန်တော့်သူငယ်ချင်း၊ ကိုသိုက်ကတော့ မြောက်ပြင်က အနောက်ပြင်ကို ပြောင်းလာသည်။ သူက စာဖတ်နာသူ၊ စာရေးကောင်းသူ။ မြောက်ပြင်မှာနေတုန်းက သူ့အိမ်ကို ကျွန်တော် မကြာခဏရောက်သည်။ သမီးနှစ်ယောက်က ချက်ကျွေးသည့် ထမင်းကို ကျွန်တော်မမေ့။ သူက အဖြောင့်မြားတစ်ချောင်းဖြစ်သည်။ သည်ဘက် ဆယ်နှစ်က သူ့စိတ်ထားကို ပြောင်းမပစ်နိုင်သော်လည်း လူကို ရွှေ့ပြောင်းပစ်လိုက်သည်။ သည်ဆယ်နှစ်ထဲမှာ မြေး၏ဘိုးဘိုးဖြစ်ခဲ့ပြီ။

ကိုညိုထွန်းလူကတော့ ကျွန်တော့်ဘဝနှင့် ရာခိုင်နှုန်းများစွာ ဆက်စပ်နေသူဖြစ်သည်။ သူနှင့် ကျွန်တော်က မန္တလေးညတွေထဲမှာ အတူတူရှိနေကျဖြစ်သည်။ သူ့မှာ လိုက်လျောခြင်းနှင့် ပြတ်သားခြင်းရောထွေးနေသည်ဟု ကျွန်တော်ထင်သည်။ လောကဓံက သူ့ကို အမျိုးမျိုး ရိုက်ပုတ်နေသော်လည်း အံ့ဩစရာကောင်းလောက်အောင် ခံနိုင်ရည်ရှိသူဖြစ်နေသည်။ သည်ဆယ်စုနှစ်ထဲမှာ မိခင်ကြီးဆုံးပါးသည်။ ဇနီးသည် ဆုံးပါးသည်။ တစ်ခါတစ်ခါ ရက်ဆက်ဆိုသလိုကျွန်တော့်ဆီ ရောက်လာတတ်သော်လည်း လပေါင်းများစွာ ပျောက်ချင်ရင်လည်း ပျောက်နေတတ်သည်။ သူ၏ 'ဘဝထိုထို' ကို ကျွန်တော် မသိ။ ဆရာဝန်ဆိုသော်လည်း ဆေးပညာကို သိပ်သဘောတွေ့ပုံ မရတာကလည်း ထူးခြားမှုဖြစ်သည်။ သူနှင့် ကျွန်တော်၏ လွမ်းစရာကောင်းသော လမ်း ၈၀ ညတွေကတော့ နောက်ထပ် မရနိုင်တော့။

ကိုဆူးငှက်။ သူကတော့ ခင်စရာ ကောင်းတာရော၊ ချစ်စရာကောင်းတာပါ ရောထွေးနေသူဖြစ်သည်။ နှုတ်နည်းသည်။ ဆိုခဲစေ မြဲစေဆိုသူဖြစ်သည်။ မန္တလေးချစ်စိတ် သူ့ဆီက စိမ့်ထွက်နေသည်။ သူက ကျိုးရေနှင့် ဖျော်သောလက်ဖက်ရည် ကောင်းကောင်းတစ်ခွက်ဖြစ်သည်။ ဟေမာဇလမှာ နေစဉ်က ဆိုက်ကားတစ်စီးနှင့် ကျွန်တော် ရောက်သွားတတ်သည်။ မနက်မိုးလင်းလျှင် သူ့အိမ်က စုရပ်။ မိတ်ဆွေပေါင်းစုံ။ သူက ဒိုင်ခံလက်ခံနေရသည်။ နေ့လယ်ဘက် လူထုကို ပြေးသည်။ စာဘယ်အချိန်ရေးမှန်းမသိရသော်လည်း စာတွေအများကြီး ထွက်သည်။ သူ့စာတွေမှာ မန္တလေးရနံ့သည် ကြိုင်လှောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သည်ဘက် ဆယ်စုနှစ်ထဲမှာ သူက အရှေ့ဂူးစူးကို ရောက်သွားသည်။ ကျွန်တော်နှင့် ထောင့်ဖြတ်။ ဝေးလွန်းသည်။ သူ့ကို တွေ့ချင်လျှင် လူထုကိုသွားရသည်။ များသောအားဖြင့် ဟောပြောပွဲတွေမှာမှ စကားတွေ ပြောရသည်။ အောင်ပင်လယ် ကန်ဘောင်ပေါ်က လက်ဖက်ရည်ဆိုင်မှာ မနက် မနက် သူ့ကို တွေ့နိုင်သည်။

အင်္ဂလိပ်စကားလုံး Decade က ဆယ်စုနှစ်ဆိုသည့် အဓိပ္ပာယ်ရသည်။ Decadence ကတော့ ယိုယွင်းကျဆင်းခြင်းကို ဆိုသည်။ ကျွန်တော်ကတော့ သည်စကားနှစ်လုံးကိုပဲ တွေးနေမိပါသည်။ ဆယ်စုနှစ်တိုင်းမှာ အပြောင်းအလဲတွေ ရှိနိုင်သည်။ ရှိလည်း ရှိသည်။ အကောင်းပြောင်းလဲခြင်း ဒါမှမဟုတ် အဆိုးပြောင်းလဲခြင်း။ ကိစ္စမရှိ။ သံခဲ၏ ရုပ်ဒိုးလို ဘဝရေပြင်ကို တစ်ကြိမ် ထိနမ်းပြီးတိုင်း တစ်ကြိမ်အားယူနိုင်ဖို့ပဲ လိုသည်။ နောက်ထပ် ဆယ်စုနှစ် တစ်နှစ်စာ အားယူပျံသန်းနိုင်ဖို့ပဲ လိုသည်။ တွေပစ်သလို မှန်အောင်ပစ်နိုင်လျှင်ပစ်၊ မမှန်နိုင်လျှင် ဝေးဝေးရောက်နေဖို့လိုသည်။

*Idea* ၂၀၀၃၊ ဧပြီလ

# မြောက်ဘက်မြင်းများ

စိုင်နိုင်ကွေ့ဟုခေါ်ကြသော ရွှေဘိုမရောက်ခင် ရွာကလေးထိပ်မှာ ကျွန်တော်တို့ စီးလာသော ဘတ်စ်ကားကြီး ရပ်သည်။ သည်ကမှ အတွင်းဘက် ငါးမိုင်လောက်ဝေးမည့် မင်းကျီကို ခရီးဆက်ရမည်။ မင်းကျီက မန္တလေးပန်းချီဆရာ ကိုဗိုလ်စောရဲ့ ရွာ။ ဇာတိရွာ။ သည်ခရီးမှာ သူပါ ပါလာသည်။ ကွန်မန်ဒိုဂျာကင်၊ ဆံပင်ခေါင်းပွ၊ ကွမ်းပါးစပ်၊ နှုတ်ခမ်းမွေးနှင့် ရီဝေသော အပြုံး။ နောက် ပန်းချီဆရာ ဦးခင်မောင်စန်းနှင့် ဇနီး။ ကျွန်တာက ကျွန်တော်၊ ကိုညီပုလေး၊ ကိုဆူးငှက်၊ ကိုညို၊ထွန်းလူ။ စိုင်နိုင်ကွေ့မှာ ခဏနားကြတော့ ပလတ်စတစ်ကုလားထိုင်ပြာကလေးတွေမှာ ထိုင်ကြရသည်။ မော်တော်ဆိုင်ကယ်က ခုနစ်စီး။ ခဏနေတော့ ကျွန်တော်တို့ ထိုင်နေကြသည့် ကုလားထိုင်ပြာတွေ တင်သွားသည်။ ကျွန်တော်တို့က ဆိုင်ကယ်နောက်ခုံမှာ အသီးသီးအသကအသက ခွကြရပြီ။ ဤသို့ဖြင့် မင်းကျီလမ်းသည် ကျွန်တော်တို့နှင့် စတင်ရင်းနှီးနေသည်။

'ကိုင်ထားနော် ဆရာ၊ ဆရာ့ကို အားနာတယ်'

လမ်းကို မကွေ့မီက အားနာနှင့်ပြီ။ ကျွန်တော်က ဆိုင်ကယ်ဆရာလူငယ်ကို အားနာနေသည်။ ဆိုင်ကယ်ကိုလည်း အားနာသည်။ လမ်းက ခုံးခုံးထနေသည်။ ဥသျှစ်သီးလုံးလောက် ကျောက်ခဲကြီးတွေက မညီမညာ။ မိုးရွာပြီးစဆိုတော့ မြေစေးမည်းမည်းတွေက ငါးမန်းဆူးတောင်တွေလို ထက်မြနေသည်။ ရွေးစရာလမ်းကောင်းမရှိ။ သို့သော် မင်းကျီသားတို့ ကျွမ်းကျင်ပါသည်။ ခြေနှစ်ဖက်ကို ခြေနင်းတုံးတွေပေါ်တင်၊ လက်တစ်ဖက်က ဖင်ထိုင်ခုံနောက်က သံမဏိတန်းကလေးကို ကုပ်၊ ကျန်လက်တစ်ဖက်က အတက်ချိုကွေ့စ်ကို ကိုင်ရင်း လိုက်ရသည်။ မီးရထားဖြင့် ခရီးသွားများခဲ့လို့သာ တော်တော့သည်။ ဂုန်နီအိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



လိပ်တစ်ကောင်ထည့်ထုပ်ပြီး မြင်းနှင့် ဆွဲပြေးတာမျိုးလား။ မဟုတ်ပါ။ ဆိုင်ကယ်ရှေ့အက်ဖ်ဆော့ဗ်တား ညွှတ်ပြောင်းမှုအလိုက် ကျွန်တော့်ခန္ဓာကိုယ်သည်လည်း စုချည် ဆန့်ချည်ဖြစ်နေရသည်။ ဆိုင်ကယ်မောင်းသူက တစ်ခါတစ်ခါ ခုံးထနေသည့် ရွှံ့သားမာမာကြီးတွေကို ခြေနှင့် တစ်ဖက်တစ်ချက်ကန်ရင်း တည့်မတ်နေရတာ မြင်နေရသည်။ သည်အချိန်မှာ သူ့စိတ်ထဲ ဘာရှိနေမလဲ၊ ကျွန်တော်တွေးနေမိသည်။ သူ့ဆိုင်ကယ်အသစ်ကြီးကို နမြောသည့်ဟန် လုံးဝမရှိ။ ကျွန်တော် လိမ့်ကျသွားမှာကို စိုးရိမ်နေသည်။ သူတို့လမ်းကို သူတို့ ရှက်၍ အားနာရှိနေပုံပေါ်သည်။ စာရေးဆရာတစ်ယောက် ဆိုင်ကယ်ပေါ်က ပြုတ်ကျခြင်းသည် ကြီးလေးသော ပြစ်မှုကို ကျူးလွန်ရာကျလိမ့်မည်ဟု သူတွေးနေပုံရသည်။ ကျွန်တော့်အတွေးကတော့ တစ်မျိုး။ တောင်စွယ်နေကွယ်ချိန်မှာ ကွပ်မျက်ခံရဖို့ ပါးကွက်အာဏာသားနောက် လိုက်နေရတာမျိုး ဖြစ်နေသည်။ ရာဇဝတ်သားက တောင်စွယ်က နေကို လှမ်းကြည့်သကဲ့သို့ ကျွန်တော်သည်လည်း ဘယ်အချိန် ပြုတ်ကျပါ့မလဲ အကဲခတ်ဖို့ ရှေ့လမ်းကို ကြည့်နေရသည်။ တစ်ချက်ကလေး ကောင်းကွက်မရှိ။ ပိုလို့သာဆိုးတော့သည်။

စပါးခင်းတွေက ကွင်းပြန့်ကျယ်ကြီးတွေ။ တစ်ဖက် တစ်ချက် တစ်မျှော်တစ်ခေါ်။ ဗုဒ္ဓ သရဏံပင်ရိုင်း အပွင့်ဝါဝါတွေက လင်းလင်းချင်းချင်းမရှိ၊ ကိုင်းပင်တွေကတော့ စိမ်းခြောက်ခြောက်၊ စပါးခင်းပြန့်က ဝင်းမှည့်။ တချို့လည်း စိမ်းဝါ။ တချို့အခင်းတွေက ရိတ်သိမ်းချိန်လွန်။

'ဟိုက မြင်ရတာ မင်းကျီလား'

'မဟုတ်သေးဘူးဆရာ၊ တော်တော်လေး လိုသေးတယ်။ အခုမှ အစရှိသေးတာ'

လှူငယ်က ဟန်ချက်ထိန်းရင်း ပြန်ဖြေသည်။ ကျွန်တော့်ဘေးက မော်တော်ဆိုင်ကယ်တစ်စီး ဝေါခနဲ ဖြတ်တက်သွားသည်။ နောက်မှာတော့ ကိုဆူးငုက်။ စွပ်ဖားလှည်းပေါ်က အက်စ်ကီးမိုးတစ်ယောက်နှင့် တူနေသည်။ ဆိုင်ကယ်သမားခါးကို ကျကျနနကြီး ဖက်ထားသည်။ ခရီးဆောင်အိတ်က နောက်ဘေးဘက်မှာ ဝဲကျနေသည်။ ကိုညို့ထွန်းလှူကို တင်သွားသည့် ဆိုင်ကယ်ကတော့ ဝေးဝေးရောက်နှင့်ပြီ၊ ကိုညီပုလေးကကော။ မလှမ်းမကမ်းမှာ ရှိနေသည်။ ဆိုင်ကယ်ဆရာလေးကို မေးခွန်းတွေ မေးနေဟန်တူသည်။ သူငယ်ချင်းတွေကို ကြည့်ရင်း ထနောင်းပင်တန်း၊ လမ်းကြမ်းကြမ်းဆီ စိတ်ရောက်သွားသည်။ သံကိုင်းကုန်းဖောင်းမြင်းလှည်း (မြင်းရထား) လမ်းကလည်းဒါမျိုးပါပဲ။ အတိတ်ဆီ တစ်ခါတစ်ခါ စိတ်ရောက်လျှင် လွမ်းစရာကောင်းသည်။ သည်ပဒေသာပင်ကလည်း





သုနာပရန္တဒေသဖြစ်သည်။ နိုင်ငံသမိုင်းသည် သုနာပရန္တနှင့် တမ္ဗဒီပသမိုင်းဟု ဆိုနိုင်သည်။ ရောဝတီနှင့် ချင်းတွင်းသည် နိုင်ငံလူမှုရေး၊ စီးပွားရေး၊ အနုပညာရေးများတွင် အရေးပါသည်။ သည်မြစ်နှစ်စင်း ပေါင်းစုံရာ အရပ်ထဲက သမိုင်းတွေ ခုန်ထွက်နေသည်။ ကုန်းဘောင်ခေတ်မှာတော့ ယောနကတိုင်း (ယောနယ်)၊ ခိရဋ္ဌတိုင်း (ချင်းနယ်) နှင့် မောရိယတိုင်း (ကလေးသောင်သွပ်နယ်) အဖြစ် ထပ်မံခွဲသည်။ မှန်းချောင်းလွင်ပြင် မန်းချောင်းလွင်ပြင်မှသည် မူးချောင်းလွင်ပြင်ကျယ်ကြီးထဲ ကျွန်တော် ရောက်နေသည်ကော။

အင်္ဂလိပ်စာရေးဆရာ အိတ်ချ်ဗီဟော်တန် (H.V. Horton) ကဲ့ In Search of England တွင် သည်လို ရေးခဲ့သည်။

'မည်းမှောင်ညစ်ကျူးသော စိတ်ဖြင့် ကျွန်တော်သည် ဂျေရူဆလင်မြို့ကို စီးကြည့်နေသည့် တောင်ကုန်းတစ်ခုပေါ်သို့ တက်လာခဲ့ပါသည်။ ထိုနေရာသည် သေဖို့ အကောင်းဆုံးဖြစ်သည်ဟူသော အတွေးဖြင့် ထိုကုန်းမြင့်ပေါ်မှ ရပ်၍ ကျွန်တော့် ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော အင်္ဂလန်ပြည်ဘက်သို့ ရော်ရမ်းမှန်းဆ၍ ကြည့်ပါသည်။ ယခု ပြန်စဉ်းစားကြည့်လျှင် ရှက်ဖွယ်ကောင်းသော အိမ်လွမ်းစိတ်ကို ဖော်ကုန်လှုတ်၍ ပေးလိုက်ပါသည်။

ဖော်ရွေမှုကင်းသည့် တောင်တန်းကြီးများကို ကျော်၍ မျှော်ကြည့်ရင်း ကျွန်တော်သည် ကိုယ့်ဇာတိရပ်ရွာကို အမှတ်ရနေပါသည်'

ကျွန်တော်တစ်ယောက်တည်း အိမ်လွမ်း၊ ဇာတိလွမ်း စိတ္တဇဖြစ်နေသည်မဟုတ်။ ဆိုင်ကယ်ဆရာလှူငယ်ကလည်း စပါးပိုးကျ စိတ္တဇရှိနေသည်။ တဝုန်းဝုန်း ခါနေသည့် ဆိုင်ကယ်ကို ထိန်းရင်း မေးချင်တာကို မေးနေသည်။

'ကျွန်တော်တို့ဆီမှာ သည်နှစ် စပါးတွေ ပိုးလား၊ မှိုလားမပြောတတ်ဘူး။ မနောသုခစပါးပင်တွေ ကုပ်ကျိုးနေတာတွေဖြစ်တယ်၊ အထွက်ဆုတ်တာပေါ့'

စပါးရောဂါများကို ကျွန်တော်မသိ။ စာရေးဆရာဆိုတော့ စပါးကိစ္စသိလောက်မည်ထင်လို့ မေးတာလား။ ကျွန်တော်က ကုန်းဘောင်ခေတ်ဦး ရတနာသိယကာလတွေကို စိတ်ရောက်နေသည်။ သည်တုန်းကတော့ မနောသုခမရှိ၊ ကောက်ကြီး၊ ကောက်တိ၊ တောင်ယာနှင့် မုရင်းစပါးမျိုးတွေသာ ရှိသည်။ အလောင်းမင်းတရားလက်ထက်က ဆား၊ ဆပ်ပြာ၊ ယမ်းပေါသည့်ဒေသဖြစ်သည်၊ ချိချဉ်ငံဖန် ရသာလေးပါး ရေပေါသည့် ဒေသဖြစ်သည်။ ရွှံ့စေးညှန်ထူလို့ ရန်သူတို့ လုပ်ကြံနိုင်ခဲ့သည့်ဒေသဖြစ်သည်၊ ရန်သူနှင့် ရင်ဆိုင်လျှင် သွေးဗိသောအမှုထမ်းကို မြို့စောင့်နတ်က ကွပ်မျက်သည်ဆိုသော အရပ်ဖြစ်သည်။ အဓိဝေးအောင်ပွဲတွေကို နေပြည်တော်က ချက်ချင်းသိသည့်အရပ်ဖြစ်သည်။ မင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျင့်စဉ် ပြည့်သူကို မနှိပ်စက်သော အရပ်ဖြစ်သည်။ ရဟန်းသံဃာတော်တို့ စည်ပင်ရာ ဝင်းပသာသနာအရပ်ဖြစ်သည်။

'ရှေးကတော့ သည်အရပ်ဟာ မြက်ဝါးသက်ကယ်ပေါတယ်၊ ဟင်းသီး ဟင်းရွက်ပေါတယ်၊ အကောက်အယူမဲ့တယ်၊ ကင်းကူးတို့ အတိုင်လွတ်တယ်၊ စပါးပြောင်းပဲပေါတယ်၊ လုပ်စရာ နေစရာပေါတယ်လို့ ဆိုတာပဲ။ ဆင်းရဲသားတွေ ပျော်တဲ့အရပ်ဆိုပါတော့၊ ဆိုလိုတာက လူနဲ့ ပတ်ဝန်းကျင်ဟာမိုနီဖြစ်တဲ့ အရပ်ပေါ့'

မနောသုခစပါးကို ကိုက်ဖြတ်သော စပါးပိုးတို့ ဘယ်ကရောက်လာပါ သလဲ။ ကျွန်တော် မသိ။ ဒါက စိုက်ပျိုးရေး သုတေသနအလုပ်ဖြစ်သည်။ ရှေးက တော့ အသည်နှင့် စုခြား ခွဲသည်။ အသည်ဆိုတာက အခွန်တော် မင်းမှုတော် ကျလျှင် စုပ်ခနဲ နေအောင် ဆောင်လိုက်ရသူတွေ။ စုခြားကတော့ မင်းမှုထမ်း အစုအမျိုးမျိုးကို ဆိုသည်။ ကုန်းဘောင်ခေတ်ဦး မြို့ရွာနေအိမ်ခြေစာရင်းတွင် ဓေယျာပူရ (စစ်ကိုင်း) က ၂ ခုအိမ် (အသည်နှင့် စုခြားပေါင်း) ၁၁၅၇၀၊ ဒီပဲယင်းက ၁၄၆၆၂၊ ရတနာသိင်္ဃက ၁၃၇၂၉၊ အလုံက ၁၇၄၁၈၊ ရှေးက ဒီပဲယင်းက ပိုမိုစည်ကားနေသည်။ သည်မြို့တွေထက် စည်ကားသည့်မြို့မှာ ပုခန်းကြီးဖြစ်သည်။ ၂၀၉၄၉။ ရှေးက လူနေအိမ်ခြေဖော်ပြလျှင် မြို့နယ်အလိုက်၊ တိုက်စုအလိုက်၊ ဝန်စုအလိုက် ဖော်ပြကြသည်။ သူကြီးအုပ်ချုပ်ရာ ရပ်ရွာ အလိုက် သဿမေဓကောက်ခံတာမျိုးလည်း ရတနာပုံခေတ်တွင် ရှိလာခဲ့သည်။

'ကျွန်တော်တို့ ရွာကတော့ စပါးစိုက်တာများတယ်။ အနောက်ဘက် ရွာကတော့ ဂျုံနဲ့ပဲ စိုက်တယ်၊ မြေချင်း မတူဘူးထင်တာပဲ၊ ကျွန်တော်တို့ ရွာတမှ သဲဆန်သေးတယ်။ အနောက်ရွာတွေက မြေပိုစေးတယ်'

သူကလည်း သူ့စိတ်ကူးနှင့်သူ ဖြစ်လိမ့်မည်။ ကျွန်တော်ကလည်း အလောင်းမင်းတရားကြီး သည်ရွာတွေဘက်ကိုလည်း ရောက်လာနိုင်သည်ဟု တွေးနေမိ၏။ ၁၁၁၃ ခုနှစ်မှာ အင်းဝကို ဟံသာဝတီမွန်တို့ သိမ်းသည်။ ဦးအောင်ဇေယျက မုဆိုးဖိုမှာ ထန်းလုံးတပ်တည်ဆောက်ကာ ခြောက်ကျိပ်ရှစ် ယောက်နှင့် နန်းပြုသည်။ ကွေ့ရှမ်းရန်၊ မွန်ရန်တွေကို တိုက်ခိုက်နှိမ်နင်းသည်။ ၁၁၂၀ မှာ ကသည်းမြို့ မဏိပူရကို အောင်သည်။ ၁၁၂၁ ယိုးဒယားသို့ ချီရင်း အပြန်မှာ ကျဆုံးသည်။ သံလျင်မှာ ဗရွန်ဦးဆောင်သူ ပြင်သစ်တို့ရှိနေသည်။ ဟိုင်းကြီးကျွန်းမှာလည်း ဗရုတ်ဦးဆောင်သော အင်္ဂလိပ်တွေရှိနေသည်။ သည် ဥရောပသားတို့ကလည်း မွန်ဘက်ကလိုလို မြန်မာဘက်က လိုလို။

ကျွန်တော်က အတက်ချီကော့စ်ကို လက်ပြောင်းလိုက်တော့ ဆိုင်ကယ် က ဟန်ချက်ပျက်သွားသည်။ ဝုန်းခနဲ ထိုးရပ်မလိုလိုဖြင့် ဝေါခနဲ ဆောင့်ထွက်





လေ၏။ ကျွန်တော့်အပြစ်၊ ကျွန်တော့်လှုပ်ရှားမှုကိုပါ ထိန်းနေရသူအဖို့ သည်လမ်း ပေါ်မှာ မလွယ်နိုင်။ ကျွန်တော် တောင်းပန်တော့ လူငယ်က ရပါတယ်ဟု ဆို၏။ လမ်းက ပိုဆိုးလာသည်။ လှိုင်းတွေက ခွေးတစ်ကောင်၏ အာခေါင်လို အရစ်ရစ် ထနေသည်။ သည်နေရာရောက်တော့ ခန္ဓာကိုယ်၏ ထုထောင်း နှိပ်စက်ခြင်းကို မရှုမလှခံနေရသည်။ သို့သော် ကျွန်တော်က နှိုင်နေသည်မဟုတ်။ ရှုနေခြင်းဖြစ်သည်။

'ရွာနီးပြီလား'

'တစ်ဝက်ကျိုးပါပြီ'

၁၉၀၀ ပြည့်နှစ်က ပေါ်ခဲ့သော ပြည်ကုန်းဘောင်သီချင်းကို ရုပ်သေး ဆရာ ဆရာပု (မဒီကိုင်အမေပု) က စင်ထွက်တိုင်းဆိုသည်။ သည်သီချင်းထဲက 'တစ်တောဝင်ဝင်၊ တစ်ပင်ထွက်ထွက်၊ တစ်ခက်ခိုခို ရောက်ဖူးတယ်ဆိုရအောင် ပြည်ရွှေဘိုမြို့ငယ် ကျူပ်လိုက်မလေး' ဆိုတာ မင်းကျီပါလိမ့်မည်မထင်။ မော်တော် ဆိုင်ကယ်ဆရာလေးက စာတွေဖတ်ထားသူ။ သူ့မေးခွန်းတွေက ကြောက်စရာ။

'မုဆိုးဆက်က ကျန်သေးတယ်ဆိုဆရာ'

'စာထဲတော့ လေးဆက်ကျန်သေးတယ်လို့ဆိုတာပဲ၊ သစ္စာအကျင့်မှန်၊ ကုလသန့်၊ တမ်အစောင့်ထား၊ မုဆိုးတစ်ကျိပ်ငါးဆိုတာကို၊ ကျွန်ဘဝထဲ ကယ်တင် ဖို့ မုဆိုးဆက်တွေ ကျန်ပါသေးတယ်၊ မပူနဲ့လို့ မြန်မာတွေကို သွေးနှိုးတာပေါ့လေ'

'တကယ်မကျန်ဘူးပေါ့'

'ဒါက တဘောင်ကလာတာလေ၊ မဟုတ်ဘူး ဟုတ်တယ်ဆိုတာ ပြောရ ခက်တယ်'

ကျွန်တော် ဝါးချလိုက်ခြင်းဖြစ်သည်။ မြန်မာ့နန်းတွင်းမှာ သိုက်စာ၊ တဘောင်စာတွေက အတော်တာစားခဲ့ဟန်တူသည်။ ဘုရင်မင်းမြတ်သည်ပင် သိုက်စာ၊ တဘောင်စာတွေကို အမိပ္ပာယ်ကောက်နိုင်းတာတွေရှိခဲ့သည်။ 'ထီးပေါင်း ကားတောင်၊ ညောင်ပင်ကြီးမှာ တပ်ရာနှင်းသည့်၊ ဆောင်းတွင်းနှင်း ဝေဝေ၊ နွေတို့ လည်းရောက်၊ နန်းသစ်ဆောက်၊ နှစ်ယောက်မင်းများနောင်' ကျွန်တော့်အတွေးက ရှက်ချင်းရပ်သွားသည်။ ရှေ့က ဆိုင်ကယ်တွေကို မီလာသည်။ စပါးလှိုင်းတွေ တင်လာ သည့် လှည်းကြီးတွေက ရှေ့ကခံနေလို့ဖြစ်သည်။ ဆရာ ဦးခင်မောင်စန်းကတော် က ဆိုင်ကယ်ပေါ် မိန်းမထိုင် ထိုင်ရတော့ လိမ့်ကျမှာ စိုးနေသည်။ သို့သော် မြင်ရသလောက် သက်သောင့်သက်သာရှိပုံရနေသည်။ ကိုဗိုလ်စောကတော့ ဝရန်းသုန်းကားဖြစ်မှု၏ သဟဇာတသဘောကို ပန်းချီဝါဒ ထုတ်နေဟန်။

ကိုဆူးငှက်ကတော့ အရွှေ့အပြောင်းရှိပုံမရ။ ငြိမ်လို့။ ကိုညိုထွန်းသူ ကတော့ ကျွန်တော့်ကို ပြုံးပြနေသည်။ သည်တစ်ချီ နင်အီပြီမဟုတ်လော



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့်ပုံ။ ကိုညီပုလေးကတော့ သည်လောက်ကိစ္စကို ဒုက္ခမထင်။ လောကဓံကို immunity ဖြစ်နေပုံပေါ်သည်။ လှည်းတွေ လွတ်သွားတော့ ဆိုင်ကယ်တွေ ပြန်ထွက်လာကြပြန်သည်။ ထုံးစံအတိုင်း ကျွန်တော့်ကို တင်လာသည့် ဆိုင်ကယ်လုလင်ယိုက စိတ်ရှိတိုင်း မောင်းလို့မရပုံဖြင့် နောက်မှာပဲ နေခဲ့သည်။ သိပ်မဝေးလှသော အရပ်မှာ ရွာရိပ်စိမ်းစိမ်းကို မြင်ရပြီ။ တာဘောင်ကြီးတစ်ခုကို မြေတူးစက်ကြီးတစ်စီး မြေဖို့နေသည်။ ရွှေဘိုဈေးပြန် အမယ်အိုက သစ်ရိပ်မှာ နားလို့။ လှည်းတစ်စီးက ကောက်ရိုးတွေ မွေ့တင်ရင်း ရွာစည့်သည်တွေကို ငေးလေသည်။ ဆိုင်ကယ်ဆရာကို ကျွန်တော်က စကားဆက်သည်။

'၁၂၃၆ ခုနှစ်မှာ မင်းတုန်းမင်း မုဒ္ဒါဘိသေကခံတယ်၊ မင်းမျိုးမင်းနွယ်တွေကိုယ်စား ရမည်းသင်းစုဖုရားကလျှောက်ပြီး သစ္စာရေ ဘိသိက်ရေသွန်းတယ်။ သူဌေးသူကြွယ်တွေကို မဟာသီရိနေရာဇာက ဘိသိက်သွန်းတယ်။ သစ်တောကတော့ ရှင်ဘုရင်ကို သစ္စာပြုခိုင်းတာပေါ့'

'ပြုတာပဲလား ဘုရင်က'

'ပြုတာပေါ့၊ ဒါက မဟာသမ္မတမင်းရိုးတို့ လုပ်နေကျဆိုပြီး လုပ်တာပေါ့။ တစ်ယောက်က တိုင်ပေးရတာ လိုက်ဆိုတာ။ ဆိုပါတော့ ဘိသိက်သစ္စာပျက်ပချေသော်၊ ကမ္ဘာဆူဝေ၊ လေမုန်တိုင်းဆင်၊ လျှင်တော်လဲ၊ မြေကြီးကွဲ၍၊ ငရဲမီးလျှံ ဝင်းဝင်းပြောင်ပြောင်၊ တောက်လောင်ကြေညက်၊ သူပျက်သူလောင်၊ ထောင်ထောင်ထားထား ဆိုတာမျိုးတွေ ရွတ်ရတာ'

'ဒါက နန်းတက်တိုင်း လုပ်ရတာလား'

'များသောအားဖြင့် နန်းတက်တော့ လုပ်ကြတယ်၊ မင်းတုန်းမင်းကတော့ နတ်ရွာမစံခင်လေးနှစ်လောက်ကျမှ လုပ်တာ'

'အဲဗျ'

ယောအတွင်းဝန်က မင်းနှင့် ပြည်သူ အပြန်အလှန်ရှက်ဆောင်ရန်တာဝန်ကို မဟာသမ္မတ စာတမ်းရေးသည်။ မုဒ္ဒါဘိသေကတွင် မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဌေးမျိုးတို့ ပါဝင်သည်၊ ဆိုင်ကယ်ဆရာလုလင်ယိုက ကျွန်တော်တို့နယ်က မြင်းတော့ နာမည်ကြီးတယ်ဟု ပြောသည်။ ကျွန်တော်က မင်းကျိုးမှာ မြင်းပေါသလားဆိုတော့ အဲသလိုလည်း မဟုတ်ပါဘူး၊ ကြားဖူးတာပါဟု ဆိုသည်။ တကယ်တော့ သည်အရပ်ကို မြောက်ဘက်မြင်းနယ်ဟု ခေါ်ခဲ့ကြသည်။ ဆရာမြို့မငြိမ်းက မြင်းခင်းတော်မှာ ခါးပတ်တော်ရွှေချည်ငွေချည်လို့ ရေးခဲ့သည်။ မြင်းကလည်း မြင်းချောမာန်ဖီလို့ ရေးခဲ့သည်။ ရေးကတော့ မြင်းပွဲသဘင်တွေ စည်ကားခဲ့သည်။ အဝတ်တန်ဆာ တင်းကျပ်စွာ ဝတ်ရသည်။ ခေါင်းပေါင်း မကျွတ်ရ၊ ပုဆိုး မကျွတ်ရ၊





ဓား မကျွတ်ရ၊ ကကြိုးမလွတ်ရ၊ မြင်းနှင့် လူ မကင်းကွာရ၊ ပစ်မှတ်စက်ထိုး မလွဲရ။ သွေးသောက်ကြီးတို့က တုတ်ကောက်ကြီးတွေ ကိုင်ထားတတ်ကြသည်။ မြင်းပေါ်က ဆွဲချ၊ နေလှန်းဒဏ်၊ ပယ်ဆုတ်စီး၊ ပယ်ခွဲစီး၊ နောက်ဆုံး သိကြားတန်ဆောင်တိုင်။

'အသခ်ယာစောယွန်းစစ်ကိုင်းတည်တော့ မြင်းကိုးသင်းရှိခဲ့တယ်။ ကြောင်သင်းမြင်း၊ ခက်လုံမြင်း၊ စောပအိုးမြင်း၊ ပြင်စည်မြင်း၊ မြင်းသည်ကြီးမြင်း၊ ယူတော်မူမြင်း၊ လက်ရွေးကြီးမြင်း၊ လက်ရွေးစင်မြင်းဆိုတာတွေပေါ့။ နောက်စရပ်မြင်း၊ ညောင်ဝန်းမြင်း၊ ထိန်ကျိုင်မြင်း၊ ပုန်ညောက်မြင်း၊ မင်းစေနတ်မြင်း၊ ရဲချင်းမြင်း၊ ဥသျှစ်ငယ်မြင်းဆိုတာတွေလည်း ရှိတယ်'

ကုန်းဘောင်ခေတ်မှာ ရွှေဘိုမြောက်လက် တောင်လက်ရှိသည်။ မြင်းစုအမှုထမ်းတို့နေသည့် ရွာတွေကို မြင်းမြေ၊ မြင်းရွာခေါ်ခဲ့ကြသည်။ ရဲဘက်မြင်းစု၊ ရွှေပြည်တံခွန်မြင်းစု၊ ၁၀ အိမ်တစ်စီးဖွဲ့။ ၅၀ တစ်စီးဖွဲ့။ မြင်းခေါင်း၊ မြင်းစီး။ မြင်းစီးသူကြီး။

'ကျွန်တော့်တို့ရွာက ရေးမြန်မာကြီးတွေလည်း စီးကြမှာပဲ'

'သေချာတာပေါ့'

ကာဘိုးဆည်လက်တံမြောင်းကြီးကို ကျော်လာခဲ့သည်၊ မြေတူးစက်ကြီးက မြေတွေဖွဲ့ယူကာ ဖြည့်ဖို့နေ၏။ မြောင်းကျိုးနေပုံရသည်၊ ကျောင်းသူ ကျောင်းသားတို့ စက်ဘီးကိုယ်စီဖြင့် ကျောင်းပြန်လာကြပြီ။ တချို့က ခြေလျင်။ တချို့က စက်ဘီးတစ်စီးတည်း မောင်နှမနှစ်ယောက်။ သူငယ်ချင်းနှစ်ယောက်။ တွဲဖက် အထကကို ကျော်ခဲ့၏။ ရွာခြေဝင်ပြီဆိုလေသည်။ တိုက်နယ်ဆေးရုံ၊ တိုက်ခံအိမ်များ။ အိမ်ရှေ့တလင်းကွက်မှာ သီးနှံတို့ စုစုပုံပုံရှိကြသည်ချည်း။ ကျွန်တော်နှင့် ဆိုင်ကယ်ဆရာလေး၏ Super Bike Rally ပြိုင်ပွဲ ပန်းဝင်ပြီ၊ ဆိုင်ကယ်က ဘုန်းတော်ကြီးကျောင်းထဲ တန်းဝင်သည်။ သူငယ်ချင်းတို့ ရောက်နှင့်နေကြပြီ။ ဆရာတော်ရှေ့ ပျဝပ်ရိုကျိုးရှိကြပြီ၊ ဆရာတော် ဦးဣန္ဒကသည်လည်း စာရေးဆရာ ဖြစ်သည်၊ ဆရာအောင်မြင့်မိုး။

'ကိုင်း ခဏနားကြ။ ပြီးရင် ရေချိုး၊ ဟောပြောပွဲ စောစောစနိုင်အောင်'

ကျွန်တော်တို့လေးယောက်ကတော့ မြောက်ဘက်မြင်းများနှင့် တူနေလောက်သည်။

စာကိုး

ဇာတိနွယ် (ရသစာတမ်း) – မြသန်းတင့်

ချင်းတွင်းမြင်သာ၊ မူးရော – ဒေါက်တာတိုးလှ

*Idea* ၂၀၀၃၊ ဖေဖော်ဝါရီလ

www.burmeseclassic.com

www.burmeseclassic.com

## နေဝင်းမြင့် နှစ်ယောက်

'မောင်လူအေး ပြည်ရွှေဘိုသို့ရောက်စက လယ်ဝန်ဦးညိုတို့ သစ်တောဝန်ထောက် ဦးရုတ်ကွင်းတို့ ဂေါက်သီးရိုက် ကစားကြသည်ကို အားကျသော ကြောင့်တစ်ကြောင်း၊ သူတကာက စကားစပ်မိ၍ အညောင်းပြေ၊ အညာပြေ ညနေရုံးကပြန်လျှင် မည်သည့်ကစားနည်းမျိုးကို ကစားပါသလဲဟုမေးလျှင် ဂေါက်သီးကစားပါသည်ဟု ဟန်လုပ်ကာဖြေနိုင်ရန်လည်း တစ်ကြောင်း၊ ဤ အကြောင်း နှစ်ကြောင်းကိုထောက်၍ မောင်လူအေးသည် ဂေါက်သီးရိုက်ရန် တုတ်ကောက်တစ်စုံနှင့် ဂေါက်သီးခြောက်လုံးတို့ကို အကြွေးရ၍ ဝယ်ယူလိုက် လေသတည်း'

သိပ္ပံမောင်ဝ၏ ဂေါက်သီးကို ဖတ်ရတိုင်း ကျွန်တော်သည် စိမ်းလန်းသော သစ်တောအုပ်အုပ်ကို လွမ်းမိတတ်သည်။ ကျွန်တော့်အသက် ငါးဆယ်မှာ ရွာမှာနေခဲ့သော ကလေးဘဝ ဆယ်နှစ်ကို နုတ်လျှင် အနှစ် ၄၀ ကျန်သည်။ ထိုအနှစ် ၄၀ မှာ ၃၅ နှစ်သော အချိန်ကာလသည် ဂေါက်ကွင်းတစ်ကွင်းထဲမှာ ကျွန်တော်နေခဲ့သည့်အချိန်ဟု ဆိုချင်ပါသည်။ ဂေါက်ကွင်းနှင့် ၃၅ နှစ် ထိတွေ့ခဲ့ရသော ကျွန်တော့်အဖို့ ဂေါက်ကွင်းကို လွမ်းတာ လွမ်းကောင်းသည်ဟု ထင်ပါသည်။

ထိုစဉ်က ကျွန်တော်နေထိုင်ရာ အလုပ်သမားတန်းလျားက ထွက်လိုက်လျှင်ပင် မြို့ပတ်ရထားသံလမ်းကို ဒုတ်ဒုတ်ထိတိုးသည်။ သံလမ်းကို ကျော်လျှင် ကပ်လျက်မှာ မြို့ပတ်ဘူတာရုံကလေးရှိမည်။ ဘူတာရုံကလေးထဲကို ဝင်ပြီးမှ ဘူတာရုံအနောက်ဘက်ကိုထွက်သော လမ်းတိုကလေးကို ရောက်မည်။ သည်ကမှ ကိုက်အနည်းငယ်လျှောက်ရုံဖြင့် ဂေါက်ကွင်း၏ အဝင်ဝဂိတ်ဖြစ်သော သံခုံး





ဆိုင်းဘုတ်ကြီးကို တွေ့နိုင်သည်။ သံခုံးဆိုင်းဘုတ်က ရန်ကုန်ဂေါက်ကွင်းဟု အဓိပ္ပာယ်ရသော အင်္ဂလိပ်စာလုံးတွေကို ကွေးဝိုက်ထားခြင်းဖြစ်သည်။ သည် ဆိုင်းဘုတ်အောက်က လျှောက်လာလျှင် ခရေပင်တွေ တန်းစီနေသည့် ခရေပင် တန်းကလေးတွေ့နိုင်သည်။ နောက်ဆုံး ခရေပင်ကလေးဆုံးသည်နှင့် လမ်းသည် အတွင်းသို့ ကွေ့ရှိုးသွားကာ ကလပ်အဆောက်အဦး (Club House) မှာ ဆုံးသည်။

ကလပ်ဟောက်စ်ရှေ့မှာတော့ ပန်းခြံခပ်ကျယ်ကျယ်လေးရှိသည်။ သည်ပန်းခြံက ခပ်ဝိုင်းဝိုင်းကလေးဖြစ်ပြီး ခရာဝါချုံများက ဝင်းခတ်ထားသလို ဖြစ်နေသည်။ အတွင်းမှာတော့ စိမ်းလန်းသော ဂရင်း (Green) ငယ်တစ်ကွင်း ရှိသည်။ သည်ဂရင်းက သီးသန့်ကျင်းစိမ်လေ့ကျင့်နိုင်သည့် ဂရင်း (Putting Green) ဖြစ်သည်။ သည်ဂေါက်ကွင်းကို ရောက်လာကြသူများမှာ များသောအားဖြင့် ဂေါက်သီးလေ့ကျင့်သူများ ရှိတတ်သော်လည်း သည်ပန်းခြံထဲမှာ ကျင်းစိမ် ကျင့်တာကိုတော့ မြင်ရခဲပါသည်။ ထိုအခါ ပန်းခြံကွင်းငယ်သည် ဂေါက်အိတ် ထမ်းသူများ (Caddies) နားနေရာ၊ သန်းရှာရာ၊ ဘိုမျှော်ရာ (ဂေါက်သီးရိုက်မည့် ဆရာများကို အိတ်လွယ်သူများက ဘိုဟု ခေါ်လေ့ရှိကြပါသည်) နေရာဖြစ်ရတော့ သည်။ လျှာထိုးဦးထုပ် ဆောင်းထားကြသည့် ယောကျာ်း၊ မိန်းမ ကြီးကြီး ငယ်ငယ်တို့ကို ဂေါက်သီးရိုက် ထီးတစ်လက်စီဖြင့် သည်နားမှာ တွေ့ရမြဲ။ စင်စစ် ဘိုဟုခေါ်ကြသော်လည်း မြန်မာတွေလည်း ပါသည်။ နိုင်ငံခြားသားများလည်း ပါသည်။ သို့သော် သူတို့ အချင်းချင်းတွေ့ကြမှ 'ညည်းဘို မလာဘူးလား။ ငါ့ဘိုတော့ ရောက်ပြီ' စသဖြင့် ကွယ်ရာမှာ ခေါ်ကြ ပြောကြတာမျိုးဖြစ်သည်။ ရှေ့မှာတော့ 'ဆရာ' လို့ ခေါ်ကြတာပါပဲ။ ဤသို့ဖြင့် ပခုံးပေါ်မှာ တဘက် သေးသေးတစ်ထည်တင်ကာ ကြီးမားသော ဂေါက်အိတ်ကြီးကို လွယ်လျက် ၁၈ ကျင်းရှိသော ကိုက်ပေါင်း ထောင်ချီနေသည့် ကွင်းကြီးကို ပတ်ရတော့ သည်။ သူသည် ဂေါက်အိတ်ထမ်းသူ သက်သက် မဟုတ်ပါ။ သူ့ဆရာက တိုင်ပင်လျှင် မည်သည့်တုတ်နံပါတ်ကိုသုံး။ ရိုက်အား ဘယ်လောက်ထည့်၊ လေတိုက်နေတာ သတိထား။ သဲကျင်းထဲကျမယ် သတိထား။ 'ပါ' (Par) ရအောင် ရိုက်၊ ရုပ်ဖိထဲ (မြက်ကြမ်း) ထဲ မကျစေနဲ့။ ဂရင်းပေါ်ရောက် အောင် အွန် (On) တော့ စသည်ဖြင့် အကြံပေးနိုင်သည်။

ကျွန်တော်နှင့် ဂေါက်ကွင်း၏ ဆက်ဆံရေးကတော့ ဂေါက်အိတ် ထမ်းခြင်းနှင့် မဆိုင်ပါ။ ကျွန်တော်က ဆိုင်းဘုတ်ရေးသူသာဖြစ်သည်။ အနီးက ဂေါ်ရုံမှာ ဝန်ထမ်းလုပ်ရင်း ဆိုင်းဘုတ်ရေးရသည့်အလုပ်ကလေးတွေ ကျွန်တော့် ထို့ ရတတ်သည်။ ကျွန်တော်တို့ဆိုသည်မှာ ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို ဆိုလိုပါသည်။ ဤသို့အားဖြင့် ဂေါက်ကွင်းသည် ကျွန်တော့်အတွက် ဝင်ခလုတ်၊ ထွက်ခလုတ်နေရာထိုင်ခင်းတစ်ခုဖြစ်လာသည်။ ဆိုင်းဘုတ်ဆိုတာကလည်း ဂေါက်ကွင်းကြီးတစ်ခုထဲမှာ မရေမတွက်နိုင်အောင် များသည်။ ဂေါက်ကွင်းတစ်ပတ်လည်ရှိန်မတိုင်မီမှာပင် တစ်နှစ်ပြည့်သွားတတ်ပြီး အရင်ဆုံးရေးခဲ့သည့် ဆိုင်းဘုတ်တွေက မှိန်ကြပြန်ပြီ။

'သည်မယ် ကိုပန်းချီတို့၊ တီခုံတိုင်းမှာ တီခုံနံပါတ်ရေးမယ်။ (Par) ပါနံပါတ်ရေးမယ်။ တီခုံနံပါတ် ရေးမယ်။ တစ်ကျင်းနဲ့ တစ်ကျင်းအကွာအဝေးကိုက်နံပါတ်ရေးမယ်။ ၁၈ ကျင်းစလုံး ရေးမယ်။ ဈေးနှုန်းတင်ပါ'

ကလပ်မန်နေဂျာက သည်လိုပြောလိုက်ခြင်းသည်ပင် အလုပ်ရလိုက်ခြင်းဖြစ်သည်။ သဘော်ဆေး၊ စုတ်တံနှင့် လိုအပ်သမျှဝယ်ရန် ကြိုတင်ငွေထုတ်ပြီး တစ်ကျင်းပြီးတစ်ကျင်း၊ တစ်ခုံပြီး တစ်ခုံလိုက်ရေးရသည်။ တီခုံတွေပေါ်မှာ ကျောက်ပြားဆိုင်းဘုတ်ကလေးတွေ စိုက်ပြီးသား။ များသောအားဖြင့်တော့ အောက်ခံစာလုံးတွေကို ဘရပ်ရှ်ကြမ်း၊ ကော်ပတ်ကြမ်းဖြင့် စားပစ်ပြီး အောက်ခံဆေးတွေ တစ်ပတ် လိုက်သုတ်ရသည်။ နောက်တစ်နေ့တွင်မှ ကျွန်တော်က စာလုံးရှာ၊ ကျွန်တော့် သူငယ်ချင်းက ဆေးထည့်၊ ပထမတီခုံမှာ ရေးပြီးသည်နှင့် မန်နေဂျာကြီးကို အကြောင်းကြားရသည်။ ဒီတော့ ပထမတီခုံကို လက်စွမ်းကောင်းကောင်း ပြရလေသည်။

'ကျင်းတိုင်းစာလုံးပုံစံတွေ တစ်ပုံစံတည်းဖြစ်ပါစေဗျာ၊ ကျွန်တော်ကတော့ ကြိုက်ပါတယ်။ ဆေးကောင်းတော့ သုံးကြပါဗျာ'

ဒါပါပဲ။ ကျန်သည့် ၁၇ ကျင်းမှာ လွယ်သွားပြီ။ ဖလင်ကော်ပြားမှာ ဖောက်ထားသော အင်္ဂလိပ်အက္ခရာတွေ၊ အင်္ဂလိပ်ဂဏန်းတွေကို တီခုံကျောက်ပြားတွေပေါ် ထပ်ပြီး ခဲဆွဲ၊ ဆေးသွင်း။ သို့သော် ဒါကလည်း တစ်ပတ်လောက်ကြာသည်။ နေ့လယ်ဘက် မိခင်အလုပ်တွေကို ပြတ်အောင်လုပ်ထားခဲ့ပြီး ဂေါက်ကွင်းထဲကို ရောက်အောင် ပြေးရတာတွေက အခုတော့ လွမ်းစရာ ကောင်းနေသည်။ ဂေါက်ကွင်းကတော့ နွေနွေ မိုးမိုး ဆောင်းဆောင်း စိမ်းလန်းရှင်းသန့်သော အလှနှင့် လန်းဆန်းခြင်းကို ပေးမြဲဖြစ်သည်။ တီခုံကျောက်ပြားတွေ ပေါ်မှာမှ မဟုတ်ပါ။ တီခုံပေါ်မှာ ရေးရတာမျိုးက ကျွန်တော်တို့က လိုက်ရေးရခြင်း (လူက ရွှေ့ရခြင်း) ဖြစ်၍ ဖြုတ်တပ်လို့ရသော ဆိုင်းဘုတ်ကလေးတွေကတော့ လိုက်ဖြုတ်ပြီး ပန်းချီခန်းထဲကို သယ်မလာရသည်။ နဂိုစာဟောင်းကို စာအုပ်ထဲမှာ ထည့်မှတ်ထားရသေးသည်။ နဂိုစိုက်ထူထားသော နေရာကို အညွှန်းနှင့်တကွ မှတ်ထားရသေးသည်။ စာလုံးအရောင်နှင့် အောက်ခံကိုလည်း မှတ်ထား





သေးသည်။ စာလုံး Size ကိုလည်း အကြမ်းလောက်တော့ မှတ်ထားရသေးသည်။ တချို့ စည်းကမ်းချက်တွေက သိပ်ကြာကြာ အချိန်ဆွဲထားလို့မရ။ ခပ်မြန်မြန်ရေး၊ ခပ်မြန်မြန် ထောင်ရသည်။ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာ ဆိုင်းဘုတ်တွေလည်း ရှိသေးသည်။ အင်္ဂလိပ်သက်သက် ဆိုင်းဘုတ်တွေလည်း ရှိသည်။

'ခင်ဗျားတို့ အဲဒါတွေ မြန်မြန်ဖြုတ်ဗျာ၊ ကလပ်ဟောက်စ်ထဲက ဆိုင်းဘုတ်တွေ စာလုံးပြန်ထပ်ရအောင်၊ Hole in One တွေက စဗျာ၊ မနှစ်က ဆုချိတ်တဲ့လူတွေကလည်း ဘုတ်ပေါ်မှာ နာမည်မတွေ့သေးလို့ ကောနေကြတယ်။ မြန်မြန်လုပ်ကြပါဗျာ'

တကယ်တော့ ကလပ်ဟောက်စ်ထဲမှာ ပေါလစ်ရှိအရောင်တင်ထားသည့် နံရံကပ်ဆိုင်းဘုတ်ကြီးတွေရှိသည်။ တစ်နှစ်အတွင်း ကျင်းပသော ပြိုင်ပွဲများမှ ပထမချိတ်သူများကို သူ့ဆိုင်းဘုတ်နှင့်သူ လိုက်ဖြည့်ရခြင်းဖြစ်ပါသည်။ တချို့ ဂေါက်ရိုက်သူများကတော့ သူတို့နာမည်မြန်မြန်ဘုတ်ပေါ်ရောက်ဖို့ ပန်းချီဆရာက အခရာကျမှန်းသိကြပုံပေါ်ပါသည်။ ခေါက်ဆွဲနှင့် ဘီယာများ ကြားခံတစ်ယောက်ယောက်က တစ်ဆင့် ရောက်လာတတ်သည်။ တချို့ကတော့ ကျွန်တော်တို့ ပန်းချီပြခန်းရောက်လာတတ်ကာ ခါးထောက်ပြီး ကြိမ်းတာများလည်းရှိသည်။

'မင်းတို့မရေးရင် ပန်းချီဆရာတစ်ယောက် ငါ ခေါ်ခဲ့မယ်၊ ငါ့နာမည် ဘုတ်ပေါ် မနက်ဖြန်မှ မရောက်ရင် အက်ဒမင်ကို ငါစာတင်မယ်'

တချို့ကတော့ ပိုဆိုးသည်။ ပန်းချီရေးတဲ့ကောင်တွေ သွားခေါ်စမ်းဆိုပြီး ဘာမဆိုင် ညာမဆိုင် ခေါ်ကြိမ်းသူတွေဖြစ်သည်။ ကျွန်တော်တို့ကို ကလပ်ဝန်ထမ်းများမှတ်ပြီး ကြိမ်းတာလည်းဖြစ်နိုင်သည်။ ကျွန်တော်တို့က ပြန်ပြောလို့လည်း မဖြစ်တော့ ငြိမ်ကုပ်နေလိုက်ရ၊ တချို့ကတော့ လာလာ မေးရတာကပင် သနားစရာ ကောင်းလှသည်။

'တင်ချင်တိုင်း မရဘူးလေ ဆရာ၊ ဆရာလည်း ဂေါက်သီးရိုက်နေတာပဲ၊ ဆရာက တစ်ချက်တည်း ကျင်းဝင်ခဲ့တာ မှန်ပါတယ်။ ဒါကို ဆရာနဲ့အတူ တွဲကစားခဲ့ကြတဲ့ သက်သေ ကစားဖော်တွေရဲ့ ထောက်ခံချက်နဲ့ ဘယ်နေ့က ဘယ်ကျင်းမှာ ဘယ်တုတ်နဲ့ ရိုက်လို့ဝင်ပါတယ်ဆိုတာ Council ကို တင်ထားတယ်မဟုတ်လား။ Council Meeting က ခွင့်ပြုသည်ဆိုတာက ကျလာတော့မှ ကျွန်တော်တို့က ရေးရတာ ဆရာလည်း သိသားပဲ'

တစ်ခါတစ်ခါ ကျွန်တော်တို့၏ နှောင့်နှေးကြန့်ကြာတာတွေလည်း ရှိသည်။ သို့သော် ကွင်းထဲမှာ လိုက်ရေးနေသည့်အခါ ကလပ်ဟောက်စ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မရေးဖြစ်တာတွေရှိသည်။ တစ်ခါတလေ ကွင်းထဲမှာ တစ်လလောက်ကြာသည် များပင် ရှိသည်။ ဘုတ်ပေါ် အတင်ခံရမည့် ချန်ပီယံက ကျွန်တော်တို့နှင့် ခင်မင် ရင်းနှီးသူဆိုလျှင် ကျွန်တော်တို့က နောက်တတ်စမြဲ။

' 'Art is embeded in nature ; he who can extract it, has it' လို့ ဆိုတာပဲ။ ပန်းချီဆိုတာ သဘာဝတရားကြီးထဲ စွဲခိုင်နေတာဆရာရဲ့။ ဆွဲထုတ်နိုင်တဲ့သူ ရတာပဲတဲ့'

ထိုအခါ ဘီယာပုလင်းများ ရောက်လာတတ်သည်။ ဂေါက်ကွင်းမှာ တုန်းက ကျွန်တော်တို့ ပန်းချီရေးတာကို လာငေးနေတတ်သော ကလေးတစ် ယောက်ရှိသည်။ တကယ်တော့ ဂေါက်သီးလာရိုက်သော ရှစ်တန်းကျောင်းသား အရွယ် ကလေးတစ်ယောက်ဆိုမှ မှန်မည်။ ကျွန်တော်တို့ ဆေးကြိမ်သုတ်တာ၊ စာလုံးချောတာ၊ ဆေးသွင်းတာတွေကို အားသည့်အခါမှာ လာကြည့်လေ့ရှိသည်။ Practice Range မှာ ဂေါက်သီးတွေကို တစ်ပုံတစ်ပင် ချထားကာ အဝေးရိုက် ကျင့်ရင်း ကျွန်တော်တို့ထံ ရောက်လာခြင်းဖြစ်သည်။

'အစ်ကိုတို့ကို Waiter တွေ ဘီယာနဲ့ စားစရာ လာပို့လိမ့်မယ်။ ကျွန် တော် မှာခဲ့တယ်။ နောက်နေ့တွေလည်း ကျွန်တော့် Bill မှာ မှတ်ပြီးစားကြ အစ်ကိုတို့ရာ'

သည် ကျေးဇူးရှင်ကလေး၏ ကျေးဇူးကြောင့် ကြိုက်ရာ မှာစားခွင့် ရလာခဲ့သည်။ ထိုကလေးက နောင်မှာ စီးပွားရေးလုပ်ငန်းရှင်ကြီး ဖြစ်လာတော့ လည်း ခေါ်တွေ့တတ်သည်။

နောက်ထပ် သံယောဇဉ်ကြီးရသူများမှာတော့ မြန်မာ့လက်ရွေးစင် အကျော်အမော်များဖြစ်သည့် ကိုနေဝင်းမြင့်၊ ကိုစိုးမြင့်လေး၊ ကိုစိုးကျော်နိုင်၊ ကိုဝင်းနိုင်ထွန်း စသူတို့ဖြစ်သည်။ ကိုနေဝင်းမြင့်က မဂ္ဂဇင်းတွေမှာ ရေးပို့ထားသည့် ကျွန်တော့် ဝတ္ထုတိုနာမည်တွေ ကြိုမေးပြီး ဆောက်လုပ်ရေးရုံးချုပ်က စာဖတ် ဝါသနာပါသူ သူ့မိတ်ဆွေဝန်ထမ်းတွေကို ကြိုပြောထားနှင့်သည်။ ဝတ္ထုတွေက တကယ်ပါလာတော့ တကယ် သူရေးတာလို့ ထင်ကြသည်။ သူကတော့ ခပ်တည် တည်။ ကျွန်တော်နှင့် ဂေါက်ကွင်းထဲမှာ တွေ့တိုင်း 'ဟေ့ လူကြီး ဘာတွေ ရေးထားသေးလဲ ပြောထားဦး။ ရုံးချုပ်က ကျွန်တော် ရေးတယ်လို့ ယုံနေကြပြီ' လို့ ပြောတတ်သည်။ ကျွန်တော့်မှာလည်း ပြောင်းပြန်အားဖြင့် အဲသလို ကြုံရ တတ်ပါသည်။ တစ်ခါက ကျွန်တော် ဝန်ထမ်းဘဝ ရုံးချုပ်က တာဝန်ကြီးကြီး ရှိသူက စက်ရုံးမှူးမှတစ်ဆင့် ကျွန်တော့်ထံ ဖုန်းဆက်သည်။ ကျွန်တော့်ရာထူးက အငယ်ဆုံး၊ သူ့ရာထူးက အကြီးဆုံး။





'မင်း ဂေါက်သီးနဲ့ မြန်မာ့လက်ရွေးစင်ပါလာတာ ဖတ်လိုက်ရတယ်။ မင်း ဂေါက်သီးရိုက်မှန်း ငါ မသိပါလား။ ကြိုးစားကွာ၊ ငါ့တပည့်။ နိုင်ငံ့ဂုဏ် ဆောင်နိုင်ပစေဟေ့'

ဂေါက်ကွင်းထဲမှာ စာလုံးရေးစားရသည့် ကျွန်တော့်အဖို့ ဂေါက်သီးနှင့် နိုင်ငံ့ဂုဏ်မဆောင်ခဲ့ရတာကိုပဲ ဝမ်းနည်းနေရတော့သည်။ တကယ်တော့ ကျွန် တော့် ဆရာခမျာ ဂေါက်သီး ကိုနေဝင်းမြင့်နှင့် မှားခြင်းဖြစ်ကာ ထိုမှားယွင်းခြင်း ကိုပဲ ဂုဏ်ယူနေသူဖြစ်ရာ ကျွန်တော့်မှာ မငြင်းသာတော့ဘဲ ဟုတ်ကဲ့ပါဆရာ လုပ်လိုက်ရသည်။ သူနှင့် ကျွန်တော့်ဇာတ်လမ်းက မပြီးသေးဘဲ ထူးဆန်းသော အဖြစ်တစ်ခု ဖြစ်ခဲ့ရသေးသည်။ သူနှင့် ကျွန်တော် ထိုဂေါက်ကွင်းကလေးက ဝေးခဲ့ရတာ ကြာပြီ။ ဆယ်နှစ်ကျော်ပြီ ထင်ပါ၏။ အခုတော့ သူလည်း မန္တလေးမှာ၊ ကျွန်တော်ကလည်း မန္တလေးမှာ။ ဒါပေမယ့် သူ့အခြေအနေ ကိုယ့်အခြေအနေ ကြောင့် တစ်ခါလားပဲ ထန်းရိပ်ညှိမှာ ဆုံခဲ့ရသည်။ ထူးဆန်းသော အဖြစ်ဆိုတာ တခြားမဟုတ်ပါ။ ဂေါက်သီးကျော် ကိုနေဝင်းမြင့်၏ ဇနီးက မန္တလေးမှာ ရင်သွေး ကလေး ဖွားမြင်သည်။ သည်အကြောင်းကို ဝမ်းသာအားရ ဆုမွန်ကောင်းတောင်း သည့် ကြော်ငြာတွေ မန္တလေးသတင်းစာတွေမှာ ပါခဲ့သည်။ မိခင်နှင့် ကလေး ကျန်းမာပါစေကြောင်း ဆုတောင်းသည့် ကြော်ငြာတွေ သည်လိုပါလာတာကို ရန်ကုန်မဂ္ဂဇင်းတစ်စောင်က ကျွန်တော်ဟုထင်ကာ (မေတ္တာအရင်းခံဖြင့် ဝမ်း မြောက်ဝမ်းသာ ဖော်ပြခြင်းဖြစ်ကြောင်း ကျွန်တော် ယုံကြည်ပါသည်) သတင်းစာပါ သတင်းကို ကူးယူပြီး မဂ္ဂဇင်းသတင်းကဏ္ဍတွေမှာ ဖော်ပြသည်။ သည်လောက်ထိ ကိစ္စမရှိ။ သတင်းဘေးမှာ ကျွန်တော့်ဓာတ်ပုံကို ထည့်လိုက်သည့်အခါမှာတော့ ဗိုတ်မကောင်းစရာတွေ ဖြစ်ရတော့သည်။

ကျွန်တော်ကလည်း သူများပြောမှ သိရတော့သည်၊ ကျွန်တော် တောင်းပန် ရအောင်လည်း ကျွန်တော့်ပယောဂပါတာ မဟုတ်၊ ဖော်ပြသည့် မဂ္ဂဇင်းကလည်း လှမ်းတောင်းပန်ပါသည်။ အမှားခံရတာချင်း အတူတူ ဂေါက်သီး ကိုနေဝင်းမြင့် မိသားစုမှာ နှစ်နာနေမှန်းသိသော်လည်း သူ့ကို ဘယ်ရှာလို့ ရှာရမှန်းမသိ၊ နောင်မှာ သူတို့မိသားစုက သည်ကိစ္စမှာ စေတနာဖြင့် သဘောရိုးမှားယွင်း မှန်းသိသဖြင့် ခွင့်လွှတ်ကြောင်းကြားသိရလို့ ဝမ်းသာရသည်။ သို့သော် အမြဲတမ်း ဟာသဖြင့် နေတတ်သူ ကိုနေဝင်းမြင့်က စကားတစ်ခွန်းတော့ ပြောသွားသည် ဆို၏။

'ဖြစ်ရလေဗျာ သည်ကုလားကြီးနဲ့မှ မှားရတယ်လို့'

သည်စကားကြားတော့ ကျွန်တော် ပြုံးမိပါသည်။ အရင်က သူနှင့် ကျွန်တော် ဂေါက်ကွင်းထဲမှာ ဆုံလျှင် သူက 'ခင်ဗျား ဂေါက်သီးရိုက်တော့ဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဝတ္ထုရေးမယ်' ဟု အမြဲပြောတတ်သူဖြစ်သည်။ ကျွန်တော့်ဘဝမှာ ဂေါက်သီးရိုက်တယ်နော်လို့ အမေးခံရတာတွေ များလာတော့ သူ့ခများလည်း ဝတ္ထုရေးနေတာတွေ ဖတ်ရတယ်လို့ ဆိုကြသူတွေ ရှိလိမ့်မည်။

Sports Channel များမှာ သစ်တောစိမ်းစိမ်း ဂေါက်ကွင်းတစ်ကွင်းကွင်းကို မြင်ရတိုင်း ဘဝအဆစ်အချိုးကို ကျွန်တော် သတိရတတ်သည်။ Score Board မှာ ခပ်လောလော နာမည်တင်ချင်သူတွေကို သတိရသည်။ ရှားရှားပါးပါး တစ်ချက်တည်း ကျင်းဝင်ခဲ့ကြသော Hole in One ဆရာတွေကို သတိရသည်။ ကိုနေဝင်းမြင့်လို သဘောမနောကောင်းသော မိတ်ဆွေများကို သတိရသည်။ ကလပ်စားသောက်ဆိုင်မှာ ခေါက်ဆွဲတစ်ပွဲဝယ်လျှင် နှစ်ပွဲစာ (သူငယ်ချင်းနှစ်ယောက်စာ) ကျွေးပေးတတ်သော ဘကြီးချစ်လှိုင်ကို သတိရသည်။ ပန်းချီရေးခထုတ်တိုင်း မေရှင်၏ ချစ်ရေစင်ဆိုပြနိုင်းပြီး သီချင်းသင်တတ်သော မမလေးကို သတိရသည်။

ဆရာမောင်စူးစမ်း၏ ဂေါက်အကျိုးဆယ်ပါး ဆောင်းပါးကို ဖတ်လိုက်ရပါသည်။ ကမ္ဘာလောက၏ အစစ်အမှန်အတိဒုက္ခများ၊ အာဃာတများ၊ ရန်လိုမှုများ၊ အနိုင်ကျင့်မှုများ၊ ပက်စက်ခြင်း၊ ရက်စက်ခြင်းနှင့် မက်စက်ခြင်းများကို အရုပ်အဖြစ်၊ အသံအဖြစ် ကြားရဖန်များလာသည့်အခါ ထိုသတင်းတင်ပြမှုများမှ ဝေးသော ချယ်နယ်လ်ကို ရှာကြတော့သည်။ Remote Control ကို နှိပ်ရုံဖြင့် စစ်ပွဲများ၊ သတ်ကွင်းများ ပျောက်သွားပြီး စိမ်းလန်းသော သစ်တောအုပ်ပေါ် လာသည်။ ဂေါက်ဒူး၊ ဂေါက်ဆက်၊ ဂေါက်ရှတ်၊ ဂေါက်သီး၊ ဂေါက်တံများ၊ ရောင်စုံထီးများ၊ အံဝေးသစ်တောစိမ်းများ၊ မြက်ကြမ်းမြက်နု မြက်မျှင်၊ သဲကျင်း၊ ကျင်းတိုင်၊ အလံဝါများ။ ဂေါက်ကွင်းထဲမှာ အကြမ်းဖက်ခြင်းမရှိ၊ အာဃာတမရှိ။ သီးသန့်အရသာ ရှိသည်။ ဂေါက်ကွင်းမှာ ဘာသာရေးမရှိ၊ ဂါထာမန္တန်မပါ။ ဂေါက်ပွဲတွင် မနေ့က ကိစ္စမရှိ၊ အနာဂတ်အတိတ်ဟောင်းကို ချေဖျက်လေ့ရှိသည်။ ဂေါက်ကွင်းတွင် ကစားနေစဉ်အတွင်း တောက်ပသော တိတ်ဆိတ်မှုရှိပြီး ကျင်းဝင်လျှင် အားပေးသော လက်ခုပ်သံသာရှိသည်။ ဂေါက်ကွင်းတွင် ထွေပြားသော အားကစားဝတ်စုံကို လွတ်လပ်စွာ ဝတ်နိုင်သည်။ ဂေါက်ကွင်းတွင် ကိုယ့်ကြောင့် လန်သွားသော မြေစာဖတ်ကို ကိုယ်ပြန်ဖာတာမျိုးကအစ ဖြစ်ပျက်သမျှ ကိုယ့်ကိစ္စသာဖြစ်သည်။ သူတစ်ပါးကို အပြစ်တင်စရာအကြောင်းမရှိ။ ဂေါက်ချယ်နယ်လ်တွင် ဖြေရှင်းသည့်နည်းမှာ Fairway Condos နှင့် The Right of Return တို့သာဖြစ်သည်။ စည်းမျဉ်း စည်းကမ်းအတိုင်း တိတိကျကျရှိသော ထုတ်လွှင့်မှုသာရှိသည်။ မလိမ့်တပတ်မရှိ၊ ဂေါက်ရိုက်ခြင်းသည် မိမိနှင့် သဘာဝ





တရား၊ မိမိနှင့် မိမိ ယှဉ်ပြိုင်ခြင်းသာရှိသည်။ အကောင်းဆုံးအားကစားသမားသည်ပင် အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ညှိနှိုင်းကြတာ မြင်ရလေ့ ရှိသည်။ အပြောင်းအလဲကို ကြောက်ခြင်းမရှိ။

ဆရာရေးပြတာ ဖတ်ရတော့မှ ဂေါက်ကွင်းထဲမှာ ၃၅ နှစ်တာမျှ ဆိုင်းဘုတ်ရေးစားလာသည့်နှစ်တွေကို အကုသိုလ်ကင်းသော 'ကုသိုလ်' နှစ်များအဖြစ် မြင်ယောင်လာသည်။ ဒါကြောင့်လည်း ဂေါက်သီးအားကစားကို မြင့်မြတ်သူတို့၏ အားကစားဆိုကြခြင်းပေလား။ နေဝင်းမြင့်နှစ်ယောက်အနက် ကျွန်တော်က ဝတ္ထုတွေ စာတွေရေးနေဆဲဖြစ်ပြီး ဂေါက် ကိုနေဝင်းမြင့်ကလည်း ဂေါက်ကွင်းထဲမှာပဲ ကျင်လည်နေဆဲဖြစ်ပုံရသည်။ သည်တစ်ခါ သူနှင့်တွေ့လျှင် ပြောရတော့မည်။ 'ခင်ဗျား ဝတ္ထုတွေ ရေးဗျာ၊ ကျွန်တော် ဂေါက်သီးရိုက်တော့မယ်' ဟူ၍ ဖြစ်သည်။ သို့သော် မဖြစ်နိုင်တော့ပါ။ ကျွန်တော့်မှာ သိပ္ပံမောင်ဝရေးသလို 'စိတ်အာရုံမှာ ဂေါက်သီးတွင် စိုက်မနေဘဲ ဦးသာဒုတ်ထံ ရောက်သွားသောကြောင့် ဂေါက်သီးကို ချက်ကောင်းမမှန်၊ မြေကြီးကို အားကုန်နှံ့လိုက်သောကြောင့်' ဆိုသည့် ပါရမီမျိုးသာရှိခြင်းကြောင့်ဖြစ်သည်။

*Idea* ၂၀၀၃၊ နိုဝင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

# မဲ

ကျွန်တော့်ဘဝတွင် ကံစမ်းမဲနှင့် အကျိုးမပေးခဲ့ဖူးပါ။ ကျွန်တော့် ဖြတ်သန်းမှုတွင် မဲပေါက်လို့ ဒါမှမဟုတ် အောင်ဘာလေဆွတ်ခူးလို့ စိတ်ချမ်းသာ ခဲ့ရသည်မရှိ။ ဒါကိုတော့ ကျွန်တော် ကောင်းကောင်းမှတ်မိပါသည်။ ကံစမ်းမဲ ဆိုသည့် စကားလုံးသည်ပင် ကံကို စမ်းသပ်ရခြင်းဟုဆိုလေရာ ကံကိုယ်၌က စမ်းသပ်လောက်စရာ ကိုယ်ခံအားမရှိတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ တစ်ခါတစ်ရံ ကံကြမ္မာကပဲဆိုပါစို့၊ ကျွန်တော့်ကို လှောင်ပြောင်နေလေသလား အောက်မေ့ရလောက်အောင် လွဲချော်ခဲ့သည်များလည်းရှိ၏။ စီးပွားရေးမဂ္ဂဇင်း တစ်အုပ်တွင် ကျွန်တော်အထိုင်ရေးနေစဉ်က ကုမ္ပဏီဖွင့်ပွဲ၊ ရှောင်းအား မြှင့်တင်ပွဲ၊ နှစ်ပတ်လည်ပွဲ၊ ဖိတ်စာနှင့်တကွ ကြွရောက်ပါရန်လို့ ရေးထားသည့် သီးသန့်ပွဲများကို တာဝန်တစ်ရပ်လို တက်ရောက်သတင်းယူ ရေးသားရတာမျိုး ရှိခဲ့ဖူးသည်။ ထိုပွဲများတွင် ကြိုတင်စာရင်းယူကာ ကံစမ်းမဲဖောက်ပေးခြင်းမျိုး လည်း ကြုံရတတ်ပါသည်။ နှစ်ဆယ့်တစ်လက်မ ဆိုနီတီဗီကြီးက တစ်လုံး၊ ရေခဲသေတ္တာကြီးက တစ်လုံး၊ ပန်ကာက ဆယ်လုံး၊ ကက်ဆက်က ဆယ့်ငါးလုံး၊ နာရီက အလုံးနှစ်ဆယ် စသည်ဖြင့် ဝေဝေဆာဆာကြီး မဲဖောက်သော်မှ ကျွန်တော့်မှာ ကံဖွပ်ကံညား မရှိ။ ခြေလျော် လက်ချော်ပေါက်လိုက်သည်မရှိ၊ ကံကောင်း အကြောင်းလှလိုက်သည်မရှိ။ ဆယ်ခါရံ တစ်ခါရယ်လို့မရှိ။ သူသူ ငါငါ လူတကာတို့ မဲမဖောက် ကံမစမ်း ပါးတတ်သော လက်ဆောင်မျိုးက လွဲလျှင် မဲပေါက်လို့ ရလာတာရယ်လို့ အလျှင်းမရှိခဲ့သည့်အတွက် ကိုယ့်ကံကို ကိုယ်အကြောင်း ကောင်းကောင်းသိသူပီပီ မပေါက်လေခြင်းလည်း မရှိ၊ စိတ်ထဲ





မအိုးမအီသော်မှ မဖြစ်။ ကံစမ်းမဲပေါက်လို့ အလုံးလိုက် ထမ်းသွားသူတွေကို ကြည့်ကာ ဝမ်းသာရတာပဲရှိသည်။ တစ်ခါသော် ပရိုမိုးရှင်းပွဲတစ်ပွဲကို ကျွန်တော် မတက်ဖြစ်။ ကုမ္ပဏီက ဖိတ်ကြားထားသည့် ဖိတ်စာနံပါတ်များအရ မဲနှိုက်သည့် အခါ ကျွန်တော်မရှိဘဲ မျက်ကွယ်မှာ မဲပေါက်နေသည်ဆို၏။ မဲက ရွှေဆွဲကြိုး တစ်ကျပ်သား။ ထိုနေ့က ပွဲမတက်ဖြစ်ဘဲ ရွှေဆွဲကြိုးပေါက်သူ နောက်တစ်ဦးမှာ ဆရာဝင်းငြိမ်းဖြစ်သည်။

'ဆရာနေရော ဆရာငြိမ်းပါ မနေ့က ရွှေဆွဲကြိုး မဲပေါက်ကြတယ် ဆရာရေ၊ ဒါပေမယ့် စည်းကမ်းအရ ပွဲကိုလည်း တက်ရောက်သူလည်းဖြစ်ရမယ်၊ စင်ပေါ်တက်ရောက် လက်ခံသူလည်းဖြစ်ရမယ်ဆိုတော့ ဆရာတို့ကို ပေးလို့ မရ တော့ဘူး။ နောက်ပွဲတွေကျရင် တက်ပါဆရာ'

ဝမ်းသာစကားလား၊ ဝမ်းနည်းစကားလား၊ သတင်းပေးတာလား မသိ ရသည့် ထိုစကားလုံးများကို တယ်လီဖုန်းကတစ်ဆင့် ကြားလိုက်ရသည့်အခါ 'ဩော် မနေ့က ငါသွားလိုက်ရင် ရဦးမှာ' လို့ ကျွန်တော် မတွေးမိရိုးအမှန်ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သာ ပွဲတက်မိသည်ဆိုဦးတော့ သည်ပေါက်မဲ ကို ကျွန်တော် ရနိုင်စရာ အကြောင်းမရှိ။ အခုကိစ္စက ကျွန်တော် မရှိလို့သာ မျက်ကွယ်မှာပေါက်နေခြင်းဖြစ်သည်။ သည်အတိုင်းပင် ကျွန်တော် ယုံကြည်နေ မိလေသည်။

ကျွန်တော် စီးကရက်သောက်နေစဉ်က ကျွန်တော် နှစ်သက်စွာ သောက်လေ့ရှိသည့် စီးကရက်ကို တစ်ဘူး နှစ်ဘူးချင်း ဝယ်သောက်သည် မဟုတ်ဘဲ ဆယ်ဘူးပါ တစ်တောင့်လုံး ဝယ်ယူကာ သောက်တတ်ပါသည်။ တစ်ဘူးချင်း အချိန်မရွေး၊ နေရာမရွေး ဝယ်သောက်နိုင်သည့် အခြေအနေ မျိုးတွင် ဘာဖြစ်လို့ တစ်တောင့်လုံးဝယ်ရပါလိမ့်လို့ ကျွန်တော့်ကိုယ်ကျွန်တော် တစ်ခါတစ်ရံ မေးဖြစ်၊ တွေးဖြစ်သည့်အခါ အဖြေမှာ ရိုးရိုးကလေးသာဖြစ်သည်။ သည်ဆယ်ဘူးထဲက တစ်ဘူးမှာ ကံစမ်းမဲ သေချာပေါက်ပါနေခြင်းကြောင့်ဖြစ်ပါ သည်။ ထို အောင်ဘာလေမဲမှာ ထူးထူးဆန်းဆန်းမဟုတ်၊ များများစားစားလည်း မဟုတ်။ တစ်ရာကျပ်တန် ငွေစက္ကူတစ်ရွက်သာဖြစ်သည်။ သည်ဆယ်ဘူးထဲက တစ်ဘူးမှာ သည်ငွေတစ်ရာတန် တစ်ချပ်ပါမှန်း သိသော်လည်း ဘယ်ဘူးမှာ ပါသည်ကိုမူ သိရန် ခက်ပါသည်။ သေချာတာက ဆယ်ဘူးစလုံးသောက်ဖြစ်သွား ခြင်းဖြစ်၍ စီးကရက် အလိပ် ၂၀၀ သောက်ဖြစ်မှ ငွေကျပ် ၁၀၀ ပြန်ရသည့် အကျိုးအမြတ်သည် ရင်းစားမကိုက်မှန်း သိသည့်တိုင် စီးကရက်ဘူးတစ်ဘူး ဖွင့်လိုက်တိုင်း ငွေတစ်ရာတန်က သည်ဘူးထဲမှာပါလားလို့ မျှော်လင့်ရသည့်



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက်ကို ကျွန်တော် ဘာကြောင့်မှန်းမသိဘဲ စွဲလမ်းနေမိတာလည်း ဖြစ်ပါလိမ့်မည်။ ပေါက်မဲဖြစ်သည့် ကျပ်ငွေတစ်ရာကိုလည်း ကျွန်တော် မမက်။ သည်အတွက် ခံစားမှုကို ပြောပါဆိုလျှင် ခပ်ညံ့ညံ့စုံထောက်ဝတ္ထုတစ်ပုဒ်တွင် လူသတ်သမားကို ကြိုရိပ်မိထားရာမှ ဝတ္ထုပြီးသည့်အခါ ကိုယ့်ထင်ကြေးနှင့် ကိုက်လေသကောဆိုသည့် ခံစားမှုလောက်သာဖြစ်သည်။ တကယ်တော့ ဝယ်သူ့အပြုအမူ (Buyer's Behaviour)တွင် ယဉ်ကျေးမှုအကြောင်းခံများ၊ လူမှုရေးအကြောင်းခံများ၊ ပုဂ္ဂိုလ်ရေးအကြောင်းခံ များနှင့် စိတ်ပိုင်းဆိုင်ရာအကြောင်းခံများ (Psychological Factors) ရှိတတ်ပါသည်။ ကျွန်တော့်ရှုးသွပ်မှုက စိတ်ပိုင်းဆိုင်ရာအကြောင်းခံဖြစ်နိုင်သည်။

သည်အဖြစ်မျိုး ကျွန်တော်တို့အိမ်မှာ မနေ့တစ်နေ့ကပဲ ဖြစ်ခဲ့သေးသည်။ မိတ်ဆွေတစ်ဦး အိမ်လည်လာရင်းက ကျွန်တော်တို့အတွက် ကော်ဖီထုပ်များ လက်ဆောင်အဖြစ် ဆောင်ကြဉ်းလာခဲ့သည်။ ကော်ဖီထုပ်မှာ ဆယ်ထုပ်ပါ ကော်ဖီထုပ်များဖြစ်၍ နှစ်ထုပ်ဝယ်လာခဲ့ကြောင်း၊ အထူးကံစမ်းမဲပါပါကြောင်း ပြောပြရင်း Special Instant Win, Prize Inside Sachet ဆိုသည့် စာတန်းကိုပါ ပြနေသေးသည်။ ကျွန်တော်က ကော်ဖီထုပ်လက်ဆောင်အတွက် ကျေးဇူးတင်မိသော်လည်း ညွှသည်မိတ်ဆွေ ပြောနေပုံက ကော်ဖီထုပ်လက်ဆောင်ထက် ကံစမ်းမဲလက်ဆောင်လာပေးသလိုဖြစ်နေတာကို မအီမသာဖြစ်နေရသည်။ ကျွန်တော့်အိမ်သူကတော့ ကော်ဖီထုပ်တွေကို ကြောင်အိမ်ထဲထည့်ရင်း ကျေးဇူးတင်ကြောင်း ပြောနေသည်။ သည်ကော်ဖီထုပ်များကို ဖောက်သည့်နေ့ကစ၍ ကော်ဖီထုပ်အခွံများကို သေသေချာချာစစ်ဆေးခြင်း၊ သူမသိဘဲ ကော်ဖီမသောက်ရခြင်း၊ သောက်လျှင်လည်း အိတ်အတွင်းဘက်ကို ကြည့်စေခြင်း စသည့်စည်းကမ်းများ ထုတ်လာလေသည်။

'အိတ်တွေ လက်လွှတ်စပယ် လွှင့်မပစ်နဲ့နော်၊ အထဲလည်း သေသေချာချာ ကြည့်ဦး၊ မသေချာရင် သည်တောင်းထဲ ထည့်ထား၊ ဆုက ကျပ်ငွေသုံးသိန်းက စတာ၊ နှစ်ရာအထိ ပါတယ်။ သည်မှာ ရေးထားတယ် open up each sachet carefully to find out what attractive prize you have won တဲ့'

ဤသို့အားဖြင့် အထုပ်ကြီးနှစ်ထုပ်စလုံး (အထုပ်နှစ်ဆယ်) ကုန်သည့်အခါမှာတော့ တံဆိပ်ပုံကလေး အတွင်းမှာရိုက်ထားသည့် အခွံနှစ်ခုရလိုက်သည်။ သို့သော် စည်းကမ်းအရ တံဆိပ်ပုံကလေး သုံးခုရမှ အထုပ်ကလေးတစ်ထုပ် (တစ်ခါသောက်အထုပ်ကလေးတစ်ထုပ်) ရမည်ဖြစ်ရာ တစ်ခုလိုနေတော့သည်။ သည်တော့ အိမ်ရှင်မက ဆယ်ထုပ်ပါ အထုပ်ကြီးတစ်ထုပ်ဝယ်ချင်ကြောင်း၊





ဒါမှသာ လိုနေသည့် တစ်ခွံရနိုင်သည့်အပြင် ကံကောင်းလျှင် ဆုကြီးဝင်နိုင်ကြောင်း ပြောလေသည်။ ကျွန်တော်က မင်းသဘောပဲဟုသာ ပြောလိုက်ရလေသည်။ အိမ်ရှင်မက ဆယ်ထုပ်ပါ အထုပ်တစ်ထုပ် စတိုးဆိုင်က ပြေးဝယ်ကာ ကျွန်တော့်ကို ကော်ဖီတွေချည်း ဖျော်တိုက်သည်။ ထားပါတော့။ နောက်ဆုံးတော့ ရုပ်ပုံကလေးပါသည့် အခွံတစ်ခွံသာရလိုက်သည်။ စတိုးဆိုင်မှာ သွားလဲတော့ တစ်ခါသောက် အထုပ်ကလေးတစ်ထုပ်ပေးလိုက်သည်။ အထုပ်သုံးဆယ်သောက်ပြီးမှ အခမဲ့ တစ်ထုပ်ရတာပါပဲကလား။ Buy thirty, get one free ပေါ့။ ကျွန်တော်က 'အထုပ်သုံးဆယ်မှာ တစ်ထုပ်ဆိုတော့ ရာနိုင်နှုန်းနဲ့ တွက်ရင် three point something ဆိုတော့ ကံကလေးတော့ လိုက်လာပြီကွ' ဟု ကလိသည့်အခါ အိမ်ရှင်မက ပြုံးလေသည်။ တစ်အောင့်နေတော့မှ ကျုပ်ဟာကျုပ်ဆို ပေါက်ပါ့တော်၊ တော်ပါလို့ မပေါက်တာဟု ပက်လေသည်။

ကျွန်တော် မှတ်မိသလောက် ဟိုတက်တစ်ခေတ်တုန်းကလည်း ပဟေ၊ လလသသ၊ သမဝါယမစသည့် လူထုဆပ်ပလိုင်းများနှင့် ကြုံခဲ့ရသည်။ ဂွမ်းစောင်ကြီးတွေ၊ ခါတ်ဘူးကြီးတွေ၊ ဖလန်နယ်စတွေ၊ ရေဒီယိုတွေ၊ ဒန်အိုးဒန်ခွက်ကြီးတွေ ဆိုင်ဝချိတ်ပြထားသော်လည်း သွားရည်ကျရုံသာ။ ကျွန်တော်တို့မိသားစုတကယ်ပေါက်သည့်ပစ္စည်းမှာ သွားတိုက်ဆေး၊ အပ်ချည်လုံးနှင့် ဂလူးကိုစ်လောက်သာဖြစ်သည်။ လူပျိုကြီး ကိုအုန်းမြင့်က သရက်ထည်နှစ်ကွင်း မဲပေါက်၍ ဆေးဆရာကြီး ဘကြီးထွန်းက ချိုလိမ်ပါ နို့ပုလင်းမဲပေါက်တာလည်း မှတ်မိသည်။ အမေကတော့ သည်အကြောင်း စကားရောက်လျှင် 'ဟုတ်ပါရဲ့ကွယ်၊ ငါဖြင့် မှတ်မှတ်ရရ ဇာခြင်ထောင်လား ကောင်းကောင်းကန်းကန်း ပေါက်ဖူးတယ်' လို့ ပြောတတ်သည်။

ကျွန်တော် ဝန်ထမ်းဘဝက အတွေ့အကြုံကိုလည်း အမှတ်ရသည်။ သည်တုန်းက မဲကို အကြောင်းပြု၍ ပျော်ကြ၊ နောက်ကြ၊ စားကြ၊ သောက်ကြရသည့်အဖြစ်အပျက်ကလေးဖြစ်သည်။ ကျွန်တော်တို့စက်ရုံမှာ ဝန်ထမ်းခုနစ်ရာရှိသည်။ သည်ဝန်ထမ်းခုနစ်ရာကို တစ်ဦးလျှင် ဗီပါခွံတစ်လုံးစီ ရောင်းချပေးရန် စက်ရုံမှူးက တာဝန်ပေးလာသည့်အခါ ကျွန်တော်တို့ ပစ္စည်းထိန်းဌာနက ဗီပါခွံအကောင်းတွေချည်းစုရ၊ ဗီပါတွေမှာ နံပါတ်တွေရေးရ၊ မဲကျသည့် ဗီပါခွံကို ဝန်ထမ်းများ အလွယ်တကူကြည့်နိုင်၊ သယ်နိုင်ရန် စီစဉ်ပေးရသည်ဖြစ်၍ ကြိုတင်စီမံရတော့သည်။ ဗီပါခွံများကို တစ်မှ ခုနစ်ရာ စီထားရသည်။ မဲနှိုက်ရသည့်နေရာက ရုံးခန်းမှာ၊ ဗီပါခွံသွားကြည့်ရသည့်နေရာက စည်းရိုးခတ်ဝင်းကြီးထဲမှာ၊ သိပ်တော့လည်း မဝေးပါ။ ဝန်ထမ်းက ရုံးခန်းမှာ ဗီပါခွံဖိုးငွေချေကာ ဗီပါခွံပါတ်



www.burmeseclassic.com

www.burmeseclassic.com



မဲနိုက်ရသည်။ ဆိုပါစို့၊ ၄၂၃ ကျသည်ဆိုလျှင် စည်းရိုးခတ်ဝင်းကြီးထဲမှာ ၄၂၃ ကို သွားထုတ်ယူရခြင်းဖြစ်သည်။ ပီပါတွေက အကောင်းချည်းဆိုသော်လည်း လူ့သဘာဝအရ ကြေး (ကျိုး) များနိုင်သည့် ပြဿနာကို ကြိုတင်ကာကွယ်သည့် သဘောဖြင့် နံပါတ်စဉ်များထိုးကာ ကျသည့်နံပါတ်ရယူစေခြင်းဖြစ်သည်။ သည်တော့ ပီပါခွံ ခုနစ်ရာ၊ ဝန်ထမ်းခုနစ်ရာ။ သည်တော့ မရနိုင်စရာမရှိ။ ပီပါခွံ မကောင်းနိုင်စရာမရှိ။ သည်လို အခြေအနေမျိုးမှာ ကျွန်တော်တို့ဌာနက ပီပါခွံ အပိန်အချိုင့်တစ်လုံးကို သီးသန့်ရှာထားကာ အင်္ဂလိပ်ဂဏာန်း 46 လို့ သဘော်ဆေးဖြင့်ရေးကာ ပီပါခွံတွေကြားညှပ်ထားလိုက်သည်။ အကောင်းတွေကြားမှာ အဆိုးတကာ့အဆိုးဆုံးတစ်လုံး ရောက်နေသည့်သဘော။ ပြီးတော့ 46 တွေချည်း မဲလိပ်ခုနစ်ရာလိပ်ကာ သီးခြားခွက်ကြီးတစ်ခွက်ထဲ ထည့်ထားရသည်။ ဘယ်အလိပ်ကို နှိုက်နှိုက် 46 တွေချည်း။ ကျွန်တော့်တို့နှင့် ခင်မင်သော၊ စိတ်မဆိုးတတ်သော၊ ပြောမနာ၊ ဆိုမနာရှိသော ဝန်ထမ်းတစ်ယောက် ရုံးခန်းကို မဲလာနှိုက်လျှင် ကျွန်တော်တို့က 46 ချည်း လိပ်ထားသည့် ခွက်ကို ချပေးသည်။ သည်တော့လည်း 46 မဲပေါက်သည့်ပေါ့။ 46 ပေါက်သူက ပီပါခွံကို ဝင်းကြီးထဲ သွားထုတ်သည့်အခါ ပိန်ချိုင့်စုတ်ပြတ်နေသည့် ပီပါခွံကို တွေ့လာကာ မျက်စိမျက်နှာပျက်ပျက်နှင့် ပြန်ရောက်လာသည်။

'ဟာ ဟေ့ကောင်တွေ၊ ငါ့နယ် ကံဆိုးလိုက်ပုံကွာ။ ပီပါနံပါတ် 46 က ပိန်ချိုင့်နေလိုက်တာ၊ ဘယ်လိုမှ သုံးမဖြစ်ပါဘူးကွာ။ ငါလိုက်ကြည့်တာ သည်တစ်လုံးပဲ အဆိုးပါတာ။ ငါ့ကျမှ ဒါလာပေါက်နေတယ်ဟေ့ ဖြစ်ရပုံများ'

'ဟာ ဒါတော့ မဲနှိုက်တာပဲဗျာ၊ ပေါက်တာ ယူရမှာပေါ့။ အစားပေးလို့ ဘယ်ရပါ့မလဲ၊ သူများတွေလည်း မဲကျရာ ယူသွားကြရတဲ့ဟာကိုး'

'မင်းကြီးတော် သူများ ပီပါတွေက ကောင်းတာကိုးကွ'

'အေးလေဗျာ၊ ဒါတော့ ခင်ဗျားကံပဲ'

'ကံပဲတော့ မလုပ်နဲ့ကွာ ဟေ့ကောင်တွေ။ လုပ်ပါကွာ ပီပါတွေက မင်းတို့လက်ထဲရှိတာပါ။ တစ်လုံးတော့ ကောင်းတာလေး လဲပေးကြပါကွာ။ ငါ လက်ဖက်ရည်တိုက်မှာပါဟ'

'ပြဿနာပဲဗျာ၊ သူများတွေသိရင် ဘယ်ကောင်းမလဲ၊ ကျွန်တော်တို့က မျက်နှာလိုက်တယ်၊ ဖြစ်ကုန်လိမ့်မယ်၊ တစ်ခါ တို့ကိုလည်း လဲပေးရမယ်တို့ ဘာတို့ ဖြစ်လာဦးမယ်။ ကိုင်းပါဗျာ၊ ကိုယ်မဲကျတာပဲ ကိုယ်ယူသွားပါတော့'

'မလုပ်ကြပါနဲ့ကွာ၊ ငါကလည်း အာမချောင်ပါဘူးကွာ၊ စိတ်ချပါ'





သည်လို သည်နည်းသောက်ခဲ့ရသည့် လက်ဖက်ရည်ခွက်တွေ မနည်းပါ။ လက်ဖက်ရည်သောက်ပြီးမှ ပီပါခွံအကောင်းတစ်လုံးပေါ်မှာ 46 လို့ရေးပေးကာ ထုတ်ပေးလိုက်တော့ ကျေးဇူးတွေ တင်လွန်းလို့ ကျွန်တော်တို့ အနောက်အပြောင်ကို သိသွားကြတော့လည်း စိတ်မဆိုးကြ။ ဝန်ထမ်းဘဝမှာ အချင်းချင်း သည်လိုပဲ စခဲ့ကြ၊ နောက်ခဲ့ကြတာကိုပင် နောင်မှာ အမှတ်တရပြောစရာ၊ လွမ်းစရာ ဖြစ်ကြရသည်။ သို့သော် ပြန်စဉ်းစားကြည့်တော့ ပြဿနာရေလည် သွားလျှင် ရယ်စရာ၊ မောစရာ ဖြစ်ရသော်လည်း မရေလည်ခင်မှာတော့ စိတ်ဆင်းရဲရသည့် ကိစ္စဖြစ်သည်။ ပိန်ချိုင့်နေသည့် ပီပါခွံအမှတ် 46 ကို တွေ့ပြီးလျှင်ပြီးချင်း ရုံးခန်းထဲ ပြန်ရောက်လာသည့် မျက်နှာကို ကျွန်တော် မမေ့နိုင်။ အဆိုးတကာ့ အဆိုးပုံကြီးထဲက အဆိုးတစ်လုံးကို မဲပေါက်သည် ဆိုလျှင် သည်လောက် စိတ်ဆင်းရဲစရာ မရှိ။ အခုတော့ အကောင်း ၆၉၉ လုံးရှိနေသည့်အထဲက တစ်လုံးတည်းသော အဆိုးကိုမှ မဲပေါက်ရလေခြင်း ဆိုသည့် မျက်နှာထဲမှာ ယူကျုံးမရသည့် အဓိပ္ပာယ်တွေ ပါနေမှန်း ထိုစဉ် ကတည်းပင် ကျွန်တော် နားလည်ခဲ့သည်။

'သည်မှာ ဝတ္ထုဆိုရင် ဖာတ်ကောင်တွေရဲ့ ပြုမူပုံတွေ စရိုက်တွေ ဆိုပါတော့ တွေ့ရတယ်။ မဲလာနှိုက်တဲ့အခါ အပျော်နဲ့ ရောက်လာတယ်။ နံပါတ် 46 ပေါက်တယ်ဆိုတာနဲ့ ဂိုဒေါင်ဘက် ပြေးသွားတယ်။ သည်ပီပါခွံကလေးရရင် ရေထည့်နိုင်ပြီဆိုတဲ့ ဖောကလေးနဲ့ ပြေးတာ။ တကယ်တွေ့တော့ အကောင်း မဟုတ်ဘူး။ အပိန်အချိုင့်ဖြစ်နေတယ်။ သည်တော့ စိတ်ဆင်းရဲသွားတယ်။ ရုံးခန်းကို အမှိုင်နဲ့ ပြန်လာတယ်။ အမှိုင်ကြားက အကောင်း တစ်လုံးနဲ့ လဲပေးဖို့ မျက်နှာချိုသွေးရတယ်။ အကောင်းနဲ့ လဲပေးလိုက်တော့ ပြန်ပျော်သွားတယ်။ လက်ဖက်ရည်တိုက်လိုက်ရတာကိုလည်း ကျေနပ်တယ်။ သည်လို လုပ်ယူပါတယ် ဆိုတာ သူများကို မပြောပါဘူးလို့ အာမခံလိုက်သေးတယ်။ အဖြစ်မှန် သိတော့လည်း အောင့်သက်သက်နဲ့ ကျေနပ်ရပြန်တယ်။ သည်ခဏကလေးမှာ ခံစားမှုတွေစုံလို့'

သည်အကြောင်းကို ဝန်ထမ်းဘဝအတွေ့အကြုံများအဖြစ် ဖနီးသည်ကို ပြောပြသည့်အခါ သည်နေရာမှာ 'မဲ' ဟာ ဆိုးခြင်း၊ ကောင်းခြင်း၊ ပျော်ခြင်း၊ မှိုင်ခြင်းကို ဖြစ်စေသည့် ကံကြမ္မာဟုဆိုသည်။ ကျွန်တော်ကတော့ ကံနှင့် ကံကြမ္မာကို ဆက်တွေးဖြစ်ပါသည်။ လူသည် ပတ်ဝန်းကျင်၏ ပြုပြင်စီမံမှုထက် မိမိဘဝကို မိမိဖန်တီးသော သတ္တဝါဖြစ်လာသည်၊ မိမိပြုသော အမှုများနှင့် ထပ်တူညီစွာ အကျိုးပေးသည်ဆိုသည့် ကမ္မဝါဒကိုလည်း ကျွန်တော် တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းခြင်း၊ ကံမကောင်းခြင်းသည် အတိတ်ဘဝကံကို ယိုးမယ်ဖွဲ့ကြသည်လည်းရှိသည်။ ဘုရားရှင်က အကာရိယဒိဋ္ဌိသုံးပါးစလုံးကို ပယ်ခြင်းသည် အတိတ်ကံကို ယုံကြည် လွန်းခြင်းကို ပယ်ခြင်းဖြစ်သည်။ လူ၏ ကံကောင်းခြင်း၊ ကံဆိုးခြင်းသည် အတိတ်ကံကြောင့်ချည်းမဟုတ်တဲ့ ပစ္စုပ္ပန်အကြောင်းတရား၊ အကောင်းအဆိုးများနှင့်လည်း ဆိုင်သည်။ သို့သော် ကံ၏ အကျိုးကို ပယ်ပြန်သည်မဟုတ်။ ဗုဒ္ဓဝါဒသည် ဘဝသံသရာကိုလည်း လက်ခံသည်၊ တမလွန်သို့ ကမ္မသတ္တိများ လိုက်ပါသွားခြင်းကိုလည်း လက်ခံသည်။ သို့သော် အတိတ်ကုသိုလ်ကံ အကျိုးဆက်ကို ပစ္စုပ္ပန် ကုသိုလ်ကောင်းမှုဖြင့် ချေဖျက်ရသည်လည်းရှိသည်။ ဒါက ကျွန်တော် ဖတ်ဖူးသလောက် နားလည်ခြင်းဖြစ်သည်။ ကျွန်တော့်အတွက်မူ အတိတ်ကံသည်လည်း ခပ်ချာချာ၊ လက်ငင်းပစ္စုပ္ပန်ကံသည်လည်း ခပ်ညံ့ညံ့ဖြစ်ဟန်တူပါ၏။

'မင်းတို့ဟာက ငါတို့ သန်းညွှန့်ကြီး မြှောက်ပင့်ပေးပြီး၊ မဲမပေါက်လို့ ရန်လုပ်နိုင်းတာနဲ့ တူနေပြီ' အမေက တစ်ခေတ်က အဖြစ်အပျက်ကို ပြောပြသည်။ တစ်ခါသော် ရပ်ကွက်အတွက် သမဝါယမအသင်းဆိုင်ကို ရောမဒန်အိုးကြီးတွေ ရောက်လာခဲ့သည်။ ရပ်ကွက်သူ၊ ရပ်ကွက်သားတွေကြားမှာ ဒန်အိုးကြီးတွေ ရောက်နေပြီတဲ့ဆိုသည့်သတင်းက ဝမ်းသာစရာသတင်းဖြစ်သည်။ ရဖို့၊ မရဖို့ မသေချာသော်လည်း မဲနှိုက်မည်ဆိုဦးတော့ မျှော်လင့်နိုင်သည့်ကိစ္စဖြစ်သည်။ ကံ၊ ကံ၏အကျိုးကို ယုံကြည်ကြသော ဗုဒ္ဓဘာသာဝင်များပီပီ ကံအလှည့်သင့်လျှင် ဟန်ကျနိုင်သည်မဟုတ်လော။

'သည်လို ဒန်အိုးကြီးတွေများ မမြင်ရတာ ကြာပါပြီအေ။ ရလို့ကတော့လား ရတဲ့ဒန်အိုးနဲ့ ဆွမ်းချက်ပြီး လောင်းလိုက်ဦးမယ်'

'မဲနှိုက်မှာပါတဲ့အေ၊ မဲကလည်း ပေါက်ပါဦးမှပါ။ တို့ဖြင့် တသက်လုံး မပေါက်ဖူးဘူး'

'ပါးစပ်ပုပ်ကြီးနဲ့အေ၊ ကိုယ်မပေါက် သူပေါက်လိမ့်မပေါ့၊ ဘယ်သူပေါက်ပေါက် ရဖို့သာ လိုရင်းပါ'

သို့သော် ထိုဒန်အိုးများ မဲဖောက်သည့်အခါ ဘယ်သူမှ မဲမပေါက်။ သမဝါယမအမှုဆောင်လူကြီး (ECများ) သာ ပေါက်လေသည်။ မဲက မဲမနှိုက်တာတော့ မဟုတ်။ နှိုက်တာလည်း အမှန်ပင်ဖြစ်သည်။ ပေါက်တော့မှသာ အီးစီတွေချည်းပေါက်နေကြခြင်းဖြစ်သည်။

'တို့တော့ ပေါက်ပေါင်အေ၊ အီးစီတွေချည်း ပေါက်တာပါတဲ့'

'ဟဲ့ တို့ရပ်ကွက်ထဲ အီးစီရယ်လို့ မရှိပါဘူး။ နောက်ရောက်လာတဲ့ ဟာတွေလား'





'အို့ဟယ် အီးစီဆိုတာ အမှုဆောင်တွေကို ခေါ်တာဟဲ့၊ ဒုံးဝေးရန်ကော'

ရှားရှားပါးပါးရောက်လာသည့် ဒန်အိုးများအားလုံး အီးစီများချည်းပေါက်သည်ဆိုခြင်းကို မခံချင်ကြသည့် မိန်းမအုပ်က ရပ်ကွက်ထဲ အာကျယ်၊ အာကျယ် ဆူတတ်၊ ဆဲတတ်သော ဦးသန်းညွှန့်ကို ဖိတ်ကြားကာ အရက်ဝအောင် တိုက်သည်။ အကျိုးအကြောင်း ပြောပြသည်။ ဒါ ရပ်ကွက်ကို စော်ကားခြင်းသာဖြစ်ကြောင်း၊ တရားမျှတမှု ကင်းမဲ့ခြင်းသာဖြစ်ကြောင်း၊ ပြောင်ကျကျ ညစ်ပတ်ခြင်းသာ ဖြစ်ကြောင်း မြှောက်ပေးသည်။ ဦးသန်းညွှန့်ကလည်း မခံချင်စိတ်တွေ ဆူပွက်လာကာ ငါ သွားချဲမယ်ဟု လက်ခမောင်း ထခတ်သည်။

'ဟ ငါ့နှမတွေပြောတာ မှန်တာပေါ့၊ ဘယ့်နှယ် မင်းမဲ့တိုင်းပြည်ကျလို့၊ ဘာကောင်တွေလဲ၊ သည်ကောင်တွေက ဘယ့်နှယ် ဒန်အိုးတွေ သူတို့ချည်း ပေါက်ရမယ်လို့ နင်တို့ အသာနေ ငါသွားချဲမယ်၊ သန်းညွှန့်ပါဟ၊ မမှန်တာ မဖြစ်စေရဘူး စိတ်ချ'

ဦးသန်းညွှန့်က သမဝါယမအသင်းဘက်ကို စိုက်ထိုး စိုက်ထိုး ထွက်သွားလေသည်။ မိန်းမအုပ်သည်လည်း အမှန်တရားအတွက် အသက်ပင် စွန့်တော့မလောက် ပြောသွားသော ဦးသန်းညွှန့်ကို အားကိုးကြသည်။ သို့သော် ထင်သလို မဟုတ်။ အီးစီအဖွဲ့က ဦးသန်းညွှန့်ကို အရက်နှစ်ပုလင်းပေးသည်။ ဦးသန်းညွှန့်အတွက် ဆယ်လက်မ ဒန်အိုးတစ်လုံး ဝယ်ခွင့်လက်မှတ်တစ်စောင် ရေးပေးလိုက်ကြသည်။ အများနှင့် လုပ်ရကိုင်ရတာ မလွယ်ကြောင်း၊ အားလုံးကျေနပ်အောင် ဆောင်ရွက်ပေးဖို့ ခက်ပါကြောင်း ရှင်းပြကြသည်။ ဤသို့အားဖြင့် ဦးသန်းညွှန့် မိန်းမအုပ်ကြီးထံ ပြန်ရောက်လာခဲ့သည်။

'ဟာ နင်တို့ မစုးမစမ်းနဲ့ ကိုယ်မရတာလေးတစ်ခုနဲ့ ပြောလိုက်ဆိုလိုက်ကြတာဟာ၊ ခမျာများ လုပ်ရကိုင်ရတာ ချွေးတလုံးလုံးနဲ့ မြွေပူရာကင်းမမှောင့်ကြစမ်းပါနဲ့။ သူတို့ကံနဲ့သူတို့ ပေါက်ကြတာအစစ်ဗျ။ ငါတောင် ကြားထဲက ဆယ်လက်မတစ်လုံး ရောယောင်ပေါက်ခဲ့သေး'

အမေက မဲကိစ္စပေါ်လေတိုင်း 'သန်းညွှန့်လို ဖြစ်နေပါဦးမယ်ကွာ' လို့ ပြောတတ်မြဲ။ တစ်ခါတစ်ခါ လောကသည် မပိမရိ၊ မသေမသပ် ဆန်းကြယ်နေတတ်သည်။ ရတနာပုံခေတ်က ထီရုံတော်တွေဖွင့်သည်။ တစ်လက်မှတ်ကို ငွေဒင်္ဂါး ငါးကျပ်ကျ ထည့်ဝင်စေ၍ လက်မှတ်ပေါင်း သောင်းနှစ်ထောင်၊ ငွေတော် ခြောက်သောင်းပြည့်သောအခါ ထီဖွင့်လှစ်ပြီး အောင်ပါလေ ရွှေထီနှင့် တိုက်ဆိုင်သူ ဂဏန်းရှင်ကို ငွေတစ်သောင်းနုတ်၍ ကျန်ငွေငါးသောင်းပေးအပ်ပြီး သူဌေးအရာ ခန့်ထားကာ ဘွဲ့မည်ရည်ပေးရန် မှူးတော် မတ်တော်တို့ ညှိနှိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကြလျက် ဈေးကြိုတောင်ဘက် ကိုးခန်းအုတ်တိုက်ကြီးတွင် ထီတော်ဖွင့်သည်။ ပထမဆုံး ထီတော်ဖွင့်ပွဲကို မှူးတော် မတ်တော်တို့ ကြီးကြပ်၍ ဖွင့်သည့်အခါ ကွမ်းရေတာန်းရပ်နေ စာရေးမောင်ဦး၏ သမီး မအုံ မဲလက်မှတ်နှင့် တိုက်ဆိုင်၍ ငွေဒင်္ဂါး ငွေငါးသောင်း စတင်ရရှိသည်။ သို့သော် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးမှာ ရေးထားပုံက ကြေကွဲစရာ၊ 'မအုံမှာ မိန်းမငယ်ဖြစ်၍ သူ့ဌေးရာထူး မခန့်မထားရ' တချို့ အောင်ပါလေများကျတော့လည်း သေချာတာမဟုတ်။

'မဲနိုက်တာတွေက ဘုရားလက်ထက်တော်ကတည်းက ရှိတာကွ၊ မင်းကြည့်ပါလား၊ မဟာဒုတ်ကြီး မဲပေါက်တာ ဘုရားရှင်ကို ဆွမ်းကပ်ခွင့် ရတာလေ၊ ထူးလိုက်တဲ့ ပေါက်မဲနယ်၊ ဟော ပဲခူးသား မောင်ရှင်ကျတော့လည်း ကံများဆိုးချင်တော့ ထင်းခုတ်အသွား လှေစောင့်ရင်း စောင်းတီးမိတာနဲ့ မိန်းမလှကျွန်းက နတ်သမီးလေးပါးက ကြိုက်လို့တဲ့၊ လှေထွက်လို့မရအောင် ဆွဲထားပါလေရော၊ လူစတေးရမယ်ဆိုတော့ မဲချတာ မောင်ရှင်ချည်းသုံးခါကျသတဲ့၊ ကောင်းရော'

အဖေက သည်ပေါက်မဲနှစ်မဲအကြောင်း စကားရောက်တိုင်း ပြောတတ်သည်။ မဲတွေကတော့ ရှိနေပါလိမ့်ဦးမည်။ မဟာဒုတ်မဲလား၊ ပဲခူးသား မောင်ရှင်မဲလားဆိုတာတော့ ကိုယ့်အကျိုးပေးနှင့်ကိုယ်။ သည်ခေတ်က ကံစမ်းမဲခေတ်ဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ်ဆိုတော့ သူ့ ကုန်စည်၊ ကိုယ့်ကုန်စည် ရောင်းရွှံ့ဖို့ ရောင်းအားမြှင့်နည်းနာတွေ သုံးကြရသည်။ သည်တော့ ကုန်ပစ္စည်း၏ အရည်အသွေးကို မပြိုင်၊ ဈေးနှုန်းကို မပြိုင်၊ အသုံးတည့်မှု ဝန်ဆောင်နိုင်မှုကို မပြိုင်ကြဘဲ ကံစမ်းမဲချင်း ပြိုင်နေကြသည်။ ဒါကလည်း ကျွန်တော်တို့ဆီမှာမှ အမြစ်ပွားနေသည့် ရောဂါမဟုတ်။ သူတို့ဆီမှာလည်း သည်ရောဂါတွေရှိသည်။ Samples, coupons, cash refund offers, price packs, gifts, prize contests, sweepstakes, games, patronage awards, free trials စသည်။ discounts, product warranties, tie in promotions, cross-promotions, display and demonstrations ဆိုတာတွေ လည်းရှိသည်။ ကျွန်တော်တို့ဆီက ကံစမ်းမဲကတော့ အသေးစိတ်လွန်းသည်။ စားနေသည့် ရေခဲချောင်းသည်ပင် ကုန်ခါနီးမှာ ကံစမ်းမဲ ပေါက်နိုင်သည်၊ ရေခဲချောင်းထဲ ပလပ်စတစ်နှင့် ပိုက်ဆံထည့်ထားခြင်းဖြစ်သည်၊ နေကြာစေ့ထဲကလည်း ပေါက်နိုင်သည်။ သနပ်ခါးထုပ်ထဲကလည်း ပေါက်နိုင်သည်၊ ဆီးထုပ်၊ မရမ်းပြားထုပ်ထဲကလည်း ပေါက်နိုင်သည်။ အရက်ပုလင်းအဖုံး၊ အချိုရည်ပုလင်းအဖုံးထဲကလည်း ပေါက်နိုင်သည်။ 'များများသောက်၊ များများပေါက်' ဆိုသည်ပင် ရှိ၏။ ကြောက်စရာတွေပါလားကရို။ မရှိသေးစကား ဥတုကာ ငွမ်းထုပ်ထဲမှာပင် နှစ်ဆယ်တန် ပါတတ်သေးသတဲ့။





အနှစ်လေးဆယ်ကျော်လို့ ငါးဆယ်နားချဉ်းသည့်တိုင် ကျွန်တော်ကတော့ ဘာကံစမ်းမဲမှ မပေါက်ဖူးသေးပါ။ ကျွန်တော်မှ မဟုတ်၊ အဖေကလည်း သူ့ဘဝတစ်လျှောက် ဟုတ်တိပတ်တိ ဘယ်တစ်ခုမှ မပေါက်ခဲ့ဟု ဆိုလေသည်။ အမေကတော့ကော၊ 'ငါ့ဖြင့် မဲနဲ့ အကျိုးမပေးချက်တော့' ဟု ဆို၏။ ကံစမ်းမဲက မျိုးရိုးလိုက်၊ မလိုက် မသေချာ။ အဖေကတော့ တစ်ခါတလေ အရက်ကလေးထွေလျှင် 'နေအဝင် ရွှေကညင်သာတဲ့လမ်းကို နတ်နန်းပျော်စောင်းတော်မူပြီ၊ အပေါင်းအဖော် အဘိုးတို့နှင့်တကွ၊ ကျောင်းတော်က ကြွတော်မူပါ၊ ရေငန်တရိုးပိုင်အုပ်စိုးပါတဲ့ နတ်ဦးရှင်ခင်ဗျား' လို့ အော်တတ်သည်။ ကျွန်တော်ကတော့ နံပါတ် 46 ပီပါခွံကိုသာ သတိရနေမိသည်။

*Idea* ၂၀၀၅၊ မေလ

www.burmeseclassic.com

# လွှန်ပွဲ

တစ်ဝက်တပျက် ပျက်စီးနေသည့် ကတ္တရာလမ်းမပေါ်မှာ နှစ်ကျပ်လုံးလောက်ရှိမည့် ကြိုးရှည်ကြီးတစ်ချောင်း အလျားလိုက်ချထားသည်။ ဘုန်းကြီးကျောင်း၀ အုတ်ထရံကို မှီကာဆောက်ထားသည့် ယာယီသစ်သားစင်ပေါ်မှာ ခြောက်လုံးပတ်တစ်စုံ၊ ပတ်မကြီးတစ်လုံး၊ မောင်းဆိုင်းတစ်တွဲချထားသော်လည်း လူသူလေးပါးမရှိ။ စင်ပေါ်မှာပဲ သစ်သားကုလားထိုင်ဟောင်းတစ်လုံး ရှိနေကာ ကန်တော့ပွဲတစ်ပွဲ ထိုးထားသည်။ ညနေခင်း နှစ်ချက်မထိုးတထိုးဆိုတော့ နေရောင်ခြည်က ပြင်းရှုလွန်းသည်။ ဆိုင်းစင်မြင့်နှင့် ကန်တော့ပွဲသည်ပင် နေလှမ်းပြစ်ဒဏ်ပေးထားသည်နှင့် တူသည်။ သပြေရွက်တွေပင် ငိုက်ကျနေလေသည်။ နေပြင်းလွန်းလည်း ကလေးတွေက အုတ်ထရံအခြေမှာ ခိုနေကြသည်။ ဗာဒံရိပ်၊ တမာရိပ်တွေအောက်မှာတော့ လွှန်ပွဲလာကြည့်သူအချို့ရှိသည်။

ညနေ လေးနာရီလောက်မှာတော့ အသံချဲ့စက်ဆင်ပြီးပြီ၊ ဆိုင်းခါးပြတ်ကလည်း တီးမှုတ်ကြပြီ၊ လမ်းပေါ်မှာလည်း ရပ်ကွက်သူ၊ ရပ်ကွက်သားများသာမက အရပ်လေးမျက်နှာမှ ရောက်လာကြကုန်သော အဝေးပရိသတ်၊ ညိုညို့ကြီးခဲနေလေပြီ၊ အသံချဲ့စက်က မောင်းဆိုင်းသံကိုကျော်ကာ 'လွှန်မင်းသား ကိုပန်း။ လွှန်မင်းသား ကိုပန်းခင်ဗျာ၊ လွှန်ဆွဲစင်မြင့်ပေါ်သို့ ရောက်ရာအရပ်က အမြန်လာခဲ့ပါခင်ဗျား' ဆိုသည့် အသံတွေ ဆက်တိုက်ထွက်နေသည်။ စင်ပေါ်မှာ လွှန်သီချင်း၊ လွှန်သံချပ်ရွတ်ဆိုကြမည့် မိန်းကလေးတွေကချည်း ငါးယောက်။ အုပ်လုံးသိမ်းလည်း ပါသည်။ တစ်ပတ်လျှိုလည်း ပါသည်။ သရီးစတက်လည်း ပါသည်။ စင်အောက် တာလမ်းပေါ် လူတွေများသည်ထက် များလာသည်။ နေကလည်း စောင်းသည်ထက် စောင်းလာပြီ။ လွှန်ဆိုင်းက ဗိန်းဗောင်းကြီး





တိုက်ချိန်မှာမှ လွှန်မင်းသား 'ကိုပန်း' စင်ပေါ်ရောက်လာခဲ့သည်။ အသက်က ရလာပြီ။ ပါးရေတွေက ပါးချောင်ကျနေသည့်ကြားက ကြောင်ကုတ်ထားသလို အစင်းလိုက် တွန့်နေသော်လည်း မိတ်ကပ်စေးစေး၊ ပျစ်ပျစ်ကြောင့် သားရေပြင် လျှော့နေသည့် ဗုံဟောင်းကို ဆွဲတင်းထားသည်နှင့်ပင် တူတော့သည်။ ခေါင်းပေါ်က ရှာနီစကတော့ လွှန်မင်းသားတစ်ကိုယ်လုံးမှာ အတောက်ပဆုံးဖြစ်သည်။ ရှာနီစ ပန်းဆိုးရောင်၊ မျက်ခွံ ပန်းဆိုးရောင်၊ ပါးမို့ ပန်းဆိုးရောင်တွေ၊ နှုတ်ခမ်း ပန်းဆိုးရောင်တွေကြောင့် လွှန်မင်းသား ကိုပန်းခမျာ လူနှင့်မတူတော့ဘဲ ဘုန်းကြီးပျံလောင်တိုက်နှင့် တူနေလေသည်။ စင်ပေါ်နောက်ကျမှ ရောက်လာသော်လည်း လွှန်ကော်မတီက သူ့ကို အာခံဝံ့ကြသည်မဟုတ်၊ ကိုပန်းက ကုလားထိုင်ပေါ်တင်ထားသည့် နေလောင်ကန်တော့ပွဲကို သုံးကြိမ်မကာ ကောင်းကင်ကို ကြည့်သည်။ မိုးသားက ကြက်မ တစ်ဝဝ်စာမျှပင်မရှိ။ ပကတိပြာစင်လျက် နေပူလှမ်းထားသော သွပ်ပြားတစ်ချပ်လို ဖြစ်နေသည်။ သည်အချိန်မှာ ခါးပြတ်ဆိုင်းတော်က နတ်ဒိုးကို အသွက်ကြီး ရှန်းရှင်းဆန်ခတ်ဖြစ်အောင် တီးရင်း ကိုပန်းကို မှိုပေးကြသည်။ နတ်ဒိုးသံက မြိုင်လေ ကိုပန်းက ဟန်လုပ်လေ။ လွှန်ကော်မတီလူကြီးတစ်ဦးက 'ငပန်းလုပ်တော့ဟ၊ လွှန်ဆွဲမှာနဲ့ အချိန်မရှိတော့ဘူး။ ခွေးသား အရက်ဆိုင်မှာ ကြာနေတာနေမှာပဲ' လို့ ဆဲတော့ လွှန်မင်းသား ကိုပန်းက လွှန်ပရိကံ ပြောလေသည်။

စင်ပေါ်က လွှန်မင်းသမီးတွေက လွှန်သံချပ်တွေ၊ လွှန်သီချင်းတွေ ဆိုကြ၊ ရွတ်ကြတော့ ကိုပန်းက ဆိုင်းချက်နှင့် ကလေ၏။ ပရိသတ်ကတော့ မိန်းမတစ်ဖက် ယောကျ်ားတစ်ဖက် လွှန်ကြိုးကို တောင့်နေအောင် ကိုင်ထားကြသော်လည်း မဆွဲကြသေး။ ခရာသုံးကြိမ်တုတ်မည့် ဝစီကိုင်ကို ရှာကြသော်လည်း ဘယ်ကမှ အသံမထွက်။

'ကျွန်တော် ဝစီသုံးခါမှုတ်ပါမယ်ခင်ဗျာ၊ စည်းကမ်းကတော့ သုံးချီသုံးလား ဆွဲပါမယ်၊ လမ်းဘေးက အမျိုးသား၊ အမျိုးသမီးများ ကြိုး ဝင်ကိုင်ကြပါ။ ကြိုးမကိုင်တဲ့ ယောကျ်ားတွေ မုဆိုးမနဲ့ ညားပါစေ။ ကြိုးမကိုင်တဲ့ မိန်းမတွေ မုဆိုးဖိုနဲ့ ညားပါစေ'

လွှန်စွာ တန်ဖိုးရှိလှသော စကားကို ဆိုပြီးသည့်အခါမှာ ခရာကို ပထမ ရှိုးခနဲ တုတ်လေသည်။ လူတွေက တရုန်းရုန်း၊ ယောကျ်ားသားနှင့် မိန်းမသားတို့ တစ်ဘက်တစ်ချက်စီ နေရာယူထားကြသည်ဖြစ်ရာ နောက်ထပ် ရောက်လာသော မိန်းမအုပ်က မိန်းမသားဘက်သို့လည်းကောင်း၊ ယောက်ကျအုပ် (ယောကျ်ားအုပ်) က ယောကျ်ားသားများဘက်သို့လည်းကောင်း တိုးကာ တိုးကာ ပေါင်းခြင်းအားဖြင့်

ပင်နီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြိုးရှည်ကြီး တစ်လျှောက် 'လွှန်ဆွဲ' ကြသူတို့ များလှသည်။ အဆက်ဆက်က ရှိခဲ့သည့် ရန်ငြိုးရှိကြသူများပမာ အနိုင်ဆွဲမည် ဆိုသည့် စိတ်သာရှိကြ၍ မိုးရွာစေအံ့ ဆိုသောစိတ် စိုးစဉ်းမျှရှိကြပုံ မပေါ်။ ဗိန်းမောင်းသံက လမ်းတစ်လမ်းလုံးကို ဖုံးနေသည်။ လူတွေက လွှန်မင်းသား၏ ခရာတုတ်သံ စောင့်သော်လည်း ခရာသံ ပေါ်မလာပေ။

'ပေန်း မှုတ်ပါဟ မင့်ခရာ၊ မောင်ပြီဟ၊ သုံးချီသုံးလား ဆွဲကြရဦးမှာ။ ကြားထဲက တစ်လားနဲ့ တစ်လား ကြာ။ အနားပေးရဦးမှာနဲ့'

ခရာတစ်ချက်တုတ်ဖို့အရေး ဟန်ဓာတ်ကြီးခုတ်နေသည့် လွှန်မင်းသားက သည်တော့မှ ခရာကို တုပ်လေသည်။ ဒုတိယအကြိမ်၊ လွှန်ဆွဲမည့်သူတွေက ဟေးခနဲ ဟေးခနဲ အော်လာကြတော့ ပျော်စရာပင်ကောင်းလေသည်။ လွှန်မင်းသမီး လွှန်သီချင်းတွေကလည်း တိုက်သံမကျသဖြင့် တစ်ယောက်တစ်ပေါက် ဖြစ်နေသော်လည်း လည်ပင်းကြောတွေ ထောင်ထအောင် အော်ဟစ်နေကြသည်။ ရှီး။ တတိယခရာ။ တစ်ဖက်တစ်ချက် ဆောင့်ဆွဲလိုက်ကြသဖြင့် လွှန်ကြိုးသည်ပင် ဖျိုးဖျိုးဖျစ်ဖျစ် မြည်သွားလေ၏။ လွှန်မင်းသားက စည်းချက်နှင့် ကရင်း ဆွဲကြဖို့ အော်သည်။ ပထမတစ်လားမှာ မိန်းမတွေက နိုင်သည်။ ခဏနား။ ဒုတိယ တစ်လားမှာ ယောကျ်ားတွေဘက် ဒရွတ်ဆွဲပါသွားခဲ့သည်။ ခဏနား။ တတိယ အချီမှာတော့ ပွဲက ပိုဆူလာသည်။ ဤသို့ဖြင့် လွှန်ပွဲပထမရက်မှာ ယောကျ်ားအုပ်စုက အနိုင်ရခြင်းဖြင့် ပွဲစခန်းသိမ်းလေသည်။ သည်လိုသုံးရက် ကျင်းပမည်။ လွှန်ပွဲကို မှီ၍ ပေါ်လာသည့် ဈေးတန်းကလေးကလည်း ရောင်းရပါသည်။ လူတွေက ချက်ချင်း မပြန်ကြသေး။ ပြိုင်ပွဲအတွေ့အကြုံကို စားမြုံ့ပြန်ကြတုန်း ယောကျ်ားအုပ်က မခံချင်အောင်စတော့ မိန်းမအုပ်ထဲက ဒေါ်အာကျယ်တွေ မခံနိုင်။

'ဆယ်တောင်ဝတ်ကြီးတွေရေ၊ နိုင်ကြဟဲ့၊ နိုင်ကြဟဲ့။ တို့မိန်းမသားတွေကို နိုင်လို့ ဒေါ်လာပြားချိတ်ပေးလိုက်ရဦးမဟေ့။ နေဦး မနက်ဖြန်မှ ဒင်းတို့ လည်ပင်း ကြိုးကွင်းတပ်လိုက်ရဦးမယ်'

နောက်တစ်နေ့ မနက်လက်ဖက်ရည်ဆိုင်မှာ တွေ့တော့ လွှန်မင်းသားကို အင်တာဗျူးလုပ်ရသည်။ လွှန်မင်းသား ကိုပန်းက မြင်းခြံနယ်သားဖြစ်သည်။ ပသားပချောင်တွေ ကျနေကာ အသားတွေမည်းပြာနေသည်။ အသံက ဇာတ်သံ။ လှုပ်ရှားမှုကလည်း ဇာတ်ဟန်ပါသူဖြစ်သည်။

'လွှန်မင်းသားကြီး မနေ့က ပွဲထိန်းသွားတာ သပ်ရပ်တယ်ဗျာ၊ နေပါဦး။ ကန်တော့ပွဲက ဘယ်နတ်ကို ပသရတာတုန်းဗျ'





'စာရေးဆရာကလည်း လုပ်ကရော့မယ်၊ မိုးခေါင်ကျော်စွာနတ်ပေါ့ဗျာ။ အာဂနတ်ပေါ့ဗျ။ မိုးများတော့ သူ့သာပင့်လိုက်လို့ကတော့ ရေအိုးမှောက် ရွာချသာပဲ'

'၃၇ မင်း နတ်စာရင်းထဲ မိုးခေါင်ကျော်စွာလို့ မတွေ့ပါလား လွှန်မင်းသားရဲ့'

'မပါဘူး။ သူက ဇေဇော်ရနတ်ခေါ်မှာပေါ့။ ပုဂံခေတ်က ဦးကျော်စွာ၊ ဒေါ်သောတာ သူဌေးလင်မယားသေကြတော့ ဦးကျော်စွာက မိုးခေါင်ကျော်စွာ နတ်ဖြစ်တယ်။ ဒေါ်သောတာတို့က သိဒ္ဓိပေါက်သွားတယ်။ ပုဂံမှာ မိုးကြီးခေါင်တော့ မိုးခေါင်ကျော်စွာ ပင့်ပြီး ပူဇော်မှ မိုးရွာသာကော'

လွှန်မင်းသား၏ အဆိုအရ ပုဂံခေတ် အဂ္ဂရိတ်ပုဂ္ဂိုလ် ရှင်မထီးကို ရွှေငွေ၊ ပြဒါးတောက်ပံ့ရလွန်းသဖြင့် မွဲသွားရသော သူဌေးလင်မယားဟုဆိုသည်။ ရှင်မထီးက ရှင်အဖွဲ့ဂေါဏအမည်ဖြင့် ပြဒါးရှင်ရသည့်အခါ နရသူဘုရင်က သူဌေးလင်မယားကို ရှာနိုင်းသည်တွင် ရှာမပေးနိုင်သဖြင့် ကွပ်မျက်သည်။ ထိုအခါ မိုးခေါင်ကျော်စွာနတ်ဖြစ်လာသည့် ဦးကျော်စွာက ပုဂံမှာ ရွာမည့်မိုးကို ပုပ္ပားတောင်က ဆီးပိတ်ထားသည်ဟုဆို၏။

'မိုးကို ဆီးပိတ်ဆို့ထားလို့ ရပ့ါမလား လွှန်မင်းသားရဲ့'

'ရော် စာရေးဆရာနှယ်၊ နတ်ကိုးဗျ။ ကမ္ဘာဖို့ရှိသာကော'

မန္တလေးမှာ မိုးမရွာသည့် ရက်တွေတုန်းက ရပ်ကွက်တွေမှာ မိုးခေါင်ကျော်စွာနတ် 'အရောင်းသွက်တစ်ဆယ်' ဖြစ်နေသည်။ ဟိုရပ်ကွက်ကလည်း မိုးခေါင်ကျော်စွာ ကြွပါ၊ သည်ကလည်း မိုးခေါင်ကျော်စွာ ကြွပါဖြစ်နေသည်။ များများတော့ မကုန်ပါ။ ငှက်ပျောသုံးဖီး၊ အုန်းသီးတစ်လုံး၊ ပန်းမျိုးစုံ၊ ဖယောင်းတိုင်ကွမ်းသုံးယာ၊ လက်ဖက်တစ်ထုပ်လောက် ဆိုတော့ တော်ရုံလူကလည်း ပင့်နိုင်သည်။ ငါးရံ့မင်းပရိတ်ရွတ်ကြသည်လည်း ရှိသည်။ စရိယပိဋကတ်တွင် လာသော မစ္ဆရာဇာငါးမင်းဇာတ်တွင် ကောသလတိုင်း သာဝတ္ထိပြည်၌ တောဖုံးသော ချောက်တွင်းရှိလေရာ ထိုချောက်တွင်းရေအိုင်မှာ ဘုရားလောင်းငါးမင်းနှင့် တကွ ဆွေတော်မျိုးတော် ငါးအပေါင်းစံတော်မူသည်။ ကောသလတိုင်းကြီး မိုးခေါင်သည့်အခါ အိုင်တွင်းရေနေသတ္တဝါတို့ ရေခန်းခြောက်သဖြင့် အတိဒုက္ခကြီးစွာ ရောက်ကြရသည်။ ထိုအခါ အလောင်းတော် ငါးမင်းက မိုးနတ်သားကို ဖိတ်ကြားထား၍ သစ္စာပြုကာ ဂါထာကျူးရင့်တော်မူသည်။ မိုးနတ်သားကို ရည်မှတ်သော ထိုဂါထာသည်ပင် ငါးရံ့မင်းပရိတ်တော် ဂါထာဟုဆိုသည်။

'မိုးနတ်သား၊ လျှပ်စစ်လျှပ်နွယ်တို့ကို ဖြစ်စေလျက် မိုးကို ရွာစေလော့၊ ငါ့ကိုလည်းကောင်း၊ ငါ၏ ဆွေမျိုးတို့ကိုလည်းကောင်း ငါပြုသော သစ္စာအားဖြင့်

www.burmeseclassic.com



စိုးရိမ်သောကမှ ပြေပျောက်စေ၍ ချမ်းသာခြင်းကို ဆောင်လော့'

မန္တလေးမှာ စုန့်စုန့်ကြီးတည်သော ရန်ကင်းတောင်တွင် ငါးရံ့မင်းတွင်းရှိသည်။ ပုဂံပြည့်ရှင် အလောင်းစည်သူမင်း၏ သားတော်မင်းရှင်စောသည် ခမည်းတော်နှင့် မသင့်၍ မန္တလေးအရပ်ပူတက်အရပ်တွင် မြို့နန်းစိုက်ဆောက်သည်။ တိုင်းပြည်စည်ပင်လာချိန်မှာ မိုးကြီး သုံးနှစ်ခေါင်သဖြင့် ဆရာတော်များကို ပင့်ဖိတ်လျှောက်ထားရာ စကျင်ကျောက်သားဖြင့် ငါးရံ့မင်းရုပ်ထုစေကာ ငါးရံ့မင်း ပရိတ်တော်ကို ရွတ်ဖတ်ပူဇော်သည်။ ထိုအခါမှ မိုးကြီးသည်းထန်စွာ ရွာ၏။ ငါးရံ့မင်း ရုပ်ထုကိုလည်း ရန်ကင်းတောင် စမ်းတွင်းအိုင်ကို ပင့်ဆောင်ထားရှိစေသည်။ သည်ဓလေ့သည်လည်း မန္တလေးမှာ မိုးရိပ်မိုးခြေပါးရှားသည့်အခါ ပြုနေကျ မန္တလေး အစဉ်အလာဖြစ်ခဲ့သည်။

မြန်မာတွေက ပူလောင်ခြင်းကို မကြိုက်။ အေးမြချမ်းသာခြင်းကို တပ်မက်ကြသူတွေဖြစ်သည်။ မိုးမှန်၊ ရေမှန်၊ မိုးတော်၊ ရေတော်ကို ကြိုက်သည်။ ရောင်ခြည်ခက်လောင်း၊ ဘဝက်စောင်းမျှ၊ စက်မောင်းဗိမာန်၊ မေရုခါးပန်း၊ မိုးစခန်းက ထောင့်တန်းငယ်ဆန်အောင်ရွာပါမှ သဘောကျသူတွေဖြစ်သည်။ 'သမ္မာဒေဝ၊ ပဝဿတု' မိုးသည်ကောင်းစွာ ရွာပါစေသတည်းဟု ရင့်ကျူးနေကြသူတွေဖြစ်သည်။ အရိယာသူတော်စင်တို့၌ ဣန္ဒြေစောင့်စည်းမှု အရေးပါသကဲ့သို့ သတ္တဝါတို့၏ အသက်ရှင်ရေး၌ မိုးသည် အရေးပါသည်ဟု ယုံကြည်ကြသူတွေဖြစ်သည်။ ကျွန်တော်တို့အဘိုးကတော့ သကြန်လက်ဆောမိုးကလေး တစ်ပြက်နှစ်ပြက် ရွာပြီးသည်နှင့် ပတ်ဝန်းကျင်ကို အကဲခတ်နေကျဖြစ်သည်။

'ကျိုးသိုက် စာပေါင်းသိုက်တွေ နိမ့်သဟော့၊ လေထန်လိမ့်မယ်ကွ၊ စာပေါင်းသိုက်မျက်နှာဝ မြောက်လှည့်တော့ မိုးတောင်က လာလိမ့်မယ်။ သကြန်တက်ပြီး ရွာလိုက်တဲ့ မိုးတုန်းက မိုးရေချိုသကွ၊ သီးနှံကောင်းလိမ့်မဟော့'

တောသူတောင်သားတို့၏ မိုးလေဝသနှင့်ဇလဗေဒဖြစ်သည်။ မိုးရေကဘဝနှင့် ဆက်စပ်နေသည်။ လယ်ယာကိုင်းကျွန်းနှင့် ဆက်စပ်နေသည်။ လျှုရေးတန်းရေး ကုသိုလ်ရေးက သည်မိုးသည်ရေအောင်မှ မောင်နှင့်မယ် အလှူပေးနိုင်မှာဖြစ်လေတော့ မိုးကောင်းရေသာရှိပါမှ။ တောင်ဆီမှာ မိုးကလေးညှို့တော့ တစ်နှစ်လုံး ကျိုချက်သောက်သုံးကြဖို့ မိုးရေခံစဉ့်အိုးကြီးတွေကို မိုးရိပ် လေရိပ်မြင်ကတည်းက ဆေးကြောသန့်စင်ထားတတ်ကြသည်။ ရာငါးဆယ်ဝင် စဉ့်အိုးကြီးတွေထဲကို ရေတံလျှောက်ဖြင့် မိုးရေခံကာ ကျကျနနဖုံးအုပ်ထားကြရသည်။ မိုးဖျားတိမ်တိုက်၊ ခပေါင်းဆိုက်၍ တောရိုက်သံကျူး ပဖျန့်ကလေး မြူးလာပြီဆိုသည်နှင့် တောင်သူယာသမားတို့ လက်ခမောင်းခတ်ပြီ။ ပဇ္ဇ သတ္တဝါလောကသားတို့၏





အနှ၊ အစာဘောဇဉ်ဆိုသည် မဟုတ်လော။ မိုးကို အမှုန်လို့လည်း ရေးကြပြောကြသည်။ အာကာယံဝယ်၊ ရှစ်တန်မိုင်းမှုန်၊ ရွှေအမှုန်လည်း ပန်းမာရောင်၊ မိုးလုံးပဲလောင်မည့်နယ်ဆိုသော်ငြား မိုးသံကြားလျှင် ပျော်ကြသည်ချည်း။ အမှုန်သည်၊ အမှုန်ဓရက လာသည်။ မိုးရေကို ဆောင်သည်ဆိုသည့် အဓိပ္ပာယ်ရှိသည်။ မိုးကို ဖြစ်စေတတ်သော ပဇ္ဇုန္နဝလာဟကနတ်ကို စောင့်ရှောက်ပါစေခြင်းငှာ ပူဇော်ကြသည်လည်းရှိ၏။ မိုးလေဝသဆိုသည့် ဝေါဟာရသည်ပင် မိုးနှင့်လေကို 'ဝသ' ရွာချခြင်းဟု အဓိပ္ပာယ်ရသည်။

'အမေတို့ ငယ်ငယ်က ကောက်စိုက်ရင်း ဆိုကြရသာ၊ ဘာတဲ့ ရွှေထိန်ပင်သာတဲ့အောက်က၊ ကောက်စိုက်ရင်း မိုးမျှော်၊ မပေါ်လာ ကိုရွှေမိုးကြောင့်၊ ကောက်ပင်တွေ ညှိုးတဲ့၊ ကောက်စိုက်ရင်းက ကောင်းကင်ကြည့်နေရသာ၊ မိုးကြီးနှစ်မလောက်ရွာလိုက်ရင် လယ်ရှင်ဆို ဝမ်းသာလွန်းလို့'

အမေက သူတို့ငယ်ငယ်တုန်းက ကောက်စိုက်ဘဝတွေကို လွမ်းလွမ်းဆွတ်ဆွတ်ပြောပြတတ်သည်။ မိုးထဲ လေထဲမှာ ကောက်စိုက်ရ ပျိုးနုတ်ရတာကိုပဲ ဘဝဝန်ကို ရွက်နိုင်လေခြင်းဟု ခံယူကြသူတွေပါလား။ လယ်ရှင်က ညစ်ချင်တော့ 'ပျိုးတန်လယ်တန်' လူမငှားဘဲ ရှိသည့်ကောက်စိုက်မနှင့် တက်သုတ်ရိုက်ချင်ကြသည်။ မိုးထဲ ရေထဲ လယ်ကွင်းကိုင်းခင်းထဲမှာပဲ သမုဒယပိုးကြိုးတင်းကြရသည်လည်းရှိသည်။ ချစ်ပါတဲ့ ကြိုက်ပါ၊ လူပျိုတွေ ဖော်တစ်သင်းနဲ့၊ ပျင်းနေ့တိုင်းလာ လွန်းလှချည်။ မောင်မလာတော့လည်း မယ်ကမှာရသည်။ ရွှေနားတောင်းကိုလ ဖုံခေါင်းလောက် ဝတ်စေ့မယ်။ ဖုံကြီးသည် လိမ်လည်လှည့်၊ နားချွဲမိသူတွေလည်း ရှိလေသည်။

'ဂင်္ဂါမြစ်က တက်ပြီး ရွာတဲ့မိုးရေ၊ သမုဒ္ဒရာက တက်ပြီး ရွာတဲ့မိုးရေ နှစ်မျိုးမယ် ဂင်္ဂါမိုးရေက သီတင်းကျွတ်လတွေမှာ ရွာသာများသာပဲ။ ဂင်္ဂါကရွာတဲ့ မိုးဟာ ထမင်းမဖောက်ပြန်ရင် ဒါ စစ်သာပဲ။ ဝဿနာဥတုမှာ ရွာတဲ့ မိုးရေဟာ ကြေခဲသယ်၊ အချိန်လေးသယ်၊ သလိပ်ပျက်စေသယ်။ ကောင်းကင်ကို လေတိုက်လို့ တက်တဲ့ မြူမှုန်ဖုံမှုန့်၊ တောမီးလောင်လို့တက်တဲ့ ပြာမှုန့်၊ ပိုးကောင်ဥချိန်မို့လို့ ပိုးဥ စသည်ဖြင့် မိုးရေမှာ ပါခဲ့ရင် အဂတ္တိကြယ်မထွက်မချင်း အဲသည်ရေကို မသောက်နဲ့၊ ဥပါဒ်ဆိုက်တတ်သယ်'

ဓာတ်ဆရာ ဆရာလုံးက မိုးရေနှင့် ကျိုသော ရေနွေးကြမ်းကို တစ်ခွက်ပြီး တစ်ခွက်သောက်ရင်း မိုးရေမကောင်းကြောင်းပြောလျှင် အဖေက နေပါဦး ဆရာလုံးရဲ့ ဂင်္ဂါရေက ကုလားပြည်သွားခပ်ရမှာလားလို့ ရွဲ့တတ်သည်။ သည်ပိုတော့ ဆရာလုံး မခံပါ။



www.burmeseclassic.com

www.burmeseclassic.com



'မြစ်ရေပေါ့ဗျာ၊ ကျုပ်တို့က ဓာတ်ကျမ်းမယ်ပြဆိုတဲ့အတိုင်း ပြောရသာပါ။ မြစ်ရေက တက်တဲ့ရေဖြစ်ဖို့လိုသယ်။ ဟိမဝန္တာတောင်မှ ထွက်ကုန်သော ဂင်္ဂါ၊ သိန္ဓူ၊ သရဘူ၊ ယမုန္နာ၊ မြစ်ရေများနဲ့ မလယတောင်တန်းဆီက အနောက်သမုဒ္ဒရာဘက် စီးဆင်းကုန်သော နမ္မဒါ၊ တမ္ဗဝတီအစရှိတဲ့ မြစ်ရေများဟာ ရေကောင်းပဲ။ ဟိမဝန္တာက လာသာဆိုရင် ကျုပ်တို့ ဧရာဝတီမြစ်ရေလည်း ပါပေသပေါ့။ မြစ်ရေကြီးများဟာ ချိုသယ်၊ စဉ်းငယ် စပ်သယ်'

ဆရာလုံးက ဧရာဝတီမြစ်ဘက် ဆွဲယူလာသည့်အခါ အဖေလည်း စောဒကမတက်ဝံ့သာ။ သို့သော် အဖေက တစ်ဖက်လှည့်၍ ကပ်ဖဲ့တိုက်လေသည်။ ဆားယမ်းဆပ်ပြာတွေကို ငိုစေတတ်သော ဟိုက်ဒရောဂျင်ဓာတ် တစ်ပုံနှင့် သံအစရှိသည့် ဓာတ်တွေကို သံချေးတက်စေတတ်သော အောက်ဆူဇင်ဓာတ် နှစ်ပုံပေါင်းတော့လည်း ရေရဆို ဆရာလုံးရဲ့ ဆိုလျှင် ဆရာလုံး တွေဝေသွားတတ်သည်။ သို့သော် မိုးရေကျိုရေနွေးကို မက်မက်စက်စက် သောက်ပြီးမှ အဖေ့စကားကို ပယ်ချလေသည်။

'ရော် သည်လူ့နယ်၊ ဟိုက်ဒရောဂျင်းတို့ အောက်ဆူဇင်တို့ဆိုသဟာက သိုးဆောင်းဓာတ်သဘာဝတွေ ခင်ဗျာရဲ့။ ကျုပ်တို့ မြန်မာဓာတ်တွေ မဟုတ်ဘူး။ ခင်ဗျားတို့မလဲ၊ သိုးဆောင်းဓာတ်ကိုမှ ဓာတ်ထင်ကြသာကိုး'

အဖေနှင့် ဓာတ်ဆရာ ဦးလုံးတို့နှစ်ဦး၏ 'ဒီတိတ်' သည် ညတိုင်းရှိတတ်သည်။ ဆယ့်နှစ်လပတ်လုံး မိုးရွာတတ်သော နိုင်ငံဆိုတော့ မိုးကလေး ဖျန်းပါမှ စိတ်ရောကိုယ်ပါ အေးကြရသူတွေမဟုတ်လား။ မိုးရေက ကပ်ကြီးသုံးပါးကို ဆေးကြောပစ်နိုင်သည်။ တန်ခူးလမှာ ဖက်ဆွတ်ရေတို့၊ သင်္ကြန်မိုးကလေး ရွာချတတ်သည်။ သင်္ကြန်မတိုင်ခင်ရွာတော့ သင်္ကြန်ကြိုမိုး၊ သင်္ကြန်လွန်မှ ရွာတော့ သင်္ကြန်လက်ဆေးမိုး။ ကဆုန်လမှာတော့ မြေသင်းနံ့ကလေး ထကြွလာတတ်သည်။ မြေပူပူမှာ မိုးရေအေးအေး ကျသည့်အခါ ထွက်လာတတ်သည့် ရနံ့ကို ဆိုသည်။ ဒါကိုပင် ကဆုန်တွင်၊ မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့' လို့ ဆိုသည်။ နယုန်လမှာတော့ မိုးမကြီးတတ်ပါ။ မိုးသေးဖွဲဖွဲကလေးလောက် ဖွဲတတ်တာပဲရှိသည်။ ရေဓာတ်ငွေ့ငွေ့ကြောင့် အသက်ပြင်းသည့် မြက်ကလေးတွေ စို့ပြုလာသည့်လ ဖြစ်သည်။ 'နယုန်မိုးသေး မြက်သားမွေး'။ 'ဝါဆိုတစ်ကြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး'ဆိုသည့်အတိုင်း မြစ်ချောင်းအင်းအိုင်တွေမှာ မိကျောင်းပန်းတွေ ဖွေးဖွေးလှုပ်လေသည်။ ဝါခေါင်မိုးကတော့ 'ဝါခေါင်တစ်ကြောင်း၊ ထနောင်း ကြောင်ခြစ်၊ ဆူးရစ်ပွင့်ကာ မိုးမရွာ၊ ရွာပါသော်လည်း မိုးမသည်း'ဟု ဖွဲ့သည်။ ထနောင်းပွင့်၊ ကြောင်ခြစ်ပွင့်၊ ဆူးရစ်ပွင့်တို့





လှိုင်သည့်လဖြစ်သည်။ 'တော်သလင်း တိမ်ညို၊ စားဖိုသည်ဆင်းရဲ၊ မိုးမစဲ'။ သီတင်းကျွတ်တွင် ပလ္လင်ဆေးမိုး ရွာသွန်းဖြိုး။ တန်ဆောင်မုန်းတွင်၊ ဆီးနှင်းတလှိုက်၊ မိုးတစ်ပြိုက်။ နတ်တော်ရောက်ပြာ။ မိုးသားမငြိမ် ဆင်ရာတိမ်။

'သီတင်းကျွတ်မှာ ပလ္လင်ဆေးမိုးရွာတယ်ဆိုတာ ဘာကိုပြောတာလဲ အဘိုး'

'ဆွမ်းတင်တဲ့ ပလ္လင်ကို ပြောသာပေါ့ကွာ၊ ဆွမ်းပလ္လင်၊ သင်ပုတ်ပလ္လင်များကို မိုးက ဆွမ်းမတင်မီ ဆေးကြောသန့်စင်ပေးတဲ့ မိုးလို့ပြောသာ၊ သင်ပုတ်ဆိုသာ ရဟန်းတို့သုံးဆောင်တဲ့ ဆွမ်း၊ ရဟန်းကို ပေးလှူရတဲ့ ဆွမ်းကိုလည်း ဆိုသယ်။ ဆွမ်းတင်တဲ့ပလ္လင်ကိုလည်း ဆိုတယ်။ ထမင်းစားလည်း ဦးဖျားယူလျှင်၊ သင်ပုတ်တင်မှ စားကြကုန်လော့တဲ့။ ဦးဦးဖျားဖျား မစားနဲ့၊ တင်လှူပြီးမှ စားလို့ပြောသာ'

ကျွန်တော်တို့ ငယ်ငယ်က မသိတာရှိလျှင် အဘိုးကို မေးရသည်။ ပြာသိုလမှာတော့ ဆီးနှင်း မိုးရောကာ ရွာချတတ်သည့်မိုးကြောင့် အေးလှသည်။ ရိတ်သိမ်းပြီးစ နှမ်းပင်တွေ (အပင်ချင်း ထိပ်ဆိုင်ထောင်ထားကြသဖြင့် နှမ်းထောင်လို့ခေါ်ကြသည်) မိုးကြောင့် ပျက်ရတတ်သဖြင့် တောင်သူတို့ သတိထားရသည့် မိုးလည်းဖြစ်သည်။ ပြာသိုချမ်းပြင်း၊ မိုးညှင်းညှင်း၊ ဆီးနှင်းရောယှက်၊ နှမ်းထောင်ပျက်ရသည့် မိုးဖြစ်သည်။ တပို့တွဲလမှာတော့ မိုးရာသီက ကြွင်းသော ကျန်သော မိုးက စာရင်းပိတ်ရွာချတတ်သည်။ တပို့တွဲ နှံ၍ ရွာခြင်း၊ သန်းမိုးကြွင်း။ တပေါင်းတန်ခူးမှာတော့ မိုးသားကလေး ကျူးရုံကျူးတော့သည်။ ရွာယောင်ဟန်ရေးပြသော်လည်း ပိုးပိုးပေါက်ပေါက်ကျခဲသည်။ 'သရစ်ကာယ်နွယ်သိန်၌ ပြကွဲဗိန် ခါတော်လုချိန်မို့၊ မေရုနောင် တောင်မြင့်ကွန်းဆီက၊ မိုးတိမ်တို့ဟန်ရေးပြချိန်ဖြစ်သည်။ ပတ်ကုံးတည့်လွဲလွဲမှောင်၊ တစ်တောင်လုံးမင်နီး ဆိုသည့် ရာသီ။

မနေ့တစ်နေ့ကတော့ Climate Change ဆိုသည့် ဆောင်းပါးဖတ်ရသည်။ သည်ဆောင်းပါးမှာတော့ အက်ဆစ်မိုးတွေအကြောင်း ရေးထားတာ ကြောက်စရာကောင်းသည်။ ကျောက်ဖြစ်လောင်စာများ၊ ကျောက်မီးသွေးများ၊ ရေနံဓာတုမီးခိုးငွေ့များကြောင့် အပလေသည့် ဆာလ်ဖာဒိုင်အောက်ဆိုဒ်နှင့် နိုက်ထရိုဂျင်အားဖြင့် စေးပျစ်လာခဲ့သည်။ သည်ဓာတ်ငွေ့ကြောင့် ရွာချသည့် မိုးက အလူမီနီယမ်ဓာတ်တွေ မြေတွင်းအောင်းကာ သဘာဝသစ်တောတွေကို ဘေးသင့်စေခဲ့သည်။

အက်ဆစ်မိုးရေများ စီးဆင်းရာ လက်ခံရေထုများ ညစ်ညမ်းသဖြင့် ရေသတ္တဝါတွေ မျိုးတုံးနေရသည်။ ကမ္ဘာ့လူဦးရေ များပြားလာခြင်းက စသည်။ လူဦးရေတိုးပွားနှုန်းနှင့် လိုက်လျောညီထွေရှိဖို့ လောင်စာတွေ တိုးကာ ...ကာ

www.burmeseclassic.com



သုံးနေကြရသည်။ လူနေမှုဘဝမြင့်မှာ နေချင်ကြသူတွေပိပိ နောင်ခါ နောင်ကိစ္စ သဘောထားနေကြသည်။ ခရစ် ၂၀၁၀ မှာ နောက်ထပ်တရုတ်နိုင်ငံ တစ်နိုင်ငံစာ လူဦးရေ 1.3 ဘီလျံ တိုးလိမ့်မည်။ သည်တော့ လောင်စာလိုအပ်မှုကလည်း ပိုလို့သာ လိုအပ်ဖို့ရှိသည်။ သိပ္ပံပညာရှင်တွေကတော့ 'ဖရန့်စစ်ဖူကူယားမား က သမိုင်းနိဂုံးချုပ်ပြီလို့ ပြောနေတယ်။ နောက်ထပ် ဆယ်စုနှစ် တစ်နှစ်စာ ကျွန်တော်တို့ စောင့်ကြည့်တော့လည်း သမိုင်းက မဆုံးသေးဘူး။ ဒါပေမယ့် သမိုင်းရဲ့ စရိုက်လက္ခဏာတွေတော့ ပြောင်းသွားတယ်။ ကွန်မြူနစ်လွှမ်းခေတ်မှာ လက်ဝဲ လက်ယာ အယူအဆရေးရာတွေထက်စာရင် ကျွန်တော်တို့ ဂြိုဟ်ကမ္ဘာ တစ်ခုတည်းရဲ့ သားသမီးတွေဖြစ်တယ်ဆိုတာက ပိုပြီး ရှေ့တန်းရောက်လာတယ်' ဟု ဆိုသည်။ ကမ္ဘာကြီး ပျက်စီးလုနီးပြီလောဆိုသည့် သေရေးရှင်ရေးကာလမှာ အယူအဆရေးရာတွေက သခွပ်ပင်က မီးတကျည်ကျည်ဆိုသည့်သဘော။

'အက်ဆစ်မိုးကတော့ ပေါက္ခရဝဿ မိုးမဟုတ်ဘူး။ လူတိုင်းအပေါ် ရွာချလိမ့်မယ်။ သူတို့ရဲ့ အယူအဆတွေအပေါ်လည်း ရွာချလိမ့်မယ်'

လွှမ်းပွဲတွေဆီက တတိယနှင့် နောက်ဆုံးနေ့အဖြစ် အော်သံတွေ လွင့်ပျံ့ လာသည်။ လွှမ်းမင်းသား ကိုပန်းကတော့ အရက်မူးနေလောက်ပြီ။ ရှာနီစ ပေါင်းကာ မျက်နှာပေါ်မှာ စေးပျစ်ပျစ် ဓာတ်သဘင်သုံး မိတ်ကပ်တွေ ပိန်းနေ အောင် လူးထားလိမ့်မည်။ ကျွန်တော် သွားမကြည့်ဖြစ်တော့။ ကန်တော့ပွဲကြီး မကမကာ 'နတ်ဖမ်းစုန်းစီး' သလို လုပ်နေရှာမည်။ နေကလေးစောင်းတော့ လွှမ်းပွဲဆီက ညာသံကြီး လှိုက်တက်လာနေသည်။ အသံချဲ့စက်ထဲက လွှမ်း မင်းသားအသံက ပိုလို့ပင် ကျယ်သေးသည်။

'ဇမ္ဗူမှန်ကင်း၊ စက်ရောက်လင်းသို့၊ နတ်မင်းမောင်ကျော်၊ မူတော် ကုန်စွာ၊ ထမ်းဆောင်ပါလို့၊ အောင်စွာနတ်မင်း၊ တစ်ခင်းဘိုးတော်၊ ခေါ်သည့် မန္တလေး၊ ပျံ့မွှေးပန်းပုံ၊ မယ်ကုံးမယ်ကွ'

မိုးခေါင်ကျော်စွာ နတ်မင်း ဟုတ်မဟုတ် မသေချာသော်လည်း ကိုပန်း ကတော့ တစ်ထစ်မလျှော့။ ဟေးခနဲ ဟေးခနဲ အော်သံတွေက ပျော်စရာတော့ ကောင်းသား။ အမေကတော့ ကိုပန်းအော်နေတာကို နားစွင့်ရင်း သည်ကောင် လုပ်နေတာနဲ့ အက်ဆစ်မိုး ရွာတော့မှာပဲလို့ ပြောနေသည်။ ထိုရက်လွှမ်းပွဲရက် တွေတုန်းက မိုးမရွာသော်လည်း စက်တင်ဘာလမှာတော့ မန္တလေးမှာ မိုးတွေရွာ ပြီ။ ကျွန်တော်က မိုးရေတွေကို ဝမ်းသာအားရ ငေးရင်း တရုတ်ကဗျာဆရာ လီယင် (Li Ying) ၏ မိုးရွာပြီးစ ကဗျာကို သတိရသည်။ မိုးတွေရွာပြီးစ သူ့ ပြတင်းပေါက်မှ မြင်ရသည့် အရောင်တွေက လီမွှော်ရောင်၊ ပန်းသီးညိုရောင်၊





ငါးရှဉ့်သွေးရောင်တွေလို ဖွဲ့သည်။ ကျွန်တော်ကတော့ လွှမ်းမင်းသား ကိုပန်း၏ ပန်းဆိုးရောင်ကိုသာ မြင်မိလေသည်။ လွှမ်းမင်းသား ကိုပန်း ကမ္ဘာဖို့ကြောင့် ထင်၏။ လွှမ်းပွဲအပြီး တစ်လခွဲကြာတော့မှ မန္တလေးမှာ မိုးတွေရွာလေသည်။

*Idea* ၂၀၀၅၊ ဒီဇင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

## လွမ်းဖွယ့်မြိုင်ခြေ

ကျွန်တော်ငယ်ငယ်က အညာကျေးလက်စာသင်ကျောင်းကလေးမှာ စာသင်ရသည်။ ကျောင်းကလေးက ခံ့ခံ့ထည်ထည် မဟုတ်။ ပျဉ်ထောင်ကာ သွပ်မိုးကျောင်းလေးဖြစ်သည်။ ပင်မကျောင်းကလည်း ပျဉ်ထောင်ကာ သွပ်မိုး ဖြစ်၍ ကျွန်တော်တို့ အတန်းငယ်များ စာသင်ရာ အရန်ကျောင်းဆောင်ကလေး ကလည်း ပျဉ်ကာသွပ်မိုးဖြစ်သည်။ ကျွန်တော်တို့ ကျောင်းပတ်လည်မှာ ကြီးမား သော ကုက္ကိုပင်ကြီးများ၊ ရိုးတံမည်းမည်း ကန္တာရပင်များနှင့် သဘော်မန်ကျည်းပင် များရှိသည်။ ကျောင်းရှေ့မှာတော့ စိန်ပန်းပင်တန်းကလေးရှိသည်။ ကျွန်တော် တို့ကို စာသင်တော့မည်ဆိုလျှင် စာသင်ခန်းတွင်းမှာ သင်လေ့မရှိ။ ပျဉ်ညောင်ညို ပင်ကြီး အောက်ကို တန်းစီထွက်စေသည်။ စာသင်ကျောက်သင်ပုန်းကြီးတစ်ချပ် ကန္တာရပင်ကလေးမှာ မှီထောင်ထားကာ စာသင်တတ်သည်။ ကျောက်သင်ပုန်း ကလေးက မြေဖြူဝနေသည့် ကျောက်သင်ပုန်းလိုပဲလို့ ထင်နေတတ်သည်။ ဆံပင်ကို ကြော့နေအောင် လှန်ဖြီးထားတတ်သော ဆရာ့လေးထောင့်မျက်နှာ ကြီးက တင်းမာနေတတ်သော်ငြား ဆရာ့နှုတ်က ထွက်ကျလာတတ်သော တေးသံက အင်မတန် နူးညံ့သည်။

'ကနေ့တော့ တို့ကျောင်းသခ်မ်းကလေးတစ်ကျောင်းစီ သွားကြရ အောင်။ ကျောင်းသခ်မ်းဆိုတာ ကြားဖူးကြတယ်နော်။ ကျောင်းလေးပါးရှိတယ်။ သယိကကျောင်း၊ ပုဂ္ဂလိကကျောင်း၊ စာသင်ကျောင်း၊ စေတီသာကျောင်းတဲ့။ ကျောင်းသခ်မ်းဆိုတာက သူတော်ကောင်းတွေ မှီခိုတဲ့ တရားဘာဝနာရှိကြတဲ့ တရားတင်းကုပ်ကျောင်းဆိုတော့ သိပ်ကို အေးချမ်းတာပေါ့။ အခု တို့ထိုင်နေတဲ့ ပျဉ်ညောင်ညိုပင်ကြီးတစ်ပင်ကလည်း ရှိနေတော့ ကျောင်းသခ်မ်းကလေးကို





မိုးထားလို့ အေးမြနေတာပေါ့။ ရာသီဥတုကလည်း နွေဦးပေါက် ထင်ပါရဲ့ကွယ်။ ဥသြငှက်ကလေးတွေကလည်း ညောင်ပင်ကြီးပေါ်က တွန်နေလိုက်တာ။ ဥသြ ဥသြ ဥသြ'

ကျွန်တော်တို့က ဥသြငှက်ကလေးလို တွန်ပြသော ဆရာ့မျက်နှာကို ငေးနေကြသည်။ ဆရာ့မျက်လုံးတွေကလည်း ကျွန်တော်တို့ကို လိုက်ကြည့် နေသည်။ ပျဉ်ညောင်ညိုပင်ကြီး၊ ကျောင်းသခ်မ်းကလေး၊ ဥသြတွန်သံ၊ သည် လောက်နှင့်ပင် ကျွန်တော် ကျောင်းသခ်မ်းအေးရိပ်ကို ရောက်သွားခဲ့ပြီ။ ကျောင်း သခ်မ်းဘေးမှာ မြစ်တစ်စင်းက တသိမ့်သိမ့်စီးဆင်းနေသည်။ ရေက ကြည်လင် လှသလောက် မြစ်ရေ၏စီးနှုန်းက လျှင်လျှင်သွက်သွက်ရှိလှသည်။ နွေဦး၏ ရွက်ကြေတွေက မြစ်ရေထဲမှာ သစ်ရွက်ကလေးတွေ။ ကျောင်းသခ်မ်းဘေး မှာတော့ မြက်ခင်းကျယ်ကြီးရှိနေကာ သဘာဝတောရိုင်းပွင့်ကလေးတွေက အစိမ်းမှာ အဝါဖောက်ထားတာနှင့် တူသည်။ ကျောင်းသခ်မ်းကလေး ကပ်လျက် မှာတော့ ကံ့ကော်ပင်ကလေး။ တစ်ခါတစ်ခါ ရာသီအလိုက် ပွင့်သည့်အခါ ကံ့ကော် ဝတ်မှုန်သင်းသည့် ရဂုံတောခြေမှာ သင်းပျံ့နေတတ်သည်။ မြစ်ရေဆိပ်ကမ်းသာ မှာတော့ သမင်လည်ပြောက်ကလေးတွေ။

ဆရာက မြေဖြူဝနေသည့် ကျောက်သင်ပုန်းမှာ ကဗျာကလေးတစ်ပုဒ် ရေးပြသည်။ ဝက်ပါ။

အေးရိပ်ဆာတဲ့ ပျဉ်ညောင်ညို
ဥသြတွန်သံချို၊
ဒိုးယိုစီးတဲ့ နဒီတွင်း
သမင့်သောက် ရေဆင်း၊
မြက်ခင်းလဲ့လဲ့ မြေညီညီ
ကံ့ကော်ဝတ်မှုန်စီ၊
ဇာလီပျော်တဲ့ ကျောင်းသခ်မ်း
လူလေး သွားချင်စမ်း။

နောင်မှာ အဘိုးကို ကျွန်တော် သည်အကြောင်း ပြောပြသည့်အခါ အဘိုးက ပြုံးသည်။ အဘိုး၏ အားရှိလှသော မျက်ခုံးရိုးကြီးတွေအောက်က မျက်လုံးတွေက တောက်လက်နေသည်။ ဘာမှ မပြောတော့ဘဲ အတော်ကြီး ကြာမှ အဘိုးက ခပ်တိုးတိုးကလေး ပြောပြသည်။ အဘိုးအသံကပင် ကဗျာဆန် ပါနေသည်။ နူးညံ့သော သူတော်ကောင်းတို့တွင် ကြားရတတ်သည့် အသံ။



www.burmeseclassic.com

www.burmeseclassic.com



'အဘိုးရဲ့ မိဘနှစ်ပါးက စီးပွားရေးပျက်တာနဲ့ စီးပွားပျက်တော့ ငါ့သား ရွာမှာ နေပါတဲ့။ ငါတို့ မတတ်နိုင်ဘူးတဲ့။ ပြောတော့ ရွာမှာ အဘိုးတို့အဖေများ တည်ဆောက်ထားတဲ့ အမျိုးသားကျောင်းရှိတယ်၊ အမျိုးသားကျောင်းမှာ အဘိုးက ဆရာလုပ်တယ်။ ဆရာလုပ်တော့ ညွှန်ကြားချက်ပါတာက ကလေးတွေကို ကဗျာသင်ပေးရမယ်တဲ့၊ ဆိုတော့ အင်္ဂလိပ်ကဗျာတွေကတော့ နေရာတိုင်းမှာ ရှိတာပေါ့ကွာ။ ကလေးအတွက်ရော လူကြီးအတွက်ရော၊ မြန်မာအတွက်က, ကဗျာမရှိဘူး။ မရှိတာနဲ့ ကလေးတွေအတွက်တော့ အဘိုးလုပ်မယ်ဆိုပြီးတော့ လုပ်ကြည့်တယ်၊ အဘိုးတို့ တောကအိမ်ပေါ့။ အဲသည့်အိမ်ရှေ့မှာ ပက်လက်ကုလားထိုင်နဲ့ ထိုင်ပြီးတော့ ညနေ ညနေ စဉ်းစားရတယ်။ ကလေးတွေကို ငါ ဘာများ သင်ပေးရမလဲ၊ တို့မြန်မာ ကဗျာလောကမှာ ပျို့၊ လင်္ကာ၊ ချေင်း၊ မော်ကွန်း စသည်ဖြင့် အမျိုးစုံရှိပေမယ့် ကလေးတွေအတွက် ဘာမှ မကြားဖူးဘူးလို့လည်း စဉ်းစားမိတယ်။ အဲသလို စဉ်းစားနေတုန်းမှာပဲ ကောင်လေးတစ်ယောက် နှစ်ယောက်က ဆိုလာကြတယ်ကွ။ ဘာဆိုလာကြသလဲဆိုတာတော့ အဘိုးမမှတ်မိတော့ဘူး။ သူတို့ ဆိုလာတဲ့ ကဗျာက အသံတော့ ကောင်းတယ်၊ အနက်အဓိပ္ပာယ်က ဘာမှမရှိဘူး။ အဲဒါနဲ့ သူတို့ဆိုသလိုပဲ အဘိုးက ကဗျာရေးပေးရရင် ကောင်းမှာပဲ ဆိုပြီးတော့ အဘိုးက အိမ်ရှေ့မှာ ပက်လက်ကုလားထိုင်နဲ့ သည်လိုပဲ ထိုင်နေတယ်။ ထိုင်နေတုန်း ဆိုလာတာပေါ့ကွာ၊ ဆိုလာတာ အသံတော့ ကောင်းတယ်၊ ကဗျာတော့ မဟုတ်ဘူး၊ ဆိုချင်တာ ဆိုတာပဲ။ တို့လည်း ဆိုတာပါပဲကွာ၊ မေ့ကုန်ပြီ။ အဲဒါနဲ့ ဆိုတဲ့ အသံကလေး သဘောကျတာနဲ့ ငါလည်း ကဗျာရေးဦး မယ်ဆိုပြီးတော့ စဉ်းစားနေတုန်း အဘိုးတို့အိမ်နဲ့ မလှမ်းမကမ်းမှာ သပြေသီးမှည့်ကလေးတွေ ဖရုတ် ဖရုတ် ဆိုပြီးတော့ ကြွေကျတာနဲ့ ကောင်လေးတွေက သွားကောက်တယ်'

ကျွန်တော့်နားထဲမှာ ဖမ္ဗူသပြေသီး ရေကျသံ ပြုတ်ပြုတ်ပြုန်းကို ကြားနေသည်။

(၂)

ဝါဆိုဝါခေါင် ရေတွေကြီးလို့
သပြေသီးမှည့် ကောက်စို့ကွယ်၊
ခရာဆူးချုံ ပိုအထဲက
မျှောနက်မည်းကြီး တွယ်တတ်တယ်၊





မျှောနက်ဆိုတာ ချိန့်လားကွယ့်
မြွေနဂါးတောင် ကြောက်ဖူးကွယ်၊
တို့လည်း ကြောက်ပေါင် အတူသွားစို့
အုန်းလက်နွှားလေး ထားခဲ့မယ်၊
သွားကွယ် သွားကွယ် ။

ကျွန်တော်တို့ ငယ်ငယ်က ကျွန်တော်တို့ဝိုင်းထဲမှာ ရေကန်ကြီးတစ်ကန်ရှိသည်။ အညာရွာကလေး ပူပူလောင်လောင်ထဲမှာ ဘယ်လိုကဘယ်လို ရေကန်ကလေး ရှိနေခဲ့တာလဲဆိုတာတော့ ကျွန်တော် မသိ။ ကျွန်တော်တို့ အဘိုးအဘွားများ၏ ရှေးရိုးစိတ်ကူးဖြစ်ပါလိမ့်မည်။ ရေကန်ကလေးက အတော်ကျယ်သည်။ ရေကတော့ နှစ်ပေါက်ရှိမနေဓာတ်ပါ။ မိုးများလျှင် ရေကန်ပြည့်သည်။ တစ်ခါ တစ်ခါတော့ မုန်းချောင်းက လွှတ်သော ဆည်မြောင်းလက်တံမြောင်းမကြီးက မြောင်းမငယ်ကလေးများကို ရေခွဲပေးသည့်အခါ ထိုမြောင်းမငယ်မှ ရေကန်အထိ ရေကို တကန်တက ရေစီးမြောင်းတူးကာ သွယ်ယူခြင်းဖြစ်သည်။ မြောင်းနှင့် ရေကန်မှာ တစ်မိုင်လောက်ဝေးလေတော့ ရေက လမ်းမှာပဲ ပျောက်သွားတာလည်း ရှိသည်။ အဖေက တုတ်ရှည်ကြီးတစ်ချောင်းကိုင်ကာ မြောင်းပေါင်းတစ်လျှောက် အမှိုက်တွေကို အပင်ပန်းခံရှင်းရင်း ရေကို ဝိုင်းထဲအရောက် ခေါ်သွင်းရခြင်းဖြစ်သည်။ ရေကန်ထဲမှာ ရေပြည့်နေလျှင် ကျွန်တော်တို့က ရေဆင်းချိုး၊ စက္ကူလှေ လွှတ်၊ အဝေးကြာကန်က ကြာပွင့်ကြာပင်တွေ သယ်ထည့်၊ ကန်ရေစပ်မှာ သပြေပင်ကြီးတစ်ပင်ရှိသည်။ သပြေကြီးခေါ်ကြသည့် ခရမ်းသွေးတောက်တောက် အသီးတွေက ဝါဆို ဝါခေါင်တိုင်လျှင် တစ်ပင်လုံး ခဲနေအောင် သီးတတ်သည်။ ရေကန်ထဲကို သပြေသီးကြွေတာ ကျွန်တော် ကြားဖူးသော်လည်း ကျွန်တော်တို့ ဖတ်ရသော အဘိုး၏ ကဗျာထဲကလို ခရာချုံတွေ မရှိ။ မျှောနက်မရှိ၊ အုန်းလက်နွှား မရှိ၊ ကျွန်တော်တို့ ကစားခဲ့ရသည့် အုန်းလက်နွှားက အဘိုးပြောပြသည့် အုန်းလက်နွှား မဟုတ်။ သည်အကြောင်း ကျွန်တော်က နောင်မှာ အဘိုးကို ပြောပြသည်။

ထိုနေ့က အဘိုး ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်နေသည်။ အဘိုး အသက်တွေ ကြီးလှပြီ။ ကျွန်တော်က အဘိုးလို ပညာရှိကြီးကို အုန်းလက်နွှားကလေးအကြောင်း မေးရတာ အားနာနေမိသော်ငြား အဘိုးကတော့ ပက်လက်ကုလားထိုင်မှာ မှီထိုင်ရာက ငေါက်ခနဲ ထထိုင်သည်။ အဘိုး၏ မျက်နှာ ဝင်းပသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခရာဆိုတာ မင်းအောက်ပြည်နေရင်တော့ သိမှာပေါ့။ ဆူးတွေနဲ့။ ခရာဆူးချုံ ဟိုအထဲက မျှော့နက်မည်းကြီး တွယ်တတ်တယ်။ မျှော့နက်ဆိုတာ ချိန့်လားကွယ့်၊ မြွေနဂါးတောင် ကြောက်ဖူးကွယ်။ အဲသလို သူငယ်ချင်းတွေက ပြောတော့ နောက်တစ်ခုက တို့လည်း ကြောက်ပေါင် အတူသွားစို့၊ အုန်းလက်နွား လေး ထားခဲ့မယ်၊ သွားကွယ် သွားကွယ်။ ဟုတ်တယ်နော်။ ဆိုတော့ အုန်းလက် နွား သည့်တော့ ကံအားလျော်စွာ ပန်းချီဆရာကြီး ဘယ်သူတဲ့ကွာ။ အဘိုး မေ့နေပြီ။ အေး အေး ဦးဘဉာဏ်က သိတော့ သူက သူ့စိတ်ကူးနဲ့သူ အုန်းလက် နွားလေး ဆွဲထားတယ်။ အဘိုးတို့လုပ်ကစားတဲ့ အုန်းလက်နွားနဲ့ မတူဘူး။ အဲဒါနဲ့ အဘိုးက ရှာပြန်ပြီး အုန်းလက်နွား ယူခဲ့ရတယ်။ ဆရာရေ ဟောဒါပဲ အုန်းလက်နွားပေါ့လေ၊ အုန်းလက်ကလေးအပေါ်က ဓားနဲ့လှီးပြီးတော့ အုန်းသီးခွံ ကလေး တပ်ပေးလိုက်တာ။ ဒါ အုန်းလက်နွားပဲ။ တူတာ မတူတာ တခြား။ အဲဒါ အုန်းလက်နွား သဘောပေါက်သွားကြတယ်။ အဲဒါနဲ့ အုန်းလက်နွားလေး ထားခဲ့တာ။ အဲသည် ကဗျာကလေးရေးတော့ အဘိုးက ခေါ်တာပေါ့ကွာ။ 'မောင်ခွေးဖို့ ကဗျာများ' ဆိုပြီးတော့လေ။ အဲဒါ နောက်တော့ စာအုပ်ကလေး ထွက်လာတယ်။ စာအုပ်ထွက်လာတော့ စာကြည့်တိုက်မှူး ဦးခင်ဇော်က သည် ကဗျာကလေးတွေ သူ့သဘောကျတာနဲ့ သူက အရုပ်လည်း ဆွဲပေးတယ်။ Music လည်း ထည့်ပေးတယ်၊ ဂီတသင်္ကေတကလေးတွေနဲ့။ တစ်ဖက်က ပန်းချီကား၊ တစ်ဖက်က Music Notes နဲ့ပေါ့ကွာ။ အဲဒါနဲ့ စာအုပ်ထွက်လာရောကွာ။ ထွက်လာတော့ အဘိုးက ရန်ကုန်မှာ နေပြီဆိုတော့ ရွာကို ပို့လိုက်တယ်။ ကွမ်းခြံကုန်းကို ပို့လိုက်တယ်။ ပို့လိုက်တော့ ကွမ်းခြံကုန်းက အဘိုးရဲ့ ဦးလေးက အရုပ်ကလေးတွေ သဘောကျတာ တူပါရဲ့။ သူက ဈေးရောင်းတာကိုး၊ ဆိုင်ကို ယူသွားတယ်' ကျွန်တော်ကတော့ အဘိုးပြောပြနေသည့်ကြားက အဘိုး ပြော ဖူးသော စကားတွေကို ကြားနေမိပါသည်။ 'ကျွန်တော်ကတော့ တောသူ တောင်သား လူများစုတွေ ပညာဗဟုသုတ ရသင့်သလောက် ရပါစေဆိုတဲ့ ရည်ရွယ်ချက်အပြင် ရွှံ့ပျော့ပျော့နဲ့ တူတဲ့ ကလေးတွေဟာ နောင်ကြီးလာတဲ့ အခါ လူကောင်းသူကောင်း လူ့အဖိုးတန်ကလေးတွေ ဖြစ်ပါစေဆိုတဲ့ စေတနာနဲ့ ရေးတာပဲ' လို့ အဘိုးပြောဖူးသည်။ အမေက ကျွန်တော့်အတွက် 'မောင်ခွေးဖို့' ကဗျာစာအုပ်ကလေးကို လူကြုံမှာ ပေးသည်။

'မနက်စောစော ချိုးကူတာကို ကြားဖူးကြတယ် မဟုတ်လား။ မနက် ချိန်က နှမ့်ပုံ့ ချိုးကူသံကလေးက သာသာယာယာ ပျော်စရာ ပိုမကောင်းဘူးလား၊ ငါ့တူတို့ တူမတို့ အသံဟာလည်း ချိုးကူသံလို သာသာယာယာပဲ။ သည်တော့





မနက်ခင်း ချိုးကလေးတွေ ကူသလို ကလေးတို့ကော တေးမဆိုချင်ဘူးလား'

တေးကဗျာတွေကို ကလေးတို့ဖို့ ထုတ်ဝေလိုက်ပြီ။ သီကြတော့ ဆို ကြတော့။ အပြစ်ကင်းစွာနှင့် ပျော်ကြတော့။ မနက်ခင်းကလေး သာယာပါစေ သတည်း'

ကျွန်တော် ငယ်ငယ်က အဘိုးကဗျာတွေ ရွတ်ခဲ့တာကို ပြောပြသည်။ ညဘက် ရေနံမီးခွက်ကလေး ထွန်းကာ အဘိုးကဗျာစာအုပ်ကလေးကို ဖွင့်ရင်း အော်ရွတ်ရတာကို ပြောပြတော့ အဘိုး စိတ်ဝင်စားသည်။

'အဘိုးက သည်ကဗျာတွေကို ကောလိပ်မဂ္ဂဇင်းကို ပို့လိုက်တော့ ကောလိပ်မဂ္ဂဇင်းက တစ်ခါတည်း၊ သည်ကဗျာတောင် မေ့နေပါပြီကွာ။ ကိုဟိန်စွန်းက အရုပ်လှလှကလေးတွေနဲ့ သရုပ်ဖော်ပေးတယ်။ ကဗျာတစ်ပုဒ် သရုပ်ဖော်ပုံတစ်ပုံ ထည့်တာပဲ၊ ဆိုပြီးတော့ ကောလိပ်မဂ္ဂဇင်းမှာ ထည့်တာကိုး။ တွေ့တော့မှ စာအုပ်ကလည်း တွေ့တာ။ တွေ့တာဟာ သည်လို ကဗျာတွေ မတွေ့ဖူးဘူး။ အခုမှ တွေ့တယ်။ တို့မှာ ကလေးကဗျာရယ်လို့မှ မတွေ့ပဲကိုးကွ။ ကောလိပ်ကျောင်း မဂ္ဂဇင်းမှာ ပါလာတော့ ဝမ်းသာပြီး လက်ခုပ်တီးတာကိုးကွ။ လက်ခုပ်တီးတော့ အဘိုးက ဘာပဲပြောပြောလေ အားရတာပေါ့။ ဝမ်းသာ တာပေါ့။ အသက်ငယ်သေးတာလည်း ပါမှာပေါ့ကွာ။ ဝမ်းသာတော့ အရုပ်ထဲ လှည့်ပြတော့ မလိုသူက ပြောသေးတာပဲ။ မိုက်တဲ့ကောင်ပဲ။ အလကားပါကွာ သည်ကောင်ရေးတာ မဟုတ်ပါဘူးတဲ့။ ဟံသာဝတီ အရှေ့ပိုင်းမှာ သည်ကဗျာတွေ ရေးတာကြာလှပြီတဲ့။ ဦးစိန္တာဆိုတဲ့ နာမည်နဲ့ သတင်းစာတွေမှာ ကဗျာရေးတာ ကိုးကွ။ အဘိုးက ဟံသာဝတီအနောက်ပိုင်းမှာနေတာ။ အဘိုးက အရုပ်ထဲက ကလေးတွေဆိုတာ ပြောတာ သိတာ ကြည့်ပြီး နားထောင်ပြီး ရေးတာ။ ကလေး ကဗျာဖခင်လို့ အခုမှ ခေါ်ကြတာကိုးကွ၊ ဟိုတုန်းကတော့ မိုက်တဲ့ကောင်လို့ ပြောကြတာ'

(၃)

အဘိုးက တစ်ခါတလေ သူ့ရွာအကြောင်း ပြောပြတတ်သည်။ အဘိုးက သူ့ရွာကို ဟံသာဝတီ စီရင်စု ကွမ်းခြံကုန်းရွာလို့ ပြောတတ်သည်။ ကွမ်းခြံကုန်းက ဘုရားကျောင်းခေါ်ကြသည့် ရွှေကျင်ကျောင်းတိုက်မှာ ပညာသင်ခဲ့ရတာတွေ ပြောပြ တတ်သည်။ တက္ကသိုလ်ကို ရောက်တော့လည်း တက္ကသိုလ်ကျောင်းက Exhibition Scholarship ဆုနှင့် ဆရာမှတ်ကြီးကျောင်းမှ Mark's Scholarship ဆု တွေရတာ၊ ၁၉၃၃ ခုနှစ် ဝိဇ္ဇာဂုဏ်ထူးတန်း ပထမတန်းမှ အောင်မြင်လို့ ဂုဏ်ရှာကို



www.burmeseclassic.com

www.burmeseclassic.com



ဆု Jamshaji Medal ရတာတွေ ပြောတတ်သည်။ ဆရာကြီး ဂျီအိတ်ချ်လုစ် G. H. Luce က ၁၉၃၆ ခုနှစ် ဩဂုတ်လမှာ အဘိုးနှင့် ပတ်သက်လို့ ဥယျာဇဉ် ရေးဖူးသည်။

အဘိုးကို အင်္ဂလိပ်ဘာသာဖြင့် ရေးထားသောစာကြောင်းတွေ ကျွန်တော် ပြန်ဖတ်ပြတော့ အဘိုးစိတ်တွေ ၁၉၃၆ ခုနှစ်ကို ပြန်ရောက်သွားပုံရသည်။ နဖူးကို လက်ချောင်းများဖြင့် ထောက်ကာ တစ်စုံတစ်ရာကို တွေးနေသည်။ ပက်လက်ကုလားထိုင်ပေါ်မှာ အဘိုး ထိုင်နေတာကပဲ တော်တော်ကြာသွားသည်။

'အဘိုးတို့ အဘွားအိမ်မှာ ဆရာတို့က နေတာ၊ အဘွားအိမ်ရဲ့ အနောက်ဘက်မှာ ရေကန်ပျက်ကြီး ရှိတယ်။ ရေကန်ပျက်ကြီးမှာမှ ခရာဆူးချုံတွေ၊ ဗေဒါတွေရှိတယ်။ သည်ဘက်က ကသစ်ပင်ကြီးရှိတယ်။ ကသစ်ပင်ကြီး အောက်မှာတော့ စပယ်ချုံတွေ ရှိတယ်။ အဲဒါလေးတွေကို အဘိုးသဘောကျတယ်၊ အဲဒါကို အခြေပြုပြီးတော့ 'တောစံပယ်ဖြူ မွှေးကြူကြူ၊ လေချူလို့မွှေး၊ ပန်းထုံတဲ့လေချိုမှာ ရွှေချိုးဖို့ ကူသံဆင့်လို့' လို့ ရေးတာ၊ ချိုးတွေကလည်း လာပြီးတော့ ကူတယ်၊ နွေဆိုရင် မိုးလင်းတာနဲ့ လာလာပြီး၊ အဲ လာသလား မလာသလားတော့ မသိဘူး။ ကူသံတော့ ကြားရတယ်၊ အဲဒါတွေ ကြည့်ပြီး အဘိုးရေးတာ၊ ခါနွေဆန်းတော့ လွမ်းမိတယ်။ ကဗျာက ကဗျာစပ်နည်းအရတော့ ဘာရယ်လို့ မပြောတတ်ဘူး။ သစ်ရွက်ကလေးတွေက သစ်ရာကနေ နွေရောက်တော့ ဝါလာတာကို မြအသွေး ရွှေရေးလုလို့ ဆိုတာမျိုး ရေးလိုက်တာပဲ။ ကသစ်ပင်ကို ပါဠိလို 'ကောဝိလာ' ခေါ်တာကိုးကွ။ ပင်နန်းထက်ယံ ဆက်ရက်သံ၊ ကျက်ညံ့ကြော်ကြွေး ဆက်ရက်ကလေးတွေက အစားအသောက် ရှာဖွေစား သောက်ပြီး အားရင် သည်အပင်ပေါ် နေကြတာ၊ ဆက်ရက်ဆိုတာ မင်းသိတဲ့ အတိုင်းပဲ စကားများတဲ့ ငှက်တွေ။ 'မြိုင်မြိုင် စုံခြေ၊ ဆာဝေဝေ၊ ရွှေကသစ်ပန်း ကောဝိလာငယ်၊ တျာတျာရင့်လန်းကာပ၊ ပင်နန်းထက်ယံ ဆက်ရက်သံ ကျက်ညံ့ကြော်ကြွေး၊ မဖိုပျော်ပျော် တူနှစ်ဖော်၊ ထူးခေါ်ကာ မေးကြသနှင့်' လို့ အဘိုးက ရေးတာ။ 'ကွေးကွေးကျစ်ကျစ်၊ ဖူးပရစ်လည်း၊ ပြေလှစ်ခင်ခင်၊ စုံတစ်ခွင်ဝယ်၊ မြရှင်ရွက်ဦး၊ လုပ်လှဲ့လုပ်လီ လေအချီ၊ ဟိုသည်ညွတ်မြူးစဉ်မှ ကြည်နူးစဖွယ် တောအဆွယ်၊ သူငယ်နွားကျောင်း၊ ညောင်ညိုမှိုင်းချိုပ်၊ ပင်ပျိုရိပ်မှာ၊ အသာအိပ်လျောင်းကာပ၊ ခြောင်းခြောင်းပူလျှံ၊ သူရကန် တစ်ဆံမမူ၊ ဝါးပုလွေတို ရောင်စိုစိုကို လေချိုနှင့် ညှုရာက' ဆိုတာကတော့ အဘိုးတို့ရွာက သူငယ်ကလေးက နွားထွက်ကျောင်းရာက ချုံရိပ်မှာ အိပ်နေတုန်း သူသဘောကျ နေတဲ့ ကောင်မလေးက အဲသည်နားက ရေကန်မှာ ရေလာခပ်တာ ကြုံတာနဲ့





နှစ်ယောက်တွေ့ကြ စကားပြောကြတာလည်း ပါတယ်'

အဘိုးက သူ့စကားကို သူပြန်ပြုံးသည်။ နောက်တော့ တိတ်ဆိတ်သွားပြန်လေသည်။ ကျွန်တော်က အဘိုးပြောလက်စ စကားတွေ ရပ်သွားတုန်းမှာ 'လယ်စောင့်တဲ' ကဗျာကလေးကို သတိရနေသည်။ ကျွန်တော်တို့ရွာ စပါးခင်းများရှိရာ အရှေ့ဖျားနှင့် မြောက်ဖျား ကွင်းကျယ်က မိုးကုပ်စက်ဝိုင်းနှင့် သွားထိနေသည်။ ဟိုးအဝေးမှာ ရွာကလေးတွေရှိကြောင်း၊ ထုံးဖြူစေတီငယ်ကလေးတွေ ရှိကြောင်း သိရသော်ငြား ကျွန်တော် မရောက်ဖူးပါ။ သို့သော်လည်း ကွင်းကျယ်ကြီး၏ တစ်ဝက်ခရီးလောက်မှာ ဘကြီးဘိုးရင်၏ လယ်တွေ ရှိသည်။ သည် လယ်တွေကြားမှာ ရေမပြတ်သော လယ်တွင်းအင်းကြီးရှိသည်။ ကြာတွေက ခဲခဲသည်းအောင် ပွင့်နေကြတာ အင်းရေကိုပင် မမြင်ရ။ ကြာနီ တစ်ပွင့် ဖြူတစ်ပွင့်တော့ မဟုတ်။ မိုးရေ တကိရေ တဖွေးဖွေးနှင့် ကွင်းကျယ် အဝေးဝေး။ ဘကြီးဖိုးရင်၏ လယ်စောင့်တဲကလေးလည်း ရှိသည်။ သည်တဲ ကလေးနှင့် သည်ကြာတွေ ပဏာတင့်မှန်း ကျွန်တော်မသိခဲ့။

'အဘိုးကတော့ ဝါဒ်စ်ဝါ့သ်လည်း ကြိုက်တာပဲ။ ရှင်ဥတ္တမကျော် လည်း ကြိုက်တာပဲ'

တော်တော်ကြီးကြာမှ အဘိုးဆီက အသံထွက်လာသည်။

(၄)

'အဘိုးမှာက ကြွေးကြော်သံရယ်လို့ မရှိခဲ့ဘူးကွ။ သည်တော့ ရှေးက တည်းက ရှိခဲ့တဲ့ ယီးလေးငှလေးတို့ ယိုယီလေးတို့ကို ကြွေးကြော်သံလုပ်ရတာ၊ မြစ်ရိုးချောင်းရိုးတွေဆီက ကြားရတဲ့ အသံတွေပေါ့။ လှေလှော်ကြတာ။ သည် အသံက ကိုယ့်ဟာကိုယ်လည်း အားပေး၊ သူတစ်ပါးလည်း အားဖြစ်၊ ရေစုန် ရေဆန် လေစုန်လေဆန်၊ ညခရီး နေ့ခရီး၊ သည်အသံနှင့် အားဖြစ်ရတာ။ ညီညွတ်တဲ့အသံ၊ တစ်သွေးတမွေးတည်းရှိတဲ့ အသံကွ။ ဖောင်းတော်လုံခတဲ့ ကျောင်းတော်က ရန်စတွေတောင် သည်အသံကြားရင် လွှင့်ကုန်တယ်၊ အားနည်းတော့ ဖြည့်၊ ကြောက်တော့ ရဲဆေးတင်၊ ကွဲပြားနေရင် စုစည်း၊ သည် တက်ခေါ်သံက နယ်နိမိတ်မှ မရှိတာပဲကွ'

မှန်တိုင်းက ထန်၊ ချောင်းကလျှံ
ဝဲသံက ကြွေး၊ လှိုင်းကမွှေ၊
မိုးပေါက်ကနာ၊ ဖြုတ်ကလာ
လမ်းတာကဝေး၊ လေကအေး။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးစကားတွေကြားမှာ ကျွန်တော်ငယ်ငယ်က ရွတ်ခဲ့သည့် အဘိုးလက်ရာ ပုခက်လွှဲချင်းတွေကို ရွတ်ကြည့်နေမိသည်။ အဘိုးက သူ့စကားကို ဆက်သည်။ သူ့စိတ်မျက်စိ စိတ်နားမှာ မိုးသံလေသံ မှန်တိုင်းသံတွေ၊ ရေယက်ဖွေးဖွေး လေအေးအေးတွေ ရှိနေလိမ့်မည်။ ခရီးက ဝေးသေးသည်။ ကညင်ဂူရောက်သော်မှ ခရီးထက်ဝက်စာ ရှိသေးသည်။ ချောင်းဝရောက်တော့ မြစ်ကို ကူးရဦးမည်။ မိုးချုပ်ခါနီးလေ လေကအေးလေ၊ 'ဆူးလေနတ် ဘဂဝါ ပုဆိုးနှစ်ထည် ကန်တော့ပါ့မယ်ပ။ ဘဂိုး (ပဲခူး) မယ်ကြော့ရအောင်လို့ စောင်မတော်မူပါ' မောင်ရင်တို့ မောင်ရင်တို့ တောင့်တနေလို့ မပြီး၊ ယီးလေးလိုက်ကြဦးစို့။ တက်တစ်ချောင်းလျော့တော့ အားတစ်မျိုးနည်းသကွဲ့။ ကွေ့ကျော်ရင် နွားတင်းကုပ်ကို မြင်ရတော့မဟေ့။ တို့လယ်ထဲက တစ်ခေါ်လည်းမကာ၊ နှစ်ခေါ်လည်းမကာ၊ သည်ချောင်းက ထွက်၊ ဟိုမြစ်ကို ကူးပြီးရင် တောင်ဘက်ပင်လယ်ဝဆီက ပျပျကလေး မြင်ရတဲ့ တဲကြီးဆီကို လှော်ကြဟေ့၊ ကိုင်း ပြန်ကြစို့ လာကြဟေ့'

'ဖော်ချင်းတို့ရေ တို့တတွေ
လှော်လှေ့အပြေး ယက်ဖွေးဖွေး
ယီးလေ့လေ့၊ ယီးလေ့လေ့'

(၃)

ကိုအိတ်ချ်လုစ် ပြောသလို အဘိုးက ဇာတိသန့်သူဖြစ်သည်။ နှုတ်သုံးအရပ်သုံး သန့်သူဖြစ်သည်။ ကျေးလက်ဘဝကို စွဲလမ်းသလောက် ချစ်မြတ်နိုးသူဖြစ်သည်။ ရိုးစင်းသော ကလေးချော့ကဗျာကလေးတွေထဲမှာ နေပျော်ချင်သူဖြစ်သည်။ ကျွန်တော်က အဘိုး၏ ကဗျာတွေကို သစ်ပင်ရိပ်မှာ သင်ပေးသော ဆရာ့ကို သတိရသည်။ တောစပယ်နံ့နှင့် ချိုးကူသံကို ကျွန်တော် အောက်မေ့သည်။ သီတာကြည်လဲ့ ငှက်သံနွဲ့နှင့် လွမ်းဘွဲ့မြိုင်ခြေ မြူနိုးဝေတောကိုပင် လွမ်းတတ်အောင် သင်ပေးခဲ့သော ဆရာ့ဂုဏ်ကျေးဇူးတွေကို အဘိုးကို ပြောပြတော့ အဘိုးက ခပ်လေးလေး ခေါင်းညိတ်သည်။

'အဘိုးလည်း လွမ်းတာပါပဲကွာ၊ ငှက်ကလေးရယ် စိုးစီ စိုးစီ ဝင်းပေါက်မှာ မြည်၊ ချိန်တန်ပြီ ညီမထွေးရယ်၊ ဆွမ်းချက်စို့လေး ဆိုတာကိုတောင် လွမ်းတယ်။ အဘိုးမှတ်မိသလောက် ပြောပြတာပါကွာ။ မမှတ်မိလို့လည်း မရဘူးကွ။ အဆိုအဆဲခံရတာတွေလည်း ရှိတာကိုး။ ခွေးကတက်မှာ ပက်လက်ကုလားထိုင်တစ်လုံးနဲ့ ကလေးကဗျာတွေ စခဲ့တာကွာ'





ကျွန်တော် အဘိုးဆီက ပြန်တော့ အဘိုးခြံထဲက တောစံပယ်နံ့ကလေးတွေ လှိုင်နေသည်။ ချိုးကူသံကလေးတွေ ကြားနေရသည်။ သည်အကြောင်း အဘိုးကို ပြောပြလျှင် စပ်ခဲ့သော ကဗျာတစ်ပုဒ်ကို ရွတ်နေလိမ့်မည် ထင်၏။

'လှိုင်လှိုင်ပေါ၊ မြိုင်တကြော
တောစံပယ်ဖြူ
ဝတ်မှုန်ကျင်းတဲ့၊ သင်းကြူကြူကို
လေချူလို့လျှင်
ပန်းထုံတဲ့ လေချိုမှာ
ရွှေချိုးပျို ကူသံဆင့်ပေလိမ့်'

*(၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ ဆရာကြီးမင်းသုဝဏ်ကို ကျွန်တော် သွားရောက်ကန်တော့ခဲ့စဉ်က ဆရာကြီးပြောပြသမျှ အသံသွင်းယူခဲ့သည့် တိတ်ခွေမှ ပြန်လည်ကူးယူပါသည်)*

*Idea ၂၀၀၄ နိုဝင်ဘာလ*

www.burmeseclassic.com

www.burmeseclassic.com

## ကုန်းဓောင်း

ကျွန်တော်တို့ စီးလာသည့် ကားကလေးက ရောက်တော့ရွာအဝင် ဆည်မြောင်းဘောင်ပေါ် ရောက်သည့်အခါ လက်ဝဲဘက်ကို ချိုးကွေ့သည်။ ဆည်မြောင်းတာဘောင်ကို ခွပိတ်ထားသော သံတန်းအကာကြောင့် ကားကို ရပ်လိုက်ရသည်။ ဆည်မြောင်းဝန်ထမ်းကလေးတစ်ဦး ထွက်လာကာ တာဘောင် အသုံးပြုခွင့်လက်မှတ်တစ်စောင် ပေးသည်။ သံတန်းကလေးကို ဖြုတ်ပေးလိုက်သည့်အခါ ကားက အရှေ့ဘူးစူးကို လျှောခနဲ ထွက်လာခဲ့သည်။ လမ်းမှာ ရွာနိုင်ရွာကို ဖြတ်မည်။ ပြီးတော့မှ ကျွန်တော့်ရွာ 'ကုန်းဓောင်း'။

ကျွန်တော်တို့ ခရီးစဉ်က မန္တလေးမှ မြင်းခြံ၊ မြင်းခြံမှ ပုဂံဖြတ်လမ်း။ ထိုမှသည် ချောက်မြို့၊ ရေဝတီတံတားကို ဖြတ်ကာ စလင်းကို ဝင်မည်။ စလင်းမှာ ကဗျာဆရာ ကိုလမင်း (စလင်း) ရှိသည်၊ ကဗျာဆရာက သူ့ကျောင်းမှာ တည်းနိုဖို့၊ လာလည်ဖို့ ဖိတ်ထားတာ ကြာပြီ။ ကျောင်းမှာ တစ်ညတည်းကာ ကုန်းဓောင်းကို ခရီးဆက်မည်။ သည်ခရီးမှာ အစစအရာရာ အကုန်အကျခံကာ စီစဉ်ပေးသူမှာ ကျွန်တော့်မိတ်ဆွေ ကျောင်းဆရာ ဦးလှပိုင်ဖြစ်သည်။ သူ့ကားကို သူဆီထည့်၊ သူကိုယ်တိုင်မောင်း၊ လမ်းမှာ ကုန်ကျသမျှ ကျခံဦးမည် ဆိုသောအခါ ကျွန်တော်တို့ဘက်က 'နာ' စရာ သိပ်မရှိလေတော့ အားလုံးက သည်ခရီးကို စီစဉ်ဖြစ်ခဲ့ကြသည်။ ကျွန်တော်တို့ဆိုတာက ကျွန်တော်၊ ကိုဆူးငှက်နှင့် ဥတ္တရလွင်ပြင် ကိုသန်းဌေး (သင့်နော်) တို့ဖြစ်သည်။

'ကျွန်တော့် ကျောင်းကိစ္စတွေပြီးရင် Refreshment ရအောင် ခရီးထွက်ချင်တယ်။ ခရီးစဉ်ကို ဆရာတို့ပဲ ဆွဲပါ။ ကျွန်တော့်ကို အားမနာပါနဲ့။ သွားချင်တဲ့ ဆီသာ ပြောပါ၊ အားလုံးလည်း ကျွန်တော်ပဲ တာဝန်ယူပါရစေ'





သည်တော့ ကျွန်တော်ကပဲ စလင်းကို ရွေးသည်။ ဒေဝဒဟကို ရွေးမှတော့ ကပီလဝတ္ထုနှင့် နီးနေပြီမဟုတ်လား။ ကိုသန်းဌေးနှင့် ကိုဆူးငှက်တို့ကတော့ ကျွန်တော့်ရွေးချယ်မှုကို မငြင်းပါ။ တကယ်တမ်း သွားမည်ဆိုတော့ ကိုသန်းဌေးက သမီးတွေ စာမေးပွဲရက်နှင့် တိုက်နေသည်။ သူ မလိုက်နိုင်တော့။

'ကိုယ့်လူ တစ်ခါတည်း ပြောထားမယ်၊ လိုက်မှာက စာရေးဆရာတွေနော်။ ကျုပ်တို့ဆီကတော့ ဘာမှ မမျှော်နဲ့။ တစ်ပြားမှ ထွက်စရာရှိတာ မှတ်ဘူးရယ်'

ကျွန်တော်က 'နောက်' တော့ ကိုလှပိုင်က အားရပါးရ ရယ်သည်။ ဤသို့အားဖြင့် ကျွန်တော်တို့ နေ့ခင်း နှစ်ချက်ထိုးလောက် စလင်းကို ရောက်သည်။ စလင်းက ကျွန်တော့်အဖေရွာ။ အမေတို့ မိဘတွေ 'စလင်းတောစိမ့်' ကို စစ်ရှောင်ကြရင်း အဖေနှင့် အမေ တွေ့ခဲ့ကြသည် ဆို၏။ ဆိပ်ဖြူက ထွက်လာတော့ ဆင်ဖြူကျွန်းကို ဖြတ်သည်။ ဆင်ဖြူကျွန်းမှာလည်း ကျွန်တော်တို့ ဆွေမျိုးတွေ ရှိသည်။ ဆင်ဖြူကျွန်းမှာ 'ချောင်းထဲပွဲတော်' ဆိုင်းခန်းတွေ ထိုးထားပြီးဖြစ်သော်လည်း ပွဲတော် မစသေး။ ငယ်ငယ်ကတော့ ချောင်းထဲ ပွဲတော်ကို ရောက်ရသည်။ စလင်း ကုသိနာရုံဘုရားပွဲတော်ကို ရောက်ရသည်၊ ကျွန်တော်တို့ရွာ ကုန်းဓောင်းက ဂေါက်လှည်းကားကြီးကို စီးကာ မနက်စောစော ထွက်လာလျှင် ဆင်ဖြူကျွန်းကို မွန်းတည့်လောက် ရောက်သည်။ ကျွန်တော်တို့ ငယ်ငယ်က ကုန်းဓောင်း စလင်းဆင်ဖြူကျွန်း ခရီးစဉ်အတွက် ကားကြီးနှစ်စီး ရှိသည်။ တစ်စီးကို မမှတ်မိတော့သော်လည်း တစ်စီးကတော့ 'ရာသက်ပန်' လို့ နာမည်ပေးထားသည့် စစ်လက်ကျန်ကားကြီးဖြစ်သည်၊ လိုက်မည့် ခရီးသည်တွေက ကားကြီးပေါ်ကို 'အင်းထိုး' တက်ကြရသည်။ ကားခေါင်မိုးပေါ်က တန်းလန်းကျနေသော အားပြုကြိုးက ဖုထုံးကို မှီဖို့ တော်တော်ကြီး အားစိုက်ပါမှ လက်နှင့် ဆုပ်မိကာ ထိုမှတစ်ဆင့် တစ်ခါထပ်ညှစ်မှ ကားပေါ် ဒရောသောပါး ရောက်ရသည်။ လမ်းမှာ ရေခဏခဏ ဆင်းထည့်ရသည်။ စက်သေတိုင်း ဂေါက်ဆင်းဆင်းလှည့်ရသည်။ မည်သို့ပင်ဖြစ်စေ ရာသက်ပန်၏ ကျေးဇူးကြောင့် မိုင် ၄၀ လောက်အဝေးကို ရောက်ရသဖြင့် ကျေးဇူးတင်ပါသည်။ ကားက စစ်သုံးလက်ကျန်ဖြစ်သလိုပဲ ကုန်းဓောင်း–ဆင်ဖြူကျွန်းလမ်းကလည်း စစ်သုံးလမ်းကြမ်းပါပဲ။ လမ်းရွာတွေကလည်း သည်ကားကြီးအလာကိုပဲ မျှော်ကြရသည်။ ကားပေါ်မှာ ကြားရလေ့ရှိသည့်အသံတွေကတော့ ဆရာသိန်းဖေမြင့်၏ မုံရွာ ဘုတလင် ကားပေါ်က အသံမျိုးတွေသာဖြစ်သည်။ တိုးတိုးသက်သာ မရှိ။ တစ်ယောက်အကြောင်း တစ်ယောက် မကြားချင်လို့မရ။ ကားပေါ်မှာ ပွက်ပွက်ရိုက်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အဲသလောက် မရောက်ပါဘူးနော၊ ကျုပ် ဆင်းမဂ္ဂုန်းက ပြန်းသ ၊ မနေ့တစ်နေ့ကပါ ကြည့်လုပ်ဦးရှ၊ မလွဲသာလို့ စီးရသာရယ်၊ ဗီးတောအလျူက ရောက်အောင်လာခဲ့နော့ဆိုလို့ လိုက်ရသာ။ ပက်ဆတ်ကရှိသာ မှုတ်ဘူးရယ်'

ကားခများ သွားတာကို လမ်းရှာသူတွေ စောဒက တက်ကြခြင်းဖြစ်သည်။ ဆင်မဂ္ဂုန်းဆိုတာက ဆင်ဖြူကျွန်း၊ ရှဆိုတာက ဆရာ၊ ပက်ဆတ်က ပိုက်ဆံ။ 'နော' တွေကတော့ များလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ဖုန်တွေ ထုတက်နေသည့် ကျောက်လမ်းဟောင်းမှာ ရာသက်ပန်ကတော့ ဆင်အိုကြီး တစ်ကောင်လို လှုပ်လှုပ်ခြောက်ခြောက် သွားနေခဲ့သည်ချည်း။

စလင်းရောက်တော့ ဆရာတော် ဦးစန္ဒိမ (ကဗျာဆရာ ကိုလမင်း) က ဝမ်းသာအားရ ရှိတော်မူသည်။ ချက်ချင်း ထမင်းဟင်း စီစဉ်ပေးတော်မူသည်။ ကျွန်တော်တို့က မန္တလေးထိုးမုန့်နှင့် ကိုယ့်စာအုပ်ကလေးတွေ အသီးသီးလှူကြကာ စာပေစကားပိုင်းဖွဲ့ကြရသည်။ ညဘက်မှာ အဝေးရွာတွေက ကြွလာတော်မူကြသည့် စာပေဝါသနာရှင် ဦးပဥ္စင်းတွေက စာပေရေးရာတွေ မေးတော်မူတော့ ကျွန်တော်နှင့် ကိုဆူးငှက်က ဒိုင်ခံဖြေကြရသည်။ သည်ဦးပဥ္စင်းတွေက ကိုယ်ပိုင်စာကြည့်တိုက်ကလေးတွေ ထူထောင်ကာ ရွာတွေကို အသိမြင့်ပေးတော်မူကြသည် ဆို၏။ ဆရာဦးလှပိုင်က သူ့စာအုပ်တိုက်က ထုတ်ဝေခဲ့သည့် ချမ်းမြေ့ရတနာ စာအုပ်တွေ လှူသည်။

စလင်းမှာ မမျှော်လင့်ဘဲ တွေ့ရသူကတော့ ဆရာမန်းတင့်မော်ဖြစ်သည်။ သူကလည်း စလင်းသား ကဗျာဆရာ။ လောလောဆယ် ဆရာက ရေနံချောင်း ကောလိပ်မှာ သတ္တဗေဒဌာနတွဲဖက်ပါမောက္ခတာဝန် ထမ်းဆောင်နေသည်။ ကျွန်တော်တို့ နဂိုအစီအစဉ်ထဲမှာလည်း ရေနံချောင်းကောလိပ်ကို ဝင်ကြဖို့ အစီအစဉ် ရှိပြီးသား။ အခုတော့ ဆရာက စလင်းကို ရောက်နေသည်။ သည်တော့ စလင်းမှာ နှစ်ညအိပ်မည့် အစီအစဉ်ကို ဖျက်လိုက်ကာ တစ်ညသာ အိပ်မည်။ မနက်ပိုင်း ကုန်းဇောင်းကို မျက်နှာပြဝင်ကာ မင်းဘူး မကွေးမှ တစ်ဆင့် ရေနံချောင်း ကောလိပ် တစ်ညအိပ်မည်။ သည်တော့ ဆရာမန်းပါ ကုန်းဇောင်းကို ဝင်ဖို့ ဖြစ်လာသည်။

မနက်ပိုင်း ဆရာတော်က စလင်းမုန့်ပျားသလက်နှင့် စလင်းအကြော်တွေ ကျွေးလိုက်သေးသည်။ စလင်းက ထွက်တော့ ကျွန်တော့်ရင်တွေ ခုန်နေလေသည်။ ကုန်းဇောင်းကို သွားနေတာပါလား။ ကျွန်တော် ကုန်းဇောင်းကို မရောက်တာ ရှိရောပေါ့၊ ဆယ်နှစ်တော့။ ဆရာမဂျူးနှင့် တွေ့တိုင်း ကုန်းဇောင်း ရောက်ဖြစ်သေးသလား ကျွန်တော် မေးတတ်သည်။ ဆရာမက ရောက်ကြောင်း





ဖြေသည့်အခါ ကျွန်တော့်စိတ်ထဲမှာ ဆရာမကို ချီးကျူးမိသည်ချည်း။ ကိုယ့်ရွာ ကိုယ်ပြန်တာကို ချီးကျူးချင်တာထက် လမ်းခရီးခက်ခဲသည့်ကြားက ရောက်အောင် သွားနိုင်တာကို ချီးကျူးချင်တာ ဖြစ်သည်။ ရေနံချောင်းက ကုန်းဇောင်းကိုကူးဖို့ ဟိုတုန်းကတော့ ဈေးမော်တော်ရှိသည်။ မနက်တစ်ခေါက်၊ ညနေ တစ်ခေါက်။ သဲကိုင်းမြစ်ဆိပ်မှာ ဆင်း၊ မြင်းလှည်းစီး၊ ဒါလည်း လမ်းကြမ်းပါပဲ။ အခုတော့ နေပူကျဲကျဲ သောင်ပြန့်ပူချစ်ချစ်ကို ဖြတ်ကြရသည်။ ပြီးတော့မှ မြစ်မကို လှေကလေးနှင့် ဖြတ်ကူးကြသည်ဆို၏။ သည်ဒုက္ခကို ကျွန်တော် မခံနိုင်တာထက် လှေမစီးရဲတာက ပိုပါသည်။ လွန်ခဲ့သည့် ဆယ်နှစ်လောက်ကတော့ ကုန်းဇောင်းက စာပေဟောပြောပွဲပိတ်သည်။ ဆရာဦးအောင်သင်း၊ ဆရာမြသန်းတင့်၊ ဆရာခင်မောင်ညို (ဘောဂဗေဒ) နှင့် ကုန်းဇောင်းသား ကျွန်တော်။ စာပေဟောပြောပွဲက မင်းဘူး၊ စကု၊ ကုန်းဇောင်း၊ ငဖဲ၊ ကျွန်တော်တို့ မဟောဖြစ်ခဲ့။ မင်းဘူးအစီအစဉ်ပျက်တော့ စကုကို ကူးကြရသည်၊ စကုကလည်း ပျက်တော့ ကုန်းဇောင်းကို ကူးကြရသည်။ စကုအဖွဲ့က ကျွန်တော်တို့ကို ကျောင်းတော်ရာဘုရား အထိပို့၊ ကုန်းဇောင်းက ကျောင်းတော်ရာကို လာကြို၊ ကျွန်တော်တို့အားလုံး ကျောင်းတော်ရာဘုရားက မစောင့်ကြတော့ဘဲ မှန်းချောင်းထဲဆင်းကာ မှန်းသောင်ပြင်က တဲငါတဲမှာ အိပ်ရင်း စောင့်ကြရတာကို ကျွန်တော် သတိရနေသည်။

'အမေနဲ့ ကျွန်တော် သည်မှန်းချောင်းထဲမှာ မိုးတွင်းဆို ထင်းဆယ်ကြရတယ်။ ကျွန်တော်က မိုးတွေသည်းသည်း သစ်ပင်ရိပ်က စောင့်ရတယ်။ အမေက ကမ်းပါးတွေ ပြိုနေတဲ့ကြားက ဝါးချိတ်ကြီးတွေနဲ့ ထင်းတွေ လှမ်းလှမ်းဆွဲရတာ ဆရာ။ ပဲပင်ပေါက်ချိန်ကျတော့လည်း သားအမိနှစ်ယောက် ပဲပင်တွေ လာကောက်ကြတယ်၊ ရလာတာတွေ အမေက ဝေသေးတာ၊ အမေ ကောက်သင်းကောက် တဲ့အခါတွေတော့ ကျွန်တော် လိုက်မသွားဘူး။ လယ်ကွင်းတွေထိပ်ကပဲ နေဝင်ရီတရော အမေ ကောက်သင်းကောက် ပြန်လာမယ့်လမ်းက ကြိုတတ်တယ်'

'အဲသည်တော့ ခင်ဗျားအဖေက ဘယ်မှာလဲ'

'အဖေက သည်တုန်းက ရန်ကုန်မှာ အလုပ်လုပ်နေတာ ဆရာ၊ ကျွန်တော်တို့ သားအမိက ရွာမှာနေခဲ့ရတယ်။ အဖေက ပိုက်ဆံကလေး မဖြစ်စလောက် ပို့နိုင်တာပါ ဆရာ၊ ဒါပေမယ့် ကျွန်တော့်ကို ဖြစ်အောင် ကျောင်းထားရှာတယ်'

ဆရာက မှန်းချောင်းပထဝီဝင်ကို ကြည့်ရင်း ကျွန်တော့်ကို အင်တာဗျူးနေခြင်းဖြစ်သည်။ ဆရာအောင်သင်းကတော့ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေသည်။ ဆရာခင်မောင်ညို (ဘောဂဗေဒ) ကတော့ နားထောင်ရုံ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



တို့နှင့် အတူ မုန်းချောင်း တံငါတဲတစ်တဲမှာ သည်လိုစကားတွေ ပြောရလိမ့်မည် မထင်ခဲ့။ အခုတော့ ဆရာလည်း မရှိတော့ပြီ။

ကျွန်တော်တို့ ကားကလေးက တာဘောင်အတိုင်း ကျည်းကျည်းကျပ်ကျပ် မောင်းနေရသည်။ ကုန်းဖောင်းရေပြန် မှန်းနားရွာတွေက စက်သီးတွေကို ရပ်ရှောင်ကြရသည်။ တာဘောင်ပေါ်က သရက်ပင်တန်းကတော့ တချို့အပွင့်ကလေးတွေ ပြနေလေသည်။ ရွာခိုင်မှာ ကျွန်တော်တို့ ဘကြီးတွေ ရှိသည်။ သစ်သီးဥယျာဉ်ကြီးတွေ ပိုင်ဆိုင်ကြသည်။ ဥယျာဉ်ထွက် ငှက်ပျော၊ မာလကာ၊ ဩဇာ၊ သရက်စသည့် အသီးတွေ ရောင်းချကာ နှစ်ပေါင်းများစွာ သူတို့စိုက်ထားသည့် သစ်ပင်တွေလို နေရောင်ခြည်လုရင်း ငေါင်းစင်းစင်းနေထိုင်ကြသူများဖြစ်သည်။ တစ်ခါ တစ်ခါ အမေသည် ဘကြီးတွေရှိရာ ဥယျာဉ်ကြီးတွေထဲ ခေါ်လာတတ်သည်။ ကျွန်တော်က အပင်ပေါ်မှာ မှည့်နေသမျှ သစ်သီးထိုးချကာ အားပါးတရ စားလေ့ ရှိသည်။

ဆရာမန်းတင့်မော်နှင့် ကိုဆူးငှက်က ကားနောက်ခန်းမှာ ငြိမ်သက်နေကြသော်လည်း သူတို့လည်း တွေးနေတာတွေ ရှိမည်။ ဦးလှပိုင်ကတော့ ကားတစ်စီးစာသာ ကျယ်သော လမ်းကို ထိန်းမောင်းနေရသည်။ သူက တစ်ဖက်သားကို အားနာစရာကောင်းလောက်အောင် ကူညီတတ်သူ။ စလင်း ကုန်းဖောင်းပင်မကားလမ်းက ကုန်းဖောင်းကို သွားဖို့ မဖြစ်နိုင်ကြောင်း စလင်းက မိတ်ဆွေတွေက ပြောကြတော့ ကျွန်တော်ပင် စိတ်ဓာတ်ကျသွားခဲ့သည်။ ဒါကို သူဘယ်ကသွားရင် ရောက်မလဲသာပြောဗျာ၊ ကျွန်တော် ရောက်အောင်သွားမယ်ဆိုကာ ဖြစ်သည့်လမ်းက မောင်းလာခဲ့ခြင်းဖြစ်သည်။ ကျေးဇူးကြီးလှချည့်။

ကျွန်တော်ကတော့ မြင်ကွင်းတွေကို ကြည့်ရင်း ထန်မင်းဆက် တရုတ်ကဗျာဆရာကြီး He Zhi Zhaung ၏ ကဗျာတစ်ပိုဒ်ကို သတိရနေသည်။ ကျွန်တော်နှင့် တစ်ထပ်တည်း ကျနေသည့် ကဗျာ။

*'ကလေးပေါက်စ ဘဝ ကျွန်တော့်ဇာတိက ထွက်လာခဲ့တယ်။ အခုအိုတော့မှ ပြန်လာခဲ့တယ်။ ကျွန်တော့် နားသယ်မွေးတွေသာ ပါးသွားကုန်တယ်။ ရွာရန့်ကတော့ မပြောင်းလှဘူး။ ကလေးတွေက ကျွန်တော့်ကို ကြည့်ကြတယ်။ ဒါပေမယ့် မသိကြပါဘူး။ ရယ်လိုက်ကြတာ။ သူစိမ်းကြီးက ဘယ်ကလာတာလဲ'*

ကျွန်တော့်ကို သရက်ပင်တွေကလည်း မမှတ်မိ။ မိုးကုပ်စက်ဝိုင်းကလည်း မမှတ်မိ။ ရေကောနေသည့် မြောင်းဖောက်ကြီးကလည်း မမှတ်မိ။ အနီးက နတ်ကွန်းစင်ကလည်း မမှတ်မိ၊ ရေပို့မြောင်းကလေးကလည်း မမှတ်မိ။





ကန္တာရ ပင်တွေကလည်း မမှတ်မိ။ ကျွန်တော့်နားသယ်မွေးတွေ ပါးလျားကုန်သည့်တိုင် ရွာရန့်ကတော့ ပြောင်းလဲနေလိမ့်မည် မထင်။

ကုန်းဖောင်းကိုနီးတော့ ဘယ်ဘက်မှာ သရက်တောကြီးရှိသည်။ ကျွန်တော့်တိုးအေများ ပိုင်ခဲ့သည့် သရက်တောဆိုသော်ငြား ကျွန်တော် ငယ်ငယ်ကတည်းက သူတစ်ပါးကို ရောင်းပြီးသား ဖြစ်နေတာ မှတ်မိသည်။

*'ဖော်ရွေမှုကင်းသည့် တောင်တန်းကြီးများကို ကျော်၍ မျှော်ကြည့်ရင်း ကျွန်တော်သည် ကိုယ့်ဇာတိရပ်ရွာကို သတိရနေပါသည်။ ထိုစဉ်က ခံစားချက်သည် သာမန်အချိန်မျိုးသာဆိုလျှင် အံ့ဩဖို့ ကောင်းပါသေးသည်။ ကျွန်တော်သည် ဇာတိမြေကို စွန့်ခွာကာ ကမ္ဘာအနှံ့တွင် လျှောက်သွားမိခဲ့လေခြင်းဟု နောင်တရကာ ထိုအချိန်များကို နှမြောနေမိပါသည်။ နောက်တစ်ခါ ဒီဇာကမ်းခြေမှ တောင်ကမ်းပါးများကို ကောင်းကောင်းမြင်ရလျှင် ထိုကမ်းခြေမှ ဘယ်တော့မှ မခွာတော့ဟု ကျွန်တော် ဆုံးဖြတ်မိပါသည်။ ထိုသို့သော အိမ်ခင်စိတ်လေးကြောင့် အင်္ဂလန်ပြည်တစ်ဝန်းသို့ ကျွန်တော် ခရီးသွားဖြစ်ခဲ့ခြင်းဖြစ်ကြောင်းကိုမူ ထိုစဉ်က ကျွန်တော် ကောင်းကောင်းသတိမထားမိပါ။ 'ပါလက်စတိုင်း' ပြည်မှ နွေးထွေး ခင်းကင်း၍ ကြည်နူးဖွယ်မရှိသော တောင်တန်းကြီးများကို ကြည့်ရင်း ကျွန်တော့် ဇာတိတိုင်းပြည် ဆည်းဆာချိန် ရွာလယ်လမ်းကလေး၊ ငြိမ်သက်နေသော လေထဲ တလူလူလွင့်နေသော ထင်းမီးခိုးနံ့နှင့် သက်ကယ်မိုးအောက်မှ ဆည်းဆာရောင် တောက်နေသော ယင်းလိပ်နီနီများကို အလိုလို လွမ်းမိပါသည်'*

အင်္ဂလိပ်စာရေးဆရာ H.V. Horton Jr. ၏ အဖွဲ့ဖြစ်သည်။ ဇာတိဆိုသည့် ပါဠိသက်ဝေါဟာရက ပဋိသန္ဓေနေခြင်း၊ ပဋိသန္ဓေတည်ခြင်းကို ဆိုသည်။ မျိုးရိုးကို ဆိုသည်။ မွေးဖွားရာ အရပ်ကိုလည်း ဆိုသည်။ ပဝတ္တိကတော့ မွေးသည်မှ သေသည့်အပိုင်းအခြားတစ်လျှောက်လုံးကို ဆိုသည်။ တစ်နည်းအားဖြင့် သင့်လျော် အပ်စပ်ရာနေရသော ကြီးပြင်းရာ အရပ်ဖြစ်သည်။ ဇာတိ၊ ပဝတ္တိ။ ကုန်းဖောင်းကတော့ ဇာတိဖြစ်သော်ငြား ပဝတ္တိမဟုတ်တော့။ အမေကတော့ ကိုယ့် ဇာတိရပ်ရွာဆိုတော့ ကိုယ့်ကိုခေါ်ရင်တောင် ကြားနိုင်တဲ့အရပ်ပေါ့ကွယ်လို့ ပြောဖူးသည်။

မြောင်းဘောင်တာရိုးက ဖွဲ့ဆင်းလိုက်တော့ ကားက ကုန်းဖောင်း အထက်ဘေးကို ရောက်လာခဲ့သည်။ ကျွန်တော်ငယ်ငယ်က နေခဲ့သည့်ကျောင်း မဟုတ်တော့။ အဆောက်အအုံတွေကအစ ပြောင်းလဲသွားခဲ့ပြီ။ ကျွန်တော်တို့တုန်းက ပျဉ်ထရံကျောင်း။ ပြီးတော့ အလယ်တန်းကျောင်း။ ကျောင်းကို မြင်လိုက်ရတော့

www.burmeseclassic.com



အမေ့ကို သတိရသည်။ ကျွန်တော့်ကို ကျောင်းအပ်တော့ ဗန်းကလေးထဲမှာ ဖယောင်းတိုင် သုံးတိုင်၊ မုန့်ကလေး တစ်ထုပ်။ ကျောင်းအုပ်ဆရာကြီး ဦးသန်းတင်ကို ထိုင်ကန်တော့လိုက်တော့ ကျောင်းအပ်ကိစ္စ ပြီးပြီ။ အမေမရှိလျှင် ကျွန်တော် ကျောင်းမတက်ဘူးလို့ ဂျီတိုက်တော့ အမေက ကျောင်းဝင်္ကန္တာရပင်ကြီး အရိပ်မှာ ရပ်ရင်း ကျွန်တော်မြင်အောင် လှုလှုံးပြနေတာကို သတိရသည်။ တစ်ရက် နှစ်ရက် မဟုတ်။ ရက်ပေါင်းများစွာ။ သည်လမ်းကလေးက မြောင်းဘောင်ဘက် သွားရာလမ်းဆိုတော့ ကျွန်တော်တို့ မကြာခဏ ဖြတ်သန်းရာ လမ်းကလေးဖြစ်သည်။ ကျောင်းရှေ့ရောက်တော့ ကျွန်တော်ကစားခဲ့ရာ ဘောလုံးကွင်း။ သူငယ်ချင်း သာထက်အောင်ကိုပါ သတိရသည်။ သည်ကောင်နှင့် ကျွန်တော်က အတန်းတူ၊ ခုံတူ သူငယ်ချင်း။ ကျွန်တော်တို့ ငါးတန်းအောင်ကြတော့ သူက ဆင်ဖြူကျွန်းကို ပြောင်းရသည်။ အခုတော့ သူက ဩစတြေးလျမှာ။ သူ့ဆီ ကျွန်တော် စာမရေးဖြစ်။ တစ်ခါတော့ မန္တလေးကို ညကြီးသန်းခေါင် ရောက်လာခဲ့သည်။ သူ စာတွေရေးဖြစ်နေတာ ဖတ်နေရသည်။ မနေ့တစ်နေ့က သူ့စာအုပ်ကလေး ထွက်လို့ ဝယ်ထားရသေးသည်။ နောက် သူငယ်ချင်းတစ်ယောက်ဖြစ်သည့် မောင်မောင် (အိုနိမ်းကြီး) ကတော့ အင်းလေးကန်ထိပ်မှာ ရွှေအင်းလေး စားသောက်ဆိုင်ပိုင်ရှင်ဖြစ်နေပြီ။

ကျွန်တော်တို့အိမ်ကတော့ မရှိတော့ပါ။ အမေ့ညီမက မွေးသော ကျွန်တော့်ဝမ်းကွဲညီအစ်ကိုတွေသာ သည်ဝိုင်းကြီးထဲမှာ နေကြတော့သည်။ ကျွန်တော်တို့ အိမ်နေရာဟောင်းကို ကိုဆူးငှက်နှင့် ကိုလှပိုင်တို့က ဓာတ်ပုံရိုက်ပေးသည်။ သက်ကယ်မိုး ကုပ်ကွေးကွေး အိမ်ကလေးထဲမှာ အမေနှင့် ကျွန်တော် နေခဲ့ရသည်။ သံဖြူမီးတိုင်ခွက်ကလေးတစ်လုံးနှင့် နေရသော်လည်း ကျွန်တော့်ဘဝ လင်းလင်းကျင်းကျင်း ရှိလှသည်။ အမေနှင့် ကျွန်တော် သူတကာနာရေးချ ဆောင်တာတွေ လိုက်ပို့သည်။ ညတရားပွဲတွေ သွားနာတော့လည်း ကျွန်တော်ပါသည်။ ဗလာဇာတ်တွေ လာကတော့လည်း အမေနှင့် ကျွန်တော် အရောက်မပျက်။ ၁၉၅၀ နှင့် ၆၀ ကြားက တစ်ခါတစ်ရံ မြည်ဟည်းတတ်သော သေနတ်သံတွေကိုလည်း ကျွန်တော် မှတ်မိနေသည်။

အမေကတော့ သည်အိမ်ကုပ်ကလေးထဲကို တစ်နှစ်တစ်ခေါက် (ကျွန်တော့်နွေကျောင်းပိတ်ချိန်နှင့် ချိန်ကာ) ရောက်လာတတ်သည်။ အဖေလာတိုင်း ကျောက်မီးသွေးမိုင်းက တက်လာသည့် အလုပ်သမားတစ်ယောက်နှင့် တူနေသည်။ အဖေ၊ အမေနှင့် ကျွန်တော်တို့ ဆုံကြသည့်ရက်တွေကတော့ တကယ့်မိသားစု ဘဝဖြစ်သည်။ အဖေက ကျွန်တော့်အတွက် အင်္ကျီကလေးတွေ





မုန့်ဝယ်လာသော်လည်း မတော်တာက များတာလည်း သတိရသည်။ ကျွန်တော့်ကို ညီအစ်ကိုဝမ်းကွဲ တူမတွေ ဝိုင်းနေကြသည်။ ကျွန်တော်တို့အိမ်ရှေ့မှာ ဆရာမြသန်းတင့်နှင့် ရိုက်ထားသည့်ဓာတ်ပုံကို ပြကြသည်။ ခဏနေတော့ အိမ်ထောင်ကျနေပြီဖြစ်သည့် ကျွန်တော့်နှမရောက်လာသည်။ သူလည်း အသက်ကြီးပြီ။ ကျွန်တော်က နှမလေးကို ဖက်လိုက်တော့ ငယ်ငယ်က တစ်ယောက်ကို တစ်ယောက်ဖက်ရင်း ကျောင်းသွားရတာကို သတိရမိသည်။

'နင်တို့ အဆင်ပြေကြရဲ့လား'

'သည်လိုပေါ့ဟယ်'

ကျွန်တော့်ကိုလည်း အဆင်ပြေရဲ့လားမေးတော့ ကျွန်တော်လည်း သည်လိုပေါ့ဟယ်လို့ပဲ ဖြေရသည်။ အစ်ကိုတွေက တစ်ညအိပ်ဖို့ တားကြသော်လည်း မအိပ်နိုင်။ ကျွန်တော့် ကျောင်းနေဖက်သူငယ်ချင်း သန်းစိုးရောက်လာသည်။ သူငယ်ချင်းမတွေကတော့ ကျောင်းဆရာမတွေဖြစ်နေကြကာ မကွေးမှာ ရှိနေကြသည်ဆို၏။ ကုန်းဇောင်းလမ်းတွေကို ကားနှင့် လှည့်ပတ်ရင်း 'အာရုံမျက်မြင် ဖူးမျှော်ချင်၊ သည်တွင် ရွှေမြို့၊ သည်သို့ စေတီ၊ သည်ဆီ ရွှေနန်း' လုပ်ရတော့မည်။

ကျွန်တော်က ခြံဝင်းကြီးထဲ လျှောက်ကြည့်သည်။ အရင်က ကျွန်တော်တို့ ကြံစိုက်သည့် အကွက်ကြီးမှာ ခြောက်သွေ့နေကာ ဘာပင်မှ မရှိ။ အရင်က ရှောက်ပန်းပင် (ကျွဲကောပင်) ကြီးလည်း မရှိတော့။ သရက်ပင်တွေလည်း မမြင်။ ကျွန်တော်တို့ ငယ်ငယ်က ခြံထဲမှာပင် ရေကန်ကျယ်ကျယ် တစ်ကန်ရှိတာလည်း မှတ်မိသည်။ သည်ရေကန်ထဲကို ရေရောက်ဖို့ မလွယ်။ မုန်းချောင်းက လွှတ်သော မြောင်းလက်တံကရေကို တစ်မိုင်လောက်အဝေးက သွင်းယူရခြင်းဖြစ်သည်။ ကျွန်တော်တို့ ငယ်ငယ်က သည်ရေကန်ကြောင့် သစ်ပင်ပန်းပင်တွေ၊ သီးပင်စားပင်တွေ အုံ့ဆိုင်းကာ နေချင့်စဖွယ်။ အဘိုးအဘွားတို့၏ စိတ်ကူးတွေက လေးစားစရာ။

'မင်း ဘယ်တွေ သွားချင်သလဲ' 'ဘာရယ် မဟုတ်ပါဘူး။ ရွာလမ်းတွေကို တတ်နိုင်သမျှ ရောက်ချင်တယ်။ ဈေးကို ရောက်ချင်တယ်။ စက်တန်းဘက်လည်း ရောက်ချင်တယ်။ အမေရေခပ်တဲ့ ရေတွင်းလည်းရောက်ချင်တယ်'

အစ်ကိုတွေက ရှေ့က စက်ဘီးနှင့် ထွက်ကြတော့ ကျွန်တော်တို့ ကားက နောက်ကလိုက်ရသည်။ ကျွန်တော်တို့ ကိုရင်ဝတ်ရာ ပွဲကြည့်ရာ ရွှေကျောင်းကို အရင်ကြည့်ရသည်။ အမြဲတမ်း ဇာတ်ခုံကလေးနှင့် ပွဲကြည့်ကွင်းက ဇာတ်မလာတော့တာ ကြာပြီဖြစ်ကြောင်း သိသာလှသည်။ နောက်တော့ လမ်းတစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ကို ချိုးကာ ကျွန်တော်ငယ်ငယ်က ကစားရာအိမ်ဖြစ်သည့် မမကြည်ဝင်းတို့ အိမ်ကို ရောက်သည်။ မမကြည်ဝင်းက ကျွန်တော့်အတန်းသူ၊ သူငယ်ချင်း တိုးမြင့်၏ အစ်မဖြစ်၍ ကျွန်တော့်ဒဏ်ခံရရှာသူဖြစ်သည်။ ချုပ်လက် ချုပ်သား ကောင်းသဖြင့် မမကြည်ဝင်း၏ စက်က မနားရ၊ ကျွန်တော်တို့က နောက်ဖေးမှာ ဝါးလုံးတန်းထိုးကာ ဘောလီဘောပုတ်၊ ကြို့လျှင် ထမင်းဝင်စား။ သည်တုန်း ကတော့ မမကြည်ဝင်းက ဖြူဖြူချောချော အပျိုကြီးဖြစ်သည်။ အခု ကျွန်တော် တွေ့လိုက်ရတော့ အသက်ကြီးလှပြီ။ အပျိုကြီးပီပီ သည်အိမ်မှာ သူသာကျန်ရစ် တော့သည် ထင်၏။

'နင် ငါ့ကို သတိရသားပဲဟဲ့။ တစ်ခါတလေ ပြောရတယ်။ တို့အိမ်က စာရေးဆရာတွေ ထွက်တယ်လို့၊ နင်ရော မဂျူးရော အငွေ့ရော တို့အိမ်မှာချည်း လိုလိုနေကြတာမဟုတ်လား။ မဂျူးဆီ ငါရောက်တယ်။ သုံးပတ်လောက် နေခဲ့ သေးတယ်။ မဂျူးက လိမ်မာတယ်။ မိသားစုတွေတောင် မကပါဘူးဟယ်။ ငါတို့ တောင် စောင့်ရှောက်တယ်'

'အငွေ့' ဆိုတာက သာထက်အောင်၏ ငယ်နာမည် ဖြစ်သည်။ မမကြည်ဝင်း မောင် (ကျွန်တော်တို့ သူငယ်ချင်း) တိုးမြင့်ကလည်း စာသရဲ၊ ကျွန်တော်တို့ထက်ပင် စာဖတ်နာသူဖြစ်သည်။ အခုတော့ တရားရေးဝန်ထမ်း ဘဝဖြင့် အဝေးမှာ။ ခင်ဦးမှာလား၊ ရွှေဘိုမှာလား မသိ။

သည်က ထွက်တော့ ကုန်းဖောင်းဈေး။ ဈေးကွဲပြီ။ သူငယ်ချင်း သန်းစိုးက ဈေးထဲ လိုက်ပြနေသေးသည်။ ဈေးဝက ဆိုင်မှာ ကော်ဖီသောက်ရင်း နမတွေ၊ တူမတွေအိမ် တစ်အိုးတအောင့် ဝင်ရသေးသည်။ ရေတွင်းကို တွေ့တော့လည်း အမေ့ကို သတိရသည်။ ဈေးကိုတွေ့တော့လည်း အမေ့ကို သတိရသည်။ ပြဇာတ် တစ်လုံးထိုး ရုပ်ရှင်ရုံလည်း မရှိတော့၊ ကျွန်တော်တို့ မုန့်ဝယ်စားရာ ဒေါ်ကြီးမြမေ မုန့်ဆိုင်ကကော။ လွမ်းစရာ၊ ကျွန်တော်တို့ ဆံပင် ညှပ်နေကျ ဘိုးတိုင်းကျော် မရှိတော့၊

တရုတ်စာရေးဆရာ ရှဲန်တောင်း (Shentao) က ဇာတိချစ်စိတ် ဆိုသည် ရိုးရိုးကလေးသာဖြစ်သည်။ ဇာတိကို ချစ်ကြခြင်းမှာ ကိုယ့်ဇာတိ ကိုယ့် ရပ်ရွာတွင်သာ ချစ်စရာတွေ တစ်ပုံတပင်ကြီးတွေ့နိုင်လို့ဖြစ်သည်။ သည်ချစ်စရာ တွေက မဖြတ်နိုင်သော သံယောဇဉ်နှင့် တွယ်ဆက်နေသည်။ ဇာတိသည် တွယ်တာမှု ရှိသော နေရာသာဖြစ်သည်လို့ ရေးခဲ့သည်။ တကယ်တော့ အလွမ်း၏ တရားကိုယ်သဘောမှာ လောဘဖြစ်သည်။ သည်လောဘကိုပင် တဏှာ၊ သမုဒယ၊ ကိလေသာ၊ ယောဂ၊ ဂန္ထ စသည်ဖြင့် ခေါ်ကြသည်လည်း ရှိသည်။ သို့သော်





သည်လောဘသည် ချိုမြိန်သော လောဘဖြစ်သည်။ သက္ကရာဇ် ၇၈၀ လောက် က တောင်ငူမှာ မင်းပြုသော အင်းဝသား စောလူးသခံယာဘုရင်က မင်းပင်ဖြစ် သော်လည်း အင်းဝပင်ကျားဈေးက မုန့်ကျစ်ကို လွမ်းခဲ့သည်။ အမှုတော်ထမ်း တောင်ငူသားတို့ ထွက်ပြေးကြသည့်အခါ ဘုရင်က လိုက်လံဖမ်းဆီးခြင်း မပြု။ ခင်းတို့ ငစိုင်ကန့်ဂလာနဲ့ ဆွာငလူးကို သတိရရင် ပြန်လာကြပါလိမ့်မယ်လို့ ဆိုခဲ့သည်။ မုန့်ကျစ်၊ ကန့်ဂလာ၊ လူးတို့သည်ပင် လွမ်းစရာကောင်းလျှင် ကျွန်တော်အဖို့ မြင်မြင်သမျှ လွမ်းစရာတွေချည်းဖြစ်နေတာ မဆန်းလှပါ။ အမေရိကန် စာရေးဆရာ ဥွန်အပ်ပ်ဒိုက်ကလည်း သူ့ရွာ ရှီလင်တန်ကို မမေ့ နိုင်ကြောင်း စာဖွဲ့ဖူးသည်။

'မင်း ငယ်ငယ်က သိပ်ကျောင်းပြေးတာ။ ကုလားဘုရားကျောင်း ကလေးက ကပ္ပိယကြီးဆီမှာ မင်းသွားနေတာကိုပဲ တစ်ပတ်လောက်ကြာတယ်။ မင်းအမေက မင်းကို မဆူဘူးကွ။ ကပ္ပိယကြီးကို ရန်တွေ့တာ'

ကုလားဘုရားကျောင်း နေရာဟောင်းကို ပြရင်း အစ်ကိုက ပြောပြ နေသည်။ ကျွန်တော်တို့ကားလေး ပြန်ထွက်လာသည်အထိ ကုန်းဖောင်းက ကလေးတွေက ကျွန်တော့်ကို မသိကြပါ။ ကုန်းဖောင်းကိုယ်တိုင်က ကျွန်တော့် ကို မှတ်မိဟန်မရှိ။ ဇာတ်ဝင်ခန်းမှာ ဝင်လာမိသော ပြဇာတ်သရုပ်ဆောင်တစ် ယောက်လို့ ကျွန်တော်ခံစားနေရသည်။ ဒါပေမယ့် ကျွန်တော့်ဇာတိရွာကလေးကို ကျွန်တော် ဖျတ်ခနဲ မြင်လိုက်ရပြီ။ ရွာက ပိုများဟောင်းမြင်းသွားလေသလား။ ဘော်ကြယ်တွေ ပြုတ်နေသည့် မင်းသမီးဟောင်း၏ ခါးတောင်အင်္ကျီတစ်ထည်နဲ့ တူနေသည်ဟု ကျွန်တော် ခံစားနေရသည်။ ကုန်းဖောင်းက တောင်မရိုးပင်အိုက သစ်ခေါက်နှင့် တူနေသည်။

'ရေနံချောင်းကောလိပ်မှာ ညအိပ်မယ်ဆိုရင် ဖာတ်ပုံရိုက်သွားဦး။ ရေနံချောင်းကောလိပ်က အရင်က ညောင်လှဘီအိုစီ ဆေးရုံကွ။ မင်းတို့အမေ တို့အမေတွေ အဲသည်မှာ မွေးတာ။ ညောင်လှဘီအိုစီမှာ မွေးပြီး အပျိုတွေဖြစ်မှ ကုန်းဖောင်းပြောင်းလာကြတာ'

အစ်ကို မှာလိုက်ခြင်းဖြစ်သည်။ ကျွန်တော့်အဘိုးတွေက ရေနံချောင်း ရေနံမြေအလုပ်သမားကြီးတွေ။ သည်ခရီးမှာ အမေ့ပုံရိပ်တွေ လှုပ်ရှားနေသည်။ သို့သော် ရေနံချောင်းနှင့် ကုန်းဖောင်းကတော့ ကျွန်တော့်ကို 'သူစိမ်း' လို့ ထင်နေကြပုံ ရလေသည်။

*Idea* ၂၀၀၄၊ ဧပြီလ

www.burmeseclassic.com

## မနက်ဖြန်၏ မနက်ခင်းများ

မနက်ခင်းတိုင်း ငှက်ကလေးတွေနိုးတော့ ကျွန်တော် နိုးသည်။ ငှက်ကလေးတွေ ဘယ်အချိန်မှာ အိပ်တန်းထကြသလဲ၊ သူတို့ကိုကော ဘယ်သူက နှိုးတာလဲ။ ကျွန်တော်နိုးသည့် အချိန်မှာတော့ ငှက်သဘင် ကွန်ဖရင့်ကြီး စနေကျ။ ငြိမ့်ငြိမ့်ညောင်းညောင်း၊ သောင်းသောင်းညံ့ညံ့၊ လွမ်းရန်ပိုသည့် ရွှေငှက်သံတို့ စိုးစိ စိုးစီ ဝင်းပေါက်မှာ မြည်ကြမြဲ။ ကျွန်တော်က ရေဒီယိုကို ကျယ်ကျယ်လေး ဖွင့်ထားခဲ့ပြီး ဆန်လက်တစ်ဆုပ်လောက်နှိုက်ကာ ကွန်ကရစ်တုံးပေါ် သွားကြဲသည်။ တီဗီအင်တင်နာတိုင်ပေါ်မှာ၊ လေသာဆောင်သံတန်းဘောင်ပေါ်မှာ နားကြရင်း အစာကျွေးနေကျ ကျွန်တော့်ကို ကြည့်နေတတ်ကြသည်။ သူတို့မှာ ကြောက်ရွံ့ခြင်း မရှိတော့။ မအိမ်သူကတော့ မနက်ခင်းတိုင်း စပယ်ပင်ကလေးနှစ်ပင်ကို ထကြည့်နေကျဖြစ်သည်။ နှင်းဆီပင်ကလေးတွေကတော့ ပွင့်တာက ပွင့်၊ ဖူးတာက ဖူး၊ ရွက်နုညွှန့်တို့ ထိုးနေကြတာကလည်း ပန်းသစ်ပွင့်ဖို့ နိမိတ်လက္ခဏာဖြစ်သည်။

'လောကသုံးရွာ၊ သတ္တဝါတို့၏ ခန္ဓာရုပ်နာမ်ဝယ်၊ အဖန်ဖန်ကပ်ငြိလျက်၊ ဖိစီးနှိပ်စက်တတ်သော ပိဋ္ဌနအနက်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့သည် ပြုပြင်စီရင်တတ်သော သင်္ခတအနက်၊ မရောင့်ရဲစွာ သတ္တဝါတို့ကို လောင်စာပူပင်စေတတ်သော သန္တာပအနက်။ ဇရာမရဏ သောကပရိဒေဝတို့ဖြင့် ဖောက်ပြန်ပျက်စီးတတ်သော ဝိပရိဏာမအနက်တည်းဟူသော လေးပါးသော ဒုက္ခ သစ္စာ၏ အနက်တို့ကိုလည်းကောင်း '

အမေက သံမှန်ကြေးစည်ကို ဖွဖွကလေး ရိုက်သည်။ သံမှန်သံကျနှင့် အမေအသံကိုက်နေတာကို ကျွန်တော် အံ့သြသည်။





'အစမထင် သံသရာ၌ လူးလာစုန်ဆန် အဖန်ဖန်သွားလာစေခြင်းငှာ အားထုတ်တတ်သော အာယူဟနအနက်။ ဝဋ်ဆင်းရဲအပေါင်း၏ အကြောင်းမူလဖြစ်သော နိဒါနအနက်။ ဝဋ်ဆင်းရဲ၌၊ အမြဲပျော်ရွှင်၊ တမင်မင်နှင့် ကျင်လည်စေတတ်သော သံယောဂအနက်။ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော မဂ္ဂသစ္စာကို ဆီးကာ တားမြစ်တတ်သော ပလိဗောဓအနက်တည်းဟူသော လေးပါးသော သမုဒယသစ္စာ၏ အနက်တို့ကိုလည်းကောင်း'

မအိမ်သူက ပွင့်ကြူကြူ စပယ်ဖွေးဖွေး မွှေးမွှေးတို့ကို ကြွေပက်လက်ပန်းကန်ကလေးထဲ ထည့်ကာ ဘုရားစင်ပေါ်တင်သည်။ ပန်းတော် ရေချမ်းတော် ကပ်သည်။ မနက်ခင်း ကျွန်တော်တို့ ပြုနိုင်သော အမှုကိစ္စသည် သည်လောက်သာ ဖြစ်သည်။ အမေကတော့ ပကိဏ္ဏကနမက္ကာရ အစိန္တေယျ ဘုရားရှိခိုးကို ကြေးစည်သံ တလွင်လွင်ဖြင့် အစအဆုံး ရွတ်ဖတ်ပူဇော် ကန်တော့မြဲဖြစ်သည်။ သမုဒယ သစ္စာကပြီးတော့ နိရောဓသစ္စာကို ကူးသည်။ နိရောဓသစ္စာကပြီးတော့ မဂ္ဂသစ္စာကို ကူးသည်။

'ဘုရားရှင်က ရွှေဘဏ်ထင်ထင် လက်တင်ပတ္တမြားများလို အထောက်အခံ ကံဉာဏ်ကြီးမြင့်တော်မူလို့ ပွင့်ထိုက်သူတွေကို ပွင့်စေတော်မူတယ်။ ဘာနဲ့များတူသလဲဆိုရင် ရွှေဆုန်းတစ်ကျိုး၊ ရှစ်ကိုးနယ်ကုန်၊ သုန်သုန်ဖြင်းဝှန်၊ ရွာဖျန်းသွန်သော၊ မေဃဝန်တမျှတဲ့၊ မိုးစက်မိုးပေါက်များလို အဆက်မပြတ် သတ္တဝါတို့ကို ချေချွတ်တော်မူတယ်'

ဘုရားရှိခိုးပြီးလျှင် အမေက တရားဟောမြဲ။ 'ဒေဝါဒိဒေဝိန္ဒ၊ ပြဟ္မာဓိန္ဒ၊ တိဘဝပါရဂူ၊ အဘိဘူပါမောက္ခ၊ အနုတ္တရသင်းကျစ် မဟာဓမ္မရာဇ်ကွဲ့' ဟု ဘုရားရှင်ကို ကြည်ညိုတတ်မြဲဖြစ်သည်။ ဘုရားရှိခိုးပြီးလျှင်တော့ အငေးက မြစ်ကိုငေးသည်။ မြစ်ဘေးက စပါးခင်းကို ငေးသည်။ အနီးက အသီးတွေ ခဲနေသည့် သံပုရာပင်ကို ငေးသည်။ ပြီးတော့ တိုးတိုးကလေး၊

'ရေကြည်တစ်ပေါက်၊ မြစ်မသောက်၊ တောက်လျှောက်စီးတွေတွေ
သစ်သီးတစ်လုံး၊ မစားသုံး၊ အားလုံးသစ်ပင်တွေ
သီးနှံစပါး၊ မိုးနတ်သား၊ မစား ခါတစ်လေ'

အဖေ ကွယ်လွန်ခဲ့တာ ကြာပြီ။ အဖေက သီချင်းဂီတသမားဖြစ်သည်။ အမေ့လို ဘုရားစင်ရှေ့ ဝတ်မပျက်ထိုင်တာမျိုး မရှိ။ သို့သော် ဆင်းဆင်းရဲရဲ နေခဲ့ရသည့် တစ်ဘဝလုံးမှာ လောကဟိတအလုပ်တွေ လုပ်သွားခဲ့သည်။ 'လောကတ္ထစရိယ' ကို ယုံကြည်သူဖြစ်သည်။ သဘာဝချိန်ခွင်မှာ ဓမ္မနှင့် အဓမ္မသည် တစ်ဖက်တစ်ချက်ရှိနေတတ်သည်။ ဓမ္မဘက်က အားသာလျှင် မြောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထောင်သည်။ အမေ့ဘက်ကို ခေါင်းထောင်လျှင်တော့ လောကပွက်သည်။ မေ့ဘက်ကို ခေါင်းထောင်လျှင် လောကငြိမ်းချမ်းသည်ဆိုတာကို အမေ ယုံကြည်သည်။

'ဘုရားရှင်ရဲ့ ဂုဏ်တော်တွေ ပါတယ်။ လောကအကြောင်း ကောင်းကောင်း သိတယ်လို့ ပြောတာ၊ သမ္မာသမ္ဗုဒ္ဓလို့ ဆိုသကောကွ။ အလုံးစုံသော အကောင်းတရားကို ကျကျနနကြီးသိတယ်လို့ ဆိုတာပဲ။ လောကကို သိလို့သာ လောကကို အကျိုးများစေတာပေါ့'

ကျွန်တော်ကတော့ သိပ္ပံပညာရပ်က ချဉ်းကပ်သော လောကပတ်ဝန်းကျင်ကို တွေးနေမိသည်။ အထူးသဖြင့် စီမံခန့်ခွဲမှုပညာရပ်က ချဉ်းကပ်သော လောကပတ်ဝန်းကျင်ကို ဖြစ်သည်။ ဒေသတစ်ရပ်အတွင်း၌ မွေးခြင်းဖွားခြင်း ဖြစ်တည်ခြင်း သေဆုံးခြင်းကို လေ့လာသည့် လောကပတ်ဝန်းကျင် (Demographic Environment) ရှိသည်။ စီးပွားရေးပတ်ဝန်းကျင် (Economic Environment) ရှိသည်၊ သဘာဝပတ်ဝန်းကျင် (Natural Environment) ရှိသည်၊ နည်းပညာပတ်ဝန်းကျင် (Techonological Environment) ရှိသည်။ နိုင်ငံရေးပတ်ဝန်းကျင် (Political-Legal Environment) ရှိသည်။ လူမှုယဉ်ကျေးမှုပတ်ဝန်းကျင် (Social-Cultural Environment) ရှိသည်။ ဒါတွေအားလုံးကို မက်ခရိုပတ်ဝန်းကျင်ဟု ခေါ်နေကြသည်။ လူနှင့် လူဦးရေကို ဈေးကွက်သဘောအရ လေ့လာနေကြရသည်။ အသက် အပိုင်းအခြား၊ လိင် အပိုင်းအခြား၊ လူမျိုးစု အပိုင်းအခြား၊ ပညာရည် အပိုင်းအခြား၊ အိမ်ထောင်မှုဘဝ အပိုင်းအခြား၊ ဝင်ငွေနှင့် နေထိုင်ပုံ အပိုင်းအခြားတွေကို လေ့လာနေကြရသည်။ လက်ငင်းဝင်ငွေ၊ ဈေးနှုန်း၊ စုဆောင်းငွေ၊ အကြွေး စသည့် ဝင်ငွေနှင့် သုံးစွဲပုံစံတွေကို လေ့လာနေကြရသည်။ ကမ္ဘာလုံးဆိုင်ရာ ဥတုရာသီပြောင်းလဲမှု၊ ဖန်လုံအိမ်အာနိသင်၊ အစိမ်းရောင်အဖွဲ့အစည်းများ (Green Parties)၊ ကမ္ဘာဖျက်ဂေဟာစနစ် ယိုယွင်းမှုများ၊ ခြိမ်းခြောက်မှုများ၊ စိန်ခေါ်မှုသစ်များကို လေ့လာနေကြရသည်။ လူ့ဘဝနှင့် နည်းပညာ ဆက်စပ်မှုကို လေ့လာနေကြရသည်။ လေဟာနယ်မီးလုံးတွေကို ထရန်စစ္စတာက အနိုင်ယူလိုက်သည်။ ကာဗွန်မိတ္တူမှိုင်းခံစက္ကူကို ဇီရိုဂရပ်ဖီ (Xerography) က အနိုင်ယူလိုက်သည်။ မီးရထားကို ကားတွေက အနိုင်ယူလိုက်သည်။ သတင်းစာကို ရုပ်မြင်သံကြားက အနိုင်ယူလိုက်သည်။ အသေးဆုံး နည်းပညာလို့ ပြောဆိုနိုင်သည့် ပျော့ဆေးနှင့် ဈေးကျွတ်ဆေးပေါင်းထားသည့် ခေါင်းလျှော်ရည်၊ သကြား၊ နို့မှုန့်နှင့် ကော်ဖီမှုန့် ရောထားသည့် အသင့်သုံး ကော်ဖီထုပ်တွေကလည်း နည်းပညာဖြစ်သည်။





'မင်းတို့ခေတ်များတော့ ဟန်ကျပါ့ကွာ၊ သွားတိုက်တော့ သွားတိုက်ဆေး၊ ခေါင်းလျှော်တော့ ခေါင်းလျှော်ရည်၊ ပန်းကန်ဆေးတော့ ဆပ်ပြာရည်၊ အဝတ်လျှော်တော့ အဝတ်လျှော်စက်၊ ခေါက်ဆွဲကလေး စားချင်တော့ ရေနွေးထဲ ဖောက်ထည့်ရုံ၊ ဟန်ကျတာ ရှိသေးတော့'

အမေက သူ့ ငယ်ဘဝကို ဖြတ်သန်းမှုနှင့် ယှဉ်ရင်း ပြောနေသည်။ နိုင်ငံရေးပတ်ဝန်းကျင်ကကော၊ ဒါလည်း ပြောင်းလဲနေသည်။ အနည်းဆုံး စားသုံးသူ အခွင့်အရေးများသည်ပင် တရားဥပဒေသဘောဖြစ်လာနေသည်၊ လူတစ်ဦးချင်း၏ ကိစ္စများသည်ပင် အရေးပါလာသည်။ လူမှုယဉ်ကျေးမှုတွေကတော့ အမြင်သာဆုံး ဖြစ်သည်။ Pleasure-Seekers, Self-Realization, Self-Expressions, We-Society, Own-Kind, Social- Surrogates စသည့် စကားလုံးတွေ ခေတ်စားလာနေသည်။ လူမှုယဉ်ကျေးမှုတွင် အမြင် (Views) များလည်း ထွေပြားလာသည်။ ဖာသာ ရှုမြင်ခြင်း၊ သူတပါး ရှုမြင်ခြင်း၊ အဖွဲ့အစည်း ရှုမြင်ခြင်း၊ လူ့ဘောင်ရှုမြင်ခြင်း၊ သဘာဝရှုမြင်ခြင်း၊ စကြာဝဠာရှုမြင်ခြင်း။ ယဉ်ကျေးမှုတွင်လည်း လူတွင် အမာခံယုံကြည်မှု (Core beliefs) တွေ ကိုယ်စီရှိသည်။ တစ်ကမ္ဘာလုံး အခြေအနေနှင့် ဆိုလျှင် ဘာသာတရားအခြေပြုသဘော ဆုံးရှုံးနေကြသည်။ လျော့ပါးလာနေသည်။ သည်ကိစ္စအစား မိမိကိုယ်ကျိုး စိတ်ချမ်းသာမှု (Self-fulfillment) တွေ၊ ကျေနပ်ခြင်း (Immediate gratification) တွေ ခေတ်စားလာသည်။ အမေရိကန်၌ ဘုရားကျောင်းတွေမှာ ဝတ်ပြုသူတွေ လျော့နည်းနေသည်ဟု ဆိုသည်။ စံနှင့် တန်ဖိုးများ ပြောင်းလဲလာနေသည်။

သို့သော် တစ်ဖက်က လောကထဲက မလုပ်မဖြစ် လုပ်နေရသည့် ရောင်းရေးဝယ်တာ စီးပွားရေးကိစ္စတွေမှာတော့ လူ့လောကအကျိုးစီးပွားသဘော၊ လူ့ဘောင်အကျိုးစီးပွားတွေ တာစားလာနေသည်။ ဝယ်သူဘက်က တန်ဖိုးနှင့် ကျေနပ်မှုစံတွေ မြင့်လာသည်။

'လူဦးရေပေါက်ကွဲမှုတွေများလာတော့ ဆင်းရဲမွဲတေမှုနဲ့ ငတ်မွတ်ခေါင်းပါးမှုတွေ ကပ်ပါလာတယ်။ သည်တော့ လူမှုရေးစံကို မငဲ့နိုင်ကြတော့တာတွေ ဖြစ်လာတယ်။ ကိုယ့်အကျိုးစီးပွားရေးကိုပဲ ကြည့်ပြီး 'ငတေ' စိတ်တွေ အားကောင်းလာတော့တာပါပဲ။ ဆိုပါတော့ ဟမ်ဘာဂါ၊ အဆီများတယ်။ ဌာပနာမုန့်တွေက ကော်ဓာတ်များနေတယ်။ ထုပ်ပိုးတဲ့ စက္ကူကလည်း ဒုက္ခပေးနေတယ်။ သည်စက္ကူကြောင့် ဈေးပိုပေးနေရမယ်။ ပုံရမ်းပတာ လွှင့်ပစ်တော့ ပတ်ဝန်းကျင် ညစ်ညမ်းတယ်။ တစ်ဖက်က ရင်းမြစ်တွေ ဆုံးရှုံးတယ်'



www.burmeseclassic.com

www.burmeseclassic.com



ရောင်းဝယ်မှု (Humanistic Marketing) တွေ၊ ဂေဟာစနစ်အထောက်အပံ့ ရောင်းဝယ်မှု (Ecological Marketing) တွေကို စဉ်းစားလာကြရသည်။ ဒါကို ပေါင်းစပ်ပြီး လူ့ဘောင်ကောင်းကျိုးရောင်းဝယ်မှု အသိခံယူချက် (Social Marketing Concept) ဖြစ်လာသည်။ အချုပ်ကတော့ လောကအကျိုးစီးပွား (လောကဟိတ) ဖြစ်သည်။ အမေကတော့ သည်သဘောတရားတစ်ခုလုံးကို ရိုးရိုးကလေး မြင်တတ်သူဖြစ်သည်။

'နုံ့သာတစ်ပင်၊ ထိုတောတွင်၊ ရှိလျှင် သစ်ပင်ပေါင်း။ တောအလုံးလှိုင်၊ စုံဂန္ဓိုင်၊ ထုံကြိုင် ရနံ့လျှောင်းတဲ့ကွယ်။ လောကကောင်းကျိုး ဆောင်ရွက်သူ တစ်ယောက်၊ ပေါ်လာတာနဲ့ လောကဟာ အေးချမ်းသာယာလာတော့တာပဲ'

လောက အေးချမ်းခြင်းသည် လောကယဉ်ကျေးလာခြင်း၏ နိမိတ်လက္ခဏာဖြစ်သည်။

ပညာရှင်များက ယဉ်ကျေးမှုနှစ်မျိုးသာရှိသည်ဟု ဆိုသည်။ တစ်မျိုးက လူ့အဖွဲ့အစည်း၏ အခြားသော ရသအလှခံစားမှုများနှင့် နေထိုင်စားသောက်ရေးဘဝကို ညွှန်းသည်။ တစ်မျိုးကတော့ ထိုလူ့အဖွဲ့အစည်းအတွင်း၌ တွေးခေါ် မြော်မြင်ဖွံ့ဖြိုးခဲ့သည်များအနက်က ပါးလွှာသလောက် တန်ဖိုးကြီးလှသည့် အကောင်းဆုံး အညွန့်ဆုံး အလွှာကို ညွှန်းသည်။ ပထမတစ်မျိုးက စိုက်ခင်းမြေဘောင်ပေါ်၌ ပွင့်သည့်ပန်းဟု ဆိုနိုင်ပါသည်။ သည်ယဉ်ကျေးမှုနှစ်မျိုးမှာ ဆက်စပ်နေသည်။ သို့သော် ထိုလူ့အဖွဲ့အစည်းက 'ဘယ်လိုလူ့အဖွဲ့အစည်းလဲ' ဆိုတာကတော့ အရေးကြီးသည်။ 'ဘယ်လို ရသအလှလဲ၊ ဘယ်လို နေထိုင်မှု ဘဝတွေလဲ'၊ 'တွေးခေါ်မြော်မြင်ခဲ့တာတွေကကော ဘာတွေလဲ'၊ 'ဘယ်လို မြေဘောင်ဖြစ်လို့ ဘယ်လိုပန်းမျိုး ပွင့်စေခဲ့သလဲ' ဆိုတာကလည်း ထိုလူ့အဖွဲ့ အစည်း၏ ယဉ်ကျေးမှု' ရေချိန်နှင့် ဆက်စပ်နေသည်။

လူ့အဖွဲ့အစည်းဆိုကတည်းက လူတစ်ဦးချင်းစီနှင့် စုဖွဲ့ထားခြင်းဖြစ်သည်။ လူမှာက သံသရာဝဋ်ဒုက္ခနှင့် ယှဉ်တွဲနေစေတတ်သည့် မောဟလေးပါးရှိသည်။ သံသရာဝဋ်ဆင်းရဲ၌ ထုံးဖွဲ့တတ်သော ဂန္ထတရားသော ဥပါဒါန်လေးပါးကလည်း ရှိသေးသည်။ ကုသိုလ်စိတ်တရားကို မဖြစ်ပွားအောင် ပိတ်ပင်တားဆီးတတ်သော နီဝရဏတရားခြောက်ပါးရှိသည်။ သတ္တဝါတို့၏ စိတ်သန္တာန်၌ အဖန်ဖန်တလဲလဲ ကိန်းအောင်းနေတတ်သော အနုသယခုနစ်ပါးရှိသည်။ သတ္တဝါတို့ကို သံသရာဝဋ်ဆင်းရဲမှ မထွက်နိုင်အောင် နှောင်ဖွဲ့တတ်သော သံယောဇဉ်ဆယ်ပါးရှိသည်။ စိတ်ကိုပူလောင်ညစ်နွမ်းစေတတ်သော ကိလေသာတရားဆယ်ပါးရှိသည်။ အတိတ်၌ ယုံမှားမှုငါးပါး၊ အနာဂတ်၌ ယုံမှားမှုငါးပါး၊ ပစ္စုပ္ပန်၌





ယုံမှားမှုခြောက်ပါးကလည်း ဖိစီးနေသည်။ သည်အမှောင်တွေကို ဖောက်ထွက်လာနိုင်သည့် 'လောကဟိတစိတ်ဓာတ်' ဆိုတာ တကယ်တော့ လွယ်လှသည် မဟုတ်။ ကျွန်တော် အမေ့ကို ပြောပြတော့ အမေက ပြုံးသည်။

'ဘယ်လွယ်လိမ့်မလဲကွယ်၊ အတ္တကို မမြင်ဘဲ လောကကို မြင်တယ်ဆိုတဲ့ လူဟာ အာဂထဲကပေါ့။ မင်းနှယ် မြင့်မြတ်တဲ့ ပုဂ္ဂိုလ်များမှာသာ လောကကို မြင်တတ်တယ်။ လောကကို ရှေ့ရှုတဲ့ စိတ်ရှိကြတယ်။ ထက်မြက်တဲ့ ပုညသမ္ဘာရ၊ ဉာဏသမ္ဘာရများသာ ကိန်းတည်ကြတယ်။ ငါသားပြောတဲ့ အမှောင်တွေဟာ အပူကြီးတွေပေါ့။ အပူကြီးနဲ့ ဆွဲတော့ လူ့အပူရှုပ်က ထကရတော့သာ'

တကယ်တမ်းကျတော့ လောကကောင်းကျိုးဆိုသည့်စကားက မြင့်လွန်းလှပါသည်။ မိမိပတ်ဝန်းကျင်ပဝါတကမ်း၊ လက်တစ်လှမ်းကောင်းကျိုးကို ဆောင်ရွက်ဖို့ပင်မလွယ်။ မိမိအကျိုးစီးပွားသည် မိမိမှအပဖြစ်သော ပတ်ဝန်းကျင်အကျိုးစီးပွားနှင့် ဆက်နွှယ်နေသည်ကိုပင် မသိကြသူတွေရှိသည်။ ပါရမီဆိုသည့် စကားသည် အနစ်နာခံသည်ဆိုသည့် သဘောဖြစ်သည်။ အနစ်နာခံစိတ်ရှိဖို့ ကရုဏာစိတ်ရှိရသည်ဟု ဆိုသည်။ လုပ်ငန်းကောင်းကို ဆောင်ရွက်သူကိုယ်တိုင်က အရည်အချင်းနှစ်ပါး လက်ငင်းရှိနှင့်ရသည်။ ကုသိုလ်ကောင်းမှုနှင့် ဉာဏ်ပညာဖြစ်သည်။ တစ်နည်းအားဖြင့် လောကကောင်းကျိုးကို ငဲ့သူတို့၌ ကောင်းစိတ်ကော ဉာဏ်စိတ်ပါ ရှိရသည်ဟု ဆိုနိုင်သည်။ ဒါကိုပဲ ပုညသမ္ဘာရ၊ ဉာဏသမ္ဘာရ ခေါ်ခြင်းဖြစ်သည်။

မနေ့တစ်နေ့ကပဲ ဆရာမောင်စူးစမ်း၏ ဆောင်းပါးတစ်ပုဒ် ဖတ်ရပါသည်။ ခေတ်သစ်၏ စိတ်ကူးစိတ်သန်းသစ်များဟု ဆိုနိုင်သည့် ခေတ်သစ်အိုင်ဒီယာကြီး ငါးပါးဆိုတာကို ရှင်းပြထားခြင်းဖြစ်သည်။ ကမ္ဘာလောက၏ လက်ငင်းဖြစ်လာတော့မည့် အနာဂတ်သရုပ်ဖော် အိုင်ဒီယာကြီးများဟု ဆိုနိုင်သည်။

ကျွန်တော် နားလည်သလောက် မောဟက ပထမကမ္ဘာစစ်အဆုံးသတ်ရေးစာချုပ်ဖြစ်သည့် ဗာဆေးနန်းတော်စာချုပ်ခေတ်မှ စစ်အေးတိုက်ပွဲကာလအထိ ကမ္ဘာ့ထိပ်သီးခေါင်းဆောင်လေးငါးဦးတွေ့ဆုံမှုက စီးဆင်းလာသည့် ဆုံးဖြတ်ချက်များဖြစ်နေခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးတော့ကော။ ထိုခေတ်ခေါင်းဆောင်တွေကပဲ ကမ္ဘာလောက၏ အနာဂတ်ကို ပုံဖော်ခဲ့ကြသည်။ သည်သဘောတရားခေတ် ကုန်ခဲ့ပြီ။ ဒါက တစ်ချက်။

နောက်တစ်ချက်က အင်အားနိုင်ငံရေး သဘောတရားဖြစ်သည်။ နိုင်ငံတကာ ပြဿနာတိုင်းကို အင်အားနိုင်ငံရေးချိန်ခွင်လျှာ ထိန်းမတ်ရေးခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကမ္ဘာလောက၏ အနာဂတ်ငြိမ်းချမ်းရေးကို အဓွန့်ရှည်စေသည့် အယူအဆ။ တစ်နည်းအားဖြင့် ဥရောပနိုင်ငံရေးသည်ပင် အင်အားနိုင်ငံရေးဖြစ်နေခဲ့သည့် သဘောတရားကို ဥရောပသမဂ္ဂဖွဲ့စည်းလိုက်ခြင်းကပဲ ဥရောပအင်အားနိုင်ငံရေးကို ပြန်သတ်ပစ်လိုက်သလိုဖြစ်ခဲ့သည်။ ဤသို့ဖြင့် ကမ္ဘာ့သမိုင်းတစ်လျှောက်တွင်ကျယ်ခဲ့သော ဥရောပအင်အားနိုင်ငံရေးခေတ် ကုန်ခဲ့ပြန်သည်။

တစ်ခုက နိုင်ငံရေးဒဿနများ။ နိုင်ငံရေး ဒဿနပညာရှင် သောမတ်စ် ဟော့ဘ်စ် (Thomas Hobbes) နှင့် ကန့် (Kant) တို့၏ လောကအမြင်အယူအဆကို လက်ခံခြင်း၊ လက်မခံခြင်းက အနာဂတ်ကို ပုံသွင်းလာပြန်သည်ဟု ဆိုသည်။ ကန့်က လူတို့၏ ဆင်ခြင်တုံတရားက အများစုအကျိုးစီးပွားကို ရှေ့ရှုသည်။ အခြေခံဥပဒေကို ရှာဖွေနိုင်ကြပြီဖြစ်သဖြင့် အနာဂတ်လောက အေးချမ်းတော့မည်ဟုဆိုသည်။ ဥရောပက အင်အားနိုင်ငံရေး ချုပ်ငြိမ်းသွားတော့ ဟော့ဘ် (Hobbes) ၏ နိုင်ငံရေးဒဿနတွေကို ပယ်လိုက်ချိန်မှာ အမေရိကန်က တွယ်နေသည်။ (Hobbes) က လူသည် အတ္တ၏ သားကောင်ဖြစ်သည်။ ကိုယ်ကျိုးစီးပွားရှာလိုခြင်း၊ အတ္တမီးခိုးတွေ အူအူထနေသူတွေချည်းဖြစ်သည်။ လူတွင် တိရစ္ဆာန်စိတ်တွေ ရှိနေဆဲဖြစ်သည်။ ကိုယ်ကျိုးစီးပွားရှာလိုခြင်း ပဋိပက္ခသည် လောကဌ် အားကောင်းနေဦးမည်ဖြစ်သည်။ သည်အယူအဆကို အမေရိကန်က ကိုင်တွယ်နေဆဲဖြစ်သည်။ တစ်နည်းအားဖြင့် ကိုယ်ကျိုးစီးပွား အတ္တပဋိပက္ခကို အင်အားသုံး ဖြေရှင်းခြင်းသည်သာ တရားဖြစ်သည်ဟု အမေရိကန်တို့ ပြောနေကြဆဲ။ တစ်နည်းအားဖြင့် အမေရိကန်တို့က Power Politics သမားတွေ။

ဥရောပ၏ Kant အိုင်ဒီယာနှင့် အမေရိကန်၏ Hobbes အယူအဆတို့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတာ ကမ္ဘာ့သတင်းတွေကို ကြည့်လျှင် သိနိုင်သည်။

တစ်ချက်က အဏုမြူစစ်ဖြစ်သည်။ အဏုမြူ မသုံးကြသေးသည့်တိုင် အဏုမြူစိတ်ဓာတ်တိုက်ပွဲတွေက များလွန်းလှပါသည်။ အဏုမြူလက်နက်၊ ဇီဝလက်နက်၊ ဓာတုလက်နက်များက လူသားသန်းပေါင်းများစွာတို့၏ ဖိနပ်များအောက်မှာ ငုပ်လျှိုးကြနေသည်။ အခြေအနေဖိအား Situational Pressure နှင့် အကောက်အယူ လွဲမှု Miscalculations တွေက သည်ဖိနပ်အောက်က မိုင်းတွေကို နင်းမိစေနိုင်သည်။ အချိန်မရွေး။

တစ်ချက်က နိုင်ငံရေးဖြစ်သည်။ Real politics ။ အမျိုးသားအကျိုးစီးပွားကလွဲလျှင် အခြားကိစ္စတွေက အရေးမကြီးပါဆိုတာမျိုးတွေ ခေတ်စားလာနေသည်။





လတ်တလောအခြေအနေများက (ဥပမာ အမေရိကန်ကိုကြည့်လျှင်) အကြမ်းဖက်ဝါဒဆန့်ကျင်ရေးသာဖြစ်ပြီး အခြားနိုင်ငံများ၏ တန်ဖိုးများနှင့် နိုင်ငံရေး စနစ်တွေကို ဥပေက္ခာပြုရာကျနေတာမျိုးဖြစ်သည်ဟု ပညာရှင်တို့က ဆိုပါသည်။ သည်အချက် ငါးချက်က အနာဂတ်ကို ပုံဖော်နေရုံမက ဩဇာသက်ရောက်မှု ရှိလာနေပြီဟုလည်း ကောက်ချက်ပေးကြပါသည်။

သည်ငါးချက်စလုံးမှာ အကျိုးစီးပွားနှင့် ဆက်စပ်နေသည်။ မနက်ခင်းတိုင်းသတင်းကြည့်တတ်သော ကျွန်တော်အဖို့ သတင်းအသံ သတင်းရုပ်တွေကို သည်ငါးချက်ဖြင့် ချိန်ဆနေတတ်ပါသည်။ ကက်ရှ်မီးယား၊ ဂျော်ဒန်မြစ်အနောက်ဘက်ကမ်း၊ ချေချင်ညာ၊ အီရတ်သို့ ရောက်နေသည့် ကုလသမဂ္ဂလက်နက်စစ်ဆေးရေး ဘာလီကျွန်း ညကလပ်၊ အတ္တကုန်းခေါင်ခေါင် ကျောက်စရစ်တောမှာ လောကတ္တစရိယမျိုးစေ့သည် ကင်းနေတတ်သည်။

အမေကတော့ မနက်တိုင်း ဝတ်မပျက် သစ္စာလေးပါးကို အာရုံပြုသည်။ ရတတ်သမျှ ဝတ်ရွတ်စဉ်တွေကို ရွတ်သည်။ မအိမ်သူက ပန်းတစ်ပွင့် ဆွမ်းတစ်အစ် ကပ်မြဲ။ ကျွန်တော်က ငှက်ကလေးတွေကို အစာကျွေးမည်၊ ကုသိုလ်မရသည့်တိုင် အကုသိုလ်မဖြစ်လောက်သည့် စာတွေရေးမည်။ Kant နှင့် Hobbes က မနက်တိုင်း ကျွန်တော်တို့ အိမ်မှာ ကော်ဖီလာသောက်သည်။ မနက်ခင်းသတင်းတွေကို ကြည့်ကြသည်။ သည်အချိန်မှာပဲ အမေရိုက်လိုက်သော သံမှန်လုံး ကြေးစည်သံက လောကဟိတကို သယ်ဆောင်ကာ အနောက်ဘက်သို့ လွင့်ပါသွားလေသည်။

*Idea* ၂၀၀၃၊ ဇန်နဝါရီလ

www.burmeseclassic.com

www.burmeseclassic.com

# နောက်နှောင်းပိတောက်

ရာသီသဘင်မှာ ပိတောက်သည် ပွဲဦးပထမသီချင်းဖြစ်သည်။ 'လှောက်' နေအောင် မွှေးသည့် ပိတောက်ရနံ့က မြန်မာတို့၏ စိတ်နှလုံးကို နူးညံ့စေသည့် ရနံ့လည်းဖြစ်သည်။ သည်အပွင့်နံ့သာက ကောင်းသောလာခြင်းဖြင့် နှစ်ဦးကို ကြိုမြဲဖြစ်၏။ အခါလေကလေး လေသုန်၊ အခါရနံ့ကလေး ထုံ၊ အခါရာသီကလေး အုံလာသည်နှင့် ဓမ္မသံဝေဂမည်သော တရားနှင့် ယှဉ်သည့် ထိတ်လန့်မှုသည်လည်း တအောင့်စာသော်မှုဖြစ်စေ ထင်လာသည်လည်းရှိ၏။ ပုညကြိယာဝတ္ထုဖြစ်သော ကုသိုလ်ဆယ်ပါးကိုလည်း သည်ရာသီဆိုက်မှ မြိုက်မြိုက်ကြီး ဆင်ခြင်ရသည်။ ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒနာ၊ ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မဟု ဆိုအပ်သော အလှူပေးခြင်း၊ သီလ ဆောက်တည်ခြင်း၊ ဝိပဿနာ ဘာဝနာပွားများခြင်း၊ အရိုအသေပြုခြင်း၊ ဝတ်ကြီး ဝတ်ငယ်ပြုခြင်း၊ မိမိကုသိုလ်အဖို့ကို မျှဝေခြင်း၊ သူတစ်ပါး၏ ကုသိုလ်အဖို့ကို ဝမ်းမြောက်ခြင်း၊ တရားတော် နာရခြင်း၊ တရားတော်ဟောကြားခြင်း၊ အယူဝါဒ ဖြောင့်မှန်ခြင်းတို့ ခန္ဓာအိမ်ဟောင်းဆီ တစ်ကျော့ပြန်ရောက်ရချိန်လည်း ဖြစ်သည်။

မန္တလေးမှာ သင်္ကြန်ရက်တွေအတွက် ပိတောက်မပွင့်။ ပွင့်သည့် နေရာတွေမှာ ပွင့်ကောင်းပွင့်နိုင်သော်လည်း ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ပိတောက်ပန်းတို့ ပလိဗောဓများသည် ထင်၏။ အခါမိုးရေ မထိမစဉ်သမျှ ငါမပွင့်လေ ဆိုသည့် အကြောင်းစိတ်ဖြင့် တိတ်တိတ်ကြီး ရှိလေသည်။ အိမ်ခေါင်းရင်းက ပိတောက်ပင်ကို အရိပ်အကဲခတ်ရသည်။ အဖူးတွေက တပေါင်းလလောက်ကတည်းက ခဲခဲကြီး ရှိနှင့်ပြီ။ အခါတော်ရက်ကလေး နီးလာတော့





ရွှေဝါကျောက်နှင့် တင့်သည့် အလွန်၊ မဟာလှုတာ၊ ဝင်းဝါရောင်ပြီး တန်ဆာကြီး ရသည့်နယ်၊ ပိုက်ပိုက်ပွေ့ပွေ့ ရှိရတော့မည်ထင်ခဲ့သေး၏။ အခါကောင်းကင်မှာ မိုးရိပ်မမြင့်၊ လေသွန်ဖြုန်းဖြုန်း မိုးအုံ့အုံ့ဆိုသော်လည်း အပူငွေ့တွေသာ ခြောင်းခြောင်းထနေခဲ့သည်။

'ပူလိုက်တာနော်၊ ပိတောက်ဖူးကလေးတွေတောင် ခြောက်ကုန်ပြီလား မပြောတတ်ဘူး။ သည်နှစ် ပိတောက်မှ ပွင့်ပါဦးမလား'

ဇနီးသည်က ပိတောက်ပင်ပေါ်က မိုးမျှော်ဖူးတွေကို မော့ကြည့်ရင်း ညည်းသည်။ ပိတောက်သော်မှ မဟုတ်၊ 'ပန်းနှင့် သဘင်၊ ရေသော်မြင်မျှ ကောင်းကင်မိုးလ၊ စိတ္တရနှင့်၊ မိဿရာသီ၊ အခါညီကျော်၊ နှစ်ဦးပေါ်က၊ ကံ့ကော်ရင်ခတ်၊ ပင်တိုင်းညွှတ်လျက်၊ ပွင့်ခက်ဝေဝေ၊ တောင်လေဖြူးဖြူး၊ လတန်ခူးကို ဆိုသော်လည်း ကံ့ကော်ရော ရင်ခတ်ပါ မမြင်ရလေ၊ ပန်းပင်သစ်ပင်တို့ သဘောသည် လောက၏ အငွေ့အသက်ကို ရှူရသည်မှ စပြီးလျှင် အရွယ်ရောက်၍ အခါသင့်သောအခါ ကာလတွင် ဖူးမည်ပွင့်မည်ဟူသော ဇီဇရှက်ကို ချိုလာကြလေသည်။ တန်ခူးလ၏ မိုးလေမကောင်းသော လေပြည်လေညင်း၏ ငွေ့ယမ်းယုယခြင်းကို ခံရသောအခါ ပိတောက်ပင်မှ အဖူးအပွင့်များသည် လူးလွန့်လာကာ လောကကို တန်ဆာဆင်မြဲဖြစ်သည်ဟု ဆရာမင်းသုဝဏ်က ရေးဖူးတာကို မှတ်မိနေသည်။

'အခါရက်တွေထဲ ပွင့်တော့လည်း မင်္ဂလာရှိတာပေါ့၊ ပိတောက်ဦး မဟုတ်တော့လည်း ပိတောက်နှောင်းပေါ့။ ပန်းတွေဟာ ရာသီလင့်ပေမယ့် ပွင့်ကြတာချည်းပါပဲကွယ်'

သည်လိုနှင့် အခါရက်ဦးဖြစ်သော အကြိုနေ့ နီးလာခဲ့သည်။ မအိမ်သူက ဈေးမှ မြေအိုးကလေးတစ်လုံးဝယ်ကာ အိုးနံ့ပျောက်အောင် ရေဝစိမ်သည်။ သင်္ကြန်ကြိုပန်းကလေးထိုးကာ သင်္ကြားမင်းကို ကြိုဖို့ပြင်ခြင်းဖြစ်၏။ ကျွန်တော်တို့ လမ်းတိုကလေးထဲကို သင်္ကြားမင်း ကြွ၊ မကြွ မသေချာသော်လည်း ကြိုရမည့်အလုပ်က ကိုယ့်အလုပ်လို့ သဘောထားပုံရသည်။ သင်္ကြန်ကြိုပန်းဆိုတာကလည်း ကိုယ့်ပတ်ဝန်းကျင်မှာပဲ ရှိတာဆိုတော့ လွယ်သည်။ တမာညွန့်ကလေး ပါမည်။ အုန်းညွန့်ကလေး ပါမည်။ သီးညွန့်ကလေး ပါမည်။ သပြေတစ်ခက်နှစ်ခက် ပါမည်။ မအိမ်သူက သူ့အတွက် ကံ့ကော်ညွန့်ကလေး တစ်ခက်ထည့်ကာ ကျွန်တော့်အတွက် ဝါးညွန့်ကလေး စွက်သည်။ ရေပြည့်အိုးကလေးနှင့် အညွန့်စိမ်းစိမ်းတို့ ဖက်မိသည့်အခါ ကြိုဆိုခြင်းနိမိတ်ပုံလည်း ပြည့်စုံရပြီ။ အခါရက်တွေထဲမတော့ ပိတောက်တွေ၊ အီနေအောင်ပွင့်လိမ့်မည်ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



အခါနှင့် ပိတောက်ဆိုသည်ကလည်း 'ရွှေခြည်ရက်၍ နှစ်ဖက်အနား၊ ရွှေမြိတ်ထားလည်း၊ များများမရှည်၊ သတောင်းလည်လျက်၊ ရက်ချည်တွန့်တွန့်၊ အညွန့်ထွက်ထွက်၊ ခြူးရွက်ခြူးသီး၊ ရုပ်ကြီးရုပ်ငယ်၊ ချယ်လှယ်သင့်မြတ်' ဆိုသကဲ့သို့ နှစ်ပါးဆိုင်မိမှ မြိုင်မြိုင်ကြီး လှသည့်အလှ ဖြစ်ရသည်။ သကြံန်အကြိုနေ့အထိတော့ သံလွင်ရောင် ပိတောက်ရွက်တွေက ညွှတ်ကွေးဖားလျား အကိုင်းအခက်တွေပေါ်မှာ အပူဒဏ်ကို ခါးစည်းခံနေရဆဲဖြစ်၏။ ရေနည်းသော မြစ်ရိုး၌ တင့်တယ်စွာသွားလာနိုင်သော ဝမ်းပြားပြား နွေထိုးလှေကဲ့သို့ လိုရာပြီးနိုင်သည် သဘောဆောင်သော်လည်း တစ်ဖက်က မိုးရေကလေး ပက်ပါမှ အချက်အချာကျနေတော့မည့်နှယ်ရှိလေ၏။ ခုထိတော့ ကောင်းကင်က လောကဓာတ်ဆန်လှချည့်။

'တို့ ပိတောက်ပင်က အခုထိတော့ ဖူးမည်သံချို၊ ကျွတ်ဆုကိုမှ မဆိုရက်သေး၊ တောင်းဖော်ဝေးခဲ့ ဆိုသလိုဖြစ်နေပြီ။ အခါရက်ထဲ မိုးကလေးတော့ ရွာကောင်းပါရဲ့'

သကြံန်အကျနေ့ ညနေမှာတော့ တိုက်ခတ်နေသည့် အခါလေကလေး ရပ်သွားခဲ့ကာ မိုးသံကလေး ကြားလာရသည်။ ဆင်မည့် ဆင်တော့လည်း အုံ့ပျမှိုင်းဆန်၍ လျှပ်ပန်းပြက်၊ မလာမရိပ်၊ ချိတ်ချိတ်မည်းမည်း၊ ရိုက်ကျည်အုံးအင်း၊ ခြင်းခြင်းညီးညီး၊ လောင်မီးပွင့်ဝါ၊ ဆင်တိုင်းပါတော့မည့်နှယ် ရှိလေသည်။ ကောင်းကင်အော်သံတွေကိုပင် ကြားလာရသည်။ နတ်ရှင်နောင်ဆိုလျှင်တော့ တာရက်လကို၊ ရက်ကွန့်လို၍၊ ရစ်ညို့ပြက်၊ သည်မျှသာနှင့်၊ တစ်ရွာမဖြူး၊ တန်ပါဦးလော့ လို့ ရွာတော့မည့်မိုးကို တားချင်တားဖို့ ရှိသော်လည်း ကျွန်တော်တို့ကတော့ မိုးနံ့ ရသည်နှင့် ဝမ်းသာကြလှပြီ။ ရွာလိုက်ပါ့မိုး ရွာပါမိုး။

'သည်တစ်ခါတော့ ပိတောက်တွေ ပွင့်နိုင်ပါပြီ။ ပိတောက်ဖူးကလေးတွေ တောင် လန်းကြသေးရဲ့လား မသိဘူး။ မိုးရေထိရင်တော့ ပွင့်လာကြမှာပဲ'

မိုးတွေ ရွာကျလာပြီ။ သည်မိုးနှင့်ဆိုလျှင်တော့ သန္တာလိုလို၊ မြည်ိုတချို့၊ ရွှေသို့ တဝက်၊ ဖူးထွက်ရှုံ့ရှုံ့၊ ရွက်ညွန့်ဝေဝေ၊ လေလည်း တုံ့ရစ်၊ မြစ်လည်း ကြည့်စံ ရှိရော့မည်။ တန်ခူးလေတွေ လာပါပေါ့။ တန်ခူးမိုးတွေ ရွာပါပေါ့။ ခြောက်သွေ့ရွှေရွှေ၊ ပင်တိုင်းကြွေ၍၊ ချပ်ပြေညွန့်ညောင်း၊ မြမြမောင်းက၊ မပျောင်းမသန်း ရှိရာက လောကဓာတ်တစ်ခွင်လုံး စိမ်းလန်းတော့မည်။ တစ်နွေလုံး ပူပြင်းထားသည့်မြေက မိုးရေကြောင့် အခိုးအလျှံတွေ အူအူချောင်းချောင်း ထွက်လာခဲ့ပြီ။ မိုးရေတွေက ရှည်လျားသက်သေ ကမ္ဘာကျေအောင် ရွာသော်လည်း ပိတောက်တွေ မလှုပ်သေးပါ။





မိုးက နှစ်ရက်သုံးရက်ဆက်တိုက်ရွာခဲ့၏။ သကြံန်အကျနေ့ရော အကြတ်နေ့ပါ ရွာခြင်းဖြစ်သည်။ ပိတောက်တစ်ပင်လုံး မိုးတွေ လေတွေထဲမှာ ယိမ်းကနေသည်။ မိုးရေအေးအေးက နှိုးတော့မှ ပိတောက်ပင်ခမျာ အိပ်နိုးထမှုံ့တလုံ့လုံ့၊ လိမ်းသားက မကျန့်တကျန့်၊ ဝတ်လဲတော် မခြုံတခြုံ၊ ရင်သိမ်းတော်ပန်းပျော့က လျှော့တော့တော့ မလုံ့တလုံ့၊ ဂန္ဓမာရန့်က သင်းပျံ့ပျံ့ မထုံ့တထုံ့၊ ကုံကုမ်ပန်းနံ့က လန့်လှအောင် မသုန့်တသုန့် ရှိရတော့သည်။ ကျွန်တော်တို့ အိမ်မှာ စိုက်ထားသည့် ပုန်းညက်ပင်ကလည်း စိမ်းသည်။ သရက်ပင်ကလည်း စိမ်းသည်။ အုန်းပင် အုန်းလက်တွေကလည်း စိမ်းသည်။ အပင်ငယ်များ ဖြစ်သည့် စီဖေါ၊ ယုဇန၊ ပုဏ္ဏရိက်၊ ကံ့ကော်ပင်ကလေးတွေကလည်း စိမ်းသည်။ အစိမ်းတကာထဲမှာ ပိတောက်ရွက်စိမ်းက မကြောင့်မကြစိမ်းသည့် အစိမ်းဖြစ်သည်။ လေအဟုန် ရေအဟုန်၊ မှတ်သုံ့ဖျောင်းဖျောင်း၊ နတ်ကောင်းစောင့်သည့် မိုးထဲမှာ ပိတောက် စိမ်းက တုန်တစ်ခိုက်ကျိုးအံ့တော့မည်ကဲ့သို့ရှိ၏။ မိုးရေ၏ ဖွန့်ကြခြင်းဂုဏ်ကို အဖန်ဖန်အောက်မေ့သည့်နှယ် စိမ်းရောင်ပြာရောင်နဂသွဲ့ (နဂါးသွဲ့)ရောင်ဖြင့် ယိုးဒယားဖျင်းချင်းပမာ စည်းသွက်ဖြင့် ကလေသည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့မှာတော့ ပိတောက်တွေဝေဖို့ ကောင်းပြီ။ အခါတော်သုံးရက်လုံးလုံး မိုးတွေရွာခဲ့ စွေခဲ့သည့်တိုင် ပိတောက်တွေ မပွင့်တာလည်း ထူးဆန်းသည်။ မေရုခပန်း၊ မိုးစခန်းက၊ ထောင့်တန်းငယ်ဆန်အောင် ရွာသော်မှ တစ်ကိုက်တစ်ညွှန့် မလွှန့်ကြသေးပါလား။ မိုးနှင့် ပိတောက်တို့ ကြည်ဖြူရွှင်အား၊ နှစ်ပါးကိုယ်စိတ်၊ စင်ကြယ်ဟိတ်ဖြင့်၊ အနိဋ္ဌကင်းကြဖို့ ကောင်းပြီ၊ သကြံန်တော်မကျခင်ရွာတော့ အကြိုမိုး၊ သကြံန်တော်ကျပြီးမှ ရွာတော့ လက်ဆေးမိုး။ အခုက သကြံန်အခါရက်တွေထဲမှာ ရွာသည့်မိုးဖြစ်သည်။ ပိတောက်တွေ ရွှေရည်လူးချိန်တန်ပြီ။

'သည်လောက်မိုးတွေရွာတာတောင် ပိတောက်တွေ မပွင့်ရင် သည်တစ်နှစ် ပိတောက်တွေ ဆွံ့ပြီနဲ့ တူပါရဲ့။ အဖူးကလေးတွေ ခြောက်ကုန်လို့နေမှာပါ။ နို့မို့ရင် ရက်ရက်ရောရောကြီး ပွင့်ကြတဲ့ ပန်း၊ မလန်းစရာမှ မရှိတာ' နှစ်ဆန်း တစ်ရက်ကျော်တော့လည်း ပိတောက်တွေ မပွင့်။ မပွင့်တော့လည်း ရှိစေပေါ့။ ရာသီနှင့်ပန်း အခန့်ကြီး သင့်ပါလျက် မပွင့်တော့လည်း မတတ်နိုင်။ သည်လိုနှင့် အခါရက်တွေကို လွန်ခဲ့ရသည်။

တစ်မနက်မှာတော့ ပိတောက်တွေ သည်းသည်းခဲခဲကြီး ပွင့်လေသည်။ ကျွန်တော်တို့အိမ်က ပိတောက်ပင်လည်း ပွင့်သည်။ သူတစ်ပါးအိမ်က ပိတောက်ပင်တွေလည်း ပွင့်သည်။ 'လှောက်' နေအောင် ပွင့်ကြသည့် ပိတောက်



www.burmeseclassic.com

www.burmeseclassic.com



ရန်က ကျွန်တော်တို့ လမ်းကလေးထဲမှာ 'တောက်' နေအောင် မွှေးကြပြီ။ သည်တစ်ခါတော့ ရွှေပိတောက်တို့ ဝေသလောက်လှကြပြီကော။ မအိမ်သူက ဘုရားရှင် ရှေ့တော်မှာ ဝေနေအောင် ကပ်လှူသည်။ အိမ်နီးချင်းတွေကိုလည်း ဝေငှသည်။ အိမ်နီးချင်တွေက ဝေငှတာကိုလည်း မေတ္တာဖြင့် ရယူကြရသည်။ သမီးကလေး ကလည်း ပိတောက်တစ်ခက်ကို ကလစ်တစ်ချောင်းနှင့် ညှပ်ကာ ပန်လေ၏။ မန္တလေးတစ်မြို့လုံး ပိတောက်တွေ ပွင့်လောက်သည်။ ပိတောက်တွေ မပွင့်မှာ စိုးရှာသည့် မအိမ်သူကိုလည်း ပိတောက်တစ်ခက် ကမ်းရင်း ပြောပြရသည်။

'အလုံးစုံ ရှိရှိသမျှသော သစ်ပင်နွယ်ပင် ချုံပေါင်းမြက်တို့၌ ဗီဇ နိယာမအတွက်ကြောင့် မိမိတို့၏ ဇာတ်ကို မစွန့်ကြောင်း သိရာ၏တဲ့။ ဗီဇာဂါမ ခေါ်တဲ့ မျိုးစေ့တို့ရဲ့ အပေါင်းအစုသဘောဟာ ဘယ်အခါမှ မစွန့်နိုင်ဘူး။ မူလ ဗီဇ အမြစ်မျိုးစေ့၊ ခန္ဓဗီဇ ပင်စည်မျိုးစေ့၊ ဖလုဗီဇ အဆစ်မျိုးစေ့၊ အဂ္ဂဗီဇ အညွန့်မျိုးစေ့၊ ဗီဇနိယာမကို ဘယ်လိုအကြောင်းတရားကမှ မဖျောက်ဖျက် နိုင်ဘူး။ ရတုရောက်က၊ ပိတောက်ရွှေရိုး သာနီးရွှေစံ၊ ဝတ်ဆံရွှေခဲ၊ ပုလဲချပ်စီ၊ သရဖီလည်း၊ ရုံးညီ လှတင့်၊ ခါကိုလင့်လျက်တဲ့၊ အခါရာသီရောက်တော့လည်း ပွင့်ရတာမျိုးပါ'

ထိုနေ့က ပိတောက်ပင်တိုင်းမှာ ရွှေကြက်လည်ဆံ၊ ရွှေကြက်သွန်မြိတ် ပိတောက်ပန်းတို့ ဖိတ်ဖိတ်ကြီး ထိန်လေသည်။ နောက်ကျသော်ကော ပိတောက် ရယ်။

*Idea* ၂၀၀၆၊ ဩဂုတ်လ

## ငါ့ဇာတ်သဘင် ဘယ်သူရွှေ့သလဲ

ဆောင်းရိပ်ကလေး ပြသည်နှင့် မန္တလေးမှာ ဗေထိသံ ကြားရပြီ။ အရပ် လေးမျက်နှာဆီမှ လေနှင့်အတူ ရောက်လာတတ်သော ကြေးသံ မောင်းသံ တွေက ငယ်ဘဝ ပွဲကြည့်ညတွေကို စိတ်ရောက်စေသည်။ သီတင်းဝါလ ကျွတ်လျှင် ဘုရားပွဲ၊ မွှာရုံဘုရားပွဲ၊ စေတီဘုရားပွဲတွေ စီကာစဉ်ကာ ရှိ တတ်သော မန္တလေးမှာ ပွဲမရှားပါ။ ဇာတ် သို့မဟုတ် အငြိမ့် တစ်ပွဲမဟုတ် တစ်ပွဲ နွှဲကြရုံ၊ ဘုရားပွဲရှိလျှင် သိသာသည်။ ချားတွေ၊ ရဟတ်တွေ ရောက်လာ ကြမည်။ မုန့်လေပွေ၊ မုန့်အိုးကင်၊ မုန့်လင်မယား၊ မုန့်ရေ ထမနဲ 'ဆောင်းစာ သည်' တွေ ရောက်လာစမြဲဖြစ်၏။ ရေမုန့်ကို မော်ဒန်လုပ်ထားသော ချွေတာရေး ဆိုသည့်မုန့်ကလည်း ပွဲည၏ သင်္ကေတ၊ ချွေတာရေးဆိုသော်လည်း တစ်ခု တစ်ရာ။ မန္တလေးမှာ အငြိမ့်တွေ နည်းသွားသည့်တိုင် ဇာတ်တွေက အုံကြီး ကျင်းကြီးဖြစ်လာသည်။ ဇာတ်မင်းသား ကိုပေါက်စတို့ ထင်ပေါ်လာချည့်။ ဘယ်သူ ကတဲ့ ဇာတ်ပွဲ၊ ဘယ်ဝါကတဲ့ ဇာတ်ပွဲ။

ကျွန်တော်ကတော့ ဆိုင်းသံကလေးကြားလျှင် ရွာကို သတိရ၏။ ရွာမှ အထင်ကရ ပွဲတော်နှစ်နေရာရှိသည်။ တစ်ခုက မြစေတီဘုရားပွဲ၊ ကုန်းဇောင်းရွာ မြောက်ဖျားကျကျ ဆည်မြောင်းလက်တံကြီးဘေးတွင် ကွင်းစပ်က ရွာကျက် သရေဆောင် ဘုရားကြီးဖြစ်သည်။ အမေတို့ကတော့ မြဇလီဘုရားပွဲလို့ သုံးတာ သတိထားမိပါသည်။ သည်ဘုရားပွဲက စေတီဘုရားပွဲကြီးဆိုတော့ မြို့တကာ နယ်တကာက ဆယ့်နှစ်ပွဲလည် ဈေးသည်တွေ ရောက်လာတတ်ကြသည်။ အညာ ဘုရားပွဲများထုံးစံ ပွဲကလေးကြည့်၊ ဈေးကလေးဝယ်၊ ကိုယ့်ရွာ ကိုယ့်ဘုရား ပေမယ့် ပွဲတော်ဖြစ်မှ တစ်ခေါက်တစ်ကျင်း ရောက်ကြရသည်။

ပင်နီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'ငါဖြင့် မြဲဇာလီဘုရားပွဲမယ် မှတ်မိသလောက် သဒ္ဒါရုံအောင်ကျော်ခင်၊ တိုင်းချစ်သန်းစိန်၊ ဘိုကေသန်းစိန်၊ ခေတ်ပါတီ၊ အောင်မောင်းကြီးတို့ ရောက်ကြတယ်မှတ်တာပဲ။ သဒ္ဒါရုံအောင်ကျော်ခင်ကတော့ ရွာ့မင်းသားပေါ့'

အမေက သတိရသလောက်ပြောတတ်သည်။ ရွာဈေးကြီးကလည်း ပွဲတော်ရက်များအတွင်း ပွဲတော်ကွင်းမှာ သွားခင်းကြတော့ အမေနှင့် ကျွန်တော်တို့ မနက်တိုင်း ပွဲတော်ကွင်းကို ရောက်နေကျ။ ခရမ်းချဉ်သီးကလေးလောက်နှင့် ပေမယ့် ရောက်အောင်သွားကြကာ ပွဲတော်နံ့ကလေး ရှူကြမြဲ၊ ပွဲညတိုင်း မကြည့်နိုင်သော်လည်း တစ်ည၊ နှစ်ညတော့ မလွတ်စေရ။ ပွဲကြည့်ရမည့်နေ့မှာတော့ မနက်ကတည်းက အုန်းဆီကလေးလိမ်း၊ အင်္ကျီအသစ်ကလေး ဝတ်ပေးထားတတ်၏။ အိမ်ကို ရောက်လာသမျှသော ဧည့်သည်ဆွေမျိုးတို့ကို မနစ်က ပွဲည အကြောင်း အမေ ပြောနေတတ်သည်။ အမေနှင့် ပွဲလိုက်မည့် အပျိုတွေကလည်း နေ့ခင်းကတည်းက ဖြီးဖြီးလိမ်းလိမ်း ထွက်ချည် ဝင်ချည်။ ရုပ်ပွဲဆိုတော့ မနက်စောစော လက်မှတ်သွားဝယ်သူက ဝယ်၊ ပန်းဝယ်သူက ဝယ်၊ ချုပ်ထားသည့် အဝတ်ကလေး စက်ဆိုင် သွားလော့သူက လော့။

နောက်တစ်နေ့ရာကတော့ ရွှေကျောင်းဘုရားပွဲဖြစ်သည်။ ရွှေကျောင်းက ရေးဘုန်းကြီးကျောင်းဖြစ်ကာ ကျောင်းပရဝုဏ်ထဲမှာ စေတီငယ်ကလေး တော်တော်များများရှိသည်။ ကျွန်းကျောင်းကြီးဖြစ်ပြီး၊ ကျွန်းတိုင်၊ သွပ်မိုးနတ်လမ်းရှည်ကြီးကပဲ ရှည်လှချည်။ သည်ရွှေကျောင်း ဘုရားပွဲကတော့ နှစ်စဉ် ဗလာဇာတ်ဆိုတော့ လှည်းတပ်ကြီး ချီလာတတ်သည့် ဘုရားပွဲမျိုးဖြစ်သည်။ အနားက ရွာတွေက မနက်မိုးလင်းသည်နှင့် ကျောင်းဝင်းကြီးထဲ ရောက်ကြပြီ။ ဈေးမှာ နားရင်း ချက်ကြ၊ ပြုတ်ကြ၊ ဖွပ်ကြ၊ လျှော်ကြ။ လက်ဖက်ရည်ဆိုင်၊ မုန့်ဆိုင်၊ ခေါက်ဆွဲဆိုင်၊ ထမင်းဆိုင်တွေကလည်း မနက်စောစောကတည်းက စည်ကားတတ်၏။ တစ်နှစ်လုံး စားခွင့်မရသည့် ခေါက်ဆွဲ၊ ရွှေကျောင်းဘုရားပွဲရောက်မှ အမေကျွေးတတ်သည်။ ပွဲတော် ဂုဏ်ပြုအထူးခေါက်ဆွဲဖြစ်သည်။

ပွဲဝါသနာကြီးသော ဘကြီးကုလားသည်ပင် ခါတိုင်းလို အင်္ကျီချွတ် ဗိုက်ရှုပ်နှင့် မဟုတ်တော့ဘဲ ဖားဥစွဲလည်ကတုံးနှင့် ပြုံးပြုံးကြီးရှိလေ၏။ 'တို့ငယ်ငယ်တုန်းကလို ဇာတ်တွေ အသားမပါတော့ဘူးကွာ' ဆိုတာမျိုး ကြုံတိုင်း ညည်းတတ်သော်လည်း နေဝင်ချိန် ကရောင်းနက်သည်နှင့် စင်ရှေ့မှာ ငုတ်တုတ် ရောက်ပြီ။

'တို့ငယ်ငယ်တုန်းက ဟမ္ဗရာမောင်ညွန့်တို့များ၊ ကုလား ပဋိက္ကရား ဇာတ်ကသာ၊ ကလစစ်က အရှုံးပေးရသာ။ စန္ဒရား ဘအုန်းကြီးတို့ မင်းသား





စိန်အုပ်တို့လောက် ငတို့က ဇာတ်မှတ်သာ၊ သည်ခေတ်တော့ ဟုတ်ပေါင်ကွာ၊ သဘင်ရည် မပါလိုက်သာ'

ဘကြီးကုလား မှတ်ချက်ဖြစ်သည်။ ရေးမင်းသားတွေ ပွဲမထွက်ခင်က မန္တလေးပိုးတောင်ရှည်ဝတ်ကြပုံ၊ အယ်လ်ပတ်ကား ပိုးတိုက်ပုံကလေး ထပ်ပြီး၊ ပန်းနုရောင်ခေါင်းပေါင်းကလေး သျှောင်ပေါ်က အုပ်ပေါင်းကြပုံ၊ နဘေကာရန် အသော့အထေ့ကလေးများဖြင့် ညကမည့် ဇာတ်ကွက်ကို မျက်နှာပြ ထွက်ကြပုံ ကျကျနန ပြောတတ်သည်။ သွားရည်များပင် ကျလို့။

'ဟ မသိန်းရ၊ ဟိုတုန်းက သိကြားထွက်ရင် ခုခေတ်လို စုတ်တီးစုတ် ဖတ်ထွက်လာမှတ်မင့်လား။ ဝေးပါ့ဟာ၊ ရှစ်သောင်းလေးထောင် အဘိတံမှကူ၊ ဒွိ နှစ်ပြန်ဆလိုက်တော့၊ မဇ်မန္တဝရ အရောင်ဖြင့်၊ ပိသုကာတမျှ တောင်ဒီပါ မြေတခိုဝယ်၊ မြောင်သီတာ ရွှေညိုပန်း ခရုပတ်သကဲ့သို့ နန်းသုဒသ်၊ မြတ်ဥက္ကဋ္ဌ အစစ်ဘုရင်ဟု၊ နတ်ရကွသစ်ပင် စံပြုရသဖြင့်၊ ပဏ္ဍုကမ္ဗလ ကျောက်မျှား ဝေဇယန် ပြာသာဒ်ထီးနဲ့၊ နောက်ပါ အခြွေအရံနတ်သမီး။ ငါးသန်းနှစ်ကုဋေ တို့ဖြင့် သိကြားနန်း ပြဒ္ဒဗွေမှာ ဆိုသာမျိုး ရွတ်သာ'

အင်္ကျီမပါသော ဘကြီးကုလားက သိကြားစာတွေ ရွတ်ပြတော့ အမေက 'တော့်လောက်နီးနီးပါလား' လို့ အငေါ်တူးလေသည်။ ရွှေကျောင်းဘုရားပွဲမှာ ကျွန်တော်တို့ ငယ်ငယ်က ကန်ထရိုက်ဆွဲထားသလားမှတ်ရသည့် ဗလာဇာတ်မှာ မင်းသားစိန်မောင်ဇာတ်ဖြစ်သည်။ ပွဲအစည်းအဝေး မတိုင်ခင်ကတည်းက သည်နှစ်လည်း စိန်မောင့်ဇာတ်ငှားမယ့်ဟာကို ဘာကိစ္စများ အစည်းအဝေး စရိတ် အထောင်းခံနေသလဲမသိဘူးဆိုတာမျိုး ရွာက ကလိကြသည့်တိုင် စိန်မောင့် ဇာတ်ကတော့ သူ့အလုပ် သူ တာဝန်ကျေသည်။ ပြဇာတ်မင်းသား ရဲတင့်၊ ရဲမြင့်၊ လူရွှင်တော် ညိုချော။ ရွာကတော့ လာကတော့လည်း ကြည့်ကြသည်သာ။ ပွဲလန့်တာကလည်း နှစ်စဉ်။ အမေက ပွဲလန့်ရင် ဖိနပ်အရင် ကောက်ကိုင်ထားလို့ ပြောထားတော့ စီခနဲဆိုလျှင် ကျွန်တော် ဖိနပ်ကိုင်ထားတတ်ပြီ။ ပွဲထွက်ပြီ ဆိုလျှင်တော့ ပွဲလန့်ဖို့ အချိန်မရတော့။ ပွဲလှန့်ချင်သူတို့လည်း မလှန့်နိုင်။ ဘုရားရှိခိုးခန်း၊ အပျိုတော်ထွက်၊ ယိမ်းထွက်၊ အော်ပရာ၊ တစ်ခန်းရပ်ပြဇာတ်၊ ပြဇာတ်ကြီး၊ အားလပ်ချိန်၊ နောက်ပိုင်းဇာတ်ထုပ် တုတ်တုတ်လှုပ်သည် မရှိ။ မြင်သမျှ ကြားသမျှ တစ်လုံးတစ်ပါဒမှ အလွတ်မခံ။ ရယ်စရာရှိတော့ ရယ်ကြ၊ ငိုစရာရှိ တော့လည်း မရှက်ကြပါ။ ကျွန်တော့်ကြီးတော် တစ်ယောက် ဆိုလျှင် မင်းသမီး နှိပ်စက်ခန်းကို တွေတွေကြီးကြည့်ရင်း မျက်ရည်တွေ ပိုးပိုး ပေါက်ပေါက် ကျတတ်သူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်ရပလေဟယ်၊ ဖအေက သေ၊ အစ်ကိုက ထောင်ကျ။ ရည်းစားက ဝရမ်းပြေး။ သူ့ကျတော့ ကြည့်ဦး။ သူကြီးသားက ကြံလို့ ပြေးရလွှားရ၊ မောင်ရလေး ဖြစ်သူခမျာ အားကိုးမယ်ကြံတော့ ယောက်မက မာနကြီး'

တစ်ချက်ကလေးမှ အကောင်းမရှိသော ဇာတ်ခုံပေါ်က မင်းသမီးဘဝကို တဖျစ်တောက်တောက်ပြောရင်း ငိုခြင်းဖြစ်သည်။ တစ်ခါတော့ ကြီးတော်က နောက်ဖေးနောက်ဖီ ထွက်ရင်း မင်းသမီးကန့်လန့်ကာနောက်မှာ ဆေးလိပ်ဖွာရင်း ဇာတ်သူ၊ ဇာတ်သားများနှင့် ဟီးဟီးဟားဟား ရယ်မောနေတာ သူတွေ့လာခဲ့သည်။

'မသာမ ငါ့ဖြင့် အဟုတ်မှတ်လို့ ငိုလိုက်ရသာ၊ ဒင်းက ဟီလာထလို့လေ ပါးမှ မချခဲ့ရ'

မင်းသမီးထွက်လာလို့ ပြေးရ လွှားရပြန်တော့ ကြီးတော်က ငိုတာပါပဲ။ ကျွန်တော့် ပွဲကြည့်အတွေ့အကြုံများတွင် အမှတ်တရကလေးများ ရှိခဲ့သည်။ နွေကျောင်းပိတ်ချိန်တွင် ကျွန်တော့်အစ်ကိုများ ဒုလ္လဘဝတ်ကြသည့်အခါ ကျွန်တော်ပါ ဘုန်းတော်ကြီးကျောင်းကို လိုက်အိပ်တတ်သည်။ ဆွမ်းခံတော့လည်း အတူတူ။ ဆရာတော်ကြီးက စည်းကမ်းကြီးတော်မူသည်။ ညဘက် ရှစ်နာရီကျော်လျှင် ကျောင်းပြင် မထွက်ရ။ တစ်တောင်လောက်ရှိသော မင်းတုပ်ကြီး ဖျောင်းခနဲ ထိုးစေကာ ကျောင်းပေါ်မှာပဲ နေကြရသည်။ အဝေးရွာတွေဆီက ဆိုင်းသံကလေး ပြတင်းဝ ဝေ့လာတော့ အစ်ကို ကိုရင်ကြီးတွေက ပွဲသွားကြည့်မလား ဖြစ်ကုန်ကြပြီ။ ကျောင်းပေါ်က တစ်နည်းနည်းဖြင့် ဆင်းရမည်။ ဆိုင်းသံကြားရာ အဝေးကို မိုင်ချီလျှောက်ရမည်။ ပွဲခင်းရောက်တော့ ခဏတဖြုတ်ကြည့်၊ ကျောင်းကို မိုးမလင်းခင် ပြန်ရောက်ရမည်။ တကယ်တော့ မဖြစ်နိုင်သည့်ကိစ္စဖြစ်သည်။ သို့သော် ကျွန်တော်တို့ သွားဖြစ်အောင် သွားခဲ့ကြသည်။ ကျောင်းပြတင်းပေါက်က ကြိုးနှင့် ဆင်းကြသည်၊ ကျောင်းခွေးတွေကို ချော့ရသည်။ တာလမ်းပေါ်ရောက်တော့ ကျွန်တော်တို့ ညီအစ်ကိုတွေချည်း။ ကိုရင်သုံးပါး၊ ကလေးတစ်ယောက်။ ပွဲက ရွာသစ်တောင်ဖျားလို့ခေါ်သော အရပ်မှာ ဖြစ်သည်။ ကျွန်တော်တို့ ရောက်သွားတော့ ပွဲထွက်နေပြီ။ ထိုညက ဇာတ်ဝင်ခန်းကို ကျွန်တော် ခုထိ သတိရသည်။ ဒူးလောက်မြင့်သော ပိတ်တန်းကလေးမှာ ရေလှိုင်းပုံတွေ ဆွဲထားသည်။ သူ့နောက်မှာတော့ အညာဆန် လှေကြီးတစ်စီး၊ လှေကြီးပေါ်မှာ ပေါင်းမိုးကလေး ပါသည်။ လှေသူကြီးက နှုတ်ခမ်းမွေး ကုပ်ကုပ်၊ ပုဆိုးကွက်ကျား အင်္ကျီဟပြဲမှာ အင်းကွက်ကြီး ပါသည်။ လှေထိုးသားတွေကလည်း ကြိုးငင် ကြိုးကောက် အလုပ်ရှုပ်နေကြသည်။





သည်အချိန်မှာ ထန်းခေါက်ဖာကို မယားကရွက်၊ လင်သားက မယားလက်ကို ဆွဲကာ လှေကြီးဆီ ပြေးလာရင်း ခရီးကြုံလိုက်ပါရစေ တောင်းပန်ကြသည်။ မင်းသားနှင့် မင်းသမီး ထွက်လာသည်။

'လှေသူကြီးမင်းခင်ဗျား ကျွန်တော်တို့ လင်မယား စမ္ပာနဂိုကို ခရီးကြုံများ လိုက်ပါရစေခင်ဗျာ့'

'လိုက်တာပေါ့ကွယ်၊ အသပြာများကော ပါကြရဲ့လားကွဲ့'

'အသပြာတော့ မပါပါခင်ဗျား၊ ကုန်များတော့ ပါပါရဲ့၊ ကုန်နဲ့ လှေခလဲကြရုံပခင်ဗျား'

'ကိုင်း တက်ကြ တက်ကြ'

ခရီးကြုံလင်မယား လှေကြီးပေါ်တက်မိတော့ လှေကြီးက တရွေ့ရွေ့ကြီးလိုက်တဲ့ လှေကြီး။ ဇာတ်ခုံပေါ် ဘယ်လို တင်ရပါလိမ့်။ ဘာတွေဖြစ်ကြမှာပါလိမ့်။ လှေကြီးကို ငေးရင်း ဇာတ်ခုံထောင့်မှာပဲ ကျွန်တော့်အစ်ကို ကိုရင်များနှင့် ကွဲသွားခဲ့သည်။ အနားတစ်ဝိုက်ရှာသော်လည်း မရှိ၊ လူတပ်၊ လူည်းတပ်ကြီးထဲမှာ ကိုရင်သုံးပါးပျောက် ရှာရတာမလွယ်၊ အားငယ်စိတ်တွေ တလိပ်လိပ်တက်လာကာ ကျွန်တော် ငိုသည်။ ထိုအခါ လူကြီးတစ်ယောက်က ဘာမပြောညာမပြော ကျွန်တော့်ကို ဇာတ်ခုံပေါ် ထိုးတင်လိုက်လေ၏။ ပထမတော့ ပရိသတ်က ဇာတ်ဝင်ခန်း ထင်ကြပုံရသည်။ သို့သော် တရှုံ့ရှုံ့ ငိုသံကြောင့် ဇာတ်က ဆက်ကလို့ မရတော့ဘဲ မင်းသားက ကျွန်တော့်ကိစ္စကို အရင်ဖြေရှင်းပေးရသည်။ ဘယ်ရွာကလဲ၊ ဘယ်သူတွေနဲ့ လာသလဲ၊ မိဘတွေက ဘယ်သူတွေလဲ၊ မင်းနာမည် ဘယ်သူလဲ၊ အစ်ကို ကိုရင်တွေက ဘာဘွဲ့လဲ၊ ဘယ်ကျောင်းကလဲ၊ မင်းသားက ကြေညာပေးသည်။ မင်းသမီးက ထန်းခေါက်ဖာခဏချကာ ပြဿနာကို စောင့်နေရသည်။ လှေကြီးပေါ်က လှေသူကြီးကလည်း ငုတ်တုတ်။ ပွဲနိုးကြည့်ခါမှ သည်သတင်းက ပွက်ပွက်ရိုက်သွားသည်။ ဆရာတော်ကြီးက သည်အမှုကို ဦးဇင်းမှတ်ကို လွှဲတော်မူသောအခါ ကျွန်းတိုင်ကို ဖက်၊ ကြိမ်နှင့် ရိုက်နှက်လေသည်။

နောင် ကြီးပြင်းလာသည်အထိ ဇာတ်သဘင်သည် ကျွန်တော့်သည်းခြေကြိုက် အနုပညာဖြစ်ခဲ့သည်။ ဇာတ်ခုံအခင်းအကျင်း၊ ရုပ်ဆင်ရုပ်ချ၊ ဇာတ်ဝင် အဝတ်အစား၊ မီးခွင်၊ တူရိယာ၊ တူရိယာမှ ထွက်လာသည့်အသံ၊ တေးသွားနှင့် စာသား၊ ဇာတ်ညွှန်း၊ ဒါရိုက်တာ၊ ဇာတ်လမ်းဇာတ်ကွက် ကျင်းပုံခင်းပုံ၊ ဇာတ်ခုံ တည်ဟန်ကအစ တလေးတစား ဖန်တီးလာကြသည့် ပညာရှင်ကြီးများကြောင့် ဇာတ်သဘင် အရှိအစဉ် မြင့်ခဲ့ရသည်။ အတွေးအမြင်၊



www.burmeseclassic.com

www.burmeseclassic.com



ရည်မှော်ချက်၊ သဘင်မှု အထား၊ သမ္ဘာ၊ ဆန်းသစ်တီထွင်မှုများဖြင့် ယဉ်ကျေးမှု သစ်သည့် ဇာတ်ခုံများပေါ်က ဖိတ်လျှံကျနေသည်။ မြန်မာဇာတ်သဘင်သည် အနှစ်သာရရှိသော ဥရုတိုင်ဖြစ်သည်။ စနစ်ရှိသော အဆင့်ယက်မဖြစ်သည်။ ကာလ ဒေသ ပယောဂ ကင်းသည်။ တီထွင်ဆန်းသစ်မှုပါသော သမားစဉ် ဖြစ်သည်။ လောကနှင့် ဘဝကို ထင်ဟပ်သော နိမိတ်ပုံဖြစ်သည်။ လက်ငင်း ဘဝနှင့် ‌ဝေးနေတတ်သော နိပါတ်တော် ရှေးသမိုင်း၊ ထိုးဇာတ်၊ ခင်းဇာတ်၊ အရှိဇာတ်၊ လုပ်ဇာတ် စသည့် ဘဝသရုပ်ဖော်ရာ အခင်းအကျင်း၏ မာယာ ဖြစ်သည်။ တင်ဆက်ရာ၌လည်း ရသမြောက်မှု၊ စည်းဝါးနရီကိုက်မှု၊ ပြေပြစ် တိကျမှု၊ အကူးအစက်ညက်ညောမှု၊ အာစောက် လျှာစောက်ပဲ့မှု၊ အရွတ် အဖတ်၊ အပြောက်အမွမ်းရှိရသော အရှိန်အဝော် သုခုမ ဖြစ်သည်။ အသံ၏ ကောင်းခြင်း၊ အလင်း၏ ကောင်းခြင်း၊ အပိုင်ကိုတ၏ ကောင်းခြင်း၊ အစီအစဉ်ကောင်း ခြင်း စသည့် ပါရမီရှိကြသူတို့ အချင်းချင်း အုံကြီးကျင်းကြီးဖြင့် မြင့်မြတ်သော မာနတို့ ယှဉ်ပြိုင်ရာ အနုပညာစစ်တလင်း ဖြစ်ရသေးသည်။ ‘ပွဲက’ နှင့် ‘ပွဲကြည့်’ တစ်ဖက် ကြည်ညို၊ တစ်ဖက်လေးစား ရှိကြရသည့် ဆက်ဆံရေးဘဝဖြစ်သည်။

‘ကျုပ်တို့ခေတ်က အသံကလေး တစ်သံထွက်ဖို့ လည်ချောင်းက ဖြစ် သလား၊ ခံတွင်းက ဖြစ်သလား၊ လျှာက ဖြစ်သလား၊ သွားခြေက ဖြစ်မလား၊ နှုတ်ခမ်းပွင့်ပိတ်က ဖြစ်သလားကအစ သင်ကြရတယ်။ တိုရှည် လေးပေ့၊ တင်း လျော့စဖြတ် ပိတ်ဖွင့်စတဲ့ ကရိယာများ ကုန်ကြရတယ်။ လည်းထောက်ဆံ မှန်မှ မင်းသားကောင်းခေါ်ကြတာပါ’

ဇာတ်မင်းသားကြီး တစ်ဦးက ကျွန်တော့်ကို ပြောပြခြင်းဖြစ်သည်။ ရာမဇာတ်တော်ကြီးတစ်ပုဒ်ကိုပဲ ကြည့်လျှင် မြန်မာ့ဇာတ်သဘင်စနစ်၏ ပြည့်စုံ ခြင်းကို တွေ့နိုင်ပါသည်။ စင်တင်နိုင်သည့် ပြဇာတ်ဖြစ်သည်။ ယဉ်ကျေးမှု ထုံးမလေ့များ ပါသည်။ ထီးမလေ့၊ နန်းမလေ့၊ တောမလေ့၊ တောင်မလေ့၊ စစ်မလေ့၊ ချစ်မလေ့တွေ ပါသည်။ စရိုက်ဖွဲ့အကြိုက်ဖွဲ့တွေပါသည်။ အဝတ် အစား၊ အလိမ်းအခြယ်၊ ရုပ်ပြောင်ရုပ်ပြောင်းသဘောတွေ ပါသည်။ အရှေ့ တောင်အာရှတွင်ပင် ရာမဇာတ်အရိုးကို အမျိုးမျိုး ပုံဖော်ခဲ့ကြသည်။ ကမ္ဘော ဒီးယားက ရီယဲမ်ကားရ် (Ream Ker)၊ လာအိုက ဖာရ်လက်ဖာရ်လမ် (Phra Lak Phra Lam)၊ ဗီယက်နမ်က ထရူယင်ဒါထောင်ဗောင်း (Truyen Da Thua Vuong)၊ မလေးရှားက ကာယုဆရီရာမာ (Kikayut sari Rama)၊ ဖိလစ်ပိုင်က မဟာရာ ဒီယာလာဝါးနား (Maharacdia Lawan) စသည်ဖြင့် ကိုယ့်အရပ်နှင့် ကိုယ့်ဇာတ် ရှိကြသော်လည်း မြန်မာရာမက မြန်မာရန့်နှင့် သီးခြားဖြစ်သည်။





သဘင်သည် နေမျိုးနာဋကကျော်ခေါင်၏ ရာမဇာတ်တော်ကြီးကို ကြည့်လျှင် သဘောကိုတွေ့နိုင်သည်။

ထိုအခါ ပြဟ္မာမင်းက တန်နိုးအရောင်အဝါကို ပြ၍ ဆိုရသည်မှာ

‘ဟယ် ဘီလူးတို့၊ မှိုင်းညို့ဝေဆာ၊ လက်ာဒီပ၊ မည်ရခေါ်မှန်း၊ ဤ သည့် ကျွန်းကား၊ ရဲဝန်းပိတ်ဆို့၊ သင်တို့နေရာ မဟုတ်စွာတည့်’

တန်ခိုးဖြင့် မှန်တိုင်းလေကြီးဆင်ဟန်၊ မှောင်အတိခိုက်ဟန် ဖန်ဆင်း စေ။ ဆိုင်းတော်က ပတ်ကို တပြိုင်နက်တီး။

ရှေးက ဇာတ်သဘင်တို့ တိုင်းရင်းသားလူမျိုးများနှင့် စပ်လျဉ်း၍ ကပြ လျှင်ပင် တလေးတစား ဂရုစိုက်ကြတာတွေရှိခဲ့သည်။ လူမျိုး၏ နောက်ခံသမိုင်း၊ ဘာသာစကား၊ လေယူလေသိမ်း၊ ကိုးကွယ်မှု၊ ထုံးမလေ့၊ အဝတ်အစား (နေရာအချိန်၊ အခမ်းအနားစသည်) ရိုးရာအက၊ ရိုးရာတူရိယာ၊ အကိုင် အတွယ်များက အစ တတ်နိုင်သမျှ ဆည်းပူးကြသည်။ မီးအလင်းပေးရာ၌ပင် ဇာတ်သဘင်တွေ မည့်ခဲ့။

ညက ထမင်းစားပွဲတစ်ခုကအပြန် ညည့်နက်သည်။ အနောက်ဘက် ကပ်လျက် မမှာရုံဘုရားပွဲက တူရိယာသံတွေက ညည့်နက်နက်မှာ ဝရုန်းသုန်း ကားဖြစ်နေတာ ကြားရသည်။ ဇာတ်မင်းသားက မြန်မာလို ပြောနေတာကိုပဲ ကျွန်တော် နားမလည်နိုင်။ သည်အတု ဘယ်ကရလာတာလဲ၊ ဂစ်တာဘေ့စ်သံ၊ ဒရမ်ရိုက်သံက တဒိန်းဒိန်း။ မင်းသားကလေးက တပြုံပြုံ။

‘ကျွန်မတို့ စွဲလမ်းခဲ့တဲ့ မြို့တော်အောင်သန်းကြည်တို့၊ မြို့တော် တင်ဝမ်းတို့၊ ပန်တျာကျော်ဝင်းတို့၊ ရတနာတင်လင်းတို့ကို လွမ်းလိုက်တာ။ အော်ပရာ တစ်ခေတ်၊ ပြဇာတ်တစ်ခေတ်၊ ကိုယ်ပိုင်ဇာတ်သီချင်းတွေနဲ့ တစ်ခေတ် ထူထောင်ကြသူတွေပေါ့။ ကျွန်မတို့ရပ်ကွက်က ရွှေနန်းတင်တို့ သားအဖဆို အသည်းစွဲပဲ’

မအိမ်သူက ညည့်နက်နက်မှာ ဒယ်ဦတိုက်နေသည့် အသံတွေကို ကျော်ကာ လွမ်းနေသည်။ ဟိုတုန်းက ကိုယ့်မှုကိုယ်ထိန်း၊ ကိုယ့်ယိမ်းကိုယ်က ကိုယ့်‘ဇ’ ကို ပြခဲ့ကြသတဲ့။ ဇာတ်ခုံဘက်က အသံတွေ လွင့်လာပြန်၏။

‘လက္ခဏာဆရာက ပြောတယ်မေရယ်၊ နှလုံးလမ်းကြောင်းမှာ ကျွန်းခံ နေတယ်၊ မိန်းမနဲ့ ပတ်သက်လာရင်၊ မမနဲ့ ပတ်သက်လာရင်၊ မီးမီးနဲ့ ပတ် သက်လာရင်၊ ကိုယ့်အချစ်နဲ့ ပတ်သက်လာရင်’

မှုရင်းသီချင်းထဲမှာ သူထည့်ချင်ရာ ထည့်ပြီး အော်နေသံတွ ကြား နေရသည်။ စော်ကားလှချည့်။ ခဏနေတော့ နိုင်ငံတကာ အကပြိုင်ပွဲမှာ ဆုရခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည့် အက ကပြမည် ဆိုနေပြန်သည်။ ညကြီးသန်းခေါင်ကျော် သန်းလွဲလုပြီ။ ပတ်လုံးသံ မကြားရသေး။ Hip-Hop နှင့် Rap ဂီတသည် ပွက်ပွက်ရိုက်နေသည်။

'ခုတစ်ခါ သန်းဒါးမိုလ် တေးဂီတနှင့် တွဲဖက်ပြီး ဒိန်းဂျရတ်စ်မြူးဇစ်ရှိုး အစီအစဉ်ကို တင်ဆက်ပါ့မယ်၊ ကျေးဇူးတင်ပါတယ်'

အလို ငါ့ဖာတ်သဘင် ဘယ်သူရွှေပါလိမ့်။ အောင်ဗလ၊ စိန်ကတုံး၊ ပြုံး၍လည်း ခံတော်မူပါ။ ။

*Idea ၂၀၀၄၊ ဖေဖော်ဝါရီလ*

# ထီး

တလောက စပိန်ချယ်နယ်လ်မှ တိုက်ရိုက်လွှင့်ထုတ်သော စပိန် မီးရထားပုံးကွဲမှုကြီးကို မြင်လိုက်ရပါသည်။ ကောက်ကွေးနေကြသည့် ရထားလမ်းများ၊ တုံးလုံးပက်လက်လဲကျ၊ စောင်းမှောက်နေသည့် မီးရထားတွဲပျက်များ၊ မီးဟုန်းဟုန်း တောက်လောင်နေသည့် မီးရထားတွဲများနှင့် မီးခိုးများ အူထနေသည့် မြင်ကွင်းက ထိတ်လန့်စရာ ကောင်းလှပါသည်။ သေကြကြေကြ၊ ဒဏ်ရာတွေ ရကြ။ စေတနာ့ဝန်ထမ်းဖယ်ရှားရှင်းလင်း အလောင်းကောက်ကြသူများ၊ ရဲကားများ၊ သူနာတင်ယာဉ်များ။ နောက်တစ်နေ့မြင်ကွင်းမှာတော့ သည်ဖြစ်ရပ်ဆိုးကြီးအတွက် အကြမ်းဖက်သူများကို ကန့်ကွက်ကြသော လူပရိသတ်နှစ်သန်းက မက်ဒရစ်လမ်းများပေါ်မှာ စုရုံးအင်အားပြကြသည့် ဖာတ်ဝင်ခန်းကို မြင်ကြရပါသည်။ ရုပ်မြင်သံကြားကင်မရာက အပေါ်စီးက ရိုက်ပြသည်ဖြစ်ရာ မိုးတဖွဲဖွဲကြားက လူပရိသတ်ကြီး၏ ထီးပေါင်းနှစ်သန်းက မည်းမည်းလှုပ်နေသည်။ ထီးတွေ ထီးတွေ ထီးတွေ။ ထီးပေါင်း နှစ်သန်း။ ထီးအလက်ပေါင်း နှစ်သန်းကို တစ်နေရာတည်းမှာ မြင်ရဖို့ မလွယ်လှသော်လည်း သည်လို အဖြစ်အပျက်မျိုးမှာတော့ ကျွန်တော် မမြင်ချင်ပါ။ သည်ထီးပေါင်း နှစ်သန်းက နောက်ထပ်လာလတ္တံ့သော ဘေးအန္တရာယ်များကိုကော ကာကွယ်နိုင်ပါ့မလား။

*'လုံခြုံခြင်းနဲ့ မလုံခြုံခြင်း နှစ်ခုရှိတဲ့အခါ ဘယ်ဟာကို ရွေးမလဲ။ လုံခြုံခြင်းနဲ့ မလုံခြုံခြင်းထဲက တစ်ခုကို ရွေးရမှာမဟုတ်ဘူး။ လုံခြုံခြင်း ဘဝထဲက တစ်ခုကို ရွေးရမှာဖြစ်တယ်။ လုံခြုံခြင်းကို ရွေးတာဟာ မရဏကို ရွေးတာဖြစ်ပြီး၊ ဘဝကို ရွေးတယ်ဆိုရင်တော့ မလုံခြုံခြင်းကို ရွေးတာဖြစ်လိမ့်မယ်'*

ပင်နီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆရာပါရဂူ၏ ‘လုံခြုံမှုနှင့် မလုံခြုံမှု’ ထဲက စာသားတွေကို ကျွန်တော် သတိရနေသည်။ လုံခြုံသော ထီးတစ်ချောင်းအောက်မှာ ကျွန်တော်တို့ ရှိနေပါသလား။ တချို့သူတွေအတွက် ဘဝထီးရိပ်သည် လုံခြုံမှုမရှိ။ ထီးရွက်တွေ ပေါက်ပြဲဖြူလျော်နေကြသည်။ ထီးရိုးထီးခရိုင်တို့ ကိုင်းကျိုး ကိုင်းဆက်များလှသည်။ လောကဓံလေပြင်းထဲမှာ ထီးစုတ်ကို မဖွင့်ဝံ့သူတွေ ရှိနေသည်။

ကျွန်တော်တို့ ငယ်ငယ်ကတော့ ထီးတစ်လက်သည် ရှားတောင့်ရှားပါးပစ္စည်းဖြစ်သည်။ အိမ်မှာ ထီးနှစ်လက်ရှိသည်။ အဖေဆောင်းသည့် ထီးက ထီးရိုးရှည်ကြီးဖြစ်၏။ အင်္ဂလိပ်ခေတ် ဘီအိုစီအရာရှိတစ်ယောက်က အင်္ဂလိပ်ခေတ်မှာပဲ အဖေ့ကို ပေးခဲ့ခြင်းဖြစ်သော်လည်း ကိုယ့်မင်းကိုယ့်ချင်းခေတ် တစ်လျှောက်လုံးလည်း အဖေသည်ထီးကို ဆောင်းခဲ့သည်။ ထီးရွက်က ပိုး၊ ထီးရိုးက သံမဏိ၊ ထီးလက်ကိုင်က ဖန်။ ပျော့ခြင်းနှင့် မာခြင်းသည်ထီးမှာ ပေါင်းစည်းမှု ရှိနေသည်။ အဖေက ထီးရွက်ကို ချစ်သူ၏ ဆံစတွေကို ပွတ်သပ်ပေးနေသည့် လုလင်ပျိုတစ်ယောက်လို ရွှရွကလေးကိုင်ကာ တစ်ဖတ်ချင်း လိပ်သည်။ ထီးဖျားမှသည် ထီးရင်းအထိ အလိပ်မပျက် လှည့်ကာလှည့်ကာ သိမ်းသည်။ ပြီးတော့မှ ထီးရွက်မှာ တန်းလန်းကျနေသည့် အစကလေးနှင့် အလိပ်မပျက်အောင် ရစ်ယူလိုက်သည်။ နှိပ်စေ့ကို ထပ်ခနဲနှိပ်ပြီးသည့်တိုင် အချိုးကျမကျ၊ သပ်ရပ်မှု ရှိမရှိ သေချာအောင် အနုလုံ ပဋိလုံ ကြည့်လိုက်သေးသည်။ သေချာပြီဆိုတော့မှ ပတ္တူးစလို ဖြတ်ထားသည့် ပုဆိုးစုတ် သန့်သန့်ဖြင့် ပတ်လေ၏။ ပတ်ပြီးပြီဆိုတော့မှ သံချိတ်မှာ ချိတ်သည်။ အဖေက ထီးကို ကျွန်တော်တို့ထက် ဂရုစိုက်သည်။ ကျွန်တော်တို့ထက်များ ချစ်နေသေးသလား။ တစ်ခါတလေတော့ အမေက အငေါ်တူးလေ၏။ ‘ကျုပ်တို့သားအမိတွေများ ထီးလောက်ချစ်ရင် ကောင်းမှာလို့ တစ်ခါတစ်ခါ တွေးမိသား’ ဆိုတော့ အဖေက ပြုံးလေသည်။ ပြီးတော့မှ သူပြောနေကျ စကားကို ဆို၏။ ‘ငါ့ထီးက မိတ်အင်ဂျာမနီဟ၊ နင်တို့က မိတ်အင်ဂျာမနီမှ မဟုတ်တာ’ ထိုအခါ အမေကလည်း ချက်ချင်း တုံ့ပြန်သည်။ ‘ဒါဆို တော့်ထီးက ဟစ်တလာဆောင်းတဲ့ထီး နေမှာပဲ’ တဲ့။

အမေ့ထီးကတော့ ဘဝဆန်လှပါသည်။ ရှေးခတ် မိန်းမဆောင်းထီးတစ်လက်ပေမယ့် အပွင့်တွေ၊ အခက်တွေ မပါပါ။ ထီးရွက်မည်းမည်း၊ ထီးကိုင်း တောင့်တောင့်ကလာသော်လည်း ခုတော့ ထီးရွက်ဖွေးဖွေး၊ ကိုင်းကွေးကွေး ဖြစ်ခဲ့ပြီ။ ဈေးသွားတော့လည်း သည်ထီး၊ သူတကာ အသုဘပို့တော့လည်း သည်ထီး၊ အလှူအတန်းသွားတော့လည်း သည်ထီး၊ တရားနာ





ရေစက်ချသွားရတာလည်း သည်ထီးပါပဲ။ အမေက အဖေ့ထီးကို ယောင်လို့မှ မကိုင်သလို အဖေကလည်း အမေ့ထီးကို သတိရဟန်မရှိ။

‘နင့်ထီးမလည်း နာရင်ဒူးထီးဖြစ်နေပါပြီဟာ၊ တစ်ချောင်းများ ဝယ်ပါဦးတော့’ တစ်ခါတစ်ခါ အမေက တမှတ်တရ သဘောထားပေးတတ်သည်။ နာရင်ဒူးဆိုတာက ကုလားအရူးကြီးတစ်ယောက်ဖြစ်၏။ ဘယ်က ဘယ်လိုရလာမှန်း မသိသော်လည်း မဆောင်းကောင်း ဆောင်းကောင်း ထီးဖြူကြီးတစ်လက် ဆောင်းထားတတ်သူဖြစ်သည်။ ဦးနှောက်မကောင်းသော်ငြား သူ့ထီးဖြူကြီးကို ဘယ်တော့မှ အပျောက်မခံတာကလည်း ထူးဆန်းသည်။ အခုလည်း အမေ့ထီးက အရွက်ဖြူနေတာကို အဖေက စလိုက်ခြင်းဖြစ်သည်။ ကျွန်တော်တို့ကတော့ ငယ်သေးလို့လားမသိ။ နေကိုလည်း ပူသည်မထင်၊ လကိုလည်း အေးသည်မမှတ်။ ထီးနှင့် ကျွန်တော်တို့ မအပ်စပ်သလိုသာ နေခဲ့ကြသည်။ အဖေ့ထီးကို ကျွန်တော် စိတ်ဝင်စားတာတော့ရှိ၏။ ထီးကိုမဟုတ်၊ ထီးလက်ကိုင်ဖန်ရိုးထဲက ဂေါ်လီလုံးကို ဖြစ်သည်။ သည်ဂေါ်လီလုံးက ကျွန်တော့်ကို ကြီးစွာသော စွန့်စားမှုကိုပြုရန် အကြိမ်ကြိမ် လှုံ့ဆော်ခဲ့သည်။ ထီးလက်ကိုင်ကို တူနဲ့ ထုခွဲလိုက်ရင် ဂေါ်လီလုံးကို ရမှာပဲ၊ အဖေ့ထီးလက်ကိုင်ထဲက ဖောက်ထွင်းမြင်နေရသည့် ဂေါ်လီလုံးကို ကျွန်တော့်စိတ်နှင့် အကြိမ်ကြိမ် ခွဲယူခဲ့ဖူးသည်။ လက်တွေ့တော့ မလုပ်ဝံ့ပါ။ သည်လိုသာ လုပ်လိုက်လျှင် အဖေပါ အသက်ပါသွားနိုင်သည်။ တစ်ခါတော့ အမေ့ကို ကျွန်တော့် ‘အာလယ’ ကို ထုတ်ပြောမိသည်။

‘မလုပ်လိုက်ပါနဲ့ ငါ့သားရယ်၊ ရာဇဝတ်အိုး တုတ်နဲ့ မထိုးလိုက်ပါနဲ့။ ဖန်ဂေါ်လီတွေ ဈေးထဲပေါလွန်းလို့မှ အမေဝယ်ပေးမယ်၊ နင့်အဖေက သူ့ထီးကို ကနက္ကဒဏ် ထီးဖြူတော်မှတ်နေတာရယ်’

ပြီးမှ ပြန်စဉ်းစားတော့လည်း အဖေက ထီးတစ်ချောင်းလိုပဲ ကျွန်တော်တို့ မိသားစုကို လုံခြုံမှုပေးခဲ့သူသာ ဖြစ်သည်။ သူ့ထီးကို အရိပ်တကြည့်ကြည့်နေသလို ကျွန်တော်တို့ကို အရိပ်တကြည့်ကြည့် ရှိခဲ့သည်။ နေပူဒဏ်၊ မိုးရေဒဏ် ခံနိုင်အောင် အဖေသည်ပင် ထီးလိုမိုးခဲ့သူဖြစ်သည်။

ရှေးကတော့ ထွားထီး၊ ထီးကြက်တော်၊ ထီးနီစသည်ဖြင့် ရှိခဲ့သည်။ ထွားထီးမှာ ဘုရားထီးဖြစ်၍ ထီးကြက်တော်ကတော့ ထီးဖြူတော်ကို ဆိုသည်။ ထီးနီက သေနာပတိ၊ မှူးမတ်၊ အဝေးမြို့ နာခံတော်၊ မြို့စာရေး စသူတို့ ဆောင်းခွင့်ရသည့် ထီးမျိုးဖြစ်သည်။ ဒီသာဖေယျကျမ်းမှာတော့ ထီးဖြူတော် ရှစ်စင်းကို ပြရာ၌ ကနက္ကဒဏ်၊ သူရိယ၊ ပဒုမ္မ၊ သမုဒ္ဒရာဆိုသော လက်ဝဲယာခံမ်းတော်ထီးလေးစင်းနှင့် ကမ္ဘူ၊ စန္ဒ၊ သမုက္ခနှင့် ဝိသကြုံထီးများကတော့ လက်ျာ

www.burmeseclassic.com



မင်းခမ်းတော်ထီးများဟု ဆိုသည်။ ရာဇာဝိသေသကျမ်းမှာတော့ နဝဒဏ္ဍ၊ ထီးရွက် ကိုးဆင့်၊ အရိုးဆယ်တောင်၊ အနောဟရ၊ ထီးရွက် အမှတ်မရှိ ထီးရိုးခြောက်တောင်၊ အာတပတြ၊ ထီးရွက် အမှတ်မရှိ ထီးရိုးငါးတောင်၊ ဝိဇယတြ၊ ထီးရွက်အမှတ်မရှိ ထီးရိုးလေးတောင် ရှိသည်ဆို၏။ ဒါကိုပဲ ထီးဖြူတော်လေးစင်းခေါ်ကြခြင်းဖြစ်သည်။ ရှင်ဘုရင်မှအပ မင်းကေရာဇ်၏ သစ္စာတော်ခံ ဘုရင်ခံ၊ မြို့စား၊ စော်ဘွား များကိုတော့ ထီးရံခေါ်ကြတာလည်း ဖတ်မှူးပါသည်။ ရှေးက ထီးတော်မိုးကို 'ထီးမိုးယာဉ်ခံ' ခေါ်ကြ၏။

ကျွန်တော် ငါးတန်း၊ ခြောက်တန်းရောက်တော့ ထီးမိုးယာဉ်ခံ ဖြစ်ခဲ့ဖူးပါသည်။ ထိုစဉ်က ကျွန်တော့်မှာ ထီးမရှိ၊ အင်္ဂလိပ်ဘီအိုစီထီးကြီးဖြင့် ခမ်းခမ်းနားနားရှိခဲ့သော အဖေမရှိကတည်းက ကျွန်တော်တို့အိမ်မှာ ထီးကောင်းကောင်းမရှိတော့။ အမေက ခြစ်ခြစ်ခြုတ်ခြုတ် ဝယ်ပေးတတ်သော်လည်း ကျွန်တော့်ကြောင့် ထီးတွေ ပျောက်တာ အလက်မနည်းတော့။ ထိုစဉ်က ဘယာကြော် တစ်ခု၊ နှစ်ခုသာ ပါသော တစ်လုံးထမင်းချိုင့်နှင့် ထီးစုတ်ကို ကျောင်းအထိ သယ်ရမှာ ကျွန်တော်ရှက်သည်။ သူတကာ ထမင်းစားချိန်မှာ မစားဘဲ၊ သူတကာ ထီးဆောင်းချိန်မှာ ထီးမဆောင်းဘဲ နေကျင့်ရဖို့သာ ကျွန်တော် ကြိုးစားနေခဲ့သည်။ သို့သော် ညနေကျောင်းဆင်းတိုင်း မိုးရွာတတ်သော ရန်ကုန်မိုးကြောင့် ကျွန်တော့်မှာ ဒုက္ခတွေ့ရတော့သည်။ ကျောင်းရှေ့ဆင်ဝင်မှ ထီးတွေ တဖျောင်းဖျောင်းဖွင့်ကာ ဖွင့်ကာ အိမ်ပြန်ကြသော ကျောင်းသူကျောင်းသားတွေကို ကြည့်ရင်း လွယ်အိတ်ကို ပိုက်ကာ မိုးအတိတ်စောင့်ရတာကို ကျွန်တော် အားငယ်လာခဲ့သည်။ သည်တော့ ပျောက်ကုန်ကြလေပြီးသော ထီးတို့ကို ကျွန်တော်အောက်မေ့သည်။ ပျောက်သွားကြတဲ့ ငါ့ထီးတွေ ဘယ်သူတွေက ဆောင်းနေကြသလဲ။ ထိုအခါ ကျွန်တော်နှင့် တစ်ရပ်ကွက်တည်းသား အတန်းတူ သူငယ်ချင်းကို ချဉ်းကပ်ရတော့သည်။ သူ့ကို ရေမစိုအောင် ထီးဆောင်းပေးနိုင်လျှင် လိုက်ခဲ့ဟု ဆိုသည်။ ဤသို့ဖြင့် သူ့လွယ်အိတ်ရော၊ ကိုယ့်လွယ်အိတ်ပါ စလွယ်သိုင်းကာ သူ့ကို ထီးမိုးရင်း ထီးမိုးယာဉ်ခံ ဖြစ်လာရခြင်းဖြစ်သည်။ တကယ်တော့ ထီးမိုးယာဉ်ခံ မဟုတ်တော့ဘဲ ထီးမိုးရေခံဖြစ်ရတာပါပဲ။ မည်သို့ပင်ဆိုစေ ထီးတစ်လက်ကောင်းကောင်းမရှိဘဲ မိုးဥတုပေါင်းများစွာကို ကျွန်တော် လွန်မြောက်တတ်ခဲ့သည်။

အမေကတော့ သူမ ဘဝဖြတ်သန်းမှုနှင့် ယှဉ်သော ထီးယဉ်ကျေးမှုကို တစ်ခါ တစ်ခါ ပြန်ပြောပြတတ်ပါသည်။

'အမေတို့ ငယ်ငယ်က ဓာတ်ပုံတိုက်ထဲ ဓာတ်ပုံရိုက်တာတောင် ထီးနဲ့ ရိုက်တာ၊ ဘီးကျော့ပတ်ကလေးထုံး၊ အင်္ကျီလက်ပွ၊ ထဘီပန်းနားတပ်ကလေး





ဝတ်ပြီး ထီးကလေး မနိုတရို့ဆောင်းရိုက်ကြတာ။ ရှေးက အိမ်တော်ရာ ထီးရိုးရှည်ကြီးတွေ၊ နောက်မှ ဖဲထီးကလေးတွေ၊ ပိုးထီးကလေးတွေ ထီးကုပ်ကလေးတွေ ဖြစ်လာတာရယ်၊ ထီးရိုးကို ငွေကွပ်ကြတာ များပေမယ့် တောသူတောင်သားတွေ ကတော့ သံဖြူရိုးကလေး ကွပ်ကြရတယ်၊ ကြက်ဆင်တံဆိပ်ထီး၊ ဓာမဏိငှက် တံဆိပ်ထီးတွေကတော့ အကောင်းဆုံးပေါ့လေ'

အမေက ကျွန်တော်တို့ရွာကို ပထမဆုံး ရောက်လာသည့် ခေါက်ထီးတစ်လက်အကြောင်းလည်း ပြောပြသည်။ စက်ပိုင်ကတော် မညွန့်မေက ရွာကို အလွန်ထူးဆန်းသော ထီးတစ်ချောင်း ယူလာခဲ့သည်ဆို၏။ ထိုထီးက သမားရိုးကျ ထီးများနှင့်မတူဘဲ ချုံးလိုက် ခေါက်လိုက်လျှင် သုံးတောင့်ထိုး ဓာတ်မီးလောက် ရှိတော့တယ်ဆိုသည့် သတင်းက ကျွန်တော်တို့ရွာမှာ တောမီးကြီးနှယ် ကူးလေသည်ဆို၏။ ကြားရသူ တောသူတောင်သားတိုင်းက သည်အဆိုကို လက်မခံပါ။ တစ်သက်လုံးက ထီးကြီးရိုးရှည် မိုးတိုးမတ်တတ်နှင့် ကြီးပြင်းခဲ့ရသူများပီပီ ထီးတစ်ချောင်းက ခေါက်လို့ သိမ်းလို့ရသည်ဆိုတာကို မယုံနိုင်ကြ။

'ညည်းတို့နှယ်အေ၊ ထီးကြီးဂေါ်ဂင်ကို ချုံးလို့ ခေါက်လို့ ရတယ်ရယ်လို့ မဟုတ်စကား ပြောကြရော့မယ်၊ မျက်စိနဲ့ တပ်အပ်မြင်မှ ပြောကြပါအေ။ ဖရုသဝါစာများ မသုံးချင်ကြစမ်းပါနဲ့'

မဖြစ်နိုင်သည့်ဘက်က 'ဒိဘိတ်' ဖြစ်သည်။ သည်သတင်းက ရွာရေတွင်း၊ ရွာမောင်းတင်းကုပ်၊ ရွာခြေစိုက်ခင်း၊ ရွာဘုန်းကြီး ကျောင်းဇရပ်၊ လက်ဖက်ရည်ပိုင်းမှသည် စားကျက်ကွင်းများအထိ ဒိုင်အာခီခေတ် တွဲရေးခွဲရေးလို 'မဟုတ်အုပ်စု၊ ဟုတ်အုပ်စု' နှစ်ခြမ်း ကွဲလေသည်။ ဤသို့ဖြင့် မင်းကတော်ဘဝ ရောက်ရလို့ နာမည်မကြီး၊ ခေါက်ထီးတစ်လက် မြို့ကဝယ်မိမှ နာမည်ကြီးရသော မညွန့်မေ၏ အိမ်မှာ ခေါက်ထီးပြပွဲကြီး ဖြစ်လာခဲ့သည်။

အခုတော့လည်း ထီးဆိုတာ မဆန်းတော့ပါ။ ပြည်တွင်းမှာ ထီးတွေ လှိုင်လှိုင်ကြီးထွက်နေသလို ပြည်ပကလည်း ထီးတွေ ဒီးတိုက်ဝင်လာနေခဲ့ပြီ။ ထီးတစ်ချောင်းလောက်တော့ ပေါပေါပဲပဲ ဝယ်ဆောင်းနိုင်ကြပြီ။ ဂျပန်တွေက ထီးကို ဆောင်းပြီး တော်ရာပစ်ခဲ့ကြသတဲ့ဆိုတုန်းက အံ့သြသလိုလို ရှိခဲ့ငြား အခုတော့ ဘယ်သူမဆို ထီးတစ်ချောင်းလောက်တော့ စွန့်ပုံခဲ့ကြပြီ၊ ကျေးလက်မှာ ထီးတစ်လက် မက်စက်နေကြသော်ငြား မြို့မှာတော့ ထီးက အမြင်ယဉ်ကျေးမှုထဲမှာ ယှဉ်ပါးကြလှပေါ့။ တောရွာမှာ နီးချောဖျာကြမ်းတစ်ချပ်ကို ဝါးခြမ်းဇလီလေးချက် ကြက်ခြေခတ်သတ်ကာ ဝါးလုံးတိုင် စွပ်လိုက်ရုံနှင့် ဈေးထီးကြီးကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရချိန်မှာ မြို့ဈေးတော့ စီးကရက်ကုမ္ပဏီ ထီးတို့ မိုးကျင်းကြီး ပွင့်နေကြသည်ကော။ လက်ဖက်ရည်ဆိုင်မှာ၊ အသုပ်ဆိုင်မှာ၊ မြီးရှည်ဆိုင်မှာ၊ အကြော်ဆိုင်မှာ၊ အရက်ဆိုင်မှာ၊ သရေစာဆိုင်မှာ ထီးတွေ ထီးတွေ။ ရောင်စုံ။ အကျားအကျား။ နေခြည်မှာ ရွှေရည်ဝင်းလို့ ဆယ်စင်းလည်းမက အဝေးကမှန်းထိုရှာလမ်းကို သွားစရာ မလိုတော့။

သို့သော်လည်း သည်ခေတ်မှာတော့ ထီးတစ်ချောင်းသည် ဂုဏ်ရည်ပြနိမိတ်ပုံ (Status Symbols) မဟုတ်တော့ပါ။ ထီးဖြူကြီးဆောင်းသော်မှ ရွှေထီးကြီးမိုးသော်မှ သိပ်စိတ်ဝင်စားကြမည့်ပုံ မပေါ်။ သည်ခေတ်က ဘဝ၏ အရေးပါအရာရောက်သည့်အမယ် (Social Signifier) ခေတ်ဖြစ်သည်။ အီလက်ထရွန်းနစ်ဘဝမှာ ထီးသည် ဘဝ၏ ဂီယာ (live gear) မဟုတ်တော့ပါဆိုသည့် သဘောဖြစ်ပါလိမ့်မည်။ ထီးအကြောင်းဆွေးနွေးထားသည့် ဆရာမောင်စူးစမ်း၏ ဆောင်းပါးတစ်ပုဒ်ကိုလည်း သတိရလိုက်သည်။ ထီးတစ်လက်က အဏုမြူထီး (Nuclear Umbrella) ။ မည်သည့်နိုင်ငံဖြစ်စေ အဏုမြူအင်အားသုံးတိုက်ခိုက်ခံရလျှင် အတိုက်ခံရသည့်ဘက်မှ အမေရိကန်က ပြန်လည်တိုက်ခိုက် ကာကွယ်ပေးမည် ဆိုသော ကတိဝန်ခံချက်ကို 'အဏုမြူထီးဖြင့် ကာကွယ်ခြင်း' ဟု တင်စားကြသည်။ ဂျာမနီနှင့် ဥရောပသည်ပင် အမေရိကန်၏ အဏုမြူထီးကြီးအောက်တွင် ခိုနေရသည်။ အခုနောက်ဆုံး ခေတ်စားလာသည့်ထီးမှာ 'နိုင်ငံစုံထီး' ဖြစ်သည်။ Multilateral Umbrella၊ ဥရောပသမဂ္ဂ၊ အာဆီယံ၊ အေပက်၊ အိုအေယူ စသည့် ဒေသပေါင်းစည်းမှုအဖွဲ့များတွင် ပါဝင်လိုက်ခြင်းအားဖြင့် နိုင်ငံစုံ ထီးရိပ် အောက် ရောက်ကြရသည့်သဘောကို ဆိုသည်။

အဏုမြူထီးကတော့ ခေတ်မစားတော့သည့် အခြေအနေကို ရောက်နေသည်။ အကြမ်းဖက်သမားတို့က အဏုမြူလက်နက်ကို သုံးလာကြသည်ဆိုဦးတော့၊ နိုင်ငံအစိုးရတိုင်း ရှိကြသည်မဟုတ်။ တစ်ဖက်တိုက်ခိုက်လာနိုင်ခြေရှိဦးတော့ တန်ပြန်တိုက်ခိုက်ရမည့် ပစ်မှတ်က ဝေဝါးလွန်းလှသည်။ တလောက မြောက်ကိုရီးယားက ဂျပန်ကျွန်းစုများကို ကျော်၍ ဒုံးကျည်တွေ စမ်းသပ်ခဲ့သည်။ ဂျပန်မှာ ဒုံးကျည်ကာကွယ်ရေးစနစ်မရှိ။ အမေရိကန် အဏုမြူထီးကို ဂျပန်က စိတ်မချတော့ဘဲ ကိုယ်ပိုင်အဏုမြူထီးတစ်လက် လိုချင်စိတ်တွေ ရှိလာခဲ့သည်။ ဂျပန်က ကိုယ်ပိုင် အဏုမြူထီးတစ်လက် ရှိလာလျှင်ကော၊ ဒါဆိုလျှင်လည်း တရုတ်၊ ကိုရီးယား၊ အပါအဝင် အာရှက စိုးရိမ်လာကြဦးမည်။ ဒါကြောင့်ပဲ တရုတ်၊ ကိုရီးယား၊ ဂျပန် အဏုမြူအင်အားချိန်ခွင်လျှာ Nuclear Balance ဆိုသည့် အသံတွေ ရှိလာခဲ့သည်။





နိုင်ငံစုံထီး (Multilateral Umbrella) မှာလည်း ပြောစရာတွေ ရှိသည်။ တိုက်ကြီးများအလိုက် နိုင်ငံစုံထီးတွေ ဟိုနား တဖျောင်းဖျောင်း၊ သည်နား တဖျောင်းဖျောင်း ပွင့်နေကြတာ ရောင်စုံ။ အီးယူထီးဆိုလျှင် စီးပွားရေးထီး သက်သက် မဟုတ်။ နိုင်ငံရေးရော၊ စစ်ရေးပါ ပါသည့် ထီးကြီးဖြစ်သည်။ ဤသို့ဖြင့် ထီးတွေ ပွင့်လာကြရာက အင်အားနိုင်ငံရေး (Power Politics) ဖြစ်လာရပြန်သည်။ ဥရောပ၌ အင်အားနိုင်ငံရေးသည်ပင် သမိုင်း၊ အင်အားနိုင်ငံရေးသည်ပင် နိုင်ငံရေး ဖြစ်လာသည်။

လက်တင်အမေရိက၊ အာရှ၊ အာဖရိကမှာတော့ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုတွေက သီးခြား။ တလောက အာဖရိကနိုင်ငံတွေက ယခင် OAU ကို ဖျက်သိမ်းကာ AU (Africa Union) လုပ်လာကြပြန်သည်။ ဆင်းရဲမွဲတေမှု၊ ရောဂါဘယ၊ ဝတ်မှတ်ခေါင်းပါးမှု၊ လူမျိုးစုစစ်ပွဲများ ချုပ်ငြိမ်းဖို့ လုပ်နေတာတော့ ကြားနေရသည်။ ဒါကလည်း ထီးတစ်လက်ပါပဲ၊ အီးယူထီး၊ အမေရိကန်ထီး၊ အာရှအာဖရိက လက်တင်အမေရိကထီး။

ကမ္ဘာကျော် အိန္ဒိယစာရေးဆရာ ခဝါဂျာအာမက်အက်ဘားစ်၏ ကမ္ဘာကျော် 'ထီး' ဝတ္ထုကိုလည်း ကျွန်တော်တို့ ဆရာအထောက်တော်လှအောင်၏ ကျေးဇူးဖြင့် ဖတ်ရသည်။ အသက် ၃၅ နှစ်အရွယ် မဂ္ဂဇင်းအယ်ဒီတာတစ်ယောက်၏ လစာထုတ်ရက် ဘတ်စ်ကားခရီးကို ဝတ္ထုဖွဲ့ထားသော်လည်း ဘဝလုံခြုံမှုကို သင်္ကေတပြု ရေးဖွဲ့ခဲ့သည့် ဝတ္ထုဖြစ်သည်။ အယ်ဒီတာက သူနှင့် သူ့ထီးကို သည်လိုဖွဲ့သည်။

'လက်တစ်ဖက်မှာ ကိုင်ထားတဲ့ အိတ်ထဲမှာတော့ ကျွန်တော့်အတွက် နေ့လယ်စာ ထမင်းဘူး၊ သတင်းစာတွေ၊ စာအုပ်တွေ၊ စာရွက်စာတမ်းတွေ၊ ဟင်းသီးဟင်းရွက်တွေ၊ တိုလီမိုလီတွေနဲ့ ထုံးစံအတိုင်း ပြည့်နေပါတယ်။ ကျန်တစ်ဖက်ကတော့ ထီး။

ကျွန်တော်က ထီးလို့ခေါ်တဲ့ ပစ္စည်းဟာ တစ်ချိန်တုန်းကတော့ ထီးအစစ်ပါပဲ။ တကယ်ပြောတာပါ။ အခုတောင် ခပ်လှမ်းလှမ်းက ကြည့်မယ်ဆိုရင် ထီးနဲ့တူပါသေးတယ်။ လက်ကိုင်သစ်သားရိုးကတော့ ကျိုးနေပြီပေါ့ဗျာ။ ကျိုးနေတဲ့ အရိုးက ထီးရွက်ထဲကနေ ပြူထွက်နေပါတယ်။ သယ်လို့ ပိုးလို့ရတဲ့ ရွက်ထည် တစ်ခုနဲ့တောင် တူသေးတော့'

'ဖွင့်လိုက်ရင် အရွက်က သံချေးစားနေပြီဖြစ်တဲ့ ကိုင်းတွေပေါ်မှာ ပြန့်သွားလေ့ရှိပါတယ်။ အဲသည့်အခါမှာတော့ ထီးဘဝကနေပြီး ဆန်ခါအဖြစ် ရေစစ်အဖြစ် တစ်မဟုတ်ချင်း အသွင်ပြောင်းသွားတော့တာပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကြွေကျလာတဲ့ သစ်ရွက်တွေ၊ ငှက်ချေးတွေ၊ အိမ်ပေါ်ထပ်က အိမ်ရှင်မတွေ စည်းမဲ့ကမ်းမဲ့ ပစ်ချလိုက်တဲ့ ဟင်းသီးဟင်းရွက်သင်ရာက ပိုလျှံပစ္စည်းတွေ၊ ငှက်ပျောခွံတွေ၊ ကြက်ဥခွံတွေ စသည်ဖြင့်ပေါ့ဗျာ။ အဲသလို အမှိုက်သရိုက်တွေကတော့ ကျွန်တော့်ထီးမှာ ရှိနေတဲ့ အပေါက်တွေထဲကို တိုးမဝင်နိုင်တာ အမှန်ပါပဲ'

'ခင်ဗျားခေါင်းပေါ်ကို အမှိုက်သရိုက်တွေ ကျမလာအောင် အကာအကွယ် ဖြစ်စေဖို့ မူလကတည်းက ပုံစံထုတ်ထားတဲ့ ထီးတစ်ချောင်းဟာ ခင်ဗျားကိုယ်ခန္ဓာကို ရေမစိုအောင် ထပ်ဆင့် ကာကွယ်ပေးဖို့ဆိုတာ ဖြစ်နိုင်ပါသလားဗျာ'

ကျွန်တော်ကတော့ ခဝါဂျာအာမက်အက်ဘားစ်၏ ဝတ္ထုကို ဖတ်ရင်း တစ်ခန်းရပ်ဟာသပြဇာတ်ကလေးတစ်ပုဒ်ကို သတိရသည်။ ဇာတ်တစ်ခွင်လုံးကိုတော့ မမှတ်မိပါ။ တစ်ခန်းမှာ ဗေဒင်ဆရာတစ်ယောက် ထိုင်နေသည်။ ထီးတစ်လက်ဆောင်းထားသည်။ ထီးမှာ ထုံးဖြူနှင့် အက္ခရာနှစ်လုံး ထင်းထင်းကြီးရေးထားသည်။ 'စပ'။ ဗေဒင်ဆရာက ထီးကြီးဖွင့်ထားကာ ဗေဒင်မေးသူမျှော်နေတုန်း လူတစ်ယောက် ဇာတ်ခုံပေါ်ရောက်လာသည်။ ဗေဒင်ဆရာ၏ ထီးကိုတွေ့တော့ ထီးပေါ်က အက္ခရာနှစ်လုံးကို ဖတ်ရင်း ထီးကို ဝင်လုတော့သည်။

'ကြည့်စမ်း 'စပ' တဲ့။ ဒါ ကျုပ်မိန်းမ စိန်ပု ထီး၊ ခင်ဗျား ဘယ်က ရသလဲပြော'

'အလို ကျုပ်ထီးပါဗျာ။ ကျုပ်နာမည် စိုးပိုင်မို့လို့ 'စပ' လို့ ရေးထားတာ ဘယ့်နှယ် ခင်ဗျားမိန်းမထီးရမလဲ။ သည်မယ် မတွေ့ဘူးလား 'စပ' လို့ ရေးထားတာ'

'ဟော့ကောင် ငါ့မိန်းမ စိန်ပု ထီးမှာလည်း သည်လို ရေးထားတာပဲကွ'

'ဟ ဒါက စိုးပိုင် 'စပ' ဗျ'

'မဟုတ်ဘူး။ စိန်ပု 'စပ' '

'စိုးပိုင် 'စပ' '

'စိန်ပု 'စပ' '

ထီးတွေအကြောင်း ကျွန်တော် ပြောခဲ့ပြီ အဖေ့ထီး၊ အမေ့ထီး၊ ကျွန်တော့်ထီး၊ ဈေးထီး၊ အီးယူထီး၊ အမေရိကန်ထီး၊ နိုင်ငံစုံထီး။ ခဝါဂျာအာမက်အက်ဘားစ်၏ ထီး။ ကျွန်တော့်မိသားစုအပေါ်မှာကော ကျွန်တော် ထီးကောင်းတစ်လက်လို ဖြန့်ဖြန့်မိုးမိုး ရှိခဲ့ရဲ့လား။ ကျွန်တော်ကိုယ်တိုင်က ခပ်စုတ်စုတ်ထီးတစ်ချောင်းဆိုသော်ငြား စိန်ပုယောကျ်ားရောက်လာမှာ စိုးရသေးသည်။

*Idea* ၂၀၀၄ ဩဂုတ်လ

# ဖြောင့်ဖြောင့်ဖြူးဖြူး ဖြူး

*'အဝေးပြေးကားကြီးတွေ*
*ချစ်ခင်မှုတစ်ခုဆီ စုန်စုန်သွားကြ*
*ကုန်စည်အသစ်အသစ်တွေဆီ ဆန်ဆန်သွားကြ*
*တွေးမွေ့လိုက်စမ်းပါ ဆိုဆိုပြီး*
*ရထား*
*ဝင်ချလာ*
*မြို့တွေကို ဖြူးချလိုက်ပါပေ့*
*ဖြူး'*

*'မောင်ချောနွယ်၏ 'ဖြူး' ကဗျာမှ –'*

ဖြူးဘူတာရုံကလေးဘေးက ပန်းချီဆရာကိုစောလူးနိုင်၏ လက်ဖက်ရည်ဆိုင်ကလေးထဲမှာထိုင်ရင်း ရထားအစုန်အဆန်များနှင့်အတူ လိုက်ပါကြမည့်လူအစုန် လူအဆန်တွေကို ကျွန်တော် ငေးနေမိသည်။ သည်မြို့ကလေးရှေ့က အကြိမ်ကြိမ် ဖြတ်ခဲ့ဖူးသော်လည်း ရောက်ဖူးသည်လို့တော့ မပြောနိုင်ပါ။ ရောက်လေရာမြို့တိုင်းက ဘူတာရုံ၊ ကားဂိတ်၊ သင်္ဘောဆိပ်နှင့် ဈေးများကို ကျွန်တော်ရောက်အောင် သွားတတ်ပါသည်။ သည်နေရာတွေမှာတော့ လူတို့ဟန်ဆောင်မှု ကင်းပနေတတ်သည်။ ပကတိဖြစ်သော စိတ်ရုပ်ပုံ၊ ကိုယ်ရုပ်ပုံကို သည်နေရာတွေမှာပဲ တွေ့နိုင်သည်။ မြို့ကလေး၏ အရောင်၊ အနံ့၊ အရသာ။ သည်မြို့ကလေးက ချစ်ခင်ဖွယ်ကောင်းသည်။ ကဗျာဆရာ ပုထျွန်လင်း (
Tanlin) က သူ၏ 'နောက်ဆုံး ဘတ်စ်ကား' ကဗျာမှာ 'နောက်ဆုံး ဘတ်စ်ကားက



www.burmeseclassic.com

www.burmeseclassic.com



သန်းခေါင်မှ လာဆိုက်တယ်။ နှင်းခဲတွေက တို့အပေါ်သွန်ကျလို့။ လီပေါင်းတစ်ရာ အဝေးက လာမယ့်လူကို ငါစောင့်နေတာလေ' လို့ ရေးခဲ့သည်။ အခုကော နောက်ဆုံးရထား သန်းခေါင်မှာ ဆိုက်ခဲ့ရဲ့လား။ ဖြူးမှာ နှင်းခဲတွေ သွန်ကျနေတာတော့ မရှိ။ နှင်းစ ငွေ့ငွေ့ကိုပင် မတွေ့ရ။

ဆန့်ကျင်ဘက်ကို သည်းခံတတ်သူသည် 'ဗန္ဒု'၊ အခါခပ်သိမ်း အလိုလိုက်ခွင့်ပြုသူသည် 'သုဟဒ'၊ စိတ်တူကိုယ်တူမျှ အတူတကွ အမှုအရာ ရှိသူသည် 'မိတ္တ'၊ အသက်အတူ အလေးမူ၍ ကြည်ဖြူနှစ်သက်တတ်သူသည် 'သခ' ဟု ဆိုကြသည်ဖြစ်ရာ ဖြူးသည် ကျွန်တော့်အတွက်တော့ 'သခ' မြို့ကလေးဖြစ်သည်။ ပဲခူးရိုးမသည် မြွေတစ်ကောင်ဆိုလျှင် သူ 'အု' ထားသော ဖြူးမြို့ကလေးကို စန့်စန့်ကြီး လဲလျောင်းရင်း ငေးနေပုံဖြင့် ရှိနေသည်။ ရိုးမရေထွက်များမှ စီးဆင်းလာသော ဖြူးချောင်းလွန့်လွန့်သည်ပင် မြို့နှင့် တောင်တန်းကို ဆက်ပေးသည့် ဓာတ်ကြိုးဖြစ်သည်။ ချောင်းဝန်းကျင် မြေနုကျွန်းတွေမှာ စိုက်ပျိုးထားသည့် သစ်ခင်း၊ စိုက်ခင်း၊ သီးနှံခင်းတွေက ချောင်းတစ်လျှောက် တကောက်ကောက် လိုက်နေကြပုံမျိုး။ ရိုးမတောင်ခြေစိုက်ခင်းတွေအထိ သွားဖို့တော့ မဖြစ်နိုင်ပါ။ နတ်ဥယျာဉ်ကို အဝေးက ငေးရခြင်းမျိုးသာ ဖြစ်သည်။ ငှက်ပျောတော ညို့ညို့၊ တောင်ညို့ညို့။ အချိတ်အတွန့်များသည် ချောင်းက အတန်ငယ် ကျယ်သော်လည်း ဆောင်းအခါဆိုတော့ ရေ 'ပါး'သည်။ ဖြူးချောင်းတံတားပေါ်က တဝေါဝေါ ဖြတ်မောင်းနေကြသည့် ကုန်တင်ကားကြီးတွေက ချစ်ခင်မှုတွေဆီ စုန်ကြ၊ အသစ်တွေဆီ ဆန်ကြ။

'ပဲခူးရိုးမ ရေထွက်တွေကနေ ကျွန်တော်တို့ မြို့နယ်ထဲကို ချောင်းအဖြစ် စီးဝင်တာကပဲ မနည်းဘူး။ ဖြူးချောင်းနဲ့ ကွင်းချောင်းကတော့ ကျွန်တော်တို့ မြို့နဲ့ မဝေးလှဘူးပြောရမယ်။ ကွင်းချောင်းက တောင်နယ်နိမိတ်၊ ပြောင်သေချောင်းက မြောက်နယ်နိမိတ်ပေါ့'

ဖြူးမြို့နယ် စာနယ်ဇင်းဥက္ကဋ္ဌ ဦးမြင့်ဦး (ဖြူး မြင့်ဦး) က ပြောပြခြင်းဖြစ်သည်။ ဖြူးမြို့နယ်က အရှေ့ဘက်မှာ ကျောက်ကြီးမြို့နယ်နှင့် ထန်းတစ်ပင်မြို့နယ်၊ အနောက်ဘက်မှာ ပေါက်ခေါင်းမြို့နယ်နှင့် နတ္တလင်းမြို့နယ်၊ တောင်ဘက်မှာ ကျောက်တံခါးမြို့နယ်၊ မြောက်ဘက်မှာ အုတ်တွင်းမြို့နယ်များနှင့် စည်းရိုးချင်းကပ်ဖြစ်သည်။ အုတ်ဖြတ်၊ ညောင်ပင်သာ၊ ကညွတ်ကွင်း၊ ဇေယျာဝတီ၊ ဖြူးဒေသတွေက သည်နေရာမှာတော့ ငါးထောင့်ကြယ်ဖြစ်သည်။

'ဖြူးဆိုတဲ့အမည်က ပျူကလာတာလို့ ပြောတာပဲ။ ပျူရွာက ဖြူးရွာကြီးဖြစ်လာတယ်ပေါ့လေ'





ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ခရစ် ၁၀၆၀ တွင် ရေးခဲ့သည့် တရုတ်တန်မင်းဆက်ရာဇဝင်မှာ ပျူ ၃၂ နယ်ကို မှတ်တမ်းတင်ထားခဲ့သည်ဖြစ်ရာ ပတ်ဝန်းကျင်မှာ ပျူတွေ နေထိုင်ခဲ့ကြောင်း ကျွန်တော် ဖတ်ဖူးသည်။ ပျူတပ်မြို့ကိုးမြို့စာရင်းမှာတော့ တောင်တွင်းကြီး၊ ဟန်လင်း၊ သီပေါ၊ မြင်းခြံ၊ မိုင်းမော၊ ထီးချိုင့်၊ သဲကုန်း၊ ကမ်းသီတာ၊ မောရိယရယ်လို့သာ တွေ့ရသည်။ ပျူမျိုးနွယ်စုများကတော့ ၃၂ နေရာမှာ နေခဲ့ကြသည်။ ခရစ် ၈၀၂ ခု တရုတ်မြို့တော်ရောက် ပျူဂီတအဖွဲ့ ထားခဲ့သည့်စာရင်းကို ကိုးကားနိုင်သည်။

'ပျူသုံးဆယ့်နှစ်နယ်မှာတော့ ဒေသနဲ့ နီးတာ သုံးလေးနေရာ တွေ့ပါတယ်၊ လုပ္ပးလို့ တရုတ်တွေရေးခဲ့တဲ့ ဒိုက်ဦးရှိမယ်၊ ဖှာမောင်ခေါ်တဲ့ စစ်တောင်းမြစ်ဝှမ်းလယ်ရှိမယ်။ ကျဲယွဲ့ခေါ်တဲ့ ဇေယျဝတီရှိမယ်၊ ဇေယျဝတီက တောင်ငူအနီး ဇေယျဝတီလို့ ဆရာကြီး ဒေါက်တာသန်းထွန်းက ရေးတယ်။ ဖြူး ဇေယျဝတီ ဟုတ်၊ မဟုတ်တော့ မသေချာဘူး'

ဖြူးမနက်ခင်းစာကို 'ထပ်တစ်ရာလန်း' မှာစားသည်။ 'အမိပတိ' မှာ စားသည်။ သည်ကြားထဲ ဖြူးမြို့သား ကဗျာဆရာက ဖြူး style ထမင်းလုံးဆုပ်နှင့် နန်းကြီးရော အသုပ်တစ်မျိုးကို ဟင်းရည်ပျစ်ပျစ်တစ်မျိုးနှင့် ရောစားရသည့် အသုပ်တစ်မျိုး လိုက်လံညွှန်ခံနေသေးသည်။ ဖြူးမှာ အားငယ်စရာမရှိ။ စာပေမိတ်ဆွေတွေက အရိုပ်တကြည့်ကြည့်ရှိကြသည် မဟုတ်လော။

မရောက်မဖြစ် ရောက်ရသော ဖြူးဈေးကိုလည်း ကျွန်တော်တို့ရောက်ရသည်။ ဈေးမကြီးထဲလည်း ရောက်သည်။ ဈေးအပြင်တန်းကိုလည်း တစ်ပတ်ကြည့်ကြသည်။ အပြင်ဈေးတန်းက ဈေးမကြီးကို တစ်ပတ်ရစ်ထားသည့် မြို့ရိုးသစ်တပ်နှင့် တူသည်။ လတ်လတ်လောလော ကောက်ကာငင်ကာ ဝယ်နိုင်သည့် ဟင်းသီးဟင်းရွက်တွေ၊ သစ်သီးဝလံတွေ၊ ဈေးမုန့်တွေ။ ကွမ်းသည်မိန်းကလေးက ကွမ်းသီးဗန်းတွေ အချပ်လိုက်ချကာ ဆိုင်ခင်းနေသည်။ ကွမ်းရွက်တွေကတော့ မြင်နေကျ ကွမ်းခြင်းထဲ အခွေလိုက်ထည့်ထားတာမျိုးမဟုတ်။ လေးဆယ်သားလောက်စီးမည့် ကွမ်းရွက်တွေကို ဖက်နှင့်လိပ်ကာ စည်းထားခြင်းဖြစ်သည်။ ကျိုက်ထိုကွမ်းဟု ဆိုသည်။ တစ်ထုပ်ချင်း ဝယ်နိုင်သည်။ ဒေသထွက် ရွှေမင်းသား၊ မနော်၊ မနောသုခ၊ အိတ်တီဝမ်းဆန်များအပြင် ရန်ကုန်ဆန် မွှေးမွှေးလည်း ရနိုင်သည်။

'ဒေသထွက်ဆန်ကတော့ အများ 'စား' ဆိုတော့ တစ်ပြည် ၂၆၀ ၂၇၀ လောက်ပဲ ရှိပါတယ်။ ရန်ကုန်ဆန်ကတော့ ဈေးနည်းနည်းကြီးတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဈေးထဲမှာ ဖောဖောသီသီတွေ့ရသည့် ဒေသထွက် သီးနှံကတော့ ငှက်ပျောသီးများဖြစ်သည်။ ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ ရွှေနီနှင့် ပြောသီးတွေ ဖြစ်သည်။ ပြောဆိုတာက ဖီးကြမ်းငှက်ပျောသီးကို ဒေသလေဖြင့် ခေါ်ခြင်း ဖြစ်သည်။ သည်ငှက်ပျောသီးတွေ ဘယ်ကလာတာလဲဆိုတော့ အနောက် တောင်ကလို့ပဲ ဖြေသည်။ ပဲခူးရိုးမတောင်ပေါ်စိုက်ခင်းတွေက လာခြင်းကို ဆိုလို ပါသည်။ ငှက်ပျောတွေအထွက်တိုးသော်ငြား တစ်ဖီးဈေးက 'မန္တလေးဈေးနှင့် မခြားပါ။ ရှမ်းကုန်တွေက သာစည်က ဝင်သည်။ လိမ္မော်သီးတွေ၊ ချင်းတွေ၊ ဂေါ်ဖီထုပ်တွေ၊ လက်ဖက်ခြောက်တွေ။

'ဖေဖော်ဝါရီဘက်က ဗမာဂေါ်ဖီ (မြန်မာဂေါ်ဖီ) တွေ ထွက်တယ်။ နည်းနည်း ကြွပ်တယ်၊ ကြမ်းတယ်၊ ရှမ်းဂေါ်ဖီက နူးညံ့တော့ ပိုကြိုက်ကြတယ်။ ဈေးတော့ ပိုတာပေါ့'

တစ်နေရာမှာတော့ ခရမ်းသီးတောင်းကြီးတွေ ရှိနေသည်။ ဆင်စွယ် ခေါ်ကြသည့် ခရမ်းတောင့်ရှည်တွေလည်း ပါသည်။ ဘုတ်မသီးခေါ်ကြသည့် ဥသျှစ်သီးလို လုံးပုပုတွေလည်း ပါသည်။ ထူးဆန်းတာက ဆင်စွယ်ခရမ်းသီး သည်က သူ့သီးနှံတွေလို ပိန်ပိန်ရှည်ရှည်ကြီးဖြစ်နေကာ ဘုတ်မသီးသည့် အမျိုးသမီးကြီးကတော့ လုံးပုပုဖြစ်နေခြင်းဖြစ်၏။ ဈေးကလည်း စားပျော်ပါ၏။ တစ်ပိဿာ ၂၅၀၊ ၃၀၀။ သည်အရပ်မှာတော့ ဆင်စွယ်သီး ဘုတ်မသီး ခေါ်ကြတာ ပဲလား။

'ဒါ ဘာသီးခေါ်သလဲ ကြီးတော်'

'အလို ခရမ်းသီး မြင်ရက်ကနဲ့ ကိုမြို့သားရယ်'

မေးခွန်းများပြီ၊ ဈေးတန်းကလေး၏ မျက်နှာချင်းဆိုင်မှာတော့ အထည် ဟောင်းပုံတိုက်သည်တွေ ဒီးတိုက်နေလေ၏။ ဆောင်းထည်တွေက ခပ်များများ။ ရှေးကြ၊ ဆယ်ကြ၊ ကောက်ယူကြ၊ ဖြန့်ကြည့်ကြ။ သေချာချင်သူတွေက နေရာမှာပဲ ဝတ်ကြည့်နေကြသည်။ Right to choose ဆိုသည် မဟုတ်လော။ ဈေးတန်းဘက်တစ်လျှောက် ထီးပြာကြီးတွေ ဖွင့်ထားတော့ ပင်လယ်ကမ်းခြေနှင့် တူနေသည်။ ထီးရိပ်အောက်မှာတော့ ဟင်းသီးဟင်းရွက်တွေ၊ ပန်းတွေ၊ သစ်သီး သစ်နှံတွေ၊ ခင်းကုန်တွေ လျော့မသွားသေးပါ။ ဝယ်ပါ ယူပါ တစာစာ အော်ကြ ဟစ်ကြတုန်း။ ကျွန်တော်က ဆရာဇော်ဂျီ၏ ပုဂံဈေးကိုပင် သတိရလိုက်သည်။ 'ပုဂံဈေးကား လူအမျိုးမျိုး အစားစားတို့ ကျက်စားရာ နေရာဖြစ်သည်။ ရယ်သံ၊ ငိုသံ၊ ရန်ဖြစ်သံ၊ ညည်းညူသံတို့ဖြင့် အုတ်အုတ်ကျက်ကျက် အော်မြည်နေလေ သည်။ အသွားအလာ အပြေးအလွှားတို့ဖြင့်လည်း လှုပ်ရှားလျက်နေလေသည်'





ဆိုသဟာကော။ အခုလည်း ပုဂံဈေးနှင့် မကွာလှပါ။ ဈေးသည်တို့က ပျော်ပုံ ရသော်ငြား ဈေးဝယ်တို့၏ မော်ပုံ မရှိလေ။ ဒါပေသိ၊ စည်ပါပေသည်၊ မြည်ပါ ပေသည်။

ထမင်းကြမ်းကို ရေတတ်သီးချက်ရဲရဲ မြုပ်ကာ၊ မြုပ်ကာ နံနံပင်ကို အစည်းလိုက် ဝါးကာ ဝါးကာ၊ လျှာကို အပြားလိုက်ခင်းကာ ခင်းကာ ပလုတ် ပလောင်းစားနေသူကပင် ထမင်းတစ်လုတ် စားပြီးတိုင်း 'ပေါ်ပါလေး ပေါ်ပါလေး' လို့ အော်ဟစ်နေသည်။ မြေရေခွဲအိတ်ပေါ် မုန့်ညင်းစိမ်းလေးငါးခက်ချကာ လက်နှစ်ဖက် မေးထောက်ရင်း ဈေးဝယ်ကိုပင် အသိမကာပ်နိုင်သူ အမေအိုကို မြင်ရတော့ အမေ့ကို သတိရသည်။ စိမ်းစားဥတွေ ပေါ်နေပါပကော။ ထန်းပင် မြစ်သည်၊ ချဉ်ဖတ်သည်၊ ခရမ်းချဉ်သည်တွေကလည်း အသံအောင်ကြ ပါသည်။ ဈေးစကား နာစကားမဟုတ်၊ ညက မက်ခဲ့သော အိပ်မက်လို ဒွိကိန်း စနစ်ကို ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းရင်း မမြင်ရသော အနာဂတ်ကို သေချာ သည့်နှယ် ရှိကြလေသည်။

'ဒါက စစ်တောင်းတစ်ဖက်ကမ်း မုန်းနယ်က ထွက်တဲ့ ကွမ်းသီး တွေပေါ့။ သည်အရပ်မှာ ကွမ်းသီးတော်တော်ထွက်တယ်။ အဝေးနယ်တွေရောက် တော့ တောင်ငူကွမ်းသီးခေါ်ကြတာပါပဲ'

နေကလေး ရင့်လာတော့ ဈေးကို 'ရောင်း' လှည့်ခြင်းပြီးလေသည်။ မြို့ခံ ပါရမီဆီစက်မှ ဦးညွန့်လှိုင်က မြို့ကျက်သရေဆောင် ဘိုးဘွားရိပ်သာကို လိုက်ပို့လိုက်သေးသည်။ ဘိုးဘွားရိပ်သာက သန့်ရှင်းကြည်မောဖွယ်ကောင်း သည်။ အဘိုးအဘွားတို့ ဣရိယာပုတ်အားဖြင့် ကြည်ညိုဖွယ်ရှိကြပါပေသည်။ မစိုးရိမ် မကြောင့်ကြရသဖြင့်လည်း ဘိုးဘွားတို့ အကျိုးများကြပုံပေါ်သည်။ ၁၉၆၀ ခုနှစ်က ထူထောင်ခဲ့တာဆိုတော့ နှစ်ပေါင်း ၄၀ ကျော်ခဲ့ပြီ။

ဖြူးမြို့ကလေးကို တစ်မနက်ခင်း လှည့်လိုက်ရသော်လည်း ကျွန်တော့် အဖို့ ဓမ္မသံဝေဂ၊ ဥပနိဿယဖြစ်ရလေသည်။ မနက်ခင်းစောစောက ရိုးမနှင့် ချောင်းစိုက်ခင်းနှင့် တောင်သူတွေကို မြင်ခဲ့ရသည်။ နည်းနည်းကလေးလင်းတော့ ဈေးခင်းပုရွက်အုံကို မြင်ခဲ့ရသည်။ နေကလေး ယိမ်းတော့ ဘိုးဘွားရိပ်သာကို ရောက်ခဲ့ရသည်။ မဆိုသရုပ်၊ ပါဠိကြွင်းမြုပ်၍၊ အငုပ်မပြ၊ ချဉ်းကာမျှဖြင့်၊ မမြဲသော အနိစ္စတရားကို မြင်ရပြီ။ ဖြောင့်ဖြောင့်ဖြူးဖြူး ဖြူးပါတကား။

Idea ၂၀၀၆၊ မေ

www.burmeseclassic.com

www.burmeseclassic.com

## ကွမ်းစားခြင်း

ကျွန်တော် သိမီသလောက် ကျွန်တော်တို့ မျိုးရိုးထဲမှာ ကွမ်းစားကြသူများလှပါသည်။ ကျွန်တော်တို့ မီလိုက်သော အမေ့အမေ ဘွားအေက သူ့အဖေ ဦးဘိုးတူ ကွမ်းစားတာကို ကျွန်တော်တို့ကို ပြောပြတာ ခဏခဏ ကြားရဖူးသည်။ အဖေ့ဘက်က အဘိုးအဘွားတွေကို ကျွန်တော် မမိသော်လည်း သူတို့လည်း ကွမ်းစားကြသည်ဟု ဆိုသည်။ ထားတော့။ အခု ကျွန်တော် ပြောမည့် ကျွန်တော့် ဘိုးကြီး (ကျွန်တော့်ဘွားအေကြီး အဖေဆိုတော့ ဘိုးကြီး) ဟု ထင်ပါသည်။ ဦးဘိုးတူက အင်မတန် ရွှတ်ပေပေနိုင်သူဟု ဆိုသည်။ မိဘတွေက တောမှာ ချောင်လည်သူတွေဆိုတော့ ပဝါတစ်စောင်း သျှောင်ပတ်ပေါင်းကလေးနှင့် ရှိပါလိမ့်မည်။ ကျွန်တော် မမြင်ဖူးလိုက်သော်လည်း အဘွား၏ ပြောပြချက်တွေအရ ဆကြည့်ရခြင်းဖြစ်သည်။

'မင်းတို့ ဘိုးကြီးက ကွမ်းသိပ်ကြိုက်သယ်၊ လူပျိုဘဝတည်းက စားသယ် ပြောတာပဲ။ အမေကြီးတို့ လူမှန်းသိတဲ့ အရွယ်ရောက်တော့ ဖါးစပ်က ကွမ်းချေးတွေများ မည်းလို့။ အမေကြီးတို့က အဖေရယ် ကွမ်းမစားပါနဲ့ တားသာလည်း မရဘူး။ မရတဲ့အပြင် အမေကြီးတို့ကိုပါ ကွမ်းစားကြလပဲ့လို့ ဆိုသေးသာ။ နောက်တော့ အမေကြီးတို့လည်း စားကြသာပဲ၊ ရှေးက အပျိုကလေးတွေက ကွမ်းစားကြသာကိုး။ ကွမ်းသီးဖက်ကလေး သောက်ချင်သောက်၊ ကွမ်းကလေးတစ်ယာ ပါးစပ်ထဲ ငုံထားသူကလည်း ငုံတတ်ကြသယ်၊ မိန်းကလေးများသည် နှစ်မျိုးဖက်မှ လှသည်ထင်ကြတဲ့ခေတ်ကိုး'

ကျွန်တော့်ဘွားအေကြီးရဲ့ ဖခင် ဦးဘိုးတူက ချမ်းသာသော မိဘထံမှ အမွေကလေး ရလိုက်သည့်အပြင် သူ့ယောက္ခမများထံက လယ်ယာကိုင်းခင်း





ဝက အတော်များများပါ လက်ရောက်ရလိုက်သည့်အတွက် သူရင်းငှားချကာ အေးအေးလူလူ နေထိုင်ခဲ့ကြသည်ဆို၏။ မနက်ဖက်စောစော ဘုရားရှိခိုး အမှုအတန်းဝေပြီးသည့်အခါ အိမ်အောက်ထပ်မှာ မနက်စာ စားပွဲကြီး ပြင်ပေးထားရသည်။ ကွမ်းဇုပ်ကြီးတစ်ချပ်မှာလည်း ကွမ်းပစ္စည်း အစုံအလင်ဖြည့်ကာ သူလည်း တစ်ယာပြီးတစ်ယာ စားသည်။ အိမ်ကိုရောက်လာသမျှ ဧည့်သည်ကိုလည်း ကျွေးသည်။

'စားကြလကွဲ့၊ ကဝိလက္ခဏာ သတ်ပုံမယ် 'နှိုက်နှိုက်ချွတ်ချွတ်၊ ကြစေ့ပွတ်၊ ကွမ်းဖတ်ငုံလျက်ပင်' လို့တောင် ဆိုသဟာကော မောင်ရဲ့။ ကွမ်းစားတော့ ချမ်းသာရာ ချမ်းသာကြောင်း တွေးနိုင်သယ်'

တစ်ရက်တော့ ကျွန်တော့်ဘိုးကြီး ဦးဘိုးတူ ခရီးထွက်ဖို့ ပြင်လေသည်။ အိမ်သူ အိမ်သားတွေက ရက်တာရက်ကောက်ကာ ငင်ကာ ခရီးထွက်မယ်ဆိုတော့ ရန်ကုန်မြို့က ရွှေတိဂုံဘုရားဖူးဖို့လား၊ မန္တလေးမြို့က မဟာမုနိရုပ်ရှင်တော်မြတ် ဖူးဖို့လား မေးကြသည်။ တောသူတောင်သားဆိုတော့လည်း တောလူချမ်းသာသည်ဆိုတိုင်း အဝတ်အစား များများစားစား ရှိကြတာ မဟုတ်တော့ ပြင်ဆင် ထုပ်ပိုးရတာ မခက်သော်လည်း တစ်သက်လုံး ခရီးမသွားဖူးသူက ခရီးထွက်မည် ဆိုသောအခါ ဆွေမျိုးသားချင်းတွေက အံ့သြကြသည်။ ဘိုးကြီး၏ ဇနီးဖြစ်သူ ကျွန်တော့်အဘွားကြီးသည် အကျိုးအကြောင်း မသိရဟု ဆိုသည်။ သို့သော်လည်း ဘိုးကြီး ဦးဘိုးတူက သူ ခရီးထွက်မည့်အကြောင်းကို သူ့ သူငယ်ချင်း ရွာသူကြီး ဦးစိန်မှန်ကိုတော့ ပြောပြသည်ဆို၏။

'စိန်မှန်ရဲ့ ငါတစ်ခု စဉ်းစားမိသကွ၊ တို့ရွာမယ် ကွမ်းစားကြသူများသားကွ။ မင်းလည်း စားသာပဲ၊ ငါလည်း စားသာပဲ။ ကွမ်း၊ ကွမ်းသီး၊ ထုံး၊ ဆေး ရှိရင် ရှင်ဘုရင်ရော သူတောင်စားရော စားလို့ဖြစ်နေသာပဲ။ ထူးဆန်းတဲ့ကိစ္စ မဟုတ်ဘူးပေါ့ကွာ။ သို့သော် ငါမခံချင်သာက တံတားဦးက ကွမ်းနုဝါ၊ မြော (ငါန်းမြော) က ဆေး၊ ကွမ်းသီးတောင်ငူနှင့် ကိုင်းထုံးဖြူ၊ ပြည်ရှား သာဝါး လို့ထွေးဆိုသာကို ငါမခံချင်သာ'

'အေးကွ မင်းပြောမှ ငါ စဉ်းစားမိတယ်။ တို့ရွာက ကွမ်းတွေကပဲ မကောင်းသလိုလို၊ အဲတော့ မင်း ဘယ့်နှယ် ကြံသလဲ'

'သည် စာချိုး ဟုတ်မဟုတ် ငါခရီးထွက်ပြီး စမ်းချင်သကွာ၊ တံတားဦး သွားမယ်ကွာ၊ မြောသွားမယ်ကွာ၊ တောင်ငူသွားမယ်ကွာ၊ စစ်ကိုင်းသွားမယ်ကွာ၊ ပြည်ပါ ဝင်မယ်ကွာ၊ ဒါတွေထည့်ပြီး စားကြည့်မယ်ကွာ၊ ဟုတ်ချင် ဟုတ်ပေါ့ကွာ၊ မဟုတ်လို့ကတော့ သည် စာချိုးရေးတဲ့လူ ရိုက်ပစ်ခဲ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'အေး ကောင်းသယ်၊ သွားကွာ။ ဒါထက် သည်စာချိုးရေးတဲ့လူ မင်းသိလို့လား'

'မေးရမှာပေါ့ စိန်မှန်ရ'

ဤသို့အားဖြင့် ကျွန်တော့်ဘိုးကြီး ဦးဘိုးတူ ခရီးထွက်လေသည်။ သည်ပစ္စည်းငါးမျိုးထဲမှာ အမာဆုံးပစ္စည်းဖြစ်သော ကွမ်းသီးထွက်ရာ တောင်ငူကို အရင်သွားသည်။ ကွမ်းသီး အစိတ်သားဝယ်သည်။ ပြည်ကို လှည့်ဝင်ကာ ရှားစေးဝယ်သည်။ စစ်ကိုင်းမှာ ထုံးဝယ်သည်။ မြောမှာ ဆေးရွက်ကြီးဝယ်သည်။ အထားကြာကြာမခံသော ကွမ်းရွက်ရှိရာ တံတားဦးကို နောက်ဆုံးမှ ရောက်လာကာ ကွမ်းရွက်ဝယ်သည်။ ရောက်ရာအရပ်မှာ ဘုန်းကြီးကျောင်းတည်းရင်း သည် စာချိုးစပ်ခဲ့သူ သို့မဟုတ် စပ်သူကို သက်ရှိထင်ရှား ရှိမရှိ တစ်ဖက်က စုံစမ်းသည်။ များသောအားဖြင့် သူတည်းခိုရာ ဘုန်းကြီးကျောင်းများမှ ကျောင်းထိုင်ဆရာတော်များကို မေးလျှောက်ခြင်းဖြစ်သည်။

'တပည့်တော်ကတော့ သည်မြို့ ငါးမြို့ထဲက တစ်မြို့မြို့မှာ နေသူပဲဖြစ်ရမယ် ထွေးသာပဲ ဘုရား။ အရှင်ဘုရားတို့များ သိတော်မူမလားလို့ပါဘုရား'

'ဘုန်းကြီးတော့ ကြားဖူးသလောက်ကတော့ သည်စာချိုးက လူဦးမင်းရေးခဲ့တာလို့ ဘုန်းကြီးတို့ ငယ်ငယ်ကတည်းက ကြားဖူးသာပဲ ဒကာရဲ့။ ရေးစပ်သူ မရှိရှာလောက်တော့ပါဘူး'

နောက်တစ်ရက် မိုးလင်းတော့ တံတားဦးဈေးက ကွမ်းနုဝါ အစိတ်သား ဝယ်ကာ ဘုန်းကြီးကျောင်း ယူလာခဲ့သည်။ ကွမ်းရွက်တစ်ရွက်မှာ စစ်ကိုင်းထုံးကို တို့သည်။ မြောက ဆေးရွက်ကြီး ဖွဲ့ထည့်သည်၊ တောင်ငူက ကွမ်းသီးစိတ်ထည့်သည်။ ပြည်က ရှားပေါ့လေ။ အားလုံးစုံပြီဆိုတော့ ပါးစပ်ထဲ ထည့်ဝါးလေသည်။ ဖွီး။ ပါးစပ်ထဲက ကွမ်းဖတ်ကို ထွေးထုတ်ကာ သူ့ပါးစပ်ထဲ မီးစနှင့်ထိုးလိုက်သလား မှတ်ရသည်ဆိုလေ၏။ ကြည့်စမ်း မကောင်းလိုက်တဲ့ ကွမ်းစပ်နယ်။ ကျွန်တော့်ဘိုးကြီး ဦးဘိုးတူ၏ ကွမ်းသုတေသနက ကမ္ဘာမကျော်သော်ငြား ရွာမှာတော့ အုတ်အော်သောင်းနင်းရှိလေသည်။ သည်အကြောင်းကို ကျွန်တော့်ဘွားအေက ပြောပြသည့်အခါ ကျွန်တော်တို့ မြေးတွေမှာ ယုံရခက်၊ မယုံရခက်။ မည်သို့ပင်ဖြစ်စေ၊ ကျွန်တော့်ဘိုးကြီး ဘိုးတူ သေသည်အထိ ကွမ်းစားသွားရှာသည်။ အလောင်းဘေးမှာ စားမြိန်စားထုပ်နှင့်အတူ ကွမ်းငါးရာ ထားပေးခဲ့ရသည်ဆို၏။

ဦးဘိုးတူ၏ သမီးဖြစ်လာသူ ကျွန်တော့် ဘွားအေ အမေကြီးခင်ကတော့ အပျိုကတည်းက ကွမ်းစားလာသူပင်ဖြစ်သဖြင့် ကွမ်းစားသက်ပင် ရွှေရတုကျော်





ခဲ့ပြီ။ ကျွန်တော် ငယ်ငယ်က ဘွားအေကြီးကို အမေကြီးဟု ခေါ်ကြသည်ဖြစ်ရာ မြေးတွေက အမေကြီးကို ကွမ်းထောင်းပေးချင်ကြသူများသည်။ ကွမ်းထောင်းပေးသူကို မုန့်ဖိုး ဆယ်ပြားပေးတတ်ခြင်းကြောင့် ဖြစ်သည်။ အမေကြီး ကွမ်းစားသည် ဆိုတာကလည်း ထောင်းပြီးသားကို စားခြင်းမဟုတ်ဘဲ သူလို ငါလိုယာပြီးသား ကွမ်းကို လုံးချေကာ ပါးစပ်ထဲ အရင်ထည့်လိုက်ပြီးမှ ပြန်ထုတ်တာကို ထောင်းပေးရခြင်းဖြစ်သည်။ ပါးစပ်ထဲ ကွမ်းယာထည့်လိုက်ပြီး သွားဖုံးနှင့် ကြိတ်သည်။ လျှာရည် အာရည်တွေ လူးနေသည့်ကွမ်းက သွားဖုံးကြိတ်အားကြောင့် ဇလုံး ဇထွေးကလေးဖြစ်လာသည်။ သည်တော့မှ လက်ဖဝါးထဲ ထွေးထည့်ကာ သံဆုံကလေးထဲ ထည့်ပေးသည်။ ဒါကို သံကျည်ပွေ့ကလေးဖြင့် ညက်နေအောင် ထောင်းရတာမျိုးမဟုတ်ဘဲ မညက်တညက် ထောင်းပေးရခြင်းဖြစ်သည်။ အမေကြီး သုံးတတ်သည့် အသုံးနှင့် ဆိုလျှင် 'ဖယော် ဖယာ' ကလေးလောက် ထောင်းရခြင်းဖြစ်သည်။ သည်ဖယော်ဖယာကိုမှ သံဆုံထဲက နှိုက်ယူကာ ပါးစပ်ထဲ ထည့်သည်၊ သွားဖုံးနှင့် ကြိတ်ပြန်လေသည်။ ပြီးမှ ကွမ်းထောင်းပေးသူ မြေးကို ကွမ်းဖတ်ကလေး မန်ကျည်းစေ့လောက်ပါးစပ်ထဲက နှိုက်ယူကာ ခွံ့သည်။ ပိုက်ဆံအကြွေဆယ်ပြား ချွေးခံထဲက နှိုက်ပေးသည်။ ကွမ်းထောင်းခ။

'ငါ့ဟာငါလည်း ထောင်းနိုင်သားပေါ့၊ မြေးတွေက ထောင်းပေးတာစားချင်လို့ နိုင်းတာ'

အမေကြီး စကားထဲမှာ မေတ္တာပါကြောင်း ကျွန်တော်ကြီးမှ သဘောပေါက်ရသည်။ လွမ်းလည်း လွမ်းမိရသည်။ အမေကြီး ကွမ်းသံဆုံကလေးကို ကျွန်တော် အမေ့ဆီက တောင်းယူထားခဲ့သည်။ အမေကြီးကို လွမ်းလို့ ကွမ်းသံဆုံကလေးကို နမ်းကြည့်လျှင် အမေကြီး၏ ခံတွင်းနံ့ကလေးရသလိုပင် ထင်မိရသည်။ အမေကြီး၏ သမီးဖြစ်သူ ကျွန်တော့်အမေကလည်း ကွမ်းကြိုက်လှသူဖြစ်သည်။ အဖေက ကွမ်းစားသည်ဆိုသော်လည်း အမေ့လောက် မစားလေပါ။ ကွမ်းကို မက်ရေ စက်ရေမရှိ။ အမေကတော့ ကွမ်းအစ်ပါ အိမ်မှာထားသူဖြစ်သည်။ အမေ့ ကွမ်းအစ်က ဒန်ကွမ်းအစ်၊ ရှားစေးစတွေ ပေကျံနေကာ ဒန်ချိုးတွေ တက်နေလေ့ရှိသည်။ ကွမ်းရွက်ကလေး လေးငါးရွက်က ကွမ်းအစ်အိမ်မထဲမှာ အမြဲရှိနေသည်။ ကွမ်းအစ်ကန့် နှစ်ကန့်မှာတော့ တစ်ကန့်က ဆေးရွက်ကြီး အချပ်လိုက်ဖဲ့ခြွေထည့်ထားတတ်သည်။ အပေါ်ဆုံးအကန့်မှာတော့ ကွမ်းသီးခြမ်း၊ ကွမ်းညှပ်နှင့် ထုံးဘူး။ စားခါနီးမှ ကွမ်းသီးခြမ်းကို လိုသလောက် စိတ်ကာ စားတတ်သည်။ ကွမ်းရွက်မှာ ထုံးတစ်ကော်များများတို့ကာ ပါးစပ်ထဲ အရင်ထည့်သည်။ ပြီးမှ ကွမ်းသီးညှပ်ပြီးသားကို ပက်ထည့်၊ ဆေးရွက်ကြီးကော်ကို



www.burmeseclassic.com

www.burmeseclassic.com



လုံးကာ ခြေကာ နောက်မှ ထည့်ဝါးလေ့ရှိသည်။ အမေ့ စားလက်စ ကွမ်းဖတ်ကို တောင်းစားလျှင် အမေဝမ်းသာတတ်သည်။ မရှုံကြဘူးဟဲ့၊ မအေကို ချစ်သဟဲ့ဟု ဆိုလေသည်။ သို့သော် အမေ့ကွမ်းဖတ်တစ်ဆိတ်စားရဖို့ တော်တော်စိတ်ရှည်ရပါသည်။ အမေက ငုံထားတာကပင် တော်တော်ကြာသောကြောင့် ဖြစ်၏။

'အမေတို့ ငယ်ငယ်က နှုတ်ခမ်းဆိုးဆေးတွေ ပေါ်နေပေမယ့် မဝယ်ရဲဘူး။ မဆိုးရဲဘူး။ သည်တော့ ကွမ်းကလေး ပါးစောင်ကပ်ပြီး ငုံထားရတယ်။ ဒါကို ဖျို့တစ်ငုံခေါ်တယ်။ စူဖောင်းဖောင်းကလေးငုံထားတော့ လှတယ် ထင်ကြတာကိုး။ မကွမ်းငုံတွေ များတဲ့ခေတ်ပေါ့'

အမေကတော့ တောသူဆိုတော့ ရိုးရိုးကလေး ပြောခဲ့ခြင်းဖြစ်သည်။ ကျွန်တော်ကတော့ မွေ့နန်းရကန်ထဲက ကွမ်းငုံထားသော မင်းသမီးကလေးကို သတိရမိပါသည်။

'နှင်းရည်မွှေးဖျော်၊ အကျော်လိုက်ဖက်၊ ကရမက်ဖြင့် ကိုယ်လက်သိမ်းသပ်၊ ကွမ်းတွတ်တွတ်နှင့်၊ လက်စွပ်ညီးညီး၊ ပုတီးလျှံမောင်း၊ ရွှေနားတောင်းလည်း'

အမေ့မောင်ဝမ်းကွဲ ဦးလေးထွန်းမင်းကတော့ ကွမ်းစားသော်လည်း ကွမ်းအစ်မရှိ။ ယာကွမ်းဝယ်စားတာမျိုးလည်း မရှိ။ ရွာထဲက ကွမ်းစားသည့် အိမ်တွေကို စာရင်းကောက်ထားကာ တစ်အိမ်ချင်း လိုက်စားတတ်သည်။ ဆွေမျိုးတွေ၊ ရွာသူရွာသားတွေဆိုတော့ ဦးလေးထွန်းမင်း၏ ကွမ်းဒဏ်ကို ခံကြရသည့်တိုင် အနုမြောမရှိကြ။ ဘယ်ကမှ အဆင်မပြေလျှင်တော့ အမေ့ဒန်ကွမ်းအစ်ကို နှိုက်လေသည်။ တစ်ယာလောက် ကပျာကသီ ယာပြီး ပါးစပ်ထဲ ထည့်၊ နောက်ထပ် သုံးလေးယာလောက်က ခါးပုံစထဲထည့်။ အမေက မောင်နှမချင်းဆိုတော့ ဆူဆူပြောပြောရှိလေသည်။ ဦးလေးထွန်းမင်းက မနာပါ။ နာလို့လည်း မရ။ အမေ့ကွမ်းအစ်ကို 'ကပ်သေကွမ်းအစ်' လို့ သူကိုယ်တိုင် နာမည်ပေးထားသည်။ 'ကပ်သေ' ဆိုတာက ဘယ်ကမှမရလျှင် သည်ကွမ်းအစ်ထဲက အပိုင်သေချာရနိုင်တာကို ဆိုခြင်းဖြစ်သည်။

'အစ်မ နင့်ကွမ်းအစ်က ကွမ်းမရှိပါလားဟ၊ နင် ဝှက်ထားတာ မဟုတ်လား။ နင်မတွန့်တိုနဲ့ဟ၊ ငါက နင်တို့ ကုသိုလ်ရအောင် စားပေးနေတာ'

အမေကတော့ လူထူထူဆိုလျှင် 'ထွန်းမင်းက လူတကာ့ ကွမ်းနဲ့ လူလားမြောက်ရရှာတာ' ဟု ခနဲ့တတ်သည်။ ဦးလေးထွန်းမင်းက သည်လောက်တော့ မနာပါ။





ကျွန်တော့်ယောက္ခမ ဘကြီးညိုသည်လည်း ကွမ်းစားသည်။ ကျွန်တော့်ဇနီးဖြစ်လာမည့် သူ့သမီး ကျောင်းဆရာမသည်လည်း အပျိုကတည်းက ကွမ်းစားနေသူဖြစ်သည်။ တက္ကသိုလ်ကျောင်းသူဘဝကလည်း ကျောင်းမှာ မစားသည့်တိုင် ညနေဘက် အိမ်ရောက်လျှင် စားလေ့ရှိသည်ဟု ဆိုသည်။ တောသူတောင်သား သားသမီးဆိုတော့ မြိတ်ဖြူညို့ညို့၊ မြိတ်စို့ထွတ်ထွတ်၊ မြိတ်လွယ်မည်းမည်း၊ စုလည်း ရှင်ရှင်၊ ယကင်ထုံးထုံး မရှိ။ နုံသာခွေယဉ်မှုန်ကို လွှင်ရုံသာ လိမ်းလေသည်။ နောင် ကျွန်တော်နှင့် အိမ်ထောင်ဖက်မိတော့လည်း ကွမ်းစားမြဲ။ အခုတော့ သူတစ်ယာ၊ ကိုယ်တစ်ယာ။ 'ကျိုးအာနှိုင်းတမ်း၊ ရွှေနှုတ်ခမ်းလည်း၊ ကွမ်းပန်းမထိ၊ ပကာတိဖြင့်' မဟုတ်တော့။ သည်အတွက်လည်း ကိစ္စမရှိပါ။ လွတ်လပ်စွာ နေနိုင်ခွင့်သာ အရေးကြီးသည်။ ကျွန်တော့် ယောက္ခမ ဘကြီးညိုအကြောင်း ပြောပါဦးမည်။ အသက်ကလေး ရလာတော့ အိမ်ပေါ်မှာပဲ ကွမ်းအစ်တစ်လုံးနှင့် နေတော့သည်။ ပုတီးစိပ်၊ ကွမ်းစား၊ တရားစာအုပ်ဖတ်၊ တရားထိုင်။ တစ်ရက်တော့ အိမ်ပေါ်က လှမ်းကြည့်သည့်အခါ အမျှားသွားလာသည့် အိမ်ရှေ့ ကွက်လပ်အလယ်ကောင် ပုဆိန်တစ်လက် ကျနေတာကို မြင်ရသဖြင့် သိမ်းနိုင်းချင်လို့ အိမ်ဝင်းထဲ ဝင်လာမည့်သူကို မျှော်သည်။ အိမ်အောက်ရေအိုးစင်ပေါ်က ရေစိုဝတ်နှင့် ပတ်ထားသည့် ကွမ်းရွက်ကိုလည်း အပေါ်ထက်ကို လာပို့စေချင်သည်။ သို့သော် ခိုင်းရမည့်သူ မရှိ။ သိပ်မကြာခင်မှာ တစ်ဖက်ရွာက သူ့တူ 'မောင်သော်' ရောက်လာသည်။ တစ်ဖက်ရွာမပြန်ခင် ဘာမှာဦးမလဲ ဝင်မေးခြင်း ဖြစ်သည်။ စက်ဘီးကလေး ဒေါက်ထောက်ရင်း လှမ်းမေးသည်။

'ကျွန်တော် ပြန်တော့မယ်။ ဘထွေး ဘာမှာဦးမလဲ။ ကြီးတော်တို့လည်း မရှိပါလား'

'မမှာတော့ပါဘူးကွာ၊ မင်းကြီးတော်တို့ မရှိကြဘူး။ သည်မယ် ငါ့တူတစ်ခုလုပ်ပေးခဲ့စမ်း။ မင်းရှေ့က ပုဆိန်ကြီး အိမ်အောက်သွားထားစမ်း။ အောက်ထပ်က ကွမ်းလည်း အပေါ်ယူခဲ့'

'ဟုတ်ကဲ့'

ဘကြီးညိုက ကွမ်းစားချင်လို့ မောင်သော့်ကို မျှော်သော်လည်း မောင်သော် အိမ်ပေါ်တက်မလာခဲ့။ နေသာကုန်ရော မောင်သော်ပေါ်မလာ။ အောက်ထပ်ကို ကိုယ်တိုင်ဆင်းကာ ကွမ်းရွက်ဆင်းယူသော်လည်း ကွမ်းရွက်တွေလည်း မရှိ။ မောင်သော်ကလည်း ယူသွားစရာ အကြောင်းမမြင်။ ဘယ်နှယ့်ဖြစ်ပါလိမ့်။ သားသမီးတွေ ပြန်ရောက်လာတော့ ရှာခိုင်းသော်လည်း ဒေါ်တောက်



www.burmeseclassic.com

www.burmeseclassic.com



အောင် ရှာကြသည့်တိုင် ကွမ်းရွက်နှင့်တူတာပင် မတွေ့ကြ။ ဘကြီးညို မခံချင်ဖြစ်လာတော့ သားကြီးကို မောင်သော်နေထိုင်ရာ တစ်ဖက်ရွာကို စက်ဘီးနှင့်လွှတ်လိုက်သည်။ တစ်ဖက်ရွာက တော်တော်ဝေးသည်။ မှောင်လည်း မှောင်ပြီ။ သားဖြစ်သူ ပြန်လာတော့ အဖြေရသည်။

'ဘထွေးပဲ အိမ်အောက်မှာ ကွမ်းရွက်တွေကို ပုဆိန်နဲ့ ဖိခဲ့ဆိုလို့ ဖိခဲ့သားပဲလို့ ပြောလိုက်တယ်အဖေ'

အိမ်အောက်ဝင်ရှာကြည့်တော့လည်း ဟုတ်သား။ ကွမ်းရွက်တွေ မြေကြီးပေါ် အထပ်လိုက်ချ၊ အပေါ်က ပုဆိန်ကြီး ဖိလိုက်လို့။ သည်တော့လည်း ဘကြီးညိုရယ်လိုက်တာ။ 'ကွမ်းရွက်ဖျားမှာ မိစ္ဆာစောင့်သယ်၊ ကွမ်းရွက်အညှာရိုးမယ် ဘီလူးစောင့်တယ်။ အခုတော့ ကွမ်းရွက်တွေ မောင်သော် စောင့်ပါရောလားကွ' ဟု ဆိုနေသေးသည်။ ဘကြီးညိုက ကွမ်းကြွပ်လျှင် မကြိုက်ပါ။ ကွမ်းနုဝါကလေးတွေကိုမှ ကြိုက်သူဖြစ်သည်။ ကျွန်တော့် ယောက္ခမကြီး ဈေးသွားချိန်ဆိုလျှင် ဘကြီးညိုက ဈေးမှာသည်။

'ကွမ်းနုဝါဆိုသာ ကုလားပြည်က မျိုးကွ။ ဗာရာဏသီမျိုး ခေါ်သယ်၊ တို့ငယ်ငယ်က ကာလကတ္တားကွမ်းခေါ်ကြသာရယ်။ တောကွမ်းတွေက အရွက်ကြီးပြီး အရည်များသယ်။ ကွမ်းနုလွန်းတော့လည်း ကွမ်းရွက်အရသာ မစူးလှေ့ဘူး။ ကရင်ကွမ်းဆိုသာ ရှိသေးသယ်။ ရွက်ကြမ်းကြီးတွေ။ ကွမ်းကျောရိုးကြီးတွေ ထောင်နေတာများ မဝယ်လေနဲ့။ တချို့ကွမ်းက ကွမ်းပူ၊ ကွမ်းစပ်တွေ။ အဲသဟာမျိုးလည်း ရှောင်၊ ကွမ်းများကောင်းပြီဆိုရင် ပိတ်ချင်းရွက်၊ ရေတ်ရွက်၊ စယိုရွက် များလိုပဲ လေသလိပ်သည်းခြေသွေးပျက်တဲ့ရောဂါများကို နိုင်သယ်။ အာစေးထန်းနေရင် တံတွေးသွက်လို့ ခံတွင်းကောင်းသယ်၊ အခု ငါပြောသာ မှတ်မိရဲ့ မဟုတ်လား။ အေး အဲသလိုဟာမျိုး ငါးကျပ်သားကြည့်ဝယ်ခဲ့'

'အဲသာမျိုးတော့ ကျပ်လည်း မဝယ်တတ်ဘူး ကိုညို။ တော့်ဟာတော် ဗိန္ဓောဆရာကိုသာဝသာ သွားမှာတော့'

ဒါက ကွမ်းရွက်မှာတိုင်း ဖြစ်ရသည့် ပဋိပက္ခဖြစ်သည်။ တကယ်တမ်းကျတော့ ဝယ်လာသမျှ စားလိုက်သည်ချည်း။ တစ်ခါတစ်ရံ ကွမ်းထွေးခံပျောက်လို့ ဖြစ်ရသောကဏ္ဍောကောစများလည်း ရှိလေသည်။ 'ငါ့ထွေးခံဘယ်ရောက် သတုံးဟေ့၊ ထွေးခံ ထွေးခံ။ မတွေ့လို့ကတော့ ငါကြမ်းပေါက်ကထွေးချလိုက် မနော်။ ငါ့ကွမ်းသွေးမြေကျရင် နဂါးတွေ မခံနိုင်မှာစိုးလို့ မေးနေတာ' ဟု အော်တတ်သည်။ ထိုအခါ ဖွားအမယ်အိုက 'အလိုတော် တို့အိမ်ဒွတ္တပေါင်မင်း ဘယ်ကကြွလာပါလိမ့်' လို့ ပြန်ပက်တတ်သည်။ တစ်ခါတလေ





သားသမီး တစ်ယောက်ယောက်ကို 'သမီး အဖေ့ဆယ့်နှစ်ရာသီကွမ်းခွက် ယူခဲ့စမ်း' လို့ စတတ်သည်။ ဆယ့်နှစ်ရာသီ ကွမ်းခွက်၊ ကရဝိက်ကွမ်းအုပ်၊ ထောင့်မှန်စီမ်း ကွမ်းခွက်၊ နရားကလပ်ခံ ရွှေပိန်းချ ကွမ်းအစ်၊ နဂါးကလပ်ခံ မှန်စီရွှေချ ကွမ်းအစ်၊ ရွှေဟင်္သာ ကွမ်းအုပ်၊ ကွမ်းလောင်းကြီး၊ ကွမ်းလောင်းငယ်၊ ရှစ်ထောင့်ကွမ်းအုပ်၊ ရှစ်ထောင့် ကွမ်းခွက်၊ ဆယ့်နှစ်ထောင့် ကွမ်းခွက်၊ ပန်းတွင်းကွမ်းအစ်တွေက ရွှေနန်းတော်သုံး ကွမ်းအစ်၊ ကွမ်းလောင်း၊ ကွမ်းချပ်၊ ကွမ်းခွက်များ ဖြစ်သည်။ ကွမ်းလောင်း၊ ကွမ်းကျပ်၊ ပန်းသလုပ်၊ ကွမ်းချပ် စလင်းကြာတို့သည်လည်း ကွမ်းအစ်သာ ဖြစ် သည်။ 'သီဟာသနု၊ နေရာမထက်၊ စံပယ်လျက်လျှင်၊ လိုက်ဖက်သင့်စွာ၊ စလင့် ကြာတည့်၊ ရွှေသာနှင်နှင်၊ သောက်ရေတင်က၊ ရွှေစင်ရဲရဲ တခဲရောင်လျှံ၊ ရွှေထွေးခံနှင့်၊ ရွှေစံအိုးပျက်၊ လျှစ်စစ်မထူ။ ရွှေဘူးကရား' လို့ပင် ရှေးစာတွေမှာ ဖတ်ဖူးရသည်လည်း ရှိ၏။ ဝန်စုမှူးစု မှူးကြီးမတ်ကြီးတို့ ဘုရင့်ရှေ့တော်မှောက် အခစားဝင်ရာ၌ ကွမ်းကပ်၊ ကွမ်းချပ်၊ ကွမ်းအစ်ယူဆောင်ခွင့်ရှိသည်။ ရာထူးငယ်သူက ရာထူးကြီးသူ ရှေ့မှောက်တွင် ကွမ်းရည်ပြင် (ကွမ်းသွေး၊ ကွမ်းတံတွေး) ပေ ပါးစပ်ဖြင့် စကားပြောခြင်း၊ ကွမ်းပလုပ်သံဖြင့် မပီမသပြောခြင်းများကိုတော့ အဂါရဝအဖြစ်သဘောထားကြသည်။ မြန်မာမင်းများလက်ထက်တော်က ကွမ်းရေတော်များကို အမျိုးမြင့်မြတ်သူတို့မှ ဆင်းသက်သောသူကိုမှ ခန့်သည်။ အနာရောဂါကင်းသူ ဖြစ်ရသည်။ ကိုယ်၌ သန့်ရှင်းသူ ဟုတ်၊ မဟုတ် ပြတိုက်တော်မှာ ပြန်တမ်းခံ၍ ခန့်အပ်ရသည်။ သီပေါမင်းလက်ထက် ကွမ်းရေတော်ကိုင် ၆၃ ယောက် ရှိခဲ့သည်။ မင်းပွဲသဘင် အလှူတော်ကြီး ပေးသည့်အခါ 'ကွမ်းခန့် ကျွန်တော်မျိုး' တို့က ကွမ်းအုပ် ကွမ်းကတုံးနေရာကျအောင် စီစဉ်ကြရသည်။ ကွမ်းနှင့်ဆိုင်သည့် ကိစ္စအဝဝကို ကွမ်းခမ်းစာရေးက စီစဉ်ရသည်။ လက်ဝဲမင်းခမ်းတော်မှာ 'ရတနာပန်းတောင်း၊ ရွှေကောင်းရေအမြှောင့်၊ ရှစ်ထောင့် ရောင်လျှံ၊ ခြသေ့ခံ ဟု မင်းစံရည်ညက်၊ ကွမ်းခွက်နှစ်ဆူ၊ ညွှန့်လူနိုင်မြွှာ၊ စလင့်ကြာနှင့်၊ ရောင်ဖြာလျှံပြည့်၊ ကွမ်းထည့်ကွမ်းချပ်' ဟူ၍လည်းကောင်း၊ လက်ျာမင်းခမ်းတော်မှာတော့ 'ဖိနပ်ရောင်ပြေ၊ တောင်ဝှေးလုံသွား၊ လက်တင်ကြားနှင့်၊ နဂါးခံလျက်၊ ကွမ်းခွက်ရောင်ထပ်၊ သလပ်ရောင်မောင်း၊ ကွမ်းလောင်းကြီးငယ်၊ ရောင်သွယ်ဖလား' ဟူ၍လည်းကောင်း တွေ့ရသည်။

ရှေးက မြန်မာတို့ မင်္ဂလာ ၁၃ ပါး၊ ပြုမြဲဖြစ်ရာ ကွမ်းဦးခွံ့ မင်္ဂလာသည်လည်း တစ်ပါးပါဝင်သည်။ ဘုရင့်သားတော် သမီးတော်တို့မှာတော့ သည်ဓလေ့နှင့် ကြီးပြင်းရသည်။ စင်စစ် သည်ဓလေ့သည် 'လောကီရာဇ[illegible]'



www.burmeseclassic.com

www.burmeseclassic.com



မည်သော အနောက်မဖျိုမဒေဝက ဆင်းလာအဆင်အယင်သာဖြစ်သည်။ မြန်မာ မဟာ မင်္ဂလာမင်းဆမ်းတော်များကို ဖတ်ရှုသည့်အခါ ဘိုးတော် ပဒုံမင်း၏ သမီး တော် မိဗ္ဗိလာမင်းသမီး၏ ကွမ်းခွံ့တော် မင်္ဂလာနှင့် နာမကရဏမင်္ဂလာတော် သဘင်ကို တွေ့ရပါသည်။

သက္ကရာဇ် ၁၁၅၆ ခု တပို့တွဲလဆန်း ၂ ရက်နေ့ ၂ ချက်တီးကျော် ၂ နာရီသို့ ရောက်လျှင် ဖွားမြင်တော်မူသည့်နေ့မှ နှစ်လခွဲပြည့်၍ ကွမ်းခွံ့ မင်္ဂလာပြည့်ရာသည့်အခါတော်ရကြောင်းကို ပညာရှိကြာဥယျာဉ်ရွာစား စည်သူရာဇာ၊ နာရီတော်မှူး ဘယနန္ဒမိတ်တို့ ရှိခိုးသံတော်ဦးတင်သည့်အတိုင်း ဆိုင်ရာ မင်းသမီးဝန် နေမျိုးကျော်သူတို့ ဆင့်ဆိုစီရင်သည်ကား။ ကွမ်းရွက်၊ ကွမ်းသီး၊ ရှားစေးမှုန့်၊ ဆေးသေးများကို ရွှေခွက်တစ်လုံးစီနှင့် မှန်စီရွှေအုပ်တွင် ထည့်သည်။ ထုံးကို ရွှေထုံးဗူးနှင့် မှန်စီရွှေအုပ်တွင် ထည့်သည်။ ပရုတ် တစ်မှူး၊ လေးညှင်းတစ်မှူး၊ ဇာတိပ္ဖိုလ်သုံးမှူး၊ ဖာလာသုံးမှူးများကို စက္ကူတွင် ထုပ်၍ ရွှေခွက်နှင့် မှန်စီအုပ်တွင် ထည့်သည်'

ရှေးကတော့ ရဟန်းတော်များကို ကွမ်းဖိတ်ခြင်း၊ ကွမ်းထည့်ခြင်းဖြင့် ကွမ်းပန်းလှူကြသည့် အလေ့ရှိသည်။ အထူးသဖြင့် ပဥ္စင်းအဖြစ် သိက္ခာတင်ပြီး သည့်အချိန်တွင် ရဟန်းတော်အား ဆရာတော်အဖြစ် အသိအမှတ်ပြုသော အားဖြင့် သိမ်ဆင်းလောင်းရာတွင် ကွမ်းထည့်လှူကြခြင်းဖြစ်သည်။ မြန်မာ ကျေးတောများ၌ ကွမ်းယာဖြင့် အလှူအတန်းဖိတ်ကြသည်လည်း ရှိသည်။ ကွမ်းနှင့် လက်ဖက် နှစ်မျိုးပါသည့် ကွမ်းကတုံးဖိတ်လည်း ရှိသည်။ ရည်းစား သည်က ပေးသည့် ကွမ်းဦးကို စားရလျှင် သစ္စာမြဲရိုးရှိသည်ဟုလည်း ယုံကြည် ကြသည်။ မြန်မာတို့၏ လူမှုဘဝတွင် ကွမ်းသည်

ဘိုးကြီး ဦးဘိုးတူ၏ 'မြစ်' တော်သော ကျွန်တော်သည်လည်း အမျိုး ဂုဏ် ဇာတိဂုဏ်ကို စောင့်ထိန်းပါသည်။ ဆေးလိပ် စီးကရက် အနှစ် ၂၀ ခန့် သောက်သုံး မှီဝဲခဲ့သော ကျွန်တော့်ကို ကျေးဇူးရှင် ဆရာဝန်များက မသောက် ရန် မေတ္တာဖြင့် တားမြစ်ကြသည့်အခါ ကွမ်းတစ်လုည်ဝါးခြင်းအားဖြင့် ပျောက်ဆုံး လုမတတ်ဖြစ်နေသော ဘိုးဘွားအမွေကို ပြန်လည်ဖော်ထုတ်ခြင်းဟုလည်း ဆိုနိုင်ပါသည်။ ဂေါ်ဝိန်မြစ်ဆိပ်မှာ နေခဲ့စဉ်က စွဲခဲ့သော ကွမ်းယာဆိုင်ကို မန္တလေးမြို့သစ်သို့ ပြောင်းရွှေ့လာသည့်တိုင် ကျွန်တော် စွဲလမ်းနေသည်ဖြစ်ရာ မရောက် ရောက်အောင်သွား၍ ဝယ်ကာစားနေရသည်။ ကျွန်တော့်ကို လမ်း ကြုံတိုင်း ကားဖြင့် ကွမ်းယာလိုက်ဝယ်ပေးသူမှာ ကျောင်းဆရာ ဦးလှပိုင်ဖြစ်၍ ဆိုင်ကယ်ဖြင့် ဝယ်ပေးတတ်သူမှာ ကာတွန်းဆရာ (ဦး)ထီမှူး ဖြစ်သည်။





လိုက်ဝယ်ပေးခြင်းဖြင့် စေတနာပြုကြသော်လည်း သူတို့နှစ်ဦးစလုံး ကွမ်းစား ကြသူတွေ မဟုတ်တော့ အားနာစိတ်ကလေး ဝင်မိသည့်တိုင် အားမနာနိုင် သည်လည်း အကြိမ်ကြိမ်။ တက္ကစီ လေးဘီးဆရာ ကိုချစ်ဆွေသည်လည်း သူ့ကားကို ငှားစီးလေတိုင်း ကွမ်းယာဆိုင်ပို့ရလေ့ရှိသည်။ ဂေါ်ဝိန်ဘက်မှာ နေသည့် ကျွန်တော့် ယောက်ဖတော် တစ်ဦးကလည်း စက်ဘီးတစ်စီးဖြင့် ရောက် လာလေတိုင်း ကျွန်တော်ကြိုက်သော ကွမ်းယာဆိုင်က ကွမ်းယာဝယ်လာလေ့ ရှိသည်။ လူ့စိတ်ဆိုသည်ကလည်း ဆန်းကြယ်လှသည်။ မြို့သစ်မှာ ကွမ်းယာ ဆိုင်တွေ များလှသော်လည်း ဂေါ်ဝိန်က ကွမ်းကိုမှ အာလျှပြေချင်သော စိတ်သည် လည်း ဆန်းကြယ်သည်ဟု ဆိုနိုင်ပါသည်။

ဂေါ်ဝိန်ကွမ်းယာဆိုင်က ကွမ်းကို ဘိုးကြီးဦးဘိုးတူ၏မြေးဖြစ်သော ကျွန်တော်လည်း စားသည်။ ဘကြီးညို၏ သမီးဖြစ်သော ကျွန်တော့်ဇနီးကလည်း စားသည်။ ကွမ်းယာထုပ်ကို တစ်လုည့်စီ စားနေကြတာကို မိတ်ဆွေတွေက 'တကတည်း နတ်ဆက်နေသလားမှတ်ရတယ်' လို့ပင် ဆိုကြလေသည်။ ဆရာ ကြီးသခင်ကိုယ်တော်မှိုင်းကတော့ နိုင်ငံခြားသွား ငြိမ်းချမ်းရေးခရီးစဉ်တွေ မှာလည်း ကွမ်းရွက်ကို အခြောက်လှန်း၊ အမှုန့်ထောင်းပြီ ဘူးတွေထဲ ထည့်ယူ သွားတတ်ကြောင်း ဖတ်ရဖူးသည်။ ၁၉၅၁ ခုနှစ် ပီကင်းခရီးမှာတော့ ကွမ်းယာ မှုန့်ကို အာသာပြေပင် ဝါးစရာမကျန်အောင် မြှတ်သွားခဲ့သည်။ ဆရာကြီးက သူတစ်ယောက်တည်းစားလျှင် လောက်နိုင်သော်လည်း အတူတူပါလာကြသူ တွေကို 'စားကြလကွာ ကိုယ့်နိုင်ငံ အလွမ်းပြေစားကြကွ' ဟု မိန့်ရင်း အတင်း ကျွေးသောကြောင့်ဟုဆိုသည်။ ကျွန်တော်တို့ဇနီးမောင်နှံ ကွမ်းစားကြသည် ကိုလည်း ခွင့်လွှတ်စေချင်ပါသည်။ ကျွန်တော်တို့သည်လည်း ကိုယ့်နိုင်ငံကို လွမ်းသောကြောင့် စားကြခြင်းဖြစ်ပါသည်။

*Idea ၂၀၀၆၊ ဖေဖော်ဝါရီလ*

www.burmeseclassic.com

www.burmeseclassic.com

## ချက်ခြင်းပြုတ်ခြင်း အနုပညာ

ကျွန်တော်တို့၏ အိမ်ရှေ့မှာ ဇမာတမာလို့ခေါ်ကြသည့် တမာပင်ကလေး ရှိသည်။ သည်အပင်ကလေးမှာ အညွန့်တွေ တလန်းစို့တက်လာပြီဆိုလျှင် အိမ်ရှင်မက အညွန့်သန်သန်ကလေးတွေချည်း ခူးကာ ရေစင်စင်ဆေးသည်။ ဒါကိုမှ ဆီးချဉ်သီး ဒါမှမဟုတ် ဆီးသီးခြောက်နှင့် ပြုတ်ကာ အဖန်ရည် အချဉ်ရည်တွေ စစ်ထုတ်ပစ်သည်။ အညာဆိုတော့ ငပိရည်ကျိုမလေ့တို့ သေးသိမ်ကြသည်ဖြစ်ရာ ခရမ်းချဉ်သီး ငပိချက်မွှေးမွှေးဖြင့် တို့ရတာများပါသည်။ ငပိရည်ကျိုမစားတာတော့ မဟုတ်ပါ။ တစ်ခါတလေတော့ စိတ်လိုလက်ရကျိုတတ်သည်။ ငပိရည်ကျို မည်းနောက်နောက်ပေါ်က ငရုတ်သီးမှုန့် ရဲရဲကလေးတွေ ငရုတ်စေ့ကလေးတွေ ပေါလောမျောနေတာကိုက စားချင့်စဖွယ်။ တမာရွက်ပြုတ်စိမ်းဖန့်ဖန့်နဲ့ တွဲလိုက်တော့ လုပသော အစပ်အဟပ်ဖြစ်ပါသည်။ သို့သော် ငပိရည်ကျိုထက်စာလျှင် ငပိချက်က အိမ်မှာ မင်းမူတာများသည်။ ခရမ်းချဉ်သီးနှစ်ကို မျှင်ငပိဖြင့် နယ်ကာ ဆီနိုင်နိုင်ဖြင့် ဒလိန်းထိုးထားသည့် ငပိချက်ကတော့ ကျွန်တော်တို့အိမ်မှာ ရေစစ်ကြိုလုပ်ပြီးသားဖြစ်သည်။ ကျွန်တော်ကိုယ်တိုင်က အညာမြေလတ်မှာ မွေးခဲ့သူဆိုသော်လည်း ပဲမကြိုက်ခြင်းသည်ပင် ထူးဆန်းသလိုလို ဖြစ်နေရာက မြင်းခြံအညာသူ ကျွန်တော့်ဇနီးနှင့် ကြွေဖွန်းနှင့် ကြာဆန်လို ကမ္ဘာရန် ဖြစ်နေရတာကလည်း အကြိမ်ကြိမ်။ မအိမ်သူကတော့ ပဲမပါလျှင် နဂါးဘုံ ဂျွန်မသွားနိုင်သလို ရှိလေသည်။ ကျွန်တော်က 'ပဲနှင့် ခရမ်းချဉ်သီး ဘယ်အချိန် မျိုးတုံးကြမလဲ မသိဘူးနော်' ဟု မေးလျှင် လှမ်း မျက်စောင်းထိုးလေသည်။





ကျွန်တော်တို့အိမ်မှာ ပဲမျိုးစုံ ပဲတစ်ရာ့တစ်ပါး ပြုတ်သည်မရှိ။ ရှာပြန်တော့ တစ်ထမ်းတစ်ရွက် ပေးလိုက်ကြတာရှိသလို လူကြုံနှင့် ရောက်ရောက်လာတတ်ကြတာလည်း ရှိသည်။ ကျွန်တော်တို့အိမ်မှာ ဈေးထဲ ဆိုင်တကာ အလွယ်တကူဝယ်ရသည့် ပဲငပိကိုပင်လျှင် အိမ်မှာ တပင်တပန်း ပြုတ်စားလေ့ရှိသည်။ ကျွန်တော် သိပ်တော့နားမလည်။

'အရသာချင်း ကွာတယ်ရှင့်၊ ဈေးထဲက ပဲငပိက ဘာထင်းနဲ့ ပြုတ်သလဲ ကိုယ်မြင်ရတာမှ မဟုတ်တာ၊ အိမ်မှာဆိုတော့ အုန်းလက်ခြောက်နဲ့ ပြုတ်တော့ ပဲငပိက ပိုချိုတာပေါ့။ ပဲငပိက ဆီးသားနဲ့ ပြုတ်တော့ ချဉ်တယ်။ တမာသားနဲ့ ပြုတ်တော့ ခါးတယ်။ အုန်းလက်နဲ့ ပြုတ်တာ အကောင်းဆုံးပဲ'

ဟုတ်ချင်လည်း ဟုတ်ပါလိမ့်မည်။ ကျွန်တော်ကတော့ အသိပညာ ခေါင်းပါးခြင်းဖြစ်သည်ပင် အရသာထင်နေသူဆိုတော့ ဘာမှလည်း ပြောနိုင်သည်မဟုတ်။ ပြင်သစ်စာရေးဆရာမ ဆီမွန်ဒီဗိုးဗွားကတော့ ပြောဖူးသည်။

'ဓာတ်ငွေ့နဲ့ လျှပ်စစ်ဓာတ်ဟာ မီးရဲ့ ချစ်စရာ ကောင်းပုံကို အဆုံးသတ်ပစ်ခဲ့ကြတယ်။ ဒါပေမယ့် ကျေးလက်တွေမှာဆိုရင်တော့ အမျိုးသမီးတွေဟာ အခုထက်တိုင် ခြောက်သယောင်းနေတဲ့ ထင်းသေတွေထဲက လုပတဲ့ မီးတောက်တွေ ထွက်လာတာကို သိနေကြပါသေးတယ်။ မီးတောက်တွေ တောက်ပနေချိန်မှာ ထမင်းဟင်းချက်ပြုတ်နေတဲ့ အမျိုးသမီးဟာလည်း ပဥ္စလက်ပညာသည်မ၊ မှော်ဆရာမ ဖြစ်နေတော့တယ်။ ကြက်ဥကလေးခေါက်လိုက်တာမျိုး၊ အာလူးကလေး ကြော်လိုက်တာမျိုးလို အလွန်ရှင်းလင်းလွယ်ကူတဲ့ လှုပ်ရှားမှုကလေးတွေကြောင့် ဒြပ်ပစ္စည်းတွေဟာ အစားအစာအဖြစ် ပြောင်းလဲသွားကြတယ်။ ဓာတုပစ္စည်းတွေက ဟင်းလျာဖြစ်သွားတော့တာပါပဲ၊ သည်ချက်ပြုတ်ခြင်း အဂ္ဂရတ်ပညာထဲမှာ နှစ်သက်စရာတွေ ရှိနေတယ်။ သည်အချက်အပြုတ်တွေထဲမှာ ကဗျာတွေရှိနေတယ်။ အိမ်ရှင်မဟာ အချိန်ကာလကို ဆားတို့၊ သကြားတို့နဲ့ ညှတ်ကွင်းထောင်ပြီး အချဉ်သနပ်အဖြစ် ထိန်းထားလိုက်တယ်။ ရှင်သန်တဲ့ဘဝကို အင်တုံတွေထဲ ပိတ်လှောင်ထားလိုက်တယ်။ ချက်ပြုတ်ခြင်းအနုပညာဟာ တွေ့ရှိမှုဖြစ်ပြီး၊ တီထွင်ဖန်တီးမှု အနုပညာလည်းဖြစ်တယ်။ အိမ်ရှင်မဟာ လူတိုင်းမလုပ်တတ်တာကို လုပ်လိုက်နိုင်လို့ ကျေနပ်ရောင့်ရဲမှု ရသွားတော့တာပါပဲ'

တကယ်တော့လည်း မီးဖိုချောင်ထဲမှာ ကျကွဲသွားခဲ့သော ပန်းကန်များ ဝယ်ပြီး မချက်မပြုတ်ဖြစ်တဲ့ ပုပ်သိုးသွားခဲ့သည့် သားငါးနှင့် ဟင်းသီးဟင်းရွက်များ၊ ဟင်းဖြစ်မလာဘဲ တူးချစ်သွားသည့် အစာများ၊ ချိုချဉ်ငန်ဖန် အရသာများဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ် မတင်လိုက်ရသော ခဲဖွယ်ဘောဇဉ်များ၊ ဆီကြေးအထပ်ထပ်ဖြင့် မည်းညစ်လာသော အိုးခွက်များကြားမှာ အိမ်ရှင်မခမျာ မိမိကိုယ်မိမိ ဆုံးရှုံးသွားသလို ခံစားနေရရှာခြင်းကို ကျွန်တော်တို့ လျစ်လျူရှုခဲ့၊ မစာနာခဲ့တာ များလှပြီ။ ပြောင်လက်အောင် တိုက်ချွတ်ထားသည့် ညေ့ခန်းကြမ်းပြင်ထက် ထမင်းစားပွဲပေါ် လှလှပပအရသာရှိရှိ တင်လိုက်သည့် ဟင်းလျာတစ်ပွဲက ပိုမိုတန်ဖိုးရှိကြောင်း ကျွန်တော်တို့ကလည်း လက်ခံရပါလိမ့်မည်။

'ဖြစ်တတ်တာက ကိုယ့်ခင်ပွန်း မိသားစုအတွက် အာလူးကြော်ပေးတာမျိုးမဟုတ်ဘဲ အာလူးကြော်တွေ မကုန်မှာစိုးလို့ ကိုယ့်ခင်ပွန်းမိသားစုကို ကျွေးလိုက်ရတာ ရှိတတ်ပါတယ်။ ဖြစ်ရမှာက အာလူးကြော်ဟာ ကိုယ့်ခင်ပွန်းမိသားစုအတွက်ဖြစ်ပြီး၊ ကိုယ့်ခင်ပွန်းမိသားစုက အာလူးကြော်အတွက် မဖြစ်သင့်ဘူး'

ကျွန်တော်တို့ လူမျိုးစရိုက်ကတော့ ချစ်ခင်လေးစားစရာ ကောင်းပါသည်။ မိခင်ဖြစ်စေ၊ ဇနီးဖြစ်စေ အိမ်ထောင်မှုကိစ္စ မီးဖိုချောင်ဝေယျာဝစ္စကို အနုပညာအဖြစ် မမြင်နိုင်ကြသည့်တိုင် တာဝန်တစ်ခုလို သဘောထားနိုင်ကြသူများ ဖြစ်သည်။ သည်အတွက် သူတို့ကိုယ်သူတို့ ဒုတိယတန်းမှာရှိနေရသူအတွက် ကပ်ပါးဖြစ်နေရသူ၊ အိမ့်ကျွန်ဖြစ်နေရသူလို့ ဘယ်တုန်းကမှ သဘောမထားခဲ့ကြသူများဖြစ်သည်။ မီးဖိုချောင်နှင့် အိမ်ထောင်မှုကို စကြဝဠာတစ်ခုအဖြစ် တည်ဆောက်ချင်သော်လည်း မဖြစ်နိုင်သည့်အခါ မိမိကိုယ်မိမိ လက်အောက်ခံပါလားဆိုသည့် ငုံ့စိတ်ဝင်ကြသည့်သူတို့ဆီက အိမ်ရှင်မများနှင့် ဘယ်တုန်းကမှ မတူခဲ့ကြ။ ကျွန်တော်တို့ လူမျိုးက မိသားစု ထမင်းဝိုင်းကို ရိုးအီပြီး၊ ခေါက်ချိုးကျနေသည့် စည်းဝိုင်းသေအဖြစ် မြင်ကြသည်မဟုတ်ဘဲ လက်ရည်တစ်ပြင်တည်း နီးဒေါင်းလန်းတွေနှင့် ဝိုင်းဖွဲ့ကာ စားကြသည့် ယဉ်ကျေးမှုကို တပ်မက်ကြသူများ ဖြစ်ကြသည်။ သူတစ်ထူးက ကျွေးလိုက်မွေးလိုက်တာကိုပင် သတိတရ မှတ်တမ်းတင်ကြသည်လည်းရှိသည်။ ကင်းဝန်မင်းကြီးသည် ပင်လျှင် အမဲသားဟင်းနှင့် ချဉ်ပေါင်ရွက်ချဉ်ရည်ဟင်း၊ ကောင်းလှကြောင်း စာဖွဲ့ခဲ့သည်။

'ဉာဏ်အစုံ ကြံပုံသစ်ပါပေ့၊ ရန်ကုန်ဖြစ် ဥပဒေ၊ မြန်ဘုံခေတ် လူ့တမြေမှာ ခုအနေကြုံခဲ၊ သုဓာဘုတ်မြတ်မောစွာ၊ နတ်သြဇာ ရှုံးတဲ့ စမဲ'

'စုန္ဒနှင့် သုဇာတာ၊ ဆက်ပဏ္ဏာနှစ်ပွဲ၊ စက္ကဝါ ဤခပဲတွင်ဖြင့် အဲဆီခဲဥသုံ၊ နတ်ဗြဟ္မာကပ်လာချဉ်း မြတ်ရာနှင်း သွင်းရပေတုံ'





သည်နည်းနှင့်မျှ မကစုံသည်၊ ရသာရုံဖြစ်စဉ်ဆက်တွင်မှ၊ မှုစ်ချဉ်ချက်မှုရာဟန်၊ ထူးလို့နန်းဆန်၊ သည်ဟင်းမှ ဟင်းအမှန်ငယ်၊ သည်ဟင်းသာ စုံပေပဲပ ရှင့်လေး'

ရန်ကုန်စတိုင်လ် ချက်ထားသည့် အမဲသားဟင်းလျာလည်း ကောင်းလှပါသည်။ သုဇာတာ၏ နို့ဆွမ်းနှင့် စုန္ဒ၏ ဆွမ်းခဲဖွယ်သည်လည်း စကြဝဠာ၌ ပြောလောက်စရာရှိခဲ့ရိုးမှန်ပါသည်။ သို့သော် သူစားခဲ့ရသော မှုစ်ချဉ်ချက်ကလည်း စာတင်လောက်အောင် နန်းဆန်ရုံမက အရသာရှိလှသည့် ဟင်းဖြစ်ပါသည်ဟု ဆိုခြင်းဖြစ်ပါသည်။ ဆရာသိန်းဖေမြင့်ကလည်း သူ၏ အညာပြန်တွင် သူ့မိခင် သူငယ်ချင်းဖြစ်သူ ဒေါ်အုန်းမေ၏ လက်ရာဟင်းစပ်ကို မှတ်တမ်းတင်ခဲ့သည်။

'မမအုန်းသည် ကျွန်တော့်အမေကဲ့သို့ပင် ကျွန်တော် ဘာစားတတ်သည်၊ ကျွန်တော် ဘာဝတ်တတ်သည်ကို သိပြီးဖြစ်၏။ အညာမပြန်သဖြင့် ဝေးနေရသော အညာစာများမှ ကျွန်တော့်အား ဘာကျွေးရမည်ကို စဉ်းစားပြီးဖြစ်သည်။ ဆူးပုပ်ရွက်နှင့် ဟင်းချိုရွက်ကို ကြော်ချက်၊ မန်ကျည်းရွက် ချဉ်ရည်၊ လွန်ဆံတွင်းပိုးနှင့် လက်ဖက်စသည်တို့ကို စီစဉ်ထားလေသည်။

အညာဟင်းများကို လွမ်းသဖြင့် အညာအပြန်မှာ စားခဲ့ရသော အမေ့အညာဟင်းကို ဆရာမြသန်းတင့်ကလည်း ရေးခဲ့ဖူးပါသည်။

'ကျွန်တော်ရောက်နေစဉ် အမေသည် ကျွန်တော်ကြိုက်တတ်သော အညာဟင်းတစ်ခွက်ကို ချက်ကျွေးသည်။ အခြားမဟုတ်ပါ။ အမဲခြောက်ကို ခရမ်းချဉ်သီးနိုင်နိုင်၊ ငရုတ်သီးနိုင်နိုင်ထည့်၍ ဆီးသီးဖြင့် ချက်ထားသော စပ်ချဉ်ဟင်း ဖြစ်ပါသည်။ အမေသည် ထိုဟင်းနှင့် လွန်စွာ လိုက်လှသော အတို့တစ်မျိုးကိုလည်း ပြင်ဆင်ပါသည်။ ထိုအတို့မှာ တမာရွက်ဖြစ်ပါသည်'

မင်းတုန်းမင်းကြီး၏ ပွဲတော်စားစားပုံကို ဦးမောင်မောင်တင်၏ 'ရာဇဝံသမဉ္ဇူရီ' ၌ ဖတ်ရသည့်အခါ ရှေးက မြန်မာတို့၏ ထမင်းဟင်းဓလေ့ကို သိခွင့်ရသည်။ မင်းတုန်းမင်းကြီးက ရွှေလောင်းပွဲတော်၊ မုန့်တိုင်းပွဲတော်၊ ကုလားပွဲတော်၊ တရုတ်ပွဲတော်၊ မြန်မာပွဲတော်နှင့်တကွ ပွဲတော်ချက်ခွင့်ရ မိဖုရားများ၏ ပွဲတော်များအပါအဝင် ပွဲတော်အုပ် ငါးဆယ်လောက်ကို သုံးဆောင်တော်မူသည်။ မင်းတရားကြီး ပွဲတော်တည်စဉ် သားတော်သုံးဆယ်မင်းသား၊ မက္ခရာမင်းသား၊ ညောင်ရမ်းမင်းသား၊ ညောင်အုပ်မင်းသား၊ သီပေါမင်းသားတို့က ပွဲတော်စားသုံးဆောင်နေစဉ် ဒူးပဆစ်တုပ်ရင်း ဒေါင်းတောင်ယပ် ခတ်ရသည်။ သောက်တော်ရေ၊ လက်ဆေးတော်ရေ၊ လက်သုတ်တော်ပဝါများ ဆက်ကြရသည်။ ပွဲတော်ချသည့်



www.burmeseclassic.com

www.burmeseclassic.com



အခါ ကြွင်းကျန်သမျှ သားတော်၊ သမီးတော်၊ မြေးတော်ကလေးများကို ဝေရသည်။ ညနေလေးနာရီပွဲတော်စာ စားချိန်မှာတော့ သမီးတော်များက သည်တာဝန်ကို ယူကြရသည်။ တစ်ခါတစ်ခါတော့ ဆင်ဖြူရှင် မိဖုရားကြီး၏ အပျိုတော်ခင်ဆင့်ကို တကန်တက ချက်နိုင်းသည်လည်းရှိသည်။ စားတော်ကဲကျမ်းသည် ထိုခေတ်က ချက်နည်းပြုတ်နည်းငါးရာဖြစ်သည်။ မင်းတုန်းမင်း၏ပွဲတော်ချက် စားတော်ဝန်မှာ ဦးပေါ်စောဆိုသူ ဖြစ်သည်။ အမရပူရမှ နေပြည်တော်ကို မန္တလေးသို့ ပြောင်းရွှေ့သည့်အခါ ပုဂံမင်း၏ ပွဲတော်ချက်များပါ လိုက်ပါလာကြရကာ နန်းစဉ်ပွဲတော်ချက်များက ယိုးဒယားများနှင့် မြန်မာလေ့တော်အမှုထမ်းများကို သင်ကြားပေးရသည်။ သီပေါမင်းလက်ထက်၌ ပွဲတော်ချက်ငါးဆယ်ခန့်ထားကာ စားဖိုပေါက် တစ်ရာရှိသည်။

'အလွန်နူးညံ့၍ အနံ့အရသာနှင့်ပြည့်စုံသော လယ်တော်စပါးကိုနန်းတော်မှာ ရွှေဗန်းနှင့် လှမ်း၊ ရွှေလက်ဆုံနှင့် ထောင်း၊ ရွှေစကောနှင့် ပြာ၊ ရွှေဆန်ကာနှင့် ချ၊ ကွမ်းရည်တောသားတို့က ရွှေဇာကနာနှင့် ရွေးရသည်။ ထိုအခါ ရွှေဓားစွဲတို့က ဓားလွတ်ကိုင်ကာ မိုးထားရသည်'

ရှင်ဘုရင်စားရမည့် ထမင်းတစ်အိုးကလည်း တာဝန်တွေ ကြီးလှသည်။ ယင်းကတော့ အမျိုးပေါင်းတစ်ရာပြည့်အောင် ချက်ရသည်။ ချိုး၊ ခါ၊ ကြက်၊ ဘဲ၊ ယုန်၊ သမင်၊ ဒရယ်၊ ဂျီ၊ စိုင်၊ ဆတ်အသားများကို မုဆိုးများက ဆက်ကြရသည်။ သိုး၊ ဆိတ်၊ ပုစွန်၊ စာကလေးကအစ စားကောင်းသော ဥမျိုးစုံ၊ မလိုင်၊ ထောပတ်၊ ငှက်သိုက်၊ ငါးအမျိုးမျိုးတို့ ရွှေနန်းတော်မီးဖိုချောင်မှာ အပြည့်ရှိသည်။

အသားအချိန် ဆီ၊ နနွင်း၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ချင်း အချိန်နှင့်ထည့်ရသည်။ ထင်းကလည်း အချိန်နှင့် မီးထိုးရကာ ထင်းကုန်မီးကျက်ဖြစ်ရသည်ဟု ဆိုလေသည်။ ချက်ပြီးသမျှ ပွဲတော်ဟင်းများကို ရွှေဟင်္သာအုပ်၊ ကျောက်စီအုပ်များနှင့် ထည့်ကာ ပွဲတော်ပို့သည့်အခါ သမားတော်များက အရသာစုံ ချင့်တွက်ပြီး စားတော်ဝန်ကို လွှဲရပြန်သည်။ ပွဲတော်အုပ်ပါ ဟင်းလျာအားလုံးကို စားတော်ဝန်က မြည်းရသည်။ သည်ပွဲတော်အုပ်ကို လက်သုံးတော်ဓားမိုး သက်တော်စောင့်တို့ ခြံရံလျက် မိဖုရားသုံးပါးစုံနှင့်တကွ ဘုရင့်ရှေ့တော်မှောက် ဆက်သရလေသည်။ ဘုရင်စားသည့် စားကြွင်းစားကျန်ကို ရွှေဖလားနှင့်ထည့်၍ မြေမှာ မြှုပ်သည်။ ပွဲတော်မတည်သည့် ဟင်းလျာအားလုံးကို ပွဲတော်လိုက် သားတော်၊ သမီးတော်တို့ကို မိမိပန်းကန်ဖြင့် လဲလှယ်ယူစေကာ စားတော်ဝန်က တာဝန်ခွဲဝေပေးသည်။ နန်းတော်မှာလည်း ကိုယ့်ပန်းကန် ကိုယ်ယူခဲ့စနစ်ရှိသည်ကော။





'မင်းတုန်းမင်းကြီးက သတ္တဝါတွေ သနားတော်မူလို့တဲ့ဗျာ၊ ရှေးမင်းများလို ပွဲတော်သုံးရာ မစားရှာဘူး။ ပွဲတော်တစ်ရာနဲ့ပဲ ငြိုးငြင်တော်မူတယ်လို့ ဖတ်ရတာပဲ အဖေရ'

ကျွန်တော်က ဆရာဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ၏ မြန်မာမင်းလက်ထက်တော်စာတမ်းများကို ဖတ်ပြီး အဖေ့ကို ပြောပြသည်။ အချက်၊ အကြော်၊ အသုပ်၊ အထုပ်၊ အပေါင်း၊ အပြုတ်၊ အဖုတ်နှင့် စင်းကော ပေါချင်တိုင်း ပေါလောက်သည့် ဘုရင့်မီးဖိုချောင်ကို အဖေက တစ်ချက်တည်းနှင့် ပယ်ချလေသည်။

'ရှင်ဘုရင်ဆိုတော့ ဘယ်သူများ အဆိပ်ခတ်လေမလဲလို့ စိတ်တထင့်ထင့်နဲ့ စားရတာ ထင်ပါရဲ့ကွာ၊ မဟန်လိုက်တာ။ ငါတော့ မြိန်မယ် မထင်ပါဘူး။ ငါရှင်ဘုရင်ဖြစ်ရင်တော့ ငအိုးကပ် (ငါးအိုးကပ်) တစ်ခွက် မင်းအမေချက်နိုင်းပြီး ပွဲတော်တည်ရမှာပဲ'

အမေကတော့ သူ့ရှထောင့်က သူ အံ့ဩ ·· နိ ပြုံးလေသည်။

'နန်းတော်ထဲက ကလေးတွေ တစ်နေ့ တစ်နေ့ ဈေးသွားရတာ ဘယ်လောက် ဦးနှောက်ခြောက်လိုက်မလဲနော်။ ကိုယ်ချင်းစာပါရဲ့'

အဖေက ငါးအိုးကပ်ဟင်းကို အင်မတန်ကြိုက်သည်။ တစ်ခါတလေ 'ငါတော့ ဒီဌ်နဲ့ တဈော ပယ်သတ်ချင် သတ်နိုင်ဖို့ပဲ၊ ငအိုးကပ်တော့ မပယ်သတ်နိုင်ဘူးကွာ' လို့ ရယ်စရာ မောစရာ ပြောတတ်သည်။ တောသူတောင်သားလေ့သမားကြီးပီပီ တောစာတောင်စာများကို အဖေကြိုက်တတ်ခြင်းကို နားလည်နိုင်သော်လည်း တစ်သက်လုံး ငါးအိုးကပ်ချက်သော်မှ စားသွားမည့် သဘောကတော့ လွန်လွန်းသည်ဟု ကျွန်တော် ထင်ပါသည်။ ငါးအိုးကပ်ချက်ရတာနဲ့ပဲ အမေ့ဘဝ တစ်ဝက်ကုန်ရတာပါပဲလို့ အမေကပင် ညည်းပါသည်။ ငါးအိုးကပ်ချက်ရတာ လွယ်ပါသည်။ ငါးအိုးကပ်လုပ်ရန် အကောင်းဆုံးငါးမှာ ဖျင်းတောင့် သို့မဟုတ် ရင်ပေါင်စာ ငါးကလေးများဖြစ်သည်။ ငါးဇင်ရိုင်းပေါက်ကလေးတွေကို ကပ်ကြတာလည်းရှိသည်။ ငါးကလေးတွေကို ရေစင်စင်ဆေး၊ နနွင်းမှုန့်၊ အရောင်တင်မှုန့်၊ ခရမ်းချဉ်သီး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီကို တစ်ခါတည်း လှီးချွတ်ကာ ရောထည့် ပြီး နယ်လိုက်ရသည်။ ပြီးတော့ ရေကလေးစပ်စပ်ထည့်၊ မီးဖိုပေါ် တင်လိုက်ရုံ၊ ခဏနေတော့ အဖုံးပြန်ဖွင့်ကာ မီးစူးသည့်နေရာကို ဒယ်အိုးလှည့်ပေးရသည်။ ငါးကို မမွှေရဘဲ ဒယ်အိုးကို လှည့်ကာလှည့်ကာ တူးနေအောင် အပူပေးရသည့် သဘောဖြစ်ပါသည်။ အောက်တစ်ခြမ်းလုံး တူးလောက်ပြီဆိုတော့မှ တစ်အုံလုံး ပါအောင် အပြားလိုက်လှန်ကာ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်အောက် ပြောင်းပေးရသည်။ နှစ်ဖက်စလုံး တူးပြီဆိုလျှင်တော့ စားရုံ၊ ငါးတူးတူးကို အရသာခံသည့် သဘောဖြစ်သည်။

အမေကတော့ လေ့သူကြီးကတော်ဆိုတော့ လေ့ချက်ချက်လေ့ရှိသည်။ လေ့ချက်ကတော့ ထူးထူးဆန်းဆန်းမဟုတ်။ ပဲလက်တစ်ဆုပ်ကို ရေနှင့်ပြုတ်၊ ပဲနူးလောက်ပြီဆိုတော့မှ အသာချ။ ကြက်သွန်နီ၊ ကြက်သွန်ဖြူ ဆီသတ်၊ ဆီကလေးမွှေးလာတော့ ပဲရည်တွေ လောင်းချ၊ ဒါက တစ်အိုး။ နောက် သည် ပဲဟင်းနှင့် လိုက်ဖက်သည့်ဟင်းက ငပိကင်ဖြစ်သည်။

'လေ့ပေါ် လေ့ထိုးသားက လေးငါးယောက်၊ ကိုယ်လင်မယားက နှစ်ယောက်။ လူတစ်ကျိပ်လောက်ကို ဘယ်နှယ့်လုပ် ဟင်းကောင်းကျွေးနိုင်ပါ့မတုံး။ နေ့တိုင်း ဒါပဲချက်တာပဲ။ ငပိကင်ကို သံဇလုံဘေး ဖပ်ခနဲ ကပ်ပေးလိုက်ပြီး ပဲဟင်းကြိုက်သလောက် သောက်တော့တာပဲ၊ ပဲကလည်း ပါတယ်ဆိုရုံပါ၊ အရေကျဲပေါ့။ ဒါတောင် စားကြစမ်းဆိုတာ ဂွမသပ်နိုင်ဘူး'

အမေက လေ့သူကြီးကတော်ဘဝ စားခဲ့ရတာတွေ ပြောပြသည်။ တစ်ခါတလေ ရောက်ရာဆိပ်ကမ်းမြို့ရယ်၊ ရွာရယ်မဟုတ်ဘဲ ကမ်းကပ်အိပ်ရသည့်အခါ ချဉ်ပေါင်ခင်း၊ မြေပဲခင်း၊ ပြောင်းဖူးခင်းက ရသမျှ ခူးဆွတ်ချက်ရသည်လည်း ရှိသည်။ ပိုင်ရှင်မရှိတော့ စားဖို့သောက်ဖို့ ခူးပါတယ်၊ မေတ္တာများပို့ပါတယ်လို့ ပြောပြီး ခူးကြ ဆွတ်ကြတာပါပဲဟု ဆိုသည်။ လေ့ပေါ်မှာ ချက်စားရသည့် အူစီပေါင်း (ပူစီပေါင်းချက်) ကတော့ စားချင့်စဖွယ်။ ခရမ်းချဉ်ခင်း အဟောင်းတွေက အသီးဖြုန်းလက်ကျန်ကလေးတွေ လိုက်ဆွတ်ရသည်။ ပိုင်ရှင်က အခင်းကို လက်လွှတ်ပြီးတော့ နွားလှန်ခွင့်ပေးထားသည့်တိုင် မကျန်ရေ ကျန်ရေ အခွံပါးပါး၊ ကွမ်းသီးလုံးလောက် ခရမ်းချဉ်သီးကလေးတွေ ဖြစ်သည်။ ကောင်းကောင်းကန်းကန်း မဟုတ်။ တစ်ခြမ်းက နေလောင်၊ တစ်ခြမ်းက နေရော်၊ မဖြူမဆွတ် ခရမ်းချဉ်သီးကလေးကို ဆွတ်လာကာ ရေစင်စင်ဆေးရသည်။

'ခရမ်းချဉ်သီးကလေးတွေကို တစ်ဝက်ညှစ်၊ တစ်ဝက်ချန်ပြီး ဖျင်းအိုးကလေးထဲ ပစ်ပစ်ထည့်ရတယ်။ ပြီးတော့မှ အပေါ်က ငပိဆုပ်ထည့်၊ ကြက်သွန်နီ ကြက်သွန်ဖြူဆုပ်ထည့်၊ အရောင်တင်မှုန့်၊ နနွင်းမှုန့် ပက်ထည့်၊ မီးဖိုပေါ် ပစ်ထားလိုက်ရတယ်။ မွှေလည်း မမွှေဘူး။ ဆီကလေးကလည်း ဘုရားစူးလောက်ပါတာပါ။ မီးဖိုပစ်ထားရာက အလုပ်သိမ်းလို့ ထမင်းစားတော့ ခရမ်းချဉ်သီးကလေးတွေက အလုံးလိုက် အိနေတာကို ဆယ်စားကြတာပဲ၊ ခရမ်းချဉ်သီး အူစီပေါင်းချက်များဆိုရင် လုနေရသေးတာလေ'





ပြောပြတာကိုက စားချင့်စဖွယ်။ အထက်အညာ တကောင်း၊ သပိတ်ကျင်းဘက်တက်ကြသည့် ထင်းလှေ၊ သစ်လှေတွေကတော့ ဝါးမျှစ်စိမ်းအစို့ပေါက်ကြီးတွေ ပါလာတတ်သည်။ သည်ဝါးမျှစ်ပိုကြီးတွေကို တစ်လျှောက်လုံးရေ 'စည်' လာရသည်။ ရေစည်သည်ဆိုတာက မျှစ်တွင်းအောင်းနေသည့် အဖန်ရည်၊ အယားရည်တွေကုန်အောင် ရေသွန်ရေလဲပေးရခြင်းကို ခေါ်ခြင်းဖြစ်သည်။ ဒါကိုမှ ငါးမျိုးလောက် ချက်စားကြသည်။ မျှစ်စိမ်းချက်၊ မျှစ်ပြုတ်ချက်၊ မျှစ်ပြုတ်သုပ်၊ မျှစ်ပဲဟင်းချက်၊ မျှစ်စားတော်ပဲကြော်ချက်။ အောက်စုန်လှေတွေက ငပိတွေ ပါလာတတ်ကာ အထက်ဆန်သည့်လှေတွေက မျှစ်ပါလာကြသည်။ ဒါကို လဲကာ ဖယ်ကာ စားကြရတာကိုပင် သူတို့မှာ ကောင်းကြလှပြီ။

'အပေါင်း၊ အကျစ်၊ ကင်ပျစ်လှော်ဖုတ်၊ ချက်ပြုတ်ထွေပြား ဖျော်ဖြေများသော၊ ငါးပါးဂေါရသ၊ ဗြဟ္မာ့ဩဇာ၊ နတ်လျှာမြိန်နီး၊ ဟင်းမျိုးသားမဲ၊ မြိုက်ရေခဲကို၊ စားဆဲစဉ်လျက်၊ ပွဲကထွက်၍၊ ကျေးငှက်တွန်ပျံ၊ နံ့စာသူငယ်၊ ကိုယ်ဝယ် လက်ရုံ၊ ပုခုံးမေးဖျား ထိပ်ထက်နားဝယ်'

ဘကြီးတော်မင်းတရားကြီးလက်ထက် တရုတ်သံတို့ ရောက်သည့်အခါ ပွဲတော်အုပ်ထဲမှ ငှက်အရှင်ကလေးများ ပျံထွက်သွားကြပုံကို သံတို့ အံ့ဩကြဟန် ရေးဖွဲ့ထားသည့် စာဆိုတော် ဒုတိယနဝဒေး၏ တရုတ်သံရောက် မော်ကွန်းကိုလည်းကောင်း၊ တွင်းသင်းတိုက်ဝန် မဟာသရေ စည်သူ ဦးထွန်းညို၏ 'ဘလ္လာတိယပျို့လာ' သမင်သားချက်ပုံဖြစ်သော 'အဂ်ါငါးမည်၊ စားတော်သည်လျင်၊ ဆီကြည်ထောပတ်၊ ဖျန်းဆွတ်ကောင်းဟုတ်၊ ငရုတ်အမြတ်၊ ကန့်အိတ်ချင်းလွှား၊ ဗီရာကရေဝေး၊ ကြိုင်မွှေးနံ့မွှန်၊ ကြက်သွန်ပင်စိမ်း၊ ခတ်ရိုန်းစုံလင်၊ ကောင်းစွာရင်သာ' ဆိုသည်ကိုလည်းကောင်း အဖေ မမက်ပေ။

အဖေကတော့ ငါးအိုးကပ်ဟင်းမယ်ကိုသာ ရမွက်စွမ်းပေါက်၊ လျှာတောက်ငမ်းငမ်း၊ ရမ်းရမ်းခက်မျှ တသသရှိသူဖြစ်သည်။

တကယ်တော့ မီးကို စတင်တွေ့ရှိခဲ့သည့်နောက်ပိုင်း လူတို့ ယဉ်ကျေးလာခဲ့သည်။ သားစိမ်း၊ ငါးစိမ်းစားနေကြရသည့် အခြေအနေရိုင်းမှ အကင်အဖုတ်အခြေအနေ၊ ယင်းမှ ချက်ခြင်း၊ ပြုတ်ခြင်း ယဉ်ကျေးမှု ကြီးလာခဲ့သည်။ အခုတော့လည်း ချက်ခြင်းပြုတ်ခြင်း အတတ်ပညာမှ ကျော်ကာ နည်းပညာဖြစ်လာခဲ့သည်။ တရုတ်၊ အီတလီ၊ ပြင်သစ်တို့၏ ဟင်းလျာတွေက ကမ္ဘာကျော်သည်။ ပါရီမြို့မှာ ကျွန်တော် ရက်သတ္တနှစ်ပတ်လောက် နေခဲ့ရစဉ်က ပြင်သစ်အစားအစာတွေ၊ ဟင်းလျာတွေကို မြည်းခွင့်၊ စားခွင့်ရခဲ့ပါသည်။ ဟင်းအမယ်ပေါင်းထောင်သောင်းထဲက လေးငါးမျိုးလောက်ပဲ ရှိပါလိမ့်မည်။ ကျွန်တော် မကြိုက်လှ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ခံတွင်း မလိုက်ပါ။ ဘဲရင်အုပ်ကင်၊ နွားကလေးသား၊ ငါးဝမ်းပျဉ်းသား၊ ချော့ကလက်၊ ပန်းသီး၊ နမ်းပေါင်မုန့်၊ ဝိုင်တစ်ပုလင်း၊ အအေးခံယုန်သား၊ ခရမ်းချဉ်သီးစွတ်ပြုတ်အေး၊ သိုးသားနှင့် သံပရာသီး၊ ဒါတွေနဲ့ ပြီးခဲ့ရသည်။ နော်မန်ဒီမှာတော့ ပင်လယ်စာကောင်းကောင်းရသည်။ ဒါပေမယ့် အဖေ့မြစ်ငါး အိုးကပ်ချက်ကို မမီ။

'ပြင်သစ်အစားအစာတွေမှာ ကပ်နိုင်တာ၊ ကြိတ်တာ၊ ခူးတာ၊ ခေါက်မွှေတာ၊ ခပ်တာ၊ ခုတ်တာ၊ တူးချစ်အောင်လုပ်တာ၊ ခြစ်တာ၊ နွှာတာ၊ ငုံ့တာ၊ ချွေတာ၊ စဉ်းတာ၊ ဖွဲ့တာ၊ ဆိတ်တာ၊ စိမ်တာ၊ အရည်ဆမ်းတာ၊ ညှစ်တာ၊ ဆန့်ခါစစ်တာ၊ တံစို့သီတာ၊ ဌာပနာတာ၊ ထိုးတာ၊ ထောင်းတာ၊ အရိုးထွင်တာ၊ ဓားပြားရိုက်တာ၊ နယ်တာ၊ လောတာ၊ နွှေးတာ၊ နန်းလိုးတာ၊ ပိုးတီလိုးတာ၊ ညှော်တာ၊ ခလောက်တာ၊ ပျစ်တာ၊ ပွက်တာ၊ မျှင်တာ၊ ဖြူးတာ၊ မွှန်းတာ၊ လှီးတာ၊ လွှာတာ၊ သင်တာ၊ သဲ့တာ၊ သိပ်တာ၊ ဟင်းအိုးပြင်တာ အို အများကြီး ပါပဲ။ သူ့ကိရိယာနဲ့သူ ရှိတယ်။ သူ့ပန်းကန်ခွက်ယောက်နဲ့သူ ရှိတယ်၊ သူ့ချက်ပြုတ်ပုံနဲ့ သူမှတ်ပုံတင်ထားတယ်။ အဖိုနဲ့ အမရယ်လို့တောင်ရှိတယ်'

ပြင်သစ်နိုင်ငံ လီယွန်မြို့ကို အစားအသောက်ကောင်းပေါသည့်မြို့ (The Gastronomic Capital of France) လို့ပင် ခေါ်ကြသေးသည်။ အခြေခံ အချက် အပြုတ်များဖြစ်သည့် ကင်ခြင်း၊ ကျိုခြင်း၊ ကျပ်တင်ခြင်း၊ ကြော်ခြင်း၊ ကြော်ချက် ချက်ခြင်း၊ ကြော်နှပ်နှပ်ခြင်း၊ ချက်ခြင်း၊ ဆီပူထိုးထည့်ခြင်း၊ တံစို့ကင်ခြင်း၊ ပြုတ်ခြင်း၊ နှပ်ခြင်း၊ ပြုတ်ဖျောဖျောခြင်း၊ ပေါင်းခြင်း စသည်တို့၌ ဒီပလိုမာများရှိကြသည်ဟု ဆို၏။ စားပွဲပေါ်က လက်သုတ်ပဝါခေါက်တာက အစ၊ ပန်းကန်ထဲမှာ စားချင့်စဖွယ် ဖြစ်အောင် ဒီဖိုင်းဖော်ခြင်းအလယ်၊ စားပွဲထိုးခြင်းအဆုံး စားမြိန်စာယဉ်ကျေးမှုကို မီးဖိုချောင်အချုပ်အခြာအာဏာ ခေါ်နေကြပြီ။ အီတလီချန်နယ်က လွှင့်ထုတ်နေသည့် မီးဖိုနီနှင့် မီးဖိုစိမ်းအချက်အပြုတ်ပြိုင်ပွဲများတွင် သုံးသည့် မီးဖိုချောင်သုံး ပစ္စည်းကိရိယာများကိုပင် ကုန်စင်အောင် သိဖို့မလွယ်။ အချက်အပြုတ် ဝေါဟာရ (Culinary idioms) တွေကို နားလည်နိုင်ဖို့ပင် ခက်နေရသည်။

တစ်ခါတရံ ညှိခံပွဲများကို ရောက်ရသည့်အတွက် တရုတ်အစားအစာ၊ ဥရောပအစားအစာများကို စားရသော်လည်း ကျွန်တော်တို့အိမ်မှာတော့ ကျွန်တော်မှတ်မိသလောက် ဟင်းလေးငါးဆယ်မျိုးလောက်ကို ထည့်လဲနှင့် စားရခြင်းသာ ရှိသည်။ သည်အတွက် ကျွန်တော့်မှာ အာလယမပြေခြင်း၊ ချင်ခြင်း မပြေခြင်း မရှိ။ ထင်းမီးခိုး တလူလူ၊ ဒယ်အိုးဆီဝဉစ်မည်းမည်း၊ လက်နှီးစ





ပေပေ၊ ငရုတ်ဆုံရည်လောင်း၊ လက်ဆေးရေလောင်း၊ တဗျစ်ဗျစ်မြည်အောင် အကျက်ချက်ရသည့် ရိုးရာဟင်းများကိုသာ ကျွန်တော်ကြိုက်ပါသည်။ အဖေတို့ အမေတို့ သုံးခဲ့သည့် အသွားခွက်ဝင်နေပြီဖြစ်သည့် မီးဖိုချောင်ဓားတစ်ချောင်း၊ ဗထက်ချိုင့် (၁) ပုံ ပေါက်နေပြီဖြစ်သည့် မွှေဖွန်းတစ်ချောင်း၊ မန်ကျည်းသား စဉ့်တီတုံးတစ်တုံးကို ကျွန်တော်တို့ သုံးနေကြဆဲဖြစ်ပါသည်။ တစ်ခါတလေ အဖေတို့ အမေတို့ကို လွမ်းလျှင် ငါးအိုးကပ်နှင့် ခရမ်းချဉ်သီးအူစီပေါင်းချက် ချက်စားကြသည်လည်း ရှိသည်။ သည်ဟင်းနှစ်မျိုးကတော့ ကျွန်တော်တို့အိမ်၏ ကဗျာဖြစ်နေတာ ကြာပြီ။

*Idea* ၂၀၀၅၊ စက်တင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

## မြစ်နိုင်ငံရေးမွေးဖွားခြင်း

သည်နေရာမှာတော့ မြစ်သည် မြို့တွေ ရွာတွေကို မဖြတ်ရသေးပါ။ လယ်တော၊ ယာတော၊ ကျူတော၊ ကိုင်းတော၊ ကြံတော၊ ပြောင်းတော၊ ရိုးပြတ်တော၊ မြက်ခြောက်တော၊ သစ်တော၊ ဝါးတောတွေကိုလည်း မကျော်ရသေးပါ။ စိမ်းလန်းသော မြစ်ကမ်းပါးများ၊ ဟသ်ပဒါးရောင် မြစ်ကမ်းပါးများကိုလည်း လက်ရောက်ရောဝင်မရှိ။ မြစ်၏ အစသည် ပကတိအပျိုစင်ဖြစ်သည်။ မြစ်၏ အဆင်တန်ဆာအဖြစ် လကြေးရောင်တောက်တောက်သောင်ပြင်နှင့် ဆေးကြိတ်ကျောက်လုံးမွတ်မွတ်တွေသာရှိသည်။ မွေးကင်းစ မြစ်သည် ‘တောပင်စိမ်းရောင်’ လည်ဆံမွေးတွေ ဖောင်းထနေသည့် မြင်းတစ်ကောင်လို တရှူရှူပြေးတော့မည့်ပုံဖြင့် စာမရီသို့ ထူးမခြားဟန်ရှိနေလေသည်။ ဆီးဖြူ၊ ကြခု၊ သစ်ဆိမ့် ဟူသော ‘တြိဖလ’ ကဲ့သို့ ဤနေရာ၌ မြစ်သုံးစင်းသည် ထိပ်ဆိုင်လျက်ရှိ၏။ ဝေးလံသော အရပ်မှ ကိုယ့်ခရီးကိုယ်နှင်လာခဲ့သည့် မြစ်နှစ်စင်းက ကွေ့တစ်ကွေ့မှာ အမှတ်မထင်တွေ့ကြုံခဲ့ရှိသော်လည်း အလန့်အဖျပ်မရှိ၊ ပါပဓာတ်မှ ကင်းပသော လမင်းကဲ့သို့ အေးမြသော မေတ္တာဖြင့် အချင်းချင်း အညီအညွတ်ရှိရာမှ အသစ်ဖြစ်သော မွေးဖွားခြင်းကို ပြုသည်။ မြစ်တစ်စင်းမွေးဖွားခြင်း၊ ဂင်္ဂါရေနှင့် ယမုန်နာရေတို့ မကွဲမပြား တစ်သားတည်းရောနှောပေါင်းစပ် ‘သံသဋ္ဌ’ ပြုကြသကဲ့သို့ ပါရမီဖြည့်တတ်ကြသည့်နေရာလည်းဖြစ်သည်။ ထိုအခါ အသစ်ရှင်သန်လာသော မြစ်သည် ‘ဤနေရာမှ အစပြု၍ ငါကား သူတော်ကောင်းတို့၊ ကျင့်ကောင်းစွာလှ၊ နိကွမဟု၊ ကိစ္စလွယ်မြတ်၊ အကျင့်ဝတ်ကို ဆောင်တော့အံ့’ ဟူသော ထွက်မြောက်ခြင်းဖြင့် လှမ်းတော့မည့်ဟန်ရှိ၏။ မြစ်သည် ဥကာဖွားရသော အဏ္ဍဇလည်း မဟုတ်၊ ဝမ်းရေကြည်က သက်ရသော ‘ဇလာဗုဇ’





လည်း မမည်။ အညှိက စွဲ၍ ဖြစ်သော သံသေဒဇလည်း မရောက်။ ဥပပါတ်မည်သော ကိုယ်ထင်ရှားရှိသည့် ‘သြပပတ္တိ’ ပဋိသန္ဓေအသွင်ဖြင့် တောင်အရပ်ပင်လယ်ဆီသို့ ဤနေရာမှ စတင် စီးဆင်းလေသည်။ မြစ်နှင့်တောင်တန်းသည် စိတြဂိဝါ ခိုပြာရောင်အဆင်းဖြင့် လှချင်တိုင်း လှနေသည်။ ဤသို့ဖြင့် ဧရာဝတီတို့တည်ရာ မြေယာကောင်းပမာ တောကောင်းမြိုင်စွန်ကြားက စီးဆင်းလာခဲ့၏။

သည်မှလွန်လျှင် မြစ်ကမ်းရွှာဆိပ်၊ တောရိပ်စေးပျစ်၊ သစ်ကောင်းတောစိုး ကုန်းမိုးရဝေ၊ သောင်ခြေသဲစ၊ ကိုင်းမကျူတော၊ အမောတကော ရှိရတော့မည်။ မြစ်ရိုးတစ်လျှောက် ဘဝထိုထို လူထိုထိုတို့ ဘဝကိန်းချေရှိကြတော့မည်။ စီးဝင်လာသော ချောင်းရိုးမြစ်ရိုးမှန်သမျှ ပိုက်ပွေ့က ခရီးနှင်တော့မည်။ စီပွားလိုမှု၊ ကောင်းချီးဆုဟု၊ အနုမောဒနာ၊ ပြုလိုဌာဖြင့် လယ်ခင်းကိုင်းခင်းတို့ စိမ်းမြစေတော့သည်။ သာသနာသိုက်ဓာတ်ကိန်းခန်း၌ လာသည့် ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ မန္တလေး၊ တကောင်း၊ ကောင်းတုံ၊ ကောင်းစဉ်၊ ငဆောင်ချမ်း၊ သာသနာတော်အစဉ်လိုက်ရောက်ရမည့်ကိုးဌာနသည်ပင် သည်မြစ်နှင့် ဓာတ်ဖက်ကျခဲ့သည် မဟုတ်လော။

အတန်ငယ်မြင့်သော မြစ်ကမ်းပါးထိပ်မှ ဧရာဝတီမွေးကင်းစကို ကျွန်တော် မြင်နေရသည်။ လကြေးရောင် သဲမှုန်တွေက မနက်ခင်း နေခြည်အလက်မှာ ပြိုးပြက်နေလေသည်။ ဆေးကြိတ်ကျောက်လုံးတွေက ရေစပ်သောင်ခုံတစ်လျှောက် ဥသျှစ်သီးတွေလို တပြင်တပြန့်ရှိနေသည်။ မြစ်အရှေ့ဘက်ကမ်းတောင်တန်းညို့ညို့ကြီးတွေက မြစ်တစ်စင်း မွေးဖွားရာ မီးလင်းဆောင်ကို စောင့်နေကြသည့် သူရဲကောင်းတွေလို အစောင့်အနေထွထပ်လှသည်။ ကျွန်တော်ထိုင်နေသည့် မတ်စောက်စောက် မြစ်ကမ်းပါးပေါ်မှာတော့ ကချင်ရိုးရာ စားသောက်ဆိုင်ကလေးတွေ စီစီရီရီရှိသည်။ ဦးသန်းဆွေ (ဥတ္တရလမင်း)၊ ဆရာခင်မောင်စိုး (ကျောက်ဆည်) နှင့် ကျွန်တော်တို့ သုံးဦးက ဖျာတစ်ချပ်ခင်းကာ မြစ်၏ ကျက်သရေကို ငေးကြလေ၏။

‘ဒါက ငအုံး (ငါးအုံး) ဗျ။ တောချဉ်ပေါင်ရယ်၊ သစ်ချထူးရယ်၊ ကြက်သွန်ဖြူရယ်၊ ကချင်ရေတ်ကောင်းရယ် ရောချက်ထားတာလေ။ တောင်ယာပင်စိမ်းရယ်၊ ငရုတ်စိမ်းရယ်၊ ချင်းရယ်၊ ဖက်ဖယ်ရွက်လည်း ပါတယ်။ ကချင်ရိုးရာ ငါးချက်ပေါ့’

ကချင်ဟင်းစပ်တွေကို ကျွန်တော် ခံတွင်းတွေ့ပါသည်။ စပလင် (စပါးလင်)၊ မက်လင်ချဉ်၊ ဒူရီချဉ်၊ ဆီတို့ဟူ၊ ခရမ်းချဉ်သီးနိုင်းချင်းမှာ ကချင်ငရုတ်ကောင်းမွှေးမွှေးခတ်ထားသည့် ကျောက်ခရုဟင်းကလည်း ကောင်းလှပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆီအစပ်နည်းသည့် ကချင်ဟင်းမယ်တွေက သဘာဝအနံ့အရသာ မပျက်တာ သတိထားမိပါသည်။

မြစ်ချိုင့်ထဲမှာတော့ သံဝမ်းပြား စက်တပ်မော်တော်ကြီးတစ်စင်း ဆန်တက်နေသည်။ စက်သံက တောင်တန်းတွေကို ရိုက်ခတ်ကာ မြစ်ကမ်းပါး ဘက်က တက်လာသည်။ အထက်ဘက်မှာ ရွှေကျင်သည့် မော်တော်ကြီးတွေ အတော်များများရှိသည်ဟု ဆိုသည်။ ရပ်ထားသည့် ပဲ့ထောင်လှေကလေးနှစ်စင်း ပေါ်မှာ ရှမ်းခမောက်ဆောင်း အလုပ်သမတို့ရှိနေ၏။ အဝေးမြို့ကလာကြသူ တွေက မြစ်ကျောက် လုံးချောတွေကို အမှတ်တရ ကောက်ကြလေသည်။

'သည်မြစ်ကို နမ်ကျောင်တွေက လုပေခေါ်ကြပြီး မောရှမ်းတွေက နမ့်ကျိုလို့ ခေါ်ကြတယ်၊ နမ့်ကျိုဆိုတာ ကျောက်မျက်ရတနာမြစ်လို့ အဓိပ္ပာယ် ရတယ်လို့ ကြားဖူးတယ်။ ဗမာတွေကတော့ မြစ်မှာ ဧရာပတ္တနဂါးမင်းရှိတယ်လို့ ယုံကြည်ကြတယ်။ သသ်ကရိုက်ဘာသာနဲ့တော့ အေးမြစိမ်းလန်းတဲ့မြစ်တဲ့။ ဟင်ဒီတွေကတော့ အိုင်းရားဗသီး (airavati) လို့ အသံထွက်ကြတယ်။ ဆင်မြစ် ဆိုတဲ့ သဘောပဲ။ တရုတ်ထန်မင်းဆက်လာကျမ်းတွေမှာတော့ ထူလော်ကျူး ကျိုးပန်းလို့ မှတ်တမ်းတင်ကြတယ်။ ပျူမြစ်နိုင်ငံပေါ့။ မွန်တွေကလည်း ရှေးက တိရ်ရုလ်မြစ် (ပျူမြစ်) လို့ ခေါ်ခဲ့ကြတယ်'

ဒေသခံတွေကို ချစ်သောစိတ်ဖြင့် ကျွန်တော်ပြောနေမိခြင်းဖြစ်သည်။ လုစ်က ဟသံပဒါးမြစ်လို့ အနက်ဖော်တာကို နောင်းပညာရှင်များက ငြင်းပယ် သည်လည်းရှိသည်။ မည်သို့ပင်ဖြစ်စေ မြစ်တစ်စင်း၏ မွေးဖွားခြင်းကို မျက်မြင် ကိုယ်ရောက် မမြင်ဖူးသော ကျွန်တော့်အဖို့ ခံစားစရာတွေချည်း ဖြစ်နေသည်။ သည်နေရာမှာတော့ မေခနှင့် မလိခသည် ကျောင်းပထဝီဝင်စာအုပ်ထဲက မျဉ်း ကြောင်းကွေးကွေးကလေးတွေ မဟုတ်တော့။ လှပသော ဘယက်လည်မှ ဒွါဒရာ ခါးစည်း ကြိုးနှစ်သွယ်ဖြစ်နေပြီ။ မြစ်နှစ်စင်းဆုံကာ မြစ်မတစ်စင်း ဖြစ်လာ သည့်နေရာကို 'မနသီဟ' လို့ ကျွန်တော် မြင်နေရသည်။

'မြစ်ကြီးနားကနေ ၂၈ မိုင် ဝေးတယ်။ တန်ဖဲ့ရွာကနေအတွင်းကို တစ်မိုင်လောက် ဝင်ရတယ်။ အရှေ့ဘက်က မေခမြစ်၊ အနောက်ဘက်က မလိခမြစ်၊ မြစ်နှစ်မြစ်စလုံး မြောက်ဖျားစွန်းရေခဲတောင်တွေဆီကနေ ရေခဲမြစ် အသွင်နှင့် စီးဆင်းလာကြတာပါပဲ။ မေခမြစ်ကနေ ချောင်းဖျားကနေ သည်အထိ မိုင် ၂၂၀ လောက်ရှည်မယ်။ မလိခက မိုင် ၁၅၀ လောက်ရှိမယ်'

ဆရာခင်မောင်စိုး (ကျောက်ဆည်) က ကျွန်တော့်ကို ပြောပြသည်။ မေခမြစ်နှင့် ဘေးချည်းယှဉ်လျက် ရှန်ငေါတောင်တန်းကြီးရှိနေကာ သည်မြစ်နှင့်





မလှမ်းမကမ်းမှာ ချီဖွေ၊ လောခေါင်၊ ဆော့လော်၊ မန်ကျီ၊ ပရဲ၊ လကင်၊ ဇီဇော၊ ခေါင်လန်ဖူးမြို့ ကျေးရွာတွေရှိသည်။ သည်မြစ်၏ ချောင်းဖျားက ပန်နန်းဒင်၊ ဂရိုင်၊ တဖွန်ဒမ်၊ ဂူဘားအဲထိ ရောက်နိုင်သည်။ ကျွန်တော့်စိတ်ကူးမှန်းဆချက် သာဖြစ်လျှင်တော့ ဒီဖူးတောင်ကြားလမ်းနှင့် မဝေးတော့ပြီ။ မြောက်စူးစူး ချောင်း ဖျား။ မေခမြစ်ကို လမ်းခရီးတစ်လျှောက် အဒံ့ဝမ်၊ ရမေထိ၊ နန်းတမိုင်၊ လောင်မြစ် မြစ်၊ အယန်မိုင်ခ စသည်ဖြင့် ခေါ်ကြသည်လည်းရှိ၏။ မလိခမြစ်ကတော့ ပလာခူး ခုံနော်အရပ်မှာ ချောင်းဖျားခံကာ နမ့်တီယူမြစ်၊ ဆီယူမြစ်စသည့် အမည်များ ဖြင့် မြစ်ဆုံကို ရောက်လာခြင်းဖြစ်သည်။ သည်မြစ်ဖျားကလည်း မချမ်းဘောကို လွန်ကာ နမ့်ခမ်းအထိရောက်ကောင်း ရောက်နိုင်သည်။ မြစ်နှစ်မဆုံမိရာမှ ဖြစ်တည်လာသော ဧရာဝတီသည် မြစ်ကြီးနားမှ ဗန်းမော်အထိ စီးဆင်းလာရာက ဗန်းမော်မှ ကသာခရိုင် မိုးတားအထိ ပစောက်ပုံ ပြေပြေကလေး ခွက်ဝင်နေ သလို ဖြစ်နေကာ မြစ်သည်ပင် အရှေ့မှအနောက်သို့ စီးဆင်းနေသည်။ မိုးကောင်း ချောင်းက တာဟိုနားအနီးမှာ ဧရာဝတီမြစ်ထဲ စီးဝင်သည်။ တာပိန်မြစ်က ဗန်းမော်မြို့ အထက်နားမှာ ဧရာဝတီထဲ စီးဝင်သည်၊ အရှေ့အရပ်မှ စီးဆင်းလာသော ရွှေလီမြစ်က ကသာခရိုင်အင်းရွာအနီးမှာ ဧရာဝတီထဲ စီးဝင်သည်။

'ကျွန်တော်တို့ဒေသက နှင်းဖုံးတောင်တွေရှိတယ်။ သဘာဝသစ်တော ကြီးတွေရှိတယ်၊ တောင်ထူထပ်တယ်၊ မြစ်ချောင်းလွင်ပြင်တွေနဲ့နီးတဲ့နေရာတွေမှာ လွင်ပြင်တွေ ရှိတတ်ပါတယ်။ ဟူးကောင်းနယ်နဲ့ တနိုင်းမြစ်ဝှမ်း၊ ပူတာအိုနယ် မြစ်တဲ့ မလိခမြစ်ဝှမ်း၊ နောက် မြစ်ကြီးနားနဲ့ ဗန်းမော်ပြန့်၊ မိုးကောင်းလွင်ပြင် ကောက်ကွေ့ချောင်းလွင်ပြင်တွေပေါ့'

ဥတ္တရလမင်း ဦးသန်းဆွေက ဒေသပထဝီဝင်ကို စိတ်ဝင်စားသူဖြစ် သည်။ 'ကျော်၍သာ မမြင်ရသော်လည်း၊ မျှော်၍သာ အထင်ဖြင့်လှခဲ့ပေ့' လို့ ဆရာဇော်ဂျီ ဖွဲ့သလိုပါပဲ။ ရှေးအခါက အင်လောင်ဝမက်မ် နတ်မင်းကြီးက လက် ယာလက်က ရွှေခွက်၊ လက်ဝဲလက်က ငွေခွက်ကို ကိုင်ကာ မဟာသမုဒ္ဒရာမှ ရေကိုခပ်သည်။ မြောက်ဖျားစွန်းတောင်ထွတ်များအပေါ် ရွှေခွက်မှရေကို လောင်းလိုက်သည့်အခါ မေခမြစ်ဖြစ်လာ၍ ငွေခွက်ဖြင့် လောင်းသည့်အခါ မလိခ မြစ် ဖြစ်လာသည်ဆိုသော ဆွတ်ပျံ့ဖွယ် ဒဏ္ဍာရီကိုလည်း ကြားခဲ့ရသည်။ မဟာသမုဒ္ဒရာသွန်းလောင်းရေမှ စီးဆင်းလာသော ဧရာဝတီသည် ရေမှုတ်ရိုး လိုစီးလာရာက ရေမှုတ်ခွက်နှင့်တူသော ဧရာဝတီမြစ်ဝကျွန်းပေါ် လွင်ပြင်ကျယ် ကို ဖြတ်ရသေးသည်။ ဟသ်ာတမြို့အထက် မိုင် ၆၀ လောက်ကစသော မြစ်ဝ ကျွန်းပေါ် ခုံအကွေ့သည် မုတ္တမပင်လယ်ကွေ့မှ မိုင် ၂၀၀ လောက် ရှိအုံ့ထင်သည်။

www.burmeseclassic.com



မြစ်ဝကျွန်းပေါ်ဒေသကို ပဲခူးရိုးမ၊ ရခိုင်ရိုးမတို့က ကျင်းခတ်ထားကာ အနောက်များမှာ ပုသိမ်မြစ်၊ အရှေ့ဖျားမှာ ရန်ကုန်မြစ်တွေက ပတ်ဖွဲ့ထားသည်။ ဧရာဝတီ သည် တောင်ဘက်ပင်လယ်ဆီသို့ ရောက်ဖို့ ခရီးမိုင်ပေါင်း ၁၃၀၀ ကျော်ကို ကျော်ဖြတ်ခဲ့ရသည်။ မြစ်ကျဉ်းတွေကို ကျော်ခဲ့ရသည်။ ဆင်ဘိုမြစ်ကျဉ်း၊ စင်းကန်းမြစ်ကျဉ်း၊ သပိတ်ကျဉ်းမြစ်ကျဉ်း။

'ထိုမြစ်ကြီး·ဘစ်လျှောက်၌ တကောင်း၊ သရေခေတ္တရာ၊ ပုဂံမြင်စိုင်း၊ စစ်ကိုင်း၊ အင်းဝစသော မြန်မာ့သမိုင်းကြီးပေါ်ထွန်းလျက်၊ မြန်မာ့ယဉ်ကျေးမှုကြီးထွန်းကားခဲ့သည်။ အကယ်၍ ဧရာဝတီမြစ်ကြီးသာ မရှိပါမူကား၊ မြန်မာလူမျိုး မြန်မာ့သမိုင်း၊ မြန်မာ့ယဉ်ကျေးမှုများဖြစ်ပေါ်ပြန့်ကားနိုင်မည် မဟုတ်ချေ။ စင်စစ်ဆိုသော် မြန်မာ့သမိုင်း။ မြန်မာ့ယဉ်ကျေးမှုဆိုသည်မှာ ဧရာဝတီသမိုင်း၊ ဧရာဝတီယဉ်ကျေးမှုပင်ဖြစ်လေသည်'

ဆရာဖေမြင့်၏ 'စာတိုပေစ' ထဲက မှတ်ချက်ဖြစ်သည်။

ချောက်ကမ်းပါးစောက်က ဆင်းလာခဲ့သည်။ ဆေးကြိတ်ကျောက်လုံး ရင်ပြင်ကျယ်ကို ဖြတ်ခဲ့သည်။ မေခနှင့် မလိခမြစ်နှစ်မြစ်ကို ကောင်းကောင်း မြင်ရသောနေရာကို ရွေးချယ်ကာ ဧရာဝတီနှင့် အနီးဆုံးနေရာမှာ ကျွန်တော်ရပ်နေမိသည်။ မြစ်ရေက ကြည်လင်လွန်းသည်။ ရေအောက်က ကျောက်ခဲတွေကို မြင်နေရသည်။ ရေကို လက်ခုပ်နှင့် ခပ်ကာ မျက်နှာသစ်လိုက်တော့ သမိုင်းနှင့် ယဉ်ကျေးမှုသည် ကျွန်တော့်မျက်နှာပေါ်မှာ ရွှဲစိုသွားလေသည်။ ရှုဘီကွန် ချောင်းသေးသေးကလေးဆီကို ဆီဇာဘုရင် ကူးဖြတ်ခဲ့ခြင်းကို· သမိုင်း အဖြစ် မှတ်တမ်းတင်ခဲ့ကြသော်လည်း မြစ်ဆုံမှာ ရပ်နေသည့် ကျွန်တော့်အဖို့ သမိုင်းဖြစ်လာစရာ အကြောင်းမရှိ။ မြစ်သည် စိတ်ပြဋ္ဌာန်းမှုဖြင့် စီးဆင်းနေခြင်း မဟုတ်။ အကြောင်းတရားပြဋ္ဌာန်းမှုဖြင့် စီးဆင်းနေခြင်းဖြစ်သည်။ သည်နေရာမှာတော့ ဧရာဝတီသည် 'ရေ' အဖြစ် မွေးဖွားလာခြင်းမဟုတ်။ 'မြစ်၏ နိုင်ငံရေး' အဖြစ် မွေးဖွားလာခြင်း ဖြစ်သည်။

*Idea* ၂၀၀၆၊ ဧပြီလ

# မိုးတိမ်များ

'တိမ်ပွေပွေလေအရှေ့မှာ
မြောက်မြေဆီအောက် ခြေရွှေ့ပြန်တော့
သည်မေ့သခင်ကိုဖြင့်
တမြင့်မြင့် မြင်ယောင် မှန်းနေလို့
ခင်းသာရင် ရွာစဉ်တန်းကိုဖြင့်
လှမ်းလိုက်ပါ့တိမ်ပြာရယ်လို့'

(ကြည်အေး၊ မိုးတိမ်ကိုမှာ ကဗျာ)

ချစ်သူတွေက မိုးတိမ်တွေကို ခရီးသွားလမ်းကြိုလို့ အမှာစကားပါးတတ်ကြသည်။ ချစ်သူတိုင်း၏ အမှာထုပ်ကို ထမ်းပိုးရသဖြင့် မိုးတိမ်တွေကို မြင်ရတိုင်း လေးလေးပိပိဖြစ်နေကြတာလား ကျွန်တော် တွေးမိတတ်ပါသည်။ တစ်ဆက်တည်း ကျွန်တော် သတိရမိတတ်သော မဟာကဗျာကြီးမှာ ကာလိဒါသ၏ 'မေဃဒူတ' တိမ်စေကဗျာကြီးဖြစ်သည်။ ကေလာသတောင်ထိပ်ရှိ အလကားမည်သော နတ်ဘီလူးတို့၏ တိုင်းပြည်တွင် ကုဝေရနတ်ဘီလူးအုပ်ချုပ်သည်။ ထိုမင်း၏ အမှုထမ်းနတ်ဘီလူးငယ်က ကြင်စဦး နတ်ဘီလူးမနှင့် ပျော်ပါးသဖြင့် အမှုထမ်း လစ်ဟင်းရသည်။ ထိုအခါ ကုဝေရနတ်ဘီလူးအမျက်ထွက်သဖြင့် ရာမဂီရိ တောင်တန်း ·ာစ်နှစ်တိတိနေထိုင်ရန် နယ်နှင်ဒဏ်ပေးလေသည်။ နေပြည်တော်နှင့် ဝေးလွန်းလှသည့် ရာမဂီရိနှင့် ချစ်သူကို ထားခဲ့ရမည့် အလကားကား· ယူဇနာ များစွာဝေးလွန်းသည်။ ရာမဂီရိတောင်တန်းမှ အလကားမြို့သို့ ခရီးနှင်အံ့သော

www.burmeseclassic.com



မိုးတိမ်တို့ကို စေတမန်ပြု၍ ချစ်သူကို ပြောလိုက်ပါဘိ မိုးတိမ်ကို စေရတော့သည်။ ဝါခေါင်လ၏ နိုးထလွင့်ပါးစမိုးတိမ်တို့ကို မျက်ရည်ဖြင့် အမှာကမ်းရသော မဟာကဗျာကို ကာလိဒါသက နှစ်ပိုင်းခွဲရေးသည်။ တစ်ပိုင်းက ပုဗ္ဗမေဃ ဖြစ်၍ ဒုတိယပိုင်းက ဥတ္တရမေဃဖြစ်သည်။

'အို မိုးတိမ် သင်သည်ကား လောကတွင် ထင်ရှားသည့် 'ပေါက္ခရ'နှင့် 'အာဝတ္တက' အမည်ရှိသောမိုးတိမ်တို့၏ အမျိုးအနွယ်လည်းဖြစ်ပါသည်။ သိကြားမင်း၏ အရေးပါအရာရောက်သော သံတမန်ကြီးလည်းဖြစ်ပါသည်။ အလိုရှိတိုင်း မိမိကိုယ်ကို ဖန်ဆန်းနိုင်သူလည်းဖြစ်ပါ၏။ ထို့ကြောင့် ချစ်သူနှင့် ကွဲနေရသော ငါသည် သင့်ထံမှာ တောင်းပန်နေရခြင်းဖြစ်ပါသည်။ (အမှန်တရားကိုပိုင်ဆိုင်သည့် ဂုဏ်ရှိသော) ဂုဏ်ကြီးရှင်တို့ထံမှာ တောင်းပန်ရခြင်းသည် အကျိုးမပြီးသည့်တိုင် သူယုတ်မာတို့ထံမှ လိုရာအကျိုးကို ရသည်ထက် မြတ်ပါသေးသည်'

ကာလိဒါသ၏ 'မေဃဒူတ' နှင့် ကြည်အေး၏ 'မိုးတိမ်ကိုမှာ' သည် အတူတူပင်ဖြစ်သည်။ အလကာနေပြည်တော်ကို ရာမဂီရိတောင်တန်းမှ မိုးတိမ်ကို အမှာဆင့်ခြင်းသည်ပင် 'ခင်သာရင် ရွာစဉ်တန်းကိုဖြင့် လှမ်းလိုက်ပ့ါ တိမ်ပြာရယ်' နှင့် ခံစားမှုချင်း မယိုးမစွ ရှိလိမ့်မည်။

တိမ်ဦးလေပြည် လွမ်းဖွယ်ကို စေကြတာချင်းတူကြသည်ကော။ မဟာဂီတမှာလည်း သည်လိုအဖွဲ့တွေရှိသည်။ 'တိမ်လေတိမ်များဆီက အားလေလေကုန်ခွဲကာ ရည်မှန်းလို့ ပြည်နန်းသို့ ဝေးလေ့ဝေးလို့ကွာ' ဟု ကောင်းကင်ကြိုးမှာဖွဲ့သည်။ ကိန္နရာချောင်းခြားပတ်ပျိုးတွေမှာတော့ မိုးတိမ်တွေ မပါမဖြစ်ဖွဲ့ပါသည်။ 'သိုက်အောင်းသာသည့်ချိန်၊ တိမ်ဆိုင်းလဲ့လဲ့ငယ်မှိန်' လို့ဖွဲ့သည်။ 'အညိုမှာပြုံဟန်လုချည့်' ဟု ဖွဲ့သည်။ 'လေနှင့် ဝိုင်းပါလို့ ထောင့်တိုင်းငယ်က မှန်လို့ပြာ၊ သေလာကျော့တစ်ခင်း' ဟု ဖွဲ့သည်။ 'မြပန်းကိုက်ရုံ၊ စိုးရိမ္မန်၊ တိမ်ပုံဆင်စ' လို့ဖွဲ့သည်။ 'မှောင်မှောင်သာ မိုက်ပါလို့၊ ပိန်းပိုက်ကာရွာ၊ တိမ်ညိုကျော့ငယ်ဟာ ပန်းပျော့ပျော့ဝိ' တာကို ဖွဲ့သည်။ 'မြမြမောင်းမောင်း၊ ပြာအညိုရွှေတိမ်ခြေ ငွေနှင်းပေါင်း' တာကို ဖွဲ့သည်။

မိုးတိမ်တွေကို ကျွန်တော် ငယ်ငယ်ကတည်းက ချစ်သည်။ ညဦးရောက်လျှင် အိမ်ရှေ့က ကွပ်ပျစ်နွေးနွေးပေါ်မှာ လှဲကြရင်း အမေနှင့် ကျွန်တော် ကောင်းကင်ကို ငေးတတ်ကြပါသည်။ ကောင်းကင်၊ ကြယ်များနှင့် မိုးတိမ်များဆီ ညတိုင်းလိုလို အမေနှင့် ကျွန်တော် အလည်ရောက်တတ်သည်။ လသာသည့် ညများဆိုလျှင် တိမ်မည်းမျှင်စတွေက ကျောက်ဂွမ်းစတွေနှင့် တူသည်။ လမင်းကို





လုစ်လိုက်၊ ဖော်လိုက်။ အမေက လမင်းကို ရန်ပြုသူတွေထဲမှာ ဆီးနှင်း၊ မြူတိမ်၊ သူရိန်နှင့် 'မီးခိုးတို့ပါကြောင်း ရှင်းပြသည်။ ကျွန်တော်ချစ်သော မိုးတိမ်တွေက လမင်း၏ ရန်သူစာရင်းထဲမှာ ပါနေသည်အမေဆိုနေပါပကော။ ကျွန်တော့် စိတ်က မယုံချင်သော်လည်း အမေကပြောသဖြင့် ယုံလိုက်ပါသည်။

'ကဲကွယ် မိုးတိမ်တွေက ဘာနဲ့တူသလဲ ပြောစမ်း'

'ကဆုန်စိုင်းပြေးနေတဲ့ မြင်းတွေနဲ့ တူတယ်'

'ဟုတ်ပြီ နောက်ပြီးတော့ကော'

'လှောင်အိမ်ကို ပုတ်နေတဲ့ ခြင်္သေ့ကြီးတွေနဲ့ တူတယ်'

'နောက်တော့ကော'

'စားကျက်ထဲက သိုးအုပ်ကြီးနဲ့ တူတယ်'

'လှလိုက်တာကွယ် စဉ်းစားစမ်းပါဦး၊ ဘာနဲ့ တူသေးသလဲလို့'

'မုန်းချောင်း ရေကြီးတာနဲ့ တူတယ်'

'ဟုတ်ပြီ နောက်'

'ဦးလေးသင်း ဆံပင်ညှပ်ဆိုင်က ဆံပင်ထည့်တဲ့တောင်းနဲ့တူတယ်'

သည်တစ်ခါတော့ အမေရယ်သည်။ မိုးတိမ်တွေဟာ ဘာနဲ့တူသလဲလို့ အမေ့ကို ကျွန်တော်မေးတော့ ချက်ချင်းမဖြေပါ။ ကောင်းကင်ကို ငေးနေသည်။ လရောင်က မှိန်ချည် လင်းချည်။ တိမ်တွေက ဒရောသောပါး။ ကျွန်တော်က အမေ မဖြေနိုင်ဘူးထင်ပါရဲ့ဟု တွေးနေမိချိန်မှ အမေက တိုးတိုးကလေး ဖြေသည်။

'လွတ်လပ်ရေးရခါစက တို့ရွာကလေးနဲ့ တူတယ်'

ကျွန်တော် နားမလည်ပါ။ သို့သော် အမေက ပြောတာဆိုတော့ ကျွန်တော် ယုံပါသည်။ အခုတော့ အမေမရှိတော့။ အမေဆုံးခဲ့တာပဲ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီ။ ကျွန်တော်ကိုယ်တိုင် ကောင်းကင်ကို (တိမ်တွေကို) မော့မကြည့်ဖြစ်တာလည်း နှစ်ပေါင်းလေးဆယ်လောက်ရှိရော့မည်။ အခုနေ အမေသာရှိလို့ မိုးတိမ်တွေက ဘာနဲ့ တူသလဲမေးလျှင်တော့ 'ပင်လယ်ဘေးက သချိုင်းနဲ့ တူတယ်အမေ' လို့ ကျွန်တော် ဖြေမိလိမ့်မည်ထင်ပါသည်။ အမေက ရှင်းပြနိုင်းလျှင် ကျွန်တော်ရှင်းပြနိုင်သည်။

'ကျွန်တော်က မိုးတိမ်တွေအောက်မှာနေတယ်လေ။ အနာဂတ်က ပျင်းရိလို့၊ သန့်ရှင်းတဲ့ အင်းဆက်တွေက ခြောက်သွေ့ခြင်းကို ကုတ်ခြစ်နေကြတာလည်းရှိရဲ့။ အားလုံးကလည်း လောင်မီးကျနေပါပြီ။ ဘဝက ကျယ်တယ်လေ အမေ၊ ပျက်ကွက်ခြင်းတွေနဲ့ပဲ မူးယစ်နေတာမဟုတ်လား။ မလှုပ်မယှက် နေ့လယ်ခင်းပေါ်မှာ တိမ်တွေရှိတယ်။ ကျောက်သားလို လေးလံတဲ့

www.burmeseclassic.com



တိမ်တွေက ညဘက်မှာ နိမ့်တယ်။ သစ်မြစ်တွေကြားမှာ အရိပ်ခိုတဲ့လူတွေ ရှိတယ်။ လှိုင်းတွေက ကျောက်ဆောင်တွေကို အမှုန့်ထောင်းဝှံ့သတဲ့။ ပင်လယ်က လန်းဆတ်ခြင်းကို မှုတ်ထုတ်နေလို့၊ ငှက်ကျိုကျို ခွန်အားလို့ ပြောကြတာပဲ။ ကျွန်တော်တို့က ရေလှိုင်းတွေဆီ ပြေးကြရမှာနော် အမေ၊ မိုးတိမ်တွေဟာ တိတ်ဆိတ်နေတဲ့ ခေါင်မိုးမဟုတ်လား'

အမေကတော့ နားလည်နိုင်ပါ့မလားမသိ။ ကျွန်တော် ကဗျာတစ်ပုဒ်ကို စကားပြေနှင့် ပြောပြခြင်းဖြစ်သည်။

အခုတော့ ကျွန်တော့်ကံ နည်းနည်းကောင်းလာသည်ဟု ထင်သည်။ မိုးတိမ်တွေကို သိပ်အားမစိုက်ရဘဲ ကျွန်တော် မြင်နေရသည်။ ကျွန်တော်တို့ အိမ်ရှေ့မှာ စစ်ကိုင်းတောင်ရှိသည်။ စစ်ကိုင်းတောင်ခြေမှာ ဧရာဝတီမြစ်က ကပ်လျက်စီးဆင်းနေသည်။ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းမှာ တံငါတဲများနှင့် ကျွန်းနှစိုက်ခင်းများရှိသည်။ စစ်ကိုင်းတောင်ပေါ်မှာတော့ မိုးတိမ်တွေ။ မနက်ခင်း၊ နေ့လယ်ခင်း၊ ညနေခင်း၊ ည။ မိုးတိမ်တွေ အမြဲရှိသည်။ နွေဦး၊ နွေ။ မိုးဦး၊ မိုး၊ ဆောင်းဦး၊ ဆောင်း။ မိုးတိမ်တွေ အမြဲရှိသည်။ တစ်ခါတစ်ခါ တိမ်တွေက အပျစ်အထူမညီသော ပန်းချီကားထဲက တိမ်တွေနှင့်တူသည်။ တစ်ခါတစ်ခါတော့ 'ဆေးမျှော' ဆန်သည်။ တစ်ခါတစ်ခါတော့ ဆီဆေး ပိန်းပိန်း။ ညနေခင်းတွေမှာတော့ တိမ်တွေတောက်သည်။ တစ်ခါတလေတော့လည်း 'မကာန်းကွက်ချွန် တိမ်ရွှက်ကွန်' တွေ။ သေချာတာတစ်ခုက စစ်ကိုင်းတောင်ပေါ်က တိမ်တွေက ပထဝီဝင် ဖတ်စာအုပ်ထဲက တိမ်တွေမဟုတ်ခြင်းဖြစ်သည်။ တချို့တိမ်တွေကတော့လည်း ပါးလျားလွန်းလို့ လေက တစ်စစီဖွဲ့ချတာကို ခံကြရသည်။ တချို့ တိမ်တွေကတော့ အအေးခံထားသလို ခဲခဲပုံ့ပုံ့။

အမေရိကန်ဓာတ်ပုံဆရာတစ်ယောက်ကတော့ မိုးကြိုးအပစ်များသည့် ပြည်နယ်တစ်ခုမှာ ရက်ရှည်လများ နေထိုင်ရင်း ကောင်းကင်ကို ကင်မရာ ချိန်ထားသည်။ လျှပ်စီးလက်တိုင်း ကင်မရာက အလိုအလျောက်ရိုက်ပြီးသား။ ဓာတ်ပုံဆရာက Tripod ဘေးမှာ ရပ်နေရုံ။ သည်ပုံတွေကို ကူးဆေးလိုက်တော့ လှပသည့် ကောင်းကင်နောက်ခံလျှပ်စီးကြောင်းတွေ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် မြင်ကြရသည်။ သည်ပုံတွေကို ပြပွဲတင်တော့ ပရိသတ်စိတ်ဝင်စားမှု တော်တော်ရခဲ့သည်။ ကျွန်တော်ကလည်း စစ်ကိုင်းတောင်ပေါ်က တိမ်တွေကို ရာသီအလိုက် ဓာတ်ပုံရိုက်ချင်သည်။ တိမ်ပြပွဲ လုပ်ချင်သည်။

မုန်တိုင်းတိမ်များဖြစ်သည့် မိုးကြိုးပြိုမှောင်တိမ်ပုပ်တွေကိုတော့ ကျွန်တော် သိပ်မကြိုက်လှ။ သည်တိမ်တွေကို မြင်ရတိုင်း မှုန်ရှုန်းညစ်ပေနေသည့်





တိမ်ပေတိမ်သေများလို့ ခံစားရသည်။ တချို့တိမ်များကျတော့လည်း ဖြူဖွေးတောက်ပသော်လည်း၊ တိမ်သေတွေ။ လွင့်မျောနေမှ ကောင်းကင်နှင့်ဆိုင်သည့် ခရီးလှည့်သူ (Heavenly Wanderers) ဟု ဆိုနိုင်သည်။ တိမ်တိမ်ချင်းတိုက်မိတာကိုပဲ တိမ်ခွပ်သည် ခေါ်လေသလား သိပ်မရှင်းသော်လည်း၊ တိမ်ခွပ်သည်ဆိုသည့် အသုံးကို ကျွန်တော်ကြိုက်သည်။ သစ်တောနှင့် လွင်ပြင်ကျယ်ပေါ်က မိုးတိမ်တွေကတော့ ကျက်သရေ ရှိလှ၏။ မိုးတိမ်တွေကို ကျွန်တော်အားကျသည့်အချက်မှာ မုန်တိုင်း၊ မိုးသက်မှ လွတ်မြောက်ခြင်းဖြစ်သည်။ လျှပ်စီးခက် ရင်းခွကို မကြောက်သူတွေ ဖြစ်သည်။

တောင်ဘက် ပင်လယ်ဘက်ဆီမှ မြောက်ဘက်တောင်ကုန်းများဆီသို့ တိမ်တွေ လွင့်မျောနေတာကိုက နှင်းဆွတ်ကနုကမာကို သီကြိုးရှည်ရှည်နှင့် သီထားသည်နှင့် တူသည်။ ဆူးချွန်တံများနှင့် တို့ကာ တို့ကာ နယ်နှင်ဒဏ်ပေးတာနှင့် တူသည်။ ဘာအပြစ်များရှိလို့ပါလိမ့်။

'တိမ်တွေဟာ မိခင်မြေရယ်လို့မှ မရှိဘဲနဲ့ နယ်နှင်ဒဏ်ပေးတယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ တိမ်တွေဟာ စိတ်ပီညာဉ်မဲ့ ခရီးသွားနေကြတာ မဟုတ်ဘူး။ ဘယ်သူက ဘာပြောပြော ခံစားမနေနဲ့၊ မင်းတို့ဟာ ထာဝရအတိုင်းအဆမဲ့ လွတ်လပ်သူတွေသာဖြစ်တယ်'

တစ်ခါတစ်ခါ တိမ်တွေကို ကျွန်တော် လှမ်းပြောတတ်ပါသည်။ အဖေကတော့ တိမ်တွေလိုကျင့်ကွဟု ပြောဖူးသည်။

'တောင်ကုန်းဆင်ခြေလျှောက လိမ့်ကျသွားတဲ့ ကျောက်တုံးဟာ တောင်ကြားထဲမှာပဲ ဘဝပြီးရတယ်။ ကျောက်တုံးဟာ သူ့ဟာသူ လိမ့်ချင်လို့လည်းမရ၊ လိမ့်နေသလို သူ့ဟာသူ ရပ်ချင်လို့လည်း မရ၊ ကျောက်တုံးထက်စာရင် တိမ်တွေက ဂုဏ်ရှိတယ်'

တစ်ခါတော့ ဧရာဝတီမြစ်ဘက်လှည့်ထိုင်ရင်း တိမ်တွေကို တစ်နေ့လုံးလိုလို ကျွန်တော် ထိုင်ကြည့်မိပါသည်။ ဖြူဖွေးအောင် လောင်ကျွမ်းနေသည့် တိမ်တွေကြောင့်များလားဟု ကျွန်တော်တွေးနေမိသေးသည်။ သဲသောင်ကလည်း သဲရည်တွေ ပျော်ကျနေသလား ထင်ရအောင် ဖြူဖွေးနေသည်။ စစ်ကိုင်းတောင်ပေါ်က တိမ်တွေကို ကြည့်ရင်းက တိမ်တွေ အသက်ဝင်လာခဲ့သည်။ နေရောင် သေရည်ကို ခွက်လှည့်သောက်လာပုံရသည့် မြင်းစီးမိန်းကလေးတစ်ယောက်။ မျက်နှာပေါ်မှာ အမာရွတ်တစ်ရွတ် 'ထင်းကြနေသည်။ တိမ်မြင်းကြီးက ခြေဆာနေသလို ခရီးခရိုင်နိုင်လှသည်။ ပါးပြင်က အမြုပ်တဖွေးဖွေး။ တိမ်မိန်းကလေးက သူ့လက်ပေါ်က အမာရွတ်ကို ငုံ့ကြည့်

www.burmeseclassic.com



သည်။ မျက်နှာပေါ်မှာလည်း မီးသင့် အမာရွတ်တွေ တစ်စွန်းတစ ရှိနေသည်။

တစ်နေ့ခင်းလုံးလိုလို တိမ်မြင်းကြီးကို စီးနေသည့် မိန်းကလေး ပျောက်မသွားတာကို ကျွန်တော် အံ့သြနေသည်။ ပူပြင်းလှသည့် နေရောင်က မိန်းကလေး၏ မျက်လုံးနှင့် အရိုးတွေကို ထောက်စမ်းနေသည်။ မြင်းကြီးက တော့ နေးနေးကလေး အသားကျလှည့်နေဆဲ။ မိန်းကလေးက သူ့လက်က အမာရွတ်ကိုစမ်းရင်း မျက်နှာရှုံ့မဲ့သွားသည်။ တိမ်တွေကို ကြည့်ရင်း ကျွန်တော် အံ့သြနေမိပါသည်။ ဖြစ်နိုင်သည်။ တိမ်ဆိုသည်က 'ပုံမခြား ဂဠုန်နဂါး စုံများ လှချေပေါင်း' လို့ဆိုသည်။

နေ့ခင်းစာ စားပြီး အိမ်ရှေ့မှာ စိတ်ပြေလက်ပျောက်ထိုင်တော့ လည်း တိမ်မြင်းကြီးက မပျောက်သေး။ တိမ်မိန်းကလေးကလည်း စီးလျက်။ ကျွန်တော်က ဝရံတာပေါ်က သူမ၏ နာမည်ကိုခေါ်ဖို့ ကြိုးစားသည်။ ရှေးဟောင်း နာမည်ဖြစ်ရမည်။ အိဗ် (Eve)၊ ဟယ်လင် (Helen)၊ မေရီ (Mary)။ တကယ် တော့ သူမ ချောက်ချားသွားအောင် ကျွန်တော် ခေါ်လိုက်ခြင်းဖြစ်သည်။ မထူးပါ။ မြန်မာနာမည် စဉ်းစားသည်။ မိုးနတ်ဒေဝီဆိုလျှင် လှပါမလား။ တတ်သမျှ မှတ်သမျှ ရှေးဟောင်းအမည်တွေ ခေါ်သော်လည်း မထူးပါ။

'ငါ့မှာလည်း အမာရွတ်တွေ ရှိတယ်'

'အနာဟောင်းချင်း ပြိုင်မလား'

ကျွန်တော်က အော်သော်လည်း တိမ်မင်းသမီးက နှုတ်ဆိတ်နေ သည်။ ဖြူဖွေးနေသည့် တိမ်ဆံမျှင်တွေကသာ ခါယမ်းသွားသည်။ ထိုနေ့က တစ်နေ့ခင်းလုံးလိုလို တိမ်မြင်းကြီးကို စီးနေတာမြင်ရသည်။ မြစ်ဖြူဖြူ သဲသောင် ဖြူဖြူ ပေါ်မှာ အသားကျနေးနေးကလေး စီးနေခြင်းဖြစ်သည်။ မြင်းကြီးတွေက တိမ်တွေပေါ်မှာပဲ ခွာခြေရာချလိုက်တာ မြင်ရသည်။ ပြီးတော့မှ မီးတောက်တိမ် တွေပေါ်မှာ သေသွားခဲ့သည်။ ကျွန်တော်က ဖနီးသည်ကို သည်အကြောင်းပြန်ပြော တော့ အံ့သြနေသည်။

'ဟုတ်တယ်နော်၊ ကျွန်မတို့ မိုးတိမ်တွေကို အမြဲကြည့်သင့်တယ်။ မိုးတိမ်တွေဟာ ကောင်းကင်ရဲ့ ပေါင်းမြက်တွေလို့ အစက ကျွန်မ ထင်ခဲ့ဖူးတယ်။ တကယ်တော့ ကောင်းကင်ရဲ့ သစ်တောသာဖြစ်တယ်'

ကျွန်တော်က မိုးတိမ်တွေကို ကြည့်ရင်း အမေနှင့် ကွပ်ပျစ်နွေးနွေး ကလေးကို သတိရနေသည်။

Idea ၂၀၀၂၊ ဩဂုတ်လ

www.burmeseclassic.com